
mgyoe.com
SAMPLE BOOK



www.mgyoe.com
SAMPLE BOOK



သခင်တင်မြ

ဘုံဘဝမှာဖြင့်

စာရေးသူကိုယ်တိုင်
ဖြည့်စွက် ပြင်ဆင် ဖြတ်ပယ် တည်းပေးသွားခဲ့သော
နောက်ဆုံးမူ။

စာရေးသူ၏
သိုင်းနောက်ခံလက်ရာမွန်။

P.S.P BOOK HOUSE
9 450057 567208

mgyoe.com SAMPLE BOOK

တန်ဖိုး

၃ သောင်းကျပ်

●

အုပ်ရေ

၅၀၀ အုပ်

●

အကြိမ်

ပန်းရွှေပြည်မူ ဒုတိယအကြိမ်

●

ထုတ်ဝေသည့်အချိန်

၂၀၂၄ ခုနှစ် ဩဂုတ်လ

●

မျက်နှာဖုံး

ကျော်မင်းမောင်

●

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၉၁)

ပန်းရွှေပြည်စာအုပ်တိုက်

၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ

ဦးဇေယျာဦး (၀၁၅၇၉)

Silver Sky Press ပုံနှိပ်တိုက်၊

အမှတ် ၃၁၊ ၈၉ လမ်း၊ ကန်တော်လေး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

●

စာအုပ်ချုပ်

မင်းဇော်

mgyoe.com

mgyoe.com
SAMPLE BOOK

၂၀၀၄ ခုနှစ်က စိစစ်တည်းဖြတ်ပြီးမှကိုပင်
စာရေးသူမကွယ်လွန်မီ (၂၀၁၅ ခုမတိုင်မီ)
ထပ်မံတည်းဖြတ်ပေးသွားသော နောက်ဆုံးမူ။

ဘုံဘဝမှာဖြင့်

သခင်တင်မြ

mgyoe.com

mgyoe.com SAMPLE BOOK

'ဘုံဘဝမှာဖြင့်' စာအုပ်အကြောင်း

* ၁၉၆၃ ခုနှစ် ဩဂုတ်လမှစ၍ မြဝတီမဂ္ဂဇင်းတွင် လစဉ် အခန်းဆက်အဖြစ် ၆ နှစ်ကြာ ရေးသားခဲ့ပါသည်။
* ၁ နှစ်ပြည့်သောအခါ ၁-၇-၁၉၆၄ ခုနှစ်တွင် ၅ လက်မ×၇ လက်မအရွယ်စာအုပ်အဖြစ် ပထမပိုင်းကို ပုဂံစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ၁-၈-၁၉၆၄ ခုနှစ်တွင်ပင် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ၁-၇-၁၉၆၆ ခုနှစ်တွင် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြန်ပါသည်။
* ဒုတိယအုပ်ကို ၁-၈-၁၉၆၅ ခုနှစ်တွင် ပုဂံစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
* တတိယအုပ်ကို ၁-၇-၁၉၆၆ ခုနှစ်တွင် ပုဂံစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
* စတုတ္ထအုပ်ကို ၁-၉-၁၉၆၇ ခုနှစ်တွင် ပုဂံစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
* ပဉ္စမအုပ်ကို ၁-၁၀-၁၉၆၈ ခုနှစ်တွင် ပုဂံစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
* ဆဋ္ဌမအုပ်ကို ၂၀-၆-၁၉၇၀ ပြည့်နှစ်တွင် ပုဂံစာအုပ်တိုက်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ၆ နှစ်ကြာခါမှ အုပ်တွဲအဖြစ် ထုတ်ခဲ့သည်။
* ၄င်း ၆ အုပ်ကို ၁၉၇၁ ခုနှစ် မတ်လတွင် ပုဂံစာအုပ်တိုက်က ပေါင်းချုပ်အဖြစ် ၇ လက်မ × ၁၀ လက်မ (မဂ္ဂဇင်းဆိုက်)အရွယ် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
* ၄င်းပေါင်းချုပ်ဆိုက်ကြီးကို ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် တစ်သက်တာစာပေက တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
* ၂၀၀၄ ခုနှစ် နိဝင်္ဘာလတွင် 'ပန်းရွှေပြည်စာအုပ်တိုက်'က ၄င်းပေါင်းချုပ်ဆိုက်ကြီးကို စာရေးသူကိုယ်တိုင် ဖြည့်စွက်ပြင်ဆင် တည်းဖြတ်ချက်များဖြင့် စတုတ္ထအကြိမ် ပုံနှိပ်ထုတ်ဝေပါသည်။
* ၂၀၁၄ ခုနှစ် ဩဂုတ်တွင် စိတ်ကူးချိုချိုစာအုပ်တိုက်က 'ဘုံဘဝမှာဖြင့် အမှားနှင့်အမှန်-ဒုတိယပိုင်း' ကိုပါပေါင်းပြီး 'ဘုံဘဝမှာဖြင့် မျှော်တိုင်းဝေး' အမည်ဖြင့် ထုတ်ဝေသည်။
* ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ပန်းရွှေပြည်စာအုပ်တိုက်က ၂၀၀၄ ခုနှစ်ထုတ်မူကို စာရေးသူကိုယ်တိုင် (မကွယ်လွန်မီ) ထပ်မံ ဖြုတ်ပယ်, ဖြည့်စွက်, ပြင်ဆင်တည်းဖြတ်ပေးခဲ့သည့် နောက်ဆုံးမူကို ပုံနှိပ်ထုတ်ဝေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

* သခင်တင်မြ၏အတ္ထုပ္ပတ္တိအကျဉ်း ... ... အညွှန်းစာမျက်နှာ-၁
* သိန်းဖေမြင့်၏ မိတ်ဆက်စကား ... ... အညွှန်းစာမျက်နှာ-၃
* စာရေးသူ၏အမှာ ... ... အညွှန်းစာမျက်နှာ-၆

အပိုင်း-၁
လွတ်လပ်ရေးအကြို လူပ်ရှားမှု

- ဘုရင်ခံဇည့်သည် ၁၃
- သာယာဝတီညီလာခံ ၁၄
- ကမ္ဘာစစ်နှင့် မြန်မာ့လွတ်လပ်ရေး ၂၃
- သခင်အောင်ဆန်းနှင့် ဆုငွေ ၅ ကျပ် ၂၇
- အချုပ်ခန်းဝယ် ၂၈
- မာနေသောနှလုံးသား ၃၀
- သာယာဝတီသို့ ၃၃
- ညော် ဘဝ ၃၅
- သာယာဝတီအချုပ် ၃၈
- သခင်မြ ၄၀
- ဌာနချုပ်အစည်းအရုံး ၄၂
- ပြည်တွင်းပြည်ပ ၄၄
- လက်ပံတန်း ၄၆
- ကိုလိုနီရုံးခန်း ၄၈
- သာယာဝတီထောင် ၅၁
- ထောင့်အရသာ ၅၆
- မွတ်သိပ်မှု ၅၈
- ထောင်ဗဟုသုတ ၆၂
- ခေါင်းဆောင်များနှင့်အတူ ၆၄
- ကမ္ဘာ့အရေးအခင်းများ ၆၇
- မင်းကလေးတဲ့ဟေ့ ၆၉
- သခင်ပေါက်စ ထောင် ၉ လ ၇၁
- နှုတ်ဆက်သဘင် ၇၈
- စီရင်ချက် ၈၀
- အင်းစိန်သို့ ၈၁
- ထောင်မှူးကြီးဦးပန်းမောင် ၈၃
- အင်းစိန်တွဲဖက် (Anex-) ဘီကလပ်အဆောင် ၈၄

mgyoe.com

mgyoe.com SAMPLE BOOK

- နိုင်ငံရေးတက္ကသိုလ် ၈၇
- ထောင်တွင်းတိုက်ပွဲ ၈၈
- အကြံပိုင်သောင်ခွေး ၉၂
- အကြံပိုင်သောင်ခွေး၏လုပ်ကြံမှု ၉၄
- ပါတော်မူနေ့ ၉၈
- ထောင်ကလေးမှ ထောင်ကြီးသို့ ၁၀၀
- အစာငတ် ရေငတ် ၁၀၃
- တပ်ဆုတ်ရခြင်း ၁၀၆
- နိုင်ငံရေးသင်တန်းများ ၁၀၉
- အမြင်သစ် ၁၁၂
- သခင်စိုး ၁၁၄
- ကုလားရဲဘော်များ ၁၁၇
- ဘူးသီးနုနု ၁၁၉
- သခင်ဗစိန်နှင့် သခင်စိုး ၁၂၀
- အယူအဆ ၃ မျိုး ၁၂၆
- မြေအောက်ကွန်မြူနစ်ပါတီ ၁၂၈
- ကွန်မြူနစ်ခေါင်းဆောင်သခင်အောင်ဆန်း ၁၃၁
- ကိုဗဟိန်း ၁၃၄
- ဆရာချစ် ၁၄၀
- ကိုဗဟိန်း၏ လျှို့ဝှက်ရေးကျင့်ထုံးနည်းပြောပြချက်များ ၁၄၁
- ဆရာထွန်းရွှေ ၁၄၂
- မြေအောက်ယူနစ် ၁၄၆
- ရွှေဂုံတိုင်လျှို့ဝှက်စခန်း ၁၄၉
- ကုလားချောင်းကြီးရွာ ၁၅၃
- ကျောင်းသားညီလာခံ ၁၅၅
- ဗမာ့တော်လှန်မှု ၁၅၆
- ထွန်းအေးဖြန့်ချိရေးစာအုပ်တိုက် ၁၆၁
- ကိုဗဆွေနှင့် ကိုကျော်ငြိမ်း ၁၆၂
- တက်ဘုန်းကြီးကိုသိန်းဖေ ၁၆၄
- ၁၉၄၁ ခုနှစ် နိဝင်္ဘာလ ၁၆၅
- ဗမာ့တော်လှန်မှု အမှတ်(၂) ၁၆၇
- ဂျာမန်-ဆိုဗီယက်စစ်ပွဲ ၁၇၁
- ဗဟိုအာဏာပိုင်အဖွဲ့ဆွေးနွေးပွဲ ၁၇၅
- အင်းစိန်စစ်တမ်း ၁၈၀
- (All Burma Committee of Meeting) တို့ဗမာအစည်းအရုံး၏ အမှုဆောင်အစည်းအဝေး ၁၈၇
- ကိုဗဟိန်း, ဆရာထွန်းရွှေတို့ အဖမ်းခံရပြီ ၁၉၂
- ပုန်းလိုက်လျှိုးလိုက် ၂၀၀
- ရေနံမြေသို့ ၂၀၅

mgyoe.com

mgyoe.com SAMPLE BOOK

- ဘိလပ်သွားဦးစော ၂၁၁
- စည်းရုံးရေးတာဝန် ၂၁၆
- ပခုက္ကူမှ မန္တလေးသို့ ၂၁၈
- ဒီဇင်ဘာ ၈ ရက်နေ့ ၂၂၂
- ရန်ကုန် ဗုံးကြဲခံရပြီ ၂၂၄
- ရခိုင်သို့ ၂၃၇
- ပင်လယ်ကမ်းခြေတစ်လျှောက် ၂၄၁
- သံတွဲမှ စစ်တွေသို့ ၂၄၄
- အပြန်ခရီး ၂၄၉
- ဟသ်ာတမှ စက်ဘီးဖြင့် ၂၅၁
- မြို့ပျက်ရန်ကုန် ၂၅၄
- ဗိုလ်မှူးကြီးနေဝင်း ၂၅၈
- အင်္ဂလိပ်အပြေး ဂျပန်အဝင် ၂၆၆

အပိုင်း-၂
လွတ်လပ်ရေးအကြို လှုပ်ရှားမှု

- ဆွမ်းခံရင်း ငှက်သင့် ၂၇၃
- လွမ်းရေးကတစ်မှောင့် ၂၈၀
- အာဏာရှင်ဦးကွန်း ၂၈၄
- စက်သေနတ်အပစ်ခံရခြင်း ၂၈၈
- ဗမာ့လွတ်လပ်ရေးတပ်မတော် ၂၉၂
- ချစ်ကြိုးဖွဲ့နှောင် ၂၉၈
- ဗိုလ်ရဲထွဋ်နှင့်ဗိုလ်ဇေယျ ၃၀၀
- 'ဗမာ့လွတ်လပ်ရေးတပ်မတော်' ဆိုတာ ဘာလဲ။ ၃၀၃
- ကရင်-ဗမာအရေး ၃၀၈
- သတို့သားမရှိသောလက်ထပ်ပွဲ ၃၁၆
- ခေါင်းဆောင်များနောက်သို့ ၃၂၁
- မန္တလေးထောင်ပွင့်စဉ်က ၃၂၉
- သခင်အောင်ဆန်း,သခင်သန်းထွန်းတို့နှင့်တွေ့ဆုံခြင်း ၃၃၂
- တိုင်းချစ်ဦးသိန်းဖေနှင့် စစ်ကိုင်းကိုသိန်းတန် ၃၃၇
- ခေါင်းဆောင်များအပေါ်စိတ်ပျက်ရခြင်း ၃၄၂
- မနိုင်၍သည်းခံရခြင်း ၃၄၆
- လှံစွပ်ထိုးပွဲ ၃၄၉
- ဂျပန်နှင့် ချရလုနီးနီး ၃၅၃
- ရေနံချောင်းမှတစ်ဆင့် မကွေးသို့ ၃၅၈
- မကွေးက ဟသ်ာတသားဗိုလ်ဘသိန်း ၃၆၂
- ချစ်တီးဘုရား ၃၆၅

mgyoe.com

mgyoe.com SAMPLE BOOK

- မမျှော်လင့်သူနှင့်တွေ့ရခြင်း ၃၆၉
- လျှို့ဝှက်ခရီးသည်များ ၃၇၃
- ချစ်ဇနီးထံသို့ ၃၇၉
- ဘောမိမှ ဝမ္ဗောင်းသို့ ၃၈၆
- ဘီအိုင်အေမှာမည်ဖျက်သူများ ၃၉၀
- စစ်တွေမြို့ကိုသိမ်းခဲ့သောတပ် ၃၉၇
- လင့်စင်ပြိုမှောက် သန်းခေါင်လောက် ၄၀၃
- ရန်ကုန်သို့ ၄၀၉
- နိုင်ငံရေးအခြေအနေ ၄၁၁
- တွေ့လိုသူများ ၄၁၇
- ဒေါက်တာဗမော်အစိုးရအဖွဲ့ ၄၂၃
- သခင်ကျော်စိန်နှင့် အဆက်ဖြတ်ခြင်း ၄၂၈
- ကမ္ဘာ့စစ်အခြေအနေ ၄၃၃
- လွတ်လပ်ရေးကြေညာစာတမ်း၊ အမှတ်-၁ ... ... ၄၃၈
- တစ်နေရာမှ တစ်နေရာသို့ ၄၄၁
- သေရွာပြန် ၄၄၇
- ဗမာ့ကာကွယ်ရေးတပ်မတော် စခန်းချရာမြေ ၄၅၁
- ကျောက်ဆည်ကမမြရီ ၄၅၇
- စစ်ကိုင်းနှင့် မုံရွာ ၄၆၂
- အဆက်အသွယ်များ ပိုများလာပြီ။ ၄၆၇
- ရောင်စုံစာရွက်များ ၄၇၁
- ဂျာနယ်ကျော်ဦးချစ်မောင် ၄၈၂
- ရဲဘော်ဘပြုံး ၄၈၃
- နိုင်ငံခြားအဆက်အသွယ် ၄၈၇
- ကိုကျော်ရင်နှင့် တွေ့ရာဝယ် ၄၈၈
- လွတ်လပ်ပြီ လွတ်လပ်ပြီ ၄၉၁
- ခရီးဆုံးအဆ ၄၉၅
- [illegible] ၅၀၂
- [illegible] ၅၀၇
- [illegible] ၅၁၀
- [illegible] ၅၁၂
- [illegible] ၅၁၆
- [illegible] ၅၂၁
- [illegible] ၅၂၄
- [illegible] ၅၂၇
- [illegible] ၅၃၂
- [illegible] ၅၃၇
- [illegible] ၅၄၃

mgyoe.com

mgyoe.com SAMPLE BOOK

- ရဲအုပ်အယောင်ဆောင် ၅၄၄
- ဒီးဒုတ်ဦးဘချို ၅၄၆
- ဟသီတဗိုလ်ဘသိန်းနှင့် ထပ်တွေ့ခြင်း ၅၅၀
- မြန်မာ့ရိုးရာသင်္ကြန် ၅၅၁
- တပ်ကြပ်ကြီးကိုချစ်လှိုင် ၅၅၂
- အမျိုးသမီးစည်းရုံးရေး ၅၅၄
- ကိုဗဟိန်း မြေအောက်ဆင်းလာခြင်း ၅၅၆
- သခင်သန်းမြိုင်နှင့် သေဒဏ် ၅၅၉
- တစ်အိမ်ပြီးတစ်အိမ် ၅၆၀
- လက်ဝဲသွေဖည်ရေးအန္တရာယ် ၅၆၄
- ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် ၅၆၅
- ဖက်ဆစ်မားပြလူရိုင်းများကို မောင်းထုတ်ကြ ၅၆၆
- မသင်္ကာသည့်ဂျပန်ကင်ပေတိုင် (စစ်ပုလိပ်) ၅၆၈
- တော်လှန်ရေးတပ်ဦး ၅၆၉
- ဝိုင်ယာလက်စက် ၂ လုံး ၅၇၂
- မြန်မာပြည်စစ်မျက်နှာ (အင်ဖာတိုက်ပွဲ) ၅၇၃
- အောင်ပွဲဆင်နေသည့်ဒီမိုကရေစီအင်အားစုများ ၅၇၄
- ဝင်ဆာလေ့ကျင့်ရေးတပ် ၅၇၅
- ယူနီဖောင်းကယ်ပေလို့ ၅၇၇
- ဖက်ဆစ်တော်လှန်ရေးအတွက် ၅၈၂
- တပ်မတော်အတွင်းသို့ နိုင်ငံရေးမှူးများစေလွှတ်ခြင်း ၅၈၆
- ကိုညီထွန်းထံကဆက်သား ၅၉၀
- အိန္ဒိယသို့ ပထမအသုတ် ၅၉၂
- သေနတ်သံ ၅၉၄
- အလုပ်သမားများ၏ဘဝ ၅၉၈
- လေထီးဆင်းဆက်သား ၆၀၂
- တစ်ပါတီတည်းဖြစ်ရေးအခက်အခဲ ၆၁၀
- လက်ပံတန်းဦးဘတင် ၆၁၄
- သခင်စိုး၏ မိန်းမပြဿနာ ၆၁၇
- အိန္ဒိယသို့ ဒုတိယအသုတ် ၆၁၉
- ဒေါက်တာဗမော်၏ငွေ ၁ သိန်း ၆၂၂
- လက်ဝဲညီညွတ်ရေးပျက်ရပြီ ၆၂၈
- တစ်ပါတီညီညွတ်ရေးပျက်ပြီးနောက် ၆၃၁
- မရေရာသောအန္တရာယ် ၆၃၄
- ရခိုင်တိုင်း တော်လှန်ရေးစပြီ ၆၃၇
- အသုဘအိမ်ပေါ်ကျသည့် လေထီး ၆၃၈
- ပါတီကွန်ဖရင့် ၆၄၀
- ဗိုလ်စံသာကျော်တို့ယူလာသော စာ ၂ စောင် ၆၄၆

mgyoe.com

mgyoe.com SAMPLE BOOK

- ဗိုလ်မှူးဗထူး အထက်မြန်မာပြည်ပြန်ခြင်း ၆၄၉
- တော်လှန်ရန်ဆုံးဖြတ်ကြပြီ ၆၅၅
- ဗဟိုဦးစီးအဖွဲ့ ၆၆၀
- နေ့မအား ညမအား ၆၆၆
- မတ်လ ၂၅ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့သို့ ၆၇၀
- အနောက်တိုင်းသို့ ၆၇၆
- တော်လှန်ရေးအတွက်ပြင်ဆင်မှုများ ၆၈၁
- ဗိုလ်ချုပ်အောင်ဆန်း ဆိုက်ရောက်လာခြင်း ၆၈၇
- ဧပြီ ၂ ရက်အစား မတ်လ ၂၇ ရက်သို့ ၆၉၄
- စစ်ထွက်ကြပြီ ၆၉၈
- မတ်လ ၂၇ ရက်နေ့ည ၇၀၀
- ကြေးနန်း ၂ စောင် ၇၀၇
- ရန်သူထိုးစစ် ၇၁၀
- လေယာဉ်ပျံကွင်း ၇၁၉
- ဥပရောစစ်သတင်းနှင့် ဟစ်တလာသေခြင်း ၇၂၇
- ဗဟိုစစ်ဦးစီးဌာနချုပ်အတိုက်ခံရခြင်း ၇၃၀
- မဟာမိတ်စစ်ဌာနချုပ်မှ ဗိုလ်ချုပ်ထံသို့ ၇၃၄
- မဟာမိတ်တပ်မှူးနှင့် သွားရောက်ဆွေးနွေးခြင်း ၇၄၀
- တော်လှန်ရေးပြီးနောက် ရခိုင်တိုင်း ၇၄၆
- ပြလို့မှ ရန်ကုန်သို့ ၇၅၁
- ရန်ကုန်ခရိုင် ဖက်ဆစ်တော်လှန်ရေး ၇၅၈
- အထက်မြန်မာပြည်တိုင်းနှင့် ဗိုလ်မှူးဗထူး ၇၆၁
- လေထီးရဲဘော်များ ၇၆၂

အပိုင်း-၃
လွတ်လပ်ရေးအကြို လှုပ်ရှားမှု

- အားတက်ဖွယ်နှင့် အားပျက်ဖွယ် ၇၇၀
- မဟာမိတ်အာဏာပိုင်များနှင့် ဆွေးနွေးခြင်း ၇၇၃
- ဒုတိယပါတီကွန်ဂရက် ၇၈၀
- စစ်နိုင်ကွန်ဂရက် ၇၈၄
- စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲ ၇၉၃
- နေသူရိန်မှ လွတ်လပ်ရေးသို့ ၇၉၉
- **အကွာရာစဉ်အညွှန်း** ၈၀၇

mgyoe.com

mgyoe.com SAMPLE BOOK

သခင်တင်မြ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဧရာဝတီတိုင်း မအူပင်ခရိုင် (ယခင် စီရင်စု) ဓနုဖြူမြို့၊ ဦးဘိုးငြိမ် (ကုန်သည်)-ဒေါ်အုန်းပွင့်တို့က ကောဇာသက္ကရာဇ် ၁၂၈၆ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်နေ့ (ခရစ်နှစ် ၉-၉-၁၉၂၄) တွင် ဖွားမြင်သည်။ နေ့နံသင့် ဇာတာအမည်မှာ 'မောင်စံထွန်း'၊ တွင်သောအမည်မှာ 'မောင်တင်မြ' ဖြစ်ပြီး ညီတစ်ယောက် ရှိခဲ့သည်။ ၁၈ နှစ်သားတွင် ကွယ်လွန်ခဲ့သည်။

အသက် ၆ နှစ်သားတွင် ဆရာဦးချစ်ဖူး၏ မူလတန်းကျောင်းတွင် ၄ တန်းအထိ ပညာသင်ခဲ့သည်။

အသက် ၁၀ နှစ်သားတွင် ဓနုဖြူ ခင်မကန်တိုက် ဘကြီးတော်သူ ဆရာတော်ဦးသုတထံတွင် ရှင်သာမဏေပြု၍ ၃ ဝါရခဲ့သည်။ အတွင်းအောင်ခြင်း, အပြင်အောင်ခြင်း, သင်္ဂြိဟ်နှင့် သဒ္ဒါကျမ်းများ သင်ကြားခဲ့သည်။ ဤသို့ လောကုတ္တရာကျမ်းများသင်ကြားရင်း ဇာတ်, ဝတ္ထုများ စိတ်ဝင်တစားဖတ်ခဲ့သည်။ ကုလားစာအုပ်တိုက်များမှထုတ်ဝေသော ဇာတ်, ဝတ္ထုများ ဖြစ်သည်။

နောက်ပိုင်းတွင် ခေတ်ပေါ်ဝတ္ထု, မဂ္ဂဇင်းများကို ခိုးကြောင်ခိုးဝှက် ဖတ်ရှုရသည်။ ဆရာတော်က ခေတ်ပေါ်မဂ္ဂဇင်း, ဝတ္ထုများကို တားမြစ်ထားသောကြောင့် ဖြစ်သည်။

၁၃၀၀ ပြည့်အရေးတော်ပုံတွင် သာမဏေမှ လူထွက်၍ ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး၊ ၁၉၃၉ ခုနှစ်တွင် ဓနုဖြူမြို့နယ် တို့ဗမာအစည်းအရုံးတွင် အချိန်ပြည့်ပါဝင်ခဲ့သည်။ အလုပ်သမား, လယ်သမား စည်းရုံးရေး တာဝန်ယူလှုပ်ရှားခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လတွင် သာယာဝတီတွင် ထောင်ကျခဲ့သည်။ အင်းစိန်တွဲဘက်ထောင်ပြောင်း၍ ၁၉၄၁ ခုနှစ် ဧပြီလတွင်း ထောင်မှလွတ်၍ ရန်ကုန်တွင်နေခဲ့သည်။ အင်းစိန်တွဲဘက်ထောင်တွင် သခင်စိုး, သခင်နု, သခင်သန်းထွန်း, သခင်လေးမောင်, သခင်ကျော်စိန်, မစ္စတာဂိုရှယ်တို့ထံတွင် နိုင်ငံရေး ပညာနှင့်အင်္ဂလိပ်စာ သင်ကြားခဲ့သည်။ ကိုဗဟိန်း, သခင်ချစ်, သခင်မြ, ကိုဗဆွေ (ထားဝယ်), ကိုကျော်ငြိမ်း တို့၏လက်အောက်တွင် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုအောက်တွင် ပါဝင်ခဲ့သည်။ ၁၉၄၁ ခုနှစ် မေလ, ဇွန်လတို့တွင် လှို့ဝှက်ထုတ်ဝေခဲ့သော 'ဗမာ့တော်လှန်မှု' စာစောင် အမှတ် ၁ နှင့် ၂ တို့တွင် အလုပ်သမား, လယ်သမား သတင်းဆောင်းပါးများ စတင်ရေးသားခဲ့သည်။

ဖက်ဆစ်ဂျပန်ခေတ်တွင် 'ကွန်မြူနစ်ပါတီ ဗမာပြည် (ခေတ္တ အိန္ဒိယ)' အမည်ဖြင့် 'ငါတို့ဘာတွေလိုနေသေးသလဲ', 'လှို့ဝှက်လှုပ်ရှား ကျင့်သုံးနည်းများ' စသည့် နိုင်ငံရေးစာတမ်းများ ရေးသားခဲ့သည်။

၁၉၄၅ ခုနှစ် အင်္ဂလိပ်အစိုးရပြန်ရောက်သောအခါ 'ကွန်မြူနစ်ပါတီမှတ်တမ်း' ကို ရေးခဲ့သည်။

mgyoe.com SAMPLE BOOK

ကွန်မြူနစ်ပါတီ၏အာဘော် 'ပြည်သူ့အာဏာဂျာနယ်' စတင်ထုတ်ဝေရာတွင် ရခိုင်တိုင်း၌ ဗြိတိသျှ စစ်တပ်များက လူထုနှင့် တော်လှန်ရေးရဲဘော်များကို ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်၊ မုဒိမ်းကျင့်မှုများကို ဖွင့်ချသော နိုင်ငံရေးဆောင်းပါးကို ရေးသားထည့်သွင်းခဲ့သည်။ ပထမဆုံးပုံနှိပ်စာ ဖြစ်သည်။

ကလောင်အမည်မှာ 'သခင်တင်မြ' ပင် ဖြစ်သည်။

ယင်းပြည်သူ့အာဏာဂျာနယ်တွင် နိုင်ငံရေးဆောင်းပါးများ မကြာခဏရေးသားခဲ့သည်။

ကွန်မြူနစ်ပါတီ ၂ ခြမ်းကွဲသွားပြီး အလံနီကွန်မြူနစ်ပါတီသို့ ပါဝင်သွားသောအခါ အလံနီကွန်မြူနစ်ပါတီက ထုတ်ဝေခဲ့သည့် 'အာဏာသစ်ဂျာနယ်'တွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

တောခိုပြီး ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်၌အဖမ်းခံ၍ စစ်ဘက်ထောက်လှမ်းရေးအချုပ်၌နေစဉ် 'ဘုံဘဝမှာဖြင့်' ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသားသည်။

၁၉၆၂ ခုနှစ် နိုဝင်ဘာလတွင် အချုပ်မှလွတ်မြောက်သည်။

'ဘုံဘဝမှာဖြင့်' ကိုယ်ရေးအတ္ထုပ္ပတ္တိမှာ ၆ အုပ်တွဲဖြစ်သည်။ ပထမ ၃ အုပ်ကို အချုပ်ထဲတွင် ရေးသားခဲ့ခြင်းဖြစ်ပြီး လမ်းစဉ်ပါတီတွင် တာဝန်ထမ်းဆောင်လျက် ပါတီစာစောင်များ၊ နိုင်ငံရေး၊ စီးပွားရေး ဆောင်းပါးများရေးရင်း ကျန် ၃ အုပ်ကို ရေးသားခဲ့သည်။

တစ်ဖက်မှလည်း မြဝတီမဂ္ဂဇင်းတွင် ၁၉၆၃ ခုနှစ် ဩဂုတ်လမှစ၍ 'ဘုံဘဝမှာဖြင့်'ကို လစဉ် အခန်းဆက်အဖြစ် ဆက်လက်ရေးသားခဲ့သည်။

စာရေးသူ၏ ပင်တိုင်ကလောင်အမည်မှာ 'သခင်တင်မြ'ဖြစ်ပြီး၊ ကလောင်ခွဲအမည်များမှာ 'ကေဒါရဲဘော်တစ်ဦး'၊ 'ရဲဘော်ဖြိုးအောင်' နှင့် 'စံထွန်းဖြူ' တို့ဖြစ်သည်။

လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊ ကြေးမုံသတင်းစာ၊ ဗိုလ်တထောင်သတင်းစာ၊ ရှေ့သို့စာစောင်၊ မြဝတီမဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်းနှင့် အခြားစာနယ်ဇင်းများတွင် နိုင်ငံရေးဆောင်းပါးများ၊ သမိုင်းဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။

လုံးချင်းစာအုပ်များမှာ 'ဘုံဘဝမှာဖြင့်'၊ 'သမိုင်းတစ်ခေတ်သစ်ခဲ့ပြီ'၊ 'ဖက်ဆစ်တော်လှန်ရေးတိုင်း ၁၀ တိုင်းနှင့် ဌာနချုပ်'။ ကိုချစ်လှိုင်နှင့် ပူးတွဲ၍ 'ကေဒါပါတီမှ ပြည်သူ့ပါတီသို့'တို့ကို၊ ရေးခဲ့သမျှ စာအုပ်များကို အနည်းဆုံး ၃ ကြိမ် ပြန်လည်ထုတ်ဝေခဲ့ရသည်။

မူရင်းအင်္ဂလိပ်ဘာသာစာအုပ်များကို စုဆောင်းပြုစုသော စာအုပ်များမှာ ၁၉၆၇ ခုနှစ် ပုဂံစာအုပ်တိုက်မှ ထုတ်ဝေသော 'ရဲဘော်ဖြိုးအောင်'အမည်ဖြင့် 'ဆိုရှယ်လစ်စီးပွားရေး တည်ထောင်စ အတွေ့အကြုံများ'နှင့် ၁၉၇၁ ခုနှစ် သီရိစာပေမှထုတ်ဝေသော 'သမဝါယမအခြေခံမူများနှင့် ဖြစ်ပေါ်တိုးတက်မှု' စာအုပ်တို့ ဖြစ်ပါသည်။

သခင်တင်မြသည် မြန်မာနိုင်ငံရေးသမိုင်းစာပေများကို အထူးစိတ်ဝင်စား၍ အမြဲမပြတ် ဖတ်ရှုလေ့လာနေသူ ဖြစ်သည်။ မြန်မာနိုင်ငံရေးသမိုင်းစာပေများတွင် အမှတ်မှား၊ အရေးမှားများကို ဖြစ်ရပ်မှန်များဖြင့် ဖြည့်စွက်နိုင်ရန် လေ့လာဆည်းပူးလျက်ရှိနေသူ ဖြစ်ပါသည်။

ဂျာနယ်များခေတ်ကောင်းစဉ် ၂၀၁၀ ကာလများမှသည် နောက်ဆုံးအချိန်ထိ နိုင်ငံရေးအတွေ့အကြုံဆောင်းပါးများ၊ 'ဘုံဘဝမှာဖြင့် ထက်ကြပ်မကွာ'၊ 'ဘုံဘဝမှာဖြင့် ဒုတိယပိုင်း အမှားနှင့်အမှန်' စသည့် စာအုပ်များကို ပြုစုနိုင်ခဲ့သည်။'ဘုံဘဝမှာဖြင့်' ကို ရုပ်ရှင်ရိုက်ကူးရန် စီစဉ်ခဲ့ပြီးမှ အကောင်အထည်မဖော်နိုင်ခဲ့ပါ။

၂၀၁၅ ခု ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သိန်းဖေမြင့်၏ မိတ်ဆက်စကား

ဤစာအုပ်မှာ သခင်တင်မြရေးသော 'ဘုံဘဝမှာဖြင့်' ဟူသောစာအုပ် ဖြစ်လေသည်။

သခင်တင်မြမှာ နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် မိတ်ဆက်ပေးရန်မလိုသော လူသိများပြီးပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ မိတ်ဆက်ပေးရန်လိုလျှင် စာရေးသူတစ်ယောက်အနေဖြင့်သာ လိုပေလိမ့်မည်။ အကြောင်းမူ ဤစာအုပ်မှာ သူ ပထမဆုံး ရေးသားထုတ်ဝေလိုက်သောစာအုပ် ဖြစ်ခြင်းကြောင့်တည်း။

သို့ပါသော်လည်း ကျွန်တော့်အား 'မိတ်ဆက်စကားရေးပေးပါ။'-ဟု မနားမနေ တောင်းပန်လေသော အခါ ကျွန်တော်သိသော 'နိုင်ငံရေးသမား သခင်တင်မြ'အကြောင်းကို တစေ့တစောင်းကြည့်အနေဖြင့် ရေးသားလိုစိတ် ပေါက်လာခဲ့လေသည်။

တစ်ခါတုန်းက သခင်တင်မြက ဗိုလ်ကြီး ဖြစ်ခဲ့ပြီး၊ သခင်စိုး, သခင်တင်ရွှေနှင့် ကျွန်တော်က သာမန်စစ်သားရဲဘော်များ ဖြစ်ခဲ့ဖူးလေပြီ။

ဖက်ဆစ်ဂျပန်များ မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် သခင်စိုး, သခင်တင်ရွှေနှင့် ကျွန်တော်တို့သည် မဟာမိတ်များနှင့်ဆက်သွယ်ရန် ရခိုင်မှဖြတ်၍ အိန္ဒိယသို့သွားရန် ခရီးထွက်ခဲ့ကြလေသည်။ ကျွန်တော်တို့ လုံလုံခြုံခြုံခရီးသွားနိုင်ရန် ဘီအိုင်အေတွင် ဗိုလ်ကြီးလုပ်နေသော သခင်တင်မြက လိုက်ပို့လေသည်။ ဂျပန်များနှင့်တွေ့လျှင် သူက အဆောင်အယောင်အပြည့်အစုံပါသော ဘီအိုင်အေဗိုလ်ကြီးဖြစ်၍၊ ကျွန်တော်တို့က အဆောင်အယောင်မပြည့်မစုံနှင့် သူ့ကိုယ်ရံတော်များ ဖြစ်ကြရပေလိမ့်မည်။

ထိုသို့ အတူခရီးမထွက်ရမီက ကျွန်တော်သည် သခင်တင်မြနှင့် ရင်းနှီးခဲ့ဖူးခြင်း မရှိပါ။ သူ့အကြောင်း ကြားဖူးခဲ့ရုံသာ ဖြစ်လေသည်။

ကျွန်တော်တို့နှင့် ခေတ်ပြိုင်နိုင်ငံရေးသမားများတွင် သခင်ဗသောင်း, သခင်သိန်းမောင်ကြီး, သခင်ဗစိန်, သခင်နု, သခင်စိုး စသူတို့မှာ ကျွန်တော်တို့ထက် ၄-၅-၆ နှစ်ဆိုသလို ကြီးသောအရွယ်ပိုင်း ဖြစ်သည်။ သခင်သန်းထွန်း, သခင်အောင်ဆန်း, အာဏာရှင်လှရွေ စသူတို့နှင့် ကျွန်တော်မှာ သက်တူရွယ်တူဟု ခေါ်နိုင်သောအရွယ်ပိုင်း ဖြစ်သည်။ နောက်ပြီး ကျွန်တော်တို့ထက် ၄-၅-၆ နှစ်ဆိုသလို ငယ်သောအရွယ်ပိုင်းလည်း ရှိသေးသည်။ ထိုအရွယ်ပိုင်းတွင် ဗိုလ်အောင်ကြီး, ဗိုလ်ရန်နိုင်, ဗိုလ်ရဲထွဋ်, သခင်တင်မြ စသူတို့ပါဝင်ကြသည်။ ကျွန်တော်သည် ထိုအပိုင်းကို များစွာမြတ်နိုးပြီး ညီကလေးများလို ခင်မင်တွယ်တာတတ်၏။ သူတို့၏ တိုးတက်ရင့်ကျက်မှုတွင် စိတ်ဝင်စား၏။ 'အရှေ့ကနေဝန်းထွက်သည့်ပမာ'ဝတ္ထုတွင် ဤအရွယ်ပိုင်းကို တင်စားကာ 'တင်ထွန်း'ဆိုသူအား ဇာတ်လိုက်အဖြစ်ဖြင့် ဖန်တီးပေးခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်ကြီးလုပ်၍ ကျွန်တော်တို့အားလိုက်ပို့သော သခင်တင်မြနှင့် ခရီးသွားရင်း ရင်းနှီးလာသောအခါ သူတို့အရွယ်ပိုင်းကို ပို၍မြတ်နိုး, ပို၍ခင်မင်တွယ်တာလာလေသည်။ သခင်တင်မြသည် သူတို့အရွယ်ပိုင်းအား 'ထူးချွန်စွာကိုယ်စားပြုနိုင်သူ' ဟု ကျွန်တော်မှတ်ယူခဲ့လေသည်။

ကျွန်တော်သည် သခင်စိုးအား ပြည်တွင်းမှာ ကွန်မြူနစ်ပါတီ စည်းရုံးရေးလုပ်ငန်းများနှင့် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ခေါင်းဆောင်ရန် နေရစ်ခဲ့စေချင်သည်။ အပြင်သို့ မလိုက်စေချင်ပေ။ သို့သော် သခင်စိုးသည် အကြောင်းအမျိုးမျိုးပြ၍ လိုက်လာခဲ့လေသည်။ လမ်းတွင် သခင်တင်မြနှင့် အခြားလူငယ်များက ဆွေးနွေးသဖြင့် လည်းကောင်း, လူထု၏ ဖက်ဆစ်ဆန့်ကျင်ရေးအရိပ်နိမိတ်ကို တွေ့မြင်ရသဖြင့် လည်းကောင်း သခင်စိုး စိတ်ပြောင်းသွားလေသည်။ ရခိုင်ပြည်သို့ရောက်သောအခါ သခင်တင်မြအားအဖော်ပြု၍ မြန်မာပြည်မအတွင်းသို့ ပြန်ဝင်သွားလေသည်။

သည်နောက်၌ သခင်တင်မြနှင့် ကျွန်တော်တို့သည် စစ်အပြီးမှာ မွေးခါစကလေး နတ်ရေကန်ထဲချိုးပေးလိုက်သဖြင့် ၁၆ နှစ်သားအဖြစ် လူလားမြောက်လာသည်နှင့်တူသော 'ဗမာပြည်ကွန်မြူနစ်ပါတီ' အတွင်းတွင် ခဏ အတူဆုံကြသည်။ ပါတီကွဲသွားသောအခါ သူသည် သခင်စိုးနှင့် ပါသွားလေသည်။ အလံနီဖြစ်သွားသော်လည်း ကျွန်တော်တို့ဘက်မှ မြတ်နိုးတွယ်တာမှုမပျက်သူမှာ သခင်တင်မြပင် ဖြစ်လေသည်။ အလံနီနှင့် ကျွန်တော်တို့ကြားဝယ် ဂိုဏ်းဂဏနှင့် အာဃာတမီး တောက်လောင်နေသော်လည်း သခင်တင်မြနှင့် ကျွန်တော်တို့ကြားမှာကား ဂိုဏ်းဂဏ မပြင်းထန်ကြ၊ အာဃာတမီး မတောက်လောင်ကြ။

၁၉၄၈ ခုနှစ် ပြည်တွင်းစစ်ဖြစ်သောအခါ ကျွန်တော်သည် ကွန်မြူနစ်ပါတီအပြင်သို့ ရောက်ခဲ့လေ၏။ သူတို့နှင့် လမ်းစဉ်ခြားခဲ့၏။ သခင်တင်မြသည် အလံနီမှထွက်ပြီး 'ဗမာပြည် ကွန်မြူနစ်ပါတီ' သို့ ရောက်သွား၏။ ကျွန်တော့်အနေဖြင့်မူကား သခင်တင်မြသည် 'အလံနီကြီးမှ အလံနီကလေးဖြစ်သွားခြင်း' ဟုသာ မြင်လေသည်။

သူတို့ တောခိုသွားပြီးနောက် ၁၄ နှစ်ကျော်ကျော်ကြာလေသော် မြန်မာပြည်တွင် အခြေအနေသစ်တစ်ရပ် ဖြစ်ပေါ်လာလေသည်။ မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို သိမ်းပိုက်လေပြီ။

တစ်နေ့သောအခါ မြဝတီမဂ္ဂဇင်း၌ အချုပ်ထောင်ထဲမှ သခင်တင်မြရေးလိုက်သော နိုင်ငံရေးစစ်တမ်းတစ်စောင်ကို ဖတ်ရလေသည်။ ကွန်မြူနစ်အဖြူ, အနီလှုပ်ရှားမှုများတွင်ပါဝင်ခဲ့သော သူ့အတွေ့အကြုံများကို အနှစ်ထုတ်တင်ပြထားသည်။ ကွန်မြူနစ်ပါတီများ၏အမှားများကို သဘောတရားရေးဆရာတစ်ဦး၏ ရှုမြင်ဝေဖန်သုံးသပ်ပုံမျိုးလည်း မဟုတ်၊ မျောက်လွှဲကျော်လုပ်ရန် သတ္တုရုပ်ပြုပြီး ထွက်လာခဲ့သည့်ပုံမျိုးလည်း မဟုတ်ဘဲ ကွန်မြူနစ်အလယ်အလတ်ခေါင်းဆောင်ပိုင်းမှ ရိုးရိုး အကောင်းဆုံးအမှုထမ်းရင်း ရှေ့ဆက်လုပ်မရအောင် ဖြစ်နေသောအမှားများကို ကွက်ကွက်ကွင်းကွင်း ရှုမြင်သုံးသပ်ပုံဖြစ်ကြောင်း တွေ့ရလေသည်။ ကျွန်တော်သည် ထိုစစ်တမ်းတွင် နိုင်ငံရေးအယူအဆနှင့် အကျင့်အကြံ၌ ရိုးသားသန့်ရှင်းသော သခင်တင်မြအား ပြန်လည်တွေ့ဆုံရလေသည်။

ထို့အပြင်- လွန်လေပြီးသောနှစ်ပေါင်းများစွာအတွင်း လူပုဂ္ဂိုလ်ဆိုင်ရာတွင် 'သခင်တင်မြတစ်ယောက် မရိုးမသား ကိုယ်ကျိုးစီးပွားရှာနေသည်' ဟု လည်းကောင်း၊ 'ကိုယ်ကျင့်တရား ဖောက်ပြားနေပြီ' ဟု လည်းကောင်း ကျွန်တော် မကြားမိချေ။

မြဝတီက ထိုစစ်တမ်းကိုဖတ်ရပြီးနောက် မကြာပါ၊ သူ့အား လူကိုယ်တိုင် ပြန်တွေ့ရတော့သည်။ အရင်ကအတိုင်း လူချောလူသန့်တစ်ယောက်ကို ပြန်တွေ့ရသော်လည်း ထိပ်ပြောင်ကြီးနှင့် လူကြီးတစ်ယောက် ဖြစ်နေလေပြီ။ နိုင်ငံရေးသမားတစ်ယောက်အနေဖြင့်လည်း အတော်ရင့်ကျက်နေလေပြီ။ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် သူ့စစ်တမ်းနှင့်တကွ သူ့အမှုတွဲကိုလေ့လာပြီး ထောင်မှထုတ်လိုက်ခြင်း ဖြစ်လေသည်။ ဗိုလ်နေဝင်း

mgyoe.com SAMPLE BOOK
သည် သခင်တင်မြအား ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးတွင် တပ်သားတစ်ယောက်အဖြစ်သုံးရန် ဆုံးဖြတ်ခဲ့လေသည်။

စာအုပ်ရေးသားထုတ်ဝေသူ သခင်တင်မြအနေဖြင့်ကား သူသည် လူစိမ်းတစ်ယောက်သာ ဖြစ်လေသည်။ ပထမဆုံးလက်ရာဖြစ်သဖြင့် မနူးမနပ် စိမ်းဆတ်ဆတ်အပိုင်းများ ပါရှိလင့်ကစား၊ အရေးအသားရှင်းလင်းပြတ်သားရုံမက ဖတ်လို့အရသာရှိအောင် အတော်ပင် 'သယ်' သွားနိုင်ရကား ကျွန်တော်ပင် အံ့သြရသေး၏။

ကျွန်တော်တို့စာပေလောကတွင် နောက်ကြောင်းပြန်ပြောပြသောစာအုပ်များ အတော်နည်းသေးသည်။ အကယ်၍ သခင်ကိုယ်တော်မှိုင်း, ဘကြီးဘဖေ စသောပုဂ္ဂိုလ်များက နောက်ကြောင်းပြန်ပြောပြသောစာအုပ်များ ရေးသားထုတ်ဝေကြမည်ဆိုလျှင် ၂၀ ရာစုပထမပိုင်းနှစ်များ၏ မြန်မာ့သမိုင်းကိုပြုစုရာမှာ သက်သေအထောက်အထားစာအုပ်များ ဖြစ်လာပေလိမ့်မည်။

သခင်တင်မြသည် သူ့နိုင်ငံရေးဖြစ်စဉ်ကို နောက်ကြောင်းပြန်ပြောပြထားခြင်း ဖြစ်၏။ ဤစာအုပ်သည် ၁၉၃၉ ခုနှစ်မှစပြီး ၁၉၄၅ ခုနှစ်မှာ ဆုံးထားသည်။ နိုင်ငံရေးသမိုင်းတစ်စောင်အနေဖြင့် ဆန်းစစ်ဝေဖန်တင်ပြခြင်း မဟုတ်။ ထိုစဉ်က လွတ်လပ်ရေးလှုပ်ရှားမှုများတွင် သခင်ပေါက်စကလေးတစ်ယောက်သည် တက်ကြွစွာပါဝင်ခဲ့ရာမှ ကိုလိုနီနယ်ချဲ့သမားတို့၏အကျဉ်းထောင်ထဲ ရောက်သွားပုံ၊ ထိုအကျဉ်းထောင်သည်ပင် နိုင်ငံရေးသိပ္ပံကျောင်းဖြစ်သွားပုံ-စသည်တို့ကို သူမြင်သလို, သူခံစားရသလို, သူကြားရသလို အရင်းအတိုင်း ဖောက်သည်ချထားသည်။ သခင်ပေါက်စကလေးအနေဖြင့် သူတွေ့ရသော သခင်မြ, သခင်အောင်ဆန်း, သခင်နု, သခင်စိုး, သခင်သန်းထွန်း စသော သခင်ခေါင်းဆောင်များအကြောင်းကို ခြယ်မှုန်းထားသည်မှာ အသက်ဝင်လှုပ်ရှားနေပေသည်။ အထူးသဖြင့်-သခင်စိုးအကြောင်းမှာ သဘာဝကျလှ၏၊ သူအသိဆုံး အကြောင်းအရာဖြစ်၍ ကြေညက်လှ၏။

ဤစာအုပ်သည် စာရေးသူတွေ့ကြုံသမျှကို နောက်ကြောင်းပြန် ပြောပြထားသောစာအုပ်သာ ဖြစ်ရကား မပြည့်မစုံသောအကြောင်းအချက်များစွာကို တွေ့ရပေလိမ့်မည်။ ဥပမာတစ်ခုဆောင်ရသော် ကျွန်တော်တို့တစ်တွေ ကွန်မြူနစ်ပါတီ စတင်တည်ထောင်ပုံကို သခင်စိုးထံမှ ကြားရသမျှဖြင့် အရင်းခံရေးသားထားခြင်းဖြစ်သည့်အတွက် မပြည့်စုံနိုင်ပေ။ တည်ထောင်ရန် စတင်ပြင်ဆင်ရာတွင်ပါဝင်ခဲ့သော သခင်သန်းထွန်း, သခင်ကျော်စိန်နှင့် ကျွန်တော်တို့သည် တကယ်တည်ထောင်သောအခါ မပါခဲ့ချေ။ ဘာကြောင့် ဘယ်သို့ဖြစ်ရသည်ကို ကျွန်တော်တို့ဘက်မှ ပြောစရာရှိပေသေးသည်။ ထို့အတူပင် အခြားသူများမှာလည်း ပြောစရာရှိကြလိမ့်မည်။ အားလုံး စုဆောင်းလိုက်သောအခါမှ ပြည့်စုံသောပုံကားချပ်တစ်ခု ထွက်ပေါ်လာနိုင်ပေသည်။

သခင်တင်မြ၏ 'ဘုံဘဝမှာဖြင့်' သည် နောက်ကြောင်းပြန်ပြောပြသော စာအုပ်ဖြစ်၍ ဝတ္ထုကောင်းတစ်ပုဒ်ဖတ်ရသလို ဖတ်ကောင်းရုံမက၊ ပြည့်စုံသော ၂၀ ရာစု ပထမပိုင်းနှစ်များ၏ မြန်မာ့နိုင်ငံရေးသမိုင်းကြီးတစ်ခုပြုစုရာ၌ သက်သေအထောက်အထားစာအုပ်များတွင် မုချ စာရင်းဝင်သွားလိမ့်မည်ဟု ယုံကြည်ပေသတည်း။

သိန်းဖေမြင့်
၂၃-၆-၆၄

mgyoe.com

mgyoe.com SAMPLE BOOK

စာရေးသူ၏အမှာ

စာရေးသူသည် ဤ 'ဘုံဘဝမှာဖြင့်' ကို ၂၂ နှစ်ကာလအတွင်း အတွေ့အကြုံများကို အစအဆုံးရေးသားရန် ရှိခဲ့သော်လည်း ယခုအခါ မူလရည်မှန်းချက်မှာ ပျက်ယွင်းခဲ့ရပါသည်။

ဤသို့ ၂၂ နှစ်တာကာလအတွင်း အတွေ့အကြုံများကို ပြန်လည်ရေးသားရန် ရည်ရွယ်ချက် ပျက်ယွင်းသွားရသည်မှာ အောက်ပါအကြောင်း ၂ ရပ်ကြောင့် ဖြစ်သည်။

၁။ 'ဘုံဘဝမှာဖြင့်' ရေးဟန်မှာ ထိုခေတ်ထိုအခါက တကယ်ဖြစ်ပျက်ခဲ့သည်များကို အခြေတည်၍ သမိုင်းဝင်စာရွက်စာတမ်းများဖြင့် ဖြည့်စွက်ကာ ထိုစဉ်က တွေးခေါ်, ပြောဆို, ဆောင်ရွက်ခဲ့သည်တို့ကို သရုပ်ဖော်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဤရေးဟန်ဖြင့် ရေးသားခဲ့ရာတွင် နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရာ၌ ခေါင်းဆောင်များ တလုံးတစည်းတည်း, တညီတညွတ်တည်း ဖြစ်ခဲ့ကြသည့်အပိုင်းကို ရေးသားရာတွင် အတွေးအမြင် ဉာဏ်ရွင်ခဲ့သလောက်, လက်သွက်ခဲ့သလောက်၊ မညီမညွတ်နှင့် စိတ်ဝမ်းကွဲကြသည့်အဖြစ်အပျက်များကို ပြန်ရေးရသည့်အခါတွင်ကား နှလုံးစိတ်ဝမ်း ညှိုးနွမ်းခဲ့ရပါသည်။ အတွေးနှင့် အရေးပါ မသွက်မလက် ဖြစ်ခဲ့ရသည်။ အစတည်မိခဲ့သည့်ရေးဟန်ကြောင့် ဆက်၍ရေးရန်လည်း ခက်လာပါသည်။ ယခုစိတ်, ယခုအမြင်ရှိနေစဉ်တွင် ယခင်ခေါင်းဆောင်များနှင့် ပါတီအဖွဲ့အစည်းများ ကွဲခဲ့ပြဲခဲ့ကြစဉ်က ရှိခဲ့ကြသည့် အလျှံညီးညီး ထန်သည်းလှသည့် ဂိုဏ်းဂဏမာန်မာနများကို ပြန်လည်ဝင်စား၍ ရေးသားရမည်ကိုပင် မဝံ့မရဲ ဖြစ်လာရပါသည်။ ထို့ကြောင့်ပင် နိုင်ငံလွတ်လပ်ရေးအတွက် နယ်ချဲ့သမားနှင့် နောက်ဆုံးစာရင်းရှင်းကြသည့်ကာလ အချင်းချင်း မညီမညွတ်ဖြစ်ခဲ့ကြသည့်အဖြစ်အပျက်များကို ဤရေးဟန်ဖြင့် ဆက်မရေးတော့ရန် ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ပါသည်။

၂။ ကျွန်တော်သည် သမိုင်းအဖြစ်အပျက်များကို လေ့လာမှတ်တမ်းတင်ခြင်းအလုပ်ထက် သမိုင်းကို လက်တွေ့အလုပ်များဖြင့် ကိုယ်တိုင်ကိုယ်ကျဖန်တီးရသော တော်လှန်ရေးအလုပ်, လုပ်သားပြည်သူများ၏ တည်ဆောက်ရေးအလုပ်ကို ပို၍ကြိုက်နှစ်သက်ပါသည်။ ထို့ကြောင့် လက်တွေ့တော်လှန်ရေးအလုပ်အတွက် ကျွန်တော့်အချိန်အများစုကို ပေးအပ်လာရသောအခါ သမိုင်းမှတ်တမ်းတင်ခြင်းအလုပ်အတွက် အချိန်နည်းလာရပါသည်။

ဤအကြောင်း ၂ ရပ်ကြောင့်ပင် 'ဘုံဘဝမှာဖြင့်' ပထမအုပ်တွဲအမှာစာတွင် ရေးသားခဲ့သည့်အတိုင်း ၂၂ နှစ်တာအဖြစ်အပျက်များကို အဆုံးတိုင်မရေးတော့ဘဲ ၁၉၃၈ ခုနှစ်မှစတင်ခဲ့သော 'ဘုံဘဝမှာဖြင့်' ကို ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင်ကျင်းပခဲ့သည့် ဖက်ဆစ်တော်လှန်ရေးအထိမ်းအမှတ်နှင့် တမျိုးသားလုံးအား လုံးဝလွတ်လပ်ရေးတိုက်ပွဲအတွက် ဗိုလ်ချုပ်အောင်ဆန်းကဆင့်ခေါ်လိုက်သည့် အစည်းအဝေးကြီးဖြစ်သော နေသူရိန်လူထုအစည်းအဝေးတွင်ပင် ရပ်နားလိုက်ရခြင်းဖြစ်ကြောင်း။ ။

သခင်တင်မြ

၁၉၇၀ ဒီဇင်ဘာ ၁၈

mgyoe.com

mgyoe.com
SAMPLE BOOK

ဘုံဘဝမှာဖြင့်

သခင်တင်မြ

mgyoe.com

m g y o e . c o m
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း-၁

ကိုလိုနီနယ်ချဲ့တော်လှန်ဆန့်ကျင်ရေးကာလ

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဘုရင်ခံစည်သည်

မြို့လယ်လမ်းမတစ်လျှောက် မိုင်ဝက်နီးပါးမျှ လက်သီးကိုဆုပ်၍ လက်ရုံးကိုဆန့်ကာ 'သခင်မျိုးဟော် တို့ဗမာ', 'အရေးတော်ပုံ အောင်ပါစေ' ကြွေးကြော်သံများကို ဆက်တိုက်လိုလို သံကုန်ဟစ်ခဲ့သဖြင့် အာခေါင်များ ခြောက်အက်လာပြီး အသံများပင် ဝင်နေပေပြီ။ စိတ်လှုပ်ရှားခြင်းနှင့်အတူ တစ်ကိုယ်လုံးနွမ်းလျ၍ ချွေးသီးချွေးပေါက်များပင် ယိုဆင်းနေသည်။

ဂါတ်စာရေး(ရဲဌာနစာရေး) ထိုင်နေသောစားပွဲရှေ့ရှိ ခွေးခြေပေါ်တွင်ထိုင်ရန် ကိုယ်ကိုညွတ်၍ ဒူးကို ကွေးလိုက်စဉ် ''အောင်မာ- ဟော့ကောင်'' ဟူသောအသံနှင့်အတူ၊ 'ဖြန်း, ဖြန်း' ၂ ချက်ဆင့်ရိုက်ထည့်လိုက်သော ပုလိပ်တစ်ယောက်၏လက်ဝါးကြမ်းဒဏ်ကြောင့် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားကာ ဇက်ပိုးမှာ ပူပြင်းခုံးထသွားသည်ဟု ထင်လိုက်ရသည်။

လက်ဝါးဒဏ်ကြောင့် ကျွန်တော့်မျက်နှာနှင့် စားပွဲစောင်းမအပ်မိစေရန် လက် ၂ ဖက်က စားပွဲကို အလိုအလျောက်သွားထောက်မိသည်။ သွေးသည် ဒိန်းခနဲ ထိပ်သို့ရောက်သွားသည်။ မောပန်းနွမ်းနယ်မှုများ ဘယ်ပျောက်ကုန်သည် မသိ။ စားပွဲပေါ် ခပ်ကုန်းကုန်းဖြစ်နေရာမှ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး၊ နောက်သို့ ဆတ်ခနဲလှည့်ကာ ကျွန်တော့်အား ဇက်ပိုးအုပ်လိုက်သောပုလိပ်နှင့် ရင်ဆိုင်လိုက်သည်။

''ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ။ ကျွန်တော်ဟာ ရာဇဝတ်သား မဟုတ်ဘူး၊ နိုင်ငံရေးသမား။ ခင်ဗျားတို့ ဒီလိုပဲ-''

''ဟော့ကောင်လေး-တိတ်စမ်း။ ကုလားထိုင်ဟာ တရားခံထိုင်ဖို့ထားတာ မဟုတ်ဘူး။ မင်းက 'သခင်' ဆိုပြီး လူပါးဝလို့။ မင်း တစ်လမ်းလုံးလည်း လျှောက်အော်ခဲ့တယ်။ 'မအော်ပါနှင့်' ပြောလို့ မရဘူး။''

ဒေါနှင့်မောနှင့်ပြောရင်း ထိုပုလိပ်သည် ဂါတ်စာရေးဘက်လှည့်ကာ ''ဆရာ။ ဒီကောင်တွေ ဒီလို အကြောင်းပြပေးမှ ဆရာ။ 'လူနေချုံကြား စိတ်နေဘုံဖျား'ဆိုတဲ့အကောင်တွေ။ အလကားဆူနေတာပဲ။''

ကျွန်တော်သည် ဒေါသကလည်းထွက် ဇက်ပိုး အအုပ်ခံထားရသဖြင့် ရီဝေဝေလည်းဖြစ်နေသဖြင့် စိတ်ကို အတော်ချုပ်ထားရသည်။ ပြောချင်သည့်စကားများမှာ လည်ချောင်းတွင် ဒေါသနှင့်အတူ ပြည့်ကျပ်ပြီး တစ်ဆို့နေသည်။ သူတို့လိုပုလိပ်မျိုးနှင့် အထိုက်တန်ဆုံးစကားကို ရွေးရသည်။ ပြီးတော့မှ-

''သခင်အားရ ကျွန်ဒဏ်ဝ လုပ်ကြဦးပေါ့။ ခင်ဗျားတို့နိုင်တုန်း ခင်ဗျားတို့ထင်သလိုလုပ်ကြစမ်းပါ။''

ဟု ပြောပြောဆိုဆို ခွေးခြေပေါ် ထပ်ထိုင်ရန်ပြင်လိုက်သည်တွင် ''အောင်မာ- ဟော့ကောင်'' ဟု အော်ရင်း လက် ၁ ဖက်ကိုမြှောက်ကာ ထိုပုလိပ် ရှေ့တိုးလာသည်။ အခြားပုလိပ်တစ်ယောက်က ခွေးခြေပေါ်သို့ ကျွန်တော့်တင်ပါးမကျမီ ခွေးခြေကို ဘေးသို့ ဆွဲယူလိုက်သည်။ ကျွန်တော်လည်း လဲကျမသွားရန် ကိုယ်ကိုဟန်၍ မတ်မတ်ပြန်ရပ်လိုက်ရသည်။ ဂါတ်စာရေးက

''တော်ကြစမ်းပါကွာ။ သူ့ဝရမ်းဘယ်မှာလဲ။ ပေးစမ်း။''

ကျွန်တော့်အားဖမ်းရာတွင်ပါသော ပုလိပ်တစ်ယောက်က သူ့အိတ်ထဲကဝရမ်းကို ထုတ်၍ပေးလိုက်သည်။ ဂါတ်စာရေးသည် ဝရမ်းစာရွက်ကို သူ့ရှေ့စားပွဲပေါ်သို့ချ၍ ဖြန့်ကြည့်လိုက်ပြီး ကျွန်တော့်ကိုမော်ကြည့်ကာ-

''ကဲ- မင်းနာမည်ဘယ်သူလဲ။''

''ခင်ဗျားတို့ ကျွန်တော့်ကို လူကြီးလူကောင်းလိုမဆက်ဆံဘဲ ဒီလိုရာဇဝတ်တရားခံလို မတ်တတ်ရပ်ခိုင်းပြီးမေးရင် ကျွန်တော် ဘာမှမပြောနိုင်ဘူး။''

ထိုအတွင်း ဂိတ်ဝင်ပေါက်သံတံခါးဖွင့်သံ ကြားရပြီး၊ ဌာနအုပ် ဝင်လာသည်။ ဂါတ်တဲရှိ ဂါတ်စာရေးနှင့် ပုလိပ်အားလုံးက သတိအနေအထားဖြင့် တစ်ပြိုင်နက်တည်းအလေးပြုလိုက်ကြသည်။

''ဘယ့်နယ်- ဖမ်းလာပြီလား ဟေ့။''

mgyoe.com SAMPLE BOOK

စားပွဲတစ်ခု၏ကုလားထိုင်တွင် ပြောပြောဆိုဆိုဝင်ထိုင်သည်။ ကျွန်တော့်အားလည်း သူ့စားပွဲဘက်သို့ ခေါ်၍ ကုလားထိုင်တွင်ဝင်ထိုင်ရန် ပြောသည်။

ကျွန်တော်လည်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ကျွန်တော့်ကို 'သာယာဝတီစီရင်စုရာဇဝတ်ဝန်၏ အမိန့်ဝရမ်းအရ ဖမ်းရကြောင်း၊ ဝရမ်းတွင် ကာကွယ်ရေးပုဒ်မ ၃၈ တပ်ထားကြောင်း၊ သာယာဝတီရာဇဝတ်ဌာနသို့ အမြန်ဆုံးပို့ပေးရမည်ဖြစ်ကြောင်း' ပြောပြသည်။

ဌာနအုပ်မှာ ကျွန်တော်နှင့် သိကျွမ်းဖူးသူဖြစ်သည်။ ကျွန်တော့်အား ဝရမ်းပါအချက်အလက်များကို စစ်ဆေးပြီး၊ ဂါတ်တဲအနောက်ဘက်ရှိအချုပ်ထောင်သို့ အစောင့်ပုလိပ် ၂ ယောက်နှင့်ပို့လိုက်သည်။ ကျွန်တော် အဖမ်းခံရသည်မှာ သာယာဝတီညီလာခံ (တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးဆိုင်ရာ အမှုဆောင်အစည်းအဝေး)မှ ကျွန်တော်တို့မြို့သို့ပြန်ရောက်ပြီး ရက်သတ္တ ၃ ပတ်အတွင်းဖြစ်သည်။ သာယာဝတီညီလာခံ၏ဆုံးဖြတ်ချက်များကို မြို့နယ်အစည်းအရုံးအမှုဆောင်များနှင့် တို့ဗမာသခင်, သခင်မများအား ပြန်လည်အစီရင်ခံနေဆဲတွင်ပင်ဖြစ်သည်။

သာယာဝတီညီလာခံ

တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးဆိုင်ရာ အမှုဆောင်အစည်းအဝေးကို သာယာဝတီမြို့တွင် ၁၉၄၀ ပြည့်နှစ် မေလပထမပတ်အတွင်းက ကျင်းပပြုလုပ်ခဲ့သည်။

ညီလာခံသို့တက်ရန် ကျွန်တော်တို့မြို့နယ်အစည်းအရုံးက ကိုယ်စားလှယ် ၄ ယောက်ရွေးခဲ့သော်လည်း၊ စရိတ်စကမတတ်နိုင်သဖြင့် ကျွန်တော်နှင့်သခင်ဧငြိမ်း ကိုယ်စားလှယ် ၂ ယောက်သာ တက်ရောက်နိုင်ကြသည်။ ရန်ကုန်ဌာနချုပ်အစည်းအရုံးမှတစ်ဆင့်သွားရမည့် ကျွန်တော့်အတွက်စရိတ်ကိုပင် အစည်းအရုံးကပေးခဲ့သည်မဟုတ်။ ကျွန်တော့်ဦးရီးတော်ဘုန်းတော်ကြီးဆင်ထားသော ကျွန်တော့်လက်စွပ်ကိုရောင်းပြီး စရိတ်ပြုသွားရခြင်းဖြစ်ပေသည်။ သခင်ဧငြိမ်းကမူ ဆကာကြီး, အဖျောက်ဒေသများက သခင်များနှင့်အတူ စံရွေး, ဖိုးခေါင်သို့ဖြတ်၍ ခြေကျင်ချီတက်ခဲ့ကြသည်။

ကျွန်တော်မှာ ညီလာခံကိုယ်စားလှယ်သာ မဟုတ်။ မြို့နယ်ဗမာ့လက်ရုံးတပ်တာဝန်ခံ ဖြစ်နေသဖြင့် 'ညီလာခံတက်ရောက်မည့် လက်ရုံးတပ်ဗိုလ်,တပ်သားများ မေလ ၁ ရက်နေ့မတိုင်မီ ဌာနချုပ်အရောက်ချီတက်လာရမည်။' ဟူသောညွှန်ကြားချက်အရ ရန်ကုန်သို့သွားခဲ့ရသည်။

ရေကျော်လမ်း အမှတ် ၇၆ ရှိ တို့ဗမာအစည်းအရုံးဌာနချုပ်တွင် သာယာဝတီညီလာခံသို့တက်ရောက်ကြမည့် အနယ်နယ်က ကိုယ်စားလှယ်များ ကြက်သွေးရောင်အင်္ကျီနှင့် ရှားရောင်ဘောင်းဘီတို, နတ္တလင်းဝါးခမောက်တို့ဆင်ယင်ထားသော ဗမာ့လက်ရုံးတပ်ဗိုလ်,တပ်သားများ ဥဒဟိုဝင်ထွက်နေကြသည်။

ဌာနချုပ်အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း, မြန်မာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားအစည်းအရုံးအထွေထွေအတွင်းရေးမှူး သခင်သန်းထွန်းတို့နှင့် ရုံးလုပ်သားများမှာ ရုံးပစ္စည်းအချို့နှင့် သာယာဝတီသို့ကြိုတင်ထွက်ခွာသွားကြပြီဖြစ်၍ ဌာနချုပ်ခေါင်းဆောင်အချို့သာ ရှိတော့သည်။ သခင်လေးမောင်နှင့် အလုပ်အမှုဆောင်များဖြစ်ကြသည့် သခင်ကျော်စိန်, သခင်စိုး, သခင်လှဘော်ကြီးတို့က မေဒေး ကမ္ဘာ့အလုပ်သမားနေ့ကို ရန်ကုန်တွင် ခေါင်းဆောင်ပြုလုပ်ရန် ကျန်နေရစ်သည်ကို တွေ့ရသည်။ ရန်ကုန်တွင်ရောက်နေသော ဗမာ့လက်ရုံးတပ်ဗိုလ်,တပ်သားများမှာ ၁၅၀ ခန့်ရှိသည်။ သင့်ရာသင့်ရာတွင် လူစုခွဲ၍ တည်းခိုနေကြသည်။

ကျွန်တော်မှာ တစ်ကိုယ်တည်းသမားဖြစ်၍ ဌာနချုပ်အောက်ထပ်တွင် ဒေးဒရဲမှရောက်နေသည့် ဘင်တီးဝိုင်းအဖွဲ့နှင့်အတူ တည်းခိုခဲ့၏။ လူပေါင်း ၁၅၀ ခန့်တွင် လူအင်အားရော,ယူနီဖောင်းရော, စစ်ရေးပြ

mgyoe.com

mgyoe.com SAMPLE BOOK

လေ့ကျင့်မှုများမှာရော အတောင့်ဆုံးအတော်ဆုံးမှာ သခင်စန်းရှိန်ခေါင်းဆောင်သော ဝါးခယ်မအဖွဲ့နှင့် ဒေးဒရဲအဖွဲ့ပင် ဖြစ်သည်။ ဒေးဒရဲအဖွဲ့က ဘင်တီးဝိုင်းပါနေသဖြင့် ပို၍ဂုဏ်ယူဝင့်ကြွားနေကြသည်။

၁၉၄၀ ပြည့်နှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်စီရင်စု(ယခု ခရိုင်)က လက်ရုံးတပ်သား ၁၀၀ လောက်နှင့်ပူးပေါင်းပြီး လက်ရုံးတပ်ဗိုလ်,တပ်သား ၂၅၀ ခန့်ကို ရန်ကုန်စီရင်စု ဗမာ့လက်ရုံးတပ်တာဝန်ခံ သခင်ဘသာကခေါင်းဆောင်၍ အလုပ်ပန်းခြံ(ယခု သခင်မြပန်းခြံ)တွင် စုရုံးကြသည်။ ကိုယ်လုံးကိုယ်ထည်တောင့်၍ ဥပဓိရုပ်ကောင်းသော သခင်ဘသာကြီးမှာ လက်ရုံးတပ်ယူနီဖောင်းဖြင့် ကြည့်၍လှသည်။ အလုပ်ပန်းခြံတွင်ကျင်းပသော ကမ္ဘာ့အလုပ်သမားနေ့သို့ ခနောင်တိုမီးခြစ်စက်, သန်လျင်ရေနံချက်စက်, ကမာရွတ်စွပ်ကျယ်စက်, ဒလသင်္ဘောကျင်းတို့မှ အလုပ်သမားများ၊ အာရ်အီးတီအလုပ်သမားများ၊ ကုလား,ဗမာ အလုပ်သမားပေါင်းစုံ ပါဝင်ဆင်နွှဲကြသည်။ အလုပ်သမားများသာမက ကျောင်းသားများ, ကျောင်းဆရာများ, အမျိုးသမီးများလည်း တက်ရောက်လာကြသည်။

လေတွေ့သဲဖြင့် တဖျပ်ဖျပ်လှုပ်ခတ်နေသော သုံးရောင်ခြယ်နှင့် တူတံစဉ်အလံများမှာ တရားဟောစင်မြင့်တွင် စိုက်ထူထားကြသည်။ အဖွဲ့အသီးသီးကလည်း အဖွဲ့လိုက် တူတံစဉ်အလံများကို ကိုင်ဆောင်ထားကြသည်။ အလုပ်ပန်းခြံတစ်ခုလုံးကို သုံးရောင်ခြယ်နှင့်တူတံစဉ်က လွှမ်းမိုးထားသည်။ ခပ်ကျဲကျဲကျဆင်းနေသော မိုးဦး၏ ရွှေတော်ပြေး မိုးဖွဲကလေးများအောက်တွင် မေဒေးနေ့အခမ်းအနားကို ဗမာ့လက်ရုံးတပ်ဖြင့် စစ်ရေးပြပွဲခင်းကျင်းပြီး ဘင်တီးဝိုင်းက တီးမှုတ်ဖွင့်လှစ်လိုက်သည်။

'ဗမာ့လက်ရုံးတပ်သားတွေ ညီစေနော် × ချစ်ရဲဘော် × ချီတက်ကြစို့ တူပျော်ပျော် × ဘယ်ညာ ဘယ်ညာ'

စစ်ခရာသံ, စကော့တလန်သားရေအိတ်နဲသံနှင့်အတူ ဗမာ့လက်ရုံးတပ်စစ်ချီသီချင်းသံက ရဲမာန်အပြည့်သွင်းကာ အလုပ်ပန်းခြံအတွင်း မြူးပျံ့နေသည်။ သခင်လေးမောင်, သခင်စိုး, သခင်ကျော်စိန်တို့က ကမ္ဘာ့အလုပ်သမားနေ့ ဖြစ်ပေါ်လာပုံနှင့် မြန်မာ့အလုပ်သမားများ မျက်မှောက်အခြေအနေ တာဝန်လုပ်ငန်းများကို ဟောပြောကြသည်။ အခမ်းအနားအပြီးတွင် လူထုပရိသတ်အတွင်း တို့ဗမာအလုပ်သမားအစည်းအရုံးကြီး၏ မေဒေးနေ့ကြေညာချက်ကိုဝေငှရင်း 'နေသွေးနီ'[၁] ဟု ကြေညာချက်အောက်တွင် အမည်တပ်ထားသော 'အလုပ်သမားနေ့' ကြေညာချက်တစ်စောင်ကိုလည်း လျှို့ဝှက်ကြေညာချက်လိုလို ဖြောင်ကြေညာချက်လိုလို မသဲမကွဲတွေ့ခဲ့ရသည်။

ရှေ့ဆုံးက သခင်ဘသာကြီး ခေါင်းဆောင်၍ သုံးရောင်ခြယ်အလံများတလွင့်လွင့် ဘင်တီးဝိုင်းအဖွဲ့၏ ဘင်သံတဒိန်းဒိန်းဖြင့် ဗမာ့လက်ရုံးတပ် စစ်ချီသီချင်းကို သံပြိုင်ဟစ်ကြွေးရင်း အလုပ်ပန်းခြံမှ ပုဇွန်တောင်ပန်းခြံအထိ ကျွန်တော်တို့ဗမာ့လက်ရုံးတပ်ဖွဲ့ကြီး ခြေလျင်ချီတက်ခဲ့ကြသည်။ ချီတက်ရာလမ်းတစ်လျှောက် တစ်ဖက်တစ်ချက် ပလက်ဖောင်းများ, အိမ်များ, တိုက်များ, စျေးဆိုင်များကလူအများ ဝိုင်းဝန်းကြည့်ရှုကြသည်။ 'သခင်မျိုးဟေ့ တို့ဗမာ', 'အရေးတော်ပုံ အောင်ပါစေ' ဟူသောကြွေးကြော်သံကိုဟစ်၍ ညာလက်သီးကိုဆုပ်လက်ရုံးကိုဆန့်ကာ ကျွန်တော်တို့အား အားပေးချီးမြှင့်သူအချို့ကို ပရိသတ်အကြားတွင် ကြိုကြားကြိုကြားမြင်ခဲ့ရသည်။ နောက်တစ်နေ့နံနက်တွင် ဘတ်စ်ကားများဖြင့် သာယာဝတီသို့ ၂၀၀ နီးပါးရှိသည့်လက်ရုံးတပ်ဖွဲ့ချီတက်ခဲ့ကြပါသည်။

သာယာဝတီအရောက် တစ်ခါတည်း ဆက်တိုက်ချီတက်ခြင်းကား မဟုတ်ပါ။ မှော်ဘီမရောက်မီ ၁ မိုင်လောက်အလိုတွင် တစ်ဖွဲ့လုံး ကားပေါ်ကဆင်းကြပြီး၊ ကားများက မှော်ဘီမြို့အလွန်မှ သွားစောင့်နေကြပါသည်။ ဘင်တီးဝိုင်းအဖွဲ့က ရှေ့ဆောင်ပြီး ဘင်သံတဒိန်းဒိန်းဖြင့် တပ်ဖွဲ့လိုက် မာန်ပါပါလက်ဟန်လွှဲ၍ ခြေညီညီလှမ်းကာ အင်အားပြချီတက်ခြင်းကို မြို့တွင်းလမ်းတစ်လျှောက် ခင်းကျင်းပြရင်း ချီတက်သွားခြင်း

၁။ သခင်ကျော်စိန်၏ လျှို့ဝှက်အမည် ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ စောင့်နေသောကားများသို့ရောက်ပါက ကားပေါ်တက်စီးကြကာ ဆက်ထွက်။ ဤသို့ဖြင့် မြောင်းတံငါရွာတွင် နံနက်စာစား၊ တရားဟော၊ တိုက်ကြီးမြို့ကိုဖြတ်၊ ဥက္ကံမြို့တွင် ညအိပ်ကာ နောက်တစ်နေ့မှ သာယာဝတီမြို့အဝင် ကွင်းကျယ်ကျယ်အလယ်တွင်တည်ရှိသော အဆောက်အအုံတစ်ခုအနီး ကပ်၍ဆောက်လုပ်ထားသော ညီလာခံမဏ္ဍပ်သို့ ဆိုက်ရောက်ခဲ့ကြပါသည်။

သာယာဝတီညီလာခံကို ကျွန်တော်တို့တပ်ဖွဲ့ရောက်ပြီး ၂ ရက်လောက်ကြာမှ စတင်ဖွင့်လှစ်နိုင်သည်။ ညီလာခံကို ၃ ရက်ကျင်းပရန်ဖြစ်သော်လည်း မိုးဖျက်သဖြင့် ၄ ရက် ဖြစ်သွားသည်။ လက်ရုံးတပ်ဖွဲ့များမှာ ရောက်ပြီး နောက်တစ်နေ့ကစ၍ ညနေပိုင်းတွင် ဝါးရင်းတုတ်နှင့် စစ်ရေးပြလေ့ကျင့်၊ ညီလာခံကိုယ်စားလှယ်အားလုံးစားရန်အတွက် သာယာဝတီမြို့နှင့် သုံးဆယ်မြို့များက ထမင်းထုပ်များသွားယူ၊ ညပိုင်းတွင် တပ်ဖွဲ့များအသီးသီးဖြန့်ခွဲ၍ ဝါးရင်းတုတ်များဖြင့် အလှည့်ကျကင်းစောင့်ကြရသည်။

သုံးဆယ်မြို့ ပန်းဆွဲရွာနှင့်အနီးတစ်ဝိုက်မှာ သခင်ထွန်းအုပ်, သခင်ဗစိန်တို့ အင်အားကောင်းရာဒေသဖြစ်ပြီး၊ 'သခင်ဗစိန်တို့က လူမိုက်များစု၍ ညီလာခံကို အကြမ်းနည်းဖြင့်ဝင်ဖျက်ရန် စီစဉ်နေသည်။'-ဟူသောသတင်း၊ 'အိုးသည်ကုန်း အုတ်ဖိုဒေသရှိ ဂဠုန်ဦးစောဏ၏နောက်လိုက်များနှင့် ဂဠုန်တပ်များ ချီတက်လာပြီး ညီလာခံကို ဝါးရင်းတုတ်ဖြင့် ဝင်ဖြိုမည်။'-ဟူသောသတင်း၊ ဤသတင်းများကြောင့် ကျွန်တော်တို့လက်ရုံးတပ်ဗိုလ်,တပ်သားများမှာ နေ့ကင်း, ညကင်း အလဲလဲအထပ်ထပ်စောင့်ကြပ်နေရသဖြင့် ဖတ်ဖတ်ကိုမောခဲ့ရသည်။ ကျွန်တော့်အဖို့ လက်ရုံးတပ်စိတ်တစ်စိတ်ကို ဦးဆောင်နေရသဖြင့် ညီလာခံအစည်းအဝေးများကို မှန်မှန်ပင် မတက်နိုင်ခဲ့ပါ။

နိုင်ငံလုံးဆိုင်ရာ အမှုဆောင် (A.B.C- All Burma Commette) အစည်းအဝေး ပြုလုပ်နေဆဲမှာပင် စိတ်မကောင်းစရာအဖြစ်ကို ကြုံခဲ့ရသေးသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်မဟုတ်သဖြင့် ထိုအစည်းအဝေးသို့ ကျွန်တော် မတက်ရ။ ထို့ကြောင့်- ဌာနချုပ်အတွင်းရေးများကို နှိုက်နှိုက်ချွတ်ချွတ်မသိ။ နားစွန်နားဖျားကြားရသည့်သတင်းများသာ ရှိခဲ့၏။ 'ရေနံမြေသခင်ဘိုးလှကြီးတို့လူစုနှင့် ဌာနချုပ်အလုပ်သမားအစည်းအရုံးခေါင်းဆောင်များ စည်းရုံးရေးဆိုင်ရာတွင် သဘောကွဲလွဲမှုများ ရှိနေသည်။'-ဟူ၍ စောစောကပင် သဲသဲကြားခဲ့ရ၏။ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်များအစည်းအဝေး ကျင်းပနေဆဲ ဆူဆူညံညံအော်ဟစ်ပြီး အာဇာဝကသခင်ဘိုးလှကြီးတို့ကိုယ်စားလှယ်တစ်သိုက် အစည်းအဝေးခန်းကထွက်၍ ပြန်သွားကြသည်ကို စိုးရိမ်စိတ်နှင့် တအံ့တသြ တွေ့လိုက်ရပြန်သည်။ အဖြစ်အပျက်၏အတွင်းသဘောကို မသိရစေကာမူ၊ 'ဤအဖြစ်အပျက်မှာ မညီမညွတ် သွေးကွဲမှုသာ ဖြစ်ရမည်'-ဟု ရိပ်စားမိသည်။ ထို့ကြောင့်- ကျွန်တော်နှင့် ပုဂ္ဂိုလ်ရေးအရာရင်းနှီးသော နိုင်ငံလုံးဆိုင်ရာအမှုဆောင်တစ်ယောက်ဖြစ်သည့် ညီလာခံဇည့်ခံကော်မတီအတွင်းရေးမှူး သခင်ခင်အောင်ကို ချဉ်းကပ်၍မေးကြည့်ရသည်။

''ခုန အာဇာဝကသခင်ဘိုးလှကြီးတို့ အော်ဟစ်ကြိမ်းမောင်းပြီး အစည်းအဝေးကထွက်သွားတာ ဘယ်လိုဖြစ်တာလဲဗျ။''

သခင်ခင်အောင်က စိတ်ရှုပ်ဟန်ဖြင့် ခေါင်းခါလိုက်ပြီး ''ဖြစ်ခဲ့တဲ့ပြဿနာက ကြာပါပြီ။ ဒီအစည်းအဝေးမှာ မကွဲပြဲအောင် နောက်ဆုံးကြိုးစားတာပဲ။ မရတော့ဘူး။ နိုင်ငံလုံးဆိုင်ရာအလုပ်သမားအစည်းအရုံးနှင့် မဆက်သွယ်ဘဲ သခင်ဘိုးလှကြီးတို့က ရေနံမြေလုံးဆိုင်ရာအလုပ်သမားအစည်းအရုံး သီးခြားထောင်တယ်။ ရေနံချောင်းက သခင်လှိုင်တို့နဲ့လည်း ပူးပေါင်းမလုပ်ချင်ဘူး။အေသစွဲနဲ့ ပုဂ္ဂိုလ်ချင်းမတည့်တာတွေ၊ မင်းသားကြီးလုပ်ချင်တာတွေလည်း ပါတယ်။ အဲ- အသေးစိတ် စုံစုံစေ့စေ့သိဖို့ကိုတော့ နေ့လယ်ကျရင် ဌာနချုပ်အလုပ်သမားခေါင်းဆောင်တွေက ကိုယ်စားလှယ်အစည်းအဝေးမှာ ရှင်းပြပါလိမ့်မယ်။ တက်နားထောင်ပေါ့။''

ပြောလက်စကိုခေတ္တရပ်ထားပြီး ကျွန်တော့်ကိုအကဲခတ်ကာ ''စိတ်တော့မပျက်နှင့်ပေါ့ဗျာ။ သူတို့လူသိုက်တွေ ကိုးရိုးကားရားလုပ်သွားပေမယ့် ညီလာခံကြီးရဲ့အောင်မြင်မှုကိုတော့ မထိခိုက်ပါဘူး။''

''စိတ်ပျက်တယ်လို့ မဟုတ်ပါဘူး။ ဒီလို လူကြီးတွေ, ခေါင်းဆောင်တွေက အော်ကြဟစ်ကြပြီး သူတို့လူသိုက်ထွက်သွားတော့၊ အဖြစ်အပျက်ကိုလည်း ရေရေလည်လည်မသိရတော့ စိတ်ရှုပ်တာပါပဲ။''

''ကိုယ်စားလှယ်အစည်းအဝေးမှာ ရှင်းပြတာနားထောင်ပြီးရင် ခင်ဗျားရှင်းသွားမှာပါ။ ကဲ- အလုပ်ရှိသေးတယ်။ သွားဦးမယ်။'' ပြောပြောဆိုဆို သခင်ခင်အောင်ထွက်သွားသည်။

ထိုနေ့နေ့လယ်ပိုင်း ကိုယ်စားလှယ်အစည်းအဝေးသို့ ကိုယ်စားလှယ်မဟုတ်သူအများအပြားပင် ဧည့်သည်အဖြစ် တက်နားထောင်ကြသည်။ အာဇာဝကကြီးတို့လူသိုက် ညီလာခံကို သပိတ်မှောက်ထွက်သွားသဖြင့် ထိုကိစ္စရှင်းလင်းပြမည်ကို လူတိုင်းပင် စိတ်ဝင်စားနေကြသည်။ ဌာနချုပ်ဥက္ကဋ္ဌ သခင်လေးမောင်, အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းနှင့် ဌာနချုပ်အလုပ်သမားအစည်းအရုံးက သခင်စိုးတို့သည် 'သခင်ဘိုးလှကြီးတို့နှင့် ဌာနချုပ်အစည်းအရုံးတို့ သဘောကွဲခဲ့ရသည့်အရင်းခံအကြောင်းများ' ကို အချက်အလက်များဖြင့် တစ်ယောက်တစ်လှည့် ရှင်းလင်းတင်ပြကြသည်။

၁၃၀၀ ပြည့်အရေးတော်ပုံမပေါ်ပေါက်မီကပင် ရေနံချောင်းကိုအခြေပြု၍ သခင်လေးမောင်တို့ စည်းရုံးခဲ့ပုံ၊ တို့ဗမာအစည်းအရုံးက ခေါင်းဆောင်ခဲ့ပုံ၊ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် ရေနံမြေသပိတ်ကြီးကို ခေါ်ဆောင်ခဲ့ပုံ၊ ၃၇ နှစ်ကစတင်ခဲ့သော ချောက်အလုပ်သမားနှင့် စာရေးသပိတ်ကြီး ရှုံးမည့်အခြေအနေမှ ပြန်လည်ကြီးထွားလာအောင် ရေနံချောင်းနှင့် သန်လျင်အလုပ်သမားသပိတ်များနှင့် အားဖြည့်ခဲ့ရပုံ၊ ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်ချီတက်ရေးကို ခေါင်းဆောင်စည်းရုံးခဲ့ပြီး ကျောင်းသားလူပ်ရှားမှု, လယ်သမားလူပ်ရှားမှုများ ပူးပေါင်းမိပြီး တစ်ခဲနက်သော နယ်ချဲ့ဆန့်ကျင်ရေးလူပ်ရှားမှုကြီး ဖြစ်ပွားလာပုံများနှင့် ထိုလူပ်ရှားမှုကြီးများက မွေးထုတ်တင်မြှောက်လိုက်သဖြင့် အာဇာဝကသခင်ဘိုးလှကြီး နာမည်ကျော်ခေါင်းဆောင် ဖြစ်လာပုံ၊ ၁၃၀၀ ပြည့်အရေးတော်ပုံအပြီး ရေနံမြေအလုပ်သမားစာရေးများ၏ အခွင့်အရေးများ တဖြည်းဖြည်းတိုးတက်ရရှိလာပြီး အလုပ်သမားအဖွဲ့အစည်း၏ အဖွဲ့ဝင်များ များပြားကျယ်ပြန့်လာပုံ၊ ၁၃၀၀ ပြည့်အမျိုးသားလူပ်ရှားမှု အရေးတော်ပုံကြီးအတွင်း ပါဝင်လာသော အလုပ်သမားလူပ်ရှားမှုများကို စုစည်းရန်, အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွင်း အလုပ်သမားလူတန်းစား၏အခန်း တိုးမြှင့်တင်ရန်အတွက် ၁၉၃၉ ခုနှစ် ဇူလိုင်လမှာ ပထမဆုံး ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများညီလာခံကြီး ကျင်းပခဲ့ပုံ၊ ထိုညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ ၁၉၄၀ ပြည့်နှစ် ဧန်နဝါရီလ ၃၀ ရက်နေ့မှာ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများအစည်းအရုံးကြီးကို စတင်ထူထောင်ဖွဲ့စည်းပုံ၊ ဌာနချုပ်ညွှန်ကြားချက်နှင့် စည်းမျဉ်းများကိုဆန့်ကျင်ကာ သခင်ဘိုးလှကြီးတို့က ရေနံမြေလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး သီးခြားထူထောင်၍ အချိုးကျဆက်ကြေးများ ဌာနချုပ်သို့ မပို့ဘဲထားပုံ၊ ထိုပြဿနာဖြေရှင်းညှိနှိုင်းရန်လွတ်လိုက်သည့် သခင်နု, သခင်စိုးတို့ပါဝင်သော ဌာနချုပ်ကော်မရှင်အား သံပုံးတီးပြီး 'နဂါးနီ မဟုတ်။ မြက်လျှောသခင်တွေ အလိုမရှိ၊ ရေနံမြေ မလာနှင့်။ ထွက်သွား။' ဟူ၍ အော်ဟစ်ဆန့်ကျင်ခဲ့ကြပုံ၊ ရေနံမြေအလုပ်သမားများ သွေးမကွဲစေရေးအတွက် ဌာနချုပ်မှ အမျိုးမျိုးစေ့စပ်ဖြေရှင်းခဲ့စေကာမူ မရခဲ့။

'ရေနံချောင်းအလုပ်သမားခေါင်းဆောင် သခင်လှိုင်တို့နှင့် တွဲမလုပ်နိုင်'ဟု အတင်းငြင်းခဲ့ပုံ။ ယခုအစည်းအဝေးတွင် ဌာနချုပ်က လျှော့ပေးပြီး 'ရေနံမြေလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး' အမည်ဖြင့်ပင် ဌာနချုပ်နှင့် ဆက်သွယ်လုပ်ဆောင်ခွင့်ပေးသည့်တိုင် မရေရာသောအကြောင်းများပြပြီး ညီလာခံကို သပိတ်မှောက်ထွက်သွားပုံ၊ ဌာနချုပ်အနေဖြင့် သခင်ဘိုးလှကြီးတို့ သခင်အစည်းအရုံးဝင်အဖြစ်က မထွက်သေးသရွေ့ ပြန်လည်ညီညွတ်မှုရလာအောင် ကြိုးစားသွားမည်ဖြစ်ကြောင်းများကို ရှင်းလင်းပြသဖြင့် ရှုပ်ရှုပ်ထွေးထွေးလေးတေးတေးဖြစ်နေသောစိတ်များမှာ ပေါ့ပါးသွားရသည်။

mgyoe.com SAMPLE BOOK

ညီလာခံနောက်ဆုံးနေ့ လူထုအစည်းအဝေးကြီး ကျင်းပရန်အတွက် လူထုလှုံ့ဆော်ဖိတ်ခေါ်ရေးတရား ပွဲများကို လက်ပံတန်း, သာယာဝတီ, သုံးဆယ်, ဥက္ကံ စသည့်မြို့များတွင် ပြုလုပ်ရန် ညီလာခံကိုယ်စားလှယ် အသီးသီး တာဝန်ခွဲယူကြရသည်။

သုံးဆယ် ကားလမ်းနှင့်ရထားလမ်းအကြားရှိ ရုပ်ရှင်ရုံတွင် ပြုလုပ်မည့် လူထုတရားပွဲ၌ ဟောပြောရမည့် အဖွဲ့တွင် ကျွန်တော် ပါဝင်ခဲ့သည်။ တရားပွဲအတွက်ပြင်ဆင်ရင်း အချိန်ရသဖြင့် သုံးဆယ်မြို့အဝင် ကားလမ်း ဘေးရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တည်းခိုနေသောအိမ်သို့ဝင်၍ ဆရာကြီးအား တွေ့ကြသည်။ ဆရာကြီး သည် သုံးဆယ်ချောင်းမြောက်ဘက်ကားလမ်းဘေးရှိ ၂ ထပ်အိမ်တွင် တည်းခိုနေသည်။ ဆရာကြီးရှိရာ အိမ်အပေါ်ထပ်သို့ တက်သွားရာ၊ ဆရာကြီးအနီးတွင် သခင်လေးမောင်, သခင်လှဖေ (ဗိုလ်လက်ျာ), ၇ ထောင်စံသခင်လှမောင်တို့နှင့် နယ်ကိုယ်စားလှယ် သခင်,သခင်မများကို တွေ့ရသည်။

ဆရာကြီးသည် အသက် ၆၀ ကျော်ပြီဖြစ်စေကာမူ တောင့်တင်းသန်မာလျက်ပင် ရှိသေးသည်။ ခါးကိုင်းခြင်း မရှိ။ ကော်ဇောတစ်ခုပေါ်တွင် တင်ပျဉ်ချိတ်၍ မတ်မတ်ပင်ထိုင်နေသည်။ သျှောင်ကို ပန်းနု ရောင်ပုဝါဖြင့် ပြီးစလွယ်ရစ်ပတ်ထားသည်။ ဆရာကြီး၏ဦးခေါင်းထက် ဤပန်းနုရောင်ပုဝါနေရာတွင် ပတ်တီး များ ရစ်ပတ်စည်းနှောင်ထားသည်ကို တစ်ကြိမ်က ကျွန်တော် မြင်ခဲ့ရဖူးသည်။

မော်လမြိုင်ညီလာခံ (၁၉၃၉ ခုနှစ် ဧပြီလ)အပြီး ညီလာခံဆုံးဖြတ်ချက်များကို ဝါဒဖြန့်ချိရန် နယ်လှည့်တရားဟောရင်း ပုသိမ်မှတစ်ဆင့် ကျွန်တော်တို့မြို့သို့ ရောက်လာစဉ်က ဖြစ်သည်။ ဆရာကြီးသည် ပုသိမ်မြို့တရားပွဲအပြီး ကျူပျော်မြို့သို့လာရန် အတူပါလာသော သခင်လှဖေနှင့်အတူ ကန်ကြီးထောင့်မြို့ မီးရထားဘူတာတွင် မီးရထားစောင့်နေစဉ် လူမိုက်တစ်ယောက်၏ တုတ်ဖြင့် ရုတ်တရက် ဝင်ရိုက်ခြင်းကို ခံလိုက်ရသည်။ ဝင်ရိုက်သူအား မီးရထားစောင့်နေသောလူထုနှင့် မီးရထားပုလိပ်များက ဝိုင်းဖမ်းလိုက်သည်။ ထိုလူမိုက်အား လူထုက ဒေါသူပုန်ထပြီး ဝိုင်းရိုက်မည်လုပ်နေရာ ဆရာကြီးသည် ၁ လက်မလောက်ကွဲနေသော မိမိခေါင်းကဒဏ်ရာကို ဂရုမပြုနိုင်သေးဘဲ သူ့ခေါင်းကိုရိုက်ခွဲလိုက်သူအား လူထုက ညှဉ်းပန်းနှိပ်စက်ခြင်းမပြုရန် ဖျောင်းဖျတားဆီးခဲ့သည်။ ဆရာကြီးအားရိုက်ရန် လူမိုက်ငှားခိုင်းသူများကား ကန်ကြီးထောင့်နေ 'ရွှေဒေါင်း' ခေါ် သခင်မြရင် (သခင်ဗစိန်အဖွဲ့ဝင်)တို့လူစုဖြစ်သည်။ ဤသို့ဖြင့် ဆရာကြီးဦးခေါင်းတွင် ပတ်တီးစည်းကာ ကျွန်တော်တို့မြို့သို့ ရောက်လာခဲ့သည်။ အရိုက်ခံရသောဒဏ်ကြောင့် ခေါင်းတွင် ပတ်တီးစည်းထားရသော်လည်း ဆရာကြီးသည် ဟာသမပျက်တရားဟောမပျက်။

''ဟေး- သခင်ဘသိန်း။ တို့က ပုသိမ်ကအထွက် ရေကြည်,အသုတ်ကျမှ ဂဠုန်ရဲ့သံပုံးနဲ့ ဝါးရင်း တုတ်တို့ဆီးကြိုတာ တွေ့ရလိမ့်မယ် ထင်နေတာ။ ခုတော့ ကန်ကြီးထောင့်မှာ ဗစိန်တို့ရဲ့ ၂×၁ လက်မနဲ့ အလစ်ဝင်ကန်တော့သွားတာ ခံလိုက်ရသဟော့။''-ဟု ကျွန်တော်တို့မြို့က အစည်းအရုံးဥက္ကဋ္ဌအား အားပါးတရ ပြုံးပြီးနှုတ်ဆက်ရင်း ပြောပြနေသည်ကို ကြားခဲ့ရသည်။

ယခု ဆရာကြီး၏ဦးခေါင်းထက်တွင် ပတ်တီးအစား ပေါင်းနေကျ ပန်းနုရောင်ပုဝါခပ်နွမ်းနွမ်းကလေး ပြန်ရောက်နေပေပြီ။ သခင်လေးမောင်က ဆရာကြီးအား 'သခင်ဘိုးလှကြီးတို့ အစည်းအဝေးကိုသပိတ်မှောက်ပြီး ဆူဆူပူပူနှင့်ထွက်သွားပုံ' ကို အစီရင်ခံနေသည်။

သခင်လေးမောင်အစီရင်ခံပြီးနောက် ဆရာကြီးက ကွမ်းအစ်ထဲက ကွမ်းတစ်ရွက်ကိုကိုင်၍ ထုံးတို့ရင်း-

''အိမ်း- လေးမောင်။ မင်းတို့ဌာနချုပ်ခေါင်းဆောင်တွေ ကြည့်လုပ်ကြဟော့။ မင်းတို့ပြောနေတဲ့ 'အင်္ဂလိပ်အခက် ဗမာ့အချက်'ဆိုတာဟာ 'အင်္ဂလိပ်လည်းအခက် တို့လည်းအခက်' ဖြစ်နေဦးမယ်။ အခုလို အရေးကြီး သွေးစည်းရမယ့်အချိန်မှာမှ ငါတို့ချင်းကွဲပြဲနေတာတွေကို ရပ်တန်းကမရပ်နိုင်ကြရင် တို့ဗမာအရေးဟာ ရေစုန်မျောဦးမယ်။ ထွန်းအုပ်, ဗစိန်တို့နှင့်ကွဲတုန်းကလောက် မဆိုးပေမယ့် ခုဟာလည်း ဆိုးတော့ဆိုးတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီ 'ဘိုးလှကြီး' ဆိုတဲ့အကောင်ကလည်း ရူးကြောင်ကြောင်နှင့် သိပ်ဘဝင်မြင့်နေတယ်။ ဒါပေမယ့် သူလည်း လူထုခေါင်းဆောင်တစ်ယောက်ပဲကွ။ အင်္ဂလိပ်နယ်ချဲ့ချဖို့ဆိုရင် သူလည်း နောက်ချန်နေခဲ့မှာတော့ မဟုတ်ဘူး။''-ဟုပြောရင်း၊ မည်မည္ဆတ်ခြင်းအန္တရာယ်နှင့် စည်းလုံးညီညွတ်မှု၏ အကျိုးအမြတ်ကို သမိုင်းဝင်အဖြစ်အပျက်များဖြင့် ရှင်းလင်းပြောပြနေသည်။ အတန်ကြာဟောပြောပြီး ''အိမ်း- ညီညီညွတ်ညွတ်ဖြစ်အောင် လုပ်ကြပေါ့ကွာ။''-ဟုအဆုံးသတ်ကာ ယာပြီးကွမ်းကို ပါးစောင်သို့သွင်းဝါးနေရင်း၊ ဆရာကြီးသည် သခင်လေးမောင်က ဆက်လက်အစီအရင်ခံနေသော ညီလာခံဆုံးဖြတ်ချက်များကို စိတ်ပါဝင်စားစွာနားထောင်နေသည်။

တရားပွဲသွားမည့်ကျွန်တော်တို့လူသိုက် ဆရာကြီး၏ ဆက်လက်ပြောဟောသောဩဝါဒများကို နာယူမှတ်သားပြီး တရားပွဲစရမည့်အချိန် နီးကပ်လာသဖြင့် ရုပ်ရှင်ရုံသို့ ထွက်လာခဲ့ကြသည်။

* * *

တဖွဲဖွဲကျနေသည့် မိုးပေါက်များသည် လူပ်ရှားတက်ကြွနေသောလူထုအား တရားပွဲသို့မလာရန် ဟန့်တားနိုင်ခြင်းမရှိပါ။ ရုပ်ရှင်ရုံတစ်ရုံလုံး တရားနာယူမည့်ပရိသတ်နှင့်ပြည့်နေသည်။ တရားပွဲမစမီ အသံချဲ့စက်ဖြင့် စိတ်တက်ကြွဖွယ်ရာသီချင်းဓာတ်ပြားများဖွင့်၍ ပရိသတ်အား ဖြေဖျော်လျက်ရှိသည်။ ထိုမျှမက လူထု၏စိတ်ဓာတ်ကိုနှိုးဆွပေးရန် အသံကောင်း၍အဆိုပိုင်သော ဒေးဒရဲက လက်ရုံးတပ်ဗိုလ်တစ်ယောက်မှာ အသံချဲ့စက်ရှေ့သို့ သွားရပ်ကာ 'မီးတုတ်'သီချင်းကို သီဆိုလေသည်။ ကျွန်တော်တို့လည်း သံပြိုင်လိုက်ကြသည်။

'မီးတုတ် ရှို့။ (သံပြိုင်)

'တို့သခင်လက်စွဲ ရဲရဲတောက်မီးတုတ်ကြီးပါ။ ဓနရှင်ခေတ်အခါ ဆူးငြောင့်ခလုတ်ပမာ အဓမ္မလောကကို သဘောမကျဘူးဟေ့ အကုန်ရှိ့မယ့် သခင်တွေပါ။ (သုံးမရတဲ့ ဓနရှင်လောကပါ။ ကြိတ်ပေး၊ နှိပ်ပေး၂) -သံပြိုင်

'ပြာကျအောင်ရှို့မယ့် မီးတုတ်ပါ။ (ချဟာ၊ ဆော်ဟာ။)-သံပြိုင်

'သခင်ကို မဖြိုးနဲ့။ မိုးကိုမီးလောင်မှာ။ (ဟေ့၊ ဒို့ဗမာ)-သံပြိုင်

'ကိုယ့်မင်းကိုယ့်ချင်း လိုရင်းဆိုတာ ဆင်းရဲသားသမ္မတဖြစ်တဲ့ ဘုံဝါဒအစစ်ပါဗျာ။ တိုင်းသစ်ပြည်သစ် ထူထောင်ဖို့ရာ။ (ဘာပြောတာလဲဗျို့၊ ငိုသံပါလားဗျ။)-တစ်ယောက်သံ

'မကြားချင်လိုက်တာ။ (လျှောမွေး) မိန်းမရှာ

'နှာသံပါကလေးတွေ ခုခေတ်တွင်း ရှင်းမယ့် မီးတုတ်ပါ။

'သုံးမရတဲ့ ဓနရှင်လောကပါ။ (ကြိတ်ပေး၊ နှိပ်ပေး။)-သံပြိုင်

'ပြာကျအောင်ရှို့မယ့် မီးတုတ်ပါ။ (ချဟာ၊ ဆော်ဟာ။)-သံပြိုင်

'သခင်ကို မဖြိုးနဲ့၊ မိုးကိုမီးလောင်မှာ။ (ဟေ့၊ တို့ဗမာ။)-သံပြိုင်'

အဆိုတော်က အသံပိုင်ပိုင်နှင့် ကျွန်တော်တို့၏သံပြိုင်မှာ ရုပ်ရှင်ရုံအတွင်း ဟိန်းနေသည်။ မီးတုတ်သီချင်းကို လူထုကပွဲတောင်းသဖြင့် ထပ်ဆိုရပြန်သည်။ သံပြိုင်အပိုဒ်တွင် လူထုက ပါဝင်သီဆိုလာကြသည်။ 'ကြိတ်ပေး နှိပ်ပေး', 'ချဟာ ဆော်ဟာ', 'ဟေ့ တို့ဗမာ' ဟူသော သံပြိုင်ဟစ်ကြွေးသံများမှာ ကျွန်တော်တို့၏ မျိုးချစ်စိတ်ဓာတ်, နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များကို ဆွ၍ဆွ၍ပေးနေသည်။ လူထုပရိသတ်သည် ကြွ၍ကြွ၍လာသည်။

လူထုကြီး၏ လျှမ်းလျှမ်းတောက်နေသောစိတ်ဓာတ်တက်ကြွမှုများ၊ တက်ကြွမှုဖြင့်လူပ်ရှားနေသော ကျွန်တော်၏စိတ်ဝယ် ဤလူထုပရိသတ်ကြီးအား ချီးကျူးဂုဏ်ပြုလိုစိတ်များ တဖွားဖွားပေါ်လာသည်။ ဤလူထုသည် နှယ်နှယ်ရရလူထုမဟုတ်။

mgyoe.com SAMPLE BOOK

ဗြိတိသျှနယ်ချဲ့စနစ်ကို လက်နက်စွဲကိုင်၍ အံတုဖက်ပြိုင်ခဲ့သော ဆရာစံခေါင်းဆောင်သည့် လယ်သမားသူပုန်ကြီးကို မွေးထုတ်ပေးခဲ့သော သာယာဝတီဒေသက လူထုကြီးပင် ဖြစ်သည်။ ဤအမျိုးသားလွတ်မြောက်ရေး သမိုင်းဝင်လူထုကြီးအား ဂုဏ်ပြုရင်း 'ကျွန်တော်တို့ပခုံးထက်တွင် တင်ရှိနေသော မျိုးချစ်တာဝန်များကို အဆုံးတိုင် ဦးဆွေးဆံမြည့်ထမ်းရွက်သွားမည့်အကြောင်း' ဤလူထုကြီးအား တိုင်တည်ကတိပြုလိုစိတ်များ ပေါ်လာရသည်။

သို့ဖြင့် တရားပွဲ စခဲ့သည်။ ကျွန်တော့်အရင် ဆရာတော်ဦးသုမနနှင့် ဝါးခယ်မက သခင်မ မတင်စု (နောင်ခါ စာရေးဆရာမ ခင်နှင်းယု)။ သခင် ၂ ယောက် ဟောပြောပြီး ကျွန်တော့်အလှည့် ရောက်ခဲ့သည်။ ကျွန်တော်၏ဟောပြောချက်ပဏာမ၌ သာယာဝတီသူပုန်လှုပ်ရှားမှုကြီးကို မွေးဖွားသန့်စင်ပေးခဲ့သော သာယာဝတီဒေသရှိလူထုကြီးအား ချီးကျူးဂုဏ်ပြုခြင်းဖြင့် အစပြုလိုက်သည်။

မူလစီစဉ်ရေးမှတ်ထားသော ဟောပြောချက်ကို အလယ်တွင်ညှပ်၍ နိဂုံးပိုင်းကို 'တို့ဗမာ ပြည်သူလူထုအပေါင်းရဲ့ဇက်ပေါ်မှာ ခွပြီး ကုပ်သွေးစုတ်မျိုနေတဲ့ လူ့ကပ်ပါးမျက်နှာဖြူနယ်ချဲ့သမားတွေကို ကျောပေါ်က ခွာချလိုက်ဖို့အချိန် ဆိုက်လာပြီ။ ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ လှံစွပ်တွေကြောင့် ရှုံးနိမ့်ခဲ့ရပေမယ့် ဂုဏ်ရောင်တပြောင်ပြောင် ရှိနေသေးတဲ့ သာယာဝတီလယ်သမားသူပုန်ကြီးအတွက် လက်စားချေရမယ့်အခါတော်ကြီးရောက်လာပါပြီ။ ကျွန်တော်တို့ တို့ဗမာအစည်းအရုံးကြီးက ယခုလို ကြဲကြိုက်လာတဲ့ သေရေးရှင်ရေးအခါတော်ကြီးမှာ မသွေမဖည် လိုက်ရမယ့်လမ်းကို ပြတ်ပြတ်သားသားရွေးခဲ့ပါပြီ။ ကျွန်တော်တို့လိုက်ရမယ့်လမ်းဟာ ဂဠုန်အမည်ကို အိုးမည်းသုတ်နေတဲ့ လင်းတစုတ်ငစောတို့လိုက်နေတဲ့ ရာထူးယူပြီး အလိုတော်ရိလုပ်နေတဲ့ လမ်းလား။ ဒါမှမဟုတ်- နယ်ချဲ့မိစ္ဆာတွေကို ထိုးသုတ်ခဲ့တဲ့ သုပဏ္ဏက ဂဠုန်သူပုန်အစစ်ကြီးဖြစ်တဲ့ ဆရာစံတို့လမ်းလား။ အဲဒီလမ်း ၂ လမ်းအနက် ဘယ်လမ်းကို ကျွန်တော်တို့ ရွေးချယ်ခဲ့တယ်၊ ပြည်သူလူထုကြီးကလည်း ဘယ်လမ်းကို လိုက်သင့်ကြတယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိကြရအောင် မနက်ဖြန်နေ့လယ် ၁ နာရီမှစပြီး သာယာဝတီမြို့အဝင်မှာကျင်းပမယ့် ညီလာခံကြီးသို့ အင်တိုက်အားတိုက်ကြွခဲ့ကြပါ။ 'မီးတုတ်''ရှို့' ဆိုတဲ့ သံပြိုင်တွေဟစ်ကြွေးရင်း ချီတက်ခဲ့ကြပါ။''

ဟိန်းထွက်လာသော လက်ခုပ်သံများအကြားက ကျွန်တော်သည် စိတ်တက်ကြွမှုဖြင့် တုန်ယင်မူးယစ်ကာ မူလနေရာသို့ မိုက်ကရိုဖုန်းမှခွာ၍ ပြန်ခဲ့ရသည်။ နောက်ဆုံးအပိုဒ်တွင် အသံမြှင့်၍ဟစ်ခဲ့သဖြင့် မောနေသည်။ တက်ကြွမှုအရှိန်မှာ သွေးထဲတွင် ပျံနှံ့လှုပ်ရှားနေသေးသည်။ ကျွန်တော့်အရင်ဟောပြောခဲ့သော သခင်ဦးသုမနက ကျွန်တော့်အနားကပ်၍ ခေါင်းဆတ်ပြရင်း ခပ်တိုးတိုးလေသံဖြင့် ''ဟေ့လူ- လုပ်လှချည့်လား။ ဘယ့်နယ်- ဘုရင်ခံကမဖိတ်ဘဲ ကိုရင်က ကိုယ့်စရိတ်နှင့်ကိုယ် ဘုရင်ခံဧည့်သည် သွားလုပ်မလို့လား။ ခင်ဗျားတော့ ကာကွယ်ရေးပုဒ်မနှင့် တန်းနေပြီ။''

''မူလအစီအစဉ်က ဒီလောက်ပြောဖို့ မဟုတ်ဘူးဘုရား။ တပည့်တော်လည်း လူထုကြည့်ပြီး စိတ်တက်ကြွလာတာနဲ့ ပါးစပ်ထဲ အလိုက်သင့်ပေါ်လာတာတွေ စွတ်ချလိုက်တာပဲ။ အဲ- အဖမ်းခံရရင်လည်း ဘုရင်ခံဧည့်သည်အဖြစ် သွားနေလိုက်ရုံပေါ့။''-ဟု ရယ်ကျဲကျဲဖြင့် ပြန်ဖြေခဲ့ရသည်။

နောက်တစ်နေ့။ ညက မိုးတဖွဲဖွဲရွာခဲ့သဖြင့် လူထုအစည်းအဝေးကြီးအား မိုးဖျက်မည်ကိုစိုးရိမ်နေခဲ့ရသည်။ သို့သော်- မိုးနတ်သားက အလိုက်သိလှသည်။ အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် အရေးပါသောကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ရမည့် ဤသာယာဝတီညီလာခံ၏ 'စစ်ဆန့်ကျင်ရေးနှင့် လုံးဝလွတ်လပ်မှုအရယူရေး' ဆုံးဖြတ်ချက်ကို လူထုအစည်းအဝေးကြီးတွင် တိုင်းပြည်သို့ ထုတ်ဖော်တင်ပြမည့်အရေးအခင်းကို မိုးနတ်သားသည် ရိပ်စားမိဟန်တူ၏။

mgyoe.com SAMPLE BOOK

ညက ကောင်းကင်တစ်ပြင်လုံးသို့ လွှားတင်ဖြန့်ကြက်ထားခဲ့သောမိုးဝတ်ရုံကို တစ်စတစ်စရုပ်သိမ်းယူပြီး နေမင်းအား လက်တို့ခဲ့သဖြင့် အရှေ့ဆီကနေဝန်း ပြူထွက်လာခဲ့ပြီဖြစ်၏။

၁၃၀၂ ခု ကဆုန်လဆန်း ၆ ရက် (၁၁-၅-၁၉၄၀)နေ့ ဖြစ်သည်။

မြန်မာပြည်လုံးဆိုင်ရာ ပဉ္စမအကြိမ်မြောက် သခင်ညီလာခံသဘင် ဖွင့်ပွဲအခမ်းအနားကြီးကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ကျင်းပလေသည်။

နံနက်ပိုင်း

၁- ၈ နာရီအချိန် တို့ဗမာအမျိုးသားအလံကို အလေးပြုကြပြီးနောက် ဗမာ့လက်ရုံးတပ်ကြီးကို စစ်ဆေးအင်အားပြရန်။

နေ့လယ်ပိုင်း

၂- ၁၂ နာရီတိတိအချိန်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ သခင်ညီလာခံသဘင်ကြီးကို တို့ဗမာသီချင်းဆို ဖွင့်လှစ်ရန်။

၃- ညီလာခံသဘင် ဧည့်ခံအဖွဲ့ဥက္ကဋ္ဌ သခင်မြ၏မိန့်ခွန်း။

၄- ညီလာခံသဘင်သို့တက်ရောက်သည့် ကိုယ်စားလှယ်များစာရင်းနှင့် အမှုဆောင်များစာရင်းကို ဖတ်ကြားခြင်း။

၅- ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကြီးနာယက သခင်ကိုယ်တော်မှိုင်းမိန့်ခွန်း။

၆- ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ၁၃၀၂ ခု ဥက္ကဋ္ဌ သစ္စာဆိုရန်။

၇- နိုင်ငံရေးနှင့် ညှဉ်းပန်းမှုခံစားကြရသည့် သခင်,သခင်မအပေါင်းအား ချီးကျူးသောအထိမ်းအမှတ်ပြုရန်။

၈- အလုပ်အမှုဆောင်အဖွဲ့၏ စည်းရုံးရေး, အုပ်ချုပ်ရေး, ငွေရေးကြေးရေး အစီရင်ခံစာကို ဖတ်ကြားအတည်ပြုရန်။

၉- အလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေးအစီရင်ခံစာကို ဖတ်ကြားအတည်ပြုရန်။

၁၀- နိုင်ငံရေးနှင့်ပတ်သက်သည့်အဆိုများ။

၁၁- ချင်းတောင်ကိစ္စအဆိုများ။

၁၂- တို့ဗမာသီချင်းနှင့် ညီလာခံရုပ်သိမ်းရန်-စသည့် ညီလာခံအစီအစဉ်များကို တက်ရောက်လာသော လူထုပရိသတ်များအား ကြိုတင်ဝေငှထားလေသည်။

နံနက်ပိုင်းတွင် ပြင်ကြဆင်ကြနှင့် အားလုံးအလုပ်များကြသည်။ နေ့လယ် ၁ နာရီတွင် လူထုအစည်းအဝေးကြီးကို တို့ဗမာသီချင်းဖြင့် ဖွင့်လိုက်သည်။ မျက်နှာတွင် ကျောက်ပေါက်မာထူသလောက် အသံသြဇာကောင်း၍ အဆိုတွင်စည်းဝါးကိုက်လှသော မြင်းခြံသခင်မင်းခေါင်သည် 'အရှေ့က နေဝန်းထွက်သည့်ပမာပ တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ။'-ဟူသော တို့ဗမာသီချင်းဖြင့် သာယာဝတီညီလာခံ လူထုအစည်းအဝေးကြီးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပေသည်။

ညီလာခံမဏ္ဍပ်ကြီးအပြင်သို့ရောက်သည့်တိုင် အနှံထွက်နေသောလူထုကြီးသည် ကြိတ်ကြိတ်ခဲနေသည်။ သုံးရောင်ခြယ်အလံများဖြင့် ဝိုင်းရံထားသော တရားဟောစင်မြင့်သည် မဏ္ဍပ်အလယ်တွင် ဖြစ်သည်။ စင်မြင့်တွင် သခင်လေးမောင်, သခင်အောင်ဆန်း, သခင်မြ, သခင်သန်းထွန်း, သခင်စိုး, သခင်နု, သခင်လှဘော်ကြီး စသော ဌာနချုပ်ခေါင်းဆောင်များနှင့်အတူ နိုင်ငံလုံးဆိုင်ရာအမှုဆောင်များ ရှိကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့၏ ဥပဒေပြုလွှတ်တော်အမတ် သခင်မြသည် လူထုအစည်းအဝေးကြီး၏ သဘာဝပတိအဖြစ် ဆောင်ရွက်သည်။ သခင်လေးမောင်, သခင်အောင်ဆန်း, သခင်သန်းထွန်း, သခင်စိုး, သခင်လှဘော်တို့သည် တစ်ယောက်ပြီးတစ်ယောက် တရားဟောပြောကြသည်။ ခေါင်းဆောင်များ၏ဟောပြောချက်များကို အားလုံးပေါင်း၍ ကျွန်တော်သည် အောက်ပါအတိုင်း အကြမ်းဖျင်း နားလည်မှတ်သားခဲ့ရပါသည်။

'ယခုကျင်းပနေသော သာယာဝတီညီလာခံကို ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွား၍ ၈ လအကြာတွင် ကျင်းပနေခြင်း ဖြစ်သည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ နယ်ချဲ့နိုင်ငံအချင်းချင်း ဒုတိယကမ္ဘာစစ်ကို စတင်ခဲ့ကြသည်။ အင်္ဂလိပ်, ပြင်သစ် နယ်ချဲ့သမားတို့သည် မြန်မာပြည်အပါအဝင် မိမိတို့၏ ကျွန်နိုင်ငံများနှင့် စီးပွားရေးလွှမ်းမိုးရာနယ်ပယ်များကို ကာကွယ်ထိန်းသိမ်းထားရန်အတွက် စစ်ထဲဝင်ခြင်းဟု ပြောခဲ့သည်။

'နာဇီဂျာမနီသည် ပထမကမ္ဘာစစ်က မိမိဆုံးရှုံးခဲ့သော ကိုလိုနီများကို ပြန်လည်ရယူရန်နှင့် အင်္ဂလိပ်နယ်ချဲ့နှင့် ပြင်သစ်နယ်ချဲ့လက်အောက်မှ ကျွန်နိုင်ငံများကိုလုယူရန် ဤနယ်ချဲ့စစ်ပွဲကြီးကို စတင်မီးမွှေးခဲ့ခြင်း ဖြစ်သည်။ အမေရိကန်အစိုးရက နယ်ချဲ့သမားအချင်းချင်းဖြစ်ပွားနေသည့်စစ်တွင် ကျေလည်ပြေအေးကြရန် ကြားဝင်စေ့စပ်မှုလည်းပျက်ပြားသွားသည်။ စစ်ကြီးသည် အီလည်နေရာက ပြင်းထန်လာတော့မည်။ ယခု(မေလ ၁၉၄၀ ပြည့်နှစ်)အတွင်းပင် ဗြိတိသျှအင်ပါယာ၏ အကျိုးစီးပွားများကို ကာကွယ်ရာတွင် ပျော့ညံ့လွန်းသော ချိန်ဘာလိန်အစိုးရအား ဘိလပ်ပါလီမန်ကဖြုတ်ချပြီး ဗြိတိသျှအင်ပါယာကာကွယ်မှုတွင် နယ်ချဲ့သူရဲကောင်းကြီးဖြစ်သည့် မစ္စတာချာချီခေါင်းဆောင်သော အစိုးရအဖွဲ့တက်လာတော့မည်။ တစ်ဖက်နှင့်တစ်ဖက် မီးကုန်ယမ်းကုန် တိုက်ကြတော့မည်။ စစ်ကြီးသည် ဥရောပတိုင်းငယ်ပြည်ငယ်ကလေးများ၏ နယ်မြေများအပေါ်တွင် ဆင်ယင်နေကြရာမှ ပြင်သစ်, အင်္ဂလန်, ဂျာမနီမြေများပေါ်သို့ ပြောင်းလဲဖြစ်ပွားလာတော့မည်။

'မြန်မာပြည်သည် ဤနယ်ချဲ့စစ်ပွဲတွင် မိမိနှင့် မည်သို့မျှမသက်ဆိုင်ဘဲ ဆွဲသွင်းခြင်း ခံနေရသည်။ မြန်မာပြည်သူတို့ဆန္ဒ လုံးဝမပါဘဲ ဘိလပ်ဘုရင်အစိုးရ၏ ညွှန်ကြားချက်အရ မြန်မာပြည်ဘုရင်ခံ ဆာအာချီဘောကော့ကရိန်း[1]သည် 'မြန်မာပြည်နှင့်ဂျာမနီ စစ်ဖြစ်နေပြီ။'-ဟု ကြေညာခဲ့သည်။ ဤကြေညာချက်ကို တို့ဗမာအစည်းအရုံးက မထောက်ခံနိုင်ပါ။ လက်ရှိအခြေအနေသည် မြန်မာပြည်အတွက် အရေးကြီးဆုံးအချိန်အခါ ဖြစ်သည်။ မြန်မာပြည်၏ လုံးဝလွတ်လပ်ရေး အရယူရမည့်အချိန်အခါ ဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့သမားလက်အောက်က လုံးဝလွတ်မြောက်မှုရရှိရေးတိုက်ပွဲတွင် မြန်မာပြည်တစ်ပြည်တည်း အထီးတည်း မဟုတ်။ အိန္ဒိယပြည်ကြီးသည်လည်း လုံးဝလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေပြီ ဖြစ်သည်။ မတ်လအတွင်းက အိန္ဒိယပြည်ကွန်ဂရက်အသင်းကြီး၏ ရန်ဂါညီလာခံကြီးသို့ တို့ဗမာအစည်းအရုံးမှ သခင်အောင်ဆန်း, သခင်သန်းထွန်း, သခင်ခင်အောင်, သခင်အုန်းဖေတို့ ၄ဦးသည်အဖြစ်တက်ရောက်ကြသည်။ ကွန်ဂရက်ခေါင်းဆောင်ကြီးနေရူးတို့နှင့် လွတ်မြောက်ရေးတိုက်ပွဲတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီမှုရခဲ့ကြသည်။

'မြန်မာပြည်တွင်လည်း အလုပ်သမား, လယ်သမား, ကျောင်းသားများကို တို့ဗမာအစည်းအရုံးက အားသွန်စည်းရုံးနေသည်။ ဤခွန်အားဖြင့် လုံးဝလွတ်မြောက်ရေးကို အရယူမည်။ ကွဲပြားနေသည့် နိုင်ငံရေးအဖွဲ့အစည်းများကို စုစည်းညီညွတ်စေရန် ဒေါက်တာ

၁။ နောက်မကြာမီ ဘုရင်ဆာဒေါ်မန်စမစ် မြန်မာပြည်သို့ ရောက်လာဖြေသည်။

mgyoe.com

mgyoe.com · SAMPLE BOOK

ဗမော်ခေါင်းဆောင်သည့် ဆင်းရဲသားဝံသာနုအဖွဲ့နှင့် ပူးပေါင်း၍ 'ဗမာ့ထွက်ရပ်ဂိုဏ်းကြီး' ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ ဤသို့ တစ်မျိုးသားလုံးက မြန်မာပြည် လုံးဝလွတ်လပ်ရေးအတွက် ချီတက်ကြိုးပမ်းနေစဉ် ၁၃၀၀ ပြည့်အရေးတော်ပုံ ကျောင်းသား, ပြည်သူ, ရဟန်းရှင်, လူတို့၏ သွေး,ချွေးတို့ကိုခုတုံးလုပ်၍ ရာထူးတက်ယူခဲ့သော ဦးပုနှင့် ဦးစောတို့ ပူးပေါင်းဖွဲ့ထားသည့် ၉၁ ဌာနအုပ်ချုပ်ရေးအစိုးရ၏ ဝန်ကြီးတစ်ဦးဖြစ်သူ ဦးဘသိက ၁၉၄၀ ပြည့်နှစ် မတ်လအတွင်းကျင်းပခဲ့သော ဥပဒေပြုလွှတ်တော်တွင် 'ဒိုမီနီယံအုပ်ချုပ်ရေးအဆင့်အတန်းပေးပါ။'-ဟု တောင်းဆိုဆုံးဖြတ်ခြင်းကို တို့ဗမာအစည်းအရုံးကြီးက လက်မခံနိုင်ပါ။ မြန်မာပြည်သူလူထုကြီးကလည်း လက်ခံနိုင်မည် မဟုတ်ပါ။

'တို့ဗမာအစည်းအရုံးကြီးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏ တောင်းဆိုဆုံးဖြတ်ချက်မှာ 'မြန်မာပြည် လုံးဝလွတ်လပ်ရေး'ပင် ဖြစ်သည်။ ဤအတွက် မရမနေနည်းအမျိုးမျိုးဖြင့် တိုက်ပွဲဝင်ကြရမည် ဖြစ်သည်။'

ထိုသို့ ခေါင်းဆောင်အသီးသီး ဟောပြောပြီးနောက် ဌာနချုပ်အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ သခင်နုသည် အောက်ပါအဆိုတစ်ရပ်ကို လူထုအစည်းအဝေးကြီးတွင် တင်သွင်းလေသည်။

ကမ္ဘာစစ်နှင့် မြန်မာ့လွတ်လပ်ရေး

၁။ ဗဟိုဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေးအစီရင်ခံစာကို ကြားနာရပြီးနောက် ဥရောပနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စစ်အခြေအနေကိုလည်းကောင်း၊ ၄င်းစစ်ရေးအခြေအနေကိစ္စနှင့် ပတ်သက်ပြီး ဗြိတိသျှအစိုးရတို့၏ သဘောထားကိုလည်းကောင်း သေချာကျနစွာစီစဉ်စဉ်းစားကာ စစ်ရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့နှင့် ဗဟိုဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်သည့်လုပ်ငန်းများကို တို့ဗမာအစည်းအရုံး၏ ဤညီလာခံသဘင်က လက်ခံအတည်ပြုကြောင်း။

၂။ မြန်မာပြည်သူပြည်သားတို့ဆန္ဒ အလျဉ်းမပါရှိဘဲလျက် ဗြိတိသျှအစိုးရသည် မြန်မာပြည်အား စစ်ထဲသို့ အတင်းဆွဲသွင်းခြင်း၊ မြန်မာပြည်မှ ငွေအား, လူအား, ပစ္စည်းအားများတို့ကို စစ်အတွက်အသုံးပြုခြင်းတို့သည် လွတ်လပ်ရေးကို လိုလားပြီး ဇာတိမာန်ရှိသည့် မည်သည့်လူမျိုးမဆို လက်မခံနိုင် သည်းမခံနိုင်သည့် စော်ကားချက်များဟု တို့ဗမာအစည်းအရုံးကြီးက ယူဆကြောင်း။

၃။ မြန်မာပြည်အရေးကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရကိုယ်စားလှယ်များ မကြာမီကကြေညာခဲ့သည်တို့ကို သေသေချာချာကြည့်က နိုင်ငံခြံခနရှင်ရည်ရွယ်ချက်ဖြင့် ယခုစစ်ပွဲကြီးကို ဗြိတိသျှအစိုးရတို့တိုက်ခိုက်နေကြောင်း၊ ထိုမှတစ်ပါး မြန်မာပြည်ကိုသာမက အိန္ဒိယပြည်, အာရှတိုက်, အာဖရိကတိုက်နိုင်ငံများကိုပါ လက်ဝါးကြီးအုပ် သွေးစုပ်ချုပ်ချယ်ညှဉ်းပန်းမှုဖြင့် တည်တံ့နေသော အင်ပါယာနိုင်ငံကြီး အစွန့်ရှည်မှု, အင်အားကြီးမှုအတွက်သာ စစ်ပွဲတိုက်ခိုက်လျက်ရှိကြောင်း သိသိသာသာ ထင်ရှားနေပေကြောင်း။

၄။ အထက်ပါအကြောင်းတို့ကြောင့် ဤကဲ့သို့ လက်ဝါးကြီးအုပ် ချုပ်ချယ်လွှမ်းမိုးခြင်း အရှည်တည်တံ့မှုအတွက် တိုက်ခိုက်သော စစ်ပွဲမျိုးတို့ကို တို့ဗမာအစည်းအရုံးသည် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ သွယ်ဝိုက်ခြင်းဖြင့် လည်းကောင်း ပါဝင်အားပေးကူညီခြင်း အလျဉ်းပြုလိမ့်မည် မဟုတ်ကြောင်း။

၅။ သို့အတွက်ကြောင့် ဗြိတိသျှအစိုးရသည် မြန်မာပြည်မှစစ်သားများကို နယ်ချဲ့စနစ်အတွက် တိုက်ခိုက်စေခြင်း၊ မြန်မာပြည်မှ လူအား, ငွေအားတို့ကို စစ်အတွက်အသုံးပြုခြင်း စသည်တို့ကို တို့ဗမာအစည်းအရုံးကြီးက ပြင်းထန်စွာကန့်ကွက်ကြောင်း။ မြန်မာပြည်တွင် ယခုဖြစ်ပွားနေသောစစ်အတွက် မြန်မာပြည်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

စစ်သားစုဆောင်းခြင်း၊ စစ်ရန်ပုံငွေ ကောက်ခံခြင်းတို့သည် တို့ဗမာများ စေတနာကောင်းဖြင့် အားပေးထည့်ဝင်စေခြင်းဟု မည်သည့်အခါမျှ မယူဆကြောင်း။

တို့ဗမာအစည်းအရုံးဝင်တို့သည် လည်းကောင်း၊ တို့ဗမာအစည်းအရုံးနှင့် ပတ်သက်သူတို့သည် လည်းကောင်း ဤစစ်ပွဲ အောင်ရာအောင်ကြောင်းအတွက် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ကူညီပါဝင်ခြင်း၊ ထည့်ဝင်ခြင်း အလျဉ်းမပြုနိုင်ကြောင်း။

၆။ လုံးဝလွတ်လပ်ရေးမှလွဲ၍ မည်သည့်အရာမျိုးကိုမျှ မြန်မာပြည်သူပြည်သားတို့သည် သည်းခံခြင်း ပြုလိမ့်မည်မဟုတ်ဟု တို့ဗမာအစည်းအရုံးကြီးက အတိအလင်း ကြေညာကြောင်း။ 'လုံးဝလွတ်လပ်သော မြန်မာနိုင်ငံ' ဆိုရာ၌ နိုင်ငံခြားဓနရှင်စက်ကွင်းအတွင်းမှ လုံးဝလွတ်လပ်ရေးကို ဆိုလိုကြောင်း။ လုံးဝလွတ်လပ်ရေးမှလွဲ၍ မြန်မာနိုင်ငံက လက်ခံလိမ့်မည်မဟုတ်ကြောင်း။ ၄င်းအုပ်ချုပ်ရေးစနစ်မျိုးမှာ ဗြိတိသျှအစိုးရကို နယ်ချဲ့ဝါဒ၊ ဓနရှင်ဝါဒစီးပွားရေးစနစ်၏ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပေကြောင်း။

မြန်မာပြည်သူပြည်သားတို့၏ နေရေးထိုင်ရေး၊ အုပ်ချုပ်ရေးနှင့် အခြားနိုင်ငံများနှင့် ဆက်သွယ်ရေးကို မြန်မာများသာလျှင် စီမံခန့်ခွဲရမည်ဖြစ်ကြောင်း။ ဤသို့စီမံခန့်ခွဲမှုမှာလည်း အရွယ်ရောက်သူ ယောကျ်ား၊ မိန်းမတိုင်း၏ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်လိုက်သော 'ကွန်စတီကြူးအင့်-အဆင်ဗလီ' ခေါ် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကသာလျှင် စီမံရမည်ဖြစ်ကြောင်း။

၇။ တို့ဗမာအစည်းအရုံးသည် တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် ချင်း၊ ကရင်၊ ကချင် စသည့်လူနည်းစုများ၏ ရသင့်ရထိုက်သောအခွင့်အရေးတို့ကို အသိအမှတ်ပြုကြောင်း၊ တိုင်းပြည်အတွင်းရှိ လူမျိုးအချင်းချင်း ညီညွတ်မှုကို တို့ဗမာအစည်းအရုံးကြီးက အစဉ်သဖြင့် ကြိုးစားလာခဲ့သလို ရှေ့ကိုလည်း ဆက်လက်ကြိုးစားမည်ဖြစ်ကြောင်း။

ဤကဲ့သို့ တိုင်းပြည်အတွင်းရှိ လူမျိုးချင်းဆက်ဆံရေးကိုမူ မည်သည့်တိုင်းတစ်ပါးကမျှ စီမံနိုင်သည်ဟု တို့ဗမာအစည်းအရုံးကြီးက မယုံကြည်ကြောင်း။ ဤကဲ့သို့ တိုင်းပြည်အတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များကသာ အချင်းချင်းညှိနှိုင်း၍ စီမံရမည်။ အကယ်၍ ညှိနှိုင်းမရမှသာလျှင် အများဆုံးဖြတ်ချက်အတိုင်း ပြဋ္ဌာန်းစေရမည်ဟု ယုံကြည်ကြောင်း။ အခြားနည်းအားဖြင့်ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ မြန်မာပြည်အုပ်ချုပ်ရေးတွင်လည်း လုံးဝလွတ်လပ်မှု၊ ပြည်သူ့ဆန္ဒနှင့် ညီညွတ်စည်းရုံးမှုအပေါ်တွင် တည်ရမည်ဖြစ်ကြောင်း။ သို့ဖြစ်၍ မြန်မာပြည်အား အစိတ်စိတ်အမြွှာမြွှာ ခွဲခြမ်းရန် လုံးပန်းမှုမှန်သမျှကို တိုက်ဖျက်ရမည်ဖြစ်ကြောင်း။

တိုင်းပြည်အတွင်းနေထိုင်သည့် လူအစုအဝေးတိုင်းသည် လည်းကောင်း၊ တစ်ဦးချင်းတစ်ဦးချင်းသည် လည်းကောင်း အခွင့်အရေးတန်းတူပြီး လွတ်လွတ်လပ်လပ် တိုးတက်စေရမည့်ပြင်၊ အဓမ္မစနစ်မှန်သမျှ ကွယ်ပျောက်ကာ တရားသည့်စနစ်, တည်တံ့သောအုပ်ချုပ်ရေးစနစ်ကို တို့ဗမာအစည်းအရုံးကြီးက ရည်ရွယ်ကြောင်း။

၈။ မြန်မာ့လွတ်လပ်ရေးလမ်းကြောင်းတွင် စော်ဘွားစော်ခံတို့၏အကျိုးစီးပွားတို့သည် လည်းကောင်း၊ နိုင်ငံခြားဓနရှင်တို့၏ အကျိုးစီးပွားသည် လည်းကောင်း ကန့်လန့်ခံနေက ၄င်းတို့၏အခွင့်အရေးများကို အသိအမှတ်ပြုလိမ့်မည် မဟုတ်ကြောင်း၊ တိုင်းပြည်၏အချုပ်အခြာအာဏာမှာ အုပ်ချုပ်ရေးပေးထားသောနယ်များ၌သာမက ခြွင်းချန်ထားသောနယ်များရှိ နိုင်ငံသူနိုင်ငံသားအားလုံးတို့ထံတွင်ပါ တည်ရှိရမည် ဖြစ်ကြောင်း၊ ပြည်သူတို့၏အခွင့်အရေး, ပြည်သူတို့၏ဆန္ဒ, ပြည်သူတို့၏အာဏာသာလျှင် အခြားအခွင့်အရေး အကျိုးစီးပွားတို့ကို လွှမ်းမိုးရမည် ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမကျွမ်းကျင်သေးသဖြင့် နယ်များကို ခြွင်းချန်ထားရာ အခက်အခဲတွေ့စေခြင်းငှာ ဗြိတိသျှအစိုးရတို့၏ စီမံမှုမျှသာ ဖြစ်သည်ဟု စွဲမြဲယုံကြည်ကြောင်း၊ ဤပြဿနာ

mgyoe.com

mgyoe.com SAMPLE BOOK

များမှာလည်း မြန်မာ့လွတ်လပ်ရေးကို အတိအလင်းကြေညာမှသာလျှင် ပြီးပြတ်နိုင်ပေကြောင်း၊ မြန်မာပြည်သူ ပြည်သားတို့၏ အကျိုးစီးပွားတို့နှင့် မဆန့်ကျင်က နိုင်ငံ၏အကျိုးစီးပွားတို့ကို .....။*

၉။ တို့ဗမာအစည်းအရုံးကြီးက ပြည်သူတို့၏ဆန္ဒဖြင့်တည်အပ်သော ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံ ဆိုရာ၌ တိုင်းပြည်ကာကွယ်ရေးကိစ္စကို တိုင်းသူပြည်သားတို့က စိမ်ခန့်ခွဲရမည်ဟု ဆိုလိုကြောင်း။ သို့အတွက် မြန်မာပြည်အား ချုပ်ချယ်ရန် ဗြိတိသျှအစိုးရတို့က ဖွဲ့စည်းထားအပ်သော ကုန်းတပ်, ရေတပ်, လေတပ်မှန်သမျှ မြန်မာပြည်မှ ထွက်ခွာသွားစေလိုကြောင်း။ ၄င်းတို့အစား မြန်မာပြည်၏ ကာကွယ်ရေးအတွက် ဖြစ်စေသော ပြည်သူ့တပ်များ အလျင်အမြန် ပေါ်ပေါက်လာရမည် ဖြစ်ကြောင်း။

၁၀။ ၄င်းအပြင် မြန်မာပြည်အတွက် အုပ်ချုပ်ရေးစနစ်သည် လူများစုဖြစ်သော တောင်သူလယ် သမားများအဖို့ မျှတသော သီးစားခနှုန်း ကြွေးမြီများ လုံးဝကင်းရှင်းရေးကိုသာ အသိအမှတ်ပြုရမည်ဖြစ်ကြောင်း။

၁၁။ ထိုမှတစ်ပါး တိုင်းသစ်နိုင်ငံသစ်တည်ဆောက်ရန် အုတ်မြစ်ဖြစ်သော အလုပ်သမားများအဖို့ လူတန်းစေ့နေနိုင်ရန် အခနှုန်းတစ်နေ့လျှင် ၈ နာရီသာခိုင်းရမည် ဟူသောအချက်ကိုလည်း အသိအမှတ်ပြုရမည် ဖြစ်ကြောင်း။

၁၂။ တို့ဗမာအစည်းအရုံးသည် ယခုဖြစ်ပွားလျက်ရှိသောစစ်နှင့် မြန်မာပြည်သည် အလျဉ်းမသက် ဆိုင်စေရန် တစ်ကြောင်း၊ နိုင်ငံခြားလွှမ်းမိုးမှုမှ လွတ်မြောက်စေရန် တစ်ကြောင်း၊ ပြည်တွင်းပြည်ပဝါဒဖြန့်ဖြူးခြင်း, ဆူပူခြင်း, အင်အားပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပေကြောင်း၊ သို့ရာတွင် ပထမခြေလှမ်းပြီးသည့်နောက် တစ်ဆင့်အားဖြင့် တရားသဖြင့် အာဏာဖီဆန်ရေးကို မုချလုပ်ရတော့မည်ဖြစ်ကြောင်း၊ တို့ဗမာအစည်းအရုံးကြီးသည် နိုင်ငံရေး, စည်းရုံးရေးအင်အား တောင့်တင်းသည်နှင့်တစ်ပြိုင်နက် သို့တည်းမဟုတ် မလုပ်လျှင်မဖြစ်သော အခြေအနေအမျိုးမျိုး ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဤခြေလှမ်းကို မဆုတ်မတွန့်ဘဲ လှမ်းတော့မည်ဖြစ်ကြောင်း။

ဤခြေလှမ်းကိုလှမ်းရာ၌ စည်းကမ်းသေဝပ်မှု, အစည်းအရုံးအတွင်း ညီညွတ်မှုတို့ကို အစည်းအရုံးဝင်များက သေချာစွာ ရှိသေလုပ်ကိုင်ဆောင်ရွက်မှသာလျှင် တို့ဗမာအစည်းအရုံးသည် တရားသည့်အာဏာဖီဆန်ရေးကို တာဝန်ယူ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း။

၁၃။ တို့ဗမာအစည်းအရုံးကြီးသည် တိုင်းပြည်အတွင်းရှိ လူမျိုးမရွေး ဘာသာမရွေး အမျိုးသားအားလုံးတို့၏ကိုယ်စား ဆောင်ရွက်နေခြင်းပင်ဖြစ်ရာ မြန်မာ့လွတ်လပ်ရေးအတွက် လုံးပန်းမှုမှာ တစ်တိုင်းပြည်လုံး လွတ်လပ်မှုအတွက် ဖြစ်ပေကြောင်း။ သို့ဖြစ်၍ တိုင်းပြည်အတွင်းရှိ လူမျိုးမရွေး အတန်းအစားအားလုံးတို့သည် လွတ်လပ်ရေးတိုက်ပွဲကြီးတွင် ပါဝင်လိမ့်မည်ဟု ယုံကြည်ကြောင်း။ (တရားသဖြင့် အာဏာဖီဆန်ခြင်းမှာလည်း တစ်တိုင်းပြည်လုံးတွင် စွန့်စားလိုသည့်စိတ်ဓာတ်များ ပြန့်ပွားပေါ်ပေါက်စေခြင်းပင်ဖြစ်ကြောင်း။)

၁၄။ အဆိုပါလုပ်ငန်းကြီး အောင်မြင်ရေးအတွက်

(က) စစ်ရေးကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ တို့ဗမာအစည်းအရုံးကြီး၏သဘောထားကို အနှံ့အပြား သိအောင်လုပ်ခြင်း။

(ခ) အထက်ပါလိုလားချက်များကို ရရှိရေးအတွက် တစ်တိုင်းပြည်လုံးအင်အားနှင့်လုပ်ရန် အရေးကြီးသည့်အတိုင်း တစ်တိုင်းတစ်ပြည်လုံးပါဝင်သည့် တောင့်တင်းခိုင်မာသော အမျိုးသားအစည်းအရုံးကြီး ပေါ်ပေါက်စေခြင်း။

(ဂ) ရှမ်း, ချင်း, ကရင်, ကချင်, တောင်သူစသော လူနည်းစုများနှင့် ရင်းနှီးစွာဆက်သွယ်ခြင်း။

* ပြထားသောနေရာတွင် မူလစာကြောင်းသည် ဖတ်မရအောင် ပျက်နေပါသည်။-စာရေးသူ

mgyoe.com

mgyoe.com SAMPLE BOOK

(ဃ) ဒေသအလိုက် အမျိုးအစားအလိုက် ဖြစ်ပေါ်လျက်ရှိသော အရေးတော်ပုံကလေးများကို အပြန်အလှန်ကူညီခြင်းဖြင့် ပူးတွဲဆက်စပ်ပေးခြင်း။

(င) ကျောင်းသား, လူငယ်, အမျိုးသမီး စသည်တို့ကို စည်းရုံးပြီး တိုင်းပြည်၏လိုလားချက်ကို တောင်းခံစေခြင်း။

(စ) ခြွင်းချန်ထားသောနယ်များကို ပြည်သူ့လွတ်လပ်မှုရရှိစေရန် ပြည်သူ့ဆန္ဒအရ တည်ထောင်သော အုပ်ချုပ်ရေးစနစ်ပေါ်ပေါက်စေရန် ကြိုးစားဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်စေခြင်း။

(ဆ) စစ်ကြီးကြောင့် စီးပွားရေးနစ်နာမှုအရပ်ရပ်တို့ကို အခြေထားကာ အပြင်းအထန် ဆူပူခြင်း။

(ဇ) တိုင်းပြည်စီးပွားရေးအင်အား ကြီးမားစေခြင်း။

(ဈ) တိုင်းပြည်အား ကာကွယ်လိုသောစိတ်ဓာတ်များ အနှံ့အပြားပေါ်ပေါက်စေခြင်း။ ဖွဲ့စည်းပြီးအပျော်တမ်းတပ်တို့ကို စုစည်းခြင်း။

(ည) အလုပ်သမား, လယ်သမား အရေးတော်ပုံများကို ယခုထက် ပြင်းထန်စွာဖြစ်ပေါ်လာစေခြင်း။ နိုင်ငံလွတ်လပ်ရေးတိုက်ပွဲတွင် လယ်သမား, အလုပ်သမားတို့က အသုံးပြုမည့်လက်နက်များကို ပြင်ဆင်ခြင်း။

(ဋ) နိုင်ငံခြားနိုင်ငံများ၊ အထူးသဖြင့်-အိမ်နီးနားချင်းနိုင်ငံတို့နှင့် ရှေးကထက် ကူးလူးဆက်ဆံခြင်း၊ နိုင်ငံရေးလုပ်ငန်းလုပ်ခြင်း စသည်တို့ ဆက်စပ်ခြင်း စသည်တို့အပြင် လွတ်လပ်ရေးလုပ်ငန်းအတွက်ပြင်ဆင်ရန် တို့ဗမာအစည်းအရုံးကြီးက ဆုံးဖြတ်ကြောင်း။

အထက်ပါ ဆုံးဖြတ်ချက်များအရ သင့်တော်သည့်လုပ်ငန်းများကိုဆောင်ရွက်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့နှင့် အရေးပေါ်က အလျှင်းသင့်သလိုဆောင်ရွက်ရန် တို့ဗမာအစည်းအရုံးကြီးကို တာဝန်လွှဲအပ်ကြောင်း။

ဤ'စစ်ဆန့်ကျင်ရေး', 'လုံးဝလွတ်လပ်ရေး'အဆိုကို နယ်ကိုယ်စားလှယ်အသီးသီးက ဟောပြောချက်များနှင့် ထောက်ခံကြသည်။ ရဟန်းသံဃာတော်များ၏ကိုယ်စား ညီလာခံကိုယ်စားလှယ်ဖြစ်သော အရှင်ဦးသုမနကလည်း ထောက်ခံကြောင်းဟောပြောပြီး၊ လူထုကြီး၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အဆိုကို အတည်ပြုလိုက်လေသည်။ သာယာဝတီညီလာခံက ချမှတ်ပေးလိုက်သော ကြွေးကြော်သံဆောင်ပုဒ်ကား 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဟူသတည်း။

ဤဆောင်ပုဒ်ကို ဦးထိပ်ထက်ပန်ဆင်၍ ညီလာခံကိုယ်စားလှယ်များ မိမိတို့နယ်အသီးသီးသို့ တက်ကြွစွာဖြင့် ပြန်ကြသည်။ ညီလာခံတွင် ဓနုဖြူ, အဖျောက်, ဇလွန်တို့မှတက်ရောက်လာသော ညီလာခံကိုယ်စားလှယ်အားလုံးမှာ ပြန်စရိတ်ပင် မရှိတော့ပြီဖြစ်၍ မီးရထား, သင်္ဘောတို့ဖြင့် သက်သက်သာသာ မပြန်နိုင်ကြတော့။ ကျွန်တော်တို့အားလုံး စံရွှေး ဖိုးခေါင်ဘက်မှတစ်ဆင့် အဖျောက်သို့အရောက် ခြေကျင်လျှောက်၍ ပြန်ခဲ့ကြရသည်။ အဖျောက်တွင်ညအိပ်ပြီး နောက်တစ်နေ့တွင် ဓနုဖြူအရောက် ခြေကျင်လျှောက်ရပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်အောင်ဆန်းနှင့် ဆွေ ၅ ကျပ်

မြို့ပြန်ရောက်သည်နှင့် မြို့ညီလာခံကျင်းပနိုင်ရန် ကြိုးစားကြ၏။ သို့ရာတွင် ငွေကြေးကမပြည့်စုံသဖြင့် ညီလာခံမလုပ်တော့ဘဲ မြို့နယ်အစည်းအဝေးတွင် 'သာယာဝတီညီလာခံဆုံးဖြတ်ချက်များ'ကို ပြန်လည်အစီရင်ခံရန်သာ စီစဉ်ရတော့၏။

ငွေကြေးတတ်နိုင်သော ဟင်္သာတကမူ 'ခရိုင်ညီလာခံ'ကို မကြာမီပင် ပြုလုပ်လေသည်။ ဇွန်တတိယပတ်တွင်ပြုလုပ်သော ဇလွန်မြို့တွင် ဟင်္သာခရိုင်ညီလာခံသို့ ဌာနချုပ်အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း၊ ဌာနချုပ် လယ်သမားအစည်းအရုံးမှ တရားဟောရာတွင် နာမည်ကြီးလှသော ကျုံမငေး သခင်တင်မောင်နှင့် ဗမာ့လက်ရုံးတပ်ဖွဲ့ဝင် သခင်တင်အောင်တို့ တက်ရောက်ကြသည်ဟု ကြားရသည်။

တစ်ညနေတွင် ဟင်္သာတ-ရန်ကုန်သင်္ဘောဖြင့် သခင်အောင်ဆန်းတို့ ရန်ကုန်ပြန်ကြမည်ဟု သတင်းကြားရသဖြင့် အစည်းအရုံးဥက္ကဋ္ဌ သခင်ဘသိန်းနှင့်ကျွန်တော် သင်္ဘောဆိပ်သို့ ဆင်းစောင့်ကြသည်။ ည ၇ နာရီခွဲလောက် ဟင်္သာတသင်္ဘောဆိုက်ကပ်လာ၍ သင်္ဘောပေါ်သို့တက်ကြရာ ကုန်းပတ်တစ်နေရာတွင် ပက်လက်ကုလားထိုင်ဖြင့် သခင်တင်အောင် ထိုင်နေသည်ကို တွေ့ရသည်။ သူ့ဘေးတွင် မည်းညစ်ညစ်ခရီးဆောင်အိပ်ရာခင်းတစ်ခုပေါ်၌ ခွေခွေကလေးအိပ်နေသောသခင်အောင်ဆန်းကို တွေ့ရသည်။

သခင်တင်အောင်က 'ပိုက်ဆံလည်းမပါ ညစာထမင်းလည်း မစားရသေး'ဟု ပြောသဖြင့် ကျွန်တော်သည် ကုန်းပေါ်သို့အမြန်ပြန်တက်ပြီး သင်္ဘောဆိပ်ရှိ အသိသခင်အုန်းစိန်ထမင်းဆိုင်က ထမင်း ၂ ထုပ်ကို ယူ၍ပြန်ပြေးလာခဲ့သည်။ သခင်အောင်ဆန်းကား အိပ်နေတုန်းပင်။ သခင်တင်အောင်နှင့် သခင်ဘသိန်းတို့ တတွတ်တွတ်စကားပြောလျက်နေရာမှ ကျွန်တော့်အား သခင်တင်အောင်က ''ခင်ဗျားတို့သခင်မြသန်းလည်း တရားဟောပြီးတာနဲ့ ပုလိပ်ကဝင်ဆွဲသွားပြီ။ ကျုပ်တို့လည်း လက်မတင်ကလေးလွတ်လာတယ်။ အကြောင်းစုံကတော့ သခင်ဘသိန်းမေးကြည့်ပေါ့။''

ဤသို့ပြောနေဆဲ သင်္ဘောထွက်ရန်အချက်ပေးသဖြင့် သခင်တင်အောင်ကို နှုတ်ဆက်ပြီး ဆိပ်ခံပေါ်ကို ပြန်တက်ခဲ့ကြသည်။ လမ်းတွင် သခင်ဘသိန်းက ဇလွန်ညီလာခံနှင့် ဒေါင့်ကြီးတရားပွဲအကြောင်းကို ပြန်လည်ဖောက်သည်ချသည်။

ဇလွန်ညီလာခံသို့ လူထုတော်တော်ကလေး တက်ရောက်လာကြသည်။ သခင်မြသန်းအဖမ်းခံရပေမယ့် ညီလာခံအောင်မြင်သည်။ သခင်မြသန်းနှင့် သခင်တင်မောင် (ကျုံမငေး) တရားသွားဟောသည်။ ဇလွန်ညီလာခံ ဇွန်လ ၁၇ ရက်နေ့တွင် သခင်အောင်ဆန်းတရားဟောနေစဉ် ဟင်္သာတရာဇဝတ်ဝန်ဧဗီးယားက ချင်းတောင်ချင်းအမျိုးသားများ၏လူပ်ရှားမှုအကြောင်းကို မဟောပြောရန် တားမြစ်သည့်စာကို သခင်အောင်ဆန်းထံ ပေးသည်။ သခင်အောင်ဆန်းက ထိုစာရခါမှ ချင်းတောင်တွင်အုံကြွနေသော ဦးဝမ်းသူမောင်ခေါင်းဆောင်သည့် ချင်းအမျိုးသားလူပ်ရှားမှုများကို တရားနာလူထုအား အသေးစိတ်ရှင်းပြသည်။ မနက်က ပုလိပ်များ သခင်အောင်ဆန်းကို လိုက်ရှာနေသည့်အတွက် ယခု ပုလိပ်တွေကို တစ်ပတ်ရိုက်မျက်ခြည်ဖြတ်ပြီး ထွက်လာခြင်းဖြစ်ကြောင်းများ ပြောပြလေသည်။

ကျွန်တော်က သခင်ဘသိန်းအား ''ဘယ့်နယ်၊ သခင်အောင်ဆန်းကလည်း အိပ်လှချည့်လားဗျာ။ ဘာလို့လဲ၊ နေမကောင်းလို့လား။'' ဟု မေးရာ၊ သခင်ဘသိန်းက ''မဟုတ်ပါဘူး။ သူ့ခမျာ ကောင်းကောင်းမအိပ်ရတာ ၂ ညရှိပြီလို့ သခင်တင်အောင်ကပြောတယ်။''-ဟု ပြန်ရှင်းပြသည်။

၃ ရက်ခန့်အကြာတွင် ရန်ကုန်မှပြန်လာသော သခင်တစ်ယောက်က 'ဌာနချုပ်တွင် သခင်အောင်ဆန်းကို ဇလွန်တရားပွဲအတွက် ဖမ်းရန် ပုဒ်မ ၁၂၄(က) အစိုးရအကြည်ညိုပျက်မှုဝရမ်းဖြင့် လိုက်နေသည့်အတွက် ရှောင်တိမ်းပြီး အလုပ်ဆက်လုပ်နေကြောင်း ကြားသိခဲ့ရသည်။'-ဟု ပြောလာသည်။ ထိုနှင့်မရှေးမနှောင်းပင်

mgyoe.com

mgyoe.com SAMPLE BOOK
'သခင်အောင်ဆန်းအား ဟသ်တရာဇဝတ်ဝန်ဇေဗီးယားက ဖမ်းဆီးရမိရန်အတွက် ဆုငွေ ၅ ကျပ်ထုတ်လိုက်ပြီ' ဟု သတင်းစာများတွင် သတင်းကြေညာချက်ပါလာလေတော့သည်။

အချုပ်ခန်းဝယ်

ဓနုဖြူအချုပ်ထောင်မှာ သံတံခါးများ ခိုင်ခံ့စွာတပ်ဆင်ထားပြီး အုတ်ကြွပ်မိုး, အုတ်နံရံများနှင့် သမံတလင်းခင်းထားသည့် အဆောက်အအုံဖြစ်သည်။ အခန်းသံတံခါးကိုဖွင့်လိုက်ပြီး ကျွန်တော့်အား သီးခြားအခန်းတစ်ခုအတွင်းသို့ သွင်းလိုက်သည်။ အခန်း၌ အုတ်ဖြင့်ပြုလုပ်ထားသော အိပ်စင် ၂ ခု တွေ့ရသည်။ ကျွန်တော့်ကိုလိုက်ပို့သောစာသင်က သံတံခါးကိုပိတ်လိုက်ပြီးနောက် မျက်နှာချင်းဆိုင်အချုပ်ခန်းများအတွင်းရှိ ရာဇဝတ် အချုပ်သားများဘက်လှည့်ကာ

"ဟေ့ကောင်တွေ- ဒီသခင်ပေါက်စလေးနဲ့ စကားမပြောကြနဲ့။ အေး- စကားပြောတယ်ဆိုရင်တော့ တို့အကြောင်း မင်းတို့သိတယ်မဟုတ်လား။"

အကျဉ်းခန်းထဲတွင် စုရုံးစုရုံးနှင့် ကျွန်တော့်ကိုကြည့်နေသော အကျဉ်းသားများထဲမှ ၂ ယောက်-၃ ယောက်က "ဟုတ်ကဲ့ဆရာ။ ကျွန်တော်တို့ နားလည်ပါတယ်ဆရာ။ ကျွန်တော်တို့ စကားမပြောပါဘူး။ စိတ်ချပါဆရာ။"-ဟု ကမန်းကတန်းပြောကြသည်။

စာသင်သည် ဂါတ်တဲဘက်သို့ ပြန်ထွက်သွားသည်။ အစောင့်ပုလိပ်တစ်ယောက် သေနတ်ကိုင်ပြီး သော့ခတ်ထားသောသံတံခါးမကြီးအပြင်တွင် မတ်တတ်ရပ် စနှစ်ရီ စောင့်နေသည်။ မျက်နှာချင်းဆိုင်အခန်းများမှ အချုပ်သားများမှာ သံတံခါးများကိုကိုင်၍ ကျွန်တော့်အား ကြည့်နေကြသည်။

မျက်နှာချင်းဆိုင်အခန်းက ၁ ယောက်, ၂ ယောက်, ၃ ယောက်။ ဟိုဘက်ခန်းက ၁ ယောက်, ၂ ယောက်-ပေါင်း ၅ ယောက်။ ကျွန်တော်ပါဆိုက ၆ ယောက်။

မျက်နှာချင်းဆိုင်အခန်းမှ လူ ၃ ယောက်တွဲသို့ "ခင်ဗျားတို့ ဘာမှုတွေနဲ့ အဖမ်းခံနေရတာလဲဗျ။"-ဟု ၄င်းတို့ ၃ ဦး၏ အမှုအကဲကိုကြည့်၍ ကျွန်တော်က မေးလိုက်သည်။ ၄င်းတို့ ၃ ဦး၏ခေါင်းများမှာ စနှစ်ရီဘက်သို့ ဖျပ်ခနဲစောင်းလိုက်သည်။ စနှစ်ရီကလည်း ကျွန်တော်တို့အားလုံးဘက်သို့ ကြည့်နေသည်။ ဘာမှုတော့မပြော။ သူတို့ ၃ ဦးလုံး ကျွန်တော့်အားပြန်ကြည့်ပြီး တစ်ယောက်က နောက်ယို၍ ပါးစပ်ရှေ့တွင် လက်ညှိုးယမ်းပြသည်။

ကျွန်တော် ပြုံးလိုက်ကာ "ဒီမှာ သူတို့ကို ဂရုစိုက်မနေနဲ့ဗျာ။ သူတို့က နယ်ချဲ့လက်ပါးစေတွေပဲ။"

အချုပ်သား ၂ ယောက်မှာ မျက်လုံးပြူးသွားပြီး ကြောက်ရွံ့ရွှံ့ထွေးမှုနှင့်ရောယှက်သော မသက်မသာ မျက်နှာများဖြင့် ကျွန်တော့်အားဆက်ကြည့်နေကြသည်။

ကျွန်တော်က "ကျွန်တော် ဘာကြောင့်အဖမ်းခံရတယ်ဆိုတာ သိချင်လား။"-ဟု မေးလိုက်ရာ တစ်ယောက်က စနှစ်ရီမမြင်ရန် ကိုယ်ကိုနောက်ယို့ပြီး ခေါင်းညိတ်ပြသည်။

"ကျွန်တော်က သခင်တစ်ယောက်ပဲ။ သာယာဝတီ, သုံးဆယ်မှာ အင်္ဂလိပ်နယ်ချဲ့သမားကို သူပုန်ထဖို့ တရားဟောတာနဲ့။"

"ဘာ- သူပုန်ထဖို့။"

လွတ်ခနဲထွက်လာသော အချုပ်သားတစ်ယောက်၏အသံ။

"ဟေ့ကောင်တွေ- ဘာပြောနေတာလဲ။"

စနှစ်ရီက ကြားမှဖြတ်ပြောလိုက်သောအသံ။ ဆက်၍-

mgyoe.com

mgyoe.com SAMPLE BOOK

"ဟေ့ ဟေ့- တံခါးဝမှာ ရပ်မနေကြနှင့်။ ချောင်ထဲမှာ သွားထိုင်ကြစမ်း။"-ဟု ငေါက်လိုက်သည်။ စန္ဒရီပုလိပ်မှာ အချုပ်သားများကိုသာ ကြည့်ပြောနေသည်။ ကျွန်တော့်ကိုတော့ လျစ်လျူရှုထားဟန်တူသည်။

အချုပ်သားအားလုံးသည် သံတံခါးများမှ နောက်သို့ ဆုတ်သွားကြသည်။ သူတို့အချင်းချင်း လေသံမျှဖြင့် စကားပြောလိုက်၊ ကျွန်တော့်ကြည့်လိုက် လုပ်နေကြသည်။ ကျွန်တော်လည်း သံတံခါးမှခွာပြီး အိပ်စင်တစ်ခုပေါ်တွင် သွားထိုင်သည်။ မိမိကိုယ်ကိုလည်း ပြန်ကြည့်မိတော့သည်။ ဖင်မြီးတိုနေသော လေယာဉ်ပျံဖိနပ်, လုံချည်က ညစ်ထပ်ထပ်, စွပ်ကျယ်က မွဲတဲတဲ, ချွေးတွေကလည်း တစ်ကိုယ်လုံးရွဲနေသည်။ အိမ်တွင် ညနေပိုင်း ရင်းဘား(ကွင်းဘား)ဆွဲနေတုန်း ပုလိပ် ၂ ယောက်ရောက်လာပြီး ဝရမ်းပြ၍ ဆွဲခေါ်လာသဖြင့် ဝတ်ထားသောဘောင်းဘီတိုအပေါ် ရေလဲလုံချည်ထပ်စွပ်၍ အချုပ်ထဲသို့ ဒရောသောပါးနှင့် ရောက်လာခြင်း ဖြစ်သည်။ 'အဝတ်အစားလဲပါရစေဦး' ဆိုတာပင် မရ။ သို့ကြောင့်- ဒေါသထွက်ထွက်နှင့် တစ်လမ်းလုံး လျှောက်အော်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် မှီခိုကပ်ရပ်နေသော ကျွန်တော့်အဒေါ်များကလည်း ရုံးပြင်ကနား ရောက်ဖူးသူများ မဟုတ်ကြ။ ကြောက်ရွံ့ထိတ်လန့်နေကြမည် ဖြစ်သည်။ အိမ်တွင်ကျန်ရစ်သောအဝတ်အစားများကို ဂါတ်သို့ လာပေးရဲကြမည်မဟုတ်။ ကြောက်လန့်နေတာနှင့် ဒါကိုလည်း သတိရကောင်းမှရမည်။ လမ်းတစ်လျှောက် ကြွေးကြော်သံတွေအော်ခဲ့သဖြင့် ယခုလောက်ရှိပါက သခင်ဘသိန်း, သခင်အေးငြိမ်းတို့ သိကြတော့မည်။ လူစုလူဝေးနှင့် ဂါတ်ကိုလာဝိုင်းပြီး အော်ကြဟစ်ကြမှာကတော့ သေချာသည်။ ကျွန်တော်နှင့် တွေ့ခွင့်တော့ပေးမည်မဟုတ်။ ကျွန်တော်တို့မြို့က ပုလိပ်များသည် တစ်ပါးကျွန်ပီသသူများ ဖြစ်ကြသည်။ ကျွန်တော်တို့နှင့် ဘယ်တုန်းကမျှ မတည့်ခဲ့။ ကျွန်တော်တို့ကို ဖမ်းဖို့ဆီးဖို့, အပြစ်ရှာဖို့, ဖိနှိပ်ဖို့ အမြဲအသင့်ဖြစ်နေသူများဖြစ်သည်။ အပြစ်ရှာမရ, မဖမ်းရ, မနှောင့်ယှက်ရသောအခါ ကျွန်တော်တို့အား အမှောင်ထဲမှ သူခိုးကျင့်သူခိုးကြဲ ချောင်းရိုက်ကြသည်။ ဤသို့ဖြင့် တစ်ခါက သခင်ကျော်သောင်းခေါင်းကွဲခဲ့ရသည်။

ကျွန်တော်တို့တရားဟောနေစဉ် ခဲနှင့်ပေါက်လေ့ရှိသူများမှာလည်း ဤကိုရွှေပုလိပ်များပင်ဖြစ်သည်။ ကျွန်တော်တို့အား လူကြီးလူကောင်းပီသစွာမဆက်ဆံသဖြင့် ကျွန်တော်တို့သခင်များကလည်း သူတို့အား အမြဲတမ်း ဆန့်ကျင်ဖွင့်ချနေကြသည်။ သူတို့လာဘ်စားမှုကို ဖော်သည်။ 'နယ်ချဲ့လက်ကိုင်တုတ် တစ်ပါးကျွန်တွေ' ဟုအော်သည်။ သို့ကြောင့်- ကျွန်တော်တို့နှင့်သူတို့ မျက်နှာချင်းဆိုင်မိပါက ကြောင်နှင့်ခွေးလို အပြန်အလှန်ဖြစ်လေ့ရှိသည်။

ချွေးဖြင့်စိုနေသောစွပ်ကျယ်ကြောင့် အအေးမိမှာစိုးသဖြင့် စွပ်ကျယ်ကိုချွတ်၍ တစ်ဖက်အိပ်စင်တွင် လွှားထားလိုက်သည်။ 'အင်း- ဒီအတိုင်းဆိုရင်တော့ ဒီညစ်ထပ်ထပ်အဝတ်အစားတွေနဲ့ပဲ သာယာဝတီကို ယွန်းရတော့မယ်။ ဩော်- စုတ်ချာလိုက်ပါဘိတော့။'-ဟုစဉ်းစားပြီး တစ်ယောက်တည်းပြုံးမိသည်။

"ဘာလဲ"

"ဟို- သခင်ကောင်လေးအတွက်ထမင်း"-ဟု အချုပ်ခန်းအဝင်ဝမှအသံများကို ကြားရသဖြင့် လှမ်းကြည့်မိသည်။ တံခါးဖွင့်၍ဝင်လာသော ပုလိပ်ငယ်တစ်ယောက်။ သူ့လက်ထဲမှာက နှူတ်ခမ်းကြေးမည်းနေသော သံပန်းကန်ပြားတစ်ချပ်နှင့် ထမင်း။ သည်တော့မှ ထမင်းမစားရသေးသည်ကို သတိရသည်။ အနားရောက်လာသဖြင့် ထမင်းပန်းကန်ကြည့်လိုက်ရာ လုံးတီးထမင်းညှိတိုတိုအပေါ် ပဲဟင်းရည်ကျဲ ဆမ်းထားသည်ကို တွေ့ရသည်။

"ဒီမှာ ဟေ့ကောင်လေး။ ထမင်းမစားရသေးဘူးမဟုတ်လား။ မင်းစားဖို့ ထမင်းယူလာတယ်။"

"ထမင်းမစားရသေးဘူး။ ဒါပေမယ့် ဒီထမင်းမျိုးကိုတော့ ကျွန်တော်မစားဘူး။ ပြန်ယူသွားပါ။ ခင်ဗျားတို့ဌာနအုပ်ကိုလည်း ပြောလိုက်ပါ။ ဒီထမင်းမျိုးကို ဘယ်တော့မှမစားဘူးလို့။ လူကျွေးတဲ့ထမင်းဆိုရင်

mgyoe.com

mgyoe.com SAMPLE BOOK

တော့စားမယ်။''

ထိုပုလိပ်သည် စန္ဒရီပုလိပ်ဘက်သို့ ဖွေကြည့်လိုက်ပြီး၊ ''ကျွန်တော်လည်း မသိဘူး။ သူတို့လာပေးခိုင်းတာနဲ့ လာပေးတာ။ ဒီမှာထားခဲ့မယ်နော်။''-ဟု ပြော၍ ထမင်းပန်းကန်ကို ထမင်းပန်းကန်သွင်းသော အပေါက်နားတွင်ချထားကာ ပြန်လှည့်သွားသည်။

ဝေါခနဲဝေါခနဲညံစီသောအသံများမှာ တဖြည်းဖြည်းပီသလာသည်။ ဟော- ကိုယ့်လူတွေ လာကြပြီ။

'သခင်မျိုးဟေ့ တို့ဗမာ။'

'မီးတုတ် မီးတုတ် ရှို့ရှို့။'

'အရေးတော်ပုံ အောင်ပါစေ။'

'သခင်တင်မြ လွတ် လွတ်။'

'နယ်ချဲ့စနစ် ပျက်စီးပါစေ။'

တဝေါဝေါဆက်လိမ့်လာသောအသံလှိုင်းကြီးမှာ အချုပ်ခန်းတွင်းသို့ လမ်းမမှတိုးဝင်လာသည်။ ကျွန်တော်သည် စိတ်လှုပ်ရှားစွာဖြင့် သံတံခါးနားကပ်၍ အချုပ်ထောင်အပေါက်ဝသို့ လှမ်းကြည့်မိသည်။ ဂါတ်တဲရှေ့လမ်းမပေါ်က ချီတက်နေကြသော လူထု၊ ဒေ့ယမ်းနေကြသော လက်သီးဆုပ်များကို တွေ့ရသည်။ ကြွေးကြော်သံများ ကြားရသည်။ လူထုသည် တန့်ရပ်သွားပြီး ကြွေးကြော်သံများ ဆက်အော်နေကြသည်။

ကျွန်တော်လည်း သံတိုင်ကိုခပ်တင်းတင်းဆုပ်၍ ကြွေးကြော်သံများကို ပြန်အော်သည်။ အော်ခဲ့ရလွန်းသဖြင့် အသံကအက်ကွဲနေသည်။ ဒါပေမယ့် ထွက်သမျှအသံဖြင့် ဆက်၍သာ ကြွေးကြော်သံများကို အော်သည်။ စန္ဒရီပုလိပ်ကလည်း မတားတော့။ လူထုဘက်ကိုသာ လှည့်ကြည့်နေသည်။ လူထုခေါင်းပေါ်မှ ဒေ့ယမ်းနေသောလက်သီးလက်ရုံးများ မညီမညာရပ်တန့်သွားသည်ကိုတွေ့ရသဖြင့် ကျွန်တော်လည်း အအော်ရပ်လိုက်သည်။ ခေတ္တမျှငြိမ်သက်သွားပြီး လူထုက ဆက်ကြွေးကြော်သည်။ တစ်ဖန် ငြိမ်သွားပြန်သည်။ ကျွန်တော်က သူတို့ကြားလောက်အောင်အသံမြှင့်ပြီး ကြွေးကြော်လိုက်သည်။

'သခင်မျိုးဟေ့ တို့ဗမာ။'

'သခင်မျိုးဟေ့ တို့ဗမာ။'

'မီးတုတ် မီးတုတ် ရှို့ ရှို့။'

လူထုထဲမှ တုံ့ပြန်သံက အားရစရာကောင်းလှသည်။ ဤသို့ဖြင့် အထဲနှင့်အပြင် မကြားတကြား မသဲမကွဲနှင့် အတိုင်အဖောက် ကြွေးကြော်နေကြသည်။

မာနေသောနှလုံးသား

မိနစ် ၂၀ မျှ ဂါတ်ရှေ့လမ်းမပေါ်တွင်ရပ်၍ အော်ဟစ်ကြွေးကြော်နေကြသောလူထုသည် အော်ရင်းဟစ်ရင်း အချုပ်ထောင်ဘေးမှလမ်းအတိုင်း ချီတက်သွားသည်။ ဂါတ်ရှေ့တွင် တဖြည်းဖြည်း လူတန်းကျဲသွားသည်။

ကျွန်တော်သည် အသံကိုဖျစ်ညှစ်ရင်း လမ်းမသို့ကြည့်၍ ဆက်အော်နေသည်။ တံခါးပေါက်မှ လှမ်းမြင်ရသော မြင်ကွင်းကျဉ်းကျဉ်းအတွင်းမှ ကျဲသွားသောလူထုကို မြင်နေရသည်။ ၂ ယောက်, ၃ ယောက်, ၁ ယောက်။ နောက် မိန်းမကြီး ၁ ယောက်။

'သခင်မျိုး' တွင် ကျွန်တော့်အသံသည် ရုတ်တရက်ရပ်သွားသည်။

အို- အမေပါလား။

mgyoe.com

mgyoe.com SAMPLE BOOK

ခံတောင်းကို လက်တစ်ဖက်မှဆွဲပြီး ခေါင်းခုတဘက်ကိုကိုင်၍ ကျွန်တော်ရှိရာဘက်ကို ရပ်၍ကြည့်နေသော အမေ။ အချုပ်ထောင်ကို လှမ်းကြည့်နေသော ကျွန်တော့်အမေပါလား။

ကျွန်တော့်နှလုံးသွေးသည် တန့်သွားသည်ဟု ထင်လိုက်ရသည်။ တက်ကြွနေသောစိတ်များလည်း ပျောက်ကွယ်သွားပါပြီ။ ရင်တွင်းမှ တလိုက်လိုက်တနင့်နင့် ဖြစ်လာရသည်။ အမေ့အစား ရင်နင့်လာရသည်။ အမေသည် အတန်ကြာ မလှုပ်မယှက် ရပ်ကြည့်နေပါသေးသည်။ အချုပ်ခန်းတွင်းရောက်နေသော ကျွန်တော့်အား မြင်ရလိုမြင်ရငြား ကြည့်နေဟန် တူပါသည်။ သို့သော်- အမေသည် သံတိုင် ၂ ထပ်ကြားမှ စောင့်ကြည့်နေသော ကျွန်တော့်ကို မြင်ရမည်ကား မဟုတ်ပါ။

ကျွန်တော့်ကိုချုပ်ထားသည့် အချုပ်ထောင်ကိုသာ ကြည့်နေဟန်တူပါသည်။ ထုထည်ကြီးမားလှသည့် ဤအချုပ်ထောင်ကိုပင် ကျွန်တော့်အတွက် တလိမ့်လိမ့်ရီဝေကျဆင်းနေမည့်မျက်ရည်များ, သားအတွက် သောကပရိဒေဝဖြင့် ကျရသောမျက်ရည်များကြောင့် မှုန်မှုန်မွှားမွှားသာ မြင်ရပါမည်။ ခေါင်းခုတဘက်ကိုင်ထားသော အမေ့လက်သည် မျက်နှာသို့အပ်လိုက်ပြီး အမေသည် တဖြည်းဖြည်းလှည့်သွားပါသည်။ တဖြည်းဖြည်းပင် ကျွန်တော့်မြင်ကွင်းမှ ပျောက်သွားပါသည်။ ကျွန်တော်သည် အမေပျောက်ကွယ်သွားသည့်မြင်ကွင်းကိုပင် သံတိုင်ကို လက် ၂ ဖက်ဖြင့်တင်းတင်းဆုပ်၍ မတုန်မလှုပ်စိုက်ကြည့်နေမိသည်။

အမေ့အစား ကျွန်တော် ရင်နာလာသည်။ မိမေ့ဖမေ့ နိုင်ငံရေးအတွေ့တွင် မိုးမမြင်လေမမြင် ပျော်မွေ့နေသောသား 'အချုပ်ထဲရောက်နေပြီ' ဟု ကြားရသည်နှင့် ပြေးလာဟန်တူသည်။ ကိုင်ထားသောခံတောင်းကို မြင်ရခြင်းဖြင့် ဈေးရောင်းရာမှအပြန် သတင်းကြားနှင့် ကျွန်တော်ရှိရာ အချုပ်ထောင်သို့ လမ်းခုလတ်မှ အူလျားဖားလျား ရောက်လာခြင်း ဖြစ်ပေမည်။ ကျွန်တော့်အတွက်ကျလာသည့် အမေ့မျက်ရည်များကို ကျွန်တော့်နှလုံးသားက တုံ့ပြန်လိုပါသည်။ ရင်တွင်းမှ ကြေကွဲဝမ်းနည်းစွာ တလိုက်လိုက်တက်လာစေကာမူ မျက်စိများရီဝေနေသည်မှအပ မျက်ရည်များအဖြစ်ကျဆင်းမလာပါ။

ငယ်ငယ်က အလွန်အမင်းဝမ်းနည်းတတ်သူ, မျက်ရည်လွယ်သူ, မုန့်မစားရက အလိုမကျကာ မကြာခဏငိုခဲ့သူ, ကိုရင်ဝတ်နှင့် ၁၃ နှစ်သားအထိ တစ်ငိုတည်းငိုခဲ့သူကျွန်တော့်အဖို့ မျက်ရည်များ ဘယ်ရောက်ကုန်ပါပြီနည်း။ 'နှလုံးသားက တုံ့ပြန်ငိုချင်ပေမယ့် နိုင်ငံရေးအဆိပ်အတောက်များကြောင့် ထုံထိုင်းနေသောဦးနှောက်ကပင် တားဆီးဆို့ပိတ်ထား၍လော', သို့မဟုတ်လျှင် 'နုနယ်ပျိုရွယ်သေးသည့် ကျွန်တော့်နှလုံးသားသည် နယ်ချဲ့သမားအပေါ် နှေ့စဉ်နှင့်အမျှ မုန်းတီးနာကြည်းခဲ့ရလွန်းသဖြင့် တင်းမာခက်ထရော်နေပြီလော'။ မိမိကိုယ်တိုင်ပင် ဝေခွဲမရနိုင်ပါ။

ကျွန်တော်ငယ်ငယ်က ယခုကျွန်တော်ရောက်ရှိနေသော ဤအချုပ်ထောင်ကြီးကို လက်ညှိုးထိုးပြပြီး ''ငါ့သား-ဒါကြီးဟာ လူဆိုးတွေ, ဓားပြတွေ, လူလိမ်တွေကို ပုလိပ်ကြီးတွေက ဖမ်းဖမ်းပြီးထည့်ထားတဲ့ အချုပ်ထောင်ကြီး။ ငါ့သား လိမ်လိမ်မာမာနေနော်။ ပညာတတ်အောင်သင်နော်။ လိမ္မာရင်, ပညာတွေအများကြီးတတ်ရင် ဒီအထဲလည်းမရောက်ဘူး။ သူဌေးကြီးဖြစ်လာမယ်။ လူတွေကလည်း ချီးမွမ်းမယ်။''- ဟု ကျွန်တော်တို့အမေက ပြောပြခဲ့ဖူးပါသည်။ အမေက ကျွန်တော့်ကို မရောက်စေလိုသည့်နေရာသို့ ယခုကျွန်တော်ရောက်နေရပေပြီ။ အမေ စိုးရိမ်ခဲ့သလို သူခိုး, ဓားပြအဖြစ်ဖြင့်ကား မဟုတ်။ ဗြိတိသျှနယ်ချဲ့သူခိုး,ဓားပြကြီးအား ဆန့်ကျင်အန်တုမှုဖြင့် ရောက်နေရပေပြီ။

အမေသည် ဤခြားနားချက်ကို မသိ။ အမေသည် စာမတတ်။ ဘုရား,တရား အလွန်ကြည်ညိုသလောက် ပြည်ပိုင်အစိုးရကို ကြောက်သည်။ သို့ကြောင့်- သူကြုံတွေ့ခံစားနေရသည့် ဒုက္ခမြားမြောင်လူတို့ဘောင်က သူအလွန်ချစ်သောသားကို လွတ်မြောက်သွားစေရန် ဘုန်းကြီးကျောင်းသို့ ပို့သည်။ ကိုရင်ဝတ်စေသည်။ ဘုန်းကြီးဝတ်နှင့် အရိုးထုတ်သွားဖို့ ကျွန်တော့်ကိုတရားပြသည်။ ကျွန်တော်သည် အမေ့ဆန္ဒအတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကိုရင်ဝတ်ဖြင့် ၁၁ နှစ်သားမှ ၁၄ နှစ်သားအထိ ၃ နှစ်နေခဲ့ပါ၏။ သို့ရာတွင် ၁၃၀၀ ပြည့်အရေးတော်ပုံဒီလှိုင်းရိုက်ပုတ်ချက်သည် အမေခြုံပေးသော ကျွန်တော့်ကိုယ်ပေါ်က ကိုယ်ရုံသင်္ကန်းကို ကွာကျစေခဲ့ပါသည်။

ကျောင်းသားဟောင်းအဖြစ် ကျောင်းသားသပိတ်တွင် ကျွန်တော်ဝင်နွှဲခဲ့သည်။ အမေသည် ကျွန်တော်၏နိုင်ငံရေးအစွဲကို ပထမ အသာအယာချော့မော့ဖျောင်းဖျ၍ ဆွတ်သည်။ မရသောအခါ ပုဏ္ဏကတိုက်တော့သည်။ ကျွန်တော်တရားဟောနေစဉ် တရားစင်ပေါ်သို့အတင်းတက်ပြီး နားရင်းကိုရိုက်နှက်၍ အိမ်သို့ဆွဲခေါ်သွားသည်။ အိမ်ရောက်တော့ ကျွန်တော့်ဒဏ်ရာတွေကိုကြည့်ပြီး အမေငိုသည်။ ကျွန်တော်လည်း ငိုခဲ့ရသည်။ ကျွန်တော်သည် အိမ်သို့လည်း မကပ်၊ ဘုန်းကြီးကျောင်းသို့လည်း မသွားတော့ဘဲ ကျောင်းသားသပိတ်စခန်းတွင်သာ နေလိုက်တော့သည်။ ကျောင်းသားသပိတ်ပြီးသွားသောအခါ တို့ဗမာအစည်းအရုံးသို့ အသက် ၁၆ နှစ်မပြည့်ဘဲ အသက်လိမ်ပြော၍ ဝင်ခဲ့သည်။

၁၉၃၉ ခုနှစ် ဧပြီလ။ မော်လမြိုင်တွင် တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးဆိုင်ရာ အလုပ်အမှုဆောင်အစည်းအဝေး(ညီလာခံ) ကျင်းပခဲ့သည်။ ထိုညီလာခံသို့ မန္တလေးမှ ဗမာ့လက်ရုံးတပ်များ စက်ဘီးနှင့် ချီတက်ကြမည့်အစီအစဉ်ကိုအားကျ၍ ကျွန်တော်တို့မြို့မှ သခင်မြသန်း, သခင်ကျော်စိန်, သခင်လှဖေတို့နှင့်အတူ ကျွန်တော် ညီလာခံသို့ခြေကျင်ချီတက်ကြရန် မြို့မှ ဟသ်တသို့ တိတ်တဆိတ်ထွက်ခဲ့ကြသည်။ ဟသ်တအရောက်တွင် အမေ၏တိုင်တန်းချက်ကြောင့် ဦးရီးတော်ဘုန်းကြီးလိုက်လာပြီး ကျွန်တော့်အား ဖမ်း၍ပြန်ခေါ်လာခဲ့သည်။ အိမ်ပြန်ရောက်သည်နှင့် ကျွန်တော့်နိုင်ငံရေးအစွဲကို ချွတ်ပစ်ပါရန် ဘုန်းတော်ကြီးအား အပ်နှင်းတော့သည်။ အမေ့ရှေ့တွင်ပင် ဦးရီးတော်ဘုန်းကြီးသည် ကျွန်တော့်အား ကြိုးဖြင့်တုပ်ကာ ကြိမ်ဖြင့်ရိုက်နှက်၍ နိုင်ငံရေးအစွဲကို ချွတ်သည်။ တစ်နေ့လုံး မေးလိုက် ရိုက်လိုက်နှင့် နိုင်ငံရေးအစွဲကို ချွတ်သည်။ နောက်ဆုံးတွင် ဦးရီးတော်ဘုန်းကြီးသည် ဘုရားစင်ကညောင်ရေအိုးရေကို အတင်းသောက်ခိုင်းပြီး၊ 'နောက်နောင် နိုင်ငံရေးမလုပ်တော့ပါ။' ကျမ်းကျိန်ဖို့ အမိန့်ပေးသည်။ သို့ဖြင့်-ကျွန်တော်ကလည်း နိုင်ရာလက်နက်ကိုင်၍ ဘုန်းကြီးနှင့်အမေအား တန်ပြန်ရတော့သည်။ 'နိုင်ငံရေးလုပ်ခွင့်မပေးပါက သေသည်အထိ အစာငတ်ခံမည်' ဟု ကြေညာလိုက်ခြင်းပင် ဖြစ်သည်။

ဤသို့ကြေညာမှ ဦးရီးတော်ဘုန်းကြီးသည် အရိုက်ရပ်သွားတော့သည်။ ၄ ရက်တိုင်တိုင် အစာမစားဘဲ အရိုက်ခံထားရသောဒဏ်ရာဖြင့် အိပ်ရာထဲလဲနေသည်။ အမေသည် ကျွန်တော့်အိပ်ရာဘေးသို့ နေ့စဉ် လာ၍ ငိုသည်။ ထမင်းကိုချောက်ချွေးသည်။ ကျွန်တော်သည် အမေ၏မျက်ရည်ကို မျက်ရည်များဖြင့်တုံ့ပြန်ခဲ့သော်လည်း ထမင်းကိုကားမစား။ ကျွန်တော့်တောင်းဆိုချက်ကို မလျှော့။ နောက်ဆုံး ကျွန်တော့်အား လက်မြှောက်ကာ နိုင်ငံရေးလုပ်ခွင့်ပေးရတော့သည်။ 'တစ်မြို့တစ်ရွာ ထွက်မသွားပါနှင့်။ သူ့မျက်စိအောက်မှာပဲလုပ်ပါ။ ထောင်မကျပါစေနှင့်။'-ဟုသာ အမေကပြောတော့သည်။

* * *

မြင်ကွင်းသည် မှောင်မည်းလာသည်။ အမေရပ်ကြည့်ခဲ့သော ဂါတ်တဲရှေ့ကလမ်းကိုပင် မမြင်ရတော့ပေ။ အချုပ်ခန်းတွင်း စန္ဒရီ၏ဖိနပ်သံမှတစ်ပါး တိတ်ဆိတ်နေသည်။

ကြာမြင့်စွာရပ်နေခဲ့သဖြင့် ခြေထောက်များထုံကျဉ်လာသည်။ သံတိုင်ကို ဆုပ်ကိုင်ထားသည့်လက်ကို ဖြည်၍ လက်ဖဝါးများကို မီးရောင်မှုန်မှုန်တွင် ဖြန့်ကြည့်မိသည်။ တံခါးပေါက်ကအသာခွာ၍ အိပ်စင်တစ်ခုတွင် ထိုင်ပြီး တွေးနေပါသေးသည်။ အတန်ကြာထိုင်ပြီး အိပ်စင်တွင်တစောင်းလှဲ ခြေကိုဆန့်လိုက်သည်။ အိပ်စင်တွင် ဘာအခင်းမျှမရှိ။ ကျောပြင်နှင့်သမံတလင်းထိမှ ချွတ်ထားသောစွပ်ကျယ်ကို သတိရသည်။ ပြန်ထပြီး စွပ်ကျယ်ကိုဝတ်၍ စန္ဒရီကိုလှမ်းအော်ကာ ခင်းအိပ်ရန်အခင်းကို တောင်းယူရသည်။ သူတို့ပေးသောစောင်များမှာ

mgyoe.com

mgyoe.com SAMPLE BOOK

အောက်သိုးသိုးအနံ့ထွက်နေသည်။ သို့ရာတွင် လုံးဝမရှိသည်နှင့်စာသော် တော်သေးသည်ဟု တွက်ဆပြီး တစ်ထည်ကိုခင်းလိုက်သည်။ ခေါင်းအုံးရန်တစ်ထည်ကို ခေါက်၍ သမံတလင်းပေါ်တွင် တင်လိုက်သည်။

'ကဲ- အိပ်မှ အိပ်မှ။ အမှေအတွက် ဝမ်းနည်းတာတွေ, မပြီးပြတ်သေးတဲ့ အစည်းအရုံးကိစ္စတွေ, သာယာဝတီထောင်ရောက်ရင် ဘာတွေဖြစ်လာမလဲ။'

ကြိုတင်စဉ်းစားချင်သည်များကို မေ့ထားပြီး အိပ်ပစ်လိုက်မှ။ တွေးရင်း မျက်စိမှိတ်၍ အတင်းအိပ်သည်။ အိပ်၍ကားမပျော်ပါ။ စန္ဒရီသံချောင်းသံ, ဖိနပ်သံ, တစ်ဖက်ခန်းအချုပ်သမားများ၏ဟောက်သံ, ယောင်ယမ်းညည်းညူသံ, ကြွက်များပြေးလွှားသံတို့ကြောင့် ကောင်းကောင်းပင်အိပ်မပျော်ပါ။ မပျော်တစ်ဝက် ပျော်တစ်ဝက် ချောက်အိပ်မက်များဖြင့်ပင် တဖြည်းဖြည်း မိုးလင်းခဲ့ရသည်။

သာယာဝတီသို့

နံနက် ၆ နာရီလောက်တွင် ယူနီဖောင်းကိုသပ်ရပ်စွာဝတ်ထားသော စာသင်တစ်ယောက် အချုပ်ခန်းတွင်းသို့ဝင်လာပြီး ကျွန်တော့်ကိုလာခေါ်သဖြင့် ဂါတ်တဲသို့လိုက်ပါသွားသည်။ ဂါတ်တဲရှေ့တွင် ခရီးသည်များ ပြည့်နေသည့်ဘတ်စ်ကားတစ်စီး ရပ်ထားသည်ကိုလည်းတွေ့ရသည်။

ဂါတ်တဲရောက်သောအခါ မနေ့ကတွေ့ရသောဌာနအုပ်အား စားပွဲတွင် စာရွက်များနှင့် အလုပ်ရှုပ်နေသည်ကို မြင်ရသည်။ ကျွန်တော့်ကို ကုလားထိုင်တစ်ခုတွင် ထိုင်ရန်လက်ပြလိုက်ပြီး စာဆက်ရေးနေပြန်သည်။ အတန်ကြာမှ ကျွန်တော့်လာခေါ်သော စာသင်ကို စာရွက်များလှမ်းပေးကာ စားပွဲပေါ်ရှိစာအုပ်တွင်လည်း လက်မှတ်ထိုးခိုင်းနေပြန်သည်။ ဂါတ်စာရေးသည် ကျွန်တော့်လက်မပုံစံများကို နှိပ်ယူသေးသည်။ သူတို့လုပ်စရာရှိသည်များကိုလုပ်ပြီးမှ ဌာနအုပ်က ကျွန်တော့်ကိုကြည့်ပြီး

"ကဲ- သခင်တင်မြ။ စိတ်တော့မရှိနှင့်ဗျာ။ ကျွန်တော်တို့ဝတ္တရားအတိုင်းပဲ သခင်တင်မြကို သာယာဝတီအရောက် လက်ထိတ်ခတ်ခေါ်သွားရပါလိမ့်မယ်။"

"ကိစ္စမရှိပါဘူး။ ခင်ဗျားတို့မှာ ဝတ္တရားရှိရင် ရှိတဲ့အတိုင်းသာလုပ်ပါ။"

"ခရီးသွားတွေနှင့် ရောနှောသွားရမယ်ဆိုတော့ လက်ထိတ်မခတ်ဘဲ မဖြစ်လို့ပါ။"

ကျွန်တော်က ဘာမျှပြန်မပြော။ 'လက်ထိတ်အခတ်မခံ'ဟုလည်း မငြင်းလို။ ကျွန်တော့်လို အသက် ၁၆ နှစ်ပင်မပြည့်သေးသည့်အကောင်ပေါက်စကလေးအား လက်ထိတ်ကြီးတတန်းတန်းနှင့် လူတွေမြင်ပါက သူတို့အား 'ခရုခါးတောင်းကျိုက် ဖမ်းနေသူများအဖြစ်' ရှုတ်ချကြမည်။ နယ်ချဲ့သမားအပေါ်လည်း ရွံမုန်းလာကြမည်သာ ဖြစ်သည်။ ဤသည်ကား ကျွန်တော့်ကိုဖမ်းသောကြောင့် သူတို့အတွက် အရှုံးထွက်စေပြီး ကျွန်တော်တို့အတွက် အမြတ်ပေါ်လာစေရမည်။ သို့ကြောင့်- ထိုင်နေရာမှ လက် ၂ ဖက်လုံးကို ဆန့်ပေးလိုက်သည်။ စာသင်သည် ဟနေသောလက်ထိတ် ၂ ကွင်းဖြင့် လက် ၂ဖက်လုံး ပူး၍ခတ်လိုက်သည်။ သံကြိုးရှည်ရှည် တစ်ခုက လက်ထိတ်နှင့်ဆက်နေပြီး လှုပ်လိုက်တိုင်း တချွင်ချွင်မြည်နေသည်။ သံကြိုးတစ်ဖက်အစွန်းကို စာသင်သည် သူ့ခါးတွင်ချိတ်လိုက်၍ ပုလိပ်တစ်ယောက်နှင့်အတူ ဖိနပ်ချင်း ဖြောင်းခနဲရိုက်လိုက်ကာ ဌာနအုပ်ကို ဆလံပေးလိုက်သည်။

"ကဲ- သွားကြမယ်" ဟု ပြောပြီး စာသင်သည် သံကြိုးကို လက်တစ်ဖက်က ကိုင်လိုက်သဖြင့် ကျွန်တော်လည်း ကုလားထိုင်မှထကာ ဂါတ်တဲမှလမ်းပေါ်သို့ သံကြိုးတန်းလန်းနှင့် လိုက်ပါသွားရသည်။ ကားပေါ်မှခရီးသည်များက ကျွန်တော်တို့အား ကြည့်နေသည်။ ကားပေါ်တွင် နေရာယူပြီးသည်အထိ ခရီးသည်အားလုံး စကားမပြောကြ။ ငြိမ်တိတ်နေကြသည်။ ကျွန်တော့်ကိုသာ သူတို့၏မျက်လုံးများက လိုက်ကြည့်နေ

mgyoe.com SAMPLE BOOK
သည်။ ကရဏာရောင်လက်နေသော သူတို့၏မျက်လုံးများသည် ပုလိပ် ၂ ယောက်ဘက်သို့ ရွေ့သွားသောအခါ ကြောက်ရွံ့ခြင်းနှင့်ရောယှက်နေသည့် ရွံရှာမုန်းတီးမှုများသို့ ကူးပြောင်းသွားသည်ကို တွေ့နိုင်ပါသည်။

ကျွန်တော်တို့စီးလာသောဘတ်စ်ကားသည် သာရဝေါကူးမည့်မီးရထားသင်္ဘောဆိပ်သို့ နံနက် ၉ နာရီခွဲလောက် ရောက်သွားသည်။ ကူးတို့သင်္ဘောပေါ်သို့တက်၍ လူရှင်းရှင်းနေရာတွင် နေရာယူကြသည်။ ကူးတို့သင်္ဘောပေါ်တွင် ကျွန်တော်တို့နှင့်နီးကပ်နေသူများက ကျွန်တော့်အားကြည့်၍ အကဲခတ်နေကြသည်။ 'အသားဖြူ၍ မျက်နှာကလေးသနားကမားရှိစေကာမူ ခေါင်းပေါ်ကဆံပင်များက ထိုးထိုးထောင်ထောင် လုံချည်ကမွဲတေတေ စွပ်ကျယ်ကညစ်ထပ်ထပ်နှင့် လက်ထိတ်ကြီး ၂ ဖက်ခတ်ထားခြင်းခံရသော ဤသူငယ်ကို ဘာမှနှင့်များ ဖမ်းလာပါလိမ့်။'-ဟု စပ်စုလိုသော အမူအရာများကို ထိုသူတို့၏မျက်နှာများတွင် အထင်းသားမြင်နေရသည်။ သူတို့အချင်းချင်းလည်း တစ်ယောက်နှင့်တစ်ယောက် ထင်မြင်ချက်များ တီးတိုးပေးနေကြဟန်တူ၏။ ပုလိပ် ၂ ယောက်မှာ မျက်နှာထားခပ်တင်းတင်းဖြင့် သူတို့တွင်ပါသော ခါးချိတ်ထားသည့် ပုလိပ်ဓားရှည်ဓားရိုးများအပေါ် လက်ထောက်၍မတ်တတ်ရပ်နေကြသဖြင့် စပ်စုလိုသူများသည် ပုလိပ်များကို မေးချင်ရက်နှင့် မမေးရဲ မမြန်းရဲဖြစ်နေဟန်တူ၏။

သင်္ဘောစက်မောင်းတဲတို့၏ လှုပ်ရှားသံများကို ကြားလာပြီး ဟင်္သာတဆိပ်ကမ်းမှ ခွာလေပြီ။ ဧရာဝတီမြစ်ရေသည် ရွှံ့ရောင်ထနေသည်။ ရေစီးလည်း သန်လှသည်။ တောင်ဘက်ကတိုက်ခတ်လာသော မိုးသက်လေကြောင့် သာရဝေါဘက်ကမ်းကို ပီပီသသမမြင်ရ။ မှုန်ပျပျကမ်းရိုးတန်းကို ဝိုးတဝါးသာ မြင်နေရသည်။ တဂျုံးဂျုံးစက်သံများနှင့် ခရီးသွားများ၏ စီညံစီညံစကားသံများ ရောထွေးနေသည်။ မိုးသံကလည်း ဖြည့်စွက်နေသည်။

"ခိုးမှုထင်တယ်ကွ"

ကျွန်တော်သည် နောက်သို့ လှည့်ကြည့်လိုက်သည်။ အသက် ၄၀ လောက်ရှိ လူကြီးတစ်ယောက်က ကျွန်တော့်ကိုကြည့်၍ သူ့ဘေးက သူ့ထက်အသက်ငယ်ဟန်ရှိသူတစ်ယောက်အား ပြောနေခြင်းဖြစ်သည်။ သူတို့ ၂ ယောက်ကိုမကြည့်တော့ဘဲ ပြန်လှည့်ပြီး သာရဝေါဘက်ကမ်းသို့ လှမ်းကြည့်နေလိုက်သည်။

"ဒီရပ်မျိုးက သူခိုးရပ်တော့မပေါက်ဘူးဗျ။"

ကျွန်တော်သည် သူတို့၏ထင်မြင်ချက်ကို မခံချင်စိတ်ရောစွက်ပြီး ပြုံးမိသည်။

"မဟုတ်မှလွဲရော ကျုပ်တော့ မုဒိမ်းမှုထင်တယ်။"

ကျွန်တော့်မျက်လုံးသည် ပြူးကျယ်သွား၏။ ရော- ခက်ကပြီ။ ဘယ်လိုလုပ်ရပါ့။ သူတို့အားမဟုတ်ကြောင်းဖြေရှင်းပြရ ကောင်းမလား။ ခိုးမှုဆိုတာက တော်သေး၊ မုဒိမ်းမှုဆိုတာကတော့။ အင်း- ကျွန်တော် အူကြောင်ကြောင်ဖြစ်သွားသည်။ အဝတ်အစားလဲဖို့ပင်ခွင့်မပြုဘဲ အတင်းဖမ်းကြသည့် ခနဖြုဋ္ဌာနတွင် ကျန်ရစ်သောပုလိပ် ၂ ယောက်ကို လှမ်း၍ဒေါသထွက်လာသည်။

အဝတ်အစားကနုပ်နုပ် ခေါင်းစုတ်ဖွားနှင့် ကျွန်တော်၏အဖြစ်ကိုကြည့်ပြီး ထင်ချင်သလိုထင်နေကြသူများကိုမူ စိတ်ဆိုး၍မဖြစ်ပါ။ ဤသို့ဖြင့် တစ်နာရီလောက်အကြာတွင် သာရဝေါဆိပ်ကမ်းသို့ သင်္ဘောဆိုက်တော့သည်။ သင်္ဘောမှဆင်းကာ မီးရထားရပ်ထားရာသို့ သွားကြသည်။ တွဲတိုင်းပင် လူအတော်အသင့်ပြည့်နေသဖြင့် နီးရာတတီယတွဲတစ်တွဲသို့ တက်ကြရသည်။

ခရီးသည်များသည် အော်ကြဟစ်ကြ ပစ္စည်းများတင်ကြဖြင့် ရှုပ်ယှက်ခတ်နေသည်။ တံခါးပေါက်အနီးမှ ခုံတန်းတစ်တန်းတွင် လူတစ်ယောက်ထိုင်နေသည်ကိုတွေ့သဖြင့် စာသင်က ထိုသူအား အခြားခုံသို့ မောင်းထုတ်လိုက်သည်။ ၃ ယောက်စာထိုင်ခုံတွင် ကျွန်တော့်အား အလယ်ကထား၍ နေရာယူလိုက်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ညကမအိပ်ရသဖြင့် အိပ်ချင်နေကြောင်း စာသင်ကိုပြောပြီး ပြတင်းပေါက်နှင့် ကပ်လျက်နေရာကိုပြောင်းယူ၍ အိပ်ဖို့ပြင်နေသည်။ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ခုံတန်းတွင် ဝရီယာကုလား ၃ ယောက်နှင့် ကုလားမတစ်ယောက် ကုလားလိုဘာတွေပြောနေမှန်းမသိ ဆူညံနေကြသည်။ ကျွန်တော်သည် ဘာမျှစဉ်းစားမနေတော့။ ထမင်းစားပြီးစ ဗိုက်လေလေး အိပ်ချင်ချင်ဖြစ်နေသဖြင့် မီးရထားနံရံနှင့် ခုံနောက်မီထောင့်ကြားတွင် မျက်စိမှိတ်၍ထိုင်လျက်အိပ်ပျော်စေရန်သာ ကြိုးစားနေမိသည်။

ကုလားတွေစကားပြောသံက ညံလွန်းသဖြင့် စာသင်က တိတ်ကြရန် ငေါက်သံကြားလိုက်ရသည်။ ကုလားသံများတိတ်သွားသည်။ ထို့နောက် အသံအားလုံးသည် ဝေး၍ဝေး၍။

ဩော် ဘဝ

"ဟဲ့- ဒီလာကြဟဲ့။ ဒီမှာနေရာရပြီ။"

တစာစာဖြင့် အနားကပ်အော်လိုက်သော အသံကြားရသဖြင့် ကျွန်တော် လန့်နိုးပါသည်။ မီးရထားပြတင်းပေါက်တွင် အပြင်သို့ ခေါင်းပြူထွက်နေသော အဒေါ်ကြီးတစ်ယောက်ကို တွေ့ရသည်။ ကုလားတွေဘယ်အချိန်က ဆင်းသွားသည် မသိ၊ မတွေ့ရတော့။ ဘယ်ဘူတာဆိုက်နေမှန်းပင် မသိသဖြင့် စာသင်အား "ဘယ်ဘူတာလဲ" ဟု မေးလိုက်မိသည်။

"ဇီးဖြူကုန်းဘူတာ" ဟု စာသင်က ပြန်ပြောသည်။ အဒေါ်ကြီးသည် အပြင်ထုတ်ထားသောခေါင်းကို အထဲပြန်သွင်းလိုက်ပြီး ကျွန်တော့်ကိုငုံ့ကြည့်လိုက်သည်။ ပြီးနောက် မျက်နှာလွှဲသွားကာ အထုပ်အပိုး၊ လွယ်အိတ်၊ တောင်းတို့ဖြင့် တက်လာကြသူများကိုကြည့်ကာ လက်ပြခေါ်သည်။ အဒေါ်ကြီးတစ်ယောက်၊ လူရွယ်တစ်ယောက်၊ ၇ နှစ်သားအရွယ်ကလေးတစ်ယောက်ကို လက်ဆွဲထားသော မိန်းမပျိုလေးတစ်ယောက်တို့ဖြစ်သည်။

အဒေါ်ကြီးတစ်ယောက်နှင့်လူရွယ်မှာ ပါလာသောပစ္စည်းအထုပ်အပိုးများကို အထက်ရှိတန်းပေါ်တင်လိုက် ထိုင်ခုံအောက်ထိုးလိုက်နှင့် ပြုလုပ်ပေးပြီးနောက် အဒေါ်ကြီးနှင့်မိန်းမပျိုကလေးကို နှုတ်ဆက်၍ဆင်းသွားကြသည်။ အဒေါ်ကြီးသည် ဟင်းခနဲသက်ပြင်းချပြီး ကျွန်တော့်ရှေ့ရှိ ထိုင်ခုံနေရာတွင် ထိုင်လိုက်သည်။ သူငယ်ကလေးက အလယ်၊ သူ့ဘယ်ဘက်အစွန်မှာတော့ ကျွန်တော်နှင့် သက်တူရွယ်တူ မိန်းကလေးတစ်ယောက်။

သူကလေးကို ဂရုတစိုက် မျက်ခြည်မပြတ်ကြည့်နေမိပါသည်။ ငယ်သွေးငယ်မူ တင့်လျှမ်းနေသည့် သူကလေး၏မျက်နှာကိုကြည့်ရသည်မှာ ကျက်သရေရှိလှပေသည်။ ဖြူစင်ဝင်းပနေသော လှမျက်နှာ, မျက်ခုံးကထင်းခနဲမပေါ်ပေမယ့် စင်ရော်တောင်ရေးရေး, မျက်တောင်ကော့များအောက်မှ ရွှန်းကြည်ရည်လဲ့နေသော ချစ်စရာမျက်လုံးဝန်းလေး, သေးသေးသွယ်သွယ် မချွန်လွန်း မပြားလွန်းသော အနေတော်နှာတံနှင့် နီတွေးတွေးနှုတ်ခမ်းကလေးများ, နားသံသီးကလေးနှင့် ဆံတောက်ကြီးဖားဖားက အလှပေါ်အယဉ်ဆင့်နေသည်။ ပါးကလေးပြည့်ပြည့်စိုစိုနှင့် မေးချွန်ချွန်ကလေးကြောင့် မျက်နှာဝိုင်းသလား, သွယ်သလား မပြောတတ်အောင်ပင်။

"သူငယ်က ဘယ်သွားမှာလဲ။"

"ဗျာ"

ကျွန်တော်သည် 'လူမိကျိုးကန်းကြောင်အမ်းအမ်း'ဖြစ်ကာ အဒေါ်ကြီးကို မျက်လုံးအပြူးသားဖြင့် အတန်ကြာငေးကြည့်နေမိသည်။ ကျွန်တော့်အဖြစ်ကိုလည်း အတော်ရှက်သွားသည်။

"သူငယ်လေး ဘယ်သွားမှာလဲလို့ မေးတာပါ။" ဟု အဒေါ်ကြီးကစူးစိုက်ကြည့်ရင်း ထပ်ဆင့်ပြန်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော် သာယာဝတီကိုပါ။"

"သြော် သြော်- ဟိုဘက်က ပုလိပ်မောင်ရင် ၂ ယောက်ကရော။"

"ကျွန်တော်တို့လည်း သာယာဝတီကိုပါ။"

အဒေါ်ကြီးသည် ကျွန်တော်နှင့်ပုလိပ် ၂ ယောက်ကို စောစောက တခြားစီထင်ဟန်ရှိစေကာမူ ယခုတော့ 'ဘယ်လိုဆက်စပ်နေသလဲ' ဟု စူးစမ်းလိုသောအရိပ်များ ပေါ်လာပါသည်။

'လမ်းတစ်လျှောက်လုံး ခတ်ထားသည့်လက်ထိတ်ပြပြပြီး တွေ့သမျှလူများ၏ မျိုးချစ်စိတ်ကို နှိုးဆွပေးမည်။'-ဟူသော ကျွန်တော်၏ကြွေးကြော်သံများသည် ဘယ်ရောက်ကုန်သည် မသိတော့။ ဤကြွေးကြော်သံများ ပျောက်ပျက်ကုန်သည်မှာ ဤအဒေါ်ကြီးကြောင့်တော့ မဟုတ်ပါ။ သမီးလား, တူမလား မသိရသေးသည့် ကျွန်တော် အငမ်းမရငေးမောတွေးတောကြည့်နေမိသော သက်တူရွယ်တူ ဟိုအစွန်က အပျိုမကလေးကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်၏ အကျဉ်းသားဘဝကို မသိစေလိုပါ။ သံကြိုးတန်းလန်းနှင့် လက်ထိတ်ကိုလည်း မမြင်စေလိုပါ။ သို့ကြောင့်ပင်ထင်၏။ အပျိုမလေးကိုတွေ့စကပင် အတွင်းစိတ်၏ အလိုလိုရှေ့ဆောင်မှုကြောင့် ကျွန်တော့်လက် ၂ ဖက်သည် လက်ထိတ်မှသံကြိုးကိုကိုင်ဆုပ်ကာ စာသင်နှင့်ကျွန်တော့်အကြား ခုံတန်းလျားချောင်ထဲသို့ရွှေ့၍ ကွယ်ဝှက်ထားမိသည်။ အဝတ်အစားနွမ်းပါးစေကာမူ လက်ထိတ်တန်းလန်းနှင့် အချုပ်သမားဘဝကိုဖုံးကွယ်ကာ ဤအပျိုမကလေးအားပိုးပန်းလိုသော ကျွန်တော်၏လူပျိုပေါက်သဘာဝစိတ်ကလေးမှာ လူပ်ရှားလာပါသည်။ ဤသို့ ရွှပိုးထလာသောစိတ်ကြောင့် တစ်ကိုယ်လုံးအကြောအခြင်များ ညှဉ်သက်လာခါမှ

"ကျွန်တော်တို့ ၃ ယောက် အတူတူပါပဲ။ သာယာဝတီကို တရားခံသွားပို့မလို့ပါ။"-ဟု စာသင်ကြီးက ဘာစိတ်ကူးရလာသည် မသိ ကောက်ကာငင်ကာ ပြောလိုက်တော့သည်။

"အို- တရားခံ။ ဒီသူငယ်လေးက တရားခံလား။ ဘာမှမများပါလိမ့်။"

အဒေါ်ကြီး၏ အံ့သြသံပေါ်လာသည်နှင့် ကျွန်တော့်မျက်လုံးများသည် အပျိုမကလေးမျက်နှာပေါ်သို့ စွေ့ခနဲဝဲသွားသည်။ နီတွေးတွေးနှုတ်ခမ်းကလေး မဟတဟနှင့် အံ့သြနေသော မျက်နှာသွင်ပြင်ကို တွေ့လိုက်ရသည်။ မထူးတော့ပြီမို့ ဝှက်ထားသည့် လက်ထိတ်ခတ်ထားသော လက် ၂ ဖက်ကို ပေါင်ပေါ်ဆွဲတင်လိုက်သည်။

အဒေါ်ကြီးမျက်နှာကို ကြည့်၍

"ကျွန်တော်က သခင်တစ်ယောက်ပါ။"

"ဟင်- သခင်လား။ ဒါဖြင့် နိုင်ငံရေးမှုပေါ့။"

"ဟုတ်ပါတယ် ဒေါ်ဒေါ်။ သာယာဝတီညီလာခံ သုံးဆယ်လူထုအစည်းအဝေးမှာ တရားဟောတဲ့အတွက် ကာကွယ်ရေးပုဒ်မနဲ့ အဖမ်းခံရတာပါ။"

"ကျတ် ကျတ်- မင်းလောက်ငယ်ရွယ်တဲ့လူငယ်ကလေးတွေကိုလည်း အစိုးရက ဖမ်းတယ်နော်။ မင်းကလည်း ဘာဖြစ်လို့ နိုင်ငံရေးလုပ်ရတာလဲကွယ်။ မင်းအရွယ်ဟာ ကျောင်းနေဖို့စာသင်ဖို့အရွယ်ပါကွယ်။"

ကျွန်တော့်အဖြစ်ကို ကရုဏာသက်မှုနှင့်ရောပါလာသည့် 'ကျွန်တော့်လိုငယ်ရွယ်သူများ နိုင်ငံရေးမလုပ်သင့်' ဟူသော အဒေါ်ကြီး၏သဘောထားအမှားကို တည့်ဖြောင့်ပေးရပါမည်။ သို့ကြောင့်- တတ်သမျှမှတ်သမျှနှင့် 'တို့ဗမာသခင်ဒေသနာတော်'ကို ဟောလိုက်ရပါတော့သည်။

"ကျွန်တော်ဟာ ကျောင်းသားအရွယ်ဆိုတာ ဟုတ်ပါတယ် ဒေါ်ဒေါ်။ ကျွန်တော်ဟာ စာအလွန်သင်ချင်ပါတယ်။ ပညာတတ်တစ်ယောက်လည်း ဖြစ်ချင်ပါတယ်။ ဒါပေမယ့် အေးအေးဆေးဆေး စာသင်ကြားဖို့အခြေအနေနှင့် အခွင့်အရေး မရခဲ့ပါဘူး။ ဒီအဖြစ်ဟာ ကျွန်တော်တစ်ယောက်တည်းရဲ့အဖြစ် မဟုတ်ပါဘူး

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ဒေါ်။ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ လူငယ်လူရွယ်အားလုံးလိုလို ဒီနေ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြေအနေပါ။ ကျွန်တော်တို့ဟာ ကျွန်လူမျိုးပါ။ တစ်မျိုးလုံး အင်္ဂလိပ်လက်အောက်မှာ ကျွန်ဖြစ်နေရပါတယ်။ ဒီနေ့သေမယ့် မနက်ဖြန်မွေးမယ့် မြန်မာမှန်သမျှဟာလည်း အင်္ဂလိပ်နယ်ချဲ့သမားရဲ့ကျွန်တွေချည်း ဖြစ်ပါတယ်။ ကျွန်ဘဝမှာ ကျွန်တော်တို့ဟာ ကျွန်အဖြစ်နဲ့ သူတို့အလိုကျပြုလုပ်ထားတဲ့ ကျွန်ပညာကိုတောင် အေးအေးဆေးဆေး သင်ကြားနိုင်တဲ့အခြေအနေမရှိပါဘူး ဒေါ်ဒေါ်။'' စသည်ဖြင့် ရှင်းလင်းပြောပြရသည်။

အဒေါ်ကြီးသည် ခေါင်းတညိတ်ညိတ် နားထောင်နေပါသည်။ အလယ်ကထိုင်နေသော ကလေးငယ်မှာကား အပျိုမကလေး၏ပေါင်ပေါ်တွင် မှီအိပ်နေပါပြီ။ အပျိုမကလေးလည်း အဒေါ်ကြီးနည်းတူ ကျွန်တော်ပြောသမျှကို အာရုံစိုက်နေခဲ့ပါသည်။

ပြောရင်းဟောရင်း ကျွန်တော့်မျက်လုံးများသည် အပျိုမကလေး၏မျက်နှာပေါ်သို့ မသိမသာ ဝဲဝဲသွားခဲ့သည်။ မျက်တောင်ကော့ကလေးများအောက်ရှိ မျက်နက်ဝန်းအစုံ၌ အံ့သြရောင်ကလေးများသန်းလျက်၊ ပါးမို့ကလေးများတွင်လည်း ရှက်သွေးကလေးများကို ရေးရေးမျှ တွေ့ရသည်။ ကျွန်တော့်ရင်တွင်းမှ တဖျပ်ဖျပ်တောင်ပံခတ်၍ ပျံကြွလာသော ချစ်လိပ်ပြာကလေးသည် ရုန့်တသင်းသင်းနှင့် လှချင်တိုင်းလှနေသည့် ပန်းပွင့်ကလေးအပေါ် ပျံနားမည်အပြု ကျွန်တော့်ပါးစပ်မှထွက်လာသော 'တို့ဗမာသခင်ဒေသနာတော်'ကို လန့်ဖျပ်၍ နေရာဟောင်းတွင် ခိုအောင်းသွားပြန်ပါသည်။

သည်းသည်းထန်ထန်ပေါ်လာခဲ့သော ပိုးချင်ပန်းချင်စိတ်များ ကျွန်တော့်တွင် လျော့ပါးသွားရပါသည်။ 'ဩော်- အရာရာကိုပင် ချုပ်တည်းနေရတဲ့ဘဝပါကလား။'

ကျွန်တော်သည် အဒေါ်ကြီးအား သာယာဝတီညီလာခံ၏ဆုံးဖြတ်ချက်များနှင့် ကမ္ဘာစစ်အခြေအနေများကို ဆက်ပြောပြနေပါသည်။ ကျွန်တော့်အနားကစာသင်မှာ ငိုက်မျဉ်းနေသည်။ ပုလိပ်မှာကား ဒူး ၂ဖက်အကြားခေါင်းစိုက်၍ ထိုင်လျက်ပင် အိပ်ပျော်နေပေသည်။ ဤသို့ဖြင့် လက်ပံတန်းဘူတာသို့ မီးရထားဆိုက်တော့သည်။ လက်ပံတန်းဘူတာတွင် အဒေါ်ကြီးတို့သားအမိတစ်တွေ လာကြိုသူများနှင့်အတူ ဆင်းသွားကြသည်။ ကျွန်တော့်အား ကျန်းမာ,ချမ်းသာစေရန် ဆုတောင်းနှုတ်ဆက်သွားသေးသည်။

တစ်နာရီလောက်ကြသောအခါ ပြည်မီးရထားသည် ကျွန်တော်တို့စီးလာသော မီးရထားတွဲများကို ချိတ်ယူ၍ ရန်ကုန်သို့ ထွက်တော့သည်။ မကြာမီပင် သာယာဝတီဘူတာသို့ ရောက်ရတော့မည်။ သာယာဝတီထောင်ကိုပဲ ရောက်သွားမလား၊ ဂါတ်တဲမှာပဲ နေရဦးမလား။ သာယာဝတီရောက်သော် 'ကျွန်တော့်ကို ဘယ်ပို့မှာလဲ' ဟု စာသင်အား မေးကြည့်သည်။ စာသင်က 'ဂါတ်တဲသို့ ကျွန်တော့်အား အပ်ရမည်'-ဟု ပြန်ပြောသည်။

တဖွဖွကျနေသော မိုးပေါက်မိုးစက်များအကြားမှ လှမ်းမြင်ရသော ရေဖွေးဖွေးနှင့် လယ်ကွင်းပြင်ကြီးများ, ဟိုနေရာဒီနေရာမှ လယ်ထွန်နေကြသော တို့ဗမာဆင်းရဲသားလယ်သမားများ, ရေပင်လယ်အကြားမှ စိမ်းမို့မို့မြက်ခင်းများတွင် မြက်စားနေသောနွားများ၊ ဤမြင်ကွင်းများကို ရိပ်ခနဲရိပ်ခနဲ ပြေးလွှားကျန်ရစ်သော မီးရထားလမ်းဘေးရှိ ကုက္ကိုပင်များက နှောင့်ယှက်နေသည်။ သည်အကြား အပျိုမကလေး၏မျက်နှာကလေးကပေါ်လာလေ့ရှိပြန်သည်။

သာယာဝတီအချုပ်သို့ရောက်ပါက သခင်မြနှင့် သခင်ခင်အောင်တို့ထံ ကျွန်တော့်အဖြစ်ကို တစ်နည်းနည်းဖြင့် သတင်းပါးရမည်။ သာယာဝတီဘူတာတွင် အသိထဲက သခင်တစ်ယောက်ယောက်နှင့် တွေ့လျှင်ကား အလွန်အဆင်ပြေမည်။ ဤသို့ တွေးရင်းငေးရင်းဖြင့် သာယာဝတီဘူတာသို့ ရထားဆိုက်တော့သည်။ ဘူတာတွင် အတန်ကြာထိုင်နေကြပြီး ဘူတာမှ ဂါတ်တဲရှိရာသို့ ခြေကျင်ပင်လျှောက်ခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သာယာဝတီအချုပ်

သာယာဝတီဌာနာသို့ ရောက်ကြသောအခါ ညနေ ၃ နာရီထိုးလုပြီ။ ဌာနအုပ်ထံတွင် ဝရမ်းနှင့်တကွ ကျွန်တော့်ကိုအပ်သည်။ ဓနုဖြူဌာနမှ ရေးပေးလိုက်သော ကျွန်တော်၏လူပုံစံများကို ကြည့်ရှုစစ်ဆေးပြီးသည်နှင့် ကပ်လျက်ရှိသော အချုပ်ထောင်ထဲသို့ ကျွန်တော့်ကိုထည့်လိုက်တော့သည်။

သာယာဝတီဌာနနှင့်အချုပ်မှာ ပြည်လမ်းမကြီး၏ဘေးတွင် တည်ရှိသည်။ အချုပ်ထောင်၏မျက်နှာချင်းဆိုင်တွင် အစိုးရရုံးများ ရှိသည်။ သာယာဝတီအချုပ်ထောင်မှာ ဓနုဖြူမှာကဲ့သို့ အုတ်အဆောက်အအုံမဟုတ်။ အောက်ခံသံမံတလင်း ခင်းထားပြီး ဘေးပတ်လည်၌ကား အုတ်တံတိုင်းခပ်မြင့်မြင့် ကာထားလျက် ဝင်းထဲတွင် သစ်သားများဖြင့်ဆောက်ထားသော အချုပ်ထောင်၊ လူ ၁၄-၅ ယောက် စုပြုံချုပ်နိုင်သည့် အချုပ်ထောင်မျိုး ဖြစ်သည်။ သံမံတလင်းပေါ်တွင် တစ်မိုက်ခန့်မြင့်သည့် လျှာထိုးများဖြင့်ခင်းထားသော အခင်း။ ဤအခင်းမှလွဲ၍ အခြားဘာမျှမရှိ။ ထောင့်တစ်ထောင့်တွင်ကား အပေါ့သွားရန် သံပုံတစ်ပုံး ရှိသည်။ အချုပ်ထောင်၏အနေအထားမှာ ကျွန်တော်တို့မြို့မှ နွားထောင်နှင့်ပင် တူသေးတော့သည်။

ပုလိပ်တစ်ယောက်သည် စောင်ဟောင်း ၂ ထည်လာပေးသဖြင့် တစ်ထည်ကိုခင်း၍ တစ်ထည်ကို ခေါင်းအုံးရန် ခေါက်လိုက်သည်။ ထို့နောက်- လှဲ၍ခါးဆန့်လိုက်သည်။ လှဲနေရာမှ အမိုးနှင့်ဘေးဘီကို ကြည့်ကာ စိတ်ကူးပေါ်လာသည်။ ထို့ကြောင့်- လှဲနေရာမှထကာ နံရံရှိသစ်သားတန်းများအပေါ် ကုတ်ကပ်တက်ပြီး လမ်းကိုမြင်ရမလားဟု ကြည့်မိသည်။ ခပ်ကုပ်ကုပ်အမိုးကြောင့် လမ်းမကြီးကို မမြင်ရပါ။ သို့ကြောင့်- နံရံမှပြန်ဆင်းပြီး ကျောခင်းနေလိုက်သည်။

ကပ်လျက်ရှိသည့်ဌာနအတွင်းမှ မသဲမကွဲကြားရသော ကားသံများ, ရယ်သံများ၊ တစ်ခါတစ်ခါ အဝေးကပင်တဝီဝီမြည်လာပြီး ဝေါခနဲဖြတ်သွားသော မော်တော်ကားသံများနှင့်အတူ တဘော်ဘော်တတီတီ ကားဟွန်းသံများကို ကြားနေရသည်။ ကြည့်စရာဘာမျှမရှိသဖြင့် မျက်စိမညောင်း၊ ဆူသံတွေကြောင့် နားညောင်းလာသည်။ အိပ်ချင်လာသည်။ ဇီးဖြူကုန်းဘူတာတွင် ရပ်လိုက်ရသောအလုပ်ကို ဆက်လုပ်ဦးမှ၊ အိပ်ဦးမှပဲ။

သော့ခလောက်ခေါက်သံကြောင့် မျက်လုံးဖွင့်ကြည့်မိသည်။ ထမင်းပန်းကန်ကိုကိုင်ထားသော ပုလိပ်တစ်ယောက်ကို တွေ့ရသည်။ ထမင်းပန်းကန်ကို ထကြည့်လိုက်သည်။ စားချင်စရာပင် မရှိ။ ဘူတာတုန်းက ဖြည့်တင်းခဲ့သော လက်ဖက်ရည်နှင့် တရုတ်မုန့်များကြောင့် ဆာလည်းမဆာ။ ထမင်းမစားလိုတော့ကြောင်း ပြောလိုက်သည်။ ပြီးနောက် ဆက်အိပ်ပြန်သည်။

ခြေသလုံးကြွက်သားက စစ်ခနဲစစ်ခနဲနာလာသဖြင့် ခြေဖဝါးတစ်ဖက်ဖြင့် အိပ်မှုန်စုံမွှားပွတ်လိုက်ပြီး စောင်းအိပ်ပြန်သည်။ လက်မောင်းအောက်က တစစ်စစ်ဖြစ်လာပြန်သည်။ ဘာများဖြစ်ပါလိမ့်။ မနိုးတစ်ဝက် နိုးတစ်ဝက်ဖြင့်စဉ်းစားရင်း ပက်လက်လှန်လိုက်မိပါသည်။ လည်ပင်းပေါ်ကလည်း တရွရွ။ တောက်- ဘာကောင်တွေလဲ။ ကြမ်းပိုးလား, ပုရွက်ဆိတ်လား။ တရွရွအပေါ် လက်နှင့်ပွတ်လိုက်ပြီး လက်ဖဝါးကို အနံ့ခံကြည့်သည်။ ကြမ်းပိုး, ကြမ်းပိုးတွေ။ ထထိုင်လိုက်သည်။ တစ်ကိုယ်လုံး ၁၄-၅ နေရာလောက် ယားယံနေသည်။

မှောင်နေပြီ။ ဘယ်နှနာရီရှိပြီလဲ မသိ။ အချုပ်ထောင်အပြင်မှာထွန်းထားသော လျှပ်စစ်မာတ်မီးရောင်က အိပ်စင်တစ်ဖက်စွန်းပေါ် ကျဆင်းနေသည်။ ခင်းထားသည့်စောင်ပေါ်တွင် အလင်းရောင်မရှိ။ လက်ဖဝါး ၂ ဖက်ဖြင့် စောင်ပေါ်တွင် လျှောက်စမ်းကြည့်ရာ တရွရွသွားနေသောကြမ်းပိုး ၄-၅ ကောင်တွေ့သည်။ ထို့ကြောင့်- ခင်းထားသောစောင်ရော ခေါက်ထားပြီးခေါင်းအုံးလုပ်ထားသောစောင်ရော ၂ ထည်လုံး ဖြန့်ခါပစ်လိုက်သည်။ ပြန်ခင်း၍ ခေါက်ထားသောစောင်ကို ရင်အောက်တွင်ခုကာ ဝမ်းလျားမှောက်နေလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အပြင်က စန္ဒရီဇာဖိနပ်သံ တဂေါက်ဂေါက်ကို ကြားနေရသည်။ မကြာမီ ၇ နာရီထိုး သံချောင်းခေါက်သံကို ကြားရသည်။

၇ နာရီတောင် ထိုးပါပေါ့လား။ ညနေကတည်းက အိပ်လိုက်တာ ကြမ်းပိုးကိုက်မှ နိုးတော့သည်။ ထောင်လိုက်သစ်သားတန်းများကြားမှ တိုးဝင်လာသည့် မှုန်မွားမွားအလင်းရောင်ကျနေသော အိပ်စင်တစ်ဖက် စွန်းကို အမှတ်မထင် မျက်လုံးကရောက်သွားသည်။ တလှုပ်လှုပ်ရွေ့ရှားနေသည့် အရာကလေးများ မှုန်မွားမွား အလင်းရောင်ကြောင့် အရောင်များပင် လက်နေသည်။ ကြမ်းပိုးတွေ ဖြစ်မှာပဲ။ ရှေ့သို့ ကိုယ်ကိုတိုး၍ လက်နှင့် ဖိစမ်းကြည့်လိုက်ပြီး နမ်းကြည့်သည်။ ကြမ်းပိုးတွေမှန်းသိ၍ ကမန်းကတန်းထရပြန်သည်။ ခင်းထားသောစောင်ကို ဆွဲစုလိုက်ပြီး ကြမ်းပြင်တစ်ပြင်လုံးအပေါ် တံမြက်လှည်းသလို လှည်းပစ်လိုက်သည်။ ၂ ခါ-၃ ခါပြန်လှည်းလိုက်သည်။ စိတ်ထဲနည်းနည်းသန့်သွားမှ စောင်ကိုခါပြီးပြန်ခင်းသည်။

တစ်ညလုံး ထိုသို့တက်လာသောကြမ်းပိုးများကို စောင်နှင့်လှည်းလိုက်, ခင်း၍အိပ်လိုက်နှင့် ကြမ်းပိုးနှင့် အကြိမ်ကြိမ် နပန်းလုံးနေရသဖြင့် ကောင်းကောင်းပင် မအိပ်ရပါ။ နံနက်လင်းခါနီး ကြမ်းပိုးကိုက်သည်ကို ဂရုမထားနိုင်လောက်အောင် အိပ်ချင်လာခါမှ အိပ်ပျော်သွားတော့သည်။

* * *

သော့ခလောက်ခေါက်သံကြားသဖြင့် မျက်စိပွင့်သွားသည်။ ပုလိပ်တစ်ယောက် တံခါးပေါက်နားမှာ ရပ်နေသည်။

"ဒီမှာ သခင်တင်မြ။ သခင်ခင်အောင် ခင်ဗျားကိုလာတွေ့တယ်။ ဂါတ်တဲမှာရောက်နေတယ်။"

ကျွန်တော် လူးလဲထလိုက်သည်။ အစောင့်ပုလိပ်က တံခါးဖွင့်ပေးသည်။ အုတ်တံတိုင်းထောင့်တွင် ရှိသော ရေဘုံဘိုင်သို့သွား၍ မျက်နှာသစ်ပြီး လာခေါ်သောပုလိပ်နှင့်အတူ ဌာနသို့ လိုက်သွားသည်။ ဌာနအုပ်စားပွဲရှေ့ရှိ ကုလားထိုင်တွင်ထိုင်၍ ကျွန်တော့်အား ပြုံးကြည့်နေသော သခင်ခင်အောင်သည် မတ်တတ်ထ၍ လက်သီးဆုပ်ကာ "တို့ဗမာ"ဟု နှုတ်ဆက်လိုက်သည်။ ကျွန်တော်ကလည်း ပြုံးပြကာ "တို့ဗမာ"-ဟု အသံပြုလိုက်သည်။ ကုလားထိုင်တွင် ထိုင်လိုက်မိသည်နှင့်

"ကျွန်တော် ဒီရောက်လာတယ်လို့ ဘယ်လိုသိလဲ။"

သခင်ခင်အောင်က

"ဟဲ ဟဲ- ဒီလိုပေါ့ဗျာ။ မနေ့ညကတည်းက သိတယ်။"

ဌာနအုပ်မှာ ပြုံးနေရာက ပုလိပ်တစ်ယောက်ကို လှမ်း၍ ကော်ဖီ ၂ ခွက် မှာလိုက်သည်။

"ခင်ဗျားတို့ဆီကို ဘယ်လိုအကြောင်းကြားရမလဲလို့ ကျွန်တော်စဉ်းစားနေတာ။"

"ခင်ဗျားကို ဝရမ်းထုတ်လိုက်ပြီးကတည်းက ကျုပ်တို့ သိနေတယ်။ ခင်ဗျားရယ်, သခင်နုရယ်, ဦးသုမနရယ်-၃ ဦးအတွက် တစ်ချိန်တည်း ဝရမ်းထုတ်လိုက်တယ်လို့ သိရတယ်။ သခင်နုလည်း ရန်ကုန်ထောင်ထဲ ရောက်နေပြီ။ ဦးသုမနလည်း ညီလာခံကအပြန်မှာ အရင်အမှုတစ်ခုနှင့် အဖမ်းခံရပြီး ထောင်ထဲရောက်နေတယ်။ ထောင် ၂ နှစ်ကျပြီးပြီ။ ခု ထောင်ထဲမှာ ထပ်ဖမ်းမှာပေါ့။ ဘယ့်နယ်- ဖိုးတင်မြကြည့်ရတာ သူတောင်းစားရပ်ပေါက်နေပါလား။"

"ဟာ- မပြောပါနှင့်ဗျာ။ ကျွန်တော့်ဖမ်းတဲ့ပုလိပ်တွေကို အဝတ်အစားလဲပါရစေ ပြောတာတောင် မရဘူး။ အတင်းဆွဲခေါ်သွားတာ။ ကျမ်းမာရေးလေ့ကျင့်နေတုန်း အဆွဲခံလာခဲ့ရတာဗျ။ နို့ပြီး ဘယ်သူနှင့်မှလည်း တွေ့ခွင့်မပေးဘူး။ ကျွန်တော်တို့မြို့ကပုလိပ်တွေ တော်တော်ကိုဆိုးပါတယ်ဗျာ။"

ဌာနအုပ်က ပြုံးပြီး

mgyoe.com SAMPLE BOOK

"ကျွန်တော်တို့ရောဗျာ။ ဟဲ ဟဲ"

"ခင်ဗျားတို့တော့ ကျွန်တော် မသိသေးဘူးဗျာ။ ခု ကြည့်ရတာကတော့ ကောင်းပါတယ်။"

စားပွဲပေါ်သို့ ကော်ဖီနှင့်မုန့်များ ရောက်လာသဖြင့် ကျွန်တော်တို့ ၂ ယောက် ကော်ဖီသောက်ကြသည်။ သောက်နေသော ကော်ဖီပန်းကန်ကို လက်မှကိုင်ရင်း သခင်ခင်အောင်က

"ဟေ့- ဖိုးတင်မြ။ ခင်ဗျားကို အာမခံနဲ့ထုတ်မလို့ စီစဉ်ထားတယ်။"

"အာမခံ။ ဘယ်လိုအာမခံနဲ့ထုတ်မှာလဲ"

"အမှုအတွင်းမှာ အာမခံနဲ့အပြင်မှာနေဖို့ပေါ့။ ခင်ဗျားကိုစစ်ဖို့က နည်းနည်းကြာဦးမယ်ထင်တယ်။"

"အာမခံနဲ့နေရရင်လည်း ကောင်းသားပဲ။ အမှုအတွင်း ခင်ဗျားတို့ အစည်းအရုံးအလုပ်တွေလည်း ဝင်ကူပြီး လုပ်နိုင်တာပေါ့။"

သခင်ခင်အောင်သည် ကော်ဖီကိုလက်စသတ်လိုက်ပြီး

"ကဲ- ကိုယ်သွားမယ်။ အာမခံအတွက်လူသွားရှာဦးမယ်။ ၁၁ နာရီလောက်မှလာခဲ့မယ်။ ခင်ဗျား ဘာမှာချင်သေးလဲ။"

"လုံချည်တစ်ထည်လောက်ပို့လိုက်စမ်းပါ။ ရေမချိုးရတာ ၂ရက်ရှိပြီ။ ထမင်းစားဖို့လည်း လုပ်ပါဦး။"

ဌာနအုပ်က ဝင်၍

"ထမင်းက ကိစ္စမရှိပါဘူး။ ကျွန်တော် စီစဉ်ပေးလိုက်ပါ့မယ်။"

သခင်ခင်အောင်ထွက်သွားသဖြင့် အချုပ်ထောင်သို့ ကျွန်တော်ပြန်ခဲ့သည်။ အချုပ်ထောင်ပြန်ရောက်၍ အတန်ကြာတွင် လုံချည်တစ်ထည်နှင့် ရှပ်အင်္ကျီတစ်ထည်ကို ပုလိပ်တစ်ယောက် လာပို့သည်။ အစောင့်ပုလိပ်က ဆပ်ပြာခွက် ယူပေးသည်။ ဘုံဘိုင်တွင်ရေချိုး၍ အဝတ်သစ်လဲပြီးသည်နှင့် ဌာနအုပ်ပေးသော တရုတ်ဆိုင်က ထမင်း,ဟင်းများကို စားရသည်။

၁၀ နာရီခွဲလောက်တွင် ဌာနအုပ်က အခေါ်လွှတ်သည်ဆိုသဖြင့် ဌာနသို့ လိုက်သွားရပြန်သည်။ 'မကြာမီ သခင်ခင်အောင် ရောက်လာမည်။ ဌာနကပင် စောင့်နေပါ။"-ဟု ဌာနအုပ်က ပြောသည်။ မိနစ် ၂၀ လောက်အကြာတွင် သခင်ခင်အောင် ရှေ့ဆောင်၍ ၄င်းနောက်မှ ခေါင်းပေါင်းနှင့် လူကြီး ၂ယောက် ပါလာသည်။ တစ်ယောက်မှာ သခင်တင်၊ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး ဒုတိယ ဥက္ကဋ္ဌဖြစ်၍ သာယာဝတီညီလာခံတုန်းကပင် မြင်သိခဲ့ရသည်။ စကားတော့ မပြောဖူးခဲ့။ သခင်တင်မှာ အရပ်ရှည်ပြီးပိန်ပိန်နဲ့နဲ့၊ အသားဖြူ၍မျက်ခုံးမွေးများထူသည်။ မင်းသားဟန်ပေါက်နေသူဖြစ်သည်။ သူ့လက်ထဲတွင်လည်း ဖိုင်တွဲတစ်ခုကိုင်ထားသည်။ သခင်တင်နှင့် သခင်စိန်ဆိုသူက ကျွန်တော့်အတွက် အာမခံကြသည်။ အာမခံပုံစံတွင် လိုအပ်သည်များကို ရေးသားလက်မှတ်ထိုးကြပြီး ကျွန်တော်တို့ ၄ ဦးလုံး ဌာနမှ ထွက်လာကြသည်။ သခင်တင်က အရေးပိုင်ရုံးဘက်သို့ထွက်သွားပြီး၊ သခင်စိန်က ဈေးဘက်သွားသည်။ ကျွန်တော်က သခင်ခင်အောင်နှင့်အတူ သခင်မြအိမ်သို့သွားကြသည်။

သခင်မြ

သခင်မြအိမ်သို့ သာယာဝတီညီလာခံကျင်းပစဉ်က ၃-၄ ခါ ရောက်ခဲ့ဖူးပြီးဖြစ်သည်။ အိမ်ဝက ထွက်ကြိုနေသူများမှာ သခင်ခင်အောင်နှင့် ညီတော်သူသခင်ဖေအောင်, သခင်ဆန်နီ, သခင်သန်းတင် (နောင် ရဲဘော် ၃ ကျိပ်-မြဝတီတွင်ကွယ်လွန်သူဗိုလ်မြဒင်)နှင့် သခင်မတင်တင်အေးတို့ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့နှင့်တွေ့သည်နှင့် ''ဟေး'' ဟု ဝမ်းသာအားရအော်ကြပြီးမှ သခင်နူတ်ဆက်နည်းဖြင့် နူတ်ဆက်ကြသည်။ သူတို့နှင့် သာယာဝတီညီလာခံတုန်းကပင် ခင်မင်ရင်းနှီးပြီး ဖြစ်သည်။

အိမ်ထဲသို့ရောက်သောအခါ မျက်မှန်အထူကြီးနှင့်ပြုံးနေသော ဒေါ်ဒေါ်ညွန့် (သခင်မြဇနီး)ကို တွေ့ရသည်။ ဒေါ်ဒေါ်ညွန့်က ''မင်းကိုဖမ်းသွားပြီး သာယာဝတီကို ပို့လိုက်တယ်လို့ ဓနုဖြူအစည်းအရုံးက ရိုက်လိုက်တဲ့သံကြိုး ခုနပဲရတယ်။ အသံတွေလည်း ဝင်လို့။ လမ်းမှာ တော်တော်အော်ခဲ့တယ်ထင်တယ်။'' ဟု မေးသည်။ ကျွန်တော်က ကျွန်တော့်ဖမ်းပြီး သာယာဝတီအရောက်ခေါ်လာပုံကို အကျဉ်းရုံးပြောပြလိုက်သည်။ သခင်မြကို မမြင်သဖြင့် မေးကြည့်မိရာ 'မြေယာအမှုများနှင့်ပတ်သက်၍ ရုံးတွင် လယ်သမားများဘက်က အမှုလိုက်နေသည်။ ညနေတွင်ပြန်လာမည်။'-ဟု ဒေါ်ဒေါ်ညွန့်ပြောသည်။

ပြောဆိုကြပြီးနောက် သခင်ခင်အောင်က ကျွန်တော့်ကို သခင်ဖေအောင်နှင့် သခင်သန်းတင်တို့အိမ်သော အခန်းတွင် ခုတင်လွတ်တစ်ခုရှိသဖြင့် နေရာယူရန်ပြော၍ ရုံးလုပ်ထားသော တစ်ဖက်ခန်းသို့ ဝင်သွားလေသည်။

သခင်ခင်အောင်မှာ တောင်သူလယ်သမားအစည်းအရုံးဌာနချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဖြစ်သည်။ သာယာဝတီခရိုင် တို့ဗမာအစည်းအရုံး ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်နေသဖြင့် သာယာဝတီနှင့်ရန်ကုန် ကူးချည်သန်းချည် သွားလာလုပ်ကိုင်နေရသည်။ နေတော့ သခင်မြအိမ်မှာ နေသည်။ သာယာဝတီမြို့နယ် တို့ဗမာအစည်းအရုံးမှာ သီးခြားရုံးမရှိ။ သခင်မြအိမ်အောက်ထပ် အခန်းကျယ်တစ်ခုတွင် ရုံးလုပ်ထားသည်။ အစည်းအရုံးအမှုဆောင်အများစုမှာ နယ်ကျေးရွာများတွင် နေကြသည်။ မြို့ပေါ်ရှိအမှုဆောင်အချို့မှာ အမည်ခံသာရှိပြီး အလုပ်မလုပ်ကြ။ မြို့နယ်အစည်းအရုံးအလုပ်များကို သိမ်းကျုံးလုပ်နေရသူများမှာ သခင်သန်းတင်နှင့် သခင်ဖေအောင်တို့ ဖြစ်သည်။ နောက်တစ်ယောက် ရှိသေးသည်။ သခင်သိန်းမောင်။ သူကတော့ သခင်မြအိမ်မှာမနေ။ မြို့ထဲက အိမ်တစ်အိမ်မှာ နေသည်။

ညနေတွင် သခင်မြ ရုံးမှပြန်လာသည်။ ကျွန်တော်သည် သခင်မြအား သာယာဝတီညီလာခံတွင် မြင်ဖူးခဲ့စေကာမူ စကားမပြောဖူးခဲ့။ သခင်မြသည် ဆံပင်ကိုတိုတိုညှပ်ထားပြီး ဆံဖြူအနည်းငယ်ပင် ရောနေသည်။ အသားအနည်းငယ်ညို၍ မျက်နှာသွယ်သွယ်၊ မျက်စိအတန်မှေး၍ အောက်မျက်ရစ်များမှာ မို့တက်နေသည်။ အသက်က ၄၀ ကျော်ခန့်။ စကားပြောရာတွင် ခပ်တိုးတိုး ညင်သာစွာပြောလေ့ ရှိသည်။ သခင်မြက အဖမ်းခံရသည့်အဖြစ်အပျက်များကို ကျွန်တော့်အား အနည်းငယ် မေးမြန်းသည်။ မကြာမီ ရန်ကုန်ဌာနချုပ်သို့ သွားမည့်အကြောင်း ပြောသည်။ ကျွန်တော့်အား ပျော်ပျော်ရွှင်ရွှင်နေရန်ပြောပြီး အိမ်ပေါ်ထပ် တက်သွားသည်။ သခင်ခင်အောင်က ကျွန်တော့်တွင်လိုသောအဝတ်အစားများဝယ်ရန် ငွေ ၁၅ ကျပ်ထုတ်ပေးသည်။

လောလောဆယ်ပင် ဝတ်စရာမရှိသဖြင့် သခင်ဖေအောင်နှင့်အတူ သာယာဝတီစျေးဘက်သို့ ထွက်ခဲ့သည်။ ရွှေကျီးသခင်စိန်ဆိုင်သို့ဝင်၍ လုံချည် ၂ ထည်, တိုက်ပုံအင်္ကျီနှင့် ရှပ်အင်္ကျီချုပ်ရန် ပင်နီစများ ဝယ်ကြသည်။ အပ်ချုပ်ဆိုင်တစ်ဆိုင်တွင် ဝင်အပ်ထားခဲ့ပြီး ပြန်ခဲ့ကြသည်။

နောက်တစ်နေ့နေ့လယ်တွင် ရန်ကုန်ဌာနချုပ်မှ သံကြိုးတစ်စောင်ရောက်လာသည်။ 'ဌာနချုပ် တောင်သူလယ်သမားအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်း ကာကွယ်ရေးပုဒ်မဖြင့် အဖမ်းခံရပြီ။ အမြန်လာ။'-ဟု သခင်ခင်အောင်ထံရိုက်သောသံကြိုး ဖြစ်သည်။ သခင်ခင်အောင်သည် ရန်ကုန်သို့ ချက်ချင်းပင်လိုက်သွားရတော့သည်။

သခင်ဖေအောင်, သခင်သိန်းမောင်, သခင်သန်းတင်တို့နှင့် သာယာဝတီမြို့နယ်အစည်းအရုံး ရုံးလုပ်ငန်းများ ဝိုင်းဝန်းကူညီလုပ်ခဲ့သည်။ လယ်ယာမှုများနှင့်ပတ်သက်၍ လျှောက်လွှာမိတ္တူများကူးခြင်း၊ အချို့ကြေညာချက်များအတွက် ဒီစတြိတ်ကောင်စီရုံးမှ စာကူးစက်တွင် သွားလိမ့်ခြင်း စသည့်လုပ်ငန်းများကို မပြတ်လုပ်နေရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်ခင်အောင် ရန်ကုန်ထွက်သွားပြီး ၄ ရက်ခန့်အကြာတွင် သခင်မြ ရန်ကုန်အသွား ကျွန်တော်ပါ လိုက်သွားသည်။ သခင်မြ၏ အမိုးဖွင့်၍ရသော ကားတစ်ပတ်ရစ်ကလေးနှင့် သွားခြင်းဖြစ်သည်။ ကား၏အမျိုး အစားကို မသိ၊ ဤကားမျိုးစီးဖူးသည်မှာလည်း ဤအကြိမ်သည် ပထမဆုံးပင် ဖြစ်သည်။ ကျွန်တော်စီးခဲ့ဖူး သော ဘတ်စ်ကားများနှင့်ကား ကွာခြားလှပါဘိ၊ စီး၍ ဇိမ်တွေ့လှသည်။

သာယာဝတီမှ စထွက်ကတည်းက မိုးသဲသဲမဲမဲရွာနေသည်။ ကားဘေးကာများကို အလုံပိတ်ထား သည်။ သို့သော်- မိုးမလုံ။ ဟနေသောဘေးကာများအကြားမှ မိုးရေစက်ကလေးများက လေနှင့်အတူ တိုးဝင်လေ့ရှိနေသည်။ ကားရှေ့က ရေသုတ်တံက ပျက်နေသဖြင့်၊ မှန်ပေါ်သို့ မိုးရေများစီးကျနေသဖြင့် မိုးရေကြောင့် ပြောင်လက်နေသော ကတ္တရာစေးလမ်းကိုပင် ခပ်မှုန်မှုန် မြင်နေရသည်။

ဌာနချုပ်အစည်းအရုံး

ညနေ ၆ နာရီခွဲစလောက်တွင် ရန်ကုန်သို့ ရောက်သည်။ စမ်းချောင်းရှိအိမ်တစ်အိမ်တွင် ညအိပ်ကြရ သည်။ နောက်တစ်နေ့နံနက်စောစော သခင်မြနှင့်အတူ ရေကျော်ဌာနချုပ် တို့ဗမာအစည်းအရုံးသို့ ကားကလေးနှင့် သွားသည်။ အစည်းအရုံးပေါ်ရောက်သောအခါ ဧည့်ခန်းတွင် တစ်ယောက်မျှမတွေ့။

သခင်မြသည် အထွေထွေအတွင်းရေးမှူးချုပ်ရုံးခန်းထဲသို့ ဝင်သွားသည်။ သခင်ခင်အောင်မှာ ယခင် သခင်သန်းထွန်း ထိုင်နေကျစားပွဲဖြစ်သော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးဌာနချုပ် အထွေထွေအတွင်းရေးမှူးစားပွဲတွင် ထိုင်၍ စာရေးနေသည်။ ကျွန်တော်က သူ့စားပွဲရှေ့က ကုလားထိုင်တွင် သွားထိုင်သည်။ သခင်ခင်အောင်က မော့်ကြည့်ပြီး

"ညက ရောက်ကြတယ် ထင်တယ်။"

"ဟုတ်ပါတယ်။ ညက ရောက်တယ်။ စမ်းချောင်းမှာတည်းတယ်။"

"ဘယ့်နယ်- အစည်းအရုံးမှာ လူတွေရှင်းလှချည့်လားဗျ။"

"အင်း- ရှင်းဆို ကိုယ်တို့လူတွေ အတော်များများ ထောင်ထဲရောက်ကုန်ကြပြီလေ။ တစ်နေ့ကပဲ သခင်စိုးကိုလည်း ဖမ်းသွားပြီ။"

သခင်မြဝင်သွားသောအခန်းတွင်းမှ သခင်မြနှင့် အခြားသူတစ်ယောက် အပြန်အလှန်စကားပြောနေသံ ကြားရသည်။

"ဒါနဲ့ သခင်အောင်ဆန်းရော။"

"သူကတော့ ရှောင်နေတုန်းပဲ၊ အဖမ်းမခံနိုင်ဘူး၊ အပြင်မှာ လုပ်စရာတွေရှိတယ်ဆိုပြီး ရှောင်နေတယ်။ စုံထောက်တွေကတော့ ဟိုလိုက်ဒီလိုက်ပဲ။ တစ်နေ့ညက လက်မတင်ကလေး လိုတော့တယ်။ အိမ်တစ်အိမ် (ရန်ကုန်အရှေ့ပိုင်း ၅၃ လမ်းအတွင်းမှ သခင်ခင်အောင့်အစ်ကို ဦးလှအောင်အိမ်)မှာ ပုန်းနေတုန်း စုံထောက် ၂ ယောက် လာရှာလို့ ရေတိုင်ကီထဲ တက်ပုန်းနေရတယ်။ သူ့ကို တွေ့မသွားကြဘူး။"

"ဒါဖြင့် အခု အစည်းအရုံးလုပ်ငန်းတွေ သူ့အစား ဘယ်သူလုပ်နေသလဲ။"

"သခင်တင်မောင်ကြီးလုပ်နေတယ်။ သခင်တင်မောင်ကြီးကိုသိလား။"

"နာမည်သာကြားဖူးတယ်။ လူကိုတော့မသိဘူး။"

"ကဲ ကဲ- ကိုယ် စာရေးစရာရှိသေးတယ်။ နောက်ဖေးမှာ သခင်တင်ဦးရှိတယ်။"

သခင်ခင်အောင့်စားပွဲကထလာပြီး နောက်ဖေးခန်းသို့ ဝင်ခဲ့သည်။ လက်နှိပ်စက်သံကြားနေရသည်။ ပြတင်းပေါက်အလင်းရောင်အောက်တွင် မျက်နှာသုတ်ပဝါတစ်ထည်ကို လည်ပင်းတွင်ဘယ်ညာချကာ လက်နှိပ် စက်ရိုက်နေသောသခင်တင်ဦး (နောင်- မြန်မာ့အသံဌာနချုပ်ဦးတင်ဦး)ကို တွေ့ရသည်။ လက်နှိပ်စက်သံကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော် သူ့အနားရောက်နေသည်ကိုပင် သူမသိ။ သူ့မျက်လုံးများမှာ စာရွက်ပေါ်တွင်ရှိနေပြီး လက်များမှာမူ လက်နှိပ်စက်ခလုတ်များအပေါ်တွင် ခုန်ပေါက်နေသည်။

သူ့ပခုံးကို အသာတို့လိုက်ရာ ဖျတ်ခနဲလှည့်ပြီး "ဟေ့- ဖိုးတင်မြ။ ဘယ်တုန်းက ရောက်နေလဲ။" -ဟု ဝမ်းသာအယ်လဲ နှုတ်ဆက်သည်။ စားပွဲမှ ထလိုက်ပြီး

"ကဲ- ဘယ့်နယ်လဲ။ ထောင့်အရသာ မြည်းကြည့်ပြီးပြီလား။"

"ထောင်ကို မရောက်သေးပါဘူးဗျာ။ အချုပ်ပဲရှိပါသေးတယ်။ အင်း- ထောင်အရသာဆိုသည်မှာ ပူထူသွားပြီး တစစ်စစ်နဲ့နာတာပါတကား။"

"ဘယ်လို ဘယ်လို"

"သြော်- ခနဖြုဂါတ်တဲမှာ ပုလိပ်က နရင်းအုပ်လိုက်လို့ ပူထူသွားပြီး၊ သာယာဝတီဂါတ်တဲကျတော့ ကြမ်းပိုးကိုက်တာနှင့် တစ်ညလုံးအိပ်မရတာပြောတာပါ။ ဟဲ ဟဲ"

"ဟဲ ဟဲ- ကောင်းတယ်။ နောက်ကို အဲဒီထက်ထူးတဲ့အရသာတွေ မောင်ရင် တွေ့ရဦးမယ်။ မောင်ရင် ခု သာယာဝတီကလာတယ်ပေါ့၊ ဟုတ်လား။ ဒါထက် သခင်မြပါသလား။"

"ပါတယ်။ ဟို အတွင်းရေးမှူးအခန်းထဲမှာ။"

"ဒါဖြင့် ဟန်ကျပြီ။"-ဟု ပြော၍ အိမ်ရှေ့ခန်းသို့ ကမန်းကတန်းထွက်သွားသဖြင့် ကျွန်တော်လည်း ဧည့်ခန်းသို့ သူ့နောက်ကလိုက်သွားသည်။

သခင်တင်ဦးသည် အတွင်းရေးမှူးအခန်းထဲဝင်သွားသည်။ ကျွန်တော်က ဧည့်ခန်းတွင်ချိတ်ထားသော ဌာနချုပ် ရန်ပုံငွေအလှူခံပုံးကို နံရံမှဖြုတ်၍ လှုပ်ကြည့်မိသည်။ ဘာသံမျှမထွက်။ ခတ်ထားသော သော့ခလောက်ကသာ ဂလောက်ဂလောက် မြည်နေသည်။

အပေါ်တက်လာနေသော လူတစ်ယောက်၏ တဖျပ်ဖျပ်ဖိနပ်သံကို ကြားရသည်။ ဖိနပ်သံ လှေကားထိပ်သို့ ရောက်လာသောအခါ အသားလတ်လတ် မျက်မှန်ထူထူနှင့် သူ့ဘေးတွင်လည်း လွယ်အိတ်ကြီးလွယ်ထားသည့် သခင်ကျော်စိန်ကို တွေ့ရသည်။ ကျွန်တော့်ကို သိကျွမ်းခြင်းမရှိသော သခင်ကျော်စိန်က ကျွန်တော့်ကို ခေါင်းငဲ့ကြည့်ပြီး ဘုရားခန်းဘက်ရှိစားပွဲတွင် သွားထိုင်သည်။

အတွင်းရေးမှူးအခန်းတွင်းမှ သခင်မြနှင့်အတူ ဆံပင်ကောက်ကောက် အသားညိုညိုလူတစ်ယောက် ထွက်လာသည်။ သူတို့ ၂ ယောက်နောက်က သခင်တင်ဦးကပ်ပါလာသည်။ သခင်မြနှင့် ဆံပင်ကောက်ကောက်လူတို့ စကားပြောပြတ်သွားသည်နှင့် သခင်တင်ဦးက သခင်မြအား ပြုံးဖြဲဖြဲမျက်နှာပေးနှင့်ကြည့်၍

"ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ ဒီမနက်"

"အေး အေး- သိပါတယ်ကွာ။ သခင်တင်မောင်က ပြောထားပြီးပါပြီ။"-ဟု သခင်မြက ပြုံး၍ ပြောရင်း အင်္ကျီအိတ်ထဲမှ ၁၀ တန်တစ်ချပ်ကို ထုတ်ပေးလိုက်ပါသည်။ သခင်တင်ဦးက ပြုံးဖြီးဖြီးနှင့်ပင် ၁၀ တန်ငွေစက္ကူကို မမြင်ဘူးလေဟန် ဖင်ပြန်ခေါင်းပြန်လှန်ကြည့်နေသည်။

ဆံပင်ကောက်ကောက်နှင့်လူက သူ၏ခပ်မဲ့မဲ့နှုတ်ခမ်းပေါ်တွင် အပြုံးပန်းဆင်ထားရင်း ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော်တို့အနားရောက်လာသော သခင်ခင်အောင်က

"ဖိုးတင်မြ။ သခင်တင်မောင်ကြီးဆိုတာ သူပဲ။ သခင်အောင်ဆန်းရဲ့ ဌာနချုပ်အထွေထွေအတွင်းရေးမှူးနေရာမှာ တာဝန်ယူနေတယ်။"

သခင်တင်မောင်ကြီးဘက်သို့လှည့်ပြီး "ကျွန်တော်ပြောတဲ့ ခနဖြုကသခင်တင်မြဆိုတာ သူပဲ။"

သခင်တင်မောင်ကြီးသည် နှစ်လိုဖွယ်ပြုံးလိုက်ပြီး ကျွန်တော့်အား အသိအမှတ်ပြုဟန်ဖြင့် ကြည့်လိုက်သည်။

mgyoe.com SAMPLE BOOK

"ကဲ- အခန်းထဲသွားရအောင်။ သခင်တင်မြအဖမ်းခံရပုံနှင့် ခနဖြူကအခြေအနေတွေ ပြောပြပါဦး။" ဟု ပြောပြောဆိုဆို ကျွန်တော့်ပခုံးကိုင်၍ အထွေထွေအတွင်းရေးမှူးအခန်းထဲသို့ ခေါ်သွားပါသည်။

စားပွဲနောက်ရှိကုလားထိုင်တွင်ဝင်ထိုင်ရင်း သခင်တင်မောင်ကြီးက စားပွဲရှေ့ကုလားထိုင်တွင် ကျွန်တော့်ကို ထိုင်ခိုင်းသည်။ ကျွန်တော့်အား အဖမ်းခံရပုံများကို မေးသည်။ နောက် ခနဖြူမြို့နယ်အစည်းအရုံး၏ စည်းရုံးရေးအခြေအနေနှင့် စည်းရုံးရေးရှေ့လုပ်ငန်းအစီအစဉ် လျာထားချက်များကို မေးသည်။

ကျွန်တော်က သူမေးသမျှကို ပြန်ဖြေကြားနေစဉ်မှာပင် သခင်မြဝင်လာပြီး 'သူ သွားစရာရှိသေးသည်။ ညနေကျမှ ဝင်ခေါ်မည်။'-ဟု ပြော၍ ထွက်သွားပါသည်။

ကျွန်တော်တို့ စကားပြောပြီး အပြင်ထွက်လာသောအခါ သခင်ကျော်စိန်ထိုင်နေသော စားပွဲရှေ့တွင် အဝတ်အစားခပ်နွမ်းနွမ်းနှင့် လူ ၂ ယောက်ကို တွေ့ရသည်။ သခင်ကျော်စိန်က အလုပ်သမားစည်းရုံးရေးကိစ္စများကို ပြောဟောနေသည်။

ကျွန်တော်သည် စကားပြောမည့်သူမရှိသဖြင့် သခင်ခင်အောင့်စားပွဲက ဆယ်သန်း, မြန်မာ့အလင်း, သူရိယ စသည့်သတင်းစာများကိုယူ၍ ဟိုလှန်သည်လှန် ကြည့်နေမိသည်။

သတင်းစာတွင် နိုင်ငံခြားသတင်းနှင့်ပတ်သက်၍ ပြင်းထန်လာသော ဥရောပစစ်မျက်နှာ၏အခြေအနေများကို စာလုံးမည်းများဖြင့် အသားပေးဖော်ပြထားသည်ကို တွေ့ရသည်။

ပြည်တွင်းပြည်ပ

ဥရောပစစ်သတင်း။ အထူးသဖြင့် ပြင်သစ်ပြည် ဒန်းကပ်ကမ်းခြေတွင် ဗြိတိသျှစစ်တပ်များ မရှုမလှ ဆုံးရှုံးနေသည့်သတင်းကို ဖော်ပြထားသည်။

ဇွန်လ ၄ ရက်နေ့စွဲနှင့် ၅ ရက်နေ့စွဲ ရိုက်တာသတင်းများအရ ဒန်းကပ်စစ်သတင်းများနှင့်ပတ်သက်၍

'ဗြိတိသျှနှင့် မဟာမိတ်တပ်များ ဒန်းကပ်မှ အောင်မြင်စွာ ဆုတ်ခွာခဲ့ကြပြီ'

'ဒန်းကပ်တွင် ဗြိတိသျှတပ်များကို လက်စတုံးပစ်မည်ဟူသော နာဇီတို့၏အကြံ ပျက်သွားပြီ'

'နှန်းရင်းဝန်ကြီး မစ္စတာချာချိုက စစ်ကြီးကို ပြီးဆုံးသည်အထိ ဆက်တိုက်မည်ဟု ပါလီမန်တွင် မိန့်ခွန်းပြောကြားခြင်း' စသော သတင်းခေါင်းစဉ်များတပ်ကာ သတင်းစာတိုင်းတွင် ဝေဝေဆာဆာ ထည့်ထားကြသည်။

ရိုက်တာသတင်းတစ်ခုတွင် မေလ ၃၁ ရက်နေ့မှ ဇွန်လ ၄ ရက်နေ့အထိ ပြင်သစ်ပြည်ကမ်းခြေဒန်းကပ်ခြေကုပ်စခန်းအား ဂျာမန်တပ်မပေါင်းများစွာက သုံးဖက်သုံးတန်မှ ကုန်းတပ်, အမြောက်တပ်, လေတပ်တို့နှင့် ဖိနှိပ်တိုက်ခိုက်နေဆဲတွင် ပြင်သစ်တပ်သားပေါင်း ၃ သောင်း ၆၀၀၀ အပါအဝင် ဗြိတိသျှနှင့် မဟာမိတ်တပ်သားပေါင်း ၁ သိန်း ၆ သောင်း ၅၀၀၀ သည် စစ်သင်္ဘောကြီး,ငယ် ၈၅၀ ကို အသုံးပြု၍ ဒိဇာရေလက်ကြားကို ဖြတ်ကျော်ကာ အင်္ဂလန်ကမ်းခြေသို့ စနစ်တကျ ဆုတ်ခွာလာနိုင်ခဲ့ကြောင်း၊ ဤသို့ ဆုတ်ခွာလာနိုင်ခြင်းမှာ ဗြိတိသျှ ဘုရင့်ရေတပ်မတော်နှင့် ဘုရင့်လေတပ်, ကုန်းတပ်တို့၏ သတ္တိပြောင်မြောက်သော စွန့်စားမှုများကြောင့်ဖြစ်ကြောင်း-ဟူ၍ ဗြိတိသျှအစိုးရ၏ သတင်းထုတ်ပြန်ချက်အရ ဖော်ပြထားသည်။

ဂျာမန်သတင်းဌာနများ၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားဖော်ပြသော လစ်စဘွန်က ရိုက်တာသတင်းတစ်ခုကမူ 'ဒန်းကပ်တွင် ဗြိတိသျှနှင့် ပြင်သစ်တပ်သားများသည် ဂျာမန်ခြေလျင်တပ်များ၏ အတင်းထိုးဖောက်တိုက်ခိုက်ခြင်းကြောင့် အတုံးအရုံးကျဆုံးနေကြောင်း၊ စစ်သုံ့ပန်း မည်ရွေ့မည်မျှ ဖမ်းဆီးရမိလိုက်ကြောင်း၊ သင်္ဘောများဖြင့် ထွက်ပြေးရန်ကြိုးစားနေသော ဗြိတိသျှနှင့် ပြင်သစ်တပ်သားများအား ဂျာမန်လေတပ်တိုက်လေယာဉ်များက တစ်သုတ်ပြီးတစ်သုတ် နိမ့်စွာပျံသန်း ပစ်သတ်ခဲ့ခြင်းကြောင့် ပင်လယ်ကမ်းခြေတစ်

mgyoe.com SAMPLE BOOK

လျှောက်တွင် အလောင်းများ မရေမတွက်နိုင်အောင် ပြန့်ကျဲနေကြောင်း၊ ဂျာမန်ဗုံးကြဲလေယာဉ်များက ထွက်ပြေးမည့်စစ်သားများကို သယ်ယူနေသော သင်္ဘောကြီးငယ်များအား ဗုံးကြဲနှစ်မြှုပ်ပစ်သဖြင့် တစ်ဝက်မျှ နှစ်မြှုပ်ပျက်စီးသွားပြီဖြစ်ကြောင်း' စသည်ဖြင့် ရေးသားထားပေသည်။

ထို့ပြင် နော်ဝေးစစ်မျက်နှာတွင်လည်း ဂျာမန်တပ်များ၏ ထိုးစစ်ဆင်မှုကြောင့် လည်းကောင်း၊ အင်္ဂလန်ကျွန်းကိုလည်း ဂျာမန်တပ်များ ဝင်ရောက်တိုက်ခိုက်လာမည် စိုးရွံ့၍ လည်းကောင်း၊ ဗြိတိသျှတပ်များ အလျင်အမြန် ဆုတ်ခွာသွားရန် ပြင်ဆင်မှုများကို တွေ့မြင်ရကြောင်းဖြင့် သတင်းတစ်ရပ် ဖော်ပြထားပြန်သည်။

ဇွန်လ ၄ ရက်နေ့ ဘီလပ်ပါလီမန်တွင် နန်းရင်းချုပ်ကြီး မစ္စတာချာချိုက ဒန်းကပ်အရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားရင်း

'ကျွန်ုပ်တို့သည် ပြင်သစ်ပြည်မှနေ၍လည်း တိုက်မည်။ ပင်လယ်ပြင်တွင်လည်း တိုက်မည်။ အင်အားကြီးမား တိုးတက်နေပြီဖြစ်သော လေကြောင်းဘက်မှလည်း တိုက်မည်။ အင်္ဂလန်ကျွန်းကို ဖြစ်သည့်နည်းနှင့် ကာကွယ်မည်။ ကျွန်ုပ်တို့ မည်သည့်အခါမျှ လက်နက်ချမည်မဟုတ်။'-ဟု ကြေညာသွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဤစစ်သတင်းများအရ ဗြိတိသျှနယ်ချဲ့ခြေသေ့ကြီး မျက်လုံးနီနေလေပြီ။ ဗြိတိသျှနယ်ချဲ့သမားသည် စစ် တစ်ရှုံးတည်းရှုံးနေပြီ။ ယခုအခါ အင်္ဂလန်ကျွန်းတွင်ပင် ချောင်ပိတ်မိနေသလို ဖြစ်နေပေပြီ။ ဤသို့ ဗြိတိသျှနယ်ချဲ့သမား မျက်ဖြူဆိုက်နေခြင်းမှာ ကျွန်တော်တို့ တို့ဗမာအမျိုးသားများအတွက် အကြိုက်ပင် ဖြစ်ပေသည်။ ကျွန်တော်တို့၏ လက်စွဲဆောင်ပုဒ်သည် 'အင်္ဂလိပ်အခက် ဗမာအချက်'ပင် မဟုတ်လော။ လက်ပန်းပေါက်ခတ်ရမည့်အချိန်ကား မဝေးတော့ပြီ။

စစ်သတင်းများကိုကြည့်ပြီး ပြည်တွင်းသတင်းများကို ကြည့်လိုက်ပြန်သည်။

ဦးပု အစိုးရအဖွဲ့အတွင်းရှိဝန်ကြီးများ တစ်ယောက်နှင့်တစ်ယောက် ချောက်တွန်းပြီး ရာထူးလုနေသည့် သတင်းများ၊ ဦးစောက ဦးဘဖေအား အဆင်းတွန်းနေသောသတင်းများနှင့်အတူ ၄င်း၏ 'လွတ်လပ်ရေးရအောင်ယူပေးမယ်' ဟူသော ဖြီးဖြန်းဟိန်းဟောက်သံများ၊ ဤသတင်းများထက် သတင်းစာ၏ကော်လံအတော်များများတွင်နေရာယူထားသည့် သတင်းများမှာကား တို့ဗမာသခင်များအား အနှယ်နှယ်အရပ်ရပ်တွင် ကာကွယ်ရေးပုဒ်မ ၂၆ နှင့် လည်းကောင်း, ပုဒ်မ ၃၆ နှင့် လည်းကောင်း, ပုဒ်မ ၁၂၄(က) အကြည်ညို ပျက်စေမှုအရ လည်းကောင်း ဖမ်းဆီးနေသောသတင်းများပင် ဖြစ်ပေသည်။

'ကျောက်ဆည်မြို့မှ သခင်သန်းမြိုင်, သခင်ရွှေအုပ်, သခင်တင်ရွှေ, သခင်ချမ်းသိမ်းတို့အား ကာကွယ်ရေးပုဒ်မဖြင့် ဖမ်းလိုက်ပြီ။'

'မြောင်းမြခရိုင် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်အုံးဖေအား နံနက်စောစော အိမ်တွင် ပုလိပ်များက ဝိုင်းဖမ်းလိုက်ခြင်း' စသော ကျွန်တော်မသိသည့် နယ်သခင်ခေါင်းဆောင်များ အဖမ်းခံရသည့်သတင်းများကား တစ်သီတစ်တန်းကြီးပင်။

ဆယ်သန်းအယ်ဒီတာက ဒေးဒရဲကသတင်းကို ခေါင်းစဉ်တပ်ထားသည်မှာ ဖတ်ချင်စဖွယ်ပင် ဖြစ်၏။

'မြသီတာတောစခန်းမှ အဟောကြမ်းသည့် တောသားခေါင်းဆောင်သခင်မောင်မောင် ထောင် ၁ နှစ် ကျသွားပြီ။'

ဖျာပုံ ကျွန်ုပ်တို့သတင်းထောက်ထံမှ။ ။ လွန်ခဲ့သော တစ်လခန့်က ဒေးဒရဲမြို့ တို့ဗမာအစည်းအရုံး၏ ကွန်ဖရင့်၌ လူထုအား ဖျော်ဖြေကပြသော 'မင်းကြီးရန်နောင်'ပြဇာတ်တွင် သိုဟန်ဘွားရှမ်းဘုရင်အား ထကြွပုန်ကန်ကြရန် တောသူတောင်သား မြန်မာဆင်းရဲသားလူထုကို စည်းရုံးလှုံ့ဆော်သော အခန်းတစ်ခန်း ပါရှိခဲ့ကြောင်း။ ထိုအခန်းတွင် ဒေးဒရဲမြို့နယ် တို့ဗမာအစည်းအရုံး ခေါင်းဆောင်တစ်ယောက်ဖြစ်သော သခင်မောင်

mgyoe.com SAMPLE BOOK

မောင်က 'မြသီတာ တောစခန်းမှ တောသားခေါင်းဆောင်' ဟူသောဇာတ်ကောင်အဖြစ် ပါဝင်၍ ပြဇာတ်စင်ထက်က ဟောပြောရာ၌ ပြဇာတ်ဇာတ်လမ်းနှင့် ကိုက်ညီအောင် 'သိုဟန်ဘွားရှမ်းဘုရင်ရဲ့သွေးနှင့် ခြေဆေးမဟေ့' ဟု ကြွေးကြော်ရမည့်အစား 'ကုလားဖြူဘုရင်ခံရဲ့သွေးနှင့် ခြေဆေးမဟေ့' ဟု ကြွေးကြော်ခဲ့ကြောင်း။

ဤသို့ ပြဇာတ်တွင်ဟောပြောခဲ့ခြင်းကြောင့် ဖျာပုံစီရင်စုရာဇဝတ်ဝန်က သခင်မောင်မောင်ကို ပုဒ်မ ၁၂၄(က) အရိုးရအကြည်ညိုပျက်စေမှုဖြင့် ဖျာပုံရာဇဝတ်တရားသူကြီးရုံးတွင် တရားစွဲဆိုခဲ့ကြောင်း။ အကြိမ်ကြိမ် စစ်ဆေးပြီး တရားသူကြီးက သခင်မောင်မောင်အား .....နေ့က အမှုထင်ရှားသည်ဟု အကြောင်းပြ၍ ထောင် ၁ နှစ် ချလိုက်ခြင်းဖြစ်ကြောင်း။ သခင်မောင်မောင်အား ဘီကလပ်အဆင့်တန်း ပေးလိုက်ကြောင်း။

ဒေးဒရဲသခင်မောင်မောင်ကို ၁၉၄၀ ခုနှစ် မေလတွင်ကျင်းပခဲ့သော သာယာဝတီညီလာခံ၌ ဘင်တီးဝိုင်းအဖွဲ့ကိုခေါင်းဆောင်လာသော လက်ရုံးတပ် တာဝန်ခံတစ်ယောက်အဖြစ် ကျွန်တော်သိခဲ့သည်။ ယခုထောင်ထဲရောက်သွားလေပြီ။

* * *

သခင်တင်ဦးက ထမင်းစားသွားကြရန်ခေါ်သဖြင့် အားလုံးထ၍ အစည်းအရုံးအောက်သို့ ဆင်းကြသည်။ သခင်ကျော်စိန်က အလုပ်သမားခေါင်းဆောင် ၂ ယောက်နှင့် စကားအဆက်မပြတ်သေးသဖြင့် အစည်းအရုံးပေါ်တွင် ကျန်ရစ်သည်။ အစည်းအရုံးနှင့် မလှမ်းမကမ်းလမ်းထိပ်က လက်ဖက်ရည်ဆိုင်နှင့်တွဲထားသော ထမင်းဆိုင်တွင်းသို့ ကျွန်တော်တို့ ဝင်ခဲ့ကြသည်။

သခင်တင်ဦးက ဆိုင်ရှင်အား

"ကဲ- အကြွေးတွေပါရှင်းမယ်ဗျို့။ ထမင်း ၄ ပွဲလုပ်ပါဦး။"

ဆိုင်ရှင်က သခင်တင်ဦးကို ပြုံးကြည့်ပြီး "ဟုတ်မှလည်းလုပ်ပါ သခင်တင်ဦးရာ။" ဟုပြောရင်း ထမင်းပွဲ လှမ်းအပြင်ခိုင်းလိုက်သည်။

ထမင်းစားပြီးသည်နှင့် အစည်းအရုံးသို့ပြန်လာကြသည်။ ကျွန်တော်သည် ထိုနေ့တစ်နေ့လုံး ဌာနချုပ်အစည်းအရုံးတွင်ပင် ဌာနချုပ်ကနောက်ဆုံးထုတ်ပြန်သော နိုင်ငံရေး, အလုပ်သမားအရေး, တောင်သူလယ်သမားအရေးနှင့်ပတ်သက်သည့် ကြေညာချက်, ညွှန်ကြားချက်များကို လေ့လာရင်း အချိန်ကုန်ခဲ့သည်။

ညနေ ၄ နာရီခွဲလောက်တွင် သခင်မြရောက်လာသဖြင့် သာယာဝတီစီရင်စုအစည်းအရုံးအတွက် ပေးလိုက်သော ကြေညာချက်နှင့် ညွှန်ကြားချက်စာထုပ်များကိုယူ၍ သခင်မြနှင့်အတူ စမ်းချောင်း တည်းခိုအိမ်သို့ ပြန်ခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့ သာယာဝတီသို့ ပြန်လာခဲ့ကြသည်။

လက်ပံတန်း

သာယာဝတီရောက်ပြီး နောက်တစ်နေ့မှာပင် ဌာနချုပ်မှပေးလိုက်သောစာထုပ်များကို စက်ဘီးပေါ်တင်၍ သခင်သန်းတင်, သခင်ဖေအောင်တို့နှင့်အတူ စက်ဘီးကိုယ်စီဖြင့် လက်ပံတန်းသို့ နံနက်စောစော ထွက်လာခဲ့ကြသည်။

လက်ပံတန်းတွင် ကျောင်းသားသမဂ္ဂအစည်းအဝေး ရှိသည်။ ထိုအစည်းအဝေးသို့ တက်ရောက်ဟောပြောရန် ဖိတ်စာရထားသည်။ ဌာနချုပ်မှပေးလိုက်သော စာရွက်စာတမ်းများကို လက်ပံတန်းတွင်ရှိသည့်

mgyoe.com

mgyoe.com SAMPLE BOOK

သာယာဝတီစီရင်စု တို့ဗမာအစည်းအရုံးအတွင်းရေးမှူး သခင်ချစ်မောင် (နောင် ဝိဂ္ဂရသခင်ချစ်မောင်)အား ပေးရန်လည်း ဖြစ်သည်။

ကောင်းကင်တွင် ရွှေလျားနေသော မိုးသားအစိုင်အခဲများအကြားမှ တစ်ခါတစ်ခါ ထွက်ပြူစနေရောင်ကို မြင်ရသည်။ မိုးမရွာ။ မိုးနှံ့သင်းနေသော လေရမ်းက အရှေ့တောင်မှ အတန်ပြင်းပြင်းကလေး ဖိတိုက်နေသည်။ စက်ဘီးနင်းရသည်မှာ လေစုန်ဖြစ်၍ မပင်ပန်း။ မျက်နှာချင်းဆိုင် လေဆန်နင်းလာသူများအဖို့ကား ဝတ်ထားသော အင်္ကျီများဖောင်းနေပြီး ပုဆိုးများက တစ်ခါတစ်ခါ လန်သွားလေ့ရှိသည်။ အားစိုက်နင်းရသဖြင့် မျက်နှာများတွင် ချွေးများပြန်၍ တဟောဟောနှင့် မောနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့ ၃ ဦးသည် လက်ပံတန်းသို့ အမြန်ရောက်ရန် ကားအသွားအလာရှင်းသော နေရာတွင် အပြိုင်နင်းကြသည်။ လေအစုန်တွင် အားကုန်နင်းကြသဖြင့် မော်တော်ကားတမျှ မြန်သည်။ ဤလိုနှင့်ပင် ကျွန်းကလေးတံတားကိုလွန်၍ လက်ပံတန်းမြို့တွင်းသို့ ဝင်ခဲ့ကြလေသည်။

မြို့တွင်းလမ်းချိုးတစ်ခုတွင်ရှိသော 'မြို့မဆေးတိုက်'ရှေ့၌ စက်ဘီးပေါ်မှ ဆင်းကြသည်။ ဆေးတိုက်အတွင်း အသားဖြူဖြူ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖီးထားသော အသက် ၂၀ ကျော်ခန့် ကိုယ်ဟန်သွယ်သွယ် အရပ်ပုပုနှင့်လူတစ်ယောက် ထွက်လာသည်။

"သခင်သန်းတင်တို့ ရောက်လာကြပြီလား။" ဟူသော သူ့အသံမှာ လူဟန်နှင့်ညီညာစွာ နွဲ့သံပါနေသည်။

"ရောက်ရပြန်ပေါ့ မိဘရွှေမြို့တော်။ ဟဲ ဟဲ- ခင်ဗျားတို့က အားထားပြီးဖိတ်တော့လည်း အဟောကောင်းအပြောကောင်းမင်းသားကြီးများ ထောင်ထဲကျောင်းရအောင် ကြွလာရတာပေါ့ဗျား။ ဟဲ ဟဲ"

သခင်သန်းတင်က တဟဲဟဲနှင့်ပြောနေသည်။

"ကဲ- ဆိုင်ထဲကိုလာကြ လာကြ။ ဟိုဘက်ကဘယ်သူ။"

"မကြာမီ သာယာဝတီထောင်နန်းကိုစံမြန်းတော့မယ့်ကိုယ်တော်။"

ထိုသူက ကြားဖြတ်၍

"သြော်- သခင်တင်မြ ဆိုတာလား။"-ဟု ပြောပြီး ဆေးဆိုင်တွင်းသို့ ကျွန်တော်တို့ကို ရှေ့ဆောင်ခေါ်သွားသည်။ အထဲရောက်မှ သခင်သန်းတင်က

"ကျောင်းသားသမဂ္ဂရဲ့ ဩဝါဒါစရိယကိုသန်းမြင့်ဆိုတာ သူပဲ။"-ဟု မိတ်ဆက်ပေးသည်။ ကျွန်တော်က တွေ့ရတာဝမ်းသာကြောင်းပြောသည်။

ကိုသန်းမြင့်မှာ ကျောင်းမှထွက်ပြီး မြို့မဆေးတိုက်တွင် အလုပ်ဝင်လုပ်နေသည်။ ၁၃၀၀ ပြည့် ကျောင်းသားသပိတ်တွင် ခေါင်းဆောင်ခဲ့သူဖြစ်သည်။ လက်ပံတန်းကျောင်းသားသမဂ္ဂ, သာယာဝတီစီရင်စု ကျောင်းသားသမဂ္ဂတို့တွင် နောက်ကွယ်က အကူအညီပေးနေသူဖြစ်သည်။

နေ့လယ် အစည်းအဝေးမလုပ်မီ ကျောင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ တို့ဗမာအစည်းအရုံး၏ နောက်ဆုံး နိုင်ငံရေးသဘောထားများကို ဆွေးနွေးကြရန် စီစဉ်ထားကြောင်း ကိုသန်းမြင့်က ပြောပြသည်။

မြို့မဆေးတိုက်မှထွက်ခဲ့ပြီး၊ သခင်သန်းတင်နှင့်အတူ မီးရထားဘူတာအနောက်ဘက်တွင်ရှိသော သခင်ချစ်မောင်အိမ်သို့ သွားသည်။ သခင်ဖေအောင်မှာ သူ့အသိတစ်ယောက်ကိုသွားတွေ့ရန် ကျန်ရစ်သည်။ သခင်ချစ်မောင်နေသောအိမ်မှာ အိမ်မြင့်မြင့် ၂ ထပ်၊ အမိုးက သက်ငယ်၊ အထက်ထပ် အပြီးမသတ်ဘဲထားသည်မှာ ဘယ်နှစ်ကြာပြီ မသိ။ အောက်ထပ်ကြမ်းခင်းကလည်း အပေါစားသစ်ဖြင့် ခင်းထားသည်။ သခင်ချစ်မောင်မှာ နေမကောင်းဖြစ်နေသည်။

mgyoe.com SAMPLE BOOK

ဌာနချုပ်မှပေးလိုက်သော စာရွက်စာတမ်းများကိုပေးပြီး ဌာနချုပ်၏ နောက်ဆုံးအခြေအနေများကို ပြောပြရသည်။ သခင်ချစ်မောင်က နေမကောင်းတဲ့အတွက် နယ်လည်းမဆင်းနိုင်၊ အလုပ်တွေပုံနေကြောင်း ညည်းညူနေသည်။ အတန်ကြာပြောဆိုကြပြီး သုံးဆယ်မြို့နယ်အစည်းအရုံးမှ သခင်မြလေးထံသို့ ခွဲပေးလိုက်သော စာရွက်စာတမ်းများကိုယူ၍ သခင်ချစ်မောင်အိမ်မှ ထွက်လာသည်။

မြို့မဆေးတိုက်မှ ကိုသန်းမြင့်စီစဉ်ပေးသော အိမ်တစ်အိမ်တွင် ထမင်းစားပြီးကြသည်နှင့် ကျောင်းသားခေါင်းဆောင်များကိုစုခေါ်ထားသည့် အိမ်တစ်အိမ်သို့ ကျွန်တော်တို့ကို ကိုသန်းမြင့်ကခေါ်သွားသည်။

ကျောင်းသားခေါင်းဆောင် ၁၀ ယောက်ခန့် ရှိသည်။ သူတို့အားလုံး တက်တက်ကြွကြွနှင့် စိတ်အားထက်သန်လျက်ရှိကြောင်းကို ၄င်းတို့၏လှုပ်ရှားမှုဟန်ပန်များ၌ပင် ထင်ရှားစွာ တွေ့နေကြရသည်။

သူတို့၏အသက်အရွယ်များမှာ ကျွန်တော်တို့လောက်ပင် ရှိကြသည်။ ကျောင်းသားခေါင်းဆောင်များကို တို့ဗမာအစည်းအရုံးမှ ချမှတ်ထားသော 'အင်္ဂလိပ်အခက် ဗမာအချက်' ဗမာ့လွတ်မြောက်ရေးတိုက်ပွဲသဘောထားများကို ဆွေးနွေးရှင်းလင်းပြသည်။ ဌာနချုပ်မှ နောက်ဆုံးထုတ်ဝေသော ကြေညာချက်များကိုလည်း လေ့လာရန် ပေးခဲ့သည်။

၄င်းတို့နှင့် ဆွေးနွေးပြီးသည်နှင့် အစည်းအဝေး ကျင်းပမည့်နေရာသို့ သွားကြသည်။ အစည်းအဝေးသို့ တက်ရောက်လာသည့် ပရိသတ်မှာ ၂၅၀ ခန့်ရှိစေကာမူ အများဆုံးပရိသတ်မှာ အလယ်တန်းကျောင်းသားအရွယ် လူငယ်ကလေးများ ဖြစ်သည်။ မူလတန်းကျောင်းသားကလေးများလည်း ပါသည်။

ကျောင်းသားငယ်ကလေးများ၏ ဆူသံအော်သံများကို ထိန်းသိမ်းရင်းဖြင့် ကျောင်းသားအစည်းအဝေးကို ပြီးဆုံးအောင် ပြုလုပ်သွားရသည်။ အစည်းအဝေးတွင် ကျွန်တော်လည်း တို့ဗမာအစည်းအရုံး၏သဘောထားများကို အနည်းငယ်ဟောပြောခဲ့သည်။

ညနေ ၄ နာရီလောက်တွင် ကျောင်းသားခေါင်းဆောင်များအား နှုတ်ဆက်ပြီး သာယာဝတီသို့ ပြန်ကြသည်။ ညနေပိုင်း မိုးမရွာမီ သာယာဝတီသို့ရောက်စေရန် ဝိရိယထုတ်ပြီး စက်ဘီးကိုနင်းစေကာမူ ဘောင်ဘက်ကဖိနေသော လေပြင်းကြောင့် ခရီးမတွင်။ အားစိုက်ခွန်စိုက်နင်းသော်လည်း စက်ဘီးအရှိန်မရ။ ခရီးတစ်ဝက်လောက်မှာပင် မိုးသက်လေက ကျလာတော့သည်။ လေကဖိတိုက်လွန်းသဖြင့် စက်ဘီးမှာ မနွေ့သလောက် ဖြစ်နေသည်။ နားရင်း နင်းရင်းဖြင့်ပင် တဖြည်းဖြည်း သာယာဝတီ ရောက်ရသည်။

သခင်မြအိမ်သို့ရောက်သည်နှင့် သခင်သိန်းမောင်ပြော၍ သိရသောသတင်းမှာ 'သာယာဝတီညီလာခံတွင် တရားဟောမှုဖြင့် ကာကွယ်ရေးပုဒ်မ ၃၈ အရ အဖမ်းခံရသော ဦးသုမန၊ သာယာဝတီတွင် အမှုဆိုင်ရန် မနေ့ကပင် သာယာဝတီထောင်သို့ ရောက်နေသည်။ နောက် ၃ ရက်အကြာတွင် ရာဇဝတ်တရားသူကြီး မဒွတ်ဒီလုံးရုံးတွင် အမှုစစ်ဆေးလိမ့်မည်။ ထိုအမှုတွင် တရားခံဘက်မှရှေ့နေအဖြစ် သခင်မြနှင့် သခင်တင်တို့က ဆောင်ရွက်လိမ့်မည်။' -ဟူ၍ဖြစ်၏။

ကိုလိုနီရုံးခန်း

တရားသူကြီး မစွတ်ဒီလုံးရုံးခန်း တစ်ဖက်တစ်ချက်စကြံတွင် ကျွန်တော်တို့လူထုနှင့် ပြည့်နေသည်။ တူကာရည်သုံးရောင်ခြယ်အလံများမှာ စကြံလက်တန်းများအပေါ်မှ အပြင်သို့ထိုးထွက်၍ တလွင့်လွင့်လှုပ်ရှားနေသည်။

သခင်သန်းတင်, သခင်သိန်းမောင်, သခင်ဖေအောင်, သခင်မမတင်တင်အေးနှင့် ကျွန်တော်တို့ ဦးဆောင်လာသော သာယာဝတီမြို့နယ်မှ လူထုမှာ ၁၅၀ ခန့်ရှိ၍၊ သုံးဆယ်နယ်မှ သခင်မြလေး ဦးဆောင်လာသော လူထုမှာ ၁၀၀ ခန့် ရှိပေသည်။

mgyoe.com SAMPLE BOOK

တရားသူကြီး မစ္စတာဒီလုံးမှာ အသက် ၄၀ ကျော်။ သခင်မြတို့အရွယ်လောက်ပင် ရှိမည်။ အသားနီစပ်စပ်နှင့် ပိန်ပိန်ပါးပါး။ သူ့အား ဣုးကပြားဟု ပြောကြသည်။ ဗမာစကားလည်း ကောင်းစွာတတ်သည်။

တရားသူကြီးရှေ့မှဝက်ခြံထဲရှိ ကုလားထိုင်တစ်ခုပေါ်၌ ဦးသုမန ထိုင်နေသည်။ ဘေးတစ်ဖက်စီတွင် ပုလိပ် ၂ ယောက်က ဟန်တင်းတင်းနှင့် ရပ်နေသည်။ အစိုးရရှေ့နေနှင့်အတူ တရားခံရှေ့နေ သခင်တင်တို့က စားပွဲတစ်ခုအနီးတွင် ထိုင်လျက်ရှိကြသည်။

နောက်ဆုံးလျှောက်လဲရာတွင် ဦးသုမနက 'သူကိုယ်တိုင်လျှောက်လဲမည်'ဟု ယခင်ရုံးချိန်းတုန်းကပင် ပြောထားသည်။

မကြာမီ အမှုစစ်ဆေးခြင်း စတော့သည်။

တရားခံရှေ့နေ သခင်တင်နှင့် အစိုးရရှေ့နေတို့ အပြန်အလှန်ပြောကြသေးသည်။ နောက် ဦးသုမနက ဘာကြောင့် ၄င်းအား ကာကွယ်ရေးပုဒ်မ ၃၈ အရ အပြစ်မပေးထိုက်ကြောင်းများကို တို့ဗမာတရားကို ထည့်သွင်းဟောပြောရင်း ထုချေလေသည်။

ကျွန်တော်တို့က ဦးသုမန၏ ထုချေဟောပြောချက်များကို ငြိမ်သက်စွာပင် နားထောင်နေကြသည်။

ဦးသုမန၏လျှောက်လဲထုချေချက် ပြီးဆုံးသွားသောအခါ တရားသူကြီး၏စီရင်ချက်ကို စတော့သည်။ တရားသူကြီးသည် ဥပဒေအကိုးအကားများကို ဖော်ပြဖတ်ကြားသွားပြီး နောက်ဆုံးတွင် အသံမြှင့်၍

"သို့ဖြစ်ခြင်းကြောင့် မောင်မင်းအား ထောင်ဒဏ် ၂ နှစ် တစ်ပေါင်းတည်း ကျခံစေရန် ဤရုံးတော်မှ"

တရားသူကြီး၏စီရင်ချက် မဆုံးသေးပါ။

ကျွန်တော်သည် အသံကုန်မြှင့်၍

"သခင်မျိုးဟေ့ တို့ဗမာ" ဟု တိုင်လိုက်ရာ

"ဟေ့- တို့ဗမာ"

တစ်ရုံးလုံး ဝုန်းဝုန်းညံသွားအောင် ကြွေးကြော်သံများကို ဟစ်ကြွေးကြသည်။

"သခင်မျိုးဟေ့ တို့ဗမာ"

"ကာကွယ်ရေးဥပဒေတွေ ဖျက် ဖျက်"

ဦးသုမနကလည်း ဝင်ခြံထဲကထ၍ ကြွေးကြော်နေသည်။ ကြွေးကြော်သံများမှာ တစ်ယောက်တစ်မျိုး ဖြစ်နေသည်။ တိုင်ပေးမည့်သူမရှိဖြစ်နေသဖြင့် ဆူညံသော အော်ဟစ်သံကြီးသာ ဖြစ်နေတော့သည်။

ကျွန်တော်သည် ကျွန်တော့်ရှေ့ရှိ ရုံးပြတင်းပေါက်ဘောင်ကိုကိုင်ဆွဲ၍ ပြတင်းဘောင်သို့ တက်လိုက်သည်။ မတ်တတ်ရပ်လိုက်ရာ လူထုအပေါ်က စီး၍မြင်ရသည်။ တရားသူကြီးနှင့် ရုံးစာရေးအချို့က ကျွန်တော့်ကို ပြူးကြောင်ကြောင်ကြည့်နေသည်။

"သခင်မျိုးဟေ့ တို့ဗမာ"

"နယ်ချဲ့စနစ် ပျက်စီးပါစေ"

"ကာကွယ်ရေးဥပဒေတွေ ဖျက် ဖျက်"

ကျွန်တော်တိုင်ပေးသဖြင့် ကြွေးကြော်သံများမှာ ရုံးအပေါ်ထပ်က တစ်သံတည်းတည်ဩတည်း ဟိန်းညံထွက်လာသည်။ တရားသူကြီး၏မျက်နှာသည် နီရဲမကရဲသွားတော့သည်။ ကုလားထိုင်က ရုတ်တရက် မတ်တတ်ရပ်လိုက်ကာ ကျွန်တော့်ကိုလက်ညှိုးထိုး၍

"ဟေ့- ရပ်လိုက်စမ်း။ အော်နေတာ ရပ်လိုက်စမ်း။"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်သည် တရားသူကြီး ပြောနေသည်ကို ဂရုမပြု။ ကြွေးကြော်သံကို တိုင်မြဲတိုင်းတိုင်ပေးနေသည်။

"ဟေ့- ရပ်ဆိုတာ မရပ်ဘူးလား"

တရားသူကြီးသည် ကျွန်တော့်ထံသို့လာမည်ကဲ့သို့ ဟန်ပြင်လိုက်သည်။ ပြီးမှ သတိရဟန်ဖြင့် အဝင်ပေါက်မှ စုရုံးဝင်လာသော ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ် ၂ ယောက်အား

"ဒီကောင်ကို ခုချက်ချင်းဖမ်းလိုက်၊ ဖမ်းလိုက်စမ်း။"

ပုလိပ်တစ်ယောက်သည် ကျွန်တော့်အနားကပ်လာပြီး ကျွန်တော့်ကို ပြတင်းဘောင်မှ အောက်သို့ ဆွဲချသည်။ ကျွန်တော်သည် တိုင်သံမျက်အော်နေရင်းပင် အောက်သို့ ရောက်သွားသည်။ လူထုကလည်း ကြွေးကြော်သံ အလိုက်မပျက်။

ဦးသုမနလည်း ကြွေးကြော်သံအော်ရင်း ပုလိပ် ၂ ယောက်ဆွဲခေါ်ရာရုံးအပြင်သို့ ကန့်လန့်ကန့်လန့်နှင့် ပါသွားသည်။

ကျွန်တော်သည် အော်ရင်းဟစ်ရင်းဖြင့်ပင် တရားသူကြီးရှေ့ရှိဝက်ခြံထဲသို့ ရောက်သွားသည်။ ကုထားထိုင်မရှိသဖြင့် မတ်တတ်ရပ်နေရသည်။ အားရအောင်အော်ပြီးမှ ကျွန်တော်က ကြွေးကြော်သံ အတိုင်ရပ်လိုက်သည်။

တရားသူကြီးသည် ဒေါသကြောင့်တုန်ယင်နေသည်ဟု ထင်သည်။ စကားသံပင်မမှန်တော့။

"မောင်မင်းသည် ဘုရင်မင်းမြတ်ရဲ့ရုံးတော်ကို စော်ကားတယ်။ မောင်မင်းမှာ အပြစ်ရှိတယ်။ ဘာပြောမလဲ။"

"ဒါဟာ မြန်မာပြည်။ မြန်မာပြည်မှာ မြန်မာလူမျိုးတိုင်း 'သခင်မျိုးဟေ့ တို့ဗမာ'လို့ အော်နိုင်တယ်။ အပြစ်မရှိဘူး။"

ကျွန်တော်က အသံနာနေသဖြင့် အသံကျယ်ကျယ်ထွက်ရန် ပြန်၍အော်ပြောလိုက်သည်။

တရားသူကြီးသည် ကျွန်တော့်ကို ဘာမျှပြန်မပြောတော့။ သူ့ရှေ့ရှိလက်နှိပ်စက်ကိုသာ ငုံ့ရိုက်နေတော့သည်။ တရားသူကြီးသည် ရုံးခန်းထဲရှိ အမှုလိုက်ရာဇဝတ်အုပ်ကိုပင် ကျွန်တော်နှင့်ပတ်သက်၍ စွဲချက်တင်ခိုင်းမနေတော့ဘဲ၊ သူကိုယ်တိုင်စွဲချက်တင်၍ သူကိုယ်တိုင်တရားသူကြီးအဖြစ်ဆုံးဖြတ်ပေတော့မည်။

တရားသူကြီးက လက်နှိပ်စက်ရိုက်ပြီးသောစာရွက်ကို ဖတ်မည်အပြုတွင် သခင်တင်သည် စောဒကတက်ရန်ထိုင်ရာကထ၍ "တရားသူကြီးခင်ဗျား" ဟု စလိုက်သည်။

တရားသူကြီးက သခင်တင်ကိုလက်ပြပြီး၊ "ထိုင်ပါ၊ ထိုင်ပါ။ ဒီကိစ္စမှာ ခင်ဗျားမလိုပါဘူး။" ဟု ပြောလိုက်သည်။ သခင်တင်မှာ မကျေမနပ်နှင့်ထိုင်ချလိုက်ရသည်။

"မောင်မင်းသည် ဘုရင်မင်းမြတ်၏ တရားရုံးတော်ကို ကျူးကျော်စော်ကားသည့်အတွက် ရုံးတော်စော်ကားမှုပုဒ်မ .... အရ ကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လ ကျခံစေရန် ဤရုံးတော်က စီရင်ချက်ချမှတ်လိုက်သည်။"

စီရင်ချက်ဆုံးသည်နှင့် ကျွန်တော်သည် ကြွေးကြော်သံကို စတိုင်လိုက်ပြန်သည်။ လူထုကလည်း သံပြိုင်လိုက်၍ တုံ့ပြန်သည်။ ရာဇဝတ်အုပ်တစ်ယောက်နှင့် ပုလိပ် ၂ ယောက်သည် ကျွန်တော့်လက်ကိုဆွဲကိုင်ကာ ရုံးခန်းထဲမှ ဆွဲထုတ်၍ လူထုအကြားမှ ရုံးအောက်သို့ ဆွဲခေါ်သွားသည်။ လူထုက ကျွန်တော့်နောက်မှ ကြွေးကြော်သံများကိုအော်ရင်း လိုက်ပါလာကြသည်။ အချို့က ရုံးပေါ်မှာပင် ကျန်ရစ်ကြသည်။ သို့ရာတွင် ကြွေးကြော်သံကား မရပ်။ ရုံးထက်မှ အသံလုံးကြီးများ အောက်သို့လိမ့်ဆင်းနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်ကို အချုပ်ကားအတွင်းသို့ ဆွဲသွင်းကြသည်။ အချုပ်ကားထဲတွင် မည်သူမျှမရှိ။ ဦးသုမနမှာ ထောင်သို့ ရောက်သွားပြီထင်၏။ အချုပ်ကားဘေးမှ သံဆန်ခါပေါက်များကိုကိုင်၍ ကျွန်တော် ဆက်အော်နေသည်။ ကားလည်း ထွက်ပေပြီ။ ရုံးပေါ်ရုံးအောက်တွင် စုရုံးနေသော လူထုသည် ကြွေးကြော်သံအော်ရင်း လက်ပြ၍နှုတ်ဆက်ကြသည်။

ရုံးလှေကားရင်းအနီးတွင် အမျိုးသမီးများအား ကြွေးကြော်သံတိုင်ပေးနေသော သခင်မမတင်တင်အေးကို မြင်ရသည်။ ကြွေးကြော်သံများသည် ဝေး၍ဝေး၍ ကျန်ရစ်သည်နှင့် ကျွန်တော့်အသံများလည်း နှေး၍နှေး၍ ရပ်သွားသည်။

သာယာဝတီထောင်

ကားလမ်းမှ မကြာမကြာလှမ်း၍ကြည့်ခဲ့ရသော အုတ်နံရံနီနီ အုတ်ကြွပ်မိုးအဆောက်အအုံများနှင့် လယ်ကွင်းထဲတွင်ထီးထီးကြီးမြင်ရသော သာယာဝတီထောင်ကို သံဆန်ခါကြားက မြင်လိုက်သည်။

အချိန်ကား နေ့လယ် ၂ နာရီခွဲလောက်ရှိဦးမည်။ အုတ်နံရံကြီးဘေးက မြေနီလမ်းကိုတွေ့ရပြီး ခဏတွင်ပင် ကားရပ်သွားသည်။ အချုပ်ကားနောက်တွင်ပါလာသော ပုလိပ်တစ်ယောက်က ကားပေါ်ကဆင်း၍ တံခါးမကြီးသို့ ကပ်သွားသည်။ ထောင်ဘူးဝတွင် ပိတ်ထားသော တံခါးပေါက်အထက်မှ ကျားခေါင်းရုပ်ပါးစပ်တွင် ချိတ်ထားသော သံကွင်းကိုကိုင်၍ တဒေါက်ဒေါက်ရိုက်လိုက်သည်။ အချုပ်တံခါးကိုဖွင့်၍ ကျွန်တော့်ကို ရာဇဝတ်အုပ်က ခေါ်သည်။ ကျွန်တော် တံခါးပေါက်နားကပ်သွားသောအခါ လူတစ်ယောက်စာ ဝင်သာရုံရှိသည့် တံခါးပေါက်ကလေး ပွင့်လာသည်။

ရာဇဝတ်အုပ်က ရှေ့ဆောင်၍ ထောင်ဘူးဝတံခါးပေါက်က တန်းဝင်သွားကြသည်။ အထဲရောက်လျှင် ရှေ့တည့်တည့်က သံတံခါးကြီးတစ်ခုကို ထပ်တွေ့ရသည်။ ဤသံတံခါးကြီး၏တစ်ဖက်တွင် အုတ်တံတိုင်း ၂ ခုအကြားက လမ်းသွယ်၊ ဟိုဘက်သည်ဘက်မှာ အဆောက်အအုံများ၊ လမ်းပေါ်တွင် အင်္ကျီဖြူနုံငယ်ဖြူ အတိုဝတ်ထားသူ ၃-၄ ယောက်ခန့်တွေ့ရသည်။ ဘေးဆီသို့ ငဲ့စောင်းကြည့်လိုက်မိသည်။

ကာကီယူနီဖောင်းများနှင့် ကုလားခေါင်းပေါင်းကြီးများပေါင်းထားသော နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးဖွားဖွားနှင့် ကုလားကြီးများကိုလည်း တွေ့ရ၏။ ဤသူများကား 'ဝါဒါ' ခေါ်-ထောင်အမှုထမ်းများပင် ဖြစ်ပေမည်။ အုတ်နံရံကို ကျောပေး၍ တန်းစီရပ်နေကြကာ ပွဲထဲမှ ရသေ့ဆောင်းဒေါက်ချာမျိုးကဲ့သို့ ပိတ်ဖြူ ဒေါက်ချာကလေးများကို အပြားလိုက် ထောင်၍ဆောင်းထားကြသည့် အင်္ကျီဖြူလက်တို နံငယ်တိုဝတ် ထောင်သားများမှာ 'ဘာယာ'ဆိုသူများ ဖြစ်ပေသည်။ ထိုသူများမှာ နံပါတ်တုတ်ကြီးများကို ပခုံးထက်တွင် ထမ်း၍ ငြိမ်သက်စွာရပ်နေကြသည်။

ကျွန်တော့်ကို ဘယ်ဘက်ရှိ အခန်းဆင့်ပေါ်သို့ ခေါ်တင်သွားသည်။ အရာရှိ ၂ ယောက် ဘောင်းဘီဖြူ အင်္ကျီဖြူ ယူနီဖောင်းများဖြင့် စားပွဲကြီးတစ်လုံးစီတွင် ထိုင်နေကြသည်။ ကျွန်တော့်ကိုခေါ်လာသော ရာဇဝတ်အုပ်က စားပွဲတွင်ထိုင်နေသည့် အသက်ကြီးကြီးအရာရှိအား အလေးပြုလိုက်သည်။

ကျွန်တော့်ကိုမူ ခပ်လှမ်းလှမ်းကုလားထိုင်တွင် ထိုင်စေသည်။

ရာဇဝတ်အုပ်က သူယူလာသောစာရွက်တစ်ရွက်ကို ပေးလိုက်သည်။ အရာရှိကြီးက စာရွက်ကို ဖတ်ကြည့်ပြီး ရာဇဝတ်အုပ်ကို မေးနေသည်။ ကျွန်တော့်ကိုလည်း လှမ်းကြည့်လိုက်သေးသည်။ ခပ်တိုးတိုးပင် ပြောနေကြသဖြင့် မကြားရ။ အရာရှိနောက်နားတွင် အကျဉ်းသားတစ်ယောက် ရှိသေစွာရပ်နေသည်ကို တွေ့ရသည်။ တစ်ဖက်ထောင့်စားပွဲခုံများတွင်လည်း အရပ်ဝတ်အရပ်စား စာရေးများနှင့်အတူ ၃ ယောက်ခန့် ရှိသည်။ ထိုသူများက အလုပ်လုပ်နေရင်း ကျွန်တော့်ကို အကဲခတ်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အရာရှိကြီးက သူဖတ်နေသောစာရွက်ကို လက်မှတ်ရေးထိုးပြီး တစ်ဖက်စားပွဲရှိအရာရှိထံ အကျဉ်းသားမှတစ်ဆင့် ပေးလိုက်သည်။ ထိုအရာရှိက စာရွက်ကို အတန်ကြာကြည့်ပြီးနောက် သူ့စားပွဲမှ ကျွန်တော်ရှိရာသို့ ထလာသည်။ သူ့နောက်က အကျဉ်းသားတစ်ယောက် နံပါတ်တုတ်ထမ်း၍ ပါလာသည်။ ထိုအရာရှိက

"ကဲ- သခင်တင်မြ၊ သွားကြမယ်။ ခင်ဗျားမှာ ဘာပစ္စည်းပါသေးသလဲ။ ပိုက်ဆံပါသေးသလား။"

ကျွန်တော်က အိတ်ထဲပါသမျှပိုက်ဆံ ထုတ်လိုက်၏။

"နေပါ နေပါ။ ဟိုကျမှပေးတာပေါ့။" ဟုပြောပြီး ရှေ့ကထွက်သွားသဖြင့် သူ့နောက်က လိုက်သွားရသည်။ ဗူးပေါက်ကြီးကိုဖြတ်၍ တစ်ဖက်ခန်းသို့ဝင်သည်။ အခန်းတစ်ခုတွင် ဘာယာများနှင့် ထောင်ပုလိပ် ၂ ယောက်ကိုတွေ့ရသည်။ စားပွဲတစ်ခုအနီးတွင်ရပ်ကြပြီး ထိုအရာရှိက

"ကျွန်တော်တို့ထုံးစံအတိုင်း ရှာဖွေကြည့်မယ်နော်။"

"ရှာပါ ရှာပါ။ ဘာမှမပါပါဘူး။"-ဟု ပြောပြောဆိုဆို ကျွန်တော်သည် လက်တွင်ကိုင်ထားသောငွေ ၃ ကျပ်ကျော်ကျော်ကို စားပွဲပေါ်တင်ထားလိုက်သည်။

အကျဉ်းသား ၂ ယောက်သည် ကျွန်တော့်အပေါ်အင်္ကျီအိတ်များနှင့် ခါး,ကိုယ်တို့ကို စမ်းသပ်ရှာဖွေကြသည်။ ပေါင်ကိုလည်း လုံချည်ပေါ်မှ လျှောက်စမ်းသည်။ အတန်ကြာရှာပြီးနောက် အဝတ်အစားများစာရင်းကို ရေးမှတ်ယူသည်။ မိဘ, အသက်, နေရပ်နှင့် လူပုံစံများကိုလည်း ရေးမှတ်ယူသည်။

ကျွန်တော်၏စိတ်ကား လူပ်ရှားမှုဖြင့် တုန်နေသည်။ အထဲရောက်ရင် ဘာတွေရင်ဆိုင်ရမည်နည်းဟု မမြင်ရသေးသည့်အန္တရာယ်ကိုလည်း တွေး၍ စိုးရိမ်မှုကလေးများ ရှိနေသည်။ သို့ရာတွင် 'အထဲ၌ သခင်နုနှင့် ဦးသုမနကို တွေ့ရမှာပဲ။ စိုးရိမ်စရာတော့ မရှိ။'-ဟုလည်း စဉ်းစားမိသည်။

သူတို့ကိစ္စများပြီးသည့်နောက် ထိုအရာရှိက ရှေ့ဆောင်၍ အခန်းထဲမှထွက်လာပြီး ထောင်ဝင်းအတွင်းသို့ဝင်သော သံတံခါးပေါက်သို့ သွားကြသည်။ ဝါဒါအစောင့်က တံခါးပေါက်ကို သော့ဖွင့်ပေးသည်။

တံခါးမှ ၁၅ လှမ်းလောက်သွားရသေး။ ညာဘက်အုတ်တံတိုင်းလေးမှတံခါးပေါက်တစ်ခုကို ရှေ့ကကြိုပြေးသွားသော အကျဉ်းသားက သူ့လက်ထဲက နံပါတ်တုတ်ဖြင့် ဒေါက် ဒေါက် ဒေါက် ခေါက်လိုက်သည်။

ကုလားဝါဒါတစ်ယောက်က တံခါးဖွင့်ပေးသည်။ မြေနီလမ်းကလေးသည် တစ်ထပ်တိုက်တန်းလျားရှည်ကြီးရှေ့တွင် တန်းနေသည်။ တိုက်တန်းလျားက ဘယ်ဘက်တွင်ရှိသည်။ ညာဘက်တွင် သံတိုင်များဖြင့် ပြုလုပ်ထားသည့်ဝင်းထရံကြီး ရှိသည်။ သံဝင်းထံရံဟိုဘက်ကတော့ ထောင်နံရံကြီးက မိုးနေသည်။

ပိတ်ဖြူဒေါက်ချာဆောင်း အကျဉ်းသား ၂ ယောက် နံပါတ်တုတ်များထမ်း၍ အရာရှိထံ တိုက်တန်းတစ်ဖက်စွန်းမှ ပြေးလာသည်။ တိုက်တန်းတွင်ရှိသော အခန်းများမှာ အမှတ်စဉ်နံပါတ်ပြားကလေးများ တပ်ထားသည်ကို တွေ့ရသည်။

အရာရှိသည် အခန်းများကိုလျှောက်ကြည့်ပြီး အခန်းနံပါတ် ၃ တွင် ရပ်လိုက်သည်။ အခန်းနံပါတ် ၁ တွင် လူတစ်ယောက် ရှိသည်။ နံပါတ် ၂ အခန်းမှာ လူမရှိ။ သံတံခါး ဟနေ သည်။ အိပ်ရာလိပ်တစ်ခုသာ တွေ့ရ၏။ အခန်းနံပါတ် ၃ မှာလည်း လူမရှိ။ တံခါးသော့ခတ်ထားသည်။ ဝါဒါတစ်ယောက်က သော့ဖွင့်လိုက်သည်။ အရာရှိက သံတံခါးကိုဆွဲဖွင့်၍ အခန်းထဲသို့ကြည့်ပြီး

"ဂန်ဖလားတစ်ခု သွားယူစမ်း။"

အကျဉ်းသားတစ်ယောက် ပြေးထွက်သွားသည်။ ပြန်လာသောအခါ သူ့လက်တွင် စဉ့်အင်တုံတစ်ခုပါလာသည်။ ထိုစဉ့်အင်တုံကို အခန်းထောင့်တွင် သွားထားသည်။

ကျွန်တော်က အရာရှိအား

"အခန်းထဲမှာ အခင်းလည်းမရှိပါလား။"

mgyoe.com

mgyoe.com SAMPLE BOOK

"တော်ကြာ စောင်နှင့်အခင်း လာပေးပါလိမ့်မယ်။"

ကျွန်တော်က မေးရန်သတိရလာသဖြင့်

"သခင်နုနှင့် ဦးသုမနတို့ရော။"

"သူတို့က ဘီကလပ် အိပ်ဆောင်မှာပါ။"

"ဟင်- ဒါဖြင့် ဒါက ဘီကလပ်မဟုတ်ဘူးပေါ့။"

"မဟုတ်ပါဘူး။ စီကလပ်ပါ။"

"ကျွန်တော့်ကို ရုံးက စီကလပ်နဲ့ ထောင်ချလိုက်တာပေါ့။"

"ဟုတ်ပါတယ်။ စီရင်ချက်မှာ စီကလပ်လို့ပါပါတယ်။ ကျွန်တော်တို့ကတော့ တရားသူကြီးအမိန့် အတိုင်းထားရခြင်း ဖြစ်ပါတယ်။"

ကျွန်တော်သည် ဘာမျှမပြောတော့ဘဲ တိုက်ခန်းထဲသို့ဝင်လိုက်သည်။ အထဲရောက်သည်နှင့် သံတံခါးပိတ်၍သော့ခတ်လိုက်သည်ကို တွေ့ရသည်။ အရာရှိလည်း နောက်လိုက်နောက်ပါများနှင့် ထွက်သွားကြ၏။ အုတ်တံတိုင်းပေါက်ဝနားတွင် သူတို့ ရပ်ပြီးစကားပြောနေကြသည်ကို တွေ့ရပြီးနောက် ထွက်သွားကြ၏။

ဒေါက်ချာဆောင်းဘယာ ၂ ယောက် ပြန်လာသည်။ ကျွန်တော့်တံခါးပေါက်တွင် လာရပ်သည်။ သူတို့လက်ထဲမှာ နံပါတ်တုတ်တစ်ချောင်းစီ ကိုင်ထားသည်။ အသက် ၄၀ ခန့်ရှိ ခြေတံလက်တံတုတ်တုတ် ခိုင်ခိုင်ရှိသော ဘာယာက မျက်နှာကို ခပ်တည်တည်ပြင်လိုက်ကာ

"မင်းနာမည်က ဘာလဲ။"

"သခင်တင်မြ"

"သခင်တဲ့။ ဒီမှာ ဟေ့ကောင်လေး။ ထောင်ထဲမှာ ထောင်ကျမှန်သမျှ သခင် မရှိဘူး။ ထောင်မှူး, ထောင်ပိုင်တို့မှ သခင်လို့ ခေါ်ရတာ။"

"ကျွန်တော်တို့ကတော့ ထောင်ထဲမှာလည်း သခင်ပဲ။ အပြင်တုန်းကလည်း သခင်ပဲ။ နာမည်ရှေ့က သခင်တပ်ပြီးမခေါ်ရင် ဘယ်သူ့ကိုမှ စကားမပြောဘူး။ ဒီနာမည်တပ်ထားလို့ ထောင်ကျလာတာ။"

"ဘာ- သခင်နာမည်တပ်တာနဲ့ ထောင်ကျတယ်။"

"ဟုတ်တယ်။ တရားသူကြီး မစ္စတာဒီလုံးရုံးပေါ်မှာ 'သခင်မျိုးဟေ့ တို့ဗမာ'လို့အော်လို့ ကျလာတာ။"

"မင်းဟာက ဘာမှလည်းမဟုတ်ဘဲနဲ့။ တို့ဗမာလို့အော်တာနဲ့ ကျလာတာပဲလား"

"ဒီမှာ ဦးလေး။ 'သခင်မျိုးဟေ့ တို့ဗမာ' ဆိုတဲ့အော်သံဟာ ဘယ်လောက်တန်ခိုးထက်တယ်ထင်လဲ။ အင်္ဂလိပ်နယ်ချဲ့သမားတွေဟာ ဒီအသံကို သိပ်ကြောက်တယ်။ ဒီလိုအော်တာ ကျွန်တော်တစ်ယောက်တည်းက အော်နေတာ မဟုတ်ဘူး။ အင်္ဂလိပ်ကျွန်အောက်က လွတ်လိုတဲ့မြန်မာလူမျိုးတိုင်း အော်လာကြတာ။ မြန်မာလူမျိုးအများစုကြီးက 'သခင်မျိုးဟေ့ တို့ဗမာ' လို့ အော်ရတဲ့တစ်နေ့မှာ အင်္ဂလိပ်ထွက်ပြေးရမယ်။"

"ကဲ- တော်ပါတော့ကွာ။ မင်းနိုင်ငံရေးလည်း ငါ နားမလည်ဘူး။ ထောင်မှူးကလည်း မင်းကို နိုင်ငံရေးတရားမဟောစေနဲ့တဲ့။ ဒါပေမယ့်ဟေ့- မင်းလိုကောင်ငယ်လေးက မျက်နှာဖြူတရားသူကြီးကို ခံအော်ရဲတာကိုတော့ ငါ သဘောကျတယ်ဟေ့။ ဒီမှာ ငါ့နာမည် စံခင်တဲ့။ ဟိုကောင်ကတော့ ဖိုးဆော့။ တို့ ၂ ယောက်ကတော့ ဒီတိုက်တန်း ဘာယာတွေပဲ။ ဘာမှအားမငယ်နှင့်ကွာ။ တို့ ရှိပါတယ်။ ငါက နံပါတ် ၂ အခန်းမှာနေတယ်။ နံပါတ် ၁ အခန်းမှာ တိုက်ပိတ်ခံရတဲ့ ထောင်ကျတစ်ယောက် ရှိသေးတယ်။ ဖိုးဆော့ကတော့ နံပါတ် ၅ မှာ။"

mgyoe.com SAMPLE BOOK

ထိုသို့ပြောနေစဉ် ထောင်သားတစ်ယောက် စောင် ၂ထည် ယူလာပါသည်။ စောင်များကို ဦးစံခင်က ဖြန့်၍ခါပြီး သံတိုင်ပေါက်က ထိုးပေးသည်။

"ကဲ ကဲ- မင်းလည်း နားဦး။ တော်တော်ကြာ ရေချိုးချင်ရင် ချိုးတာပေါ့။ တို့လည်း ဟင်းချက်ရဦးမယ်။ ခုန ဟင်းချက်နေတာ ထောင်မှူးနှင့်မိတော့မလို။"

သူတို့ ၂ ယောက် ထွက်သွားသည်နှင့် လာပို့သော သက္ကလတ်စောင်ကြမ်းတစ်ထည်ဖြင့် သံမံတလင်းကို လှည်းကျင်းလိုက်ပြီး စောင်ကို ဖြန့်ခင်းလိုက်သည်။

ထောင်တစ်ထောင်လုံးမှာ အသံပလံများ ထူးထူးခြားခြား မကြားရ။ ဆိတ်ငြိမ်လှသည်။ ကျွန်တော်သည် ဟင်းခနဲ သက်ပြင်းချပြီး သံတိုင်ပေါက်မှာ ကပ်၍ထိုင်ချလိုက်သည်။

သခင်နုနှင့်ဦးသုမန ဤထောင်ထဲတစ်နေရာမှာ ရှိသည်။ ကျွန်တော်နှင့် တစ်နေရာစီ။ သူတို့က ဘီကလပ်၊ ကျွန်တော်က စီကလပ်။ ဘီကလပ်ရအောင် ဘယ်လိုလုပ်ရပါ့။ ဘီကလပ်ရမှ သူတို့နှင့် အတူနေရမည်။ ဘီကလပ်ရဖို့က တစ်နည်းပဲရှိသည်။ အစာငတ်ခံရမည်။ အစာငတ်ခံဖို့ ဆိုပါကလည်း အပြင်နှင့် ညှိလုပ်မှ ဖြစ်မည်။ သခင်နုတို့နှင့်လည်း ကြံဖန်အဆက်အသွယ်လုပ်ပြီး မေးကြည့်ရဦးမည်။ ကျွန်တော့်ကို ကာကွယ်ရေးပုဒ်မနှင့် စွဲထားသောအမှု ဘယ်နေ့ကစပြီး စစ်ဆေးမည် မသိသေး။ ထိုအမှု စစစ်မှ ရုံးထွက်နိုင်မည်။

တဂေါက်ဂေါက်နင်းလာသောဖိနပ်သံ ကြားရသည်။ အဝင်တုန်းက အုတ်တံတိုင်းတံခါးဝတွင် တွေ့ရသော ကုလားဝါဒါ။ သော့တွဲကိုခါးချိတ်၍ ကျွန်တော့်အခန်းရှေ့မှ ဖြတ်လျှောက်သွားရင်း ကျွန်တော့်ကို ငုံ့ကြည့်သွားသည်။

ကျွန်တော်သည် ထိုင်ရာမှရပ်လိုက်ပြီး အပေါ်အင်္ကျီကို ချွတ်လိုက်သည်။ ချွေးများမှာ ရှပ်အင်္ကျီသို့ပင် ဖောက်၍စိုနေသည်။ ရုံးပေါ်တွင်ဖြစ်ခဲ့တုန်းက လှုပ်ရှားခဲ့ရသောစိတ်နှင့် ထောင်အဝင်ဝတွင် တင်းကျပ်လှိုက်ဖိခဲ့ရသည့် ခံစားချက်များကြောင့် ဤမျှချွေးထွက်နေခြင်း ဖြစ်ပေသည်။

ရေချိုးဖို့ သတိရလာသည်။ ရေချိုးဖို့ဆိုရင် ရေချိုးပြီးက လဲစရာအဝတ်ပို မရှိ။ ကျွန်တော့်အဝတ်အစားများ သခင်မြအိမ်တွင် ကျန်ရစ်သည်။ ကျွန်တော်ကတော့ ဖြစ်လိုက်လျှင် ဒရောသောပါးကြီးပင်။ စတင်အဖမ်းခံရစဉ်ကလည်း အဝတ်အစားပင် မလဲခဲ့၊ မယူခဲ့ရ။ ယခုလည်း ရုံးပေါ်မှ ထောင်ထဲ တန်းရောက်လာရသည်။ အို- ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့။

ဘာယာဦးစံခင်အသံ ကြားရပြီး တံခါးရှေ့သို့ သူတို့ ၃ ဦးလုံး ရောက်လာသည်။ ကျွန်တော်က ရေချိုးချင်ကြောင်း ပြောလိုက်သည်။

ဦးစံခင်က တံခါးစောင့်ဝါဒါကို တံခါးဖွင့်ပေးရန်ပြောသဖြင့် ဝါဒါက တံခါးဖွင့်ပေးသည်။

တိုက်တန်းလျား၏ ဟိုဘက်အစွန်းရှေ့တွင် အုတ်ကန်ကလေးတစ်ခုကို တွေ့ရသည်။ ဘာယာဦးစံခင်က သံဖြူခွက်တစ်ခု ယူလာသည်။ ရေပိုက်ခေါင်းမှရေက အုတ်ကန်ထဲ ကျနေသည်။ ဦးစံခင်က ဆပ်ပြာဖြူဖြူတစ်တုံးလာပေးသည်။ ဆပ်ပြာမှာ အဝတ်လျှော်ဆပ်ပြာ။ ရေကို တစိမ့်စိမ့် စိမ်၍ချိုးနေမိသည်။ ချွေးတွေနှင့် ရွံနေသောစွယ်ကျယ်ကို ဆပ်ပြာတိုက်၍ ဖွပ်လျှော်လိုက်သည်။ ဝင်းတံခါးခေါက်သံ ကြားရပြန်ပြီ။

ဘာယာဦးစံခင် တံခါးဝသို့ ပြေးသွားသည်။ တံခါးပွင့်သည်နှင့် ထောင်သားတစ်ယောက်က ဦးစံခင်ကို သံဖြူပုံးကလေး ၂ ပုံး ပေးလိုက်သည်။ ကျွန်တော် ရေချိုးပြီး တိုက်တန်းသို့ပြန်လာသောအခါ ဦးစံခင်သည် ဒန်ပန်းကန်ပြား ၄ ချပ်တွင် ထမင်း,ဟင်းများ ထည့်နေသည်ကို တွေ့ရသည်။

ထမင်း,ဟင်းများကိုကြည့်လိုက်ရာ ဆန်ညှည်းလုံးတီးထမင်းများပေါ်တွင် မဲမဲပဲဟင်းတစ်ပုံ, ချွေးချေးနှင့်အလွန်တူသော ငါးပိတစ်ဇွန်း။ ဟင်းခပ်ထည့်နေသည့်ဇွန်းမှာလည်း သူတို့ဘာသာ လုပ်ထားဟန် တူသည်။

mgyoe.com

mgyoe.com SAMPLE BOOK
ဌနဲးဟုပင် မခေါ်ထိုက်သော ဒန်ဌန်း။

ဤထမင်း,ဟင်းတွေကိုတော့ မျိုချကျမည် မဟုတ်။ မစားနိုင်သည့်အတူတူ ဒီနေ့ကစပြီး အစာငတ်ခံလျှင် ကောင်းမည်ထင်သည်။ ကျွန်တော်သည် အခန်းသို့ပြန်လာပြီး အဝတ်စိုများကို သံတံခါးတန်းမှာ လှန်းလိုက်သည်။ ရုပ်အင်္ကျီကို စွပ်နေတုန်း

"ဟေ့ ဟေ့- သခင်ဘယ်သူ။ ထမင်းစားရအောင်။ လာဟေ့"

"ကျွန်တော်မစားချင်တော့ဘူးဦးလေး။"

"လာပါကွ။ တို့အကြံအဖန်လုပ်ပြီး ချက်ထားတဲ့ဟင်းလည်းရှိပါတယ်။ လာပါ။"

ကျွန်တော်သည် ထမင်းမစားချင်စေကာမူ သူတို့ အကြံအဖန်လုပ်ထားသည်ဆိုသည့်ဟင်းကို ကြည့်လိုသဖြင့် သူတို့ထမင်းပွဲသို့ သွားသည်။ နို့ဆီခွက်တစ်ခုထဲတွင် ဆီရောင်ဝေနေသည်ကို တွေ့ရသည်။

"ဘာဟင်းလဲ ဦးလေး။"

"ဖားသားဟင်းလေ"

ပြောပြောဆိုဆို ဌနဲးနှင့် ခပ်ပြလိုက်ရာ လက်ညှိုး, လက်မမျှရှိသော လက်ကားကား ခြေကားကားနှင့် ဖားကလေးများ။ ကျော်စံကေး ခေါ် ဖားကလေးများ။

"ဟာ- ကျွန်တော် ဖားသားမစားဘူး၊ နေပါစေ။ ကျွန်တော် မစားတော့ဘူး။"

"စားပါကွာ။ တော်ကြာ မင်း ထမင်းဆာနေဦးမယ်။"

"အေးလေ- ရောက်စဆိုတော့ ဒီထမင်း,ဟင်းလည်း မင်း စားနိုင်မှာမဟုတ်ပါဘူး။ တို့တောင် ရောက်စက ၁ ရက်-၂ ရက်ဟာ မစားနိုင်ဘူး။"

"ကျွန်တော်ကတော့ ရောက်တဲ့နေ့ကတည်းက ကြိတ်ပစ်လိုက်တာပဲ။"-ဟု ကိုဖိုးဆော့က ဝင်ပြောသည်။

"မင်းအမေ။ မင်းကတော့ အငတ်ပြည်ကလာတဲ့ကောင်ပဲ စားနိုင်မှာပေါ့။"

ကိုဖိုးဆော့သည် ဦးစံခင်ထက် အသက်ငယ်သည်။ အသက် ၃၀ မျှရှိမည်။ အသားမည်းမည်း မျက်နှာခွက်ခွက်နှင့် မျက်ပေါက်ကျဉ်းပြီး ပါးနှစ်ဖက်တွင် ဝက်ခြံများ ပိန်းနေသည်။

"ဒီမှာငါ့တူ၊ အခုရောက်စဆိုတော့ ထောင်မှူးက မင်းကို တိုက်ထဲမှာ ပိတ်ထားဦးလို့ ပြောသွားတယ်။ တိုက်ထဲဝင်နေဦးမှ။ ဒါပေမယ့် အရေးတော့မကြီးပါဘူး။ ဝါဒါကုလားကို ငါ ကြည့်ပြောပြမယ်။"

ဦးစံခင်က ထမင်းလုတ်ကို ပါးစပ်ထဲသို့မသွင်းသေးဘဲ ကျွန်တော့်ကို ကြည့်ပြောလိုက်သည်။

ကျွန်တော်သည် အခန်းထဲဝင်မည်လုပ်ပြီးမှ မဝင်သေးဘဲ ရောက်စကတည်းက အသံမကြားရသည့် နံပါတ် ၁ အခန်းသို့ သွားကြည့်သည်။ အကျဉ်းသားတစ်ယောက် စောင်တစ်ထည်ပေါ်တွင် ခွေခွေကလေး တံခါးဝဘက် ကျောပေးအိပ်နေသည်။ ခေါင်းတွင် ပတ်တီးနှင့်။

ဦးစံခင်ထံ သွားပြီးမေးကြည့်မိသည်။ 'လွန်ခဲ့သော ၂ ရက်ခန့်က အကျဉ်းသားချင်း ရိုက်ကြသည်။ ဤသူမှာ အရိုက်ခံရသူ ဖြစ်သည်။ ဒဏ်ရာ အနည်းငယ်ရသည်။ ဤသူက ပြန်ရိုက်ရာတွင် စရိုက်သူမှာ ပြင်းထန်စွာ ဒဏ်ရာရပြီး ထောင်ဆေးရုံရောက်နေသည်။ ဒါကြောင့် ဤအကျဉ်းသားကို တိုက်ပိတ်ထားခြင်းဖြစ်သည်။'-ဟု ပြောပြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထောင့်အရသာ

ဇွန်လမိုးသည် ခပ်ပြင်းပြင်းသွန်ချနေသည်။ ရေချိုးပြီးစမိုးအေးအေးတွင် စောင်တစ်ထည်ကိုခြုံ၍ ချမ်းချမ်းနှင့် ကွေးနေလိုက်သည်။ ခေါင်းအုံးမရှိ။ ခြုံထားသောစောင် အစတစ်ဖက်ကို လုံးထွေးပြီး ခေါင်းအောက်တွင် ခုထားလိုက်သည်။

ဤသို့ကွေးနေရင်း နွေးလာပြီး အိပ်ပျော်သွားရ၏။

နိုးလာသောအခါတွင် မှောင်နေပေပြီ။ ဝမ်းကလည်း ဆာလောင်မွတ်သိပ်လာသည်။ မိုးကား မစဲသေး။ ခြုံထားသောစောင်ကို ဘေးဖယ်ချလိုက်ပြီး သံတံခါးဝသို့ ထလာသည်။ သံတိုင်ကြားမှ အပြင်သို့ကြည့်လိုက်ရာ ဗူးဝဘက်မှ လျှပ်စစ်မီးရောင်ကို မြင်ရသည်။ မိုးကာအင်္ကျီနှင့် လူတစ်ယောက် ထောင်နံရံလမ်းအတိုင်း တဖြည်းဖြည်းလျှောက်သွားသည်ကိုလည်း မြင်ရသည်။ သံတံခါးဝမှ အိပ်ရာသို့ပြန်လာပြီး စောင်ခြုံ၍ကွေးနေလိုက်ပြန်သည်။

'ဒေါင် ဒေါင်'

ဗူးဝဆီမှ ကြားရသော သံချောင်းခေါက်သံ။ 'ဘယ့်နယ်- ၂ ချက်တည်းပါလား။ ၂ နာရီတောင် ထိုးသွားပြီလား။ ငါအိပ်တာ ဘာမှမကြာသေးပါဘူး။'-ဟု သံသယဖြစ်လာသည်။ ဦးစံခင်တို့များ အိပ်ပျော်နေကြပြီလား။

"ဗျို့- ဦးစံခင်"

"ဟေ့- ဘယ်သူလဲ"

တစ်ဖက်ခန်းက ဦးစံခင်၏အသံ။

"ကျွန်တော်ပါ။ ဘယ်နှနာရီထိုးပြီလဲဗျ။"

"၉ နာရီခွဲရှိပြီလေ။"

"ဒါဖြင့် ခုနက သံချောင်းခေါက်တာက ၂ ချက်တည်းပါလား။"

"အဲဒါက ၂ မောင်းထိုးတာ။ ဒီလိုကွ၊ ၁၅ မိနစ်ကို နာရီသံချောင်း တစ်ချက်ခေါက်ရင် တစ်မောင်း။ ၂ ချက်ခေါက်ရင် ၂ မောင်း။ ၄ မောင်းခေါက်ပြီးမှ ဘယ်နှနာရီဆိုတာကို ထပ်ခေါက်ရတယ်။ မိနစ်နဲ့နာရီခွဲထားတာပေါ့။

အတန်ကြာသည့်တိုင် ဦးစံခင် စကားဆက်မလာ။ အိမ်မှုန်စုံမွှားဖြစ်နေဟန်တူသည်။

ကျွန်တော် ထပ်အိပ်ရန် ကြိုးစားရပြန်သည်။ အိပ်၍ကားမပျော်။ စိတ်အတွေးများမှာ တစ်ခုပြီးတစ်ခု ဝင်လာသည်။ မစစ်ရသေးတဲ့အမှုအတွက် ထောင် ဘယ်လောက်ထပ်ကျဦးမှာလဲ။ ဓနုဖြူမှာကျန်တဲ့ တို့ဗမာသခင် ရဲဘော်ရဲဘက်များ ဘယ်လိုလုပ်ကိုင်နေကြမလဲ။ ချိန်လုံးပြည့်လုပ်ရမည့်သူ ၂ ယောက်သာ ကျန်ရစ်သည်။ လုပ်ရမည့်အလုပ်တွေကို နိုင်ပါ့မလား။ သခင်မြတို့အိမ်မှာဆိုရင် ခုအချိန် အားလုံး အိပ်ကြဦးမည်မဟုတ်။ ငါ့အကြောင်းတွေ ပြောချင်ပြောနေကြမယ်။ နေ့ခင်းက အဖြစ်အပျက်ကို သက်သက် လူစွမ်းကောင်း ထလုပ်တယ် ထင်လေမလား။

စိတ်အစဉ်ကို အမျှင်ဖြတ်၍မရ။ အမှေကို သတိရမိပြန်သည်။ ယခုလောက်ရှိပါက အမေ အတော်ပင် စိတ်ပူနေရော့မည်။ အဖေကတော့ စိတ်မကောင်းပေမယ့် ပူပင်သောကဖြစ်လှမည် မဟုတ်ပါ။ ကျွန်တော် နိုင်ငံရေးလုပ်ကတည်းက ကျွန်တော့်အပေါ် ခပ်တန်းတန်းဆက်ဆံခဲ့သူ ဖြစ်သည်။ အမေကတော့ အဖေ့လောက် စိတ်ထားမမာ။ ဒါကြောင့် သောကဗျာပါဒများ လျော့ပါးဦးမည် မဟုတ်ပါ။ ကျွန်တော့်ကို သတိရတိုင်း ဘုရားကိုသာ ဖိ၍ရှိခိုးနေပေလိမ့်မည်။

mgyoe.com SAMPLE BOOK

သာယာဝတီရောက်ကတည်းက အမေ့ထံ စာတစ်စောင်မျှ မပေးဖြစ်ခဲ့။ အမေ့အတွက် မေ့မေ့ပျောက်ပျောက် ဖြစ်ပါစေတော့ဟု စိတ်ဝယ်ပိုက်၍ မပေးခဲ့ခြင်း ဖြစ်သည်။

ရုံးတွင် သည်နေ့ဖြစ်ပျက်ခဲ့ရသည့်အကြောင်းကို သတင်းစာတွင်ပါ၍ အမေသိပါက ပို၍ပင်စိတ်ဆင်းရဲသွားပေလိမ့်မည်။ ဒါပေမယ့် ဘယ်လိုမှမတတ်နိုင်ပါ။

အမေ့ကို တမ်းတမိရာက တော်တော်ကြာကြာ မေ့လျော့ထားခဲ့မိသော စိတ်ကူးယဉ်ချစ်ဗိမာန်ထဲမှ မိန်းမပျိုကလေးတစ်ဦး၏သဏ္ဌာန်က ပေါ်လာပြန်သည်။ သူ့အပေါ် စွဲလမ်းခဲ့ရခြင်းမှာ ကျွန်တော့်အသည်းကြားတွင် နက်စွာခိုအောင်းလျက် ရှိခဲ့ခြင်းကြောင့် အတန်ကြာမေ့လျော့၍ပင် စိတ်ချလက်ချနေခဲ့လေသလား။ ဒါမှမဟုတ် တွယ်ရာမဲ့အကျပ်အတည်းကြားသို့ တစ်ကိုယ်ထီးတည်းရောက်နေခါမှ မိမိအမြတ်နိုးဆုံးသောသူကို သတိရတမ်းတလေ့ရှိသော လူတို့၏သဘာဝပင်လေလား။ ယခုမှပင် သူ့ကိုသတိရတော့သည်။

ကျွန်တော်သည် သူ့ကို လွန်ခဲ့သည့် ၂ နှစ်နီးပါးကပင် စတင်တွေ့မြင်ခဲ့သည်။ ထိုသည်မှစ၍ သူ့အပေါ် တတမ်းတတ ဖြစ်ခဲ့ရသည်။ သာရဝေါမီးရထားပေါ်တွင် တွေ့မြင်ခဲ့ရသော အပျိုမကလေးလောက် ထူးထူးခြားခြား မလှပေမယ့် သူတို့ရွာတွင် ကွမ်းတောင်ကိုင်အပျိုချောတစ်ဦးပင် ဖြစ်သည်။ ကိုယ်ဟန်သေးသွယ်နုနယ်လှပြီး အနေအထိုင်မှာ သိမ်မွေ့၍ ဆိတ်ဆိတ်ငြိမ်ငြိမ်ရှိကာ စကားနည်းလှသည်။ အများတကာ ဟက်ဟက်ပက်ပက်ရယ်မောကြစေကာမူ သူက နီပြေပြေနှုတ်ခမ်းတွဲကလေးကိုတင်းပြီး ပြုံးရုံသာ ပြုံးလေ့ရှိသည်။ ကျွန်တော် သူတို့အိမ်သို့ရောက်၍ လူကြီးမိဘများလစ်ပါက သူကလေး၏ သိမ်မွေ့သော လှုပ်ရှားမှုဟန်ကလေးများကိုသာ တငေးတမော ကြည့်နေမိလေ့ ရှိသည်။ သူ၏ မျက်လွှာပင့်၍ ဝင့်ကြည့်လိုက်သောအကြည့်များကို ရင်ဝယ်စိမ့်အောင် နှစ်သိမ့်မြတ်နိုးခဲ့ရသည်။ တစ်ဦးနှင့်တစ်ဦး စကားတစ်လုံးမျှပင် မပြောဘူး။ မျက်စိချင်းအပြန်အလှန်စေစား၍ တစ်ဦးအချစ်ကို တစ်ဦးရိပ်စားမိရုံသာ ရှိခဲ့သည်။

ကျွန်တော့်အဖို့မှာမူ သူ့အား တစ်ဖက်သတ်မြတ်နိုးနေခြင်းသာ ဖြစ်သည်။ သူတို့အိမ်ရောက်ရသည်မှာလည်း နိုင်ငံရေးလုပ်ငန်းများ စည်းရုံးပြောဟောရင်း ရောက်ရသည်ဖြစ်သဖြင့် သူကလေးကို အတွင်းစိတ်က အဘယ်မျှပင် မြတ်နိုးနေစေကာမူ နိုင်ငံရေးအလုပ်က ဟန့်တားခြင်းကြောင့် သိမ်းဆည်းနေခဲ့ရသည်။ ချစ်ကြည်မြတ်နိုးလှကြောင်း စာပေးလောက်အောင်လည်း ကိုယ့်ဘဝအခြေက မလှ။

သူ့ကို ပိုးပန်းနေကြသူများမှာ သူတို့ရွာမှ မူလတန်းကျောင်းဆရာလေးတစ်ယောက်နှင့် သူတို့ရွာအနီးမှ စက်သူဌေးသားတစ်ယောက်။ စက်သူဌေးသားမှာ ငွေစရွှင်၍ ရုပ်ကလေးကလည်း မဆိုးလှ။ ကျောင်းဆရာကလေးမှာလည်း အလုပ်လက်ရှိ ဝင်ငွေအသင့်အတင့်နှင့် အပေါင်းအသင်းဆုံသူ ဖြစ်သည်။ သူတို့နှင့်ယှဉ်လိုက်ပါလျှင် ကျွန်တော်က ထောင်နှုတ်ခမ်းလျှောက်နေရသူ, ခြေသလုံးအိမ်တိုင်, ပညာကလည်း မတတ်, ငွေကလည်း တစ်ပြားကမှမကပ်သူ ဖြစ်ပါသည်။ လေပေါပေါနှင့် နိုင်ငံရေးတရားဟောနိုင်သူသာ ဖြစ်သည်။ တစ်ခုတော့ ရှိသည်။ ထိုသူ ၂ ယောက်ထက် ကျွန်တော်က ရုပ်ရည်ချောမောသည်။ 'ဒီသခင်ကလေးက ရုပ်ချောသားဟဲ့။'-ဟု အပြောခံရသူ ဖြစ်၏။

သူတို့ ၂ ယောက်မှာ အပေါင်းအသင်းဆုံသူနှင့် ငွေစရွှင်သူများဖြစ်ခြင်းကြောင့် သူတို့အတွက် အကျိုးဆောင်မည့် အောင်သွယ်များက ပေါလှသည်။ သူညီမအငယ်ဆုံးက ကျောင်းဆရာနှင့် သူ့အကြားတွင် အောင်သွယ်လုပ်ပေးနေသည်။ သူ့အဒေါ်များက စက်သူဌေးသား၏ ဘက်တော်သားများ ဖြစ်သည်။

ကြိုက်ရုံသာကြိုက်နေပြီး စာပင်မပေးရဲသူကျွန်တော်သည် သူ့အပေါ် သူမသိငါပိုး ချစ်မြတ်နိုးနေသမျှကို တိုင်တည်ရန် အားကိုးရှာတော့သည်။

ရပါ၏။ ကျွန်တော်ရှာဖွေရရှိသူကား တကယ်ပင် အားကိုးထိုက်သူပေတည်း။ ထိုသူကား နားထိုင်း၍ စကားမပြောတတ်သူ အ,အကြီး ဖြစ်ပေသည်။ ဤအ,အကြီးသည် ကျွန်တော့်ကို အလွန်ခင်မင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK
သူသည် နားထိုင်း၍ အ,နေစေကာမူ လယ်သမားအလုပ်ကို အားနှင့်ခွန်နှင့် ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်သူ ဖြစ်သည်။ သူ့ပါးစပ်မှအသံမှာ ဘဲ ဘဲ အဲဒီလောက်သာထွက်သဖြင့် 'ဘဲဘဲကြီး' ဟု သူ့ကို ခေါ်ကြသည်။ ဘဲဘဲကြီး သည် မျက်နှာရိပ်မျက်နှာကဲကြည့်ရုံမျှဖြင့် လူတွေအကြောင်းကို သိတတ်သူ ဖြစ်သည်။ ဤနည်းဖြင့် ကျွန်တော် တစ်ဖက်သတ်ကြိတ်ပိုးနေသည့်အဖြစ် သူသိသွားသည်။

ကျွန်တော်ချစ်နေသူကလေး၏ အရိပ်အကဲကို သူကသိနေပြီးဖြစ်၏။ သို့ကြောင့် လက်ဟန်ခြေဟန်ဖြင့် 'ကျွန်တော်ကလည်း ကြိုက်နေသည်။ ဆံတောက်ကလေးနှင့် နားသန်သီးကလေးကလည်း ကြိုက်နေသည်။ စာရေးပါ။ သူ ပေးပေးမည်။'-ဟု အမူအရာနှင့် မကြာခဏပြသည်။

ကျွန်တော်ကလည်း ကိုယ့်လိပ်ပြာကိုယ်လန့်နေသဖြင့် အမူအရာလက်ဟန်ခြေဟန်ဖြင့်ပင် ကျွန်တော်က ကြိုက်နေကြောင်း သူ့ကိုသွားမပြောဖို့ ဘဲဘဲကြီးအား တောင်းပန်ထားရသည်။ နောက်မှ စာရေးမည်ဟုလည်း ပြောထားရသည်။

ကျွန်တော်၏အချစ်ကို ပွင့်ပွင့်လင်းလင်းသိသွားအောင် မဖော်ထုတ်ရဲစေကာမူ သူ၏အမူအရာ အကြည့် အရှုကလေးတို့က ကျွန်တော့်အပေါ်တွင် ညွှတ်တိမ်းနေသည်ကိုကား အထင်အရှားပင် မြင်တွေ့နေရ၏။ သို့ကြောင့်ပင် ကျွန်တော်သည် သူ့ကို အချစ်တုံ့သွယ်ဖလှယ်ထားပြီးသည့် မိမိ၏ချစ်သူတစ်ယောက်ဟုပင် ယုံကြည်ထင်မှတ်ထားတော့၏။ တကယ်မဟုတ်။ အမှန်ကတော့ စိတ်ကူးယဉ် လှည့်စားချက်သာ ဖြစ်ချေသည်။

ဤစိတ်ကူးယဉ်ချက်သည်ပင် ယခုထက်တိုင် အတွေးပေါ်လာတိုင်း တစေ့စေ့စွဲငြိနေသေးသည်။ ကျွန်တော် သူတို့ရွာ မရောက်သည်မှာ ကြာလေပြီ။ ၄ လလောက်ပင် ရှိရော့မည်။ ကျွန်တော်အဖမ်းခံရတာကိုပင် သူကလေး သိမှသိပါလေစ။ စက်သူဌေးသားနှင့်များ ကြိုက်သွားကြပြီလား။ ကျောင်းဆရာကလေးနောက်ပဲ ပါသွားပြီလား။ သူ့ကို တ,သနေရသည်နှင့်အမျှ စိုးရိမ်မှုတွေပေါ်လာရပြန်သည်။

ဒါပေမယ့် သူ့ကိုတော့ တစ်ဖက်က စိတ်ချနေမိပြန်သည်။ ပွင့်လင်းစွာမချစ်ကြရသေးပေမယ့် ကိုယ့်မေတ္တာဓာတ်ကိုတော့ သူ့နှလုံးသားကလေးအတွင်းမှာ တိတ်တိတ်ကလေးလက်ခံပြီး ဖြစ်ပေမည်။ ကိုယ့်ကို မျှော်လင့်စောင့်စားနေလိမ့်မည်။ မျှော်လေဦးတော့။ မောင်တစ်ယောက် ထောင်ကလွတ်လာသည့်တိုင် စောင့်မျှော်လေဦးတော့။

အင်း- ဒီထောင်ထဲရောက်နေတဲ့အကြောင်းသိသွားအောင် စာပေးဦးမှပဲ။ စာပေးဖို့ဆိုပြန်ရင်လည်း သူ့ဆီတော့ တိုက်ရိုက်မပေးနိုင်။ သူ့ဖခင်ထံသို့ပင် ဘယ်တုန်းက ဘယ်လိုအဖမ်းခံရပြီး ထောင်ထဲ ဘယ်နည်း ဘယ်ပုံရောက်နေလေရဲ့လို့ ရေးလိုက်ရပေမည်။

မွတ်သိပ်မှု

တဒိုင်းဒိုင်းထုလိုက်သံကြောင့် အိပ်မှုန်စုံမွှားနှင့် ကမန်းကတန်းထလိုက်မိသည်။ အပေါက်တွင် အင်္ကျီဖြူ ဘောင်းဘီဖြူနှင့် ကုလားတစ်ယောက်။ သူ့နောက်မှာ ဝါဒါ ၂ ယောက်ကရပ်နေသည်။

''မောင်မင်း ဘယ်သူလဲ''

ကျွန်တော့်စိတ်အတွင်းက 'လာပြန်ပြီဒီမောင်မင်း'။ ကျွန်တော်သည် ဘာမျှပြန်မပြော။ ယောင်ပေပေ ရပ်ကြည့်နေသည်။ တစ်ဖက်ခန်းမှ ဦးစံခင်က

''မနေ့ကထောင်ကျလာတဲ့ နိုင်ငံရေးသမားကလေးပါသခင်။''

ကုလားထောင်မှူးသည် ကျွန်တော့်ကို စိန်းစိန်းပါအောင်ကြည့်ပြီး ထွက်သွားသည်။ 'အင်း- ဒီဘို ကြက်ချေးတွေကလည်း အရိုးအရင်းကလေးစားရတာနှင့် တယ် ဘိုစိတ်ပေါက်နေကြပါကလား။'-ဟု တွေး လိုက်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးစံခင်က ''ငါလည်း မေ့သွားတယ်ဟေ့။ ခုနက ထောင်မှူးလာတာ လူလာစစ်တာ။ ထောင်မှူးလာရင် အပေါက်ဝမှာ မတ်တတ်ရပ်ပေးရတယ်။ အဲဒါမှတ်ထားဟေ့။''

''ဟုတ်ကဲ့'' ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။ အတန်ကြာသောအခါ ဗူးပေါ်က သံချောင်း ၄-၅ ချက်ဆက်ခေါက်သံကြားရသည်။ ဦးစံခင်သည် သူ့အခန်းက သံတံခါးဖွင့်ထွက်လာသည်။

ကျွန်တော့်တံခါးကိုလည်း ဖွင့်ပေးသည်။ ညက အပေါ့စွန့်ထားသော 'ဂန်ဖလား' ခေါ် စဉ့်အင်တုံကို အိမ်သာတွင် မိမိဘာသာသွားသွန်ရသည်။ ပြီးမှ မျက်နှာသစ်,ကိုယ်လက်သုတ်သင်မှု ပြုရသည်။

ကိုဖိုးဆော့သည် သံဖြူပုံးကလေးဆွဲပြီး ဝင်းတံခါးမှ အပြင်သို့ထွက်သွားသည်။ အတန်ကြာ၍ သူပြန်လာသည့်အခါ အင်္ဂြေထွက်နေသောသံဖြူပုံးကလေးကို လက်ကဆွဲလာသည်။ ကိုဖိုးဆော့ ဘာတွေယူလာပါလိမ့်။

''ကိုဖိုးဆော့၊ ဘာတွေလဲဗျ။''

''ဂန်ဇီလေ''

''ဂန်ဇီဆိုတာ ဘာလဲ''

ပြေပြောဆိုဆိုနှင့်ကြည့်လိုက်ရာ သံဖြူပုံးထဲတွင် ဆန်ပြုတ်နှင့်တူသော ဖြူညီညီပျစ်တွဲတွဲအရည်များကို တွေ့ရသည်။

''ဂန်ဇီဆိုတာ လုံးတီးဆန်ကို ပြုတ်ထားတာ။ မနက်စောစော အဆာပြေသောက်ဖို့ပေါ့ကွ။ မင်းတို့ အပြင်မှာလိုတော့ ကော်ဖီတို့ဘာတို့မရဘူးကွ။ အေး- ဟိုဘက်ကဘီကလပ်မှာတော့ ကော်ဖီတို့, လက်ဖက်ရည်အချို့တို့ သောက်ရသပေ့။''

''ဒါနဲ့ ဦးစံခင်၊ ဘီကလပ်ကဘယ်နားမှာလဲ။''-ဟု မေးမိသည်။

''ဒီကမျက်စောင်းထိုးလောက်မှာရှိတဲ့ ဟိုဘက်ဝင်းထဲမှာ။ တို့လည်း အဲဒီထဲမသွားရဘူး။ ခြောက်ထောင်ပိုင်နှင့် သံဒေတချို့ပဲ သွားရတယ်။ အဲဒီမှာ ဘုန်းကြီးတစ်ပါးနဲ့ သခင်တစ်ယောက် ရှိတယ်လို့ပြောတယ်။ သူတို့က ရန်ကုန်ကရောက်လာတာ မကြာသေးဘူး။''

''ခြောက်ထောင်ပိုင်တို့, သံဒေတို့ဆိုတာ ဘာလဲဦးလေး။''

''ခြောက်ထောင်ပိုင်ဆိုတာ တို့လိုထောင်ကျပဲ။ ထောင်ကျထဲမှာ သူက ဗိုလ်ပေါ့ကွာ။ ဘာယာတို့, သံဒေတို့အပေါ်မှာ အုပ်ချုပ်ရတယ်။ သံဒေကတော့ တို့လိုဘာယာထက် ရာထူးမြင့်တယ်။ လျှော့ရက် ပိုရတယ်။ ခြောက်ထောင်ပိုင်က တစ်ထောင်လုံးမှာမှ ၉ ယောက်လောက် ရှိတယ်။ ထောင်ကြီးရင် ကြီးသလိုပေါ့။ သူတို့အဝတ်က အပြာတွေကွ။ ခြောက်ထောင်ပိုင်က ခေါင်းပေါင်းပြာပေါင်းနိုင်တယ်။ သံဒေတော့ တို့လို ဒေါက်ချာမျိုးပဲ။ အရောင်က အပြာ။ ခြောက်ထောင်ပိုင်ကတော့ တစ်ထောင်လုံးလှည့်ကြည့်နေတာပဲ။ သံဒေကတော့ အိပ်ထောင်ကြီးတစ်ခုမှာ တစ်ယောက်စီ အုပ်ချုပ်ကြရတယ်။ ရုံးထဲမှာလည်း သံဒေတွေရှိတယ်။ ဖိုကြီးမှာလည်းရှိတယ်။''

''ဖိုကြီး ဆိုတာကရော။''

''ဖိုကြီး ဆိုတာက တစ်ထောင်လုံးထောင်ကျတွေအားလုံးစားဖို့ချက်တဲ့ မီးဖိုကြီးကို ခေါ်တာ။ ထောင်အခေါ်အဝေါ်တွေကို မင်းသိအောင် တထိုင်တည်းပြောလို့ ဆုံးမှာမဟုတ်ဘူး။ တဖြည်းဖြည်း မင်းသိလာမှာပဲ။ ကဲ- ဂန်ဇီသောက်ကြဦးစို့။''

''ကျွန်တော်မသောက်တော့ဘူး။''

''ဟ- မင်းဟာက မနေ့ညကလည်း ထမင်းမစား။ ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား။ အိမ်ကိုမျှားလွမ်းနေလို့လား။''

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ- ဦးကလေးကလည်း ကျွန်တော် ကလေးမှမဟုတ်ဘဲ။"

"တို့တော့ မင်းကို ကလေးလို့ပဲ ထင်နေတာပဲ။ မင်းအသက် ဘယ်လောက်ရှိပြီလဲ။"

"၁၆ နှစ်ရှိပြီ။"

"၁၆ နှစ်ဆိုတာ ကလေးပဲ ရှိသေးတာပဲဟ။ တို့ငယ်ငယ် ၁၆ နှစ်သားတုန်းက ကစားကောင်းတုန်းအရွယ်ပဲ။ ကဲ- လာပါ။ သောက်စမ်းပါဦး။ သောက်လို့ကောင်းပါတယ်။"

"ကျွန်တော် အစာငတ်ခံမလို့"

"ဟေ- အစာငတ်ခံမယ်။ ဘာဖြစ်လို့လဲ။"

"ဘီကလပ် ရအောင်လို့ပါ။ ကျွန်တော် ဓားပြမှု, ခိုးမှုနဲ့ ထောင်ကျလာတာမှ မဟုတ်တာ။ အခု စီကလပ်မှာ ချလိုက်တယ်။ စီကလပ်မှာဆက်ထားရင် ကျွန်တော် အစာမစားတော့ဘူး။ ဘီကလပ်ပေးမှ အစာပြန်စားမယ်။"

"အဲဒါမှဒုက္ခပဲ။ တို့ကလည်း ဘာမှမတတ်နိုင်။"

"ဒီမှာဦးလေး။ ကျွန်တော် အစာငတ်ခံတာက အစိုးရကို ဆန္ဒပြတာပါ။ ဦးလေးတို့နဲ့ မဆိုင်ပါဘူး။ ဦးလေးတို့ကိုလည်း ဒုက္ခပေးတာမဟုတ်ပါဘူး။"

"မင်းကို ထောင်မှူးက တို့ကိုအပ်ထားတာ။ ဒီလိုဆို တို့အကြိမ်းခံရဦးမှာပဲ။ မင်းကိုတော့ သူတို့က ပြောချင်မှပြောမှာ။ ကြားထဲက တို့ကိုဖိလာမှာ။"

"ဒါတော့ ကျွန်တော်လည်းမတတ်နိုင်ဘူးဦးလေး။"

"ဒီလိုဆို တော်တော်လေးကြာရင် ရုံးကို သတင်းသွားပို့ရမယ်။ မင်းလည်း တိုက်ခန်းထဲဝင်နေဦးမှ။"

မနက် ၇ နာရီခွဲလောက်တွင် သံကြိုးတချွင်ချွင်နှင့် စကားပြောသံများ ဝင်းအပြင်ထောင်တွင်းလမ်းမကြီးပေါ်ကကြားရသဖြင့် မေးကြည့်ရာ၊ 'အပြင်ဘုတ်သမားတွေ ထောင်အပြင်ထုတ်မလို့'ဟု သိရသည်။

အပြင်ဘုတ်သမားများမှာ ထောင်ကလွတ်ခါနီး စိတ်ချယုံကြည်ရသူများကို ခြေ ၂ ဖက်တွင် သံကွင်းများစွပ်, သံကြိုးများဆိုင်းထားကာ အပြင်ထောင်တောင်ယာလုပ်ငန်းနှင့် ထောင်မှူး, ထောင်ပိုင်တို့၏အိမ်များတွင် ဗာဟီရလုပ်ငန်းများကို ထွက်လုပ်ရသူများဖြစ်သည်ဟုသိရ၏။

၁၀ နာရီမထိုးမီတွင် ဝင်းတံခါးစောင့်ဝါဒါကုလား၏ တံခါးဖွင့်ပေးသံ ကြားလိုက်ရသည်။

"ဟေ့- ကိုစံခင်။ ဒီမှာ ဘီကလပ်ကလူတွေ ထမင်းနဲ့ဟင်း ပေးလိုက်တယ်။ မင်းတို့တိုက်မှာ မနေ့ကရောက်နေတဲ့သခင်တင်မြဆိုတာကို ပေးလိုက်ပါတဲ့။"

တံခါးဝကကြည့်လိုက်ရာ၊ ဒေါက်ချာအပြာ အင်္ကျီလက်ရှည်အပြာ ဘောင်းဘီအပြာ ဝတ်ထားသူတစ်ယောက်။ လက်က သံပုံးကလေးတစ်ခုဆွဲ၍ဝင်လာသည်။ ဦးစံခင်က ဆီးကြိုနေသည်။ ကျွန်တော့်အခန်းတံခါးရှေ့ ရောက်လာကြသည်။ ဦးစံခင်က

"ဟန်ကျတာပဲဟေ့။ မင်း အစာငတ်ခံဖို့မလိုတော့ဘူး။ ဘီကလပ်က နေ့တိုင်းပို့ပေးမယ်လို့ ပြောတယ်။ ကြည့်ပါဦး။ ပုစွန်ဆီပြန်ဟင်းနဲ့ ဆန်ဖြူနဲ့ အကျပဲ။"

ဟုတ်ပါတယ်။ ပုစွန်ဆီပြန်ဟင်းမှာ ဝင်းနေသည်။ ဗိုက်ထဲက ဆာလာပြီး ခံတွင်းထဲက သွားရေများ ပြည့်လာသည်။ သွားရေများကို မျိုချလိုက်ပြီး

"ဘီကလပ်က ဘယ်သူပေးလိုက်တာလဲဦးလေး။"

ဦးစံခင်တို့အရွယ်လောက်ရှိသူ သံဒေကို မေးလိုက်မိသည်။

"သခင်လို့ ပြောတာပဲကွ။ ချစ်တီးလိုကုလားကြီးတစ်ယောက်က ပေးလိုက်တယ်။"

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်တီးလိုကုလားကြီး။ ဘယ်သူပါလိမ့်။ 'သခင်နရောက်နေသည်' ဟုသာကြားရသည်။ တခြား ဘယ်သူများ ရှိသေးလဲ။ သခင်နက ဖြူဖြူခဲ့ခဲ့။ တူချင်းတူ ကုလားနှင့်မတူနိုင်။ တရုတ်နှင့်သာ တူဖို့ရှိသည်။ ထမင်းနှင့်ဟင်းကို သူတို့စားရမည့်အထဲက ခွဲပေးတာဖြစ်မည်။ ဒီထမင်းနှင့်ဟင်းကို စား၍မဖြစ်။ ကိုယ့်အခွင့် အရေးကို ကိုယ့်ဘာသာတိုက်ယူမှရမည်။

"ဦးလေးဦးစံခင်။ ထမင်းနဲ့ဟင်းကို ပြန်ပေးလိုက်ပါဗျာ။ ပေးတဲ့လူကိုလည်း ပြောပါ။ ကျွန်တော် အစာငတ်ခံနေတယ်လို့။"

"အပင်ပန်းခံပြီး အစာငတ်ခံမနေပါနဲ့တော့ကွာ။"

"ကျွန်တော်တစ်ယောက်တည်းအတွက် အခွင့်အရေးရဖို့ဖြစ်ပေမယ့် အရှည်သဖြင့်ကတော့ နိုင်ငံရေး သမားမှန်ရင် အဆင့်အတန်းမခွဲဘဲ ဘီကလပ်ပေးရမယ်ဆိုတဲ့ အလေ့အထဖြစ်ဖို့ပါ။ အစိုးရက ပညာအရည် အချင်း ပစ္စည်းအဆင့်အတန်းကိုခွဲခြားပြီး၊ 'ဘီကလပ်, စီကလပ်'ဆိုပြီး သတ်မှတ်ပေးတယ်။ တိုင်းပြည်အတွက် နိုင်ငံရေးလုပ်နေတာဟာ ပညာအရည်အချင်း ပစ္စည်းအဆင့်အတန်းတို့ထက် မြင့်မြတ်တဲ့, တန်ဖိုးမဖြတ်နိုင် တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဘီကလပ်ရဖို့ အစာငတ်ခံရမယ့်တာဝန် ရှိနေပါတယ်။ အစိုးရက ဥပဒေအရ အသိအမှတ်ပြုပြီးပေးတဲ့ အခွင့်အရေးနဲ့ အစားအစာမဟုတ်ရင် ကျွန်တော် မစားနိုင်ဘူး ဦးလေး။"

သံဒေမှာ ကျွန်တော့်ကို ငိုင်၍ကြည့်နေသည်။ ဦးစံခင်မှာလည်း သူ့လက်ထဲက ထမင်း,ဟင်းများကို ကြည့်ပြီး နှမြောနေဟန် တူပါသည်။

"ဒီလိုလုပ်ရင်ကောင်းမယ်။ အဲဒီထမင်းဟင်းတွေကို ယူထားလိုက်ပါ။ ဦးလေးတို့စားပေါ့။ ကျွန်တော် တော့ မစားဘူး။ ဘီကလပ်က သခင်နတို့ကိုသာ ပြောပါ။ ထမင်းယူထားလိုက်ပေမယ့် ကျွန်တော် မစား ဘူးလို့။"

သံဒေသည် ထမင်းဟင်းများကို ဦးစံခင်တို့သံဖြူပုံးထဲလှယ်ထည့်ပေးပြီး ပြန်ထွက်သွားသည်။

အိပ်ပျော်နေသော ကျွန်တော့်ကို ၁၂ နာရီလောက်တွင် ဦးစံခင် လာနှိုးသည်။ ဗူးဝက ထောင်ဝင်စာ ခေါ်နေသည်ဟု သိရသည်။ 'ဘယ်သူများ လာတွေ့ပါလိမ့်' ဟု တွေးတောရင်း ဗူးဝသို့ လိုက်သွားသည်။

မနေ့က ပစ္စည်းစစ်သောအခန်းသို့မဝင်မီကပင် သခင်သန်းတင်၏အသံကို အသံစာစာဖြင့် ကြားရ သည်။ တွေ့လိုက်သည်နှင့်

"ဟေး- ထောင်မင်းသား။ ဘယ့်နယ်လဲ။ ဟဲ ဟဲ"

"ခင်ဗျားတို့ကိုး။ တို့ဗမာ"

"တို့ဗမာ တို့ဗမာ"

သခင်မမတင်တင်အေး, သူ့အစ်မကြီးနှင့် သခင်ဖေအောင်တို့လည်း ပါလာသည်။ စားပွဲတွင် ထောင်မှူးတစ်ယောက် ထိုင်နေသည်။ အားလုံးပင် ပြုံးနေကြသည်။ စားပွဲပေါ်တွင် လွယ်အိတ်တစ်လုံး။ ကျွန်တော့်လွယ်အိတ်နှင့် အဝတ်အစားများ။ စက္ကူနှင့်ထုပ်ထားသော အထုပ် ၂ ခုကတော့ စားစရာများ ဖြစ်မည်။

ကျွန်တော်လည်း ကုလားထိုင်တစ်လုံးပေါ်ထိုင်ရင်း

"မနေ့က ဘာတွေဆက်ဖြစ်ကြသေးလဲဗျ။"

သခင်ဖေအောင်က "ဘာမှမတော့ မဖြစ်ပါဘူး။ ကျွန်တော်တို့လည်း တော်တော်ကြာကြာ ဆက် ကြွေးကြော်နေပြီး တပ်ခေါက်ပြန်ခဲ့ရတာပေါ့။ ဦးလေးမြလည်း မနေ့ညနေက ရန်ကုန်က ပြန်ရောက်လာတယ်။"

mgyoe.com

mgyoe.com SAMPLE BOOK

"ဦးလေးမြ ကားပေါ်ကဆင်းပြီး အိမ်ထဲလည်းရောက်ရော သခင်တင်မြသတင်းကြားတာနဲ့ ဒေါပွသွားတယ်။ ဦးလေးမြ ဒီလောက်ဒေါပွတာမျိုး ဖြစ်ခဲတယ်။ 'ဒီလုံး'ဆိုတဲ့ကောင်ဟာ ဘာလုပ်တာလဲ။ သူကိုယ်တိုင် တရားလို၊ သူကိုယ်တိုင် ဆွဲချ၊ သူကိုယ်တိုင် တရားသူကြီးလုပ် ဆုံးဖြတ်တာဟာ အင်္ဂလိပ်ဥပဒေမှာ ရှိသလား။ ဒီကောင် မတရားလုပ်တာ။ တရားပြန်စွဲရမယ်။' လို့တောင် ပြောတယ်။"-ဟု သခင်မမတင်တင်အေးက အမူအရာနှင့် ဒိုးဒိုးဒေါက်ဒေါက်ပြောသည်။ ကျွန်တော်ကတော့ ဘာမျှမပြော။ ပြုံး၍သာနေသည်။

"ဘယ့်နယ်- မနေ့ညက အချုပ်မှာလည်း ကြမ်းပိုးတော်တော်ကိုက်သလား။"

"ကြမ်းပိုးမရှိပါဘူး။ သံမံတလင်းပေါ်ဆိုတော့ ကြမ်းပိုးခိုစရာ နေရာမရှိဘူး။ ဒါထက် ဟိုဘက်က ၂ ထုပ်က ဘာတွေလဲ။"

"ခေါက်ဆွဲထုပ်နဲ့ သကြားလုံးတွေ။"

"ကျွန်တော်မစားဘူး။ အဲဒါတွေပြန်ယူသွားကြပါ။ ကျွန်တော် အစာငတ်ခံနေတယ်။"

မတင်တင်အေးကမျက်လုံးပြူး၍

"အစာငတ်ခံနေတယ်။ ဘာဖြစ်လို့လဲ။"

ထိုင်နေသော ထောင်မှူးကပါ

"ခင်ဗျား အစာငတ်ခံနေသလား။"

"ဟုတ်ပါတယ်။ ဘီကလပ်မပေးဘဲ စီကလပ်မှာ ချထားလို့ပဲ။"

"ဒါဖြင့် ခင်ဗျား သိပ်ဆာနေမှာပေါ့။"

သခင်သန်းတင်က ဝင်မေးသည်။

"ဆာတော့ ဆာတာပေါ့။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ။"

သခင်မမတင်တင်အေးနှင့် ၄င်း၏အစ်မကြီးတို့မှာ မျက်နှာများမကောင်းကြပါ။

ထောင်မှူးက သူ့ဘေးရှိအကျဉ်းသားတစ်ယောက်အား ဘာယာဦးစံခင်ကို သွားခေါ်ခိုင်းသည်။

ဘာယာဦးစံခင် ဝင်လာသောအခါ ထောင်မှူးက

"သခင်တင်မြ အစာငတ်ခံနေတယ်ဆို။"

"ဟုတ်ပါတယ်။ မနေ့ည ရောက်ကတည်းက ထမင်းမစားဘူးသခင်။"

"ဘာဖြစ်လို့ တို့ကိုလာမပြောသလဲ။"

"ကျွန်တော်က သူစားမလားလို့ ချောင်ကျွေးနေသေးလို့ပါသခင်။"

ထောင်မှူးသည် ဘာမျှမပြော။ မျက်မှောင်ကြုတ်နေသည်။ ဦးစံခင်ကိုလည်း 'ပြန်တော့' ဟု လက်ပြလိုက်သည်။

ကျွန်တော်တို့သည် ဟိုအကြောင်းသည်အကြောင်းများပြောပြီး အတန်ကြာသောအခါ သခင်သန်းတင်တို့ နှုတ်ဆက်၍ပြန်သွားကြသည်။

ထောင်ဗဟုသုတ

တစ်နေကုန်၍ နောက်တစ်မိုးပင် သောက်ခဲ့ပြီ။

ထိုနေ့နံနက်တွင် ဆေးရုံမှဆရာဝန်ဆိုသူ ကျွန်တော့်ကို လာကြည့်သွားသည်။ ဘာမျှတော့ မေးသွားခြင်းမပြု။ ကျွန်တော်လည်း ခင်းထားသောစောင်ပေါ်တွင် ဝမ်းဟာဟာနှင့် ခွေ၍သာနေသည်။ ဝမ်းဟာ၍ ဆာလောင်နေသည့်အကြားမှ တစ်ခါတစ်ခါ ဝမ်းထဲမှ မသိမသာနာလာသလို ထင်မိသည်။ မခံမရပ်နိုင်အောင်ကား မဖြစ်။ မနေ့ညကလို အိပ်၍လည်း မရတော့။ အိပ်၍မရ နိုးနေသည်နှင့်အမျှ မွတ်သိပ်မှု၏အနှိပ်စက်ကို

mgyoe.com

mgyoe.com SAMPLE BOOK
ခံနေရသည်။ သို့ကြောင့် ဆာလောင်မှုကို မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ဦးစံခင်နှင့် ကိုဖိုးဆော့ကို သံတံခါးပေါက်နားခေါ်ပြီး ထောင်အကြောင်း ဟိုမေးဒီမေး မေးနေရတော့သည်။ သူတို့ပြောသမျှ ထောင်အကြောင်းများကို နားထောင်နေရသည်မှာ ဗဟုသုတတိုးပြီး ဆာလောင်မှုလည်း လျော့ပါးသွားသည်ဟု ထင်ရသည်။

ထောင်တွင်းအကြံအဖန်များအကြောင်းကို ပြောပြသည်။ အရက်သမားများအတွက် အရက်သောက်ချင်လျှင် ထောင်တွင်းလက်သမားရုံးက စားပွဲ, ကုလားထိုင်, ပရိဘောဂပစ္စည်းသစ်သားထည်များကို အရောင်တင်သည့် အရောင်တင်ဆီပုလင်းများကိုခိုးယူပြီး ဆားထည့်လိုက်သည်။ ဆားကြောင့် အရောင်တင်ဆီတွင် ရောနေသော ချိပ်များ အနည်ထိုင်သွားသည်။ ကျန်သည့်အရက်ပြန်ကို ရေအနည်းငယ်ရောပြီး သောက်၍မူးကြသည်။ ထိုသူတို့ထက် ပိုက်ဆံတတ်နိုင်သူများ၊ သို့မဟုတ်-လည်ပတ်ပါက မေ့ဆေးပေးရာတွင်အသုံးပြုသော 'အီသာ' ခေါ် မေ့ဆေးရည်များကို ထောင်ထွင်းဆေးရုံကခိုး၍ ရရောသောက်ကြသည်။

ထောင်တွင်းသို့ အပြင်ဘုတ်များက ပစ္စည်းနှင့်ပိုက်ဆံများခိုးသွင်းပုံကိုလည်း ပြောပြသည်။ ဗိုလ်လသာဆေးပြင်းလိပ်တစ်လိပ် အပြင်တွင် တစ်ပြား၊ ထောင်ထဲတွင် ၂ ပြားဈေးရှိသည်။ ဆေးလိပ် ခိုးသွင်းကြသည်။ သွင်းပုံမှာ ဗိုလ်လသာဆေးပြင်းလိပ် ၅ လိပ်ကိုပူး၍ ကြိုးနှင့် သေချာစွာတုပ်သည်။ ထိုအပေါ်က ၄က်ပျောရွက်နုနုကို မီးကင်၍ပတ်သည်။ အပ်ချည်ကြိုးနှင့်ထပ်ချည်ပြီးနောက် ဆီအနည်းငယ်သုတ်၍ စအိုထဲသွင်းကာ ယူလာခြင်းဖြစ်သည်။ ပိုက်ဆံကိုလည်း ထိုနည်းဖြင့် အပြင်ကသွင်းကြသည်။ ပိုက်ဆံခိုးသွင်းရာတွင် 'ပါးစပ်တတ်' သူများရှိသေးသည်။ ခဲပြားလေးကိုကြိုးချည်ပြီး အာစောက်ထဲချ၍ ၁၅ ရက်-တစ်လလောက် လေ့ကျင့်လိုက်လျှင် အာစောက်ကနေ လည်ချောင်းအမြှောင်းအတိုင်း အသားအိတ်ဖြစ်သွားသည်။ ထိုအိတ်ထဲသို့ ၅ မူးစေ့,မတ်စေ့များကို ထည့်ထား၍ရသည်။

'စအိုတတ်သူ'နှင့် 'ပါးစပ်တတ်သူ'-၂ ယောက်၏အဖြစ်အပျက်တစ်ခုကိုလည်း ပြောပြသေးသည်။ အဖြစ်မှာ ရယ်စရာနှင့် နှလုံးနာစရာကောင်းလှသည်။

''တစ်နေ့တော့ ဘခိုင်တစ်ယောက် အပြင်ဘုတ်ထွက်တုန်း သူ့အိမ်က တိတ်တိတ်လာတွေ့ပြီး ငွေ ၅ ကျပ် ပေးသွားတယ်။ ငွေကလည်း ၅ မူးစေ့ ၁၀ စေ့တဲ့ကွယ်။ ဒါနဲ့ ဘခိုင်က 'စအိုတတ်'တဲ့ကောင်ဆိုတော့ ထုံးစံအတိုင်း ၄က်ပျောရွက်နှင့်လိပ်ပြီး စအိုထဲ သွင်းလာတာပေါ့။ သူ့မှာ ပိုက်ဆံပါတယ်ဆိုတာလည်း ဘယ်သူမှမပြောဘူး။ ဗူးဝရောက်တော့ တလာစီဖို့ တန်းစီပြီးထိုင်နေရတာပေါ့။ ဘခိုင်က နောက်ဆုံးလောက်က။ သူ့နောက်က အေးဆောင်က ထိုင်နေတယ်။ အေးဆောင်က 'ပါးစပ်တတ်'တယ်။ ဘခိုင်က အတော်ကြာထိုင်နေရတော့ စအိုထဲက နာလာတယ်။ ဣန္ဒြေမရ ဖြစ်လာတယ်။ တလာစီတာ သူ့အနားလည်းရောက်လာရော စအိုက နာလာတာက မခံနိုင်အောင် ဖြစ်လာတယ်။ ထည့်ထားတဲ့ပိုက်ဆံကိုလည်း ဖင်ညှပ်ပြီးထိန်းမထားနိုင်တော့ဘူး။ ဒါနှင့် အေးဆောင်ကို ကမန်းကတန်းတိုးတိုးပြောလိုက်တယ်။ 'ငါ့မှာ ပိုက်ဆံ ၅ ကျပ်ပါလာတယ်။ မင်းကို တစ်ဝက်ပေးမယ်။ မင်း ယူခဲ့ပါ။' လို့ ပြောပြောဆိုဆို သူ့ စအိုထဲက ထွက်ကျလာတဲ့ ပိုက်ဆံ ၅ ကျပ် လှမ်းပေးလိုက်တယ်။ တလာစီတဲ့ဝါဒါလည်း အနားရောက်လာတော့ အေးဆောင် ဘာမှပြောမနေတော့ဘူး။ ဘခိုင်လှမ်းပေးတဲ့ ငွေ ၅ ကျပ်အထုပ်ကို ပါးစပ်ထဲ ပစ်သွင်းလိုက်တာပေါ့။ ပါးစပ်ထဲရောက်ရော ချေးစော်ကနံအန်ထုတ်ရအခက် လည်ချောင်းထဲထည့်ရအခက် ဖြစ်နေသေး။ 'မထူးဘူး'ဆိုပြီး လည်ချောင်းထဲ ဒီအတိုင်းထည့်ခဲ့ရတာပေါ့။

''ထောင်ထဲရောက်တော့ အေးဆောင် စိတ်ဆိုးလို့ ဘခိုင်ကို ရိုက်မယ်လုပ်နေသေးတယ်။ ဖင်ထဲထည့်လာတဲ့ပိုက်ဆံကို မပြောဘဲ သူ့ပေးရပါ့မလားလို့။ ခွေးမသားက တဝေါ်ဝေါ်လုပ်ပြီး ဒေါပွနေသေးတယ်။''

ထောင်တွင်းဗဟုသုတများကို ကြားနာရင်း ဆာလောင်မှုကိုဖြေဖျောက်၍ အချိန်ကုန်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းဆောင်များနှင့်အတူ

နေ့လယ် ၁၂ နာရီခွဲလောက်တွင် ကျွန်တော်ကို ထောင်ဝင်စာတွေ့ရန် ထောင်မှူးတစ်ယောက် လာခေါ်ပြန်သည်။ ဗူးဝလိုက်သွားရာ မနေ့က အခန်းထဲတွင်ပင် သခင်ခင်အောင်အား အပြုံးသားနှင့်တွေ့ရသည်။

သခင်ခင်အောင်က 'ကျွန်တော် ဘီကလပ်ရဖို့ အစာငတ်ခံနေကြောင်းသိရသဖြင့် လာကြောင်း။ ဘီကလပ်ရရန် အပင်ပန်းခံပြီး အစာငတ်ခံနေရန် မလိုကြောင်း။ ကာကွယ်ရေးပုဒ်မ ၃၈ အရ တရားစွဲဆိုထားသောအမှုအတွက် ရမန်ယူရန် နောက် ၃ ရက်လောက်ကြာလျှင် ရုံးသို့ထွက်ရမည်ဖြစ်ကြောင်း။ ထိုအမှုအတွက် မူလက တရားသူကြီး မစ္စတာဒီလုံးရုံးတွင် စွဲဆိုထားရာ ယခု နယ်ပိုင်ရုံးသို့ ပြောင်းရွှေ့လွှဲပေးရန် သခင်မြ စီစဉ်နေကြောင်း။ နယ်ပိုင်ရုံးသို့ အမှုလွှဲပြောင်းပြီး၍ ရမန်ယူပါက ဘီကလပ်ရမည်ဖြစ်ကြောင်း။ သို့ကြောင့်ပင် အစာငတ်ခံခြင်းကိုရပ်လိုက်ရန်' ပြောပါသည်။

ထို့ပြင် 'ယနေ့ သခင်နု ရုံးထွက်ရမည်ဖြစ်ကြောင်း။ မကြာမီ သခင်နုအမှုအတွက် တရားခံပြသက်သေများအဖြစ် သခင်သန်းထွန်း, သခင်စိုး, သခင်လေးမောင်တို့ ဒီထောင်ကို ရောက်လာလိမ့်မည်'အကြောင်းများ ပြောသေးသည်။ ကျွန်တော်ကလည်း 'အစာငတ် မခံတော့။ အစာပြန်စားမည့်အကြောင်း' ပြန်ပြောလိုက်သည်။ သခင်ခင်အောင်လည်း အတန်ကြာစကားစမြည်ပြောဆိုပြီး ပြန်သွားလေသည်။

သခင်ခင်အောင် ထောင်ဝင်စာလာတွေ့ပြီးနောက် ၃ ရက်မြောက်နေ့ ၁၁ နာရီလောက်တွင် ကျွန်တော့်ကို ရုံးသို့ထုတ်ပါသည်။ သာယာဝတီရုံးသို့ ထောင်ကားနှင့်ပင်သွားရပါသည်။

နယ်ပိုင်ရုံးမှာ အရေးပိုင်ကြီးရုံးနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိ၍ ပြည်ကားလမ်းကို နောက်ကျောပေးထားသော သစ်သားအဆောက်အအုံအောက်ထပ်တွင် ဖြစ်သည်။

တရားသူကြီးမှာ နယ်ပိုင်ဦးစိန်းမောင် ဖြစ်သည်။ ဦးစိန်းမောင်ကို သခင်မြအိမ်တွင် တည်းခိုနေက တည်းကပင် သိရှိပြီးဖြစ်သည်။ သူ့အိမ်သို့ ၂ ခေါက်ရောက်ဖူးသည်။ ဦးစိန်းမောင်တို့ဇနီးမောင်နှံမှာ လင်ကိုယ်မယား ၂ ယောက်တည်းသာရှိပြီး ကလေးမြေးငယ် မရှိ။ သခင်ဖေအောင်, သခင်သန်းတင်တို့ကို ခင်ခင်မင်မင်ရှိလှသည်။ သခင်မြနှင့်ပင် ဆွေမျိုးနီးစပ်ဖြစ်သည်ထင်၏။

ထိုနေ့က ဦးစိန်းမောင်ရုံးတွင် သခင်မြ, သခင်တင်, သခင်ခင်အောင်နှင့် သခင်သိန်းမောင် (နောင်လေထီးကိုသိန်းဇ)တို့ကို တွေ့ရသည်။ ရုံးတွင် ကျွန်တော့်အမှုအတွက် ရမန်ယူသည့်ကိစ္စများကို ပြုလုပ်ပြီး တရားသူကြီးဦးစိန်းမောင်က ရမန်ရက်အတွင်း ဘီကလပ်အဆင့်အတန်းပေးကြောင်း အမိန့်ချလိုက်သည်။ ရုံးတွင် တစ်နာရီလောက်သာကြာပြီး၊ ထောင်သို့ ပြန်ခဲ့ရသည်။

ကျွန်တော်သည် ထောင်ဘူးဝသို့ရောက်သည်နှင့် ဘီကလပ်အိပ်ထောင်သို့ ရောက်လိုစိတ်က စောနေသည်။ အဝေးကနေ၍ ကြည်ညိုခဲ့သော ဌာနချုပ်ခေါင်းဆောင်ကြီးများနှင့် ရင်းရင်းနှီးနှီး တွေ့ရ၊ အတူတကွနေရတော့မည်။ သူတို့ထံက နိုင်ငံရေးဩဝါဒ သွန်သင်ဆုံးမမှုများကို ခံယူရပေတော့မည်။ တက်ကြွဝမ်းမြောက်မှုဖြင့် မြူးနေမိသည်။

တိုက်တန်းမှ ဘီကလပ်အိပ်ထောင်သို့လိုက်ပို့မည့် ထောင်မှူးတစ်ယောက်နှင့်အတူ တိုက်တန်းသို့သွားသည်။ ကျွန်တော့်လွယ်အိတ်ကိုယူ၍ ဦးစံခင်တို့ကို နှုတ်ဆက်ကာ ဘီကလပ်အိပ်ထောင်ဝင်းတံခါးပေါက်သို့ရောက်သွားကြသည်။ ဝင်းတံခါးဖွင့်လိုက်သည်နှင့် တံခါးစောင့်ဝါဒါကုလားက ကျွန်တော့်ရှေ့မှ ထောင်မှူးကို အလေးပြုလိုက်သည်။ သူနှင့်မလှမ်းမကမ်းမှာ ကတုံးပြောင်ပြောင် အသားမည်းမည်း ဗိုက်ရွှဲရွဲနှင့် ချစ်တီးကုလားကြီးတစ်ယောက်။ သူ့တစ်ကိုယ်လုံးတွင် ရေလဲပိုင်းနံငယ်တစ်ခုသာ ခါးတွင်စည်းထားသည်။ လမ်းပေါ်တွင် ရပ်၍ ကျွန်တော့်ကို ရွှင်ပြုံးစွာကြည့်နေသည်။

mgyoe.com SAMPLE BOOK

ရေချိုးနေရာက တံခါးခေါက်သံကြား၍ ပြေးလာဟန်တူသည်။ သူကပင် "သခင်တင်မြ ရောက်လာပြီ ဗျို့" ဟု အိပ်ထောင်ဘက် လှမ်းအော်လိုက်သည်။ အိပ်ထောင်ဝက လူတစ်စု ထွက်ကြည့်ကြသည်။ ထို လူစုတွင် ဟော- သခင်နု။ နောက် မျက်မှန်နှင့် သခင်လေးမောင်။ သူ့ဘေးက သခင်သန်းထွန်း။ ဟိုဘက်ကတော့ သခင်စိုး။ ဒီဘက်ဘေးက လူဝဝကုလားကြီးကိုတော့ မသိ။

ကျွန်တော်က လက်ရုံးမြှောက်၍ "တို့ဗမာ" ဟု နှုတ်ဆက်သည်နှင့် သူတို့ထံကလည်း တုံ့ပြန်သမှု ပြုကြသည်။ ချစ်တီးကုလားကြီးကပါ "တို့ဗမာ" ဟု လက်ရုံးမြှောက်၍ နှုတ်ဆက်ပြီး၊ "မောင်ရင်က လူချောပဲ။" ဟုပြော၍ ကျွန်တော့်ပခုံးကိုင်ကာ သခင်နုတို့ရုပ်နေရာသို့ ကျွန်တော့်ကိုခေါ်သွားသည်။

အားလုံးက ပြုံး၍ကြည့်နေပြီး၊ သခင်နုက

"ဘယ့်နယ်- ဘီကလပ် ရခဲ့ပြီလား။"

"ဟုတ်ပါတယ်။ ကျွန်တော် ရမန်ရက်အတွင်း ဘီကလပ်နှင့်နေစေလို့ ဒီနေ့ပဲ ရုံးက အမိန့်ချလိုက်ပါတယ်။"

ကျွန်တော်တို့ အိပ်ထောင်အတွင်းသို့ စုပြုံဝင်သွားကြသည်။ အထဲရောက်သည်တွင် သခင်နုက

"မင်း သူတို့အားလုံးကိုသိလား"

"သိပါတယ်။ ဌာနချုပ်နှင့် သာယာဝတီညီလာခံမှာ မြင်ဖူးပါတယ်။ ဟိုဘက်က ဦးကြီးကိုတော့ မသိဘူး။ သူ့ကိုလည်း မသိဘူး။"-ဟု ချစ်တီးကုလားကြီးကို လက်ညှိုးထိုးပြလိုက်ပါသည်။

"သူက 'ရေနံမြေသခင်ခ' ဆိုတာပေါ့။ သခင်ထွန်းအုပ်တို့အဖွဲ့ကလေ။"

ချစ်တီးကုလားကြီးကား 'ရေနံမြေသခင်ခ'ပေတည်း။ သတင်းစာများတွင် နာမည်တွေ့ဖူးပါ၏။

"ဒါက ဦးမောင်မောင်။ ဘီးလစ်စာရေးကြီး။"

ဩော- သာယာဝတီဈေးထဲက သခင်မရင်ရင်, သခင်မခင်ခင်တို့၏ဖခင်ပါတကား။ 'ဘီးလစ်စာရေးကြီးဦးမောင်မောင် ငွေအလွဲသုံးစားမှုဖြင့် ထောင်ထဲရောက်နေသည်'ဟု အပြင်တုန်းက ကြားခဲ့မိသည်။ ဦးမောင်မောင်အပြင် ဘီကလပ်ထောင်ကျတစ်ယောက်ရှိသေးသည်။ အမည်မှာ ကိုမြမောင် ဖြစ်သည်။ သာယာဝတီအစိုးရရုံးတစ်ရုံးမှ ငွေကိုင်စာရေးဖြစ်ပြီး ငွေအလွဲသုံးစားမှုနှင့် ထောင် ၂ နှစ်ကျနေခြင်း ဖြစ်သည်။ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ထောင်ဘူးဝရှိ ထောင်ပိုင်ရုံးခန်းသို့ အလုပ်သွားလုပ်ရသည်။ ကိုမြမောင်ဘူးဝမှ ပြန်မရောက်လာသေး။ ဤသို့ဖြင့် ကျွန်တော်သည် ဘီကလပ်အိပ်ထောင်ရောက်၍ ဌာနချုပ်ခေါင်းဆောင်များနှင့် ရင်းနှီးစွာစတင်တွေ့ရပေတော့သည်။

သခင်လေးမောင်, သခင်စိုး, သခင်သန်းထွန်းတို့သည် သခင်နုအမှုတွင် တရားခံပြသက်သေအဖြစ် သာယာဝတီရုံးတွင် သက်သေခံရန် သာယာဝတီထောင်သို့ ရောက်လာသည်မှာ ၂ ရက်ရှိပြီ။ သခင်ဦးသုမန ကိုယ်တော်မှာ အင်းစိန်ထောင်သို့ ပြောင်းသွားပေပြီ။ သခင်ခသည် သာယာဝတီစီရင်စုအတွင်း မြို့တစ်မြို့တွင် တရားဟောသည့်အတွက် အစိုးရအကြည်ညိုပျက်စေမှုဖြင့် ထောင်ကျနေသည်မှာ တစ်လခန့် ရှိနေပြီဖြစ်၏။

ဘီကလပ်အိပ်ထောင်မှာ တစ်ထပ်တိုက်ကြီးဖြစ်ပြီး ဘေးသို့ အဆောင်ကလေး ၂ ဆောင် ထွက်နေသည်။ အိပ်ထောင်အတွင်းတွင် အတန်ငယ်မြင့်သော အိပ်စင်အုတ်ခုံပေါင်း ၄၀ ခန့် ရှိသည်။ ထိုအိပ်စင်များပေါ်တွင် မွေ့ရာနှင့် မွေ့ရာခင်း, ခေါင်းအုံး, စောင်, ခြင်ထောင်တို့ဖြင့် အကျအနပင်။ စီကလပ်နှင့်ကား ကွာခြားလှဘိ။

အစားအသောက်များမှာ နံနက်နှင့် နေ့လယ်တွင် လက်ဖက်ရည်နှင့် ပေါင်မုန့်။ ဆန်ဖြူထမင်းနှင့် ဟင်းလျာ ၃ မျိုးလောက်။ စားချင်သည့် အမဲသားငါးကို ဈေးတိုက်ထောင်မှူးမှတစ်ဆင့် အပြင်မှ ကန်ထရိုက်

mgyoe.com

mgyoe.com SAMPLE BOOK

တာထဲ မှာနိုင်သည်။ ဆေးလိပ်သောက်သူအတွက် ဆေးလိပ်ရသည်။ ထမင်း,ဟင်းကိုမူ မိမိတို့ဘာသာ ချက်စားရသည်။ ကူညီချက်ပြုတ်ရန် ထောင်ကျ စီကလပ်အကျဉ်းသား ၂ ယောက် ပေးထားသည်။

သခင်ခသည် ဘီကလပ်အိပ်ဆောင်၏ တစ်ဦးတည်းသောဖိုသူကြီးပင် ဖြစ်သည်။ ဤရာထူးကို မည်သူမျှ ဝင်မလုနိုင်။ သူကလွဲ၍ သခင်နုတို့လူစုမှာ ထမင်းပင် ကောင်းစွာချက်တတ်သူများ မဟုတ်ကြ။ သခင်ခသည် ဟင်းကျွေးအချက်အပြုတ်လည်း ကောင်းလှသူဖြစ်သည်။ ကုလားကြီးပင်ဖြစ်သော်လည်း သူချက်သော တရုတ် ၁၂ မျိုးဟင်းချိုမှာ သောက်၍ကောင်းလှသည်။ သခင်ခသည် ချက်ရပြုတ်ရ ချွေးတလုံးလုံးနှင့်မို့ အင်္ကျီဝတ်သည်ဟူ၍ပင် မရှိ။ တစ်ခါတစ်ရံ ကျွန်တော်မစားဖူးသော 'ဘုံဘေတို့စ်' ခေါ် ပေါင်မုန့်ကို ကြက်ဥနှင့် စိမ်၍ကြော်ထားသည့်မုန့်ကိုလုပ်၍ လက်ဖက်ရည်နှင့်တိုက်သည်။

ကျွန်တော့်အဖို့ အလွန်ကြည်ညိုလေးစားခဲ့သော ဌာနချုပ် တို့ဗမာအစည်းအရုံးသခင်ခေါင်းဆောင်ကြီးများနှင့် ယခုကဲ့သို့ ထောင်ထဲတွင် ရင်းရင်းနှီးနှီး အတူတကွနေရခြင်းကို အလွန်ဝမ်းမြောက်နေမိသည်။ ကျွန်တော်သည် ခေါင်းဆောင်များ၏ အမူအကျင့် သဘောသကာယများကို ဥပဓိရုပ်ကအစ ပြောဟန်ဆိုဟန်များ အထိ လေ့လာကြည့်မိသည်။

ဌာနချုပ်ဥက္ကဋ္ဌ သခင်လေးမောင်မှာ သူတို့ ၄ဦးတွင် အရပ်အမြင့်ဆုံးဖြစ်သည်။ ဆံပင်ကို သပ်ရပ်စွာ ဖြီးထားလေ့ရှိသည်။ ပါး ၂ ဖက်ပြည့်ပြည့်၊ မေး အနည်းငယ်လုံး၍ ရုပ်ရှင်မင်းသားခင်မောင်ရင်နှင့် အတန်ငယ်ဆင်သည်။ သူ့မျက်နှာကို ဖျက်နေသည်မှာ အမြဲတပ်ထားရသည့်မျက်မှန်ပင် ဖြစ်သည်။ မျက်မှန်ကြောင့်လော မသိ။ သူဦးခေါင်းကို မော့ထားသည်။ လမ်းလျှောက်နေပါက ပိုမော့သွားတော့သည်။ မျက်မှန်ထဲကနေ၍ မျက်ပေါက်ရှုံ့၍ ကြည့်တတ်သည်။ တစ်ခါတစ်ရံ မျက်နှာကို တည်လိုက်ပြုံးလိုက်နှင့် အမူအရာလုပ်နေသလိုပင် ထင်ရသည်။ စကားပြောရာ၌ 'ကိုယ်တို့'ဆိုသောအသုံးအနှုန်းနှင့် 'အချုပ်ကတော့' ဆိုသည်မှာ ထပ်ခါတလဲလဲ ပါလေ့ရှိသည်။

'လူမဲ့တို့ထွက်ရပ်လမ်း' စာအုပ် ၂ စောင်တွဲကိုရေးခဲ့သဖြင့် လည်းကောင်း၊ နဂါးနီစာအုပ်အသင်းဥက္ကဋ္ဌ ဖြစ်၍လည်းကောင်း၊ ကျောင်းသားခေါင်းဆောင်ဟောင်းကြီးတစ်ယောက် ဖြစ်၍လည်းကောင်း အမည်ကျော်ကြားလှသော သခင်နုသည် သူတို့ ၄ ဦးတွင် အသက်အကြီးဆုံးဖြစ်၍ လူကြီးတစ်ယောက်၏ သွင်မူလက္ခဏာအပြည့်ဆုံး ဖြစ်သည်။ ဆံပင်ကို အတန်ငယ်တိုတိုညှပ်ထားပြီး သပ်ရပ်စွာ ဖြီးထားလေ့ရှိသည်။ အသားဖြူဖြူ မျက်ခုံးတန်းတန်း နှာတံပေါ်၍ အောက်နှုတ်ခမ်းကအနည်းငယ်တွဲကာ မေးရိုးတင်းတင်းဖြစ်သည်။ ဣန္ဒြေသိက္ခာဆည်၍ နေလေ့ရှိသည်။ လမ်းလျှောက်ပါက ခေါင်းကိုခပ်ငုံ့ထား၍ လက်ဖျား ၂ ဖက်ကို မသိမသာဆုပ်ကာ ဆန့်လွှဲ၍ လျှောက်လေ့ရှိသည်။ စကားသံမှာ ပြတ်သားရှင်းလင်း၍ မသိမသာ အနိမ့်အမြင့် အဖြတ်အငင် ဂီတလှိုင်းသံပါနေသည်။

'ဆိုရှယ်လစ်ဝါဒ', 'ဗမာ့အရေးတော်ပုံ', 'အလုပ်သမားလောက' စာအုပ်တို့ကိုရေးခဲ့သူ အလုပ်သမားအရေးတွင်ကျွမ်းကျင်သူဟု ကျော်ကြားသည့် သခင်စိုးသည်ကား ခေါင်းဖြီးလေ့မရှိ။ သူ့ဆံပင်များမှာ ထိုးထိုးထောင်ထောင်ဖြစ်နေသည်။ မနက်အစောကြီးလည်း ထ၍ စာဖတ်သည်။ စာဖတ်နေစဉ် ပါးစပ်က အသံတိုးတိုးထွက်၍ စာရွတ်နေတတ်သေးသည်။ အလွတ်ကျက်နေသလား မသိရ။ တစ်ခါတစ်ရံ မျက်မှန်ကို မျက်နှာကချွတ်၍ စာကြည့်တတ်သည်။ မျက်မှန်ချွတ်ထားပါက သူ့မျက်လုံးများမှာ အတွင်းသို့ အတော်ပင် ချိုင့်ဝင်နေသည်ကို တွေ့ရသည်။ နဖူးအတန်ငယ်မောက်၍ မေးဖျားမှာ ရှေ့သို့ကော့နေသည်။ ပါးစုန့်မို့မို့နှင့် စာရေးရာတွင် အံတကြိတ်ကြိတ်ရေးတတ်သည်။ အသားအရေမှာဖြူ၍ ခါးအနည်းငယ်တုတ်စေကာမူ လက်မောင်းလက်အိုးကြီးများမှာ နပန်းသမားနှင့် တူလှသည်။ လမ်းသွားဟန်မှာ ခြေနုတ်ပြီးမြန်၍ ရှေ့ကို အရှိန်ယူနေသကဲ့သို့ပင်။ စကားပြောရာ, စားသောက်ရာတွင် အားပါးတရ ရှိသည်။ ရယ်စရာများပြောတတ်ပြီး အားရပါးရ

mgyoe.com SAMPLE BOOK

ရယ်သည်။ ထောင်ကျအကျဉ်းသားများနှင့် ကျွန်တော့်ကိုပါ 'ခင်ဗျား', 'ကျွန်တော်', 'ဟုတ်ကဲ့' အသုံးအနှုန်းများဖြင့် ဆက်ဆံခေါ်ပြောလေ့ရှိသည်။ သူတို့လူကြီးချင်းပြောရာတွင်ရော ရဲဖန်ရဲခါ ကျွန်တော့်ကိုပါ 'အဆေးအဆေး' ဟုပြောလေ့ရှိသည်။ ကြားစက ဘာအဓိပ္ပာယ်မသိ။ နောက်မှသိရသည်မှာ 'အိုင်ဆေး', 'ကိုယ်ပြောမယ်' ဟု ရင်းနှီးစွာခေါ်ဝေါ်ပြုခြင်းဖြစ်သည်။

'မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးဌာနချုပ် အထွေထွေအတွင်းရေးမှူး'ဟူသော အောက်ဆုံးစာပိုဒ်အောက်တွင် 'သန်းထွန်း' ဟု လက်မှတ်ထိုးလေ့ရှိသည့် စာရွက်စာတမ်းများကို ကျွန်တော် မကြာခဏလေ့လာခဲ့ရခြင်းဖြင့် လယ်သမားရေးရာများတွင် ကျမ်းကျင်လိမ္မာသူအဖြစ် သခင်သန်းထွန်းကို နားလည်ခဲ့ရ၏။ ဌာနချုပ်အစည်းအရုံးတွင် 'အချိန်မှန်၍အလုပ်လုပ်ဆုံး'ဟုလည်း ထင်ရှားသူဖြစ်သည်။ သူ့ဆံပင်မှာ လှိုင်းထနေသည်။ သူ့ပါးစောင်တွင်ခဲထားတတ်သော ဆေးပြင်းလိပ်မီးခိုးများကလည်း သူ့ခေါင်းထက်ရှိဆံလှိုင်းများကို တုပြိုင်နေသလားပင် ထင်ရသည်။ တစ်ခါတစ်ခါလည်း စီးကရက်သောက်လေ့ ရှိသည်။ သူ၏မျက်နှာရုပ်သွင်ကား ထူးထူးခြားခြားပင် အရုပ်ဆိုးလှသည်။ သူနှင့်နှိုင်းစာပါက သခင်စိုးကို 'လူချော'ဟုပင် ခေါ်ရမလားမသိ။ အသားလတ်လတ်မို့သာ တော်တော့်သည်။ အရပ်ကပျပ်ပျပ်နှင့် အရုပ်ဆိုးပေမယ့် အဝတ်အစားကို သပ်သပ်ရပ်ရပ်နှင့် အဆင်အသွေးနုနုကလေးများသာ ဝတ်ဆင်လေ့ရှိသဖြင့်၊ အကျည်းတန် မှန်ကြိုက်သလို ဖြစ်နေသည်။ လမ်းသွားလျှင် လေယာဉ်ဖိနပ် (ယခု ယောကျ်ားစီးကတ္တီပါဖိနပ်)ကို ခြေဖျားတွင်အသာစွပ်၍ သံမံတလင်းလွတ်ရုံလေး ရှပ်တိုက်သွားလေ့ရှိသည်။ စာရေးပါက နှုတ်ခမ်းစူ၍ တစ်ခုခုမြုံနေသလား ထင်ရသည်။ စကားပြောရာတွင် အချိုးအဆက်ကျသည်။ သူ့ရယ်သံမှာ အနိမ့်အမြင့်နှင့် တစ်မျိုးပင်။ သခင်သန်းထွန်းသည် ခေါင်းဆောင် ၄ ဦးတွင် အသက်အငယ်ဆုံးဖြစ်ပြီး လူပျိုလူလွတ်လည်းဖြစ်၏။

ခေါင်းဆောင် ၄ ဦးအနက် သခင်နု၏ထူးခြားချက်မှာ နေ့စဉ် အချိန်ကြာမြင့်စွာ ဘုရားရှိခိုးလေ့ရှိခြင်းပင် ဖြစ်သည်။ ဘုရားရှိခိုးပြီးပါက ပုတီး ထိုင်စိပ်နေတတ်သည်။ ဘုရားရှိခိုးရာတွင် ဦးမောင်မောင်နှင့်အပြိုင်ပင်။ အိပ်ထောင်ထောင့်တွင် ဦးမောင်မောင်ပူဇော်ထားသောဘုရားစင်ကလေး ရှိသည်။ ကျန်ခေါင်းဆောင် ၃ ဦးမှာ ဘုရားရှိခိုးသည်ကို မတွေ့ရ။ သူတို့ ဘုရားမရှိခိုးစေကာမူ သခင်နုဘုရားရှိခိုးနေခြင်းကို အနှောင့်အယှက်မပေးသည့်ပြင် အသံပလံပင်မပြုကြ။ ဆင်ခြင်နေသည်ကို တွေ့ရသည်။

သခင်နုသည် ရောက်စက ကျွန်တော့်အား ''ဘုရားရှိခိုး ရရဲ့လား'' မေးသည်။ 'ရကြောင်း'ပြောသောအခါ၊ 'ညတိုင်း ဘုရားရှိခိုးရန်' ပြောသည်။ ရွှတ်ဖတ်ရမည့်မေတ္တာသုတ်များကိုပါ ပါးစပ်ကပြောပြီး ကူးရေးစေ၍ ကျက်မှတ်ရသေးသည်။ ကျွန်တော်သည် ၄-၅ ရက် ဘုရားရှိခိုးခဲ့သေးသည်။ သို့ရာတွင် ယုံကြည်ချက်လေးနက်မှုလည်း မရှိလှ၊ စိတ်လည်း မပါလှသဖြင့် ဆက်၍ ဘုရားမရှိခိုးတော့။ သခင်နုကလည်း ဘာမျှမပြောတော့ပေ။

ကမ္ဘာ့အရေးအခင်းများ

ခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးနေရသည်ဆိုစေကာမူ ဘီကလပ်ရောက်စတွင် ကျွန်တော်သည် ခေါင်းဆောင်များ ဝိုင်းဖွဲ့စကားပြောနေသည့်အထဲသို့ ဝင်မရောရဲ့။ ခေါင်းဆောင်များအပေါ် ကြည်ညိုရင်းစွဲရှိသောစိတ်ကြောင့် ကျောင်းဆရာများအနားမကပ်ရဲသော ကျောင်းသားသဖွယ် ဖြစ်နေရသည်။ ခေါင်းဆောင်များအနေဖြင့်မူ ကျွန်တော့်အား 'ငယ်ရွယ်သူ မလောက်လေးမလောက်စား'ဟု သဘောမထားကြ။ ကျွန်တော် ရွံ့တွန့်တွန့်ဖြစ်နေခြင်းကို ရိပ်မိ၍လားမသိ။ ရင်းရင်းနှီးနှီးပင် ခေါ်ပြောဆက်ဆံသည်။ ၄င်းတို့၏စကားပြောဝိုင်းထဲသို့ ခေါ်ယူသည်။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးရန်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံရေးဆွေးနွေးပွဲများ (ဆွေးနွေးပွဲဟုတော့ အတိအကျ မခေါ်နိုင်ပါ။ နိုင်ငံရေးကိစ္စများ စပ်မိစပ်ရာ ဝိုင်းဖွဲ့ပြောကြခြင်းသာ ဖြစ်ပါသည်။)တွင် ပါဝင်ဆွေးနွေးနိုင်သောအရည်အချင်း ကျွန်တော့်မှာမရှိပါ။ သူတို့ ပြောဆိုနေသည်များကို ဝင်ရောက်နားထောင် မှတ်သားနေခြင်းမျှသာဖြစ်ပါသည်။

သူတို့ပြောဆိုသမျှကို လုံးစေ့ပတ်စေ့နားလည်သည်ကား မဟုတ်ပါ။ မြန်မာစကားများကို နားလည်သော်လည်း မြန်မာစကားကြားထဲတွင် ညှပ်ညှပ်သုံးသွားသောအင်္ဂလိပ်အသုံးအနှုန်းများကိုမူ နားမလည်ပါ။ တစ်ခါတစ်ရံ ကောင်းစွာလည်းနားမလည်၊ အပြည့်အစုံလည်းသိချင်လှသောကိစ္စများကို မှတ်ထားပြီး စကားဝိုင်းပြီးမှ သခင်စိုး, သခင်ခတို့ကို မေးကြည့်ရသည်။ အင်္ဂလိပ်စာမတတ်၍ ခေါင်းဆောင်များပြောနေကြသည့်စကားများကို အပြည့်အစုံနားမလည်သောအဖြစ်ကြောင့် ကျွန်တော်မတတ်သောအင်္ဂလိပ်စာကို သင်လိုစိတ် ပြင်းပြလာသည်။ အင်္ဂလိပ်စာအုပ်ကိုယ်စီနှင့် စာဖတ်နေကြသော ခေါင်းဆောင်များကိုကြည့်ပြီး အားကျလိုလားမှုများ ပေါ်ပေါက်လာရသည်။

ကျွန်တော် ဘီကလပ်အဆောင်ရောက်ပြီးနောက်နေ့တွင် သခင်နုနှင့်သခင်လေးမောင် ရုံးထွက်သွားကြသည်။ သခင်နုအမှုမှာ မစ္စတာဒီလုံးရုံးတွင်ပင် ဆက်စစ်ဆေးသည်။ သခင်လေးမောင်မှာ သက်သေခံရန် လိုက်သွားရခြင်းဖြစ်သည်။ သူတို့အပြန်တွင် စားစရာမုန့်ပဲသရေစာများနှင့် အင်္ဂလိပ်-မြန်မာသတင်းစာ တစ်ထပ်ကြီးပါလာသည်။ သတင်းစာများကို ဝိုင်းကြည့်ကြသည်။

ထိုနေ့ညတွင် နေ့လယ်ကဖတ်ထားကြသော သတင်းစာများတွင်ပါလာသည့် ဥရောပစစ်ပွဲသတင်းနှင့် ကမ္ဘာအရပ်ရပ်သတင်းများကို ဆွေးနွေးကြသည်။ နယ်ချဲ့တိုင်းပြည်အချင်းချင်းဖြစ်ပွားနေသော စစ်ပွဲကြီးမှာ ပြင်းထန်လာရုံမျှမက အခြေအနေများလည်း ပြောင်းလဲလာပေသည်။ အာရှတိုက်နှင့်တကွ ကမ္ဘာအဝှန်းတွင် လွှမ်းခဲ့သော နှစ်ပေါင်း ၂၀၀ လောက်က အင်္ဂလိပ်နယ်ချဲ့သမားနှင့် အပြိုင်နယ်ချဲ့ခဲ့သောကိုလိုနီပိုင်ရှင်တစ်ဦးဖြစ်သည့် လက်နက်နိုင်ငံကြီးဖြစ်သော ပြင်သစ်ပြည်ကြီးသည် စစ်ရှုံးသွားပေပြီ။

ဇွန်လ ၁၇ ရက်နေ့က ဗြိတိသျှနှင့်မဟာမိတ်ပြုမြဲပြု၍ စစ်ပွဲကို ဆက်လက်တိုက်လိုသော ရေးနော့ခေါင်းဆောင်သည် ပြင်သစ်အစိုးရအဖွဲ့ ပြုတ်ကျသွားပြီး၊ ဂျာမန်နယ်ချဲ့သမားအား အညံ့ခံ၍ စစ်ပြေငြိမ်းရေးစာချုပ်ကိုလက်ခံလိုက်သော မာရှယ်ပေတိန်းအစိုးရ တက်လာခဲ့ပေပြီ။ ပြင်သစ်များ အားအကိုးကြီးကိုးခဲ့သော 'မထိုးဖောက်နိုင်'ဟု နာမည်ကျော်ကြားခဲ့သည့် မက်ဂိနော့ခံတပ်ကြီးသည် ဂျာမန်ပင်ဇာတပ်များ၏ 'လျှပ်တစ်ပြက်ထိုးစစ်'[၁]များအောက်တွင် ပြင်သစ်ပြည်ကျရောက်မည့်ကံကြမ္မာက မည်သို့မျှ ကာကွယ်တားဆီးပေးနိုင်ခြင်း မရှိခဲ့ပေ။

ပြင်သစ်ပြည်ကြီး၏ မြောက်ပိုင်း, အလယ်ပိုင်းနှင့် အနောက်ဘက်ပင်လယ်ကမ်းတစ်လျှောက်လုံးကို ဂျာမန်စစ်တပ်များက သိမ်းပိုက်ပြီး ဖြစ်ပေသည်။ မာရှယ်ပေတိန်းခေါင်းဆောင်သော ပြင်သစ်အစိုးရမှာ ပြင်သစ်ပြည်တောင်ပိုင်းတစ်ပိုင်းသာ အမည်ခံအုပ်ချုပ်နေရပြီး ဂျာမန်တို့၏ ရုပ်သေးအစိုးရ ဖြစ်နေပေသည်။

ပြင်သစ်နယ်ချဲ့သမားသည် မိမိကိုယ်တိုင် ဂျာမန်တို့၏လက်အောက်သို့ ကျွန်အဖြစ်ကျရောက်သွားသည့်တိုင်အောင်ပင် ကမ္ဘာအရပ်ရပ်တွင်ရှိသော ၄င်းပိုင်ကိုလိုနီကျွန်လူမျိုးများကို လွတ်လပ်ရေးပေးလိုစိတ် မရှိခဲ့ပေ။ အင်္ဂလိပ်နယ်ချဲ့များသည်လည်း ပြင်သစ်လိုက်ခဲ့သောလမ်းအတိုင်း လျှောက်နေပေသည်။ ၄င်း၏မဟာမိတ်လက်နက်နိုင်ငံကြီးဖြစ်သော ပြင်သစ်သည် ၄င်းနှင့်အတူလက်တွဲတိုက်နေရင်းပင် အားပြတ်၍ ပုံလဲကျသွားပြီဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့သမားသည် ဂျာမန်နှင့်အီတလီတို့ကို မိမိတစ်ဦးတည်း အထီးတည်း ခုခံတိုက်ခိုက်နေရပေပြီ။ အမေရိကန်အစိုးရထံသို့ ကယ်ပါယူပါ တစာစာဖြင့် အကူအညီများ တောင်းဆိုနေသော်လည်း အမေရိကန်အစိုးရသည် မွန်ရိုးဝါဒ (ဥရောပရေးရာများမှ ကင်းကင်းနေရေး)ကို မစွန့်လွှတ်သေးသဖြင့် အင်္ဂလိပ်အစိုးရအဖို့ လိုသမျှအကူအညီမရ ဖြစ်နေသည်။ လန်ဒန်မြို့ကြီးမှာလည်း ဂျာမန်တို့၏ ဗုံးမိုးရွာချခြင်းကို

၁။ Blize kief -ဂျာမန်ဘာသာ

mgyoe.com

mgyoe.com SAMPLE BOOK
နေ့စဉ်ပင် ခံနေရပေသည်။ ဤမျှ ဘေးကျပ်နံကျပ်ဖြစ်ကာ ဂျာမန်တို့၏ စစ်ယန္တရားကြီးကို ခုခံတွန်းလှန်ခြင်း မပြုနိုင်လောက်အောင် အထီးကျန်ဖြစ်နေသည့်တိုင်၊ ၄င်း နှစ်ပေါင်းများစွာသွေးစုပ်ထုတ်ယူခဲ့သဖြင့် ဖြူခါပြာခါ ကျလောက်အောင်ဆင်းရဲခဲ့တေ၍ ကျွန်သပေါက်ဘဝတွင်ရောက်နေသော ကိုလိုနီတိုင်းပြည်များကို လွတ်လပ် ရေးပေးလိုသောဆန္ဒကား စိုးစဉ်းမျှပေါ်ပေါက်မလာခဲ့ပေ။

'ကျွန်ုပ်တို့အား လုံးဝလွတ်လပ်ရေးပေးပါ။ သို့မဟုတ် စစ်အပြီးတွင် လွတ်လပ်ရေးပေးမည်ဟု ကတိပြုပါ။ ယခုဖြစ်ပွားနေသောစစ်ပွဲတွင် ဗြိတိန်ပြည်နှင့် အတူလက်တွဲ၍ ဂျာမန်ဖက်ဆစ်များကို ခုခံတိုက်ခိုက် ပါမည်။'-ဟု ကိုလိုနီတိုင်းပြည်ပြည်သူလူထုက တောင်းဆိုလာသည်ကို ဂရုမပြုသည့်ပြင် ကိုလိုနီနိုင်ငံများက လွတ်မြောက်ရေးလှုပ်ရှားမှုများကို ပိုမိုပြင်းထန်စွာဖိနှိပ်၍သာ နေခဲ့ပေသည်။

မြန်မာပြည်နှင့် အိန္ဒိယပြည်, အာဖရိက, အာရပ်တိုင်းပြည်များတွင် အမျိုးသားရေးခေါင်းဆောင်များကို အင်္ဂလိပ်နယ်ချဲ့အစိုးရက တဖမ်းတည်းဖမ်းနေပေသည်။ အဖိနှိပ်ခံနေရသော မြန်မာပြည်, အိန္ဒိယ အစရှိသော ကိုလိုနီတိုင်းပြည်များသည် မိမိတို့အကျိုးနှင့်မပတ်သက်သဖြင့် စစ်ပွဲတွင် ဗြိတိန်ပြည်ကို ကူညီလိုစိတ်မရှိ။ ထို့ကြောင့် ထိရောက်စွာ ဘာမျှမကူညီကြ။ သို့ဖြင့် အကျပ်ဆိုက်နေသော အင်္ဂလိပ်နယ်ချဲ့အစိုးရမှာ ပို၍အထီး ကျန် ဖြစ်နေရပေသည်။ ပြင်သစ်ပြည် စစ်ရှုံးသွားသဖြင့် ကြားကဝင်အမြတ်ထုတ်လိုသော စပိန်ပြည် ဖရန်ကိုအစိုးရကလည်း ဂျာမန်တို့ဘက်က စစ်ထဲသို့ဝင်၍ ခြေသေ့ဝေစု[၁] ဝင်ယူမလိုဖြစ်နေပေသည်။

ကမ္ဘာ့အရှေ့ဖျားတွင် ဂျပန်ကိုခုခံတိုက်ခိုက်နေသော တရုတ်ပြည်ကြီးအား စက်ပစ္စည်းများဖြင့် ကူညီ ထောက်ပံ့ရေးသွေးကြောကြီးဖြစ်သည့် 'တရုတ်-မြန်မာလမ်းမကြီးကို ပိတ်ပေးပါ' ဟု ဂျပန်အစိုးရက အင်္ဂလိပ် အစိုးရထံ တောင်းဆိုနေပေသည်။

ဆိုဗီယက်ယူနီယံသည် မိမိဒေသအတွင်း ကြိုတင်ပြင်ဆင်မှုများမပြီးသေးမီ ဥရောပတွင်တောက်လောင် နေသော စစ်မီးလျှံများရောက်ရှိမလာစေရန် ဂျာမန်များနှင့် မကျူးကျော်ရေးစာချုပ်ကို ချုပ်ဆို၍ မိမိအခြေအနေကို ခိုင်မာအောင်လုံးပမ်းနေရပေသည်။ မိမိနယ်မြေနှင့် ဂျာမန်စစ်ဝါဒီများ အုပ်စိုးနေသောဂျာမနီပြည်အကြား ရှိ တိုင်းငယ်ပြည်ငယ်ကလေးများအား အရေးတကြီးအချိန်တွင် မိမိတို့ရန်သူမဖြစ်စေဘဲ နှစ်ဦးနှစ်ဝ အကျိုးရှိစေမည့် အခြေအနေကို ဖန်တီးလုံးပမ်းနေရပေသည်။

အင်္ဂလန်တစ်ပြည်လုံးသည် ချောက်ချားနေပေပြီ။ ၄င်းတို့မျက်စိအောက်မှာပင် ဂျာမန်၏ စစ်ယန္တရား အောက်တွင် ပြင်သစ်ပြည် ပြိုလဲကျဆုံးသွားရသည်ကို ထင်ထင်ရှားရှားမြင်လိုက်ရသည့်အတွက် 'ငါတို့အလှည့် လာနေချေပြီ။' ဟူသောအသိဖြင့် ချောက်ချားနေကြပေပြီ။

ကျွန်ဘဝသည် မဝေးလှသည့်ပြင်သစ်ကမ်းခြေမှနေ၍ အင်္ဂလန်ကျွန်းအား ခြိမ်းခြောက်နေပေပြီ။ အင်္ဂလိပ်နယ်ချဲ့သမားများသည် သူတို့ကိုယ်တိုင် ကျွန်ဘဝရောက်ရမည့်အရေးကို ချောက်ချားထိတ်လန့်နေသော်လည်း နှစ်ပေါင်းများစွာ ၄င်းတို့၏ ကျွန်သပေါက်ဘဝရောက်နေရသော ကမ္ဘာအရပ်ရပ်ရှိ ကိုလိုနီလူမျိုးများအား ကျွန်ဘဝက လွတ်မြောက်ခွင့်ပေးရန်ကိုမူ အတင်းငြင်းဆိုလျက်ပင်ရှိပေသည်။

မင်းကလေးတဲ့ဟော့

နောက်တစ်နေ့ နံနက်စာစားပြီးချိန်လောက်တွင် သခင်နုအမှုအတွက် သခင်သန်းထွန်း, သခင်စိုးတို့ ရုံးထွက်သွားရပြန်သည်။ ရုံးမှပြန်လာသောအခါ တရားခံပြသက်သေများ စစ်ဆေးပြီးသဖြင့်၊ 'သခင်နုကို စီရင်ချက်ချရန် ၃ ရက်ခွာ၍ ရက်ချိန်းပေးလိုက်ကြောင်း' သိရသည်။

ကျွန်တော့်အမှုအတွက်လည်း နောက်တစ်နေ့တွင် ရုံးထွက်ရသည်။ နယ်ပိုင်ဦးစီန်းမောင်ရုံးတွင် အမှုကို စတင်စစ်ဆေးသည်။ ကျွန်တော့်ဘက်က လိုက်ပါလျှောက်လဲသူမှာ သခင်တင်ပင် ဖြစ်သည်။ သခင်မြမှာ

၁။ Lion's share

mgyoe.com

mgyoe.com SAMPLE BOOK
ရန်ကုန်သို့ ညဂုတ်လ ဥပဒေပြုလွှတ်တော်အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရန် သွားပြီဖြစ်ကြောင်း သိရသည်။

ထိုနေ့က သုံးဆယ်အစည်းအဝေးတွင် ကျွန်တော့်ဟောပြောချက်များကို ရေးမှတ်ခဲ့သော လက်ရေးတို စုံထောက် ၂ ယောက်ကိုစစ်ဆေးသည်။ တရားသူကြီးက 'ကျွန်တော့်ဘက်က တရားခံပြသက်သေ ဘယ်နှယောက်, ဘယ်သူတွေ ပေးမည်နည်း'-ဟုမေးသည်။ အမှုမစစ်မီကပင် ကျွန်တော့်ကို သခင်တင်က 'သက်သေ ပေးနေလျှင် အမှုကြာနေမည်။ ဒါကြောင့် မပေးလိုပါဟု ပြောရန်' မှာထားသည်။ တရားသူကြီးက သခင်တင်ကို ပထမ မေးသည်။ သခင်တင်က 'သက်သေမပေးလိုကြောင်း' ပြောလိုက်သည်။ တရားသူကြီးက ကျွန်တော့်ကို မေးပြန်သည်။ 'သက်သေမပေးလိုကြောင်း'ပင် ဖြေလိုက်သည်။ ရုံးကိစ္စများပြီးသည့်နောက် ၃ နာရီလောက်တွင် ထောင်သို့ပြန်ခဲ့သည်။

အိပ်ဆောင်သို့ ဝင်သွားသည်နှင့် "ဟော- ပြောနေတုန်း ပြန်ရောက်လာပြီ။" ဟု ဦးမောင်မောင်က ကျွန်တော့်ကို ပြုံး၍ပြောလိုက်သည်။ သခင်လေးမောင်, သခင်နုတို့အားလုံး ဦးမောင်မောင်၏ဘုရားစင်အောက်က ဖျာပေါ်တွင် စုထိုင်၍ ပြုံးစိစိမျက်နှာထားများနှင့် စကားပြောနေကြသည်။ သခင်ခကိုတော့ မမြင်။ ထုံးစံအတိုင်း မီးဖိုသို့ ရောက်နေပေမည်။

ကျွန်တော်သည် ရုံးသို့ဝတ်သွားသော အဝတ်အစားများကိုလဲနေစဉ် သခင်နုက "ဟေ့- သခင်တင်မြ။ လာပါဦးကွ။" ဟုလှမ်းခေါ်လိုက်သည်။ "မင်းအမှုက ဘယ့်နယ်လဲ။ ဒီနေ့ ဘာတွေစစ်သလဲ။" ဟုဆက်မေးသည်။

ကျွန်တော်သည် သူတို့အနီးသို့ကပ်သွားပြီး အမှုအကြောင်းပြောပြရသည်။ သူတို့သည် အမှုအကြောင်းကို စိတ်မဝင်စားကြ။ မျက်နှာများမှာ ငြူနွေ့မရ ရယ်ကျဲကျဲဖြစ်နေကြသည်။

ဦးမောင်မောင်က ရပ်နေသောကျွန်တော့်အား သူ့ဘေးတွင်ထိုင်ရန် ဖျာကိုပုတ်ပြသည်။ ကျွန်တော် ထိုင်လိုက်သည်နှင့် သခင်နုက သူ့နေရာက အနည်းငယ်ရွှေ့ပြီး ကျွန်တော့်ရှေ့တည့်တည့်တွင် တင်ပျဉ်ခွေထိုင်ကာကိုယ်ကိုကိုင်း၍

"ဟေ့- ဒီမှာ ကိုယ်တို့အစီအစဉ်တစ်ခု လုပ်ထားတယ်။ ကိစ္စက ဒီလိုကွ။ ကိုမြမောင်ကို သူ့မိန်းမ မနေ့က ထောင်ဝင်စာလာတွေ့တယ်။ ဂိုးလ်ဒင်းပတ်ဖ်တစ်ဘူးနှင့် စီးကရက်သံဘူး-၂ ဘူးပေးသွားတယ်။ အဲဒါတွေကို သူဝှက်ထားတယ်။ စီးကရက်ကို ညက သူများတွေအိပ်တော့မှ ခြင်ထောင်ထဲမှာ ခိုးသောက်တယ်။ မုန့်ကိုလည်း မနက်က အိမ်သာထဲမှာသွားစားတယ်။ နေ့လယ်ကလည်း ရုံးခန်းထဲကို မုန့်တချို့ဝှက်ယူသွားတယ်။ ဒီလူဟာ တို့မှာရှိတဲ့ မုန့်တို့, ဆေးလိပ်တို့ကျတော့ အားမနာတမ်းစားလားသောက်လားလုပ်ပြီး သူ့ပစ္စည်းကျတော့ ဒီလို ခိုးကြောင်ခိုးဝှက်လုပ်နေတာ စိတ်ကောင်းမရှိဘူး။ အဲဒါကြောင့် သူ့ကို ဒဏ်ခတ်ရမယ်။ ရယ်လည်း ရယ်ရအောင်ပေါ့ကွာ။ သူ့ရဲ့ဒီအကျင့်က ခုမှတော့မဟုတ်ဘူး။ အရင်ကတည်းကပဲလို့ ဦးမောင်မောင်က ပြောတယ်။"

ဦးမောင်မောင်က ဆက်၍ ကိုမြမောင်အကျင့်တန်ပုံ၊ သူ တစ်လျှောက်လုံး ခံခဲ့ရပုံများကို ပြောပြပြန်ပါသည်။ ကိုမြမောင် တစ်ကိုယ်ကောင်းဆန်ပုံကို ကြားသဖြင့် ကျွန်တော်လည်း ထိုသူ့အပေါ် 'ချဉ်'သွားပါသည်။

"အဲဒီကိစ္စမှာ ကျွန်တော် ဘာလုပ်ပေးရမှာလဲ။"

သခင်နုက "အဲဒါ မင်းလုပ်ရမယ့်အလုပ်ကို ဦးမောင်မောင် ပြောပြပါလိမ့်မယ်။"

"သူရဲကောင်းတစ်ယောက် လိုတယ်ဟေ့။"-ဟု သခင်စိုးက ပြုံးဖြဲဖြဲနှင့်ဝင်ပြောလိုက်သည်။ ကျွန်တော်လည်း သူ့မျက်နှာကိုလှမ်းကြည့်လိုက်စေကာမူ ဘာမျှအကဲမခတ်တတ်။ အင်း- တစ်ခုခုတော့ တစ်ခုခုပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီမှာ သခင်တင်မြ"

ဦးမောင်မောင်အသံကြောင့် ဦးမောင်မောင်ဘက်လှည့်ကြည့်လိုက်သည်။

"မြမောင်က နတ် သိပ်ယုံတယ်။ သူ့မိန်းမလည်း ယုံတာပဲ။ သူ ထောင်ကျလာတာတောင် သူတို့အိမ်မှာကိုးထားတဲ့ ငှက်ပျောပွဲ,အုန်းပွဲကို တစ်လလောက်မလဲမိတဲ့အတွက် နတ်ကယိုးလိုက်လို့ ခံနေရတာလို့ တဖျစ်တောက်တောက်ပြောနေတယ်။ ဒီကောင် အခု ဟိုက်ကုတ်ကို အယူခံထားတယ်။ ဒီအယူခံအတွက် သူ့မိန်းမက အပြင်မှာ နတ်မေးလိုက်, နတ်တင်လိုက် လုပ်နေတယ်။ အဲဒီတော့ မင်းက နတ်ဝင်သည်လုပ်ပြီး သူ့ဂုက်ထားတဲ့ မုန့်နဲ့စီးကရက် ဖော်ထုတ်ဖို့ပဲ။ အဲဒါဘယ်နယ်လဲ။"

ကျွန်တော်လည်း ရယ်ချင်သလိုလို ရွံသလိုလို ဖြစ်သွားသည်။ ကျွန်တော်က

"ကျွန်တော်က နတ်ဝင်သည်မှမလုပ်တတ်ဘဲ။ နတ်ဝင်ပူးတယ်ဆိုတာတောင် ကောင်းကောင်းမြင်ဖူးတာမဟုတ်ဘူး။ ဟာဗျာ- ဒီလို ရွှတ်တွတ်တွတ်အယောင်ဆောင်လုပ်ဖို့ ကျွန်တော်နဲ့မဖြစ်ပါဘူး။ တော်ကြာပေါ်ကုန်လိမ့်မယ်။"

သခင်နုက "ဟေ့- ဖိုးတင်မြ။ မင်းမှမလုပ်ရင် ဒီကိစ္စလုပ်ဖြစ်မှာမဟုတ်ဘူး။ တို့အထဲမှာ မင်းပဲ လူငယ်ရှိတယ်။ လူကြီးတွေထဲက လုပ်လို့ဖြစ်မှာ မဟုတ်ဘူး။ မင်းပဲ လုပ်ပါကွ။ လုပ်ပုံလုပ်နည်း ဦးမောင်မောင်ပြောပြပါလိမ့်မယ်။"

ကျွန်တော့်ကို အားလုံးကပင် တိုက်တွန်းနေကြသည်။ ကျွန်တော်လည်း မလုပ်ချင်စေကာမူ ကိုမြမောင်ကို ချဉ်တင်တင်ဖြစ်နေသည့်စိတ်က ဆွပေးနေသဖြင့် 'လုပ်ပါမည်' ဟု နောက်ဆုံးတွင် ကတိပြုလိုက်သည်။ ထို့ကြောင့် ကိုမြမောင် ဘူးဝကပြန်မရောက်မီ အစီအစဉ်ကို ကမန်းကတန်းဇာတ်တိုက်ကြရသည်။ ဦးမောင်မောင်က ကိုမြမောင်၏မိန်းမအမည်, သူ့ယောကျ်မကြီးအမည်, သူ့ယောကျ်မ တလောက နေမကောင်းသည့်ကိစ္စ, သူအယူခံတင်ထားသောနေ့စွဲ စသည့် ဟန်ဆောင်ရာတွင် ကြိုတင်သိထားရန်လိုသော အချက်အလက်များနှင့် သူ့မုန့်ပုံး, စီးကရက်တို့ကို ထမင်းချက်(ထောင်ကျ)ထံမှာ ဂုက်ထားရန် အပ်ထားသည်တို့ကို ပြောပြလေသည်။ ကိုမြမောင်ကို 'ကျွန်တော် နတ်ဝင်တတ်ကြောင်း' သူကပ်၍ပြောပြမည်။ ကျွန်တော်ပြောရန်မလို။ ထမင်းချက်(ထောင်ကျ) ၂ ယောက်နှင့် ဘီကလပ်အိပ်ဆောင်နေ သံဒေတို့ကလည်း 'သူ ကပ်စေးနဲ့လွန်းတာကြောင့် ချဉ်နေကြသည်'ဟု ပြောပြသည်။ ရှေ့ဆက်လုပ်သွားရမည့်ကိစ္စများတွင် ကျွန်တော်က ကိုယ့်အစွမ်းနှင့်ကိုယ် ဆက်လှိမ့်သွားရန်နှင့် ဦးမောင်မောင်ကလည်း ပါဝင်လုပ်ကိုင်မည်။ သခင်နုကလည်း အကူအညီပြုမည်။ ကျန်လူများ၍ မသိမသာကြည့်နေကြရန်သာ ဖြစ်သည်။

မကြာမီ ကိုမြမောင်ပြန်ရောက်လာပါသည်။ ရောက်ပြီးအတော်လေးကြာခါမှ ဦးမောင်မောင်က ကိုမြမောင်ကို "အယူခံထားတဲ့ကိစ္စ ဘာထပ်ကြားသေးလဲ။" ဟု မေးရင်း စကားပြောသည်။ စကားပြောနေရာက ရုတ်တရက်သတိရဟန်ဖြင့် ကိုမြမောင်အား "အယူခံထားတဲ့ကိစ္စ နတ်မေးကြည့်မလား။"-ဟု မေးလိုက်သည်။ ကျွန်တော်တို့လည်း ဦးမောင်မောင် ခပ်တည်တည်နှင့်ဖြေးနေသည်ကို ရယ်ချင်လာကြမည်စိုးသဖြင့် သူတို့စကားပြောနေသည့်အနီးက မသိမသာထွက်လာကြသည်။

သူတို့ ၂ ယောက် စကားပြောနေခဲ့သည်။ သူတို့ ၂ ယောက်လုံး စကားပြောရင်း ခပ်လှမ်းလှမ်းတွင် ရှိနေသော ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေသည်။ မကြာမီပင် သူတို့ ၂ ယောက် ကျွန်တော်ရှိရာသို့ ထလာကြသည်။ ကျွန်တော်ကလည်း လာသည်ကိုပင် မမြင်ဟန်ပြုနေလိုက်သည်။ အနားရောက်လာသော ဦးမောင်မောင်ကပင်

"ဒီမှာ သခင်တင်မြ။ အကူအညီတစ်ခုတောင်းချင်လို့။"

ကျွန်တော်သည် သူ့ကိုလှည့်ကြည့်လိုက်ကာ

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာအကူအညီလဲဦး။"

"ကိုမြမောင် ဒုက္ခရောက်နေတဲ့ကိစ္စမှာ ကူညီဖို့ပါပဲ။ သခင်နုဆီက ကိုယ်သိထားတာက 'မောင်ရင် နတ်ဝင်တတ်တယ်။ မောင်ရင့်အမေက နတ်ကတော်ဖြစ်တော့ မောင်ရင်ခပ်ငယ်ငယ်က နတ်ဝင်အောင် နတ်ဘူးသွင်းပေးထားခဲ့တယ်'လို့ သိရတယ်။ အဲဒါ ကိုမြမောင်အယူခံထားတဲ့ကိစ္စကို နတ်မေးကြည့်ချင်တယ်။ အဲဒါ သခင်တင်မြကူညီဖို့ပါပဲ။"

ကျွန်တော်ကလည်း 'နတ်ဝင်တတ်သည်မှာ မှန်ကြောင်း။ ဒါပေမယ့် နိုင်ငံရေးလုပ်လာမှ စိတ်ကြမ်းကိုယ်ကြမ်းဖြစ်ပြီး နတ်ဝင်အောင်မလုပ်တာ ကြာနေပြီဖြစ်ကြောင်း။ မလုပ်ချင်ကြောင်း'ပြောပြီး နည်းနည်းမှလိုက်သေးသည်။ ကိုမြမောင်မှာ မျက်နှာသေကလေးဖြင့် 'သူ့ကိုကူညီပါမည့်အကြောင်း'ကို တောင်းပန်နေတော့သည်။ နောက်ဆုံးတွင် တောင်းပန်လွန်းသဖြင့် 'ကူညီပါမည်'ဟု ကတိပြုဟန်လုပ်လိုက်သည်။

သို့နှင့် နတ်ဝင်ရန် ပြင်ကြဆင်ကြတော့သည်။ ဦးမောင်မောင်က 'ထောင်ထဲမို့ ငှက်ပျောပွဲ,အုန်းပွဲ မရနိုင်။ ဒါကြောင့် ရွက်လှပန်းများနှင့်ပင် နတ်ပွဲပြင်မည်'-ဟု ပြောပြီး ရွက်လှပန်းများခူး၍ ပုလင်းကြီးတစ်လုံးထဲတွင် စိုက်နေသည်။ ရိက္ခာထဲက ဘဲဥများကိုလည်း ပန်းကန်တစ်လုံးထဲ အစိမ်းလိုက်ပင် ထည့်ထားသည်။ ပြင်ဆင်နေစဉ် သခင်နုတို့လည်း ဝိုင်းလုပ်ကြသည်။ ဦးမောင်မောင်က မှင်သေသလောက် သခင်နု,သခင်စိုးတို့ မျက်နှာများမှာ အော်ဟစ်ရယ်ချင်သည့်အလုံးကို ပါးစပ်ထဲက ခုန်ထွက်မသွားစေရန် ပါးစပ်ကိုအတင်းအကျပ် စေ့ထားရသလို မလုံမလဲ ရယ်ကျဲကျဲဖြစ်နေကြသည်။

ကျွန်တော်သည် သူတို့ကို စိုးရိမ်လာသည်။ သူတို့စိတ်မထိန်းနိုင်ပါက ကျွန်တော် ကောင်းကောင်းကြီး ချောက်ပေါက်တိုးမည်မှာ သေချာသည်။ ကိုမြမောင် ခပ်ဝေးဝေးရောက်နေတုန်း သခင်နုတို့အနားသွားပြီး "ဒီမှာ- ဣန္ဒြေမဆောင်နိုင်ကြရင်တော့ ကျွန်တော် ချောက်ကျလိမ့်မယ်ထင်တယ်။"-ဟု ပြောရာ၊ သခင်နုက "တို့ မရယ်ပါဘူးကွာ။ စိတ်ချပါ။" ဟူ၍လည်းကောင်း၊ သခင်လေးမောင်က "ကျုပ်တော့ မဖြစ်ဘူးဗျို့။ သိပ်ရယ်ချင်နေပြီ။ စလုပ်တာနှင့် မီးဖိုထဲသွားနေမယ်။" ဟူ၍လည်းကောင်း၊ သခင်စိုးကလည်း "ကိုယ်လည်း မရယ်ပါဘူးကွ။ ဟန်မပျက်သာ ဆက်လုပ်သွားပါ။" ဟူ၍လည်းကောင်း ဝင်၍ပြောကြသည်။

ကျွန်တော်စိတ်မချဆုံးမှာ သခင်စိုးပင်ဖြစ်သည်။ ရယ်စရာရှိပါက အသံပြဲကြီးနှင့် အားရပါးရ နင်းကန်ရယ်လေ့ရှိသူပင် ဖြစ်သည်။

ကျွန်တော်က "သခင်စိုးလည်း မီးဖိုဘက်သွားနေရင် ကောင်းမယ်ထင်တယ်။"-ဟု ပြောလိုက်ပါသည်။

သခင်စိုးသည် မျက်နှာပိုးသတ်လိုက်ပြီး "ဟေ့- ကိုယ် မရယ်ပါဘူးကွ။ ဣန္ဒြေနှင့် နေမှာပါ။" ဟု ပြန်ပြောသည်။

လိုအပ်သည်တို့ ပြင်ဆင်ပြီးသည်နှင့် နတ်ဝင်ပွဲ စတော့သည်။ ဘုရားစင်အနီးရှိဖျာပေါ်တွင် ဦးမောင်မောင်က ကျွန်တော့်အနီးမှာ ထိုင်သည်။ ကိုမြမောင်က ကျွန်တော့်ရှေ့တွင် ပုဆစ်တုပ်နေသည်။ သခင်စိုးနှင့် သခင်နုတို့က အနီးရှိဖျာတစ်ချပ်တွင် ထိုင်ကြ၏။ သခင်သန်းထွန်းက ခပ်လှမ်းလှမ်းက ရပ်ကြည့်နေသည်။

ကျွန်တော်သည် ဆောင့်ကြောင့်ထိုင်ကာ လက် ၂ ဖက်ကိုယှက်၍ နဖူးတွင်ကပ်ထားကာ မျက်စိမှိတ်ထားသည်။ ဦးမောင်မောင်ပါးစပ်က ဘာတွေတတွတ်တွတ် ရွတ်မှန်းမသိရွတ်ဖတ်ကာ နတ်ပင့်တော့၏။ ပထမတစ်ချီတွင် နတ်မဝင်။ ဦးမောင်မောင်က "ဟ- ထောင်စောင့်နတ်ကို မပန်ကြားရသေးလို့ တားထားတယ်နဲ့ တူတယ်။ ကဲ- ထောင်စောင့်နတ်ကို တိုင်တည်ခွင့်ပန်လိုက်ဦးမယ်။" ဆိုပြီး တစ်ဖက်သို့လှည့်ကာ လက်ယှက်၍ တတွတ်တွတ်ရွတ်နေပြန်သည်။ ကျွန်တော်လည်း ရယ်ချင်နေသည်။ မျက်လုံးဖွင့်ပြီး မကြည့်ရဲ။

mgyoe.com

mgyoe.com SAMPLE BOOK
ကြည့်လိုက်ပါက ကျွန်တော့်ဘေးတွင်ထိုင်နေသော သခင်နှ, သခင်စိုးတို့ကို ကြည့်ပြီးရယ်မိမည်။ သို့ကြောင့် မျက်စိကိုအတင်းပိတ်ပြီး စိတ်ကိုလည်းဖွတ်တင်းထားရသည်။

ဦးမောင်မောင်သည် ကျွန်တော့်လက် ၂ ဖက်ကိုအုပ်ကိုင်ပြီး နှတ်ထပ်ပင့်ပြန်သည်။ ဤအချိတ်တွင် ဝင်လေပြီ။ ကျွန်တော်သည် ကိုယ်ကို တဖြည်းဖြည်းရှေ့ထိုးနောက်ငင်ယိမ်းသည်။ လက် ၂ ဖက်ကို တုန်အောင် လှုပ်သည်။

"အခု ကြွရောက်လာတဲ့နှတ်မင်းဟာ ဘာနှတ်မင်းပါလဲခင်ဗျား။"-ဟု ဦးမောင်မောင်က မေးလိုက်သည်။ ကျွန်တော်သည် ချက်ချင်းမဖြေသေး၊ ယိမ်းထိုးနေသေးသည်။ ပြီးမှ ရုတ်တရက် ဝုန်းခနဲ ခုန်ထလိုက်သည်။

"သယ်- မင်းကလေးဟေ့။ ငါ့ကို အနှောင့်အယှက်ပေးပြီးခေါ်တာ ဘယ်သူလဲ။"

"အရှင်မင်းကလေးခင်ဗျား။ ဟောဒီက အရှင်မင်းကလေးရဲ့ ကျေးတော်မျိုးကျွန်တော်မျိုး ကြာသပတေးသားမောင်မြမောင်အတွက် ပင့်ဖိတ်ခြင်းဖြစ်ပါတယ်။" ဦးမောင်မောင်က ဖြေသည်။

ကျွန်တော်သည် လက် ၂ ဖက်မြှောက်၍ လှုပ်ယမ်းကာယိမ်းထိုးနေရင်း မျက်စိမပွင့်တပွင့်ဖွင့်၍ ကိုမြမောင်ကို ကြည့်လိုက်သည်။ ကိုမြမောင်မှာ အလွန်ကြောက်နေသော အမူအရာနှင့် စိတ်အားထက်သန်မှုရောယှက်ကာ ကျွန်တော့်ကိုလက်အုပ်ချီ၍ ကြည့်နေပါသည်။ ခွီးခွီးအသံကြားသဖြင့် ဘေးသို့မသိမသာမျက်စိစောင်း၍ကြည့်လိုက်ရာ သခင်နှနှင့် သခင်စိုး ၂ ယောက်မှာ ပါးစပ်များကိုလက်ဖြင့်ပိတ်၍ ခေါင်းကြီးများငုံ့ကာ တခွီးခွီး ဖြစ်နေကြပါသည်။ ကိုမြမောင်မှာ ဘာမျှမသိ။ ကျွန်တော့်ကိုသာ ကြည့်နေသည်။ ကျွန်တော်အဖို့လည်း ဝမ်းထဲက တလိပ်လိပ်တက်လာသော ရယ်ချင်သည့်အလုံးက ပါးစပ်ပေါက်နား ရောက်လာပေပြီ။

"သယ်- မရိုမသေနဲ့ ငါ့ကိုကြည့်နေလိုက်တာ။"

ကိုမြမောင်သည် ပျာသွားပြီး "မသိလို့ပါ အရှင်မင်းကလေး။ သည်းခံပါ။"-ဟု ပြော၍ လက်ယှက်ကာခေါင်းကြီးငုံ့သွားတော့သည်။ ကျွန်တော်လည်း အသံမထွက်အောင် ပါးစပ်ဟ၍ရယ်လိုက်ရသည်။ သခင်နှတို့ ၂ ယောက်ကို အဝေးသို့သွားရန် လက်ဟန်ပြလိုက်သည်။ သူတို့ ၂ ယောက်ကား ခပ်လှမ်းလှမ်းသို့ဆုတ်သွားသော်လည်း တခွီးခွီးနှင့်ရယ်နေဆဲပင်။

"အမိုက်အမဲမို့ ဗွေမယူပါနဲ့ အရှင်မင်းကလေး။"-ဟု ဦးမောင်မောင်ကပြောသည်။

"ကဲ- အချိန်မရှိဘူးဟေ့။ မေးချင်တာ မေးကြစမ်း။"

"ဟောဒီကြာသပတေးသား ဟိုက်ကုတ်မှာအယူခံထားတာ ဘယ်လိုဖြစ်မယ်ဆိုတာ သိလိုပါတယ် အရှင်မင်းကလေး။"

"အောင်မယ်- ခုမှ ငါ့ကို သတိရလားဟဲ့။ ငါ့ကိုမေ့ထားကြတုန်းက မေ့ထားပြီး။ သယ်-"

"ကျွန်တော်တို့ မိုက်မိပါတယ် အရှင်မင်းကလေး။ သနားသဖြင့် ခွင့်လွှတ်ပါ။ နောက်ကို မမေ့မလျော့တင်ပါ့သပါ့မယ်ခင်ဗျာ။"

ကိုမြမောင်သည် တုန်တုန်ယင်ယင်နှင့်ပြောရင်း မော့ကြည့်နေပြန်သည်။

"အောင်မာ- မော်ကြည့်နေပြန်ပြီလား။ ဘာ ခုမှ တင်ပါ့သပါ့မယ် ပြောနေရသလဲ။ ခုလည်း ငါ့ကို စော်ကားတာ။ အရက်မပါ ဘာမပါ။ ဘဲဥကလည်း ၃-၄ လုံးနဲ့။ ဟဲ့- မြမောင်။ နင် စိတ်ကောင်းမရှိဘူးနော်။ ဒါကြောင့် ငါလုပ်ထားတာဟဲ့။ ခုလည်း ကြည့်စမ်း။ မုန့်လေးဘာလေးတောင် ငါ့ကို မပသဘူး။ သွား- နင်ဝက်ထားတဲ့ မုန့်ဘူးနဲ့ စီးကရက်တွေ သွားယူစမ်း။"

ကိုမြမောင်သည် မျက်စိမျက်နှာပျက်ပျက်ဖြစ်ကာ ခပ်ရိုရိုထပြီး ထောင်ကျတစ်ယောက်အိပ်ရာသို့ကမန်းကတန်းသွားပါတော့သည်။ အိပ်ရာလိပ်ကိုဆွဲမပြီး မုန့်ဘူးနှင့် စီးကရက် ၂ ဘူးကို ယူလာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော့်ရှေ့တွင်ထားပြီး လက်ယှက် ခေါင်းငုံ့နေပြန်သည်။

"ဟိုက်ကုတ်မှာ နှင်တင်ထားတဲ့ အယူခံလွှာ အမြန်ကျပြီး ၆ လလောက်နဲ့ နှင်လွတ်သွားအောင် ငါ လုပ်လိုက်မယ်။"-ဟု ပြောရင်း ဦးမောင်မောင်နှင့် စည်းဝါးကိုက်ထားသည်တို့ကို ဆက်ပြောချလိုက်သည်။ ပြောနေဆဲပင် ယောက်မကို လက်တစ်ဖက်ကကိုင်၍ ပါးစပ်ကြီးတအားဖြဲကာရယ်ရင်း ချောင်းကြည့်နေသော သခင်ခဏ်မျက်နှာမည်းမည်းကြီးကို အိပ်ဆောင်အစွန်းတွင် တွေ့လိုက်ရပါသည်။ 'မဖြစ်ဘူး မြန်မြန်လက်စသတ်မှ'-ဟု တွေးမိပြီး

"ကဲ ကဲ- ငါ သွားစရာရှိသေးတယ်။ ကဲ- တပည့်တို့။ လာကြ လာကြ။"-ဟု မနီးမဝေးတွင် ပါးစပ်ပိတ်၍ တခွီးခွီးရယ်နေကြသော သခင်နုတို့ ၃ ယောက်ကို လက်ပြခေါ်လိုက်သည်။ သူတို့ ၃ ယောက်လည်း ရယ်ရလွန်းသဖြင့် ထွက်နေသောမျက်ရည်များကို ကပျာကယာသုတ်ပစ်ပြီး မသေ့တသေမျက်နှာပိုးများဖြင့် ရောက်လာကြသည်။ သူတို့ကို မုန့်နှင့်စီးကရက်များကို ယိမ်းထိုးလှုပ်ရှားရင်း ကျွန်တော်က ဝေပေးလိုက်သည်။ ပြီးသည်နှင့်

"ကဲ- သွားမယ်ဟေ့။ နောင်တော်ခေါ်နေပြီ။ သွားမယ် သွားမယ်။"

အသံကို တဖြည်းဖြည်းတိုးပြောပြီး ဟန်မပျက်ထိုင်ချလိုက်သည်။ နောက် ဝါးခနဲ သမ်းလိုက်သည်။ ဦးမောင်မောင်က ကျွန်တော့်ကို ဖက်ထားသည်။ ကျွန်တော်လည်း စိတ်တင်း၍ ဟန်ဆောင်ခဲ့ရသဖြင့် မောနေသည်။ ခဏနားပြီးမှ မျက်စိဖွင့်၍ ဟိုကြည့်ဒီကြည့်ကြည့်လိုက်ပြီး "ဦးလေး။ ကျွန်တော် ဘာဖြစ်တာလဲ။" ဟု ဦးမောင်မောင်ကို မေးလိုက်သည်။ ဦးမောင်မောင်က ကျွန်တော့်ကို ယပ်ခတ်ပေးရင်း

"သတိရလာပြီလား။ ခုနက မင်းကလေး ကြွလာတယ်လေ။"

ကိုမြမောင်က ကျွန်တော့်အနီးသို့ ကပ်လာပြီး "ဝမ်းသာလိုက်တာဗျာ။ သခင်တင်မြကျေးဇူး မမေ့ပါဘူး။ ကျွန်တော် လွတ်တော့မယ်ဗျ၊ လွတ်တော့မယ်။ အရှင်မင်းကလေးက '၆ လလောက်သာ ကျမယ်၊ အယူခံနိုင်အောင် လုပ်ပေးမယ်။' လို့ မိန့်ကြားသွားတယ်ဗျ။ ဟား ဟား"-ဟု ဝမ်းသာရွှင်ပြုံးသံဖြင့် ပြောနေပါတော့သည်။

နတ်ဝင်ပွဲကြီးကား ဦးမောင်မောင်၏ စီမံအုပ်ချုပ်မှု, ကျွန်တော်၏ ပါဝင်ကပြမှုဖြင့် အောင်မြင်သွားပါတော့သည်။ မုန့်များကို ဝေစားကြသည်။ စီးကရက်များကို သခင်သန်းထွန်းနှင့် ဦးမောင်မောင်, သခင်ခတို့က သောက်ပစ်ကြတော့သည်။ သခင်စိုးကလည်း မသောက်တတ်သောက်တတ်နှင့်ဝင်ဖွာသည်။

ဤသို့ မင်းကလေးဆုချသွားသဖြင့် သူ့ပစ္စည်းများကို အားမနာတမ်းသောက်စားနေသည်ကို ထိုင်မိုက်သား ကိုမြမောင်သည် တွန့်တိုရမှန်းမသိ၊ ကြည်ဖြူရက်ရောစွာ ကြည့်နေပေသည်။ ကျွန်တော်တို့သည် သူ့ကွယ်ရာတွင် သူ့အကြောင်း, သူ့အမူအရာနှင့် ကျွန်တော့်လုပ်ဟန်များကိုပြော၍ ရယ်မဆုံးမောမဆုံးဖြစ်နေကြတော့သည်။

နောက်တစ်နေ့နံနက်ပိုင်း သခင်ခတစ်ယောက် ထမင်းချက်နေရာသို့ သွားကြည့်မိသည်။ ထောင်ကျအကျဉ်းသားတစ်ယောက် ကြက်သားခုတ်နေသည်ကိုကြည့်ပြီး သူက စီမံခန့်ခွဲနေသည်။ အခြားထောင်ကျတစ်ယောက်က ရေကန်ဘေးတွင်ထိုင်၍ ဇလုံတစ်ခုထဲက ခပ်မည်းမည်းအလုံးကလေးများကို ရေဆေး အခွံချွတ်နေသည်။ အနားသို့ကပ်၍ ကြည့်မိသည်။ ကုလားပဲလုံးများကို ၃ ရက်ခန့်ရေစိမ်ထားသဖြင့် ပဲလုံးများမှာ စိမ်းနုရောင်များသမ်းကာ အစို့ကလေးများ ပြူနေသည်။

"ဒါဘာလုပ်ဖို့လဲ။ ဘယ်လိုချက်မှာလဲ။"

အကျဉ်းသားကမော့်ကြည့်ပြီး "မသိဘူးဗျ" ဟုဖြေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဗျို့ သခင်ခ။ ဒီကုလားပဲလုံးတွေ ဘယ်လိုချက်မှာလဲ။"

"ချက်ဖို့မဟုတ်ဘူးဟေ့။ မြင်းစားဖို့၊ မြင်းစားဖို့။"

"ဘယ့်နယ်- မြင်းစားဖို့လဲဗျ။ မဟုတ်သေးပါဘူး။"

"အဟုတ်ပါကွာ။ မြင်းစားဖို့ပါ။ မယုံရင် မင်းကြည့်နေ။ မျက်မှန်စိမ်းကြီးနှင့် မြင်းစားတာ တွေ့ရလိမ့်မယ်။"

ကျန်တော်လည်း 'ဒီဆရာကြီး နောက်နေတာပါ' ဟု ယူဆပြီး ထပ်မမေးတော့ဘဲ အိပ်ထောင်ဝင်းထဲဟိုသည်လျှောက်ကြည့်နေပြီး အတန်ကြာမှ အိပ်ဆောင်ထဲသို့ပြန်ဝင်ကာ သတင်းစာကြည့်နေမိသည်။

သခင်နု, သခင်လေးမောင်, သခင်သန်းထွန်းတို့သည် စာအုပ်ကိုယ်စီဖြင့် အိပ်စင်များပေါ်တွင်လဲနေကြသည်။ သခင်စိုးမှာ စားပွဲတစ်ခုတွင်ထိုင်ပြီး စာအုပ်ကမျက်နှာမခွာဘဲ၊ စာအုပ်ဘေးတွင်ချထားသော ပန်းကန်လုံးကြီးထဲက တစ်စုံတစ်ရာကိုနှိုက်၍ ပါးစပ်ထဲထည့်ကာထည့်ကာဝါးနေသည်ကို တွေ့ရသည်။

'ဘာတွေများစားရင်း စာကြည့်နေပါလိမ့်။' ဟု တွေးကာ သခင်စိုးအနီးသို့ ကျန်တော်သွားကြည့်မိသည်။ စောစောက ရေကန်ဘေးတွင်တွေ့ခဲ့သော ကုလားပဲလုံးအစိမ်းများ ဖြစ်နေသည်။ ကျန်တော် အံ့အားသင့်ပြီး 'ဘယ့်နယ်- တို့ခေါင်းဆောင်ကြီး ဘာဖြစ်လို့များ ဒါတွေစားနေပါလိမ့်။'-ဟု အမေးပုစ္ဆာ ပေါ်လာသည်။ ဒါကြောင့် သခင်ခက 'မြင်းစားဖို့'-ဟု နောက်ပြောလိုက်ခြင်းဖြစ်ပေသည်။ ကျန်တော်သည် 'ဘာကြောင့် ကုလားပဲအစိမ်းများကို စားရသနည်း။'-ဟု မေးချင်နေသည်။ သို့ရာတွင် သူ စာကြည့်နေသည်ကို နှောင့်ယှက်ရာကျမည်စိုး၍ ပြန်ဆုတ်လာခဲ့ရ၏။

ဦးမောင်မောင်နှင့်သခင်နုက အစပြုဆတ်ဆော့ခဲ့သဖြင့် ကျန်တော့်အဖို့ ဒုက္ခကောင်းကောင်းတွေ့နေရချေပြီ။ ကိုမြမောင်သည် ညနေ ဘူးဝမှပြန်လာသည်နှင့် ကျန်တော့်အနားကပ်ကာ "မနေ့ညက နတ်ထွက်သွားတာမြန်တဲ့အတွက် သူမေးချင်တာ မမေးလိုက်ရ။ ဒါကြောင့် ဒီနေ့နတ်ထပ်ပင့်ရအောင် ကူညီပါဦး။"-ဟု လာ၍အပူကပ်နေတော့သည်။

ကျန်တော်က 'နတ်ဝင်ရတာ မလွယ်ကြောင်း။ ပင်ပန်းလှကြောင်း။ ကျန်တော့်စိတ်ကလည်းပါမှဖြစ်နိုင်ကြောင်း။ နတ် မကြာခဏဝင်ပါက စိတ်ဓာတ်ပျော့သွားလေကြောင်း။ ကျန်တော့်အဖို့ နိုင်ငံရေးစိတ်ဝင်စားနေသူဖြစ်၍ စိတ်ပျော့သွားမှာ စိုးရိမ်ကြောင်း။ ဒါကြောင့် တော်ပါတော့။'-ဟု တောင်းပန်လွှတ်လိုက်ရသည်။ ကိုမြမောင်သည် ကျန်တော့်ကိုပြောမရသဖြင့် ဦးမောင်မောင်ထံသွား၍ အပူကပ်နေသည်ကို တွေ့ရပြန်ပါသည်။ ဦးမောင်မောင်ကလည်း သူ့ကို ဖျောင်းဖျနေဟန်တူပါ၏။ ထိုနေ့က ကျန်တော့်ထံ ထပ်မလာတော့ပါ။

သခင်နု၏အမှုကို စီရင်ချက်ချရန်ရက်ချိန်းသို့ ရောက်ခဲ့ပြီ။ ထိုနေ့က သခင်နုတစ်ယောက်တည်းရုံးသို့ ထွက်သွားရ၏။ ထွက်သွားပြီး ၃ နာရီလောက်အကြာတွင် သခင်နု ပြန်ရောက်လာပါသည်။ သခင်နုက 'မိမိကို မစ္စတာဒီလုံးရုံးက ကာကွယ်ရေးပုဒ်မ ၃၈ အရ ထောင် ၂ နှစ်ချလိုက်ပြီဖြစ်ကြောင်း'-ပြောပြလေသည်။

သခင်ပေါက်စ ထောင် ၉ လ

နံနက်စောစောကပင် ကျန်တော်တို့ ဘီကလပ်အိပ်ဆောင်ရှိ တာဝန်ကျသံဒေထံက 'ဒီနေ့ ဘူးဝတွင် ကြိမ်ဒဏ်ပေးလိမ့်မည်။'-ဟု သတင်းကြားရသည်။

ကျန်တော်တို့အားလုံးပင် ကြိမ်ဒဏ်ပေးသည့်စနစ်ကို မလိုလားကြစေကာမူ ကြိမ်ဒဏ်ပေးသည့်အဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ကြည့်လိုကြသည်။ ကြိမ်ဒဏ်ပေးမည့်နေရာမှာ ထောင်ဘူးဝအဝင် သံတံခါးကြီး

mgyoe.com

mgyoe.com SAMPLE BOOK
အနီးမှ မြေကွက်လပ်တွင် ဖြစ်သည်။ ထိုကွက်လပ်မှာ ကျွန်တော်တို့ ဘိကလပ်အိပ်ဆောင်အဝင်တံခါးပေါက်နှင့် မဝေးလှပါ။ ဝင်းတံခါးကကြည့်ပါလျှင် ရှူခင်းကို ကောင်းစွာမြင်နိုင်ပါသည်။

နံနက် ၈ နာရီလောက်ကပင် ထိုမြေကွက်လပ်၌ ပန်းချီဆရာများ ပုံဆွဲရာတွင်အသုံးပြုသည့် နောက်ခံ ၃ ချောင်းထောက်ဒေါက်နှင့် အလွန်တူသော ၁၀ ပေခန့်မြင့်သည့် သစ်သား ၃ ချောင်းထောက်ဒေါက်ကြီး တစ်ခုထောင်ထားသည်ကို တွေ့ရသည်။

၈ နာရီခွဲလောက်တွင် ထောင်မှူးကြီးနှင့်တကွ ထောင်ဆရာဝန်, ထောင်ဝါဒါများပါ ရောက်လာကြသည်။ ထောင်သားများကိုလည်း တွေ့ရသည်။ ထောင်သားတစ်ယောက်က လက်ညှိုးသာသာခန့်အလုံးရှိ၍ အလျား တစ်လံခန့်ရှည်သော ကြိမ်လုံး ၆ လုံးခန့်ကို စုကိုင်သယ်ယူလာသည်။ မကြာမီပင် အရပ်ဝတ်အရပ်စားနှင့် လူခပ်ငယ်ငယ်တစ်ယောက်ကို သံဒေ ၂ယောက်က ဘူးထဲက ခေါ်ယူလာသည်။ ထိုသူမှာ ခိုးမှုဖြင့် ကြိမ်ဒဏ်အရိုက်ခံရမည့်သူဖြစ်သည်။ ထောင်ဆရာဝန်သည် ကြိမ်ဒဏ်အရိုက်ခံရမည့်သူကို အင်္ကျီချွတ်စေ၍ စမ်းသပ်ကြည့်နေသည်ကိုလည်း တွေ့မြင်ရသည်။ ကိုယ်လုံးကိုယ်ထည်ထွားထွားကျိုင်းကျိုင်းရှိ၍ လက်အိုးလက်ဖျံများသန်မာလှသော ထောင်ကျ ၂ ယောက်သည် သူတို့ဝတ်ထားသည့် ထောင်အင်္ကျီလက်တိုတို့ကို ချွတ်ပစ်လိုက်ကြသည်။ ကြိမ်လုံးများကိုင်ထားသူ အကျဉ်းသားထံမှ ကြိမ်တစ်ချောင်းစီကိုယူ၍ ကြိမ်များကို အဖျား ၂ ဖက် ကကိုင်ကာ ကွေးကြည့်သည်၊ ဖြောင့်ကြည့်သည်၊ ကြိမ်လုံးများပေါ်တွင် လက်ဝါးနှင့်ပွတ်ကြည့်သည်။

ကြိမ်ဒဏ်အရိုက်ခံရမည့်လူငယ်ကို ဆရာဝန်က စစ်ဆေးပြီးသည်နှင့် သူ့ကို လုံချည်ပါချွတ်စေကာ ကိုယ်လုံးတီးဖြင့် ဒေါက်စင်သို့ ဆွဲခေါ်လာသည်။ ဒေါက်စင်အောက်ခြေ တောင်ဆုပ်ခန့်အမြင့်တွင် တင်ထားသော ခြေနင်းပျဉ်ပြားပေါ်သို့ ထိုသူအား တက်စေသည်။ ခြေ ၂ ဖက်က ခပ်ကားကား၊ လက် ၂ ဖက်မှာမူ ခေါင်းပေါ်သို့ ဆန့်တန်းထားပြီး ဒေါက်စင်နှင့်ပူးကပ်၍ ခြေထိတ်လက်ထိတ် ခတ်လိုက်သည်။ ကြိမ်အရိုက်ခံရမည့်သူငယ်မှာ ခြေရောလက်ရော မလှုပ်ယှက်နိုင်တော့ပါ။ ကြိမ်ဒဏ်အရိုက်ခံရမည့် အဝတ်ဗလာကျင်းနေသော သူ့တင်ပါးမှာ အထင်းသားပေါ်လွင်နေပေသည်။

ကြိမ်ရိုက်မည့်သူ ၂ ယောက်သည် ကြိမ်လုံးတစ်ချောင်းစီကို တစ်ယောက်က ညာလက်ဖြင့်ကိုင်၍၊ ကျန်တစ်ယောက်က ဘယ်လက်ဖြင့်စွဲကာ ကြိမ်များကို လေတွင်ဝင့်ကာဝင့်ကာ တရွှမ်းရွှမ်းမြည်အောင် ဝှေ့ယမ်း၍ ကြိမ်ရေးပြနေလေသည်။ မိမိတို့ကိုင်ထားသည့်ကြိမ်ကို သဘောမကျသေးပါက ကြိမ်လုံးချင်းသွားလဲလိုက်ကြသေးသည်။ ကြိမ်ဝင့်သံများ ကြားနေရခြင်းဖြင့် အရိုက်မခံရသေးသော ကြိမ်ဒဏ်ခံရမည့်သူမှာ အသည်းတုန်အူတုန်ဖြစ်နေပေရော့မည်။ ကျွန်တော်သည်ပင် သူ့အစား ကြားက မချင့်မရဲအသည်းတုန်အူတုန်ဖြစ်မိပါသည်။

ထောင်ဆရာဝန်နှင့်ပါလာသူ ထောင်ကျတစ်ယောက်သည် ပိုးသတ်ဆေးရည်စိမ်ထားဟန်တူသော ဝိတ်စိမ်းပါးကလေးတစ်ခုကို ကြိမ်ရိုက်ခံရမည့်သူ၏ ဖောင်းမို့နေသည့်တင်ပါးပေါ်တွင်ကပ်၍ ခါးတွင် ကြိုးနှင့် ချည်ပေးလိုက်သည်။

ကြိမ်ရိုက်မည့် ပါးကွက်သား ၂ ယောက်က ကြိမ်လုံးများကို လက်တွင်တင်းတင်းဆုပ်၍ နေရာယူလေပြီ။ ထောင်ဆရာဝန်သည် သူ့လက်ကနာရီကိုကြည့်လိုက်ပြီး လက်မြှောက်ပြလိုက်သည်။ ကြိမ်စွဲထားသည့် ပါးကွက်သား ၂ယောက်က တအားလွှဲ၍ ဘယ်တစ်ချက်ညာတစ်ချက်ရိုက်ချလိုက်သော 'ရွှမ်း ဖြန်း ရွှမ်း ဖြန်း' အသံ၊ 'အမယ်လေး-သေပါပြီဗျ၊ ကြောက်ပါပြီဗျ'-ဟု အော်သံတို့မှာ နားမချမ်းသာစရာကောင်းလောက်အောင် လုံးထွေးပေါ်ထွက်လာပေသည်။

လေထဲက အရှိန်နှင့်ပြေးကျလာသောကြိမ်လုံးများနှင့် လူ၏အသွေး, အသား, အကြောတို့ဖြင့် ပြည့်တင်းနေသောတင်ပါးတို့ ထိလိုက်တိုင်း ကြိမ်ဒဏ်အရိုက်ခံနေရသူမှာ တစ်ကိုယ်လုံး တဆတ်ဆတ်ခါ၍

mgyoe.com

mgyoe.com SAMPLE BOOK
ကျော, ခါး, တင်တို့ တွန့်လိမ်သွားသည်။ ဤရွှခင်းကို မြင်တွေ့နေရဆဲ ဒုက္ခဝေဒနာခံစားရသဖြင့် အော်ဟစ်နေသောအသံမှာလည်း ချောက်ချောက်ချားချား ကြောက်လန့်နာကျင်မှုအပြည့်ဖြင့် အသံဆိုးကြီးသာကြားနေရလေသည်။ တရွှမ်းရွှမ်းနှင့် ဖြန်းခနဲ ဖြန်းခနဲမြည်နေသော ကြိမ်ရိုက်သံ စည်းချက်မှန်နေစေကာမူ အော်ညည်းသံမှာမူ မမှန်တော့ဘဲ တဖြည်းဖြည်းအသံတိမ်သွားသည်။ ရိုက်စကလောက်လည်း တွန့်လိမ်ရုန်းကန်ခြင်း မပြုနိုင်တော့။ အသံသဲ့သဲ့သာထွက်လာပြီး သူ့တစ်ကိုယ်လုံးမှာလည်း ဇောချွေးများစီးကျကာ တဆတ်ဆတ်တုန်နေသည်ကို အထင်းသားမြင်နေရသည်။

ကြိမ်ရိုက်သံအားလုံး ၂၅ ချက်။ ကြိမ်ဒဏ် ၂၅ ချက်ရိုက်သောအချိန် ကြာလှသည်မဟုတ်။ သို့ရာတွင် ကြည့်နေရသူကျွန်တော့်အဖို့ ကြာမြင့်ရှည်လျားလှသည်ဟုသာ ထင်မိသည်။ ဒုက္ခဝေဒနာ ကိုယ်တိုင်ခံစားနေရရှာသည့် ကြိမ်ဒဏ်ခံရသူအဖို့မှာမူ အဘယ်ဆိုဖွယ်ရာရှိမည်နည်း။

ကြိမ်ရိုက်ရပ်လိုက်သည်နှင့် ထောင်ကျ ၂ ယောက်က ဒေါက်စင်တွင် ပြင်းထန်သော ကြိမ်ဒဏ်ကြောင့် ပျော့ခွေနေသူကို ခြေထိတ်လက်ထိတ်များချွတ်၍ မြေပေါ်သို့ခြေချစေသည်။ ကြိမ်ရိုက်ခံထားရသူခများမှာ မြေပေါ်တွင် ကောင်းစွာမရပ်နိုင်သဖြင့် ထောင်ကျ ၂ ယောက်က သူ့ကိုတွဲထားရသည်။ ကိုယ်လက်များ ပျော့ခွေနေသည့်ကြားက အရိုက်ခံထားရသော တင်ပါးတစ်ဝိုက်မှာကား တဆတ်ဆတ်တုန်နေသည်ကို ကျွန်တော် တို့နေရာကပင် လှမ်းမြင်ရသည်။ ဆရာဝန်နှင့်ပါလာသောအကျဉ်းသားက ကြိမ်ဒဏ်ခံရသူ၏တင်ပါးတွင် အုပ်ထားသည့် ပိတ်စိမ်းပါးကို ဖြုတ်ယူလိုက်သည်။ တင်ပါးပေါ်တွင် ကန့်လန့်ဖြတ်ထင်နေသော အရှိုးကြီးများမှာ သပြေသီးမှည့်ရောင်ဖြင့် ထင်းနေသည်။ ထိုသူသည် လုံချည်ကို အသာအယာ တုန်တုန်ချည့်ချည့်ဝတ်နေသည်။ သို့စေကာမူ ခါးတွင်မစည်းဘဲ လက်ဖြင့်ပင်ဖြန့်ကိုင်ထားသည်။ လုံချည်နှင့် သပြေသီးမှည့်ရောင်လိုက်နေသော သူ့တင်ပါးတို့မထိမိစေရန် ထိန်းထားရင်းဖြင့်ပင် ခြေ ၂ ဖက်ကိုကား၍ တလှုပ်လှုပ်လျှောက်ကာ ထောင်ဘူးထဲသို့ဝင်သွားလေသည်။

ကျွန်တော်အပါအဝင် ဤရွှခင်းကိုကြည့်နေသူ ၃-၄ ဦးခန့်သည် ဟင်းခနဲ သက်ပြင်းပြိုင်တူ ချလိုက်မိကြသည်။

"ဒီစနစ်ဟာ ပဒေသရာဇ်ခေတ်ရဲ့အမွေအနှစ်ပဲ။ ကျုပ်တို့ခေတ်ရောက်ရင် ဒီကြိမ်ရိုက်စနစ်ကို ဖျက်သိမ်းပစ်ရမယ်။"-ဟု သခင်လေးမောင်ကပြောလိုက်သည်။

"အင်း- ဟုတ်တာပေါ့။ လူတွေ မခိုးရမဆိုးရအောင် လိုအပ်တဲ့အသက်မွေးမှု အလုပ်အကိုင်တွေကို အစိုးရက စီစဉ်ပေးရမယ်။ နို့ပြီး ဒီကြိမ်ဒဏ်အစား အကျင့်စာရိတ္တကို ပညာပေးပြုပြင်တဲ့စနစ်နဲ့ အစားထိုးပေးရမယ်။"-ဟု သခင်နုက ထောက်ခံလိုက်လေသည်။

ကျွန်တော်တို့သည် တံခါးဝမှ အိပ်ဆောင်ဘက်သို့ပြန်လှည့်လျှောက်လာကြသည်။

သခင်သန်းထွန်းက "ကြိမ်ဒဏ်ရိုက်တာဟာ လူရဲ့ကိုယ်ကာယကိုသာ ထိခိုက်စေတာမဟုတ်ဘူး။ စိတ်ဓာတ်နဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေတာပဲ။ လူတွေကိုကျေးစိတ်ကျွန်စိတ် ပေါက်စေတယ်။"

ဦးမောင်မောင်က ဝင်၍

"ဒီမှာ- ကိုယ်ကာယကို ထိခိုက်တယ်ဆိုတာ နည်းနည်းပါးပါးလောက်ထိခိုက်တာ မဟုတ်ဘူးဗျ။ ကြိမ်ဒဏ်ကို ၂၅ချက်စီ ၃ခါအရိုက်ခံရဖူးတဲ့လူဟာ လူညွှန့်တုံးသွားလေ့ရှိတယ်။ပန်းလည်း သေသွားတယ်။"

"ဘာ- ပန်းသေသွားတယ်။ တော်တာ်ဆိုးတဲ့စနစ်ပဲ။"-ဟု သခင်နုက မှတ်ချက်ချလေသည်။

"ဒီစနစ်ကတော့ ခိုးဆိုးတဲ့လူတွေ အကျင့်ကောင်းမလာစေတဲ့အပြင် ထောင်မှူး, ထောင်ပိုင်နှင့် ကြိမ်ရိုက်တဲ့လူတွေကို အကျိုးပြုနေတာပဲ။"

"ဘယ်လိုအကျိုးပြုနေတာလဲ။ လုပ်စမ်းပါဦး ဦးမောင်မောင်။"-ဟု သခင်စိုးက မေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကြိမ်ရိုက်ခံရမယ့်လူဆီက ငွေစားတာပေါ့ဗျ။ ကြိမ်ရိုက်ရာမှာ သက်သာအောင်ရိုက်ပေးမယ်ဆိုပြီး ငွေတောင်းယူတာပေါ့။"

"သက်သာအောင်ကော ရိုက်လို့ရသလား။"

သခင်နုက ဝင်မေးသည်။

"ဟာ- ရတာပေါ့။ ရိုက်တဲ့အခါမှာ ရိုက်တဲ့လူက လက် ၅ ချောင်းနှင့်ဆုပ်ပြီးမရိုက်ဘဲ ကြိမ်ကို ဝင့်လိုက်တုန်း လက် ၅ ချောင်းနှင့်ကိုင်ထားပေမယ့် ရိုက်လည်းရိုက်ရော လက် ၁ချောင်းလွတ်, ၂ချောင်း လွတ်ပေါ့။ အဲ- ၃ ချောင်းလွတ် ရိုက်တာကတော့ ခံရတဲ့လူ အသက်သာဆုံးပဲ။ အရင်းဘက်နှင့်ရိုက်တာလည်း သက်သာတာပဲ။ ပိုက်ဆံယူတဲ့နေရာမှာလည်း ၁ ချောင်းလွတ်ရင် ဘယ်လောက်၊ ၂ချောင်းလွတ်ရင် ဘယ် လောက်ဆိုပြီး တောင်းယူတယ်။ ရတဲ့ပိုက်ဆံကိုတော့ ဝေမျှစားကြတာပေါ့ဗျာ။

"အဲ- သက်သာအောင်ရိုက်လို့ရသလို မချိမဆံ့ဖြစ်သွားအောင်လည်း ရိုက်နိုင်တယ်။ ပိုက်ဆံမပေးနိုင် တဲ့လူ၊ ဒါမှမဟုတ် ရန်ငြိုးရှိသူဆိုရင်တော့ အဲ- သေဖို့သာပြင်ပေတော့။ ကြိမ်ကို ဘယ်လက်နှင့်ကိုင်သူက မသိမသာ အောက်ကပင့်ရိုက်လိုက်တယ်။ ကြိမ်ကို ညာလက်နှင့်ကိုင်တဲ့လူက အဲဒီဒဏ်ရာအပေါ်ကို ဖိပြီးခုတ် ရိုက်လိုက်ရင် ဓားနှင့်ထွင်းခုတ်လိုက်သလို အသားတစ်ကြီးထွက်ကျမလာပေမယ့် အတွင်းကျေကျေပြီး ချက်ချင်း အဆမတန်ရောင်ကိုင်းသွားတာပဲ။ နောက်တစ်နည်းကတော့ ရိုက်လိုက်ပြီး အသားနှင့်ထိတာနှင့် ကြိမ်ကို ဆတ်ခနဲဖိဆွဲလိုက်တာ။ အဲဒီလိုများဆိုရင် ခံရသူဟာ အူအသည်းဆွဲနုတ်ခံရသလို နာကျင်သွားစေတယ်လို့ ပြောတယ်။ ဒီပြင်ရိုက်နည်းအမျိုးမျိုးလည်း ရှိသေးတယ်တဲ့။ အသေးစိတ်သိချင်ရင်တော့ ကြိမ်ရိုက်တဲ့လူကို ခေါ်မေးမှ။"

ဦးမောင်မောင်က စကားအစသတ်လိုက်သည်။

"ဒီကြိမ်ဒဏ်စနစ်ကိုတော့ ကျွန်တော်တို့ခေတ်ရောက်ရင် ဖျက်ကိုဖျက်ပစ်မှပဲဗျို့။"

သခင်နုက စိတ်မချမ်းသာသည့်မျက်နှာဖြင့် နောက်ဆုံးပိတ်လိုက်လေသည်။

နှုတ်ဆက်သဘင်

သခင်နုတို့အမှုကား ပြီးပြတ်လေပြီ။ မကြာမီပင် အင်းစိန်တွဲဖက်ထောင်သို့ သခင်နု, သခင်စိုး, သခင်လေးမောင်, သခင်သန်းထွန်း သူတို့အားလုံးပြန်ကြရပေတော့မည်။ ကျွန်တော်တစ်ယောက်သာ အမှုမပြီး သေးသဖြင့် သာယာဝတီထောင်တွင် ခေတ္တကျန်ရစ်ခဲ့ရဦးမည်ဖြစ်သည်။

နောက်တစ်နေ့နံနက် ထောင်ရုံးဖွင့်ချိန်တွင် ထောင်မှူးတစ်ယောက်ရောက်လာပြီး၊ 'မနက်ဖြန်ညနေ ရထားဖြင့် သခင်နုတို့အားလုံး အင်းစိန်ထောင်သို့ပြောင်းကြရမည်ဖြစ်၍ အသင့်ပြင်ထားပါရန်' ပြောဆိုသွား သည်။

သခင်နုတို့ ပြောင်းရတော့မည်ဖြစ်၍ ဦးမောင်မောင်က သခင်နုတို့လူစုကို ထောင်တွင်းအငြိမ့်ဖြင့် နှုတ်ဆက်ဧည့်ခံပွဲကျင်းပရန် ထောင်ပိုင်ထံသွား၍ခွင့်တောင်းလေသည်။ ထောင်ပိုင်က ခွင့်ပြုလိုက်သည်။

နှုတ်ဆက်ပွဲသဘင်တွင် ထောင်တွင်းအငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ပေသည်။ အငြိမ့်တစ်ချိုအတွက် ကျသင့်သောအဖိုးအခမှာ ငွေ ၁၀ ကျပ် ဖြစ်သည်။ အငြိမ့်အဖွဲ့ဝင် ၁၄ ဦးကို ညစာထမင်းကျွေးကြရမည်။ သို့ကြောင့်- သခင်ခသည် ဈေးကန်ထရိုက်တာထံက ဟင်းကျွေးအတွက် လိုအပ်သောပစ္စည်းများကို ညနေ အချိန်မီဝယ်ပို့ပေးရန် ငွေပေးပြီးထပ်မှာရသည်။

ထိုနေ့တစ်နေ့လုံး အငြိမ့်အဖွဲ့ဝင်များကို ကျွေးမွေးရန်အတွက် ထမင်း,ဟင်းများ ချက်ပြုတ်ရာတွင် သခင်ခကို ကျွန်တော်တို့အားလုံး ဝိုင်းကူကြရသည်။ သခင်ခသည် ပေါင်မုန့်သုတ်ရာတွင် ပိုနေသောထောပတ်

mgyoe.com

mgyoe.com SAMPLE BOOK
များဖြင့် ထောပတ်ပဲထမင်းအိုးကြီးကို ချွေးတလုံးလုံးနှင့်ချက်ပြုတ်နေလေသည်။

ညနေ ၅ နာရီတွင် ထောင်တွင်းအငြိမ့်အဖွဲ့သည် အငြိမ့်ဆိုင်ရာပစ္စည်းပစ္စယများဖြင့် ရောက်လာကြသည်။ စီကလပ်အိပ်ဆောင်များမှ ဘာယာများ, သံဒေများနှင့် ခြောက်ထောင်ပိုင်ပါအငြိမ့်ကြည့်ရင်း ဘီကလပ်အိပ်ဆောင်တွင် အိပ်ကြမည်ဖြစ်သည်။ ည ၆ နာရီခွဲတွင် အငြိမ့်အဖွဲ့ဝင်များနှင့်ကျန်တော်တို့အားလုံး ထောပတ်ပဲထမင်းဖြင့် ညစာစားကြသည်။ ည ၇ နာရီခွဲလောက်တွင် အငြိမ့်ဆိုင်းအဖွဲ့ကစတင်၍ ဆိုင်းဆော်လေသည်။ လျှပ်စစ်ဓာတ်မီးမရှိသဖြင့် အောက်လင်းဓာတ်မီး ၂ လုံးထွန်းထားရသည်။

ယောကျ်ားမင်းသမီး ၂ လက်နှင့် လူပြက် ၃ ယောက်ပါဝင်၍ ဆိုင်းအဖွဲ့၏ တီးမှုတ်သီဆိုမှုအဆင့်အတန်းမှာလည်း မနိမ့်ကျလှပေ။ ယောကျ်ားမင်းသမီးတစ်လက်မှာ အသက် ၂၀ အသားအရေခပ်လတ်လတ် ရုပ်လက္ခဏာသနားကမားမို့ မင်းသမီးအဝတ်အစားများ, ဆံပင်အတုများနှင့် ဖြီးလိမ်းပြင်ဆင်လိုက်သောအခါ မိန်းမမင်းသမီးနှင့် ရွေးမရအောင်တူလှတော့သည်။ ပို၍တူသထက်တူအောင် တင်တု,ရင်တုများပါဖန်တီးထားဟန် ရှိသည်။ ဖောင်းဖောင်းကြွကြွနှင့် အစ်ကိုထောင်ကျကာလသားများတရွရွဖြစ်အောင် မြူဆွေးနေသည်။ ထိုယောကျ်ားမင်းသမီးပြင်ဆင်နေသည်ကို ချောင်းကြည့်သောဘာယာများနှင့် မင်းသမီးထွက်၍ကပြအသုံးတော်ခံသောအခါ သဲသဲမဲမဲပိုးပန်းကြသောသူများပင် ရှိလေသည်။

လူပြက် ၃ ယောက်၏ပြက်လုံးများမှာလည်း ဇာတ်သဘင်၏ သမားရိုးကျပြက်လုံးများနှင့် ထောင်တွင်းလက်တန်းပြက်လုံးများပါရောရှေ့ တဝါးဝါးနှင့် ပရိသတ်ပွဲကျအောင်ပြက်နိုင်ပါပေသည်။ ကျန်တော်တို့အားလုံးပင် မိမိတို့ရောက်ရှိနေသော ထောင်တွင်းအကျဉ်းသားဘဝကို ခေတ္တခဏအမေ့ကြီးမေ့၍ တေးဂီတနှင့် ကပြသီဆိုမှုတွင် အမွေ့ကြီးမွေ့လျော်နေမိကြပါသည်။ ၁၂ နာရီခွဲမှပင် အငြိမ့်ပွဲ ပြီးဆုံးလေသည်။

ညနေ ၃ နာရီလောက်တွင် သခင်လေးမောင်, သခင်နုတို့အားလုံးကို အင်းစိန်ထောင်သို့ပို့ရန် ထောင်မှူးတစ်ယောက် လာခေါ်သွားသည်။ ဦးမောင်မောင်နှင့် ကျန်တော်သာ အိပ်ဆောင်တွင်ကျန်ရစ်ခဲ့သည်။ ကျန်တော်သည် ခေါင်းဆောင်များနှင့်ခွဲကျန်ရစ်ခဲ့ရသဖြင့် အားငယ်စိတ်ကဝင်လာသည်။ နောက် ၄-၅ ရက်လောက်ကြာလျှင် အင်းစိန်ထောင်မှာ ဤခေါင်းဆောင်များနှင့် ပြန်တွေ့ရမည်ကို သိလျက်နှင့်ပင် အားငယ်စိတ်ကဝင်လာခြင်း ဖြစ်သည်။

မကြာမီပင် ကိုမြမောင်တစ်ယောက် ထောင်ဘူးဝမှ အိပ်ဆောင်သို့ပြန်ရောက်လာသည်။ သူ့လက်တွင် စက္ကူထုပ် ၂ ထုပ်ကိုင်လာသည်ကို တွေ့ရသည်။ ကျန်တော့်အနားရောက်လာပြီး

"ဒီမှာသခင်တင်မြ။ ကော်ဖီနှင့်သောက်ဖို့ကိတ်မုန့်တစ်လုံး။"

အင်း- လာချေပြီ။ သူ့စေတနာကို သိလိုက်ပါ၏။ ကိုမြမောင်သည် သူ၏ပြုံးနေသောမျက်နှာကို အနည်းငယ် ညှို့ငယ်သွားစေပြီး

"သခင်တင်မြ။ ကျန်တော့်ကို ကူညီပါဦးဗျာ။ ကျန်တော်မေးချင်တာလေးတွေ ရှိနေလို့ပါ။"

ကျန်တော်သည် ဦးမောင်မောင်ရှိရာသို့ လှည့်ကြည့်လိုက်မိသည်။ 'သခင်နုတို့ရေ၊ ခင်ဗျားတို့ကောင်းမှုကြောင့် ဒီကောင်တော့ ဒုက္ခလှလှကြီးတွေ့နေပေါ့။ ကယ်တော်မူကြပါဗျို့။'-ဟု ကုန်းအော်ချင်စိတ် ပေါက်လာပါသည်။ ဤ ကိုမြမောင်နတ်ရူးကိုလည်း ဒေါသထွက်လာသည်။

"သွားစမ်းပါဗျာ။ ခင်ဗျားမုန့်လည်း မစားချင်ဘူး။ ကျန်တော်စိတ်ညစ်နေရတဲ့အထဲ။"

ကိုမြမောင်သည် ပြူးတူးပြဲတဲဖြစ်သွားကာ သူ့မုန့်ထုပ်ကိုဆွဲယူ၍ ထွက်သွားပါတော့သည်။ သူ့အိပ်ရာဆီကနေ၍ ကျန်တော့်ကို မသိမသာအကဲခတ်နေသေးသည်။ ဦးမောင်မောင်က သူ့အနားသို့သွား၍ တိုးတိုးတိုးတိုးနှင့်ဖျောင်းဖျနေလေသည်။

mgyoe.com SAMPLE BOOK

စီရင်ချက်

ရုံးချိန်းရက်ဖြစ်၍ နယ်ပိုင်ဦးစိန်းမောင်ရုံးသို့ ကျွန်တော်ရောက်ရှိနေသည်။ ယခင်ရုံးချိန်းရက်က အစိုးရသက်သေ ၂ ယောက်ကိုစစ်ဆေး၍ ပြီးသွားပြီဖြစ်သည်။

ယနေ့အချိန်ရပါက စီရင်ချက်ချနိုင်လိမ့်မည်ဟု ဦးစိန်းမောင်က ကျွန်တော့်ရှေ့နေ သခင်တင်အား ပြောပြထားသဖြင့် သိရသည်။ သာယာဝတီမြို့နယ် တို့ဗမာအစည်းအရုံးဝင်များသည် ဦးသုမန, သခင်နုတို့ အမှုများတွင် ဆက်တိုက်လိုလို လူထုစုရုံး၍ ရုံးသို့ရောက်ခဲ့ကြရသဖြင့် လူထုရော ခေါင်းဆောင်သူများပါ ပင်ပန်းနေကြပေပြီ။ သို့ကြောင့်- သခင်သန်းတင်, သခင်ဖေအောင်တို့လူစုနှင့် သခင်မ မတင်တင်အေး ခေါင်းဆောင်သော အမျိုးသမီး ၅ ယောက်ခန့်- စုစုပေါင်းပရိသတ် ၂၀ မျှလောက်သာ ကျွန်တော့်အမှုစစ်ဆေးရာတွင် တက်ရောက်နားထောင်နိုင်ကြတော့သည်။

အမှုကို စတင်မစစ်ဆေးမီ သခင်တင်က ကျွန်တော်နှင့် လာ၍ဆွေးနွေးသည်။ 'ကျွန်တော့်ထွက်ဆိုချက်နှင့် ဓနုဖြူဌာနကမှတ်ချက်များတွင် အသက် ၁၆နှစ်ဆိုပါက အသက်မပြည့်သဖြင့် အသက်ပြည့်သည့် ၁၈ နှစ်သားအထိ ထောင်ချပြီး၊ သရက် ဘော်စတယ်ကလေးထောင်ပို့လိမ့်မည်။ ဒါကြောင့် အသက် ၁၈ နှစ်ရှိပြီဖြစ်ကြောင်း ဆရာဝန်ဆေးထောက်ခံချက်ယူရမည်။ ဆရာဝန်က ၁၈ နှစ်ပြည့်ပြီဖြစ်ကြောင်း ထွက်ဆိုစေရန် သူတို့စီစဉ်ထားသည်။' -ဟုပြောပြပါသည်။

အမှုကို စစ်ဆေးသောအခါ အစိုးရရှေ့နေက 'ကျွန်တော့်ကို ကာကွယ်ရေးပုဒ်မ ၃၈ အရ စွဲချက်တင်၍ အပြစ်ဒဏ်ပေးထိုက်ကြောင်း' လျှောက်လဲလေသည်။ ထိုသို့ အစိုးရရှေ့နေလျှောက်လဲပြီးနောက် သခင်တင်က ကျွန်တော်၏ စကားပြောချက်များနှင့်ပတ်သက်၍ တို့ဗမာအစည်းအရုံး၏ ဂုဏ်သိက္ခာကိုလည်း မထိခိုက်အောင်နှင့် ဤအမှုတွင် ကျွန်တော့်အား အပြစ်မပေးထိုက်ကြောင်း လိမ္မာပါးနပ်စွာလျှောက်လဲသွားလေသည်။ ကျွန်တော့်ကိုလွှတ်ပစ်ရန်နှင့် မလွှတ်ပစ်နိုင်ပါက သေးငယ်သောအပြစ်ဒဏ်သာ ပေးသင့်ကြောင်းကိုလည်း ပြောသွားသည်။

တရားသူကြီး၏ စီရင်ချက်ချရန်သာ ကျန်တော့်သဖြင့် စီရင်ချက်မချမီ ကျွန်တော်၏အသက်အရွယ် အတိအကျသိရှိရန် ဆရာဝန်၏ ဆေးစစ်ချက်ရယူရမည်ဟု တရားသူကြီးက ညွှန်ကြားလေသည်။ ထို့ကြောင့်- ကျွန်တော့်ကို အမှုလိုက်ရာဇဝတ်အုပ်နှင့် ပုလိပ် ၂ ယောက်တို့က ရုံးနှင့်မနီးမဝေးတွင်ရှိသောဆေးရုံသို့ ခေါ်သွားလေသည်။

ဆေးရုံတွင် ဆရာဝန်သည် ကျွန်တော့်ကို သီးသန့်အခန်းတစ်ခုဌ လက်ထောက်ဆရာဝန်၏အကူအညီဖြင့် စစ်ဆေးသည်။ အရပ်အမောင်း, အသံ, သွားအရေအတွက် စသည်ဖြင့် အားလုံးကို နှိုက်နှိုက်ချွတ်ချွတ်လှန်လှောစစ်ဆေးလေသည်။ စစ်ဆေးချက်ကိုလည်း ရေးသားလက်မှတ်ထိုးပြီး ကုလားကပြားလက်ထောက်ဆရာဝန်ကို ရုံးသို့ ကျွန်တော်တို့နှင့်အတူ ထည့်ပေးလိုက်သည်။ ရုံးသို့ပြန်ရောက်သည်နှင့် ခေတ္တနားနေပြီး အမှုကို ဆက်လက်စစ်ဆေးပြန်သည်။

လက်ထောက်ဆရာဝန်က ကျွန်တော့်အပေါ်စစ်ဆေးချက်ကို တရားသူကြီးရှေ့တွင် ဖတ်ကြားရာ၌ ကျွန်တော်၏ အရပ်အမောင်း, သွားအရေအတွက်, အသံ စသည်တို့သာမက သူတို့ နှိုက်နှိုက်ချွတ်ချွတ်လှန်လှောစစ်ဆေးထားသော အတိုင်းအထွာအရေအတွက်များကိုပါ ပဋ္ဌ ၅ ပါးမကျန် အော်ကျယ်အော်ကျယ်နှင့် ပြောနေသဖြင့် ကျွန်တော့်မှာ မျက်နှာထူအမ်းလာပြီး မည်သူ့မျှမကြည့်ရဲလောက်အောင် ဖြစ်နေပါတော့သည်။

သခင်မမတင်တင်အေးတို့အမျိုးသမီးများမှာလည်း ပါးစပ်များကို လက်ကိုင်ပဝါနှင့်ဆို့ပိတ်၍ တခစ်ခစ်ရယ်ရင်းနားထောင်နေရာက နောက်သို့ဆုတ်၍ပျောက်ကုန်ကြပါသည်။ တရားသူကြီးနှင့်တကွ အားလုံးကပြုံးနေကြသလောက် ကျွန်တော့်မှာ ရယ်ရအခက်မဲ့ရအခက် ခေါင်းမော်ရဲလောက်အောင် ရှက်စိတ်လွှမ်းနေပါတော့သည်။

mgyoe.com SAMPLE BOOK

လက်ထောက်ဆရာဝန်သည် စစ်ဆေးချက်အထောက်အထားများကို ဖတ်ကြားပြီးနောက်၊ 'ကျွန်တော့် အသက် ၁၇ နှစ်မှ ၁၈ နှစ်အကြားတွင်ရှိပြီဖြစ်ကြောင်း' ပြောသွားပါသည်။

ဆရာဝန်၏ဆေးအစစ်ခံချက်ပြီးသည်နှင့် ကျွန်တော့်ကို တရားသူကြီး ဦးစိန်းမောင်က ''ဘာပြောလိုပါသေးသလဲ။''-ဟုမေးပါသည်။ ကျွန်တော်က ဘာမျှပြောစရာမရှိကြောင်း ပြန်ဖြေလိုက်သည်။ သို့ဖြင့် စီရင်ချက်ကို တရားသူကြီးကဖတ်ကြားပါတော့သည်။

'တရားခံသခင်တင်မြသည် ကာကွယ်ရေးဥပဒေပုဒ်မ ၃၈(ခ)အရ အပြစ်ရှိနေသည်ကို သက်သေများ၏ ထွက်ဆိုချက်အရ အထင်အရှားတွေ့ရသည်။ ထို့ကြောင့်- ထောင်ဒဏ် ၉ လ ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း။ ယခင်ပြစ်မှုနှင့် တပေါင်းတည်း ကျခံစေရမည်ဖြစ်ပြီး၊ ဘီကလပ်အဆင့်အတန်းကိုလည်း ပေးလိုက်သည်ဖြစ်ကြောင်း။' ဟူ၍ပင်ဖြစ်ပေသည်။

အင်းစိန်သို့

ပြည်-ရန်ကုန်အစုန်ရထားသည် တောင်ဘက်သို့ တစ်ရှိန်ထိုးပြေးနေသည်။ ဒုတိယတန်းတွဲပေါ်တွင် ကျွန်တော့်ကို အစောင့်အဖြစ်လိုက်ပို့သော ရာဇဝတ်အုပ်နှင့်ကျွန်တော်ပါမှ ခရီးသည် ၂ ယောက်တည်းသာ ရှိသည်။ ရာဇဝတ်အုပ်မှာ ဆပ်ကျောင်းမှဆင်းစဖြစ်ပြီး အသက်အရွယ် ၂၂ နှစ်ခန့်သာ ရှိဦးမည်။ အသားဖြူ၍ ရုပ်ရည်ချောမောသူဖြစ်သဖြင့် ပုလိပ်ယူနီဖောင်းနှင့် ကြည့်ကောင်းသူဖြစ်သည်။ ကျွန်တော့်အမှုစစ်ဆေးရန် သာယာဝတီရုံးသို့ထွက်ရတိုင်း ဤရာဇဝတ်အုပ်ကလေးနှင့်တွေ့မြင်နေရသဖြင့် မျက်မှန်းတန်းမိပြီဖြစ်၏။

သာယာဝတီဘူတာမှ ရထားထွက်ကတည်းက နိုင်ငံရေးနှင့်မပတ်သက်သောစကားများကို ကျွန်တော်တို့ ၂ ယောက်သား ရောက်တတ်ရာရာ ပြောလာခဲ့ကြသည်။ ဤသို့ပြောရင်း ပုလိပ်ဘက်တွင် မတရားမှု, ဘက်လိုက်မှုများကို ရောက်လာတော့သည်။ ပုလိပ်ဘက်တွင် မျက်နှာဖြူများနှင့် ကပြားများ ကြီးစိုးနေကြောင်း။ ရာဇဝတ်ဝန်ချင်းတူစေကာမူ မျက်နှာဖြူဖြစ်ပါက ပိုပါဝါရှိကြောင်း။ မြန်မာရာဇဝတ်ဝန်များက လုပ်သက်ရင့်သူဖြစ်စေကာမူ လူသစ်မျက်နှာဖြူရာဇဝတ်ဝန်များကို ကြောက်နေကြရကြောင်း။ ကပြားများကပင် မြန်မာရာဇဝတ်အမှုထမ်းများအပေါ် မတူမတန်သည့်သဘောများဖြင့် ဆက်ဆံလေ့ရှိကြောင်း။ ဆပ်ကျောင်းတွင်ပင် ဗြိတိသျှကပြားများက ပိုအခွင့်အရေးရကြောင်းတို့ကို ရာဇဝတ်အုပ်ကလေးကပြောပြသည်။

ကျွန်တော်ကလည်း ဤသို့ လူမျိုးအရ ခွဲခြားဖိနှိပ်ခြင်း, အခွင့်အရေးခြားနားခြင်းတို့မှာ အင်္ဂလိပ်နယ်ချဲ့သမား၏ လူမျိုးရေးခွဲခြားမှုဝါဒအရ ကျင့်သုံးခြင်းကြောင့်ပင်ဖြစ်ကြောင်း။ ဤသို့ဖြစ်နေသည်မှာ မြန်မာပြည်အင်္ဂလိပ်ကျွန်ဘဝကျရောက်နေ၍ဖြစ်ကြောင်း။ လွတ်လပ်ရေးရရှိပါက ဤသို့အခွင့်အရေးခွဲခြားမှုများကို ဖျက်သိမ်းနိုင်ရုံမျှမက မြန်မာပြည်တွင်ကြီးစိုးနေသော မျက်နှာဖြူများ အင်္ဂလန်ပြန်ပြေးရမည်ဖြစ်ကြောင်း။ ဒါကြောင့် မြန်မာပြည် ကျွန်ဘဝက လွတ်မြောက်ရေးတိုက်ပွဲသည် မြန်မာတိုင်းနှင့်သက်ဆိုင်ကြောင်း။ မြန်မာပုလိပ်အမှုထမ်းများနှင့်လည်း သက်ဆိုင်ကြောင်း။-စသည်တို့ကို ပြောပြခဲ့သည်။ ရာဇဝတ်အုပ်ကလေးသည် ကျွန်တော်၏ပြောပြချက်အပေါ်တွင် 'သူ့ထင်မြင်ချက် မည်သို့ရှိသည်'ကို ပြန်မပြော၊ နားစိုက်၍သာနေသည်။

သို့ပြောရင်းဆိုရင်းဖြင့်ပင် တိုက်ကြီးဘူတာသို့ မီးရထားဆိုက်တော့သည်။ မီးရထားရပ်သည်နှင့် ရာဇဝတ်အုပ်ကလေးသည် 'သူ၏မိတ်ဆွေတစ်ယောက် ကားဆိပ်အနီးတွင်ရှိသည်။ သွားတွေ့ဦးမည်။'-ဟုပြောဆိုကာ သူ့ခါးပတ်နှင့်ဆင်ဘရောင်း(စလွယ်)ကို အထက်အိပ်စင်ပေါ်တွင်ထားခဲ့ပြီး မီးရထားပေါ်က ဆင်းသွားလေသည်။ သူထားပစ်ခဲ့သောခါးပတ်တွင် သားရေအိတ်နှင့်ထည့်ထားသော ခြောက်လုံးပြူးသေနတ် ရှိသည်။

ရာဇဝတ်အုပ်ကလေးသည် သူ့သေနတ်ကိုထားခဲ့သည်မှာ ဘာရည်ရွယ်ချက်ရှိလေသနည်း။ အကျဉ်းသားတစ်ယောက်အား တစ်ယောက်တည်းထားခဲ့ရုံမျှမက သူ့သေနတ်ကိုပင် အကျဉ်းသားနှင့်အတူ ထားရစ်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK
သည်မှာ အံ့သြစရာတစ်ခုပင် ဖြစ်လေသည်။

တိုက်ကြီးဘူတာရုံသည် စာကလေးကြော်, ချိုးကြော်, ကြက်ကြော်နှင့် နွားနို့, မုန့်မျိုးစုံတို့ကို အော်ဟစ်ရောင်းချနေသော ဈေးသည်များ၏အသံဖြင့် ဆူညံနေသည်။ ဝမ်းဟာလာသည့်အတွက် နွားနို့ပူပူ တစ်ခွက် ဝယ်သောက်လိုက်သည်။ မီးရထားမှာ တိုက်ကြီးဘူတာတွင် နာရီဝက်ခန့်ရပ်နားနေသဖြင့် တတိယတန်းတွဲများတွင် ခရီးသည်များ အဆင်းအတက်ရှိစေကာမူ ကျွန်တော်တို့စီးလာသော ဒုတိယတန်းတွဲသို့ကား တစ်ယောက်မျှ တက်လာခြင်းမရှိပါ။ အတန်ကြာသောအခါ ပလက်ဖောင်းပေါ်တွင် လူပ်လူပ်ရွရွဖြစ်နေသော ပရိသတ် အနည်းငယ်ကျဲသွားသည်။ ဈေးသည်များ၏အော်ဟစ်သံများလည်း အတန်ပင်စဲသွားလေပြီ။

ရာဇဝတ်အုပ်ကား ပြန်မလာသေး။ ရှိခနဲမှုတ်လိုက်သော ဂါတ်ဗိုလ်၏ခရာသံနှင့် မီးရထားဥဩသံက ဆက်လက်ပေါ်လာသည်။ ကျွန်တော်သည် ပြန်ရောက်မလာသေးသော ရာဇဝတ်အုပ်အတွက် စိုးရိမ်လာကာ ခေါင်းကို ပြတင်းက အပြင်ထုတ်၍ ပလက်ဖောင်းပေါ်နှင့် မော်တော်ကားဆိပ်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ ဘယ်မှာမှ အရိပ်အယောင်မမြင်ရ။ မီးရထား၏ဘီးများလည်း စလှိမ့်လေပြီ။

'ရော- ခက်ကပြီ။ ဒီရာဇဝတ်အုပ် ဘယ်ဆီများသွားနေတာလဲ။'-ဟု စိုးရိမ်စိတ်ဖြင့် တွေးနေဆဲ အခန်းတစ်ဖက်ဘေးက တံခါးပွင့်လာသည်။ ရာဇဝတ်အုပ်ကလေးသည် အသက်ပြင်းပြင်းရှူကာ မောကြီးပန်းကြီးဖြင့် ကျွန်တော့်ဘေးသို့ဝင်ထိုင်လေသည်။

ကျွန်တော်က ''ခင်ဗျားပြန်မရောက်တာနှင့် ကျွန်တော်က ကျန်ရစ်ခဲ့ပြီထင်နေတာ။ ကျွန်တော် စိတ်ပူသွားတယ်။''-ဟုပြောရာ၊ ရာဇဝတ်အုပ်ကလေးသည် စကားချက်ချင်းမပြောနိုင်သေးဘဲ လက်ခါခေါင်းယမ်းပြလေသည်။ သူ့ထံက အရက်နံ့များထွက်လာလေသည်။ 'သြော်- သူ အရက်မူးနေတာနဲ့ နောက်ကျနေတာကိုး။'-ဟု တွက်လိုက်ရသည်။

''ကျွန်တော့်သူငယ်ချင်းက အရက်အတင်းတိုက်လို့ သောက်လာခဲ့ရတယ်ဗျ။ ရထားမီပါသေးတယ်ဆိုပြီး အရက်ပဲ ဖိတိုက်နေတာနဲ့ နောက်ကျသွားတာ။ ကျွန်တော်လည်း ရထားမီအောင် အတင်းပြေးလိုက်ရတာ။''-ဟု ရာဇဝတ်အုပ်ကလေးက အရက်သံဖြင့်ပြောသည်။ နောက် ဆက်လက်ပြီး ''ကျွန်တော်တော့ အတော်မူးနေပြီ၊ အိပ်ဦးမယ်ဗျာ။''-ဟု ပြောကာ အိပ်စင်ပေါ်သို့ ကျွန်ုပ်မဆောင်နိုင်တော့ဘဲ လှဲ၍အိပ်လေသည်။

ကျွန်တော်လည်း စကားပြောဖက်မရှိသဖြင့် မီးရထားလမ်းဘေးရှိ ရွာခင်းများကိုကြည့်ရင်း ရောက်တတ်ရာရာတွေးရင်းဖြင့်ပင် ထူးကြီး, မော်ဘီဘူတာများကိုလွန်၍ မီးရထားကြီးသည် အင်းစိန်ဘူတာသို့ ဆိုက်ရောက်လေသည်။

အမူးမပြေသေးသောရာဇဝတ်အုပ်နှင့် ဘူတာရုံက လန်ချားစီး၍သွားကြသည်။ ရာဇဝတ်အုပ်ကလေးက အင်းစိန်ဈေး တရုတ်ဆိုင်တစ်ဆိုင်ကတရုတ်မုန့်များကို ဝယ်၍ပေးလိုက်သေးသည်။ အင်းစိန်ဈေးမှလွန်၍ လမ်းမကြီး၏ညာဘက်သို့ ချိုးဝင်သည်နှင့် အင်းစိန်ထောင်ကြီးကို လှမ်းမြင်ရလေသည်။ ကျွန်တော်တို့စီးလာသောလန်ချား အင်းစိန်ထောင်ကြီးရှေ့ရောက်သောအခါ ရာဇဝတ်အုပ်က ညာဘက်လမ်းကို ဆက်လိုက်ခိုင်းပြန်သည်။

''ဟင်- ထောင်ထဲမဝင်ရသေးဘူးလား။''-ဟု ရာဇဝတ်အုပ်အားမေးလိုက်သည်။

''ဒါက အင်းစိန်ထောင်ကြီးဗျ။ ခင်ဗျားကိုပို့ရမှာက တွဲဖက်ထောင်။ ရှေ့နားတွင်ပါ။ တွဲဖက်ထောင်မှာ နိုင်ငံရေးသမားတွေ သီးသန့်ထားတယ်ဗျ။''

ထောင်ကြီး၏ နံရံထောင့် ချိုးဝင်သည်နှင့် တွဲဖက်ထောင်ကလေးကို တွေ့ရသည်။ ထောင်အမှုထမ်းများနေထိုင်ဟန်တူသောအိမ်ကလေးများကို ကျော်လွန်လာပြီး တွဲဖက်ထောင်ဘူးဝကို ရောက်ပေပြီ။

mgyoe.com

mgyose.com SAMPLE BOOK

ရာဇဝတ်အုပ်က လန်ချားကုလားကို အစောင့်ခိုင်းထားခဲ့ပြီး ဘူးတံခါးကို ခေါက်လိုက်သည်။ မကြာမီပင် ဘူးတံခါးလေး ပွင့်လာသည်။ ထောင်ဘူးဝန့်ရုံးခန်းမှာ တိတ်ဆိတ်နေသည်။ ရုံးခန်းက ညာဘက်တွင်ရှိသည်။ ရုံးချိန်မဟုတ်တော့သဖြင့် လူသူရှင်းနေသည်။ ဘူးဝတွင် ဝါဒါကုလား ၃-၄ ယောက်သာရှိသည်။

ရာဇဝတ်အုပ်က ဝါဒါကုလားတစ်ယောက်အား ကုလားစကားနှင့်ပြောလိုက်ရာ၊ ထိုဝါဒါကုလားသည် ဘူးဘယ်ဘက်အခန်းမှ အပေါ်ထပ်သို့ တက်သွားသည်ကို တွေ့လိုက်သည်။ အတန်ကြာတွင် လူဝဝကြီးတစ်ယောက် အပေါ်ထပ်မှဆင်းလာသည်။ ထောင်အရာရှိ ဖြစ်ပေမည်။

ထောင်မှူးကြီးဦးပန်းမောင်

ထောင်အရာရှိမှာ အရပ်ဝတ်အရပ်စားနှင့်ပင်ဖြစ်သည်။ သူ့တွင် ထူးခြားသောရုပ်လက္ခဏာများရှိသည်။ သူ့မျက်ခွံ, မျက်ရစ်များကမို့နေသဖြင့် မျက်စိများကိုမြင်အောင် မနည်းကြည့်ယူရသည်။ ဖောသွပ်သွပ်မျက်နှာနှင့် အထက်သို့ကော့လန်နေသော နှာခေါင်း, ဖောင်းပွနေသော ပါးစုန့်ကြီးများမှာ ဘီလပ်ဝက်ကြီးများ၏ ပါးစုန့်များနှင့်ပင် တူလှတော့သည်။ မေးစေ့ကလေးမှာတိုဝင်နေပြီး လည်တိုင်ပင်မမြင်ရလောက်အောင် ဝလွန်းသည်။ သူ့ဗိုက်ကြီးသည် ရှေ့သို့ တောင်ဆုပ်ခန့်ထွက်၍ ဖောင်းဝနေသည်။ ခြံကြည့်လိုက်ပါက အရပ်ဆိုးလှသည့်ဖိုးဝရုပ်တစ်ရုပ်ကို ပုဆိုးဆီးပေးထားသလို ဖြစ်နေပေသည်။ လမ်းသွားပုံကိုလည်း ကြည့်ပါဦး။ ခြေကို ရှေ့တည့်တည့်သို့မလှမ်းနိုင်။ ဖောင်းပွနေသောဗိုက်နှင့် ပေါင်လုံးကြောင့်ထင်၏။ ခြေကို ဘေးသို့ဝိုက်ကာ ယက်ကန်ယက်ကန်လျှောက်ရရှာသည်။

"သာယာဝတီက ထောင်ကျနိုင်ငံရေးအကျဉ်းသားလား။"-ဟု သူက ရာဇဝတ်အုပ်ကလေးကို မေးလိုက်လေသည်။

ကိုယ်ခန္ဓာဝသလောက် အသံက သေးငယ်လှသည်။ ဤသူကား အင်းစိန်တွဲဖက်ထောင်ကလေးကို အုပ်ချုပ်နေသူ ထောင်မှူးကြီးဦးပန်းမောင် ဖြစ်လေသည်။ လိုက်ပို့သော ရာဇဝတ်အုပ်နှင့် ဦးပန်းမောင်တို့သည် ကျွန်တော့်အား လွှဲအပ်သည့်ကိစ္စများကို ပြောဆိုလုပ်ကိုင်နေကြသည်။

ကျွန်တော်ထိုင်နေသည့် ရုံးခန်းထဲကနေ၍ ထောင်တွင်းရှိအဆောက်အအုံတချို့ကို တစ်ဝက်တစ်ပျက်မြင်တွေ့နေရသည်။ သွားလာလှုပ်ရှားနေကြသူအချို့ကိုလည်း တွေ့နေရသည်။ သခင်လေးမောင်, သခင်စိုးတို့ ကျွန်တော်ရောက်သည်ကို သိကြသေးဟန် မတူပါ။

ထောင်မှူးကြီး၏ညွှန်ကြားချက်ဖြင့် ဝါဒါ ၂ ယောက် ကျွန်တော့်ထံလာ၍ ကျွန်တော့်လွယ်အိတ်ကို တစ်ယောက်၊ ကျွန်တော့်ကိုယ်ခန္ဓာကို တစ်ယောက် 'တလာစီ'[၁]ကြသည်။ သူတို့ 'တလာစီ'ပုံမှာ အတော်စေ့စပ်မှုရှိသည်။ ပြီးသည်နှင့် ထောင်မှူးကြီးဦးပန်းမောင်က "ကဲ- သခင်တင်မြ။ ထောင်ထဲကို ဝင်ပေတော့။" -ဟု ပြောလိုက်သည်။ သူ့မျက်နှာကား ရယ်ပြုံးပြုံးပင်။

ရာဇဝတ်အုပ်ကလေးကို နှုတ်ဆက်ပြီး ဘူးပေါက်တံခါးကလေးမှ ထောင်ထဲသို့ ဝါဒါ ၂ ယောက်နှင့် အတူဝင်လိုက်သွားသည်။ ဘူးဝမှ မြေနီလမ်းကလေးသည် အိပ်ဆောင်ကြီးဘေးသို့ တန်းသွားသည်။ အရှေ့ဘက်က အိပ်ဆောင်ဘေးတွင်လမ်းလျှောက်နေသော သခင်စိုးကိုလှမ်းမြင်လိုက်သည်။

"ဗျို့- သခင်စိုး။"

သခင်စိုးသည် လှည့်ကြည့်ပြီးပြေးလာသည်။

"သခင်တင်မြ ရောက်လာပြီဗျို့။"

အိပ်ဆောင် ၂ ခုလုံး အပေါ်ထပ်,အောက်ထပ်က လူအတော်များများထွက်ကြည့်ကြသည်။ အချို့က ကျွန်တော့်ဆီ ပြေးလာကြသည်။ သခင်စိုးနောက်က သခင်မြသန်းနှင့် ဝါးခယ်မက အမည်မသိ သခင်တစ်

၁။ တလာစီ = စစ်ဆေးခြင်း။ (ကုလားစကား)

mgyose.com

mgyoe.com SAMPLE BOOK

ယောက်။ (ထိုသခင်၏အမည်မှာ 'သခင်သိန်းဖေ'ဟု နောက်မှသိရသည်။)

'တို့ဗမာ, တို့ဗမာ' ဟူသော တို့ဗမာအသံများညံသွားလေသည်။

အင်းစိန်ဘီကလပ်အဆောင်သို့ ရောက်ပေပြီ။

၁၉၄၀ ပြည့်နှစ် ဇူလိုင်လ ဒုတိယပတ်အတွင်းက နေ့တစ်နေ့တွင်ဖြစ်သည်။

အင်းစိန်တွဲဖက် (Anex-) ဘီကလပ်အဆောင်

တွဲဖက် ဘီကလပ်အဆောင်ကလေးတွင် ၂ ထပ်အိပ်ဆောင်ကြီး ၂ ခုရှိသည်။ အရှေ့ဘက်အိပ်ဆောင်အောက်ထပ်တွင် နိုင်ငံရေးသမားများ နေကြသည်။ အနောက်ဘက်အိပ်ဆောင် အပေါ်ထပ်တွင် ဘုန်းတော်ကြီးအချို့နေသည်။ ထိုအိပ်ဆောင်၏ အနောက်ဘက်ကျကျတွင် မီးဖိုကြီးရှိသည်။ တောင်ဘက်တွင်ကား စာကြည့်ခန်းလုပ်ထားသည့် အုတ်ခံတစ်ထပ်တည်းရှိသော အဆောင်ကြီးတစ်ခုရှိနေပြီး၊ အနောက်ဘက်ကမူ ဆရာတော်ဦးဝိစာရ အသေခံကြိုးပမ်းမှုကြောင့် အစိုးရဆောက်လုပ်ပေးထားသော သိမ်ကလေးတစ်ဆောင်နှင့် ဘုရားကလေးတစ်ဆူတည်ရှိကာ၊ အနောက်တောင်ထောင့်အစွန်တွင်မူကား ဆေးရုံလုပ်ထားသည့် ၂ ထပ်အဆောက်အအုံတစ်ခုရှိလေသည်။ မီးဖိုနားတွင်ရှိသည့် မြေစိုက်အဆောက်အအုံများမှာ ယခင်က အလုပ်ရုံအဖြစ် အသုံးပြုခဲ့သည်ဟု သိရသည်။ ခရစ်ယာန်ထောင်ကျများအတွက် ဘုရားကျောင်းဆောင်တစ်ခုလည်း ရှိသည်။

ဘီကလပ်အဆောင်တွင် သခင်ကိုယ်တော်မှိုင်းခေါင်းဆောင်သော တို့ဗမာအစည်းအရုံးဝင်များဖြစ်သည့် သခင်အဖွဲ့ဝင်များက လူများစုဖြစ်နေသည်။ ဌာနချုပ်ခေါင်းဆောင်များဖြစ်သော သခင်လေးမောင်, သခင်နု, သခင်စိုး, သခင်သန်းထွန်း၊ မြောင်းမြစီရင်စုက သခင်အုံးဖေ, သခင်သိန်းဖေ, သခင်ချစ်တင်, သခင်မောင်မောင်, သခင်ဗထွန်းရင်, သခင်တင်ကြီး၊ ဒေးဒရဲက သခင်မောင်မောင်, 'နဂါးနီတင်'ခေါ် သခင်တင်, သခင်သက်တင်၊ ကျောက်ဆည်က သခင်သန်းမြိုင်, သခင်ရွှေအုပ်, သခင်ချမ်းသိမ်း၊ ရေနံမြေမှ သခင်လှိုင်, သခင်လှကွန်း၊ ရန်ကုန်က အုတ်ဖို သခင်တင်ဖေ, သခင်သန်းလေး, သခင်ဝိုင်းနှင့် သခင်မြသန်း(ဇလွန်)နှင့် ကျွန်တော်တို့ဖြစ်ကြသည်။

သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့ဦးစီးသော တို့ဗမာအစည်းအရုံးက သခင်ခ, မော်လမြိုင် သခင်ချစ်တင်နှင့် ဆင်မြီးဆွဲ သခင်ပုတို့လည်း ရှိပေသည်။ အင်းစိန်ထောင်ကြီးဘက်ရောက်နေသော ဒေးဒရဲသခင်မြသွင်, သခင်ဗစိန်အဖွဲ့မှ သခင်ဝတင်နှင့် ကျောက်ဆည် သခင်တင်ရွှေတို့မှာ ကျွန်တော်မရောက်မီက ဖြစ်ပွားခဲ့သည့် ထောင်တွင်းတိုက်ပွဲတစ်ခုကြောင့် အင်းစိန်ထောင်ကြီးသို့အပို့ခံရပြီး တိုက်ပိတ်ခံခဲ့ရသည်။ တိုက်ပွဲပြီးသွားသော်လည်း 'ထောင်မှူးကြီးဦးပန်းမောင်နှင့် မျက်နှာချင်းမဆိုင်လို'ဟုဆိုကာ ဘီကလပ်အဆောင်သို့ပြန်မလာတော့ဘဲ အင်းစိန်ထောင်ကြီးမှာပင် ဆက်လက်နေထိုင်သည်ဟု သိရသည်။

တို့ဗမာအစည်းအရုံးဝင်သခင်များဖြစ်ကြသော ဘုန်းကြီး ၃ ပါးလည်း ရှိသေးသည်။ ဦးအာစရ, ဦးသုမန, ဦးဝါယမ။ အခြားဘုန်းကြီး ၄ ပါးမှာ နိုင်ငံရေးနှင့်ထောင်ကျနေကြသော ဘုန်းကြီးများ ဖြစ်သည်။ ထို ၄ ပါးမှတစ်ပါးဖြစ်သည့် ဘုန်းကြီးအိုကြီးတစ်ပါးမှာ ကျောင်းသားငယ်အားဆုံးမရာ၌ ကြေးစည်လက်ခတ်ဖြင့် တအားကပွိုလိုက်မိသောကြောင့် ကျောင်းသားကလေး သေဆုံးသွားရပြီး၊ လူသတ်မှုဖြင့် ထောင် ၁၀ နှစ်ကျနေခြင်း ဖြစ်သည်။

ဒေါက်တာဘမော်၏ ဓားမပါတီမှ ဦးဘွန်စွမ်, ဒေးဒရဲ ဦးတင်တို့လည်း ရှိကြသည်။ ကာကွယ်ရေးပုဒ်မ ၂၆ ဖြင့် ဖမ်းထားခြင်းခံရသော ရန်ကုန်က အင်ဂျင်နီယာ'ဦးလှ' ခေါ် အလွန်စကားများသူလူကြီးတစ်ယောက်လည်း ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးရီးတော်ကျိုင်းတုံစော်ဘွားကြီးကို အမေရိကန်လူဆိုးများစတိုင် သေနတ် ၂ လက်ဖြင့်ပစ်သတ်ခဲ့သဖြင့် ထောင်အနှစ် ၂၀ ကျနေသော စောသီဟနှင့် ဟိန္နူကုလားကြီးတစ်ယောက်၊ မေမြို့က မွတ်စလင်အမျိုးသားတစ်ယောက်၊ ကိုယ့်ရည်းစားကို ဓားနှင့်ထိုးသတ်သူ အင်္ဂလိပ်ကပြားတစ်ယောက်၊ ငွေစားမှုဖြင့် ထောင်ကျနေသော ကော့ကရိတ်က စာတိုက်ဗိုလ်တစ်ယောက်-စသည်ဖြင့် လူပေါင်း ၅၀ နီးပါးမျှရှိပေသည်။

ဘီကလပ်ဆောင်တွင်ရှိကြသော နိုင်ငံရေးအကျဉ်းသားများသည် ပါတီတစ်ခုတည်း မဟုတ်ကြဘဲ၊ ပါတီကွဲနေကြစေကာမူ ထောင်ထဲတွင် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီးရှိကြလေသည်။ ထောင်မှူး, ထောင်ပိုင်တို့၏ဖိနှိပ်မှုများကို အတူတကွခံနေကြသဖြင့် သင်းကွဲဂိုဏ်းကွဲစိတ်များကို မွေးမနေနိုင်အားကြဘဲ ညီညွတ်မှုအတော်အသင့်ရခဲ့ကြလေသည်။ ထို့ကြောင့်ပင် ပေါ်ပေါက်လာသော ထောင်တွင်းတိုက်ပွဲများတွင်လည်း အတူတကွ ပူးတွဲတိုက်လေ့ရှိကြသည်။

ကျွန်တော်တို့ တို့ဗမာအစည်းအရုံးဝင်သခင်များမှာ သာယာဝတီညီလာခံဆုံးဖြတ်ချက်ဖြစ်သော 'စစ်ဆန့်ကျင်ရေး' ဆုံးဖြတ်ချက်များကို လူထုတရားပွဲနှင့် အစည်းအဝေးများတွင် ဖတ်ကြားခြင်း၊ ထိုဆုံးဖြတ်ချက်ပါသဘောတို့ကို ဟောပြောလှုံ့ဆော်ခဲ့ခြင်းများကြောင့် ကာကွယ်ရေးပုဒ်မများနှင့် ၁၂၄(က) အစိုးရအကြည်ညိုပျက်စေမှုပုဒ်မတို့ဖြင့် ထောင်ကျအကျဉ်းခံနေကြရခြင်း ဖြစ်၏။

သခင်ထွန်းအုပ်, သခင်ဗစိန်တို့ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးဝင်များကလည်း 'မြန်မာပြည်၏လုံးဝလွတ်လပ်ရေးကို ယခုဖြစ်ပွားနေသည့် နယ်ချဲ့စစ်ပွဲအတွင်းတွင် အရယူကြရမည်, အင်္ဂလိပ်အစိုးရအားစစ်ပွဲတွင် အကူအညီမပေးရ'ဟု ဟောပြောခဲ့ကြသောကြောင့် လည်းကောင်း။ ဒေါက်တာဗမော်ခေါင်းဆောင်သော ဆင်းရဲသားဝံသာနုအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဘွန်စွမ်, ဗန္ဓုလဦးစိန် စသူတို့မှာလည်း ၄င်းတို့အဖွဲ့မှ ချမှတ်လိုက်သော 'အင်္ဂလိပ်အစိုးရအား စစ်အတွင်း အကူအညီမပေးရ။' ဆုံးဖြတ်ချက်အပါအဝင် ပြဋ္ဌာန်းချက် ၇ ချက်ကို ဖတ်ကြားခြင်း, ဟောပြောခြင်းတို့ကြောင့် လည်းကောင်း။-အထက်ပါပုဒ်မများဖြင့်ပင် ဤဘီကလပ်အဆောင်သို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။

ပါတီများကွဲပြားနေစေကာမူ 'မြန်မာပြည်လုံးဝလွတ်လပ်ရေးအတွက် ကြိုးပမ်းကြမည်' ဟူသောဆန္ဒတွင်လည်းကောင်း၊ ထောင်တွင်းသို့ရောက်လာကြပုံတွင်လည်းကောင်း တူညီနေကြသဖြင့် တစ်ဦးနှင့်တစ်ဦး, တစ်ဖွဲ့နှင့်တစ်ဖွဲ့ စိမ်းစိမ်းကားကားမညီမညွတ်ဟူ၍ မရှိကြခြင်းဖြစ်ပေသည်။

ကာကွယ်ရေးပုဒ်မ ၂၆ ဖြင့် ရုံးတင်၍ အမှုစစ်ဆေးခြင်းမပြုဘဲ ဖမ်းဆီးထားသော 'ဒီတင်းနယူး' ခေါ် အချုပ်သမားများမှာ အထူးတန်းရရှိ၍ အရပ်ဝတ်အရပ်စားများဝတ်ဆင်နိုင်ခွင့် ရှိကြသည်။ ဆေးလိပ်စရိတ်တစ်နေ့လျှင် ၄ ပဲနှုန်း ရကြလေသည်။ ကျွန်တော်တို့လို ထောင်ကျဘီကလပ်များအဖို့ ဆေးလိပ်စရိတ်မရ။ ထောင်အဝတ်အစားများကို ဝတ်ကြရသည်။ ထောင်အဝတ်အစားများမှာ အင်းစိန်ထောင်ကြီးက ရက်လုပ်သော ပိတ်ဖြူအပြာကွက်လုံချည်, ပိတ်ဖြူရှပ်အင်္ကျီနှင့် ပိတ်ဖြူတိုက်ပုံအင်္ကျီတို့ဖြစ်သည်။ ပိတ်အပြာစ ၂ ခုစီကိုလည်း ထုတ်ပေးထားသည်။ ထိုအပြာစများကို ကျွန်တော်တို့က ရေလဲပိုင်းလုပ်ပစ်ကြသည်။ စွပ်ကျယ်, ဖိနပ်, ခေါင်းဖြီးရန်ဘီး စသောအသုံးအဆောင်ပစ္စည်းများကိုလည်း ထုတ်ပေးထားလေသည်။

ကစားခုန်စားခြင်းနှင့် ကျန်းမာရေးလေ့ကျင့်ရန်အတွက် ဘက်တမင်တန်, ပင်ပေါင်, ခြင်းလုံးစသော ကစားရန်ပစ္စည်းများကို ထောင်က ဝယ်ပေးလေသည်။ ကိုယ်ကာယအလှအတွက် အလေးမလိုသူများမကြရန် အလေးမသော ဝိတ်တစ်စုံကို သခင်သန်းထွန်း၏ထောင်ပြင်က မိတ်ဆွေတစ်ယောက် ဝယ်၍လှူထားသည်ကိုလည်း တွေ့ရပေသည်။

ဌာနချုပ်ခေါင်းဆောင်များနှင့် အသက်အရွယ်ကြီးသူများကိုချန်ထားပြီး သခင် ၂ ဖွဲ့လုံးက လူရွယ်လူငယ်များပူးပေါင်းကာ အစုများခွဲပြီး ထမင်းချက်အဆိုင်းများဖွဲ့ထားသည်။ ဘီကလပ်ဆောင်တွင် အညစ်အကြေးများ

mgyoe.com

mgyoe.com SAMPLE BOOK

သုတ်သင်ရန်နှင့် ထမင်း,ဟင်းချက်ရာတွင် ကူညီရန်၊ ဆေးရုံလုပ်ငန်းများလုပ်ရန် အင်းစိန်ထောင်က အကျဉ်းသား ၂၅ ယောက်ခန့် နေ့စဉ် နံနက်တိုင်း ဘီကလပ်ဆောင်သို့ရောက်လာပြီး၊ ညနေ ထောင်မပိတ်မီ ပြန်သွားလေ့ရှိသည်။

အိပ်ဆောင်အမှတ် ၁ အောက်ထပ်တွင် နိုင်ငံရေးသမားအားလုံးလိုလို သံခုတင်ကိုယ်စီဖြင့် စုပေါင်းနေကြသည်။ အိပ်ဆောင်အပေါ်ထပ် ဝရန်တာမှနေ၍ အပြင်သို့မျှော်ကြည့်လိုက်ပါက မီးရထားသံလမ်းနှင့် ကားလမ်းတစ်လျှောက် အင်းစိန် ရွာမရပ်ကွက်ကို မြင်ရလေသည်။ သွားလာနေသူများကို မြင်နေစေကာမူ ကွဲကွဲပြားပြား မရှိလှ။ 'ဤသူကား မိန်းမ, ဤသူကား ယောကျ်ား' ဟူ၍ ခွဲခြားမြင်ရုံမျှသာဖြစ်၏။ ဆန့်ကျင်ဘက်လိင်ဖြစ်သော မသတ္တဝါများနှင့် နီးနီးကပ်ကပ်မမြင်ရ မတွေ့ရသူ ကျွန်တော်တို့အကျဉ်းသမားများမှာ မျက်နှာ,ကိုယ်ကာယ, ချောသည်, လှသည်, ဖြူသည်, မည်းသည်ကို ကွဲပြားစွာမမြင်ရစေကာမူ 'ဤသူကားမိန်းမ'ဟု မြင်သာရုံမျှဖြင့်ပင် ညနေတိုင်း ဝရန်တာတွင်စုရုံး၍ မျက်လုံးအစုံဖြင့် တရုန်းရုန်းလှမ်းမျှော်ကြည့်ရလေ့ရှိကြသည်။

နံနက်စောစောတွင် အိပ်ရာကထကြကာ ၆ နာရီထိုးသည်နှင့် ထောင်မှူးကြီး၊ သို့မဟုတ်-ထောင်မှူးကလေးတစ်ယောက်ဝင်လာပြီး လူစစ်လျှင် မိမိတို့ အိပ်ရာခုတင်ခြေရင်းများ၌ မတ်တတ်ရပ်ပြကြရသည်။ ညနေထောင်ပိတ်ခါနီး လူစစ်လျှင်လည်း ထို့အတူပင်တန်းစီကြရပြန်သည်။

တနလ်ာနေ့နံနက်တိုင်းပင် ထောင်ပိုင်ကြီး မစ္စတာမက်ကဘွိုင်းကိုယ်တိုင် ထောင်မှူးကြီး,ငယ်ဖြင့် ဝါဒါတို့ခြံရံကာ ဘီကလပ်ဆောင်သို့ ဝင်ရောက်စစ်ဆေးသည့်အခါ၌ ကျွန်တော်တို့အားလုံး နံပါတ်ပြား(စအုပ်)များကိုင်၍ တန်းစီနေကြရသည်။ ထောင်ပိုင်ကြီးသည် အိပ်ဆောင်သို့ဝင်လာသည်နှင့် 'ဂွတ်မောနင်း' ဟု အသံပြုလိုက်ပြီး 'အဲင်းနီးရီကွက်စ်' (ဘာ ပန်ကြားချင်သလဲ) ဟု တွင်တွင်မေးတော့သည်။ မကျေနပ်ချက်များ, ထောင်စာတွေ့ခွင့်များနှင့် အခြားလိုလားချက်များကို ဤနေရာတွင်ပြောနိုင်ပေသည်။

ထောင်ပိုင်ကြီးမစ္စတာမက်ကဘွိုင်း၏အမူအရာ အမြဲသဖြင့် ကျွန်တော်တို့၏ တောင်းပန်ခြင်း, အသနားခံခြင်းတွင် အသားယူလိုသောသဘောရှိနေသည်ကို တွေ့ရသည်။ ဘီကလပ်တွဲဖက်ဆောင်ကို အုပ်ချုပ်နေသော ထောင်မှူးကြီးဦးပန်းမောင်ကား မျက်နှာဖြူထောင်ပိုင်ကို ကျိုးနွံရှိသေသလောက်, မျက်နှာလိုမျက်နှာရလုပ်သလောက်၊ မြန်မာအမျိုးသားအချင်းချင်းဖြစ်ကြသည့် ဘီကလပ်အကျဉ်းထောင်သားများ-အထူးသဖြင့် သခင်နိုင်ငံရေးသမားများအပေါ်တွင် ဖိနှိပ်လို, အပြစ်ရှာလို, အထက်စီးနှင့် မောက်မောက်မာမာ ဆက်ဆံလိုသူတစ်ယောက်ဖြစ်ပေသည်။

သူသည် ထောင်ဥပဒေကခွင့်ပြုထားသော အခွင့်အရေးများကိုပင် အနည်းငယ်မျှဖြစ်ဖြစ် ဖြတ်တောက်ရုတ်သိမ်းပစ်ရန် ကြိုးစားခြင်း၊ ဥပဒေစည်းကမ်းထက်ပိုမို၍ တင်းတင်းကျပ်ကျပ်အုပ်ချုပ်လိုခြင်းတို့ကို ပြုလုပ်ရန် အမြဲပင်စိတ်အားထက်သန်နေသူ ဖြစ်ပေသည်။

နံနက် အိမ်ဆောင်မဖွင့်မီနှင့် ညနေ အိပ်ဆောင်မပိတ်မီ လူစာရင်းလာရောက်စစ်ဆေးစဉ် အကြောင်းမသင့်၍ သူ့ကို မတ်တတ်ရပ်မပေးမိပါက၊ သို့မဟုတ် မတ်တတ်ရပ်နေသည်မှာ သူ့အား လေးစားရိုသေသမှု မဖြစ်ဘဲချွတ်ယွင်းနေပါက ဦးပန်းမောင်သည် အကြီးအကျယ်ဒေါသဖောင်းလေ့ရှိသည်။

"ခင်ဗျားတို့ လူကြီးလူကောင်း မပီသဘူး။ ကျုပ်က ခင်ဗျားတို့ကို လူကြီးလူကောင်းလိုဆက်ဆံပေမယ့် ခင်ဗျားတို့က ကျုပ်ကို မဆက်ဆံချင်ဘူး။ ဘီကလပ်နှင့် ခင်ဗျားတို့မတန်ဘူး။ စီကလပ်မှာသွားနေဖို့ကောင်းတယ်။" စသဖြင့် ကြိမ်းမောင်းပြောဆိုလေ့ရှိပါသည်။

ဤသို့ မကျေနပ်မှုများပေါ်လာပါက ဦးပန်းမောင်သည် ထိုအတွက်လက်စားချေရန် ဆီလိုအပေါက်ရှာတော့သည်။ ထောင်ဝင်စာလာတွေ့လျှင် ခေတ္တသာခွင့်ပြုပြီး အချိန်မစေ့မီပင် 'အချိန်စေ့ပြီ' ဟုပြော၍ လာတွေ့သူများကို မောင်းထုတ်ခြင်း၊ နိုင်ငံရေးသမားများနှင့်အလွမ်းသင့်သူ စီကလပ်ထောင်ကျများကို လူလဲ

mgyoe.com

mgyoe.com SAMPLE BOOK
ပစ်ခြင်း၊ အစားအသောက်ရိက္ခာများကို ထောင်သို့သွင်းပေးနေသော ထောင်ကန်ထရိုက်တာနှင့်ပင်းပြီး အမဲသား ငါးရိက္ခာများ အပြည့်အစုံမရစေရန် ညှဉ်းခြင်း-စသည့် သူ့အာဏာစက်အောက်တွင်ရှိသော သူတတ်နိုင်သမျှ နည်းလမ်းများကိုရှာ၍ ကျွန်တော်တို့အား ဖိနှိပ်ညစ်ပတ်လေ့ရှိပေသည်။

ထောင်မှူးကြီးဦးပန်းမောင်သည် အင်္ဂလိပ်လို အလွန်ပင်ပြောချင်သူ ဖြစ်သည်။ မျက်နှာဖြူထောင်ပိုင်ကို အင်္ဂလိပ်စကားအကျိုးအပဲ့များဖြင့် သံတော်ဦးတင်လေ့ရှိသည်။ ထောင်ပိုင်မှာ ဦးပန်းမောင်ပြောသောအင်္ဂလိပ် စကားများကို ကောင်းစွာနားမလည်သဖြင့် 'ဝှတ်, ဝှတ်' နှင့် တဝှက်တည်း ဝှတ်နေသည်ကို လည်းကောင်း၊ အောင့်အည်းပြီးပြုံးနေသည်ကို လည်းကောင်း ရဲဖန်ရဲခါတွေ့ရသည်။ သခင်နု, သခင်သန်းထွန်း, သခင်လေးမောင် စသော ကျွန်တော်တို့ခေါင်းဆောင်များကိုလည်း ဦးပန်းမောင်က အင်္ဂလိပ်လိုပြောသည်။ သူက အင်္ဂလိပ်စကားအကျိုးအပဲ့များဖြင့်ပြောစေကာမူ သခင်နု, သခင်လေးမောင်တို့က အင်္ဂလိပ်လို ပြန်မပြောကြ။ မြန်မာစကားဖြင့်သာ ပြန်ကြားလေ့ရှိသည်။ ဤသည်တို့ကြောင့် ထောင်မှူးကြီးဦးပန်းမောင်ကို ကျွန်တော်တို့ အားလုံးကပင် မေတ္တာတုံး၍ ရွံမုန်းနေကြတော့သည်။

နိုင်ငံရေးတက္ကသိုလ်

ကျွန်တော် အင်းစိန်ထောင်သို့မရောက်မီကပင် အင်းစိန်ထောင်တွင် နိုင်ငံရေးသင်တန်းနှင့် အင်္ဂလိပ်စာ သင်တန်းများကို ဖွင့်လှစ်သင်ကြားရန်စီစဉ်ထားပြီးဖြစ်သဖြင့်၊ ကျွန်တော်ရောက်ရှိပြီးမကြာမီ နိုင်ငံရေးသင်တန်း များကို အစပြုသင်ကြားပို့ချလေသည်။ နိုင်ငံရေးသင်တန်းများကို လွတ်လပ်စွာသင်ကြားနိုင်သည် မဟုတ်။ ထောင်ပိုင်အား 'အင်္ဂလိပ်စာသင်တန်းဖွင့်မည်။ ခွင့်ပြုပါ။' ဟု ခွင့်တောင်း၍ သင်ကြားရခြင်း ဖြစ်သည်။

နိုင်ငံရေးသင်တန်းများကို သခင်စိုးနှင့် သခင်သန်းထွန်းတို့ ၂ ယောက်ကခေါင်းဆောင်၍ သင်ကြား သည်။ သင်ကြားပေးသောနိုင်ငံရေးသင်ခန်းစာ စာအုပ်စာတမ်းများမှာ အင်္ဂလိပ်လိုရေးသားထားသော မာ့က်စ်လီ နင်ဝါဒ, ကွန်မြူနစ်စာပေဝါဒ သဘောတရားများနှင့်လုပ်ငန်းစဉ်များ ဖြစ်သည်။ ယင်းတို့ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆို၍ သင်ကြားပေးလေသည်။

သခင်လေးမောင်နှင့် သခင်နုတို့ကလည်း တစ်ပတ်လျှင်တစ်ကြိမ် အထွေထွေနိုင်ငံရေးဗဟုသုတနှင့် ပတ်သက်၍ ဟောပြောပို့ချလေ့ရှိသည်။ ကျွန်တော်အပါအဝင် အင်္ဂလိပ်စာမတတ်သော သခင်လှိုင်, သခင်ဝိုင်း, နဂါးနီသခင်တင် စသူတို့ကို အပြင်တွင်ကျောင်းဆရာလုပ်ခဲ့ဖူးသော သခင်သန်းထွန်းနှင့် သခင်နုတို့က တစ်လှည့်စီတာဝန်ယူ၍ အင်္ဂလိပ်စာကို သင်ကြားပေးလေသည်။ အင်္ဂလိပ်စာအခြေခံရှိပြီးဖြစ်သော သခင် လှကွန်း, သခင်သန်းမြိုင်, ဝါးခယ်မသခင်မောင်မောင် စသူတို့က သခင်စိုး, သခင်သန်းထွန်း, သခင်နုတို့၏ အကူအညီဖြင့် အင်္ဂလိပ်စာတိုးတက်ကျွမ်းကျင်လာစေရန် လေ့လာကြသည်။

နိုင်ငံရေးနှင့် အင်္ဂလိပ်စာသင်တန်းများ စတင်ဖွင့်လှစ်သင်ကြားစတွင် အချိန်မှန်မှန်ဖြင့် ဆက်တိုက် မဖြစ်ခဲ့ပေ။ ပြတ်တောင်းပြတ်တောင်း ဖြစ်ခဲ့ရပေသည်။ ဤသို့ဖြစ်ရသည့်အကြောင်းမှာ ထောင်မှူးကြီးဦးပန်း မောင်က အနှောင့်အယှက်ပေးနေသောကြောင့်ပင် ဖြစ်၏။ ဦးပန်းမောင်သည် ကျွန်တော်တို့တစ်တွေ နိုင်ငံရေး သင်တန်းများပေးနေခြင်းကို ရိပ်စားမိလာသောအခါ နိုင်ငံရေးသင်တန်းများမပေးနိုင်အောင် အမျိုးမျိုးအနှောင့် အယှက် ပေးလာခဲ့တော့၏။ သို့ကြောင့်- နိုင်ငံရေးသင်တန်းများကိုပြုလုပ်ရာ၌ ထောင်မှူးကြီးနှင့် သတင်းပေး မည့်ဝါဒါများ၏အရိပ်အခြည်ကို အကဲခတ်၍ အလစ်တွင်သာပြုလုပ်ခဲ့ကြရပေသည်။

နိုင်ငံရေးသင်တန်းများကို ရပ်နားပစ်ရလောက်အောင် ပြတ်တောင်းပြတ်တောင်းအဖြစ်ဆုံးသော အရေး ကိစ္စများကား ထောင်မှူးကြီးဦးပန်းမောင်၏ ဖိနှိပ်မှု, ညစ်ပတ်မှုများအပေါ် မခံမရပ်နိုင်သဖြင့် ထ၍ထ၍ပြုလုပ် ရသော ထောင်တွင်းတိုက်ပွဲများပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထောင်တွင်းတိုက်ပွဲ

ကျွန်တော် ဘီကလပ်ဆောင်ကလေးသို့ရောက်ပြီး မကြာမီမှာပင် ထောင်တွင်းတိုက်ပွဲတစ်ခု ပေါ်လာပါသည်။ အရှင်ဦးအာစရအား ထောင်မှလွှတ်ရေးနှင့်ပတ်သက်၍ ပေါ်လာရသောတိုက်ပွဲ ဖြစ်သည်။

အရှင်ဦးအာစရသည် လွန်ခဲ့သောတစ်နှစ်ခန့်ကပင် ပုဒ်မ ၁၂၄(က) အစိုးရအကြည်ညိုပျက်စေမှုအရ စီကလပ်အဆင့်ဖြင့် အလုပ်ကြမ်းနှင့် ထောင် ၁ နှစ် အကျခံရသည်။ အင်းစိန်ထောင်ကြီးသို့ ရောက်သည့်အချိန်မှစပြီး ဘီကလပ်အဆင့်အတန်း မပေးသဖြင့် ဦးအာစရသည် ဆွမ်းဘဉ်းမပေးတော့ဘဲ အစာငတ်ခံဆန္ဒပြခဲ့သည်။ အစာငတ်ခံ၍ ၆ရက်လွန်သောအခါ ထောင်အာဏာပိုင်များက ဦးအာစရအား နှာခေါင်းကပြွန်သွင်း၍ အစာကို အတင်းသွင်း[1]ကြတော့၏။ ဦးအာစရသည် အစာအတင်းသွင်းသည်ကို မသွင်းနိုင်အောင် အနှောင့်အယှက် အမျိုးမျိုး ပေးသော်လည်း ၆ ရက်တိုင် အစာငတ်ခံထားခြင်းကြောင့် အင်အားကုန်ခန်းနေပြီဖြစ်၍ မည်သို့မျှ မတတ်နိုင်ဘဲ ငြိမ်၍အစာသွင်းခံရတော့သည်။

ဤနည်းဖြင့် ဘီကလပ်အဆင့်အတန်းမရဘဲ နေ့စဉ် အစာကို နှာခေါင်းမှ ပြွန်နှင့်သွင်းသည့်နည်းဖြင့်သာ ဦးအာစရသည် စီကလပ်အဆင့်တွင် ၆ လကျော်ကျော် ဒုက္ခခံနေခဲ့ရပေသည်။ ထိုသို့ ထောင်အာဏာပိုင်များက ညှဉ်းပန်းနေသည်ကို အပြင်သို့သတင်းပေါက်ကြားပြီး သတင်းစာများတွင်ပါလာသဖြင့်၊ ဥပဒေပြုလွှတ်တော်အစည်းအဝေးတွင် ဥပဒေပြုလွှတ်တော်အမတ်များဖြစ်ကြသော သခင်မြ(သာယာဝတီ), သခင်အုံကြီး(ပခုက္ကူ), သခင်လှတင်(ဟသ်ာတ)တို့က အစိုးရအားမေးခွန်းထုတ်၍ တောင်းဆိုသည့်အခါမှ ဦးအာစရကို ဘီကလပ်အဆင့်အတန်းကိုပေးပြီး၊ ဘီကလပ်ထောင်ကလေးသို့ ပြောင်းပေးခဲ့သည်။

ယခု လွှတ်ရက်စေ့၍ 'အရှင်ဦးအာစရကို ထောင်ကလွှတ်တော့မည်'ဟု ထောင်မှူးရုံးက လာအကြောင်းကြားသောအခါ ဦးအာစရက 'သူ့ကိုလွှတ်ပါက ထောင်ဘူးဝ အဝင်,အထွက်တံခါးပေါက်မှ မထွက်နိုင်။ ထောင်ဘူးဝတံခါးမကြီးက ထွက်ခွင့်ရမှသာ ထောင်ကထွက်နိုင်မည်။'-ဟု အကြောင်းပြန်ကြားလိုက်သည်။ ယင်းကစ၍ ဤထောင်တွင်းတိုက်ပွဲပေါ်လာရခြင်း ဖြစ်ပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ သခင်လေးမောင်, သခင်နုတို့က ဦးအာစရအား ''ကိုယ်တော်။ ဘူးဝတံခါးပေါက်ကလေးကပဲဖြစ်ဖြစ်, ဘူးဝတံခါးမကြီးကပဲဖြစ်ဖြစ် လွှတ်တဲ့အခါ အပြင်ရောက်တာ လိုရင်းပဲမဟုတ်လား။ သူတို့လွှတ်ချင်တဲ့အပေါက်ကလွှတ် လွှတ်ရင်ပြီးတာပဲ။ အရှင်ဘုရား ထောင်ထဲဝင်လာတုန်းကလည်း ဒီအပေါက်ကပဲမဟုတ်လား။''-ဟု လျှောက်ထားသည်။

ဦးအာစရက ''ဝင်တုန်းက ဒီဘူးပေါက်ကလေးထဲကဝင်ခဲ့တာ မှန်တယ်။ အဲဒီတုန်းက ဦးပဉ္စင်းဒီဘူးပေါက်ကလေးရဲ့ အကြောင်းဇာစ်မြစ်ကိုမသိလို့ ဝင်ခဲ့တာ။ခု ဒီဘူးပေါက်ကလေးရဲ့အကြောင်းကို သိပြီးဖြစ်တော့ ကျုပ်လို ဘုရားသားတော်တစ်ပါးဟာ ဒီညစ်ညမ်းတဲ့အပေါက်က မထွက်နိုင်ဘူး။ ဘူးဝတံခါးမကြီးကပဲ ဖွင့်လွှတ်မှထွက်မယ်။''

ဦးအာစရ၏အကြောင်းပြချက်မှာ ခိုင်လုံသလိုဖြစ်နေပေသည်။ အကြောင်းမူ ထောင်ဘူးဝတွင် 'ရင်ကွဲတံခါးမကြီး'နှင့် တံခါးရွက်တစ်ခုတွင်ဖောက်ထားသော 'မလွယ်ပေါက်တံခါးကလေး'-ဟူ၍ တံခါး ၂ခု ရှိပေသည်။ ထောင်မှူး, ထောင်ပိုင်မှအစ အားလုံးသောထောင်အရာရှိများ ထောင်တွင်းသို့ဝင်ကြလျှင် ရင်ကွဲတံခါးမကြီးကိုဖွင့်၍ဝင်ကြပြီး၊ ထောင်ကျသားများ မလွယ်ပေါက်ဘူးဝတံခါးကလေးက ဝင်ရထွက်ရလေ့ရှိပေသည်။

ထောင်ကို စတင်ဆောက်စဉ်ကပင် ထိုဘူးတံခါးကလေးက ဝင်လေသမျှသူတို့အား ဘုန်းတန်ခိုးအရှိန်အစော်နှင့် ကာယသိဒ္ဓိ ကိုယ်ခံအစရှိသည်တို့ ယုတ်ညံ့လျက် အသရေနိမ့်ကျသွားစေရန် မီးနေထဘီများနှင့် အခြားညစ်ညမ်းသောအစီအမံများဖြင့် စီရင်ထားသည်ဟု ဤဘူးတံခါးကလေးအကြောင်း ထောင်ထဲရောက်မှ

၁။ Force feeding

mgyoe.com SAMPLE BOOK
ကြားသိရသည်။ ထို့ပြင် ဘူးဝတ်ခါးကလေးမှာ ခပ်နိမ့်နိမ့်ဖောက်ထားသဖြင့် အတွင်းသို့ဝင်သည်ဖြစ်စေ, အပြင်သို့ထွက်သည်ဖြစ်စေ ခေါင်းမငုံ့ဘဲနှင့် ဝင်မရ။ ငုံ့ဝင်,ငုံ့ထွက်ကြရသည်ချည်း။ ဤသို့ ငုံ့ဝင်,ငုံ့ထွက်အောင် ပြုလုပ်ခြင်းသည်ပင် 'ထောင်အာဏာပိုင်များသာမက အင်္ဂလိပ်အစိုးရအား ရိုသေလေးစားပါ၏'ဟု ခေါင်းငုံ့အညံ့ခံရာကျအောင် တမင်ရည်ရွယ်၍ ပြုလုပ်ထားခြင်းဖြစ်သည်ဟုလည်း ကျွန်တော်တို့ ကြားသိခဲ့ပြီးဖြစ်လေသည်။ ဤသည်တို့သည် တကယ်အမှန် ဟုတ်-မဟုတ် အတိအကျမသိသော်လည်း အရှင်ဦးအာစရကမူ ခိုင်ခိုင်မြဲမြဲယုံကြည်နေပေသည်။

အထက်ပါအကြောင်း ၂ ချက်ကိုပြ၍ ဦးအာစရက 'ဘူးဝတ်ခါးပေါက်ကလေးမှ မိမိကိုလွှတ်ပါက မထွက်။ ဘူးဝတ်ခါးမကြီးကို ဖွင့်လွှတ်မှသာ ထွက်မည်။'ဟု တောင်းဆိုနေခြင်းပင် ဖြစ်ပေသည်။ ကျွန်တော်တို့က သူ့အကြောင်းပြချက်ကို ယုံသည်-မယုံသည်အပထား၊ ဦးအာစရမှာကား သူ့ယုံကြည်ချက်နှင့်သူ ဖြစ်နေသဖြင့် သခင်လေးမောင်, သခင်နုတို့ကလည်း 'ဘူးဝတ်ခါးပေါက်ဝကလေးကပဲ ထွက်တော်မူပါ။'-ဟု ထပ်မံ၍မတိုက်တွန်းကြတော့ချေ။

အရှင်ဦးအာစရအား လွှတ်ပေးရမည့်အချိန်နာရီသို့ ကျရောက်လာသောအခါ ဦးအာစရကို ဝါဒါတစ်ယောက်က လာခေါ်သည်။ ဦးအာစရက 'သူ့တောင်းဆိုချက်အတိုင်း မထွက်ရပါက မထွက်' ဟု ပြောလွှတ်လိုက်သည်။ ထောင်ပိတ်ခါနီးတွင် တစ်ခါလာခေါ်ပြန်သည်။ ဦးအာစရအား သဘောထားမပြောင်း။ ဤသို့ဖြင့် ထောင်မှလွှတ်လျက်ဖြင့် မထွက်သေးသောဦးအာစရကို ထောင်ထဲမှာပင် ဆက်ထားရပြီး ထောင်တံခါးပိတ်သွားတော့သည်။

'ထောင်မှူး,ထောင်ပိုင်'ဆိုသည်မှာ အပြစ်မရှိသူ သာမန်လူတစ်ယောက်ကို ထောင်လည်းမချနိုင်၊ ထောင်ပြစ်ဒဏ်က ရက်စေ့၍ လွှတ်ရမည့်သူကိုလည်း ရက်ပို၍ ချုပ်နှောင်ထားနိုင်သောအခွင့်အာဏာ မရှိ။ လွှတ်ရမည့်ရက်တွင် မလွှတ်ဘဲဆက်လက်ချုပ်နှောင်ထားပါက တရားမဝင်သော မတရားချုပ်နှောင်မှုအဖြစ် ထောင်ပိုင်, ထောင်မှူးများအား တရားစွဲဆိုနိုင်ပေသည်။ ယခု ဦးအာစရ၏ 'ဘူးဝတ်ခါးကလေးမှ မထွက်နိုင်' ဟု ငြင်းဆန်နေခြင်းကို ထောင်မှူးကြီးဦးပန်းမောင်အနေဖြင့် ဆိုင်ရာထောင်ပိုင်မှတစ်ဆင့် ထောင်မင်းကြီးရုံးသို့ပင် တိုင်ကြားပြီးဖြစ်ပေမည်။

ဦးအာစရသည် 'ဘူးတံခါးမကြီးမှမထွက်ရလျှင် ထောင်မှမထွက်' ဟု တင်းခံနေပြီး ထောင်မှူး, ထောင်ပိုင်များကလည်း 'ဘူးတံခါးမကြီးမှ မလွှတ်နိုင်' ဟု ငြင်းနေ၏။ ဤပြဿနာသည် ဘယ်သို့အဖြေပေါ်လာမည် မသိပါ။

တစ်နေ့ကူး၍ နောက်တစ်နေ့ညသို့ ရောက်ခဲ့ပြန်ပြီ။ အိပ်ဆောင်များပိတ်ပြီး ည၌ ၈ နာရီလောက် ရောက်လာသည်တွင် ကျွန်တော်တို့အိပ်ဆောင်အရှေ့ဘက်လမ်းကလေးအတိုင်း ငွေးနီ (ကုလားဝါဒများ၏အကြီးအမှူး) ကုလားကြီးနှင့် အခြားဝါဒါတစ်ယောက် လက်ဆွဲမီးအိမ်ကိုယ်စီဖြင့် တိုက်တန်းဘက်သို့ စကားသံမပြုဘဲ ထွက်သွားသည်ကို တွေ့လိုက်ရသည်။ အခါတိုင်းလိုပင် အစောင့်ဝါဒါများအား လိုက်လံစစ်ဆေးနေခြင်းပင်ဟု ထင်လိုက်ကြ၏။

အတန်ကြာသောအခါ အရှင်ဦးအာစရနေသော တိုက်တန်းဘက်က ဆူဆူညံညံအသံအချို့ ကြားလိုက်ရသည်။

''ဟေ့- ရဲဘော်တို့, တို့ဗမာသခင်တို့။ ဟော့ဒီမှာဟေ့- ငါ့ကို ခွေးဆွဲသလို လာဆွဲနေကြတယ်ဟေ့။''

စူးစူးဝါးဝါးအော်လိုက်သံကို ကျွန်တော်တို့ကြားလိုက်ရသဖြင့် ကျွန်တော်တို့အားလုံး အိပ်ဆောင်အရှေ့ဘက်သံတံခါးပေါက်များသို့ စုပြုံကပ်သွားကြပြီး သံတိုင်များကိုကိုင်၍ အသံလာရာသို့ ကြည့်လိုက်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK
တိုက်တန်းဘက်တွင် အော်သံဟစ်သံများနှင့်အတူ ဝရန်းသုန်းကားထွက်လာသော လူတစ်အုပ်ကို တွေ့ရသည်။ သူတို့အထဲတွင် ယူနီဖောင်းအဖြူဝတ်ထားသောဦးပန်းမောင်နှင့် ဝါဒါကုလား ၁၅ ယောက်ခန့်ရှိမည်။ ဝါဒါကုလား၏ပခုံးပေါ်တွင် သင်္ကန်းဖိုးရိုးဖားရားနှင့် တွန့်လိမ်ရုန်းကန်လှုပ်ရှားနေသောဦးအာစရကို တွေ့ရသည်။

"ဟေ့- ပန်းမောင်။ မင်းတို့ ခိုးကြောင်ခိုးဝှက်နှင့် မလုပ်နဲ့ကွ။ တံခါးပေါက်ကလေးက မထုတ်နဲ့။ ငါ မထွက်ဘူးကွ။"

ဦးအာစရ၏ ဗလုံးဗထွေးအော်ဟစ်သံများသည် ကျွန်တော်တို့ထံ ရောက်လာသည်။

"ဟေ့- တို့ဗမာသခင်တို့။ ငါ့ကို တိတ်တိတ်သတ်ပစ်မလို့။ ဟေ့- ငါမလိုက်ဘူးကွ။"

ဆက်လက်အော်သံကြားရသဖြင့် ကျွန်တော်တို့ကလည်း "ဟေ့-ပန်းမောင်။ ဦးအာစရကို လွှတ်လွှတ်။ ခိုးကြောင်ခိုးဝှက် ညကြီးမှာ ဘာဖြစ်လို့လာခေါ်ရတာလဲ။"-ဟု အော်သူကအော်၊ "ဟေ့- မတရားမလုပ်နဲ့။ နေ့ခင်းဘက်မှ လွှတ်ပါလား။"-ဟု ဟစ်သူကဟစ်၍ ကျွန်တော်တို့လိုလူငယ်များက အုတ်နံရံက အင်္ကီတေပဲ့များကိုခွာကာ ဝါဒါအုပ်ထဲသို့ သံတိုင်ပေါက်က လက်ထုတ်ပြီး လှမ်းပေါက်သူကပေါက်နှင့် ဆူညံနေကြတော့သည်။

တစ်ယောက်က "သခင်မျိုးဟေ့"ဟု တိုင်လိုက်ရာ "တို့ဗမာ" ဟု ဝိုင်းအော်ကြသည်။ 'ပန်းမောင် ပန်းမောင်', 'အို့ အို့'၊ 'မီးတုတ် မီးတုတ်၊ ရှို့ ရှို့' ဟူသော ကြွေးကြော်သံများကို သံကုန်ဟစ်ကြသည်။ ဦးအာစရလည်း ဝါဒါများ၏ပခုံးထက်တွင် ရုန်းကန်အော်ဟစ်ရင်းဖြင့်ပင် ဘူးပေါက်သို့ ရောက်သွားသည်။ ဝါဒါတစ်ယောက်က ဘူးဝတံခါးပေါက်ကလေးကိုဖွင့်ပေး၍ ဦးအာစရအား ထိုတံခါးပေါက်ကလေးကပင် အတင်းထိုးသွင်းသည်ကို ဝါဒါ ၂ ယောက်က ကိုင်မြှောက်ပြနေသော လက်ဆွဲမှန်အိမ်မီးရောင်အောက်တွင် မြင်လိုက်ရသည်။ ဦးအာစရသည် တံခါးပေါက်ထဲအဝင်တွင် အသံကုန် တစ်အားဟစ်လိုက်သံကို မသဲမကွဲကြားလိုက်ရသည်။

ကျွန်တော်တို့သည် 'တို့ဗမာ' ကြွေးကြော်သံများကို ဆက်အော်နေကြသည်။ 'ပန်းမောင် ပန်းမောင်', 'အို့ အို့' ဟူ၍လည်း အော်နေကြသည်။ ရေထည့်သောသံစည်ပုံးများကိုလည်း ရေများသွန်ပစ်ကာ ဆူညံအောင်တီးကြသည်။ ကျွန်တော်တို့၏ကြွေးကြော်သံများနှင့် သံပုံးတီးသံများကို အင်းစိန်ရွာမကပင် ကြားရမည်ထင်သည်။ တစ်နာရီနီးပါး နားလိုက်အော်လိုက်လုပ်နေကြပြီး၊ နောက်ဆုံးတွင် ခေါင်းဆောင်များက ရပ်နားလိုက်ကြရန်ပြောသဖြင့် မောမောဖြင့်နားနေလိုက်ကြသည်။ ဆက်၍လည်း မအော်နိုင်ကြတော့။ အသံတွေလည်း ဝင်ကုန်ကြပြီဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့ သခင်နိုင်ငံရေးသမားများနေသော အိပ်ဆောင်ကို လူလာစစ်သွားပြီးနောက် အိပ်ဆောင်ဖွင့်ချိန်တွင် လာရောက်ဖွင့်မပေးတော့ပေ။ မနေ့ညက ဦးအာစရကို အတင်းချုပ်နှောင်၍ ထောင်တွင်းက ထုတ်သွားသည့်ကိစ္စအတွက် ကျွန်တော်တို့ဆူပူဆန္ဒပြခြင်းကို တုံ့ပြန်အပြစ်ပေးလိုက်သော ဦးပန်းမောင်၏လက်ရာပင် ဖြစ်ပေမည်။ ကျွန်တော်တို့သည် မနေ့ညက အော်ဟစ်ခဲ့သော ကြွေးကြော်သံအစားအခြားကြွေးကြော်သံအသစ်ကို ပြောင်းလဲအော်ကြရတော့သည်။

"အိပ်ထောင် အိပ်ထောင်၊ ဖွင့် ဖွင့်။"

မပြောင်းလဲသောကြွေးကြော်သံကား 'သခင်မျိုးဟေ့ တို့ဗမာ' နှင့် 'ပန်းမောင် ပန်းမောင်', 'အို့ အို့' ဖြစ်သည်။ ရေကန်သို့ မျက်နှာပင် ထွက်မသစ်ကြရ။ ကြာကြာအော်နိုင်ရန် လူလဲဖြင့် ကြွေးကြော်သံများဆက်လက်အော်နေကြသည်။ သံပုံးများလည်း တီးကြသေးသည်။ ၈ နာရီလောက်တွင် ငွေးနီနှင့် ဝါဒါ ၂ ယောက်ရောက်လာကာ အိပ်ဆောင်တံခါးကိုဖွင့်၍ ထမင်းချက်အလှည့်ကျသူများကိုသာ ခေါ်ထုတ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးလျှင် တံခါးပြန်ပိတ်သွားပြန်သည်။ ကျွန်တော်တို့လည်း မအော်နိုင်ကြတော့သဖြင့် အအော်ရပ်ထားလိုက်ကြပြီး နားနေလိုက်ကြသည်။

ခေါင်းဆောင်များဖြစ်သော သခင်လေးမောင်, သခင်နု, သခင်စိုး, သခင်သန်းထွန်းတို့က ဤသို့ အိပ်ဆောင်ပိတ်ထားသည်ကို မည်သို့လုပ်ကြမည်နည်းဟု တိုင်ပင်ကြသည်။ ခေါင်းဆောင်များသည် ထောင်မှူးကြီးထံက ဘာကြောင့် အိပ်ဆောင်ပိတ်သည်ကိုမသိရဘဲနှင့် တစ်ခုခုလုပ်ရန် ကြိုတင်ဆုံးဖြတ်၍မဖြစ်ဟု သဘောရကြသဖြင့်၊ ဘာလုပ်မည်ဟု မဆုံးဖြတ်သေးဘဲ အခြေအနေစောင့်ကြည့်ရန် သဘောတူကြသည်။ နေ့လယ်ထမင်းစားတော့လည်း ခါတိုင်းလို ထမင်းချက်ရုံရှိ ထမင်းစားခန်းတွင် သွားမစားရတော့ပါ။ ထောင်ကျစီကလပ်အကျဉ်းသားများက မီးဖိုမှထမင်း,ဟင်းများကို ယူလာပြီးပေးသဖြင့် ပိတ်ထားသောအိပ်ဆောင်ထဲမှာသာ စားကြရသည်။

နေ့လယ် ၁ နာရီလောက်တွင် ထောင်မှူးကြီးရုံးက စာရေးတစ်ယောက် စာရွက်တစ်ရွက်လာဖတ်ပြ သည်။ 'မနေ့ညက ကြွေးကြော်ဆန္ဒပြခြင်းကြောင့် ထောင်ပိုင်ကြီး၏အမိန့်အရ ကျွန်တော်တို့အိပ်ဆောင်ရှိ လူအားလုံးအား ၂ ရက် အိပ်ဆောင်ပိတ်၍ထားရန် အပြစ်ပေးလိုက်သည်။ နောင် ဤသို့ကြွေးကြော်အော်ဟစ်ပါက ဤသို့အပြစ်ပေးမည်။ ညက ကြွေးကြော်အော်ဟစ်ရာတွင် မပါသူများရှိပါက 'မပါဝင်ခဲ့ပါ' ဟုပြောလျှင် လွတ်လပ်စွာနေခွင့်ပြုမည်။'-ဟူသောအမိန့်စာပင် ဖြစ်သည်။ ကျွန်တော်တို့နှင့် အတူတကွနေသော အိပ်ဆောင်တွင်းရှိ ရာဇဝတ်မှုဖြင့်ထောင်ကျနေသူများက 'ကြွေးကြော်ရာတွင် သူတို့မပါဝင်ကြောင်း' ဖြေရှင်းပြသဖြင့် ပိတ်ထားသောအိပ်ဆောင်မှ ထွက်ခွင့်ပေးလိုက်သည်။

ခေါင်းဆောင်များက ထောင်ပိုင်ပေးလိုက်သောအပြစ်ဒဏ်မှာ ၂ ရက်မျှသာဖြစ်၍ ကြွေးကြော်သံများ ဆက်မအော်ဘဲ အပြစ်ခံလိုက်ကြရန်သဘောရကြသဖြင့် ကျွန်တော်တို့လည်း ကြွေးကြော်သံ ဆက်မအော်ကြတော့ပါ။ ၂ ရက်စေ့သောနေ့တွင် ခါတိုင်းလိုပင် အိပ်ဆောင်ကို ဖွင့်ပေးလေသည်။ ထိုကိစ္စပြီးသွားသည်မှစ၍ ထောင်မှူးကြီးဦးပန်းမောင်နှင့် ကျွန်တော်တို့နိုင်ငံရေးသမားများမှာ တစ်ဖက်နှင့်တစ်ဖက် နိုင်ရာကိုင်ကြရန် သဲကြီးမဲကြီးကြိုးစားကြသည်။ အပြန်အလှန် တစ်ဖက်နှင့်တစ်ဖက် ချွတ်ယွင်းချက်များကိုလည်း ရှာကြသည်။

ကျွန်တော်တို့အတွက် ထမင်း,ဟင်းချက်ရန် ကနစိုထင်းခွဲခြမ်းများကို ပေါင်ချိန်နှင့် ပေးသွင်းလေ့ရှိသည်။ ယခင်ကဆိုလျှင် ကျွန်တော်တို့သည် ထင်းများကို ဂရုတစိုက်ဖြင့် ပေါင်ချိန်မှန်-မမှန်စစ်ဆေး၍ လက်ခံခြင်းမပြု။ ယခုမူ ခါတိုင်းလိုလက်ခံပြီးသည်နှင့် ထောင်စာရေးနှင့်အတူ ပေါင်ချိန်ကို ရုတ်တရက်စစ်ဆေးကြသည်။ ပေါင်ချိန်အတော်များများ လျော့နေသည်။ ဤသို့ ပေါင်ချိန်လျော့သည်မှာ ကန်ထရိုက်နှင့် ထောင်မှူးကြီး ပင်း၍စားခြင်းဖြစ်သည်ဟု ထောင်ပိုင်ကိုတိုင်သည်။ ပေးသွင်းသောရိက္ခာများနှင့်ပတ်သက်၍ ချွတ်ယွင်းချက်အမျိုးမျိုးလည်းရှာကာ အပြစ်ပြု၍ ထောင်ပိုင်ကိုတိုင်သည်။

ဦးပန်းမောင်ကလည်း သူနိုင်သောကိစ္စများတွင် ကျွန်တော်တို့ကို မလွတ်တမ်းဖိနှိပ်နေတော့သည်။ ဤသို့လုပ်ရာတွင် ကျွန်တော်တို့က အနိုင်ရလိုက်သည်ကား မရှိ။ ထောင်မှူးကြီးဦးပန်းမောင်ဖိသမျှကို သာကျွန်တော်တို့မှာ ပို၍ပို၍ခံလာရတော့သည်။ ဤသို့ခံလာရလေ ကျွန်တော်တို့သည် ဦးပန်းမောင်အား မကြည့်ချင်လောက်အောင် မုန်းတီးရွံရှာလေဖြစ်ကြရသည်။

ဤသို့အပြန်အလှန်ဖြစ်နေကြသဖြင့် ကျွန်တော်တို့၏နိုင်ငံရေးသင်တန်းများနှင့် အင်္ဂလိပ်စာသင်ကြားရေးမှာ အချိန်မမှန်တော့ပေ။ အင်္ဂလိပ်စာသင်တန်းမှာ သိသာစွာမထိခိုက်လှသော်လည်း နိုင်ငံရေးသင်တန်းများမှာမူ ပြတ်တောင်းပြတ်တောင်းဖြစ်နေပေတော့သည်။

ကျွန်တော် အင်းစိန်ထောင်သို့ရောက်ရှိပြီး ဤသို့ဆူရင်းပူရင်းဖြင့်ပင် တစ်လကျော်ကျော် ကြာခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အကြံပိုင်သောငခွေး

တနင်္ဂနွေနေ့ ညတစ်ည ဖြစ်သည်၊ အိပ်ဆောင်အလယ်မှာချိတ်ဆွဲထားသော အောက်လင်းဓာတ်မီး အောက်တွင် စာဖတ်သူက ဖတ်၊ စာကျက်သူက စာကျက်၊ ကျားထိုးသူက ထိုးနေကြသည်။ အိပ်ဆောင် အလယ်မကျတကျတွင်ရှိသော ခုတင် ၃ လုံးနှင့် ကုလားထိုင်များတွင် သခင်နု, သခင်စိုး, သခင်သန်းထွန်း, သခင်လေးမောင်, ကျွန်တော်တို့ခေါင်းဆောင်များနှင့် ဦးဘွန်စွမ်တို့သည် လက်ဖက်ရည်ကြမ်းသောက်ရင်း တကျိတ်ကျိတ်နှင့် စကားပြောနေကြသည်။ တစ်ခါတစ်ခါ ရယ်မောနေကြသည်ကိုလည်း တွေ့ရသည်။

"ဒီမှာ အကြံပိုင်သောငခွေးပါဗျ။ ဟဲ ဟဲ" ဟုပြောရင်း၊ သူ၏ကော့ထားသောလက်မဖြင့် သူ့ကိုယ် သူညွှန်၍ ဦးဘွန်စွမ်က ပြနေသည်။ မျက်စိများမှာပိတ်သွားပြီး နီရဲနေသောနှာခေါင်းဘေး ၂ ဖက်ရှိ ပါးမို့များ ကားထွက်သွားအောင်ပင် ဦးဘွန်စွမ်က အားရပါးရရယ်နေသည်။

သခင်နုက "ဟုတ်တယ်ဗျို့။ ဒီနာမည်ဟာ သိပ်ကောင်းသိပ်လိုက်တယ်။"-ဟု ရယ်၍ပြောလိုက်သည်။

"ဒီနေ့ကစပြီး ဦးဘွန်စွမ်ကို 'အကြံပိုင်သောငခွေး' လို့ခေါ်ကြရမယ်ဗျို့။ ဟဲ ဟဲ"

သခင်စိုးက အမည်တပ်လိုက်ပြန်သည်။ သခင်လေးမောင်နှင့် သခင်သန်းထွန်းတို့ကပါ ဝိုင်းရယ်ကြသည်။

နောက်တစ်နေ့နံနက် ၈ နာရီတွင် ဘူးအပေါ်ဆုံးအထပ်မှ စန္ဒရီ၏အလေးပြုသံကြားရသည်နှင့် 'ထောင်ပိုင်ကြီးမစ္စတာမက်ကဘွိုင်း ထောင်ထဲသို့ရောက်လာပြီ'-ဟု သိလိုက်ရသည်။

ကျွန်တော်တို့အိပ်ဆောင်အဝင် ဘယ်ဘက်ထိပ်ဆုံးခုတင်တွင် ဦးဘွန်စွမ်က ရပ်နေသည်။ ၄င်း၏မျက်နှာချင်းဆိုင်တွင် သခင်နု, သခင်စိုး, သခင်သန်းထွန်းတို့ တန်းစီ၍ရှိကြသည်။ သခင်လေးမောင်, သခင်လှိုင်တို့က ဘယ်ဘက်ခုတင်များတွင် ဦးဘွန်စွမ်နှင့်အတူ ယှဉ်၍ရပ်နေကြ၏။ ထောင်ပိုင်နှင့်အဖွဲ့ အိပ်ဆောင်နားရောက်လာပြီဖြစ်၍ ကျွန်တော်တို့အားလုံးပင် နံပါတ်ကြီး (စာအုပ်ငယ်)များကို လက်တွင်ကိုင်၍ဖြန့်ထားကြရသည်။

ထောင်ပိုင်ကြီးမက်ကဘွိုင်းသည် အိပ်ဆောင်ထဲသို့ ချက်ချင်းဝင်မလာသေးဘဲ အိပ်ဆောင်အဝလမ်းပေါ်တွင်ရပ်ပြီး ၄င်းလက်တွင်ကိုင်လာသော ကြိမ်တုတ်တိုကလေးဖြင့် ဟိုဘက်သည်ဘက်ထိုးပြကာ နောက်က ပါလာသောဦးပန်းမောင်နှင့် အင်းစိန်ထောင်ကြီး၏ ထောင်မှူးကြီးဦးဘတင်တို့ကို စကားပြောနေသည်။ အတန်ကြာမှ အိပ်ဆောင်ပေါ် တက်လာသည်။ ရှေ့ဆုံးက ဝါဒါ ၂ ယောက်မှာ နံပါတ်တုတ်များကိုထမ်းကာ ယှဉ်တွဲ၍ဝင်လာသည်။ သူတို့နောက်ကမှ ထောင်ပိုင်ကြီးမက်ကဘွိုင်း၊ သူ့နောက်တွင်ကား ထောင်ဆရာဝန်နှင့် အခြားထောင်မှူး ကြီး,ငယ်များ၊ ဂွေးနီနှင့်ဝါဒါများ လိုက်ပါလာကြသည်။

အိပ်ဆောင်အဝမှရပ်နေသော ဘီကလပ်ဆောင်ကျဘာယာက "ထောင်ပိုင်ကြီး လာပြီ" ဟု အော်လိုက်သည်။

"ကောင်းသောနံနက်ခင်းပါ" ဟုပြောပြီး ထောင်ပိုင်ကြီးသည် ဦးဘွန်စွမ်နှင့်သခင်နုတို့ ၂ ယောက် အကြားတွင် ရပ်လိုက်သည်။ သခင်နုကိုအရင်ကြည့်ပြီး ပြုံးလိုက်သည်။ "နေကောင်းရဲ့လား။ ဘာများပြောစရာရှိသလဲ။"-ဟု မေးသည်။ သခင်နုကလည်းပြုံး၍ "ဘာမှပြောစရာမရှိပါ။ နေကောင်းပါတယ်။"-ဟု ပြန်ဖြေသည်။

ထောင်ပိုင်သည် သခင်နုခုတင်ပေါ်က စောင်, ခြင်ထောင်များ၊ အိပ်ရာခင်းများ နေထားတကျ ရှိ-မရှိ မျက်စိဝှေ့၍ကြည့်လိုက်ပြီး ဦးဘွန်စွမ်ဘက်လှည့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာများပြောစရာ ရှိပါသလဲ။"-ဟု မေးလိုက်ပြန်သည်။ ဦးဘွန်စွမ်ခုတင်ပေါ်တွင် ဖရိုဖရဲခေါက်၍ တင်ထားသည့် ခြင်ထောင်နှင့်စောင်ကို မြင်လိုက်ရသောအခါတွင် မျက်ပေါက်ကိုကျဉ်း၍ နှာခေါင်းရှုံ့သွားသည်။ ပါးစပ်က ဘာမျှမပြော။ သူ့လက်ကကိုင်ထားသောကြိမ်တုတ်တိုဖြင့် ဖရိုဖရဲဖြစ်နေသောစောင်ကို ထိုးကော်လိုက်ပြီး-

"လူကြီးလူကောင်းခင်ဗျား။ စောင်ကို ကောင်းစွာခေါက်" ဆိုသည်တွင် စကားရပ်သွားပြီး၊ "ဒါက ဘာလဲ။" ဟူသောအသံက မြင့်တက်သွားသည်။ 'ဘာများမြင်သွားပါလိမ့်'ဟု စူးစမ်းလိုသည့်ကျွန်တော်တို့၏ မျက်စိများသည် ထောင်ပိုင်ကြီး၏အပြုအမူကို စုံပြုံကြည့်လိုက်ကြသည်။

ထောင်ပိုင်သည် ဦးဘွန်စွမ်၏ခုတင်ပေါ်က ပုလင်းတစ်လုံးကို ကုန်း၍ကောက်ယူလိုက်သည်။ ထောင်ပိုင်၏ မျက်နှာမှာ တစ်မုဟုတ်ချင်း အပြုံးများကွယ်ပျောက်ကာ ပင်ကိုကမျက်နှာနီပြေပြေမှာ ယန်းဆီရောင်သို့ ပြောင်းသွားသည်။ ကျွန်တော့်ဘေးက နဂါးနီသခင်တင်က "ဟ- ဂျော်နီဝါကားဝီစကီပုလင်းပါလား။ အဘိုးကြီးတော့ ကျောက်ပဲ။"-ဟု တိုးတိုးပြောလိုက်သံကြားရသည်။

"ခင်ဗျား ဒီအရက်ပုလင်း ဘယ်ကရသလဲ၊ ဒါ ခင်ဗျားပစ္စည်းမဟုတ်လား။"-ဟု ထောင်ပိုင်က ဦးဘွန်စွမ်ကို ခပ်ကျယ်ကျယ်မေးလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော့်ပစ္စည်းပါ။ ဘယ်ကရတယ်ဆိုတာကိုတော့ ဒီနေရာမှာ မပြောနိုင်ပါ။ ထောင်ပိုင်ကြီးနဲ့ ၂ ယောက်တည်းတွေ့ရင် ပြောပြပါမယ်။"-ဟု ဦးဘွန်စွမ်က မျက်စိမျက်နှာပျက်တက်တက်ဖြင့် ပြန်ပြောနေသည်။ ထောင်ပိုင့်နောက်ပါးတွင် ဦးပန်းမောင်မှာလည်း မျက်လုံးပေကလတ် ပေကလတ်လုပ်ကာ မျက်နှာပျက်နေတော့၏။ ထောင်ပိုင်သည် ဒေါသအလွန်ထွက်နေသဖြင့် ကျွန်တော်တို့ရပ်နေရာသို့ပင် ဝင်မလာတော့။ နောက်သို့ပြန်လှည့်လိုက်ကာ "ကဲ- ခင်ဗျားပါ တစ်ခါတည်းလိုက်ခဲ့ပါ။"-ဟု ဦးဘွန်စွမ်ကိုခေါ်ပြီး ခြေသံပြင်းပြင်းနင်း၍ ထောင်ဘူးဝသို့ ပြန်သွားတော့သည်။ ဦးဘွန်စွမ်လည်း ထောင်ပိုင်၏နောက်က ကုပ်ကုပ်ကလေးပါသွားတော့၏။

ကျွန်တော်တို့အားလုံးသည် သခင်နု, သခင်စိုးတို့ထံ စုပြုံသွားကြပြီး 'ဘာဖြစ်တာလဲ' ဟု သိလိုစောနှင့် တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသည်။ သခင်နုက မျက်နှာတင်းတင်းဖြင့် "ဟေ့- မေးမနေကြနဲ့။ ဘာဖြစ်တာလဲဆိုတာ တော်တော်ကြာသိလိမ့်မယ်။"-ဟု ပြောလိုက်သဖြင့် ကျွန်တော်အပါအဝင် မေးနေသူအားလုံးပင် အသံတိတ်သွားကြသည်။

ကျွန်တော်တို့လူငယ်အချင်းချင်းသာ ထင်မြင်ချက်ပေးရင်း အဘိုးကြီးကို အပြစ်တင်နေသည်။ 'အရက်သောက်ချင်ပြီး အဝှက်မတတ်လို့ ထောင်ပိုင်မိသွားတာ။'၊ 'အရက်သောက်ချင်တာနဲ့ တိုက်ပိတ်ခံရတော့မယ်။'၊ 'အဘိုးကြီးက အိုကြီးအိုမကျမှ ဆတ်ဆော့တယ်။' စသည်တို့ကို ဦးတည့်ရာ ထင်ရာစွတ်ပြောနေကြတော့သည်။ သခင်နု, သခင်သန်းထွန်းတို့ကမူ ဘာမျှမပြောကြဘဲ ငြင်္ဂနွေရရပင် ရှိနေကြသည်။

နာရီဝက်ခန့်ကြာသောအခါ ထောင်မှူးကလေးတစ်ယောက် ပေါက်လာပြီး သခင်နု, သခင်စိုး, သခင်သန်းထွန်း, သခင်လှိုင်တို့ ၄ ဦးကို ထောင်ပိုင်ကြီးက တွေ့လိုကြောင်း ရုံးခန်းသို့ လိုက်ခဲ့ရန်ခေါ်သဖြင့် သူတို့ ၄ ယောက် ပါသွားကြသည်။ ကျွန်တော်တို့ကလည်း 'သခင်နုတို့ ၄ ယောက်ကို ဘာကြောင့်ခေါ်ရတာလဲ။ အဘိုးကြီးက ကြောက်ကြောက်နဲ့ မဟုတ်တာတွေ လျှောက်ပြော၊ မဆိုင်သူတွေပါ ဆွဲထည့်လို့ လာခေါ်သွားတာလား'-ဟု သံသယဖြစ်လာကြသဖြင့် အချင်းချင်းပြောဆိုကြပြန်သည်။

နောက် ၁ နာရီကြာသည့်တိုင် တစ်ယောက်မျှ ဘူးဝရုံးက ပြန်မလာကြတော့ပါ။ ထမင်းစားချိန် ၁၁ နာရီလောက်အထိ ပေါ်မလာကြပါ။ အကြောင်းတော့ ထူးနေချေပြီ။

mgyoe.com

 mgyoe.com SAMPLE BOOK

ဝါဒါနှင့် ထောင်ကျ ၂ ယောက်ရောက်လာပြီး၊ သူတို့ ၅ ယောက်စာအတွက် ထမင်းထည့်ပေးလိုက်ရန် လာတောင်းသဖြင့် ထည့်ပေးလိုက်ရသည်။ ဝါဒါများကို ''ဘာဖြစ်နေကြသလဲ။''-ဟု မေးကြည့်ရာ၊ ''ကျွန်တော်တို့မသိပါ။''-ဟူသောအဖြေသာ ရပါသည်။

အကြံပိုင်သောင်ခွေး၏လုပ်ကြံမှု

ခေါင်းဆောင်များ ထောင်ဘူးဝက ပြန်ရောက်လာခြင်းမရှိသဖြင့် ကျွန်တော်တို့ နံနက်စာထမင်းကိုပင် ကောင်းစွာမစားနိုင်ကြတော့ပါ။ ခေါင်းဆောင်များအတွက် စိတ်ထဲတွင် တကြောင့်ကြကြဖြစ်နေကြရသည်။ ဤသို့ဖြစ်လာခါမှ သခင်သန်းလေးသည် သခင်မြသန်း, သခင်လှကွန်း, သခင်သန်းမြိုင်နှင့် ကျွန်တော်တို့ကို စာကြည့်တိုက်အဆောင်ကြီးသို့ခေါ်ပြီး၊ 'အကြံပိုင်သောင်ခွေး၏လုပ်ကြံမှုကြီး' အကြောင်း ပြန်လည်ပြောပြလေသည်။

ကျော်နိုဝါကားအရက်ပုလင်းကို ထောင်ပိုင်မိသွားသည်မှာ မတော်တဆမိသွားခြင်း မဟုတ်။ ဤသို့ မတော်တဆမိသလိုဖြစ်အောင် တမင်စီစဉ်ထားခြင်းဖြစ်သည်။ ဦးဘွန်စွမ်သည် သူနှင့်ရင်းနှီးသောဝါဒါတစ်ယောက်ကို ပိုက်ဆံပေးပြီး အရက်တစ်ပုလင်းဝယ်ခိုင်းသည်။ ထိုအရက်ပုလင်းကို ထောင်ထဲသို့ ထိုဝါဒါက တိတ်တိတ်သွင်းပေးသည်။ အရက်ပုလင်းကို ထောင်ပိုင်မိသွားသောအခါ၊ 'ထောင်မှူးကြီးဦးပန်းမောင်က သူ့ကို ဝယ်ပေးခြင်းဖြစ်သည်။'-ဟု ဦးဘွန်စွမ် အစစ်ခံမည်။ ဤသို့ဝယ်ပေးခြင်းမှာ အမှန်ဖြစ်ကြောင်း သခင်နု, သခင်စိုး, သခင်သန်းထွန်း, သခင်လှိုင်တို့က ထောင်ပိုင်ရှေ့တွင် သက်သေခံကြမည်။ ဤသို့ဖြင့် ထောင်မှူးကြီးဦးပန်းမောင်မှာ ထောင်တွင်းသို့မသွင်းရသော အရက်ပုလင်းကိုသွင်းပေးသူ, ထောင်အာဏာပိုင်တစ်ဦးဖြစ်လျက်နှင့် ထောင်ဥပဒေကို ကျူးလွန်သူဖြစ်ပြီး အပြစ်ပေးခံရမည်။ ဤထောင်မှ ပြောင်းပစ်ခြင်းခံရမည်။

ဤအကြံအစည်ကို ဦးဘွန်စွမ်က စတင်တီထွင်သူဖြစ်ပြီး သခင်နု, သခင်စိုးတို့က သဘောတူလက်ခံ၍ အားလုံးပူးပေါင်းစီစဉ်ကြခြင်းပင်ဖြစ်သည်။-ဟု သခင်သန်းလေးကပြောပြသည်။ သူ့ကို ဦးဘွန်စွမ်က စတင်စီစဉ်စကပင် ပြောပြခဲ့ကြောင်း၊ မည်သူမျှမပြောရန်လည်း နှုတ်ပိတ်ခဲ့ကြောင်း သိရပြန်ပါသည်။

ကျွန်တော်တို့အားလုံးသည် ဤကိစ္စကို ကျွန်တော်တို့အတွင်းတွင်သာ သိစေပြီး၊ နိုင်ငံရေးသမား မဟုတ်သူများထံ မပေါက်ကြားစေရန် သဘောတူကြသည်။

မကြာမီပင် ထောင်မှူးကြီးရုံးက ထမင်းစားပြန်လာကြသော ဘီကလပ်ဆောင်ကျ စာရေးများ၏ ပြောပြချက်ဖြင့် ဦးဘွန်စွမ်နှင့် သခင်နုတို့အကြောင်းကို ကြားရတော့သည်။

'ထောင်ပိုင်ကြီးက ထောင်မှူးကြီးရုံးခန်းတွင် ဦးဘွန်စွမ်နှင့် ၂ ယောက်ချင်းတွေ့မေးသည်။ 'ကျော်နိုဝါကားအရက်ပုလင်းကို ထောင်မှူးကြီးဦးပန်းမောင်က သူ့ကိုဝယ်ပေးခြင်းဖြစ်သည်။'-ဟု ဦးဘွန်စွမ်က အစစ်ခံသည်။ 'ထောင်မှူးကြီးဦးပန်းမောင်က ဝယ်ပေးကြောင်းခိုင်လုံစေရန် သခင်နု, သခင်စိုးတို့ ၄ ယောက်ကို သက်သေအဖြစ်ပြနိုင်သည်။'-ဟု ပြောသဖြင့် သခင်နုတို့ ၄ ယောက်အားခေါ်ယူ၍ ထောင်ပိုင်ကမေးသည်။ သခင်နုတို့ ၄ ယောက်ကလည်း 'အရက်ပုလင်းကို ဦးပန်းမောင်ကဝယ်ပေးခြင်းဖြစ်ကြောင်း' အစစ်ခံကြသည်။ ဤသို့ ဦးဘွန်စွမ်က 'သူ့ကို အရက်ဝယ်ပေးသူမှာ ဦးပန်းမောင်ဖြစ်ပါသည်။'-ဟု အစစ်ခံကြောင်း ကြားရသော အခါ ဦးပန်းမောင်မှာ ဒေါသဖြစ်လွန်းသဖြင့် ဆွဲဆွဲခုန်နေသည်။ 'အရက်ပုလင်းကို သူဝယ်ပေးခြင်းမဟုတ်ပါ။ ဤကိစ္စ သူဘာမျှမသိပါ။ သူ့ကိုမလိုမုန်းထားသဖြင့် သူအပြစ်ကျအောင် ဦးဘွန်စွမ်တို့က ကလိမ်ညာဏ်ဖြင့် သက်သက်အမှုဆင်ခြင်းဖြစ်သည်။'-ဟု ငိုမလိုရယ်မလိုနှင့် ထောင်ပိုင်အားတိုင်ကြားသည်။-ဟု သိရလေသည်။

'ထောင်ပိုင်က ဦးဘွန်စွမ်၏အစစ်ခံချက်နှင့် သခင်နုတို့၏သက်သေထွက်ချက်များကို ယုံကြည်မှုလုံးဝမရှိ။ မိမိနှင့်မတည့်သူ, အမြဲတမ်းပဋိပက္ခဖြစ်နေကြသူများကို ထောင်မှူးကြီးက အရက်ဝယ်ပေးသည်

mgyoe.com SAMPLE BOOK
ဆိုသည်မှာ ယုံကြည်နိုင်စရာအကြောင်းမရှိ။ ထို့ကြောင့်-ဤကိစ္စမှာ လီဆယ်လုပ်ကြံခြင်းသာဖြစ်သည်။ သို့ကြောင့်-'ထောင်ထဲသို့ အရက်ပုလင်းသွင်းယူမှု, ထောင်မှူးကြီးကို မတရားအမှုဆင်မှုတို့ဖြင့် ဦးဘွန်စွမ်နှင့် တကွ သခင်နုတို့ ၄ ဦးကိုပါ တိုက် ၂ လစီပိတ်ရန် အပြစ်ပေးလိုက်ကြောင်း၊ သူတို့ ၅ ယောက်ကို အင်းစိန်ထောင်ကြီးသို့ ဘူးဝရုံးခန်းမှပင် တစ်ဆက်တည်းပို့လိုက်ပြီဖြစ်ကြောင်း။'-ကျွန်တော်တို့သိရတော့သည်။

ကဲ- ကျွန်တော်တို့ဘာလုပ်ကြမည်နည်း။ 'အကြံပိုင်သောငွေး' ဟုအမည်ခံယူခဲ့သော ဦးဘွန်စွမ်သည် ရှေ့နေဖြစ်သည့်အလျောက် ရှေ့နေဥာဏ်ဖြင့်ဘိန်းပစ်ဖမ်းသလို ထောင်မှူးကြီးအပေါ် အပြစ်ရှာရာတွင် ကိုယ့်ရှူးကိုယ်ပတ် ဖြစ်နေချေပြီ။ ဤလုပ်ကြံမှုကြောင့် ထောင်မှူးကြီးဦးပန်းမောင် အပြစ်လည်းမကျ၊ ထောင်လည်း အပြောင်းမခံရဘဲ ဦးဘွန်စွမ်နှင့်တကွ ကြံရာပါသခင်နု,သခင်စိုး,သခင်သန်းထွန်း,သခင်လှိုင် စသည့် ကျွန်တော်တို့ခေါင်းဆောင်များသာ အင်းစိန်ထောင်ကြီးရှိတိုက်ခန်းများသို့ တန်းဝင်သွားကြရပေပြီ။

အဖြစ်အပျက်မှာ ကျွန်တော်တို့က မတရားအမှုဆင်ခြင်းပင်ဖြစ်သော်လည်း ဤသို့ကြံမိကြံရာ မတရားအမှုဆင်ဖို့ ဖြစ်လာရသောအကြောင်းခံမှာကား ဤနယ်ချဲ့လက်ပါးစေ, မျက်နှာဖြူလက်ပါးစေ ဦးပန်းမောင်၏ မောက်မာမှု, ဖိနှိပ်မှုများကိုမခံမရပ်နိုင်၍ ဖြစ်လာရခြင်းဖြစ်သဖြင့်၊ 'ငါတို့ဘက်က တရားသည်'-ဟုသာ အတင်းဇွတ်မှိတ်ယုံကြည်ပစ်လိုက်ကြရသည်။ ထို့ကြောင့်- ကျွန်တော်တို့ခေါင်းဆောင်များ လွတ်မြောက်ရေးအတွက် ဆန္ဒပြပွဲကို စတင်ကြပါတော့သည်။

ကျွန်တော်တို့ကို ခေါင်းဆောင်ကွပ်ကဲနေသော ခေါင်းဆောင်များကားမရှိတော့ပြီ။ လူကြီးဆိုပါက သခင်လေးမောင်, သခင်ခနှင့် သခင်တင်ဖေတို့သာကျန်ရှိသည်။ သခင်ဦးအာစရနှင့် ဦးသုမနတို့ကလည်း ဆန္ဒပြရန် သဘောတူကြသည်။ သို့ကြောင့်- နေ့လယ် ၁၂ နာရီလောက်မှစ၍ ကျွန်တော်တို့သည် ထောင်အနှံ့အပြားလျှောက်သွားကာ သံပုံးများကိုတီးရင်း ကြွေးကြော်သံများကိုအော်ကြတော့သည်။

''တို့ခေါင်းဆောင်တွေ၊ ပြန်ပို့ ပြန်ပို့။
ပန်းမောင် ပန်းမောင်၊ အို့ အို့။
ပန်းမောင် ပန်းမောင်၊ အလိုမရှိ။
သခင်မျိုးဟေ့ တို့ဗမာ။''

ကြွေးကြော်သံနှင့် သံပုံးတီးသံများမှာ ထောင်တွင်းမှလွန်၍ ထောင်ပြင်သို့တိုင် တဝုန်းဝုန်းမြည်ဟီးထွက်ပေါ်နေပေသည်။

ထောင်မှူးကြီးဦးပန်းမောင်သည် ကြွေးကြော်သံများကြား၍ထင်၏။ ဘူးတံခါးဖွင့်ပြီး ထောင်ထဲသို့ ခေါင်းပြူလာသေးသည်။ 'ပန်းမောင် ပန်းမောင်၊ အို့ အို့' ဟု ကျွန်တော်တို့က သံပြိုင် ဝိုင်းဟစ်အော်လိုက်ကြသောကြောင့် ဒေါပွပွဖြင့် မျက်နှာများနီကာ ဘူးထဲပြန်ဝင်သွားတော့သည်။ ဤသို့ ကြွေးကြော်သံများအော်ရင်း ကျွန်တော်တို့တစ်တွေ အိပ်ဆောင်ထဲသို့ဝင်၍ နားနားနေနေ လူမစုရဲကြချေ။ သွားစုချေက အိပ်ဆောင်ကို ဦးပန်းမောင်ပိတ်ပစ်လိုက်မည်စိုး၍ ဖြစ်သည်။

ထိုနေ့တစ်နေ့လုံး နားလိုက်, အော်လိုက်, သံပုံးတီးလိုက် လုပ်နေကြသည်မှာ ညနေပိုင်း ထမင်းစားသောက်ပြီး ထောင်ပိတ်ခါနီးအချိန်တိုင်အောင်ပင် ဖြစ်ပေသည်။ အိပ်ဆောင်ထဲမဝင်ဘဲ အပြင်တွင် ဆန္ဒပြနေကြရန် ဆွေးနွေးကြသေးသည်။ အများစုက သဘောမတူကြသဖြင့် အိပ်ဆောင်အတွင်းသို့ ဝင်လိုက်ကြသည်။ အိပ်ဆောင်ထဲတွင် ဆန္ဒကြွေးကြော်နေသူများမှာ ကျွန်တော်တို့လူသိုက်သာ ရှိတော့သည်။ ရိုးရိုးဘီကလပ်ဆောင်ကျများနှင့် သခင်ထွန်းအုပ်, သခင်ဗစိန်တို့အဖွဲ့မှ အချို့သခင်များ၊ ဒေါက်တာဗမော်၏ ဓားမအဖွဲ့ကအဘိုးကြီးများသည် ကျွန်တော်တို့နှင့်ကင်းကင်းရှင်းရှင်းနေရန် အိပ်ဆောင်အပေါ်ထပ်သို့ ရွှေ့ပြောင်းသွားကြပြီဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့နှင့်အတူ သခင်ဗစိန်တို့အဖွဲ့က သခင်ခတစ်ယောက်သာ ကျန်ရစ်ပေသည်။ သခင်ခကလည်း 'သူတို့အဖွဲ့ဝင်များ သတ္တိကြောင်သည်'-ဟု မကျေမနပ်ဖြစ်နေ၏။ အိပ်ဆောင်ပိတ်ပြီးသောအခါ ကြွေးကြော်သံများ ဆက်မအော်သေးဘဲ နားနေကြသည်။ 'ည လူခြေတိတ်ခါမှ သံပုံးတီး၍ ကြွေးကြော်သံ စကြမည်'-ဟု စီစဉ်လိုက်ကြသည်။ သို့မှသာ ထောင်ပြင်က ကောင်းစွာကြားရမည်။

ည ၁၀ နာရီထိုးမှ ၁၀ နာရီခွဲအထိ နာရီဝက်ခန့် ကြွေးကြော်သံများအော်ဟစ်ပြီး သံပုံးများကို တီးကြပြန်သည်။ ကျွန်တော်တို့မှာ တစ်နေ့လုံး အသံဝင်အောင်အော်ခဲ့ရသဖြင့် နာရီဝက်ထက်လည်း ပိုမအော်နိုင်ကြတော့ပါ။

နောက်တစ်နေ့နံနက် ထောင်မှူးကလေးတစ်ယောက်လူလာစစ်ရာ၌ ကျွန်တော်တို့သည် ခါတိုင်းလို ထ၍တန်းစီမပေးကြတော့။ အိပ်နေသောသူက အိပ်, ဟိုလျှောက်သည်လျှောက်လုပ်နေသူက လုပ်ကြ၍ လူစစ်ရာတွင် အတော်အခက်အခဲတွေ့ပြီး အချိန်ကြန့်ကြာစေလေသည်။ ကျွန်တော်တို့၏ကြွေးကြော်သံနှင့် သံပုံးတီးမှုများကြောင့် အိပ်ဆောင်ကိုပိတ်၍ အပြစ်ပေးတော့မည်မှာ သေချာနေသဖြင့်၊ မထူးတော့သည့်အတူတူ ထောင်အာဏာပိုင်များ ပို၍အခက်အခဲတွေ့စေရန် တတ်နိုင်သမျှအနှောင့်အယှက်ပေးရန် ဆုံးဖြတ်လိုက်ကြပြီး ဖြစ်ပေသည်။ ထောင်အာဏာပိုင်များကလည်း လူစစ်ပြီး အိပ်ဆောင်ဖွင့်ချိန်တွင် ဖွင့်မပေးတော့ပါ။ ကြွေးကြော်သံများ အော်ဟစ်ဆန္ဒပြခြင်းကြောင့် ကျွန်တော်တို့ကို အိပ်ဆောင်ပိတ်လိုက်ခြင်း ဖြစ်ပေသည်။ ထမင်းချက်အလှည့် ကျသူများကိုပင် အပြင်သို့ ထုတ်မပေးတော့ပေ။ စီကလပ်ထောင်ကျများကိုသာ ထမင်းချက်စေပြီး လာပို့စေသည်။

ညနေတွင် အင်းစိန်ထောင်ကြီးသို့ အိပ်ဆောင်မပိတ်မီ အတော်စောစောကပင် စီကလပ်ထောင်ကျများ ပြန်ကြရသဖြင့် ကျွန်တော်တို့အတွက် ရေနွေးကျိုမပေးနိုင်ခဲ့ပါ။ သို့ကြောင့် ညဘက် အိပ်ဆောင်ထဲတွင် ရေနွေးကျိုသောက်ကြရန် စီကလပ်ထောင်ကျများထံက ထင်းများကို တိတ်တိတ်တောင်းယူထားလိုက်သည်။ ထောင်မှာ အုတ်တိုက်ကြီးဖြစ်သော်လည်း ထောင်စည်းကမ်းအရ အိပ်ဆောင်ထဲတွင် မီးမွှေးခြင်း, မီးဖိုခြင်း မပြုရပေ။ ကျွန်တော်တို့သည် ထောင်စည်းကမ်းများကို တစ်ခုပြီးတစ်ခုချိုးဖျက်ပစ်ရန်ရည်ရွယ်ပြီး အိပ်ဆောင်ထဲတွင်မီးဖို၍ ရေနွေးအိုးတည်ကြရန် စီစဉ်ခြင်းဖြစ်ပေသည်။

လူငယ်ချည်းဖြစ်ကြသဖြင့် ကျွန်တော်တို့၏အပြုအမူ လုပ်ဟန်ပြောဟန်များကို တားဆီးထိန်းသိမ်းမည့်သူ မရှိ။ အသက်ကြီးလှပြီဖြစ်သော သခင်ခမှာလည်း ကျွန်တော်တို့လူငယ်များနှင့်ပင် ပြိုင်နေသူဖြစ်သောကြောင့် တစ်ခါတစ်ခါ ကျွန်တော်တို့ကပင် လက်မြှောက်ရသူဖြစ်သည်။ တစ်ယောက်က 'ဒါ လုပ်ကြရအောင်ဟေ့'-ဟုစလိုက်ပါက နောက်မှဘာဖြစ်နေနေ ကန့်ကွက်သူမရှိ အတည်ပြုလိုက်ကြသည်သာ။

အိပ်ဆောင်ပိတ်ပြီး ည ၇ နာရီခွဲလောက်တွင် ကြွေးကြော်သံများ တစ်ချိုဟစ်လိုက်ကြပြီးနောက်၊ မီးစတင်ဖိုကာ ရေနွေးအိုးတည်ကြသည်။ ကနစိုသားဖြစ်၍ မီးမွှေးစက ကောင်းစွာမတောက်စေကာမူ အတန်ကြာလျှင် မီးတောက်က ကောင်းလာသည်။ သခင်သန်းလေးက အိပ်ရာခင်းကို ခါးတောင်းကျိုက်၍ မီးဖိုဘေးတွင် ပုဏ္ဏားက ကနေသည်။ ကျွန်တော်တို့ ၄-၅ ယောက်က လက်ခုပ်ဝိုင်းတီးပေးကြသည်။

ဂွေးနီကုလားကြီးနှင့် ဝါဒါတစ်ယောက် မီးဖိုနေသောတံခါးပေါက်သို့ ရောက်လာသည်။

"ဟေ့- ဒီမှာ။ အိပ်ဆောင်ထဲမှာနော်၊ မီးမလုပ်ရဘူး။ အခု မီးကိုရပ်ပါ။ ခင်ဗျားတို့ မကောင်းဘူး။"

သခင်သန်းလေးသည် အကကိုရပ်ပစ်လိုက်ပြီး ဂွေးနီကုလားကြီးကို "ဟေး- ဂျောင်း ဂျောင်း။ တို့ အပြင်မထွက်ရဘူးနော်။ တို့ အထဲမှာမီးဖိုမယ်၊ လက်ဖက်ရည်သောက်မယ်။"

ကုလားကြီးသည် သူပြော၍ရလိမ့်မည် မဟုတ်သည်ကို သိဟန်တူ၏။ ဆက်မပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားလေသည်။ အတန်ကြာသော် ၄ က်ဆိုးထိုးသံပေါ်လာတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျားတို့ ထောင်ကိုမီးရှို့မလို့လား။ ဒီမီးကို အခုငြိမ်းလိုက်ပါ။"

ဦးပန်းမောင်သည် အမိန့်ပေးရင်း သံတံခါးပေါက်တွင်ပေါ်လာသည်။

"ဒီမီးကို ငြိမ်းဖို့မွေးထားတာ မဟုတ်ဘူး။ လက်ဖက်ရည်သောက်ဖို့ မီးဖိုထားတာ။ ဒီမှာ ဦးပန်းမောင်။ အိပ်ဆောင်ပိတ်ထားလို့ ကျွန်တော်တို့ အပြင်မထွက်ရတော့ အထဲမှာ လက်ဖက်ရည်တည်သောက်ရတာပဲ။" -ဟု သခင်သန်းမြိုင်ကပြန်ပြောနေသည်။

"ခင်ဗျားတို့ မီးဖိုကိုမငြိမ်းဘူးလား-ငြိမ်းမလား။"

"မငြိမ်းဘူး၊ မငြိမ်းဘူး" ဟု အားလုံးကဝိုင်းအော်လိုက်သည်။

ဦးပန်းမောင်သည် နှာခေါင်းက တရှူးရှူးနှင့်လေမှုတ်နေသောနွားသိုးကြီးလို ဖြစ်သွားသည်။ သူ၏ဝဖိုင့်သောကိုယ်ခန္ဓာမှာ ဒေါသဖြင့်လှုပ်ရှားနေသည်။ ညဖြစ်သဖြင့် အိပ်ဆောင်ကိုဖွင့်၍လည်း အထဲမဝင်ရဲပါ။ ကုလားဝါဒါများကို အမိန့်ပေးလိုက်သဖြင့် ဝါဒါများသည် ရေကန်ဘက်ပြေးထွက်သွားကြပြီး အတန်ကြာသော အခါ ရေပုံးများဖြင့် ရေများယူလာပြီး သံတိုင်များကြားကနေ၍ မီးဖိုကို ရေနှင့်လှမ်းပက်ကြသည်။ ရေကြောင့် မီးတောက်များသည် ငြိမ်းသွားသည်။ ထင်းများလည်း ရေတွေစိုရွဲသွားကုန်သည်။

"ဒီမှာ ဦးပန်းမောင်။ ဒီည လက်ဖက်ရည်ကျိုသောက်ဖြစ်အောင်ကို သောက်မယ်။ ဒီနေရာမှာ မီးဖိုတော့ ရေနဲ့လှမ်းပက်နိုင်တယ်။ ရေနဲ့မပက်နိုင်အောင် ဟိုအိမ်သာနားမှာသွားဖိုမယ်။ ထင်းမရှိရင် ဟောဒီ စားပွဲလေးတွေကိုရိုက်ချိုးပြီး ထင်းဆိုက်ပစ်မယ်။"-ဟု သခင်သန်းမြိုင်က ပြောလိုက်သည်။

နဂါးနီသခင်တင်က "ပန်းမောင် ပန်းမောင်" ဟုအသံတိုင်ပေးလိုက်ရာ "အို့ အို့" ဟူ၍ဝိုင်းအော်ကြသည်။ ဤကြွေးကြော်သံကိုချည်း ဆက်အော်နေသဖြင့် ထောင်မှူးကြီးဦးပန်းမောင်သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ "ဟေး- မင်းတို့ သိမယ် သိမယ်။"-ဟု လက်သီးလက်မောင်းတန်းကာ အော်ပြောနေ၏။

"အို- ဒီမှာ။ ခင်ဗျားကို အစောကြီးကတည်းကသိနေတာပဲ။"

ကျွန်တော်တို့အထဲမှတစ်ယောက်က ဘုပြောပြောလိုက်သည်။

"ရှက်ဖွယ် ရှက်ဖွယ်" ဟု တစ်ယောက်က စလိုက်ရာ ဝိုင်းအော်ကြပြန်သည်။ ဦးပန်းမောင်သည် ဒေါနှင့်မောနှင့် ပြန်ထွက်သွားတော့သည်။ သူထွက်သွား၍အတန်ကြာသည်နှင့် "ဟေ့- ခွေးရူးသေပြီ။ တိတ်စေ"-ဟု သခင်တင်ဖေက အော်လိုက်သည်။

ကျွန်တော်တို့သည် စာရေးစားပွဲကလေး ၂ ခုကိုရိုက်ချိုးပြီး ရေနှင့် လှမ်းမပက်နိုင်သောနေရာတွင် မီးဖိုကာ ရေနွေးကျိုသောက်ကြလေသည်။ ထောင်မှူးကြီးဦးပန်းမောင်လည်း ကျွန်တော်တို့ထံ ထိုညက ထပ်၍ပေါ်မလာတော့ပေ။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့အိပ်ဆောင် ဆက်ပိတ်ထားသည်။ နံနက် ၉ နာရီလောက်တွင် ဘူးဝက ထောင်မှူးကလေးတစ်ယောက် စာတစ်စောင်လာပေးသည်။ အင်းစိန်ထောင်ကြီးတွင် တိုက်ပိတ်ခံနေရသော ကျွန်တော်တို့ခေါင်းဆောင် ၄ ဦးထံက ပေးလိုက်သောစာ ဖြစ်သည်။ သူတို့ ၄ ယောက်လုံး၏လက်မှတ်များ ထိုးထားသည်။

ပေးစာပါသဘောမှာ 'ကျွန်တော်တို့တစ်တွေ ဆူပူဆန္ဒပြနေခြင်းကို ရပ်စဲလိုက်ရန်။ သူတို့တိုက်ပိတ်ခံနေရခြင်းမှာ သူတို့၏သီးခြားကိစ္စဖြစ်သည်။ သူတို့တိုက်ပိတ်ခံရခြင်းကိုအကြောင်းပြု၍ ကျွန်တော်တို့က ဆန္ဒပြရန်မလို။ ကျွန်တော်တို့၏ စာပေသင်ကြားရေးထိခိုက်နေမည်။ ဒါကြောင့် သူတို့မရှိစေကာမူ သင်ကြားလေ့လာမှုများကို ဆက်လက်ပြုလုပ်ကြစေလိုသည်။'-ဟူ၍ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာကို ကျွန်တော်တို့ဖတ်ပြီးသည်နှင့် ထောင်မှူးကလေးက ''ဤစာအပေါ် ကျွန်တော်တို့သဘောထား ဘယ်လိုရှိပါသလဲ။''-ဟု မေးလေသည်။ ကျွန်တော်တို့က ''မကြာမီ အကြောင်းပြန်မည်။''-ဟု ပြောလွှတ်လိုက်သည်။ ကျွန်တော်တို့သည် သခင်နုတို့ထံမှ ပေးသောစာအပေါ် သဘောထားကို ဆွေးနွေးကြရာ၊ 'ခေါင်းဆောင်များ၏ ညွှန်ကြားချက်အတိုင်း လိုက်နာကြမည်။'-ဟု သဘောတူကြလေသည်။

သို့ကြောင့် ဘူးဝသို့အကြောင်းပြန်လိုက်သည်။ 'သခင်နုတို့ထံကပေးသော စာပါသဘောထားကို လိုက်နာမည်။ ထောင်အာဏာပိုင်များကလည်း ပိတ်ထားသောအိပ်ဆောင်ကို ချက်ချင်းဖွင့်ပေးရမည်။'-ဟု တောင်းဆိုလိုက်ကြသည်။ မကြာမီပင် ထောင်မှူးကြီးဦးပန်းမောင်အမိန့်ဖြင့် ဝါဒါ ၂ ယောက် အိပ်ဆောင်ကို လာ၍ဖွင့်ပေးလေသည်။

ပါတော်မူနေ့

ကျွန်တော်တို့သည် ခေါင်းဆောင်များ၏ညွှန်ကြားချက်အတိုင်း နိုင်ငံရေးသင်တန်းများ သင်ကြားပို့ချပေးမည့်သူများမရှိစေကာမူ၊ နိုင်ငံရေးစာအုပ်များကို အင်္ဂလိပ်လိုဖတ်နိုင်သူကဖတ်၍ ဘာသာပြန်စေကာ ဝိုင်းဆွေးနွေးခြင်း၊ အင်္ဂလိပ်စာ သင်ကြားရေးတွင်လည်း အနည်းငယ်တတ်သူက လုံးလုံးမတတ်သေးသူများကို သင်ကြားပေးခြင်းတို့ဖြင့် ဆက်လက်၍ သင်ကြားလေ့ကျင့်နေကြသည်။ ကျွန်တော်တို့အတွင်း ခေါင်းဆောင်ကွပ်ကဲမှုမရှိသဖြင့် စည်းကမ်းသေဝပ်မှု, အချိန်မှန်မှုများ မရှိကြ။ ခပ်ပေါ့ပေါ့နေသူများလည်း ရှိသည်။ ဖွဲနပဲနှင့် အားထုတ်ကြိုးပမ်းနေသူများလည်း ရှိကြပေသည်။

ဘီကလပ်ဆောင်တွင် ထူးခြားသောအဖြစ်အပျက်များမဖြစ်ဘဲ တစ်လလောက်ကြာသွားပြီး တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့သို့ ရောက်လာပါသည်။

တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့သည် 'ပါတော်မူနေ့' ဖြစ်သည်။ လွန်ခဲ့သော ၅၆ နှစ်က မြန်မာတစ်မျိုးသားလုံး အင်္ဂလိပ်နယ်ချဲ့စနစ်အောက်သို့ ကျွန်အဖြစ် လုံးဝကျရောက်ခဲ့ရသောနေ့ ဖြစ်ပေသည်။ ဤနေ့ဤရက်တွင် နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တို့ဗမာအစည်းအရုံးက ခေါင်းဆောင်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်များနှင့် ဇာတိသွေးနှိုးဆွပေးသော ဟောပြောပွဲများကို ကျင်းပပြုလုပ်လေ့ ရှိပေသည်။

ထို့ကြောင့်- နေ့လယ်ကပင် ဘီလကပ်ဆောင်တွင်း၌ 'ပါတော်မူနေ့' ကျင်းပပြုလုပ်ရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ အိပ်ဆောင်ပိတ်ပြီးနောက် ည ၈ နာရီထိုးပါက 'ပါတော်မူနေ့'အထိမ်းအမှတ်အဖြစ် တရားပွဲ ကျင်းပမည်။ ဦးသုမနက ၄င်းတို့နေထိုင်ရာ အပေါ်ထပ်အိပ်ဆောင်ပေါ်က တရားဟောရန်၊ ဦးသုမနဟောပြီးပါက သခင်သန်းမြိုင်က ကျွန်တော်တို့အိပ်ဆောင်အပေါ်ထပ်က ဟောပြောရန် ဖြစ်သည်။ ကြွေးကြော်သံများမအော်ဘဲ တရားဟောသည်ကို ဆိတ်ဆိတ်ငြိမ်ငြိမ်နားထောင်နေကြရန်လည်း ဆုံးဖြတ်ကြသည်။

အိပ်ဆောင်လာပိတ်သောထောင်မှူးအား ဤအစီအစဉ်အရ 'ယနေ့ည အပေါ်ထပ်အိပ်ဆောင်သို့ လည်ပတ်ရင်း သွားအိပ်မည်'-ဟု ပြောကြားခွင့်တောင်းကာ၊ သခင်သန်းမြိုင်သည် အပေါ်အိပ်ဆောင်သို့ ကြိုတင်ပြောင်းရွှေ့သွားသည်။ သူနှင့်အတူ သတင်းစာစက္ကူများကို ကော်နှင့် အထပ်ထပ်ကပ်၍ ပြုလုပ်ထားသော အော်လံတစ်ခုကိုလည်း အိပ်ရာလိပ်တွင်ထည့်ယူသွားသည်။ ဤအော်လံဖြင့် အိပ်ဆောင်အထက်ထပ်က တရားဟောမှသာ 'ပါတော်မူနေ့'တရားဟောသံကို ထောင်အပြင်ကလူတွေ ကြားနိုင်မည်ဖြစ်သည်။

အိပ်ဆောင်ပိတ်ပြီး၍ ၈ နာရီထိုးသည်နှင့် သခင်သန်းမြိုင်သည် စက္ကူလိပ်အော်လံဖြင့် 'ပါတော်မူနေ့' အထိမ်းအမှတ်တရားပွဲကို စတင်ကျင်းပပြီဖြစ်ကြောင်း ကြေညာလေသည်။ ထိုနှင့်တစ်ဆက်တည်း တရားပွဲကို 'ဓနရှင်လောက'သီချင်းဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြောပြီး၊ 'ဓနရှင်လောက'သီချင်းကို စတင်သီဆိုလေသည်။ ကျွန်တော်တို့သည် ငြိမ်၍နားထောင်နေကြပြီး သံပြိုင်တွင် လိုက်ဆိုကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အမျိုးဗမာကွယ့် ကိုးရာမဲ့ ဒုက္ခအသွယ်သွယ်။ ငွေဂုဏ်ရှင် ဓနရှင်ခြေဖဝါး တို့များကိုးကွယ် နင်းထားကြတော့တယ်။'

'ပြည်ပိုင်မင်း ဥပဒေတွေနဲ့ညှဉ်း၊ သူ့အမေလင် ဓနရှင်တွေတော့ပင်း။ အရင်းခံ အကြောင်းရယ် အတွင်းဉာဏ် မကောင်းတယ်။ ကုန်ရောင်းလာကြ လောဘဖောတွေ ခြယ်လှယ်။ အဆီကိုစားလို့ အသားကို မျိုဆို့တယ်။ အကျန်တွေ အရိုးတွေ ဝေတယ်၊ မသေရုံမငတ်ရုံ ဟပ်ရလေပေါ့ တကယ်။'

သံပြိုင် ။ ။ '(မည်သူပေ ကြာလေ ဖိလေတယ်။ ဒါကြောင့် သပိတ်တွေကို လက်ကိုင်ပြုကြကွယ်။)'၂

'ငါးကြင်းဆီ ငါးကြင်းကြော်သည့်နယ်။ တို့မြေကြီးဝယ် တို့ကိုစီးကာ ရင်းနှီးသူတို့ရယ်။ (နင်လားဟဲ့)၂ ယောကျ်ားဘသား ကုပ်သွေးစုပ်တာ တို့မခံနိုင်တယ်။ (ကမ္ဘာရန် နှင့်ဉာဏ် သိပေါ့ဟယ်။)'၂

သံပြိုင် ။ ။ '(မည်သူပေ ကြာလေ ဖိလေတယ်။ ဒါကြောင့် သပိတ်တွေကို လက်ကိုင်ပြုကြကွယ်။)၂ ယောကျ်ားဘသား နင်လားဟဲ့ ဓနရှင်ရယ်။ တို့အားစွမ်း မြင်စေမယ်။'

သခင်သန်းမြိုင်က ဓနရှင်လောကသီချင်းဆို ဖွင့်လှစ်ပြီး 'ပါတော်မူနေ့ကို ဘာကြောင့်ကျင်းပရကြောင်း၊ မြန်မာတစ်မျိုးသားလုံး အင်္ဂလိပ်နယ်ချဲ့သမား၏ခြေဖဝါးအောက် ကျရောက်ခဲ့သည်မှာ အောက်မြန်မာပြည်အဖို့ နှစ်ပေါင်း ၁၀၀ ကျော်, အထက်မြန်မာပြည်အဖို့ နှစ်ပေါင်း ၅၆ နှစ် ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ကျရောက်နေသော ကျွန်ဘဝကို မမေ့သင့်ကြောင်း၊ ကျွန်ဘဝမှလွတ်မြောက်၍ လုံးဝလွတ်လပ်သော သခင်ဘဝ ကိုယ့်မင်း ကိုယ့်ချင်းနိုင်ငံ ထူထောင်နိုင်ရန် မြန်မာတိုင်းကြီးစားရန် အခါရောက်ပြီဖြစ်ကြောင်း၊ ဥရောပတွင် အင်္ဂလိပ်နယ်ချဲ့သမားများ ဗျာများနေစဉ် မြန်မာပြည်၏လွတ်လပ်ရေးကို အရယူကြမည်ဖြစ်ကြောင်း' စသည်ဖြင့် နာရီဝက်ခန့် ဟောပြောသွားလေသည်။

သူ၏ဟောပြောချက်ပြီးဆုံးသည်နှင့် 'ပါတော်မူနေ့'အထိမ်းအမှတ်ပွဲကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သခင်သန်းမြိုင်က ကြေညာလိုက်သည်။ တရားဟောနေစဉ်အတွင်း ထောင်မှူးကြီးဦးပန်းမောင် လာရောက်နှောင့်ယှက်လိမ့်မည်ဟု ကျွန်တော်တို့က ထင်ခဲ့သည်။ တရားပွဲသာပြီးသွားရော မည်သူမျှ လာရောက်နှောင့်ယှက်ခြင်း မရှိခဲ့ပေ။

ထောင်မှူးကြီးဦးပန်းမောင်သည် ကျွန်တော်တို့အကြောင်း ကောင်းစွာသိနေပေပြီ။ တရားဟောနေစဉ် လာရောက်နှောင့်ယှက်ပါက တရားဟောမပျက်သည့်အပြင် ကျွန်တော်တို့ကပါ သူ့အားဝိုင်းအော်ကြပြီး ကြွေးကြော်သံများဖြင့် ထောင်တွင်းထောင်ပြင်ဆူညံသွားလိမ့်မည်ဖြစ်သည်ကို သူနားလည်ပေသည်။ ဒါကြောင့်ပင် လာရောက်မနှောင့်ယှက်ခြင်း ဖြစ်ပေမည်။ သို့ရာတွင် ပါတော်မူနေ့တရားပွဲအတွက် ကျွန်တော်တို့ကို မည်သို့မျှမလုပ်ဘဲ လျစ်လျူရှုထားမည်မဟုတ်သည်ကတော့ သေချာပါသည်။

နံနက်စောစော အိပ်ဆောင်သို့ လူလာစစ်ပြီးသည့်နောက် ဝါဒါ ၂ ယောက်နှင့်ဦးပန်းမောင် ထောင်ဘူးဝက ပေါ်လာပြီး သခင်သန်းမြိုင်ရှိရာ အိပ်ဆောင်အပေါ်ထပ်သို့တက်သွားသည်ကို တွေ့လိုက်ရသည်။ မကြာမီ သခင်သန်းမြိုင်၏ 'သခင်မျိုးဟေ့ တို့ဗမာ' ဟု အော်လိုက်သံကြားလိုက်သည်။ ကျွန်တော်တို့လည်း အောက်ထပ်က ကြွေးကြော်သံများကို ထ၍အော်ကြသည်။ ဦးသုမနတို့ကလည်း နံပါတ် ၂ အိပ်ဆောင်ပေါ်က ကြွေးကြော်သံများအော်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်သန်းမြိုင်သည် ဦးပန်းမောင်ခေါင်းဆောင်သော ဝါဒါကုလားများနောက်သို့ အိပ်ရာလိပ်ကို လက်ကကိုင်၍ပါသွားရင်း ကြွေးကြော်သံများကို ဟစ်အော်သွားလေသည်။ အိပ်ဆောင်နံပါတ် ၂ က ဦးသုမနကိုလည်း ထောင်မှူးကလေးတစ်ယောက်နှင့်ဝါဒါများက တိုက်တန်းဘက်သို့အတင်းဆွဲခေါ်သွားသည်ကို တွေ့နေရသည်။

ဦးသုမနနှင့်သခင်သန်းမြိုင်တို့ ၂ ယောက်ကို 'ပါတော်မူနေ့' ကျင်းပ၍တရားဟောမှုဖြင့် ထောင်အာဏာပိုင်တို့က တိုက်ပိတ်သည့်အပြစ်ဒဏ်ပေးလိုက်လေပြီ။

ထောင်ကလေးမှ ထောင်ကြီးသို့

တိုက်တန်းဘက်ဆီက ခပ်တည်တည်မျက်နှာထားနှင့်ပြန်လာသော ဦးပန်းမောင်သည် ကျွန်တော်တို့အိပ်ဆောင်တံခါးဝတွင် လာရပ်သည်။ ကြွေးကြော်သံများကို ကျွန်တော်တို့က မရပ်ကြရုံမျှမက အသံမြှင့်၍ပင် အော်ဟစ်ကြသည်။

ဦးပန်းမောင်က 'မနေ့ညက ကြွေးကြော်သံများအော်သည့်အတွက် အိပ်ဆောင်ပိတ်ထားမည်။ ထမင်းချက်အလှည့်ကျသူများကိုသာ ထွက်ခွင့်ပြုမည်။ ထမင်းချက်အလှည့်ကျသူများသည် မီးဖိုကလွဲ၍ ဘယ်မှမသွားရ။ တိုက်ပိတ်ထားသူများနှင့် သွား၍စကားမပြောရ။'-ဟု ကျွန်တော်တို့အပေါ် အမိန့်ထုတ်သွားသည်။ ဖိုသူကြီး နဂါးနီသခင်တင်, သခင်သက်တင်နှင့်ကျွန်တော်-၃ ဦး ထမင်းချက်အလှည့်ကျ၍ အိပ်ဆောင်အပြင်ထွက်ကြရသည်။ မီးဖိုတွင် နံနက်စာထမင်း,ဟင်း သွားချက်ကြသည်။ အိပ်ဆောင်တွင် အပိတ်ခံနေရသော ရဲဘော်များသည် ကြွေးကြော်သံများကို အော်လိုက်နားလိုက် ထအော်လိုက် လုပ်နေကြဆဲဖြစ်သည်။

ကျွန်တော်တို့ ထမင်း စတင်ချက်နေစဉ်တွင် အိပ်ထောင်ထဲက သခင်တင်ဖေနှင့်သခင်ခက ကျွန်တော်တို့ကိုလက်ယပ်ခေါ်သဖြင့် သူတို့ဆီသို့ ကျွန်တော်ရောက်သွားသည်။ သူတို့က တိုက်ပိတ်ခံနေရသော သခင်သန်းမြိုင်နှင့် ဦးသုမနထံသွား၍ 'တိုက်ပိတ်ခံရခြင်းအတွက် အစာငတ်ခံလား-မခံဘူးလားမေးရန်' ကျွန်တော့်အား တာဝန်ပေးလိုက်သည်။

တိုက်တန်း၏မြောက်ဘက်အစွန်းခန်းတွင် သခင်သန်းမြိုင်ရှိ၍၊ ၄င်းနှင့်တစ်ခန်းခြားတွင် ဦးသုမနရှိနေသည်။ ဝါဒါများမမြင်စေရန် စာဖတ်ခန်းအဆောင်ကြီးဘေးက ကပ်မြောင်ရှောင်ပုန်းကာ သခင်သန်းမြိုင်တို့ကို ပိတ်ထားသည့်တိုက်ခန်းများရှေ့သို့ ရောက်အောင်သွားရသည်။

"တိုက်ပိတ်ခံရသည့်အတွက် ဘာလုပ်ကြမလဲ"-ဟု သခင်သန်းမြိုင်ကို မေးကြည့်ရာ၊ သခင်သန်းမြိုင်က 'အစာငတ်ခံမည်ဟု ရည်ရွယ်ကြောင်း၊ ဦးသုမနသဘောထား ဘယ်သို့ရှိသည်ကိုလည်း မေးကြည့်ရန်လိုကြောင်း' ပြောကာ၊ "ဦးသုမန" ဟု လှမ်းခေါ်လိုက်သည်။

ထိုအခိုက်မှာပင် တိုက်တန်းအနီးသို့ ဘယ်အချိန်ကရောက်နေမှန်းမသိသောဦးပန်းမောင်သည် ကုလားဝါဒါ ၃ ယောက်နှင့်အတူ ကျွန်တော့်ထံသို့ ခပ်သွက်သွက်လျှောက်လာနေသည်။ ကျွန်တော့်အဖို့ ဘယ်လိုမှရှောင်တိမ်း၍ မရတော့သဖြင့် ခပ်တည်တည်ပင်ရပ်နေလိုက်ပြီး၊ သခင်သန်းမြိုင်နှင့် ဟန်မပျက်ပင် စကားလှမ်းပြောနေလိုက်သည်။

"ခင်ဗျားတို့ ဒီမှာလာပြီး စကားမပြောပါနဲ့ ပြောထားတာမရဘူး။"-ဟု ဦးပန်းမောင်က ကျွန်တော့်ကို လှမ်းဟောက်လိုက်သည်။

"တိုက်ပိတ်ခံထားတဲ့လူနှင့် စကားမပြောရဘူးလို့ ဥပဒေရှိသလား။"-ဟု ကျွန်တော်က ပြန်မေးသည်။

"ဥပဒေရှိတယ်။ ထောင်ထဲမှာ ထောင်မှူး, ထောင်ပိုင်ပြောတာဟာ ဥပဒေပဲ။ ကဲ ကဲ- သူ့ကိုပါဒီတိုက်ထဲ ထည့်ပိတ်လိုက်ကြ။"-ဟု နောက်ကပါလာသောဝါဒါများကို ဦးပန်းမောင်က ပြောလိုက်သည်။

mgyoe.com SAMPLE BOOK
ဤသို့ဖြင့် ကျွန်တော်လည်း ဦးသုမနကိုပိတ်ထားသော တိုက်ခန်းတစ်ခန်းကျော်ရှိတိုက်ထဲသို့ ရောက်သွားပါတော့သည်။

ကျွန်တော် တိုက်ထဲရောက်သွားသည်နှင့် ကျွန်တော်တို့ ၃ ဦးညီပြီး ကြွေးကြော်သံ တစ်ချိုဟစ်လိုက်ကြပါသေးသည်။ ဦးပန်းမောင်သည် ဝါဒါတစ်အုပ်နှင့် ထောင်ထဲတွင် ဟိုလျှောက်ဒီသွားလုပ်နေသည်။ အိပ်ဆောင်အောက်ထပ်က ကျွန်တော်တို့ ရဲဘော်ရဲဘက်များ၏ ကြွေးကြော်သံနှင့် သံပုံးတီးသံများမှာ မစဲကြတော့ပါ။

"ဟေး- ဝါဒါ-ဝါဒါ"-ဟု ဦးသုမနက လှမ်းခေါ်လိုက်ရာ ဝါဒါတစ်ယောက်ရောက်လာသည်။

"ဟေ့- တံခါးဖွင့်။ သေးပေါက်ချင်တယ်။ အိမ်သာကို သွားမယ်။"-ဟု ဦးသုမနက ပြောသည်။ ဝါဒါကုလားက "ဘုန်းကြီး။ ခဏနေပါ။ ငွေးနီကိုနော်၊ သွားခေါ်မယ်။"-ဟု ပြောပြီးထွက်သွားသည်။

ဝါဒါကုလားနှင့် ငွေးနီကုလားကြီးရောက်လာရာ စီကလပ်အကျဉ်းသားတစ်ယောက်ပါ သူတို့နှင့်ပါလာသည်။ ငွေးနီကုလားကြီးက စီကလပ်အကျဉ်းသားကို ဂန်ဖလားတစ်ခုသွားယူခိုင်းလိုက်ပြီး ဂန်ဖလားရောက်လာသောအခါ ဂန်ဖလားကို တိုက်ခန်းထဲသို့သွင်းမပေးဘဲ တိုက်ခန်းဝလှေကားထစ်ပေါ်တွင် ချထားသည်။

ငွေးနီကုလားကြီးက "ဘုန်းကြီး။ ဒီအပြင်ဘက်မှာထွက်ပြီး သေးပေါက်ပါ။"

ဦးသုမနက "ဟေး- ကုလား။ အိမ်သာကိုသွားမယ်။ တံခါးဖွင့်ပေး။"

"အိမ်သာကိုမသွားရဘူးဘုန်းကြီး။"

"ဟေး- အိမ်သာကိုမသွားရရင် တိုက်ခန်းထဲကို ဂန်ဖလားသွင်းပေး။"

"ထောင်မှူးကြီးဆပ်က ပြောတယ်။ ဂန်ဖလားကို တိုက်ခန်းထဲမှာ မပေးရဘူးလို့ပြောတယ်။"

"ဟေ့- ကုလား။ တံခါးဖွင့်ကွ။ အိမ်သာသွားမယ်။ ဒီနေရာမှာ သေးမပေါက်ရဘူး။ ဟာ- ဒီကုလားတွေနဲ့ မဖြစ်ပါဘူး။ ဟေ့- ပန်းမောင်၊ ပန်းမောင်။"-ဟု ထောင်မှူးကြီးကို လှမ်းခေါ်လိုက်သည်။

ဦးပန်းမောင် ရောက်လာပြီး

"ကိုယ်တော်ဘာလုပ်မလို့လဲ။"

"ဒီမှာ ငွေးနီက အိမ်သာမသွားရဘူးလုပ်နေတယ်။"

"ဟုတ်တယ်ကိုယ်တော်။ အိမ်သာမသွားရဘူး။ ကိုယ်တော်ဘာလုပ်ချင်လို့။"

"ဘာလုပ်ချင်ရမှာလဲ။ သေးပေါက်ချင်လို့ပေါ့။"

"သေးပေါက်ချင်ရင် တံခါးဖွင့်ပေးမယ်။ အပြင်ကဂန်ဖလားထဲမှာ ပေါက်ပေါ့။"

"ခင်ဗျားတို့ရှေ့မှာ ဘယ်ပေါက်လို့ဖြစ်မလဲ။ ဂန်ဖလားကို တိုက်ထဲသွင်းပေး။"

"ဂန်ဖလား တိုက်ထဲသွင်းမပေးနိုင်ဘူး။ ဂန်ဖလားနဲ့ လူကိုပေါက်ချင်ပေါက်နေမှာ။ ကိုယ်တော့်ကို မယုံရဘူး။ ကဲ- ကိုယ်တော် အပြင်ထွက်ပေါက်ပါ။"

"ဟာ- ဘယ်ပေါက်လို့ဖြစ်မလဲဗျ။ ကျုပ်မပေါက်တတ်ပါဘူး။"

"အောင်မာ- ကိုယ်တော်နိုင်ငံရေးလုပ်နေပြီး ရှက်တတ်သလား။"

ဦးသုမနသည် အတန်ကြာတိတ်သွားပြီး "ကဲ- ဒါဖြင့် တံခါးဖွင့်။ အဲဒီနေရာမှာပဲ ပေါက်တော့မယ်။"

ထောင်မှူးကြီးကလက်ပြလိုက်သဖြင့် ဝါဒါကုလားက ဦးသုမန၏တိုက်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ဦးသုမန တိုက်ပြင်လှေကားထစ်ပေါ်သို့ ထွက်ရပ်လိုက်သည်ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ ဂန်ဖလားက ဦးသုမနခြေထောက်နားတွင်ရှိသည်။

လှေကားအောက်ဆုံးထစ်အနီးမှ ဦးပန်းမောင်က ဦးသုမနအားရပ်ကြည့်နေသည်။ ဦးသုမနသည် သူ၏သင်းပိုင်ကို အောက်စက ဆွဲလှန်လိုက်ပြီး၊ "ဟေ့- ပန်းမောင်။ ဒီမှာကြည့်စမ်း။ မင်းတူမ ××××"

mgyoe.com

mgyoe.com SAMPLE BOOK

စသော ဒေါသသံဖြင့် အယုတ်တမာဆဲရေးသံများထွက်လာပါတော့သည်။

ဦးပန်းမောင်သည် မျက်ထောင့်ကြီးနီလာကာ လူပ်လူပ်ရှားရှားဖြစ်သွားသည်။

''ကိုယ်တော်လူပါးဝတယ်။ လူပါးဝတယ်။''

''လူပါးဝတော့ ××× ဖြစ်လား။ မင်းလုပ်တာကကော တိရစ္ဆာန်ပါး မဝဘူးလား။''

''ကိုယ်တော် လူပါးဝတယ်။ သိမယ် သိမယ်။''-ဟု ဒေါသဖြင့်အော်ဟစ်ပြီး ဦးပန်းမောင်သည် တစ်ရှူးထိုးထွက်သွားပါတော့သည်။ ကုလားဝါဒါများက ဦးသုမနကို တိုက်ခန်းထဲတွန်းထည့်လိုက်ပြီး တိုက်ခန်းတံခါးကို ပိတ်လိုက်ပါသည်။

''ဦးသုမန။ အရှင်ဘုရားဒီလိုလုပ်တာ ကောင်းတယ်။ ဒီကောင်ကြီးဟာ ဒါနှင့်ပဲတန်တယ်။''-ဟု သခင်သန်းမြိုင်က ဦးသုမနကို လှမ်းချီးကျူးလိုက်သည်။ ဦးသုမနသည် အတော် အေးအေးဆေးဆေး နေတတ်သောကိုယ်တော် ဖြစ်သည်။ ဣန္ဒြေသိက္ခာလည်း ရှိသည်။ ရဟန်းကျင့်ဝတ်များကို မဖောက်မဖျက် ထိန်းသိမ်းကျင့်ကြံသည်။ ဤမျှ သိမ်မွေ့အေးဆေးလှသော ဦသုမန၏ပါးစပ်နှင့် အပြုအမူက ဤမျှရိုင်းပျစွာ ဖြစ်လာရသည်မှာကား အလွန့်အလွန်မချွတ်တီးနိုင်လောက်အောင် ဒေါသထွက်လာသောကြောင့်သာ ဖြစ်ပေမည်။

ဦးသုမနအခန်းက ဘာသံမျှမကြားရ။ အတန်ကြာမှ ကျွန်တော်တို့ ၃ဦး အစာငတ်ခံကြရန် ဆွေးနွေးပြီး သဘောတူညီလိုက်ကြသည်။ နံနက် ၁၀ နာရီလောက်တွင် ဘူးဝမှ မော်တော်ကားသံများကြားရသည်။ အိပ်ဆောင်ကြီးအောက်ထပ်က ထိုးတက်အော်ဟစ်လာသောကြွေးကြော်သံများမှာ တစ်ထောင်လုံးကို ဆူညံသွားပြန်သည်။

''တို့ကို ဘယ်ပို့မလို့လဲဟေ့။ အချုပ်ကား ၂ စီးနဲ့ ဝါဒါ ၃၀ လောက်ဝင်လာတယ်။ အပြင်မှာလည်း စစ်တပ်တွေ ဝိုင်းထားတယ်တဲ့။''-ဟု အိပ်ဆောင်အောက်ထပ်က သခင်ချမ်းသိမ်း၏လှမ်းအော်သံ ကြားရသည်။ ထိုအဖြစ်ကိုသိလာရသဖြင့် ကျွန်တော်တို့လည်းသွေးပူကာ ကြွေးကြော်သံများ ထအော်ကြပြန်သည်။

ဦးပန်းမောင်ခေါင်းဆောင်လာသော ဝါဒါများသည် အချို့က နံပါတ်တုတ်များကို ထမ်းထားကြသည်။ အချို့က လက်ထိတ်များကိုင်ထားကြသည်။ ဦးပန်းမောင်၏မျက်နှာတွင်ကား ဒေါသရောင်ဖြင့်လွှမ်းနေပေသည်။ ဝါဒါများသည် ကျွန်တော်တို့တိုက်ခန်း ၃ ခန်းရှေ့တွင် ဝိုင်းရပ်နေကြသည်။ အချို့ဝါဒါများက တိုက်ခန်းတံခါးများကို ဖွင့်၍ဝင်လာကြပြီး ကျွန်တော်တို့ကိုဖမ်းချုပ်ကာ လက်ထိတ်ခတ်ကြတော့၏။

''လက်ထိတ်ခတ်တယ်ဟေ့၊ ဒီအတိုင်းမလိုက်နဲ့၊ အိပ်ကြဟေ့။''-ဟု ဦးသုမနကလှမ်းအော်သည်။

ကျွန်တော်သည် ပါးစပ်က ကြွေးကြော်သံများအော်ရင်း သမံတလင်းပေါ်တွင် လှဲအိပ်လိုက်သည်။ ကုလားဝါဒါ ၂ ယောက်သည် ကျွန်တော့်ကိုအတင်းပွေ့၍ သူတို့ပခုံးပေါ်တင်ထမ်းပြီး အပြင်သို့ ထုတ်ယူသည်။ ဦးသုမနနှင့် သခင်သန်းမြိုင်တို့ကိုလည်း ဝါဒါကုလားများက ထမ်းထုတ်လာကြသည်။

အိပ်ဆောင်အောက်ထပ်တွင်လည်း ကျွန်တော်တို့ရဲဘော်ရဲဘက်များသည် ကျွန်တော်တို့လိုပင် လက်ထိတ်ခတ်၍ ထမ်းအထုတ်ခံနေကြရသည်။ တစ်ထောင်လုံးမှာ ကျွန်တော်တို့၏ ကြွေးကြော်သံ, ထောင်မှူးများ၏ အမိန့်သံ, ဝါဒါများ၏အော်သံများဖြင့် တဝေါဝေါညံနေတော့သည်။ အိပ်ဆောင်ဘေးတွင် အသင့်ထားသော အချုပ်ကားပေါ်သို့ ကျွန်တော်တို့ရောက်သွားကြပြီး၊ အချုပ်ကား ၂ ကားလုံးပေါ်တွင် ကျွန်တော်တို့နှင့်ပြည့်သွားသည်။ လူပေါင်း ၃၀ နီးပါးမျှရှိမည်။

ကျွန်တော်တို့က ထောင်ကား၏နံရံတွင်ကာထားသည့် သံဆန်ခါအနား ပါးစပ်ကပ်ကာ ကြွေးကြော်သံများကို အဆက်မပြတ်အော်နေကြသည်။ ထောင်ကား ၂ စီးကို နံပါတ်တုတ်ကိုင်ဝါဒါများ ရှေ့နောက်ခြံရံကာ ဘီကလပ်အိပ်ဆောင်ကလေးမှထွက်လာကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘီကလပ်ဆောင်ဘူးဝက စတင်၍ ထောင်နံရံလမ်းဘေးတစ်လျှောက်တွင် ကရင်စစ်သားများသည် ရိုင်ဖယ်သေနတ်တွင် လှံစွပ်များတပ်ကာ တန်းစီ၍စောင့်ကြပ်နေသည်ကို တွေ့ရသည်။ ဤစစ်သားများကား ထောင်မှူးကြီးဦးပန်းမောင်က သူ၏သြဇာအာဏာ အာဘယ်မျှကြီးမားကျယ်ပြန့်သည်ကို ကျွန်တော်တို့အပေါ် ပြသရာ၌ အရန်သင့်ရောက်လာရသူများ ဖြစ်ပေသည်။

အစာငတ် ရေငတ်

ကျွန်တော်တို့ကိုတင်ဆောင်လာသော ထောင်ကား ၂ စီးသည် အင်းစိန်ထောင်ကြီးဘူးဝသို့ အရောက်တွင် ဘူးတံခါးကြီးများကိုဖွင့်ပေးသဖြင့် ထောင်ထဲသို့ မောင်းသွင်းသွားသည်။ ထောင်ကားပေါ်က ထွက်ပေါ်လာသော ကြွေးကြော်သံများကြောင့် ရာဇဝတ်ထောင်ကျအကျဉ်းသားများက ထောင်တွင်းလမ်းမများပေါ်က လည်းကောင်း၊ ခပ်လှမ်းလှမ်းအိပ်ဆောင်များပေါ်ကလည်းကောင်း ဝိုင်းကြည့်နေကြသည်။

ထောင်ကား ၂ စီးကို တိုက်ခန်းများအနီးသို့ရောက်မှ ရပ်သည်။ တိုက်ခန်းများအတွင်းမှ ကျွန်တော်တို့ကြွေးကြော်သံကို တုံ့ပြန်အော်ဟစ်နေသောကြွေးကြော်သံများ ကြားနေရသည်။ သို့သော်- ဘယ်သူတွေ၏အသံဖြစ်သည်ကိုမူ မခွဲခြားနိုင်ပါ။ ထောင်ကားတံခါးများကိုဖွင့်ပြီး ကျွန်တော်တို့ကို ကုလားဝါဒါများက ပခုံးတွင်ထမ်း၍ အောက်သို့ချကာ တံခါးများဖွင့်ထားသော တိုက်ခန်းများအတွင်းသို့ တစ်ယောက်တစ်ခန်းကျ ထမ်းပို့ကြသည်။

အင်းစိန်ထောင်ကြီး၏တိုက်ခန်းများသည် ၈ ခန်းတွဲတိုက်တန်းလျားများကို မျက်နှာချင်းဆိုင်၍ ကျောချင်းကပ်၍ဆောက်ထားခြင်း ဖြစ်သည်ကို တွေ့ရသည်။ မျက်နှာချင်းဆိုင်တိုက်ခန်းချင်း မမြင်ရအောင် ရှေ့မှာ အုတ်တံတိုင်းအငယ်ကလေးတစ်ခုစီ ကာထားသည်။ ထို့ကြောင့်- ကျွန်တော်တို့သည် ဘယ်သူ ဘယ်အခန်းရောက်နေသည်ကိုသိရန် တစ်ယောက်နှင့်တစ်ယောက် လှမ်းမေးကြရသည်။ လွန်ခဲ့သောတစ်လ ကျော်ခန့်က 'အကြံပိုင်သောင်ခွေး၏လုပ်ကြံမှုကြီး' ဖြင့် တိုက်ပိတ်ခံနေရသော သခင်စိုးတို့လူစုမှာ ကျွန်တော်တို့အနီးအနားတွင် မရှိ။ ဤတိုက်တန်းလျားများ၏ ဟိုဘက်တစ်ဖက်စွန်းတွင်ရှိမည်ဟု ခန့်မှန်းရသည်။ အကြောင်းမှာ သူတို့၏ကြွေးကြော်သံများကို ကြားနေရသောကြောင့်ဖြစ်၏။

ကျွန်တော်တို့ကို 'ဘီကလပ်ဆောင်ကလေးသို့ ပြန်မပို့မချင်း အစာငတ်ခံကြမည်'-ဟု ကြေညာ၍ ကျွန်တော်တို့အားလုံးပင် အစာငတ်ခံလိုက်ကြသည်။ ကျွန်တော်တို့ကိုထည့်ထားသောတိုက်ခန်းထဲတွင် ဂန်ဖလားတစ်လုံးမှလွဲ၍ ဘာမျှမရှိပါ။ ကျွန်တော်၏ဘယ်ဘက်အခန်းတွင် သခင်လှကွန်း၊ ညာဘက်ခန်းတွင် သခင်တင်ဖေ၊ သခင်လှကွန်း၏ ဘယ်ဘက်အခန်းတွင် သခင်ခနှင့် သခင်ချစ်တင်, သခင်သန်းလေးတို့ ရှိကြသည်။ တိုက်ခန်းတိုင်းလိုလိုပင် ကျွန်တော်တို့နှင့် ပြည့်သိပ်နေသည်။

'အစာငတ်ခံပြီ' ဟု ကြေညာပြီးမကြာမီပင် ဘီကလပ်ဆောင်မှ သယ်ယူလာဟန်တူသော ထမင်း, ဟင်းများကို ပန်းကန်တစ်ချပ်စီတွင်ထည့်၍ တိုက်ခန်းသံတံခါးအဝများတွင် လာချထားသည်။ သခင်သန်းလေးကစ၍ သူ၏တိုက်ခန်းတွင်ချထားသော ထမင်းပန်းကန်ကို ခြေနှင့်ကျောက်ပစ်လိုက်သည်။ ထို့နောက်- ကျွန်တော်တို့အားလုံးပင် ခြေထောက်များကို သံတံခါးများကြားက အပြင်ထုတ်၍ ၁, ၂, ၃ ပြိုင်တူအချက်ပေးကာ ထမင်းပန်းကန်ပြားများကို ခြေနှင့်ကျောက်ချလိုက်ကြသည်။ တိုက်ခန်းများရှေ့တွင် ထမင်း,ဟင်းများ ပြန့်ကြဲသွားတော့၏။ ကျွန်တော်တို့ အစာငတ်ခံသည်ကို တန်ပြန်သဘောဖြင့် ကျွန်တော်တို့ကို ရေမတိုက်ရန် ထောင်ပိုင်က အမိန့်ထုတ်လိုက်သည်။ ထောင်အာဏာပိုင်များသည် ကျွန်တော်တို့တွင် အရေးပေါ်ကကိုင်စွဲလေ့ရှိသော 'အစာငတ်ခံခြင်းလက်နက်အပေါ် ရေအငတ်ထားခြင်းဖြင့် အနိုင်ယူမည်'ဟု ဆုံးဖြတ်ထားဟန်တူပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကြာသော်၊ ကျွန်တော်တို့သည် ကြွေးကြော်သံများကို သံပြိုင်မအော်နိုင်ကြတော့ပါ။ တိုက်တန်းနှင့် မနီးမဝေးတွင်ရှိသော အိပ်ဆောင်များ, အလုပ်ဆောင်များရှိ ထောင်ကျအကျဉ်းသားများ ကြားလောက်အောင်သာ တစ်ယောက်တစ်လှည့်စီ နိုင်ငံရေးတရားများ ဟောပြောကြလေသည်။ ကျွန်တော်တို့ကိုပိတ်ထားသော တိုက်ခန်းများတွင် ဝါဒါနှင့် ထောင်ကျဘာယာများကို တစ်ခန်းတစ်ယောက်ကျ အစောင့်ချထားသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ ကြွေးကြော်သံအော်ခြင်း, တရားဟောခြင်းတို့ကို ထိုသူတို့က ခြိမ်းခြောက်ဟန့်တားမှုများ ပြုကြသော်လည်း ကျွန်တော်တို့က သူတို့ကို အလေးဂရုပင် မပြုကြပါ။

နေ့လယ် ၁၂ နာရီအရောက်တွင် ကျွန်တော်တို့၏ကြွေးကြော်သံနှင့် တရားဟောပြောခြင်းတို့ကို ရပ်နားထားလိုက်ကြသည်။ ဖိနှိပ်မှု, အနိုင်ကျင့်မှုများကို မခံမရပ်နိုင်လောက်အောင် စိတ်ဓာတ်များ ဆူပွက်နေသောကြောင့်သာ အားပါးတရ အသံကုန်ဟစ်အော်ခဲ့ကြသော်လည်း အာခေါင်များက ခြောက်လာသည်။ တံတွေးများက ခွဲလာသည်။ လည်ချောင်းများမှာလည်း နာနေသည်။ ရေမသောက်ရသည့်အထဲ ချွေးထွက်လာသောအခါ ရင်ပါပူလာသည်။ ထမင်းတော့ မဆာလှ၊ ရေသာ သောက်ချင်နေသည်။ သို့ကြောင့် ကျွန်တော်တို့ အခင်းမရှိသော သမံတလင်းပေါ်တွင် အပန်းဖြေလဲနေကြသည်။ နားနေရင်းဖြင့် အိပ်ပျော်သွားပါသည်။

ကျွန်တော် ပြန်နိုးလာသောအခါ ညနေ ၃ နာရီထိုးခန့် ရှိပြီ။ အိပ်ဆောင်များနှင့် ထောင်တွင်းလမ်းများပေါ်မှ ထောင်ကျအကျဉ်းသားများ၏ မခွဲခြားနိုင်သည့် ဆူဆူညံညံအသံများကို ကြားနေရသည်။ တိုက်ပိတ်ခံထားရသော ကျွန်တော်တို့တစ်တွေမှာ အိပ်သူကအိပ်, အပန်းဖြေသူကဖြေနေသဖြင့် တိတ်ဆိတ်နေကြသည်။ တစ်ခါတစ်ခါ အစွန်တိုက်ခန်းဘက်မှ တစ်ခန်းနှင့်တစ်ခန်း စကားလှမ်းပြောသံကြားရသည်။ သခင်တင်ဖေ၏ တိုက်ခန်းဘက်က တရုပ်ရုပ်အသံကြားနေရသည်။

"ဟင်း- တောက်၊ ရေငတ်တာခံနိုင်သေးတယ်။ ဆေးလိပ်ငတ်တာက ...။ မအေရိုးပန်းမောင်"

သူ့ဆဲသံကိုကြားသဖြင့် ကျွန်တော်ပြုံးမိသည်။ သခင်တင်ဖေသည် ဆေးလိပ်အလွန်ကြိုက်သူဖြစ်သည်။ ထောင်ဝင်စာလာတွေ့သူများကို စားစရာသောက်စရာများ မမှာ၊ သူ အလွန်ကြိုက်သော ဗိုလ်လသာဆေးပြင်းလိပ်ကိုသာ တဖွဖွမှာလေ့ရှိသည်။ အပြင်ကပို့ပေး၍ ဗိုလ်လသာဆေးပြင်းလိပ်လိုင်နေပါက ဆေးပြင်းလိပ်ကို တစ်လိပ်ပြီးတစ်လိပ် ပါးစောင်တွင်ခဲထားသူဖြစ်သည်။ ဆေးလိပ်ရှားပါးသွားလျှင်မူ ဆေးပြင်းလိပ်ကို မုတ်ဆိတ်ရိတ်ဓားဖြင့် သေသပ်စွာပါးပါးလှီး၍ စက္ကူဖြင့် 'ပွတ်ချွန်း' ခေါ် ဘီဒီဆေးလိပ်ပုံစံလိပ်ပြီး ချွေတာသောက်သည်။ သူသည် 'ပွတ်ချွန်း'လိပ်ရာတွင် ပါရဂူမြောက်သူဖြစ်သည်။ ဆေးပြင်းလိပ်အပြတ်အလပ်မခံနိုင်သော သခင်တင်ဖေသည် ယခုအခါ ဆေးလိပ်မသောက်ရသဖြင့် ဒုက္ခရောက်နေချေပြီ။

ကြွေးကြော်သံများအော်နေစဉ်က ရေမဆာတော့ပါ။ ရင်ထဲက အနည်းငယ်ပူသလိုလိုသာ ခံစားနေရသည်။ 'ထမင်းအသက် ၇ ရက်, ရေအသက် တစ်မနက်' ဟု ဆိုရိုးစကား ရှိသော်ငြားလည်း ရေ တစ်ရက်မသောက်ရရုံမျှဖြင့် သေနိုင်မည်ဟု မထင်ပါ။

"ဟော့- အိပ်ချည်းမနေကြနှင့်ကွာ။ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ပေးလိုက်, လှဲနေလိုက် သက်သာတယ်။ ရေဆာနေတာလည်း ပျောက်တယ်။"-ဟု သခင်ခက သူ့ဘေးခန်းရှိ ရဲဘော်တစ်ယောက်ကို ဩဝါဒပေးနေသည်။ ကျွန်တော်သည် သခင်ခ၏ဩဝါဒအတိုင်း အခန်းထဲတွင် ထ၍ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်စမ်းကြည့်သည်။ လမ်းလျှောက်ရင်း သံတံခါးကိုတွယ်ကပ်၍ ရှေ့နှင့်ဘေးဘီသို့ ချောင်းကြည့်မိသည်။ ရှေ့တည့်တည့်က အုတ်နံရံခံနေသဖြင့် ဘာကိုမျှ မမြင်ရပါ။ တစ်ဖက်ခန်းက သခင်တင်ဖေ၏အသံ ကြားရသော်လည်း အခြားတစ်ဖက်ခန်းက သခင်လှကွန်း၏အသံကိုမူ မကြားရပါ။

"ဟေး- ဖိုးလှကွန်း။ အိပ်နေသလား။"

"အင်း- မှိန်းနေတယ်။"

mgyoe.com

mgyoe.com SAMPLE BOOK

"ရေဆာသလား။"

"ဆာတာပေါ့ဟ။"

"အေး- မင်းက ရေဆာနေ။ ဟိုဘက်ကဆရာကြီးကတော့ ဆေးလိပ်ဆာနေတယ်တဲ့။"

"အို- သူကတော့ ဆေးလိပ်ပဲဆာမှာပေါ့။ သူ ဆေးလိပ်ယူမလာခဲ့ဘူးလား။"

သခင်တင်ဖေက လှမ်း၍ "ဟ- ခွေးသေကောင် လဒဆွဲသလို အတင်းဝင်ဆွဲတာ ဘယ်ယူခဲ့နိုင်မလဲ။ တဝုန်းဝုန်းနဲ့ ပါးစပ်ထဲခဲထားတဲ့ဆေးလိပ်တောင် ဘယ်ကျကျန်ရစ်မှန်းမသိဘူး။"-ဟု ပြောရင်း၊ "မအေပေးပန်းမောင်" ဟု ဩဘာပေးလိုက်ပြန်ပါသည်။

"ဒါနဲ့ မင်းတို့ဘက်ကအခန်းတွေမှာ ဘယ်သူတွေလဲ။ သူတို့ဆီမှာ ဆေးပြင်းလိပ်များပါမလား။ မေးကြည့်ပါဦး။"

ကျွန်တော်နှင့် သခင်လှကွန်းမှာ ဆေးလိပ် မသောက်တတ်ကြပါ။ ဆေးလိပ်ရှိဦးတော့ တစ်ခန်းနှင့် တစ်ခန်း ဘယ်လိုရောက်အောင် ပို့ပေးမည်နည်း။ ကုလားဝါဒါတွေကလည်း ပို့ပေးမည် မဟုတ်ပါ။ သခင်လှကွန်းက သူ့ဘယ်ဘက်အခန်းများသို့ လှမ်းမေးကြည့်သည်။ 'ဆေးလိပ် မပါကြပါ' တဲ့။

"အင်း- ဆေးလိပ်မသောက်ရတာနဲ့ သခင်တင်ဖေတစ်ယောက်တော့ ဒုက္ခပဲ။"

သခင်တင်ဖေအကြောင်းကို ဆက်တွေးမိသည်။ သခင်တင်ဖေသည် သာယာဝတီ အုတ်ဖိုသားဇာတိဟု သိရသည်။ ဂဠုန်ဦးစော၏အကြောင်းဇာစ်မြစ်ကို အူသေး,အူမမကျန် သိသူဖြစ်သည်။ ဂဠုန်ဦးစော၏ ချွတ်ယွင်းချက်များကိုလည်း နှိုက်နှိုက်ချွတ်ချွတ်ပြောတတ်သဖြင့် တရားပွဲများတွင် တဝါးဝါးပွဲကျအောင် ဟောနိုင်သူ ဖြစ်သည်။ ဦးစောပင် သူနှင့်ရင်ဆိုင်ပြီး တရားမဟောရဲသဖြင့် ရှောင်ပြေးလေ့ရှိသည်ဟု ကြားရ၏။ ဌာနချုပ် တောင်သူလယ်သမားအစည်းအရုံးတွင် အမှုဆောင်တစ်ယောက်အဖြစ် ရန်ကုန်သို့လာ၍ တာဝန်ယူနေရင်း သခင်တင်ဖေ အဖမ်းခံရခြင်း ဖြစ်သည်။ သူသည် မျက်မှန်တဝင့်ဝင့်နှင့် စကားနည်း၍ ခပ်အေးအေးနေတတ်သော်လည်း သူ့တွင် ဟာသရှိသည်။ လူတစ်ဖက်သားကို အူကြောင်ကြောင်ဖြစ်သွားအောင် မျက်နှာထားတည်တည်ဖြင့်နောက်တတ်ပြောင်တတ်သူ ဖြစ်ပေသည်။

တစ်ခါက ဒေးဒရဲမှသခင်မောင်မောင် ထောင်တွင်းသို့ရောက်စက "ဟေ့လူ- ခင်ဗျားခြေထောက်မှာ ဘာဖြစ်တာလဲ။ သွေးတွေ သွေးတွေ။"-ဟု မျက်နှာတည်တည်ဖြင့်ပြောလိုက်ရာ သခင်မောင်မောင်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး သူ့ခြေထောက်ကို ဟိုသည်လှည့်၍ ကပျာကယာရှာကြည့်နေသည်။ အံ့သြဟန်ဖြင့် "ဘယ်မှာလဲ။ မတွေ့ပါလားဗျ။"-ဟု သခင်မောင်မောင်က မေးလိုက်ရာ၊ "ကုလားဖြူရဲ့ လည်ချောင်းသွေးတွေလေ၊ မမြင်ဘူးလား။"-ဟု သခင်တင်ဖေက မင်သေသေပင်ပြန်ပြောလိုက်တော့မှ သခင်မောင်မောင်က နောက်မှန်းသိတော့သည်။

"ဟာ- ကျုပ်က အဟုတ်မှတ်လို့။ ခင်ဗျား တော်တော်နောက်တဲ့လူပဲ။"-ဟု ပြောရသည်။

ဒေးဒရဲသခင်မောင်မောင်ကား 'ကုလားဖြူသွေးဘုရင်ခံသွေးနဲ့ ခြေဆေးမဟေ့'-ဟု တရားဟောသဖြင့် ထောင်ကျလာသူ ဖြစ်သည်။

ဟိုတွေးသည်တွေးဖြင့်ပင် တိုက်ခန်းအတွင်း အမှောင်ရိပ်က တဖြည်းဖြည်းလွှမ်းလာပါသည်။ အင်းစိန်ထောင်ကြီးအတွင်း စောစောကလိုင်းထနေသော တဝေါဝေါအသံများသည်လည်း ညဉ့်ရိပ်အောက်တွင် ငြိမ်သက်လျော့ပါးလာသည်။ ကျွန်တော်တို့နှင့် ထောင်အာဏာပိုင်များအတွင်း သူတင်းကိုယ်တင်းဖြစ်ပွားနေသော ယခုဆင်နွှဲနေသည့်တိုက်ပွဲသည် ဘယ်မျှကြာအောင် ဒုက္ခခံနေရပြီး၊ မျောနေရဦးမည်ကား မသိပါ။ ဤတိုက်ပွဲကို မည်သို့မည်ပုံအဆုံးသတ်ပစ်ရမည်လည်း မစဉ်းစားတတ်တော့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့တိုက်ပွဲအောင်ရာအောင်ကြောင်း အခွင့်အလမ်းကား တစ်ခုတည်းသာရှိပါသည်။ ကျွန်တော်တို့ ထောင်တွင်းနိုင်ငံရေးသမားများ အစာငတ်ခံနေကြောင်း၊ အစာငတ်ခံသည့်အတွက် ထောင်မှူး, ထောင်ပိုင်များက ကျွန်တော်တို့အား ရေပါဖြတ်၍ ညှဉ်းပန်းနေကြောင်း အပြင်လူများသိစေပြီး၊ သတင်းစာများတွင်ပါလာမှသာ ကျွန်တော်တို့တိုက်ပွဲမှာ ကြာရှည်မျောမနေဘဲ ထောင်မှူး,ထောင်ပိုင်တို့က လျှော့ပေးလာရမည်ဖြစ်ပါသည်။

အပြင်ကလူအများသိအောင် လုပ်ဖို့ရာမှာ ဘီကလပ်ထောင်ကလေးတွင်မူ လွယ်ကူသည်ဟု ဆိုရမည်။ ညဉ့်ဦးယံလူခြေတိတ်ချိန်တွင် ကြွေးကြော်သံများ ပြိုင်တူအော်ကြပါက ထောင်ပြင်ရွာမကလူများ ကြားနိုင်, သိနိုင်သဖြင့် သတင်းစာများတွင် ချက်ချင်းပါလာနိုင်သည်။ ဤအင်းစိန်ထောင်ကြီးတွင်ကား အပြင်ကကြားရလောက်အောင် ကြွေးကြော်သံအော်ဖို့ မလွယ်ကူပါ။ ကျွန်တော်တို့အားလုံးစုပြုံပြီး အသံကုန်အော်သည့်တိုင် အပြင်ကလူများ ကြားနိုင်မည်မထင်ပါ။ ကျွန်တော်တို့ အပိတ်ခံထားရသော တိုက်ခန်းများမှာ ထောင်နံရံကြီးနှင့် အတန်အလှမ်းဝေးနေပါသည်။

ကျွန်တော်တို့အော်သံကို အပြင်ကလူများ ကြားနိုင်သည်ထားဦး။ ကျွန်တော်တို့တွင် ရေတပ်နေကြသဖြင့် အာခေါင်များခြောက်ကာ အသံပင် ကောင်းစွာမထွက်ကြတော့ပါ။ ကျွန်တော်တို့အားလုံးသည် ညဉ့်နက်လေ ရေတပ်လေ ဖြစ်လာသဖြင့် အိပ်၍ပင်မပျော်ကြတော့ပါ။ ဇွတ်အတင်းမှိတ်၍ အိပ်ကြစေကာမူ တမှေးမှေး အိပ်ပျော်သွားလိုက်, ဖျတ်ခနဲလန့်နိုးလိုက်, တစ်ခန်းနှင့်တစ်ခန်း လှမ်းစကားပြောလိုက်နှင့် ဒုက္ကရစရိယာ ကျင့်နေကြရသည်။ ဤသို့ဖြင့်ပင် ထိုနေ့တစ်ည မိုးလင်းသွားရတော့သည်။

တပ်ဆုတ်ရခြင်း

နံနက်မိုးလင်းသည်မှစ၍ ရေတပ်လှသဖြင့် ကျွန်တော်တို့သည် ကြွေးကြော်သံများကို မနေ့ကလို အားရပါးရ မအော်နိုင်တော့ပါ။ တစ်ခါတစ်ခါမှသာ 'ရေ ရေ၊ ယူခဲ့ ယူခဲ့' 'ပန်းမောင် ပန်းမောင်၊ အို့ အို့' 'မက်ကဘွိုင် မက်ကဘွိုင်း၊ ဖူးလ် ဖူးလ်' ဟု အသံပျော့ပျော့နှင့် အော်နိုင်ကြတော့သည်။

ထောင်အာဏာပိုင်များသည် ကျွန်တော်တို့ကို ပညာရှိညှဉ်း ညှဉ်းလာပါသည်။ တောင်းနေသော ရေကိုကား မပေး။ နွားနို့များကို ခွက်များနှင့်ထည့်၍ သံတံခါးပေါက်များတွင် လာချထားကြပြန်သည်။ နွားနို့ခွက်များကို ကြည့်ပြီး ဝမ်းတွင်းလိပ်လိပ်တက်လာသော အစာငတ်, ရေငတ်ဒုက္ခကို ခံစားနေကြရပါသည်။ ဒေါသကလည်းထွက်နေသဖြင့် နို့ခွက်များကို ခြေထောက်နှင့် ကန်ချပစ်လိုက်ကြပြန်သည်။

"ရေသောက်ချင်ရင် ထမင်းစားရမယ်။ ထမင်းစားမလား။ ရေပေးမယ်။"-ဟု လာပြောသေးသည်။ လာပြောသူဘာယာများအား ဝိုင်းပြီးဆဲလွှတ်လိုက်ကြသည်။

နံနက် ၉ နာရီလောက်တွင် နံပါတ်တုတ်များ, ကြိမ်လုံးကြီးများကိုကိုင်စွဲထားကြသော ဘာယာများနှင့် ထောင်ကျအကျဉ်းသားများတစ်အုပ်ကြီး တိုက်တန်းများသို့ ဝင်လာကြသည်။ တံခါးပေါက် တစ်ခုလျှင် ၂ ယောက်-၃ ယောက်စီရပ်ပြီး သံတံခါးဖွင့်ကာ တိုက်အတွင်းရှိကျွန်တော်တို့ကို ဝင်ပြီးရိုက်မည့်ဟန်ဖြင့် ဆဲရေးတိုင်းထွာ ခြိမ်းခြောက်ကြတော့သည်။

ကျွန်တော်တို့တိုက်ခန်းရှေ့တွင်ရပ်လာသော အကျဉ်းသား ၂ ယောက်အနက်မှ တစ်ယောက်က "ဟေ့- သခင်စုတ်ကလေး။ မင်းတို့က ဘယ်လောက်သတ္တိရှိလို့ ထောင်မှူး, ထောင်ပိုင်တွေကို မလေးမစားလုပ်နေရသလဲ။ အပြင်မှာလူသတ်လာလို့ ထောင်ကျလာတာကွ။ တို့အကြောင်းကို မင်းသိသွားအောင် ကောင်းကောင်းပြလိုက်မယ်။"-ဟု ဘယ်လက်မောင်းတွင် မားခုတ်ရာအမာရွတ်ကြီးရှိသူ အရပ်ဆိုးဆိုးနှင့် ထောင်ကျအကျဉ်းသားက ကျွန်တော့်မျက်နှာကိုစေ့စေ့ကြည့်၍ ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ကလည်း ဒေါသဖြင့် ပြန်အော်သူကအော်သည်။ လေအေးအေးဖြင့် ဖျောင်းဖျတရား ဟောသူက ဟောနေသည်။ ကျွန်တော်က "ဒီမှာနောင်ကြီး။ အေးအေးပြန်သွားရင်ကောင်းမယ်။ မြန်မာ အမျိုးသားအချင်းချင်း ဘာဖြစ်လို့ ဒီလို မဟုတ်တာလုပ်ချင်ရတာလဲ။ ကျွန်တော်တို့ဆန့်ကျင်တိုက်ခိုက်နေတာက အင်္ဂလိပ်နယ်ချဲ့သမား။ ခင်ဗျားက မြန်မာဖြစ်လျက်နှင့် ဘာဖြစ်လို့ သူတို့ဘက်ပါချင်ရတာလဲ။"

"ဟေ့- မအေ ...လေး၊ တိတ်စိမ်း။ မင်းက ဘယ်လောက်မိုက်လို့ ပြန်ပြောနေရတာလဲ။"

ကျွန်တော်လည်း ထိန်းမရအောင် ဒေါသထွက်လာပါသည်။ ထောင်ပြင်တွင် ဤလူဆိုးလူမိုက်မျိုးနှင့် တစ်ယောက်ချင်းတွေ့က ကြောက်မိလျှင် ကြောက်မိဦးမည်။ ယခုမူ အများနှင့်အတူ တိုက်ပွဲဝင်နေရသောကြောင့် ကြောက်ရွံ့စိတ်ဟူ၍လုံးဝပေါ်မလာဘဲ ဒေါသပွလာပါတော့သည်။

"ဒီမှာ ခင်ဗျားတို့ကရော ဘယ်လောက်မိုက်လို့လဲ။ ခင်ဗျားတို့မိုက်တာက ကိုယ့်သားမယား,မိဘ စားဖို့အတွက်ပါဦးမယ်။ ကျုပ်တို့မိုက်တာက ဘယ်သူ့အတွက်မှမဟုတ်ဘူး၊ တိုင်းပြည်အတွက် မိုက်နေတာ။ ခင်ဗျားတို့မိုက်တာက ပုလိပ်ကိုတောင် မော်ကြည့်ရဲတာမဟုတ်ဘူး၊ ကျုပ်တို့က ဘုရင်ခံတောင် မကြောက်ဘူး။"

ထောင်ကျလူမိုက်များသည် တုတ်တဝင့်ဝင့်ဖြင့် သံတံခါးကိုဖွင့်၍ အတင်းဝင်ရိုက်မလိုလို လုပ်လာကြပါသည်။

"ဟေး- ဒီကောင်တွေ တိုက်ထဲဝင်လာရင် ဂန်ဖလားနှင့် ဆီးဆော်ဟေ့။"-ဟု အော်လိုက်သော သခင်သန်းလေး၏အသံကြားရ၏။ ကျွန်တော် သတိရလာကာ ကျင်ငယ်ရေများရှိနေသောဂန်ဖလားကို သွားယူပြီး ဂန်ဖလားကို လက် ၂ ဖက်ဖြင့် ကိုင်မြှောက်ထားလိုက်သည်။ သူတို့ တံခါးကို ဖွင့်မလာကြပါ။ သက်သက်လာပြီး 'ကြောက်မလား'ဟု ခြောက်လှန့်ကြည့်ခြင်းမျှ ဖြစ်မည်ထင်သည်။ သူတို့ဟန်ဆောင်အစီအစဉ် မဟန်မှန်း သိသောအခါ ထောင်မှူးတစ်ယောက်က သူတို့အားလုံးကိုလာခေါ်လေရာ မျက်နှာသေများဖြင့် တပ်ခေါက်၍ ပြန်သွားကြပါတော့သည်။

ကျွန်တော်တို့သည် ဤအဖြစ်အပျက်အပေါ် ဒေါသဖြစ်လွန်းကြသဖြင့် ရေတစ်နေသည်ကိုပင်မေ့နေပြီး ကြွေးကြော်သံများကို တတ်နိုင်သလောက် အသံထုတ်ပြီး အော်လိုက်ကြသေးသည်။ ကြွေးကြော်သံအော်ပြီး အတန်ကြာ နားနေကြစဉ် "ဟေ့- ဖိုးတင်မြ" ဟု သခင်တင်ဖေကလှမ်းခေါ်လိုက်သည်။

"ဗျို့"

"မင်းကို ဟိုကောင်တွေက ဘယ်လိုဆဲသွားသေးလဲ။ ငါ့ကိုတော့ 'ဟေ့- ဝရမ်းပြေးနှင့်ဖာသည်မ ဧရပ်ပေါ်မှာ -ပြီးမွေးတဲ့ ငါ-မသား'လို့ ဆဲသွားတယ်ကွ။ ဆဲပုံက ဘယ်လောက်သင်းလိုက်သလဲလို့။ ကြဲကြဲဖန်ဖန် သူတို့မို့ဆဲတတ်ပလေ။ ဟဲ ဟဲ"

* * *

နေ့လယ် ၂ နာရီလောက်တွင် နေပူပြင်းလာသည်နှင့်အမျှ ရေက ပိုတတ်လာကြသည်။ ဝါဒါကုလားများနှင့် ဘာယာအချို့ ဒန်အိုးကြီးတစ်ခုကို ယူလာကြပြန်သည်။

"ရေ ရေ ရမယ်။ ရေသောက်ကြမလား။"-ဟု ဘာယာတစ်ယောက်က အော်မေးလိုက်သည်။

"သောက်မယ်ဟေ့", "ရေရပြီဟေ့။ ဒီကို ယူခဲ့ပါ။", "ဟေ့- ဒီကိုမြန်မြန်", "ဟေ့- ကုလား၊ ဒီကိုယူခဲ့ကွ။"

အသံတွေဆူညံသွားသည်။ ထောင်အာဏာပိုင်များကလျှောပေးရပြီး ရေသောက်ရတော့မည်ဟု ဝမ်းသာသွားမိသည်။ မျက်နှာချင်းဆိုင်တိုက်ခန်းမှ သခင်မြသန်းက "ဟေ့- ရေမဟုတ်ဘူးထင်တယ်၊ အရမ်းမသောက်ကြနှင့်ဟေ့။"

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ အစမ်းသောက်ကြည့်လိုက်ဦးမယ်။"

သခင်ခကြီးအသံ။

"ဟ- ချိုတယ်ဟ။ ဂလူးကို့စ်ရေတွေ။ သွားရော့ဟာ"

သခင်သန်းလေးအသံနှင့်အတူ ဒန်အိုးကြီးလိမ့်ကျသွားသံ ကြားလိုက်ရသည်။ ဘာယာအချို့၏ "ခင်ဗျားတို့မကောင်းဘူး။ လူပါးဝတယ်။"-ဟုအော်သံကြားလိုက်ရသည်။ "မအေ-ပန်းမောင်" ဆက်၍ ဆဲလိုက်သောအသံတစ်သံ ထွက်ပေါ်လာပါသည်။

ကျွန်တော်တို့ အစာငတ်ခံနေသည်ကို ချိုးဖျက်ပစ်ရန် ထောင်အာဏာပိုင်များက ပရိယာယ်အမျိုးမျိုး သုံး၍ ညှဉ်းနေခြင်းပင်ဖြစ်သည်။ နံနက်စာ ထမင်းစားချိန်ကလည်း ဘာယာတစ်ယောက်သည် ခိုးကြောင်ခိုးဝှက် အမူအရာဖြင့် ချာပါတီ ၂ ချပ်ကိုင်ကာ ကျွန်တော့်ဆီ ရောက်လာသည်။ "မြင်မြင်ချင်းခင်လို့, သနားလို့, ဒုက္ခခံနေတာ မကြည့်ချင်လို့ ဝါဒါမိသွားရင် အပြစ်ပေးခံရမှာသိလျက်နဲ့ လာပေးတာပါ။ စားပါ၊ ယူထားလိုက်ပါ။"-ဟု အပျော့နှိုက်သည်ကို မောင်းထုတ်ခဲ့ရသေးသည်။ ယခုလည်း 'ရေ'ဆိုပြီး ဂလူးကို့စ်ရေများကို လှည့်ဖြား၍လာတိုက်ခြင်းပင်ဖြစ်သည်။

သခင်မြသန်းက "ဗို့-သခင်ခ၊ ခင်ဗျားမြည်းကြည့်တာက တစ်ခွက်လုံးကုန်သွားတယ်နဲ့တူတယ်။"

"အေးဟ- ငါလည်း ရေတော်လွန်းနေတာနဲ့ ချိုနေတာတောင် မသိလိုက်ဘူး။"

"ဒါနဲ့ တစ်ခွက်လုံးကုန်ရော မဟုတ်လား။ ဟား ဟား"-ဟု သခင်သန်းလေး၏ သရော်လိုက်သံကို ကြားရ၏။

ညနေ ၄ နာရီလောက်တွင် အင်းစိန်ထောင်မှူးကြီးဦးဘတင် စာရွက်တစ်ရွက်ကိုင်၍ ရောက်လာပါသည်။ 'သခင်ခ, သခင်တင်ဖေ, သခင်သန်းမြိုင်တို့-၃ ယောက်ကို သခင်နု, သခင်စိုး, သခင်လေးမောင်, သခင်သန်းထွန်းတို့ကဆွေးနွေးလို၍ လိုက်ခဲ့ရန်' ဟု စာတွင်ရေးထားသည်။ ကျွန်တော်တို့ခေါင်းဆောင် ၄ ဦး၏လက်မှတ်ထိုးထားသည်။

သခင်ခ, သခင်တင်ဖေ, သခင်သန်းမြိုင်တို့သည် ထောင်မှူးကြီးနှင့်အတူ ပါသွားကြသည်။ သူတို့ပြန်လာပါက တိုက်ပွဲနှင့်ပတ်သက်၍ အဖြေတစ်ခုခုတော့ ပါလာကောင်းပါရဲ့ဟု တွေးနေမိသည်။ ထောင်မှူး, ထောင်ပိုင်ကပဲ လျှောက်ပေးမလား။ ဒါမှမဟုတ် ကျွန်တော်တို့ကပဲ လျှောက်ပေးရမလား။

တစ်နာရီနီးပါးမျှ ကြာသောအခါ သူတို့ ၃ ယောက် ထောင်မှူးကလေးတစ်ယောက်နှင့်အတူ ပြန်လာကြပါသည်။ သူတို့ ၃ ယောက်က လူခွဲ၍ တိုက်ခန်းများတွင်ရှိနေသည့် ကျွန်တော်တို့အား ခေါင်းဆောင်များ၏ သဘောထားများကို ပြန်ပြောပြကြပါသည်။

ထောင်အာဏာပိုင်များနှင့် ကျွန်တော်တို့ခေါင်းဆောင်များ စေ့စပ်ဆွေးနွေးခဲ့ကြသည့် သဘောတူချက်အတိုချုပ်မှာ "ကျွန်တော်တို့က အစာငတ်ခံနေခြင်းကိုရပ်စဲ၍ ထောင်ဥပဒေစည်းကမ်းအတိုင်း လိုက်နာနေထိုင်ပါမည်ဟု ကတိပြုရမည်။ ဤသို့ကတိပြုပါက လုပ်ကြံမှုဖြင့် တိုက်ပိတ်ခံနေရသော ခေါင်းဆောင်များနှင့်အတူ ကျွန်တော်တို့ကို ဘီကလပ်ထောင်ကလေးသို့ ပြန်ပို့ပေးမည်။ စာသင်တန်းများကို ဖွင့်ခွင့်ပေးမည်။ ထောင်အာဏာပိုင်များက တင်းကျပ်စွာဖိနှိပ်ခြင်း, လက်စားချေခြင်းများ မပြုပါ။" ဟူ၍ ဖြစ်ပေသည်။

ကျွန်တော်တို့၏ သဘောထားကိုလည်း မေးသည်။ ကျွန်တော်တို့က 'ခေါင်းဆောင်တွေ သဘောတူပြီးဖြစ်၍ ဘာမျှပြောစရာမရှိ၊ သဘောတူသည်'-ဟု ပြန်ကြားလိုက်ကြပါသည်။ 'ကျွန်တော်တို့ စေ့စပ်သဘောတူညီချက်ကို သဘောတူလက်ခံကြောင်းနှင့် အစာငတ်ခံခြင်းကို ရပ်စဲလိုက်ပြီဖြစ်ကြောင်း' ထောင်မှူးအား ပြောလိုက်သည်နှင့် ပထမဦးစွာ ရေများ ရောက်လာပါသည်။ နောက် နွားနို့နှင့်ပေါင်မုန့်များ ရောက်လာတော့၏။ ညနေထမင်းကိုမူ အတော်အချိန်လင့်မှ စားကြရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံရေးသင်တန်းများ

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့အားလုံးအား ဘီကလပ်ထောင်သို့ ပြန်ပို့လိုက်ပါသည်။ သခင်လှိုင်တစ်ယောက်သာ 'ထောင်မှူးကြီးဦးပန်းမောင်နှင့် မျက်နှာချင်းမဆိုင်လို၊ ဒေါသမထိန်းနိုင်သည်နှင့် တစ်နေ့နေ့ရိုက်မိလိမ့်မည်။ ထို့ကြောင့်-အင်းစိန်ထောင်ကြီးတွင် သခင်မြသွင်တို့အစုနှင့်နေရစ်တော့မည်'ဟု ပြောပြီးကျန်ခဲ့သည်။ ဘီကလပ်ထောင်ကလေးတွင် ဆူပူလှုပ်ရှားခဲ့သောကာလ တစ်ခန်းရပ်၍ အေးချမ်းငြိမ်သက်သောကာလ အစပြုခဲ့ပေပြီ။

သခင်စိုး, သခင်လေးမောင်, သခင်နု, သခင်သန်းထွန်းတို့သည် အင်းစိန်ထောင်ကြီးတွင် အတော်ကြာကြာ တိုက်ပိတ်ခံနေခဲ့ရစဉ်အတွင်း သတင်းစာမဖတ်ရသဖြင့် ထိုနေ့ကရောက်လာသောသတင်းစာများကို အငမ်းမရဖတ်နေကြပါသည်။

ထိုနေ့သတင်းစာများတွင် 'အင်္ဂလန်ကျွန်းကို ဂျာမန်လေတပ်များက အဆက်မပြတ်ဗုံးကြဲသောသတင်းများ၊ ဗုံးကြဲခံနေရစေကာမူ ဗြိတိန်နိုင်ငံသားများမှာ စိတ်ဓာတ်မပျက်, အလုပ်အကိုင်များမပျက်ဘဲ စစ်အောင်နိုင်ရေးကြိုးပမ်းနေကြသည်။'ဟူသောသတင်းများနှင့် 'မြေထဲပင်လယ်တွင် အီတလီရေတပ်နှင့် အင်္ဂလိပ်ရေတပ်တို့၏ ရေတပ်တိုက်ပွဲများအကြောင်း၊ အောက်တိုဘာလ ၂၈ ရက်နေ့မှစ၍ အီတလီပြည်က ဂရိပြည်အား စတင်ကျူးကျော်တိုက်ခိုက်ရာက ဖြစ်ပွားနေသော ဂရိပြည်စစ်ပွဲအခြေအနေ၊ အင်္ဂလိပ်အစိုးရက ဂရိပြည်ကို စစ်ရေးအရ အကူအညီပေးရုံမျှမက ဂရိပြည်ရေတပ်စခန်းအချို့ကို လက်နက်ကိုင်စစ်သည်များဖြင့် ဝင်ရောက် ကာကွယ်ပေးနေခြင်း၊ ဂရိပြည်တွင်း ဝင်ရောက်တိုက်ခိုက်လာသော အီတလီစစ်သားများကို ဂရိစစ်တပ်များက ထိရောက်စွာခုခံတိုက်ခိုက်နေကြခြင်း' စသောသတင်းများကို ဖတ်ရှုကြရသည်။

လွန်ခဲ့သည့် နိုဝင်ဘာလ ၅ ရက်နေ့က အမေရိကန်ပြည်တွင် ကျင်းပပြီးစီးသွားခဲ့သော အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီက ဝင်ရောက်အရွေးခံသည့် သမ္မတလောင်း ဝင်ဒယ်ဝီလ်တီရှဲ့နိမ့်သွားပြီး၊ ဒီမိုကရက်တစ်ပါတီက သမ္မတလောင်း ရုစဗဲ့ပင်လျှင် သမ္မတအဖြစ် ဆက်လက်အရွေးခံရသော သတင်းကို သတင်းဆောင်းပါးအဖြစ်ရေးသားထားသည်ကိုလည်း ဖတ်ကြရသည်။ နောက်ဆုံးသတင်းများတွင် အမေရိကန်သမ္မတရုစဗဲ့က ဗြိတိန်ပြည်၏ စစ်အတွက်လိုအပ်မှုများကို ဌားရမ်းရေး၀ါဒ[၁]အရ အမေရိကန်ပြည်က ချေးငှားတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်ကို အကြောင်းပြု၍၊ အမေရိကန်ပြည်သည် စစ်အတွင်းသို့ ဗြိတိန်အားအကူပေးရင်း ဝင်ရောက်လာရန် မဝေးတော့ပြီဖြစ်ကြောင်း ရေးသားထားသည်ကိုလည်း တွေ့ရပေသည်။

* * *

ဘီကလပ်ထောင်ကလေးသို့ ကျွန်တော်တို့တစ်တွေပြန်ရောက်ကြပြီး နောက်တစ်နေ့မှာပင် နိုင်ငံရေးသင်တန်းများနှင့် အင်္ဂလိပ်စာသင်ကြားရေးကို ပြန်လည်စတင်ကြပါသည်။ နိုင်ငံရေးသင်တန်းမစမီပင် သခင်စိုးနှင့် သခင်သန်းထွန်းက 'ထောင်အာဏာပိုင်များနှင့်စေ့စပ်ရာ၌ ထောင်စည်းကမ်းဥပဒေများကို လိုက်နာမည်ဟု ဘာကြောင့်ကတိပြုခဲ့ရသည်'ကို သေချာစွာရှင်းပြလေသည်။

ထောင်ကို ကျွန်တော်တို့အနေဖြင့် တိုက်ပွဲကျင်းပရာနေရာတစ်ခုအဖြစ်သာ သဘောထားနေ၍မဖြစ်။ မှာကစ်ဝါဒကို သက်ဝင်ယုံကြည်သူသခင်များအနေဖြင့် လူထုတိုက်ပွဲများတွင် တိုက်ပွဲအစမ်းခံနိုင်ရည် ရှိရမည်။ နယ်ချဲ့သမားများ၏တရားရုံးများတွင်လည်း အစမ်းသပ်ခံနိုင်ရမည်။ အကျဉ်းထောင်အတွင်းတွင်လည်း အစမ်းသပ်ခံနိုင်ရမည်။ ဤသည်မှာ မှန်သည်။ သို့သော်- ဤသို့အစမ်းသပ်ခံနိုင်ရည် ရှိရန်အတွက်ဆိုပြီး အချိန်ရှိသမျှ မနားတမ်းတိုက်ပွဲဆင်နေပါကလည်း ရည်ရွယ်ချက်မဲ့၍ အရမ်းစွတ်တိုက်နေသော 'ဒွန်ကွိုဇုတ်'[၂]များသာဖြစ်မည်။

၁။ **Land Lease Dolicy.**

၂။ **စပိန်စာရေးဆရာကြီး၏ ရှေးသူရဲကောင်းများကို သရော်ထားသည့်ဝတ္ထု ဒွန်ကွိုဇုတ်သည် လှံတံကိုင်မြင်းစီးပြီး လည်နေသော လေရဟတ်ကို ရန်သူထင်ပြီး ဝင်တိုက်ရာ နဖူးပြဲ ခေါင်းကွဲသွားတော့သည်။**

mgyoe.com

mgyoe.com SAMPLE BOOK

တာဝန်က ၂ ခုရှိသည်။ လေ့လာရေးနှင့်တိုက်ခိုက်ရေး ဖြစ်သည်။ လေ့လာမှုတစ်ခုသာပြုပြီး တိုက်ပွဲရှောင်ခြင်းသည် လည်းကောင်း၊ တိုက်ပွဲကို ဆက်တိုက်ဆင်နေပြီး လေ့လာမှုမပြုခြင်းသည် လည်းကောင်း မပြည့်စုံ၊ တစ်ဖက်သတ်ဖြစ်နေ၍ မှားယွင်းသည်။ ထောင်အတွင်းဖိနှိပ်မှု ပြင်းထန်လာမည်ဆိုပါက ငုံ့ခံမနေဘဲတိုက်ပွဲဆင်ရမည်။ သို့ရာတွင် ထစ်ခနဲရှိတိုင်း ထထတိုက်ပွဲဆင်နေပါက အလွန်အဖိုးတန်သည့် လေ့လာရမည့်အချိန်များကို ဖြုန်းတီးပစ်ရာကျမည်။

အင်္ဂလိပ်နယ်ချဲ့သမားက တော်လှန်ရေးသမားသခင်များကို ချောက်လှန့်ရန်၊ စိတ်ဓာတ်သွေးစေရန်၊ နိုင်ငံရေးကိုစိတ်ပျက်ပြီး နိုင်ငံရေးအရ မြဲသွားစေရန်ရည်ရွယ်လျက် ထောင်သွင်းအကျဉ်းချထားခြင်းဖြစ်သည်။ နယ်ချဲ့သမား၏ထိုရည်ရွယ်ချက်ကို ပြောင်းပြန်လှန်ပစ်ရမည်။ ထောင်ကို မကြောက်၊ ထောင်ကို 'ခြင်ထောင်'ဟု သဘောထားရုံဖြင့် မပြီး။ ထောင်ကို တော်လှန်ရေးတပ်သားများ, အရေးတော်ပုံတပ်သားများကို သဘောတရား အရလေ့လာသင်ကြားလက်နက်တပ်ဆင်ပေးရာ 'တော်လှန်ရေးသိပ္ပံကျောင်း' သို့မဟုတ် 'နိုင်ငံရေးတက္ကသိုလ်' အဖြစ် ပြောင်းလဲအသုံးပြုရမည်။ ထို့ကြောင့်- တိုက်ချင်ခိုက်ချင်စိတ်တွေကို လေ့လာရေးစိတ်ဓာတ်, ပညာသင်ကြားရေးစိတ်ဓာတ်များအဖြစ် ပြောင်းလဲပေးရမည်။ မာ့က်စ်လီနင်ဝါဒ တော်လှန်ရေးသဘောတရားများကို အားကြိုးမာန်တက် လေ့လာသင်ကြားကြရမည် စသည်ဖြင့် ရှင်းပြပါသည်။

'အင်္ဂလိပ်စာသင်တန်း' ဟု အမည်တပ်ပြီး နိုင်ငံရေးသင်တန်းများကို ပြောင်ပြောင်ပင် ပြုလုပ်ခွင့်ရလာပါသည်။ ထောင်မဆူလျှင်ပြီးရော၊ ထောင်တွင်းမှာ ဘာတွေပြော၍ ဘာတွေပင် သင်ကြားပေးနေနေ အရေးမကြီးဟု ထောင်အာဏာပိုင်များကလည်း သဘောရနေသည် ထင်ပါသည်။ သူတို့ အတိအကျသိနေလျက်ဖြင့် ယခင်ကလို နိုင်ငံရေးသင်တန်းများကို အနှောင့်အယှက်မပေးတော့ပေ။ ထောင်မှူးဦးပန်းမောင်ကလည်း ယခင်ကလောက် ကျွန်တော်တို့အပေါ်တွင်ဖိနှိပ်ရန် ဆီလိုအပေါက်ရှာမနေတော့ပါ။

ကျွန်တော်တို့၏ထောင်တွင်းတစ်နေ့တာ အလုပ်ဇယားများမှာ အချိန်မှန်လာပါသည်။ နံနက် ကျန်းမာရေးလေ့ကျင့်၊ သင်တန်းတက်၊ နေ့လယ် နိုင်ငံရေးသင်တန်းတက်၊ ညနေ ကျန်းမာရေးအတွက် ကစားခုန်စား၊ ညတွင် အင်္ဂလိပ်စာသင်သူသင် စာကြည့်သူကြည့် စသည်ဖြင့် ကျောင်းသဖွယ် အချိန်ကို ဇယားချ၍အသုံးပြုကြပါသည်။

တနင်္ဂနွေနေ့သည် ကျွန်တော်တို့အတွက် နေ့အား ဖြစ်သည်။ အပြင်က ထောင်ဝင်စာလာတွေ့သူများကို ရုံးခန်းသံတံခါးပေါက်မှ စုပြုံ၍ ချောင်းကြည့်သူကကြည့်ကြသည်။ ထောင်ဝင်စာတွေ့၍ရရှိလာသော မုန့်ပဲသရေစာများကို ဝေမျှစားကြသည်။ တနင်္လာနေ့မှ သောကြာနေ့အထိ ၅ ရက်လုံး နိုင်ငံရေးသင်တန်းများရှိသည်။ သခင်စိုးနှင့် သခင်သန်းထွန်းတို့ ၂ ယောက်၊ တစ်ယောက်တစ်နေ့စီ နိုင်ငံရေးသင်တန်းများကို သင်ကြားပို့ချပေးသည်။

သခင်သန်းထွန်းက စတာလင်ရေး 'ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဗော်လ်ရှီဗစ်)၏သမိုင်း' စာအုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်၍သင်ကြားပို့ချသည်။ ပစ္စက္ခ မြန်မာပြည်၏သမိုင်းနှင့် နှိုင်းယှဉ်၍ နားလည်အောင်ရှင်းလင်းသင်ကြားလေ့ရှိသည်။ သခင်စိုးကိုင်စွဲပို့ချပေးသောစာအုပ်မှာ လီနင်ရေးသည့် 'ဆိုရှယ်ဒီမိုကရက်တစ်များ၏ နည်းပရိယာယ် ၂ သွယ်' ဟူသောစာအုပ် ဖြစ်သည်။

ကျွန်တော်တို့သင်တန်းသားများက သင်ကြားချက်များကို နားထောင်၍ မှတ်စုများကိုအမြန်လိုက်ရေးကြရသည်။ စနေနေ့တွင် အထွေထွေနိုင်ငံရေးဗဟုသုတဟောပြောပွဲကို သခင်လေးမောင်နှင့် သခင်နုတို့က တာဝန်ယူကာ တစ်လှည့်စီဟောပြောသည်။ မြန်မာပြည် နိုင်ငံရေးသမိုင်း, အလုပ်သမားလှုပ်ရှားမှုသမိုင်း စသည်တို့ကိုဟောပြောသည်။ တစ်ခါတစ်ရံ သခင်နုက လိင်ပညာနှင့် လိင်ကျန်းမာရေးဘာသာရပ်ကို ဟောပြောသည်။ သခင်နု၏ လိင်ပညာနှင့် လိင်ကျန်းမာရေး ဟောပြောချက်သင်တန်းမှာ လူအစည်ကားဆုံးပင်

mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်သည်။ ကျွန်တော်တို့သာမက နိုင်ငံရေးသင်တန်းဆရာများဖြစ်ကြသော သခင်စိုး, သခင်သန်းထွန်း, သခင်လေးမောင်တို့ပင် ကျွန်တော်တို့နှင့်အတူ မပျက်မကွက် တက်ရောက်ကြသည်။ တစ်ခါတစ်ရံ ထောင်ကျဘုန်းကြီးအချို့ပင် စာကြည့်တိုက်တွင် စာအုပ်လာရှာသလိုလိုနှင့် ခပ်လှမ်းလှမ်းက မသိမသာနားထောင်နေကြသည်ကိုတွေ့ရသည်။

ကျွန်တော်တို့ခေါင်းဆောင်များသည် ကျွန်တော်တို့ကို နိုင်ငံရေးသင်တန်းပေးသည့်တာဝန်များအပြင် အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော နိုင်ငံရေးစာအုပ်များကို ဘာသာပြန်ခြင်း, ဝတ္ထုစာအုပ်များရေးခြင်းတို့ကိုလည်း မအားမလပ်ပြုနေကြပေသည်။ သခင်သန်းထွန်းသည် သူသင်တန်းပေးနေသော 'ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဗော်ရှီဗစ်)၏သမိုင်း' စာအုပ် အင်္ဂလိပ်စာမူကို မြန်မာဘာသာသို့ တစ်လအတွင်း အပြီးပြန်လိုက်သည်။ ထိုစာအုပ်မှာ မြန်မာပြည်တွင် ၂ အုပ်တည်းရှိသေးသည်ဟု သိရသည်။ မော်စကို နိုင်ငံခြားစာပေဖြန့်ချိရေးဌာနက ရိုက်နှိပ်ခြင်းဖြစ်၍၊ ဒေါက်တာဘမော်တွင်တစ်အုပ်, ဂျာနယ်ကျော်ဦးချစ်မောင်ထံတွင်တစ်အုပ်ဖြစ်သည်။ သခင်သန်းထွန်းထံတွင်ရှိသော စာအုပ်တွင် 'ဘမော်' ဟု အင်္ဂလိပ်လို လက်မှတ်ထိုးထားသည်ကိုတွေ့ရ၏။ ဒေါက်တာဘမော်ထံက သခင်အောင်ဆန်းရရှိထားသောစာအုပ်ဖြစ်သည် ဟုလည်း သိရသည်။

သခင်သန်းထွန်းသည် ဘာသာပြန်အလွန်မြန်လှ၏။ အင်္ဂလန်မှ ဆစ်ဒနီဝက်လင်မယားရေးသော စာမျက်နှာ ၁၀၀၀ ကျော်ရှိသည့် 'ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ဝါဒ' ဆိုသောစာအုပ်ကြီးကို တစ်နေ့လျှင် အချိန်တစ်နာရီသုံး၍ ၃ လနှင့်အပြီးပြန်ဆိုခဲ့လေသည်။ ဘာသာပြန်ပြီးသောအခါ သူ၏ ညီညာသော ခပ်စောင်းစောင်း ခပ်ကျဲကျဲလက်ရေးများဖြင့် စာမျက်နှာ ၂၀၀ ပါ ဗလာစာအုပ်နှင့် ၄၆ အုပ် ဖြစ်သွားပေသည်။

သခင်စိုးကမူ လီနင့်ဇနီးကရပ်စ်ကာယာရေးသော 'လီနင်အားအမှတ်တရ' ဆိုသည့်စာအုပ်ကို ဘာသာပြန်လေသည်။ သခင်စိုးသည် သခင်သန်းထွန်းလောက် ဘာသာပြန်ရာတွင် မမြန်စေကာမူ၊ ပြန်ဆိုပုံမှာ နှေးနှေးမှန်မှန်နှင့် သေချာလှ၏။ (နောင်တွင် ထိုစာအုပ်ကို နဂါးနီတိုက်က 'ကျွန်မချစ်လင်' ဟူသောအမည်ဖြင့် စာအုပ်အဖြစ်ထုတ်ဝေလေသည်။ ပထမပိုင်းသာ ထုတ်ဝေနိုင်ခဲ့သည်။)

သခင်နုကမူ 'ဦးမင်းဒင်' ဟူသောအမည်ဖြင့် ဝတ္ထုတစ်ပုဒ် ရေးလေသည်။ ရိုက်စပီးယားပြဇာတ်က 'လိုင်ယာဘုရင်ကြီး'ပြဇာတ်ကိုမှီး၍ ဇာတ်အိမ်ဖွဲ့ကာ ရေးထားခြင်း ဖြစ်ပေသည်။ သခင်နုသည် ရေးပြီးသမျှ အပိုင်းများကို နေ့စဉ် ညပိုင်းအားလပ်ချိန်တွင် ကျွန်တော်တို့ကို ဖတ်၍ပြလေသည်။ ဝတ္ထုတွင်ပါသော သူဌေးဦးမင်းဒင်၏ဒုတိယသမီးကြာကူရီခန်းကို ဖတ်ပြရာတွင် သခင်စိုးက သခင်နုအား "သခင်နု။ အဲဒီအခန်းမှာ ခြင်ထောင်သံနည်းနည်းလိုနေတယ်။ ဖြည့်ပြီး ကလောင်စွမ်းပြလိုက်ပါဦးဗျ။ ဒါမှ ထိထိမိမိရှိမယ်။"-ဟု အကြံဉာဏ်ပေးလိုက်သည်။ သခင်နုကလည်း နောက်တစ်နေ့တွင် သခင်စိုးအကြံပေးသောကြာကူရီခန်းကို ဖြည့်၍ရေးထည့်လိုက်လေသည်။

ကျွန်တော်တို့ ထောင်တွင်းဘဝကား တစ်နေ့တခြား ပျော်စရာကောင်းလာပေသည်။ လူဦးရေလည်းပွားလာသည်။ မအူပင်ထောင်မှ ပြောင်းလာသော ညောင်တုန်းသခင်ဖေဌေး, အင်းစိန်ထောင်ကြီးမှ ဘီကလပ်ထောင် နိုင်ငံရေးသင်တန်းများအကြောင်းကိုကြားရသဖြင့် ပြန်လည်ပြောင်းရွှေ့လာသော သခင်တင်ရွှေတို့နှင့် တကွ ဒေါက်တာဗမော်၏ ဓားမပါတိက ဗန္ဓုလဦးစိန်, ဦးဗသိန်း, ဦးစိုးမောင်။ သခင်ဗစိန်အဖွဲ့က ဆင်မြီးဆွဲသခင်ပု, သခင်ချစ်တင် စသူတို့လည်း ထပ်ရောက်လာကြပါသည်။

ညဘက်နားချိန်နှင့် တနင်္ဂနွေနေ့ညပိုင်းများတွင် အဆိုအတီးများဖြင့် အိပ်ဆောင်မှာ မြိုင်လာသည်။ ဝါးခယ်မသခင်ချစ်တင်သည် သီချင်းကြီး, သီချင်းသံများ အဆိုပိုင်နိုင်၍ မယ်ဒလင်တီးရာတွင်လည်း လက်ကွက်နိုင်သူတစ်ယောက် ဖြစ်ပေသည်။ သခင်ချစ်တင်၏ စိန်ကြောင်နီလာပတ်ပျိုးဆိုတီးကို သခင်နုသည် အမြဲလိုလိုပင် ပွဲတောင်းလေ့ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်သန်းမြိုင်သည် ဘင်ဂျိုကို တဒေါင်ဒေါင်ခေါက်လေ့ ရှိ၏။ သူသည် သီချင်းကို ကောင်းစွာမဆို တတ်။ သူ့ဘင်ဂျိုသံမှာ တစ်ခါတစ်ရံ နားထောင်ကောင်းသလိုလိုရှိသော်လည်း တဒေါင်ဒေါင်တဒင်ဒင်ဖြင့် ဆူလွန်းလှသဖြင့် လူအများကပွဲမတောင်းကြပါ။ သခင်သန်းလေးမှာ 'ပုဏ္ဏားကနှင့် ဦးရွှေရိုးအက'တွင် တော်သလောက်၊ မြောင်းမြသခင်တင်ကြီး၏ 'အင်္ဂလန်စိန်ခြေထိုး'မှာ ရှော်လှပေသည်၊ သို့သော် ရယ်ရ၏။ သူ၏ ခါးကတုတ်တုတ်, ခြေပြားပြားနှင့် ကလန်ကလားနိုင်လှသောခြေတံကြီးကို အောက်ဆွအောက်ဆွဖြင့် ဗျိုင်းခြေဆန့်သလို ဆန့်နေသည်မှာ တဝါးဝါးပွဲကျလှသည်။

ကျွန်တော်တို့လူငယ်များတွင် ထောင်တွင်း၌ နာမည်တစ်မျိုးစီ ရှိကြ၏။ မြောင်းမြသခင်တင်ကြီးသည် သူ၏ခြေထိုးအကကြောင့် 'အင်္ဂလန်စိန်' ဟု အမည်တွင်၏။ သခင်တင်လေး (ဒေးဒရဲ)ကိုမူ နဂါးနီအသင်းစာအုပ်ကိုယ်စားလှယ် လုပ်ခဲ့၍လော၊ သို့မဟုတ် နဂါးနီသီချင်း အဆိုကောင်းလွန်း၍လော ဘာကြောင့်မှန်းမသိ 'နဂါးနီတင်' ဟု ခေါ်ကြ၏။ သခင်သန်းလေးကိုမူ 'ဒန်ပုလင်း' ဟု ခေါ်သည်။ အကြောင်းမှာ အိုင်ယာလန်မျိုးချစ်ခေါင်းဆောင် 'ဒန်ဗရင်း'အကြောင်းတရားဟောလွန်းသဖြင့် တရားနာပရိသတ်က သူ့ကို ''ဒန်ပုလင်းကွ၊ ဒန်ပုလင်း'' ဟု ဝိုင်း၍ ကောင်းချီးအပေးခံရသောကြောင့် ဖြစ်၏။

သခင်ဝိုင်းကိုကား ဘယ်သွားသွား စိပ်ပုတီးကလေး တကိုင်ကိုင်လုပ်လေ့ရှိသဖြင့် 'ဘိုးတော်ဦးဝိုင်း' ဟု သမုတ်ထားလေသည်။ ကျောက်ဆည်က သခင်ချမ်းသိမ်းသည်ကား 'ဒေါသကုမ္ဘာရ' ဟု အမည်ရနေ၏။ သူအလေးမနေစဉ် သခင်သန်းက သွားဆောက်မိသဖြင့် အလေးပြားဖြင့် ကောက်ပေါက်လိုက်ဖူးခြင်း၊ မစွမ်းမသန်ဖြစ်နေရှာသော သခင်ဖေဌေးကို အညာအတာကင်းမဲ့စွာ အတင်းဖိထိုးခဲ့ခြင်းစသည့်အပြုအမူများကြောင့် ဤဘွဲ့ထူးကိုရနေခြင်း ဖြစ်၏။

ကျွန်တော့်အမည်မှာကား 'အိုင်ဆေး' ဖြစ်၏။ ကျွန်တော် အင်္ဂလိပ်စာမတတ်မီကပင် 'အိုင်ဆေး' ဟူသောအသုံးအနှုန်းသည် ကျွန်တော့်ပါးစပ်ထဲ ဘယ်လိုရောက်လာပြီး အခြေစိုက်နေသည် မသိ။ ရဲဘော်များနှင့် စကားပြောတိုင်း တစ်အိုင်တည်းအိုင် တစ်ဆေးတည်း ဆေးနေသောကြောင့် ဤအမည် ရလာခြင်းဖြစ်ပေသည်။

သည်အထဲတွင် အသက်ကြီးခါမှ အမည်သစ်အပေးခံရသူလည်း ရှိသေးသည်။ သူကား သခင်ခတည်း။ သခင်ခတွင် 'ဖိုးရွှေလှ' ဟု အမည်မှည့်ထားသော သားငယ်တစ်ယောက်ရှိ၏။ ဤသည်ကိုအကြောင်းပြု၍ သခင်သန်းလေးသည် အသားမည်းမည်းနှင့်ကုလားကြီးသခင်ခအား ''ခင်ဗျားသားက 'ဖိုးရွှေလှ'ဆိုတော့ ခင်ဗျားလိုပဲ ဖြူဖြူဝင်းဝင်း ချစ်စရာကြီးလား။''-ဟု မေးလိုက်ရာ၊ ''တယ်- မအေပေးလေးတွေ။'' ဟု သခင်ခက တဟားဟားရယ်ကာဆဲလိုက်သည်မှစ၍ သခင်ခကို 'ဖိုးရွှေလှတို့အဖေ' ဟု ကျွန်တော်တို့တစ်တွေက ကင်ပွန်းတပ်ခဲ့လေသည်။

အမည်တူနေသဖြင့် ခွဲခြားခေါ်ဝေါ်ခံရသူများလည်းရှိသေး၏။ ဝါးခယ်မသခင်မောင်မောင်အား ဒေးဒရဲသခင်မောင်မောင်နှင့်ကွဲပြားစေရန် 'ဝါးခယ်မမောင်မောင်' ဟုခေါ်ကြ၏။ သခင်ဗစိန်အဖွဲ့က သခင်ချစ်တင်နှင့် ခွဲခြားရန် ကျွန်တော်တို့အဖွဲ့မှ သခင်ချစ်တင်ကို 'ဝါးခယ်မချစ်တင်' ဟု ခေါ်လေ့ရှိသည်။

အမြင်သစ်

ကျွန်တော်၏ နိုင်ငံရေးအသိအမြင်များသည် ယခုအခါ ပြောင်းခဲ့ပေပြီ။

ယခင်က 'တို့မြန်မာလူမျိုးတွေဟာ မျက်နှာဖြူအင်္ဂလိပ်နယ်ချဲ့သမားတွေရဲ့ ကျွန်သပေါက်ဘဝ ရောက်နေကြရပါကလား။ တို့လူမျိုးကို ချစ်မြတ်နိုးရမှာပါလား။ နိုင်ငံခြားသားမှန်သမျှ တို့ရန်သူတွေသာ' ဟူသော သာမန်နိုင်ငံရေးအသိအမြင်သာ ရှိခဲ့လေသည်။ ယခုအခါ ခေါင်းဆောင်များ ပို့ချသင်ကြားသော

mgyoe.com SAMPLE BOOK
နိုင်ငံရေးသင်တန်းများ၏ကျေးဇူးကြောင့် လူတန်းစားအသိအခြေခံရှိသော တိုင်းချစ်ပြည်ချစ်စိတ်များကို သက်ဝင်ယုံကြည်လာပြီ ဖြစ်သည်။

'နိုင်ငံခြားသား မျက်နှာဖြူများ' ဟူသောအမြင်မှ လုပ်အားအပေါ်တွင် ခေါင်းပုံဖြတ်မှုကို အခြေခံသော အရင်းရှင်စနစ်မှသည် အင်အားနည်းပါးသောနိုင်ငံငယ်များကို သိမ်းယူအုပ်ချုပ်လာသော နယ်ချဲ့ဘဏ္ဍာအရင်းရှင်စနစ်အထိပြောင်းလာပုံများကို သိမြင်လာသည်။

နယ်ချဲ့စနစ်ကိုဆန့်ကျင်သော အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကိုဆင်နွှဲရာတွင် ယခင်က ကျွန်တော်တို့လူငယ်များ အားကျစိတ်ပါလှသည့် အိုင်ယာလန်သူပုန်များ၏ တိုက်ပုံတိုက်နည်းများ၊ တစ်ဦးချင်း စွန့်စားသတ်ဖြတ်ခြင်းနှင့် လူတစ်စု၏လုပ်ကြံရေးတို့သည် နယ်ချဲ့သမားအပေါ် မအောင်မြင်နိုင်ကြောင်း နားလည်လာသည်။

နယ်ချဲ့သမားကို အလုပ်သမား, လယ်သမား, ကျောင်းသားများ, မျိုးချစ်ပုဂ္ဂိုလ်များက စုပေါင်း၍ လူထုတိုက်ပွဲအဆင့်ဆင့်ဖြင့် အုံကြွတော်လှန်ခြင်းမှ နောက်ဆုံးလက်နက်ကိုင်တော်လှန်မှုအထိ ဆင်နွှဲနိုင်မှသာ အမျိုးသားလွတ်မြောက်မှုကို ရနိုင်မည်ဖြစ်ကြောင်း-သဘောပေါက်လာသည်။ ဤအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသဘောထားများသာမက ကွန်မြူနစ်ဝါဒသဘောတရားများကိုလည်း သိရှိနားလည်လာလေသည်။

ရှေးဟောင်းဘုံစနစ်ဖြစ်သော လူ့အဖွဲ့အစည်းပျက်စီးခဲ့သည်မှ ယနေ့အထိ လူ့လောကတွင် လူတန်းစားများကွဲပြားလျက် ရှိနေသည်။ ကွဲပြားနေသော မတူသည့်လူတန်းစားများသည် အစဉ်သဖြင့်တိုက်ပွဲဆင်လျက်ရှိနေကြရသည်။ ဤလူတန်းစားတိုက်ပွဲများသည် လူ့လောက၏ဖြစ်ပေါ်တိုးတက်မှုအရ နောက်ဆုံးတွင် ပစ္စည်းမဲ့အလုပ်သမားလူတန်းစား၏ အာဏာသိမ်းယူရေးတိုက်ပွဲကြီးများအထိ အဆင့်မြင့်မားလာစေသည်။ ပစ္စည်းမဲ့တော်လှန်ရေးများဖြင့် ဆိုရှယ်လစ်စနစ်ကို ထူထောင်လာကြမည်။

အလုပ်သမားနှင့် လယ်သမားအာဏာရှင်အဖြစ်မှတစ်ဆင့် တဖြည်းဖြည်း ဆိုရှယ်လစ်စနစ်ဖြစ်ပေါ်မှုမြင့်မားလာပြီး လူတန်းစားမဲ့, အစိုးရမဲ့လူ့အဖွဲ့အစည်းဖြစ်သော ကွန်မြူနစ်ခေတ်သို့ ဆိုက်ရောက်သွားမည်ဟူသော ကွန်မြူနစ်အယူဝါဒများကို သက်ဝင်ယုံကြည်လာလေသည်။

သခင်သန်းထွန်းသင်ကြားပို့ချသော စတာလင်ရေးသည့် 'ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ (ဗော်လ်ရှီဗစ်)၏သမိုင်းအကျဉ်းချုပ်' တွင်ပါရှိသော မာ့က်စ်ဝါဒသမားများ၏ လူ့လောကအား ရှုမြင်ရာတွင် မှန်ပြောင်းသဖွယ်အသုံးပြုရမည့် သမိုင်းဆိုင်ရာ ရုပ်ဝါဒနှင့် အနုပဋိလောမရုပ်ဝါဒတို့ကို လေ့လာသင်ကြားခဲ့ခြင်းကြောင့် ခေတ်သစ်သိပ္ပံပညာဆိုင်ရာပညာရပ်များ၏ အခြေခံသဘောထားနှင့် ဝိဇ္ဇာပညာဆိုင်ရာ အဘိဓမ္မာရေး, စီးပွားရေး, နိုင်ငံရေး, လူမှုရေးအမြင်သစ်များကို အပြည့်အစုံ ကျယ်ကျယ်ပြန့်ပြန့် မဟုတ်စေကာမူ အတန်အသင့် လေ့လာသိရှိခဲ့ရလေသည်။

ဤမာ့က်စ်ဝါဒ ကွန်မြူနစ်သဘောတရားများကို ကျွန်တော်တို့သည် အတန်အသင့်မျှသာ နားလည်ခဲ့ကြစေကာမူ၊ လူငယ်စိတ်ဖြင့်မာန်တက်ကာ မိမိတို့ကိုယ်ကို အလုံးစုံအသိအမြင်ပေါက်နေကြသော နိုင်ငံရေးပုရောဟိတ်များသဖွယ် အထင်ကြီးစိတ်များဝင်နေမိကြပါသည်။ တစ်ဖက်ကလည်း အရုပ်သစ်ရသောကလေးများကဲ့သို့ နေရာတကာတွင် အရုပ်ကလေး တပြပြလုပ်သည့်ပမာ ကျွန်တော်တို့သည် မိမိတို့တတ်သမျှမှတ်သမျှ သဘောတရားများကို မနားတမ်းရွတ်ဖတ် သရဇ္ဈာယ်နေလေ့ရှိကြပါသည်။ စိတ်တက်ကြွမှုများကား ကျွန်တော်တို့တွင် ကိုယ်နှင့်အပြည့်ရှိလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်စိုး

နိုင်ငံရေးသင်တန်းဆရာများတွင် လူငယ်များနှင့် ရင်းနှီးအကျွမ်းဝင်ဆုံးပုဂ္ဂိုလ်မှာ သခင်စိုး ဖြစ်သည်။ သခင်စိုးသည် ဟန်ကြီးပန်ကြီးမရှိ။ ကျွန်တော်တို့လူငယ်များနှင့် ရောရောဝင်ဝင်ရယ်ရယ်မောမော စကားစမြည် ပြောဆိုနေတတ်သူဖြစ်သည်။ ရယ်စရာများလည်း အလွန်ပြောတတ်သည်။ သူကိုယ်တိုင်လည်း အားပါးတရ ရယ်လေ့ရှိသည်။ လူငယ်များအထဲတွင်လည်း ကျွန်တော်သည် သခင်စိုးနှင့်အရင်းနှီးဆုံးလို ဖြစ်နေပေသည်။ ကျွန်တော်သည် သခင်စိုးကို ကြည်ညိုလေးစားလှသဖြင့် သခင်စိုးလုပ်သမျှကို အမီလိုက်မလုပ်နိုင်စေကာမူ တတ်နိုင်သလောက် ကြိုးစား၍လိုက်လုပ်လေ့ရှိပါသည်။ နံနက် ၄ နာရီ သခင်စိုး အိပ်ရာမှထ၍ စာကြည့်လျှင် ကျွန်တော်လည်း အိပ်ချင်နေလျက်ဖြင့် အတင်းမျက်နှာသစ်ကာ စာထကြည့်သည်။ အိပ်ဆောင်ဖွင့်၍ သခင်စိုး ထောင်နံရံဘေးတစ်လျှောက်ပတ်ပြေးပါက ကျွန်တော်ကလည်း နောက်ကလိုက်ပြေးသူ ဖြစ်သည်။ သခင်စိုးက ကျွန်းမာရေးအတွက်ဆိုကာ ကုလားပဲစိမ်းများ, အာလူးများနှင့် ကြက်သွန်များကို အစိမ်းလိုက်စားလျှင် ကျွန်တော်လည်း သူကဲ့သို့စားနိုင်အောင် ကြိုးစားသည်။ (သို့ရာတွင် ဤအကျင့်ကိုတော့ သူနည်းတူပြု၍မရ။ စိမ်းစော်နံလှသဖြင့် လက်မြှောက်လိုက်ရပါသည်။)

သခင်စိုးသည် ကျွန်တော်တို့လူငယ်များ၏ အားထားရာ, မှီခိုရာ, နမူနာယူစရာ လူစွမ်းကောင်းကြီးလို ဖြစ်နေပါသည်။ တနင်္္ဂနွေလိုနေ့များ၏ အားလပ်ချိန်ညနေပိုင်းတွင် အိပ်ဆောင်ဘေးမြက်ခင်းပေါ်၌ ဝိုင်းထိုင်ကြ ကာ ကျွန်တော်တို့လူငယ်တစ်သိုက်နှင့်သခင်စိုးသည် ရောက်တတ်ရာရာ ရယ်စရာစကားများကိုပြော၍ တဝါးဝါး ဖြစ်နေလေ့ရှိပါသည်။ တစ်ခါတစ်ခါ သူ၏ဘဝအတွေ့အကြုံ ရယ်စရာများကို စီကာပတ်ကုံး ပြောပြလေ့ ရှိ၏။ ဤသို့ဖြင့် သခင်စိုး၏ ဘဝတစ်စိတ်တစ်ဒေသကို ကျွန်တော်တို့သိခွင့်ရခဲ့ကြလေသည်။

သခင်စိုးသည် မော်လမြိုင်ဒေသ(ကျောက်တန်းရွာ)က မွန်အမျိုးသားတစ်ယောက်ဖြစ်သည်။ အင်္ဂလိပ်-မြန်မာ ၇ တန်းအထိသာ ပညာသင်ကြားခဲ့ရပြီး ၁၇ နှစ်သားအရွယ်လောက်မှစ၍ သန့်လျင် ရေနံချက်စက်ရုံတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၇ ခုနှစ်လောက်အထိ ၁၄ နှစ်တိုင် ထိုအလုပ် လုပ်ခဲ့သည်။ ဆာဖြူရစ်အက်ဆစ်အလုပ်ရုံတွင် စမ်းသပ်သူအဖြစ် လုပ်ကိုင်နေရင်းက နိုင်ငံရေးကို ခြေစုံပစ်၍လုပ်ရန် ရေနံချက်စက်ရုံက အလုပ်ထွက်ခဲ့သူဖြစ်သည်။ အလုပ်လုပ်နေစဉ်ကပင် တို့ဗမာအစည်းအရုံးဝင် သခင်တစ် ယောက် ဖြစ်ခဲ့သည်။

သူ၏ နိုင်ငံရေးဥပဇ္ဈာယ်ဆရာရင်းကာ ၁၉၃၇-၃၈ ခုတွင် ဌာနချုပ် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ ဖြစ်သော သခင်သိန်းမောင်ကြီး ဖြစ်ပေသည်။ သခင်သိန်းမောင်ကြီး၏ တို့ဗမာသခင် ဒေသနာကိုကြားနာရပြီး နောက် တို့ဗမာသခင်ဝါဒနှင့် သခင်သိန်းမောင်ကြီးအား အကြည်ညိုကြီးကြည်ညိုကာ သခင်သိန်းမောင်ကြီး နောက်က တကောက်ကောက်လိုက်၍ သခင်စိုးသည် တပည့်ခံခဲ့သည်။ သခင်သိန်းမောင်ကြီးသည် သခင်စိုး အား စာအုပ်ထူထူကြီးများကိုအထမ်းခိုင်းပြီး နောက်ကခေါ်သွားလေ့ရှိ၏။

သူ့နောက်က စာအုပ်ထူထူကြီး ၂ အုပ်ထမ်းထမ်းပြီးလိုက်နေရပေမယ့် ကိုယ်ထမ်းလာရတဲ့စာအုပ် တွေကို သခင်သိန်းမောင်ဟာ တစ်ခါမှယူပြီးမဖတ်ခဲ့ဘူး။ ဒါနှင့် သူ့ကိုမေးကြည့်တယ်။ 'သခင်သိန်းမောင်။ ဒီစာအုပ်တွေကို ကျွန်တော် ယူလာရပေမယ့် တစ်ခါမှခင်ဗျားမဖတ်ပါလား။' 'ဟ- သခင်စိုးရ။ ဒီစာအုပ်ထူထူတွေ ယူလာတာက ဖတ်ဖို့ထက် လူအထင်ကြီးအောင်ယူလာတာ။ 'နိုင်ငံရေး'ဆိုတာ လူအထင်ကြီးအောင် ပထမ လုပ်ရတယ်။ ဒီစာအုပ်ထူကြီးတွေကို ဘာစာအုပ်တွေမှတ်လို့လဲ။ အင်္ဂလိပ်ဟင်းချက်နည်းအမျိုးမျိုးစာအုပ်တွေပဲ။ နိုင်ငံရေးစာအုပ်မဟုတ်ဘူး။'

mgyoe.com

mgyoe.com SAMPLE BOOK

"အဲဒီလိုလည်း သူကပြန်ပြောရော။ ကိုယ်လည်း သူ့ကို အကြီးအကျယ်စိတ်ပျက်သွားတာပဲ။ ကိုယ်ထမ်းလာခဲ့ရတဲ့စာအုပ်နဲ့ကို ကောက်ပေါက်ချင်တဲ့စိတ်တောင် ပေါ်လာတယ်။"

ဤသို့ဖြင့် သခင်စိုးသည် သခင်သိန်းမောင်ကြီးထံက ခွာထွက်ခဲ့လေသည်။

သခင်စိုးသည် အလုပ်တစ်ခုကိုစိတ်ပါဝင်စား၍ စတင်လုပ်မိပါက ခဲဖြင့်ထူးထူးချွန်ချွန်ဖြစ်အောင် လုပ်လေ့ရှိသူ ဖြစ်ပေသည်။ တူရိယာကိုလိုက်စားစဉ်ကလည်း နေ့ညမဟူ တယောထိုးလေ့ကျင့်ခဲ့သည်။ ဦးအလီထံတွင် သီချင်းကြီးသီချင်းခဲ့များကို သင်ကြားလေ့လာခဲ့သည်။ ရွှေတံဆိပ်ဆုရသည်အထိ တယောထိုးရာတွင်တော်ခဲ့သည်။

ခြေကျင်လမ်းလျှောက်ရေးခေတ်ကလည်း လမ်းလျှောက်လေ့ကျင့်ခဲ့သည်။ သန့်လျင်မှသုံးခွသို့ လမ်းလျှောက်ပြိုင်ကြရာတွင် ပထမရခဲ့သည်ဟု သိရလေသည်။

မှတ်စဝါဒကို စတင်လေ့လာစဉ်က ကားလ်မှတ်စ် ရေးသော 'အရင်းကျမ်း' စာအုပ်အထူကြီးကို အင်္ဂလိပ်အဘိဓာန်စာအုပ်အကူအညီဖြင့် နားမလည်မချင်း ၇ ခေါက်မျှ အပြန်ပြန်ဖတ်ခဲ့သည်ဟုသိရသည်။

ရွှေဘိုမြို့တွင် သခင်ဗစိန်ကို အစိုးရက ပုဒ်မ ၁၂၄(က)အရဖမ်းဆီး၍ ရွှေဘိုရုံးတွင် သခင်ဗစိန် အမှုဆိုင်နေစဉ် ထိုအမှုကိုနားထောင်ရန် သခင်စိုးသည် ရန်ကုန်မှရွှေဘိုသို့ ခြေကျင်ချီတက်မည်ဟု ဆုံးဖြတ်ကာ ခြေကျင်လျှောက်ခဲ့သည်။ ရန်ကုန်က နံနက် ၄ နာရီထွက်ပြီး လမ်းတွင် ခရီးဖင့်မည်စိုး၍ ထမင်းမစားဘဲ ငှက်ပျောသီးနှင့်စိမ်းစားဥများကို ခါးတွင်ချိတ်ကာ လမ်းလျှောက်ရင်းစားသွားသည်။ ၅၈ မိုင်ရှိ ပဲခူးသို့ည ၇ နာရီလောက် ရောက်သွားသည်။ ဤနည်းအတိုင်း ပျော်ဘွယ်ရောက်သည်အထိ ခြေကျင်ဆက်လျှောက်သည်။ ပျော်ဘွယ်ရောက်သောအခါ သူ့ခြေထောက်များ ရောင်ကိုင်းလာ၍ လမ်းမလျှောက်နိုင်တော့မှ ရန်ကုန်သို့ ရထားဖြင့်ပြန်လာခဲ့သည်။ သို့တိုင် အားမလျှော့သေး။ ရာလေးစက်ဘီးအသစ်တစ်စီးဝယ်ကာ ရွှေဘိုသို့ ရုံးချိန်အမီစက်ဘီးစီး၍ မရောက်ရောက်အောင်သွားခဲ့လေသည်။

"အဲဒီလိုစက်ဘီးစီးသွားတုန်းက လမ်းမှာ လူစီးဘတ်စ်ကားတွေ ကိုယ့်ကိုကျော်တက်သွားရင် ကားကို မမီမီအောင် နောက်ကနေ ကိုယ်ကလိုက်နင်းတယ်။ ကားပေါ်ကလူတွေက 'ကြိတ်ပေးကွ၊ ကြိတ်ပေး။ ကျော်စိုးကွ။' နဲ့ လက်ခုပ်တီးပြီးလှမ်းအော်ကြတယ်။"-ဟု သခင်စိုးကပြောလေသည်။

နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်လာစဉ်က သူ၏အဖြစ်အပျက်များကိုလည်း ပြောပြသေးသည်။

သူ၏ ဒုတိယနိုင်ငံရေးဥပဇ္ဈာယ်ဆရာဖြစ်သော သခင်ခေါင်းဆောင်တစ်ဦးသည် သခင်သတင်းစာတစ်စောင်ထုတ်ဝေရေးနှင့်ပတ်သက်၍ သခင်စိုးနှင့်ဆွေးနွေးကြလေသည်။ 'ရွှေဘိုမြို့ ဥပဒေပြုလွှတ်တော် အမတ်ရွေးပွဲတွင် တို့ဗမာအစည်းအရုံးက သခင်ဗစိန် ဝင်အရွေးခံမည်။ ရွေးကောက်ပွဲအမီ တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံ သခင်သတင်းစာတစ်စောင် ထုတ်ဝေလိုသည်။ သတင်းစာတွင် သူက အယ်ဒီတာ, သခင်စိုးက ထုတ်ဝေသူနှင့် တာဝန်ခံအယ်ဒီတာချုပ်လုပ်ပါ။'-ဟု ထိုသခင်ခေါင်းဆောင်က ဆွေးနွေးလေသည်။

သခင်စိုးကလည်း လက်ရှိလုပ်နေသော ဘီအိုစီအလုပ်ကထွက်လိုက်ပြီး သတင်းစာထုတ်ရင်း ကိုယ့်ဝမ်း ကိုယ်ကျောင်းကာနိုင်ငံရေးလုပ်ရန် ဆုံးဖြတ်လိုက်သည်။ ၁၄ နှစ်တိုင်တိုင် အလုပ်လုပ်ရင်းကုမ္ပဏီတွင် စုဆောင်းထားသောချွေးနှီးစာစုငွေ ၂၅၀၀ ကျပ်အနက်က ငွေ ၂၀၀၀ ကျပ်ကို သတင်းစာထုတ်ဝေရေးအတွက် ထိုသခင်ခေါင်းဆောင်အား လိုအပ်သည်များကြိုတင်လုပ်ကိုင်ထားရန် ယုံကြည်စွာနှင့်အပ်နှံလိုက်လေသည်။ ထိုသခင်ခေါင်းဆောင်သည် ငွေထုပ်ပိုက်ပြီး ရန်ကုန်သို့ပြန်သွားလေသည်။ သခင်စိုးသည် နိုင်ငံရေးကို သံယောဇဉ်ကင်းကင်းဖြင့် ခြေစုံပစ်လုပ်ရန်ရည်ရွယ်လျက် သူ၏ဇနီး ၂ ယောက် လှလေးစိန်နှင့် မြလေးစိန် (ညီအစ်မ

mgyoe.com

mgyoe.com SAMPLE BOOK
၂ ယောက်)ကို ၎ ၅၀၀ ကျပ်ပေးပြီး အပြီးအပြတ်ကွာရှင်းနေသောကြောင့် သန်လျင်တွင် ၃-၄ ရက်ခန့် ကြာနေသည်။

ကိစ္စများပြီးပြတ်၍ ရန်ကုန်သို့လိုက်သွားသောအခါ ၎ယူသွားသော ထိုသခင်ခေါင်းဆောင်ကို ရှာမတွေ့တော့ပေ။ သူ့နေအိမ် သွားမေးကြည့်ရာတွင်လည်း ၁ ရက်-၂ ရက်အတွင်းကပင် ပြောင်းရွှေ့သွားကြပြီဟု သိရသည်။ သွားနေကျ, တွေ့နေကျနေရာများကို မူးလောက်အောင်လိုက်ရှာဖွေသော်လည်း မတွေ့တော့။ ၁ ရက်လည်း မတွေ့-၂ ရက်လည်းမတွေ့ ၁ လကြာသည့်တိုင် ထိုသခင်ခေါင်းဆောင်ကို မတွေ့ရတော့ပေ။ သို့ဖြင့် သခင်စိုးသည် နေစရာမရှိ စားစရာဗလာနတ္ထိဖြစ်ကာ မိမိ၏မိတ်ဆွေအိမ်များသို့ ကပ်ရပ်စားနေရလေသည်။

အပြီးအပြတ်ကွာရှင်းခဲ့သော မိန်းမများထဲသို့လည်း ပြန်သွား၍မဖြစ်တော့။ ခြေသလုံးအိမ်တိုင်ဖြစ်ကာ နိုင်ငံရေးလုပ်ဖို့ရာပင် မစဉ်းစားနိုင်တော့ဘဲ လောလောဆယ်တွင်ပင် ထိုသခင်ခေါင်းဆောင်ကို မတွေ့တွေ့အောင် သဲသဲမဲမဲရှာရေးသည်သာလျှင် သခင်စိုး၏ အဓိကလုပ်ငန်းဖြစ်နေပေသည်။ ထိုသခင်ခေါင်းဆောင်ကို ရှာဖွေတွေ့ရှိပါက ၂ ဦးသားတိုင်ပင်၍ သတင်းစာကို ဖြစ်မြောက်အောင်ထုတ်ဝေကြရန်ကား မဟုတ်တော့ပေ။ ထိုသခင်ခေါင်းဆောင်ကို တွေ့သည့်နေရာတွင် အသေရိုက်သတ်ခဲ့ရန်သာ သခင်စိုး၏ခေါင်းထဲတွင် အရူးအမူးစွဲမြဲနေလေသည်။ သခင်စိုးသည် သံတုတ်တိုတိုတစ်ချောင်းကို စက္ကူနှင့်ပတ်ကာ သွားလေရာသို့ လွယ်အိတ်တွင် ထည့်ယူထားလေသည်။ သခင်စိုးသည် ထမင်းငတ်လေ ထိုသခင်ခေါင်းဆောင်ကို သတ်ချင်စိတ်ပြင်းပြလာလေဖြစ်နေပေသည်။

တစ်နေ့တွင်ကား အင်းစိန်မြို့ ရပ်ကွက်တစ်ခုတွင် ထိုသခင်ခေါင်းဆောင်ကို မကြာခဏတွေ့ရသည်ဟု သတင်းကြားသဖြင့် ထိုရပ်ကွက်သို့ သခင်စိုးသည် ၃ ရက်မျှ နေ့စဉ် ဆက်၍သွားရောက်ကာ သခင်ခေါင်းဆောင်ကိုရှာခဲ့သည်။ နောက်ဆုံးနေ့၌ လမ်းကြားတစ်ခုအတွင်း အဉာဏ်ကားတစ်စီးပေါ်ကဆင်း၍ ခြံတစ်ခြံထဲသို့ ဝင်သွားသော မျက်မှန်နက်တပ်ထားသည့်ထိုသခင်ခေါင်းဆောင်ကို တွေ့လိုက်ရသည်နှင့် သခင်စိုးသည် ခြံထဲဝင်သွားသော ထိုသခင်ခေါင်းဆောင်နောက်သို့ နောက်ယောင်ခံကာ ချောင်းမြောင်းလိုက်ပါသွား၏။

"သူကလည်း နောက်ကိုလှည့်မကြည့်ဘူးကွ။ အိမ်ပေါ်ကိုပဲ တန်းပြီးသွားနေတယ်။ ကျုပ်က နောက်ကသာ ခြေသံမကြားအောင်တက်လိုက်သွားပြီး သူ ဖိနပ်ချွတ်နေတုန်း ကျုပ်လက်ထဲကိုင်ထားတဲ့သံတုတ်ကို မြှောက်တဲ့ပြီး 'ငါ့ကို ခြေသလုံးအိမ်တိုင်ဖြစ်အောင် လုပ်တဲ့ကောင်၊ သေပေတော့။' လို့ ပြောပြောဆိုဆို တစ်အားရိုက်ချလိုက်တယ်။ သူဟာ ဘာတစ်ခွန်းမှမအော်နိုင်ဘဲ လဲကျသွားတယ်။ အိမ်ပေါ်ကလူတွေလည်း အော်ဟစ်ကျန်ရစ်တာပဲ။ ကျုပ်လည်း အင်းစိန်ဂါတ်တဲကိုတန်းသွားပြီး အဲဒီသခင်ခေါင်းဆောင်ကို ရိုက်သတ်ခဲ့ပြီလို့ ပြောပြအဖမ်းခံလိုက်တယ်။"

သို့ရာတွင် ထိုသခင်ခေါင်းဆောင်ကား မသေပါ။ သခင်စိုးသည် ရိုက်ချင်ဇောကြီးနေသဖြင့် ထိုသခင်ခေါင်းဆောင်က ဖော့ဦးထုပ်ထူကြီးဆောင်းထားသည်ကိုပင် မမြင်နိုင်လောက်အောင် ဒေါသဖြင့်မွန်နေပြီး ဖော့ဦးထုပ်ပေါ်ရိုက်ချလိုက်သဖြင့် ထိုသခင်ခေါင်းဆောင်သည် သေလောက်အောင် ဒဏ်ရာရမသွားခြင်းဖြစ်ပေသည်။ သခင်စိုးမှာလည်း ရိုက်မှုဖြင့် တစ်လလောက်အချုပ်ခံရပြီး မိတ်ဆွေရှေ့နေတစ်ဦး၏ဆောင်ရွက်ကူညီမှုဖြင့် ထောင်မကျဘဲလွတ်မြောက်ခဲ့လေသည်။

နောက် ၃ လလောက်ကြာသောအခါ သခင်စိုးသည် မကြာခဏ ထမင်းငတ်နေပြန်လေသည်။ နောက်ဆုံး ထမင်းငတ်လွန်းမက ငတ်လာသောအခါ ထိုသခင်ခေါင်းဆောင်အပေါ် မကျေမချမ်းနိုင်လောက်အောင် ဒေါသထွက်လာပြန်လေသည်။ ထို့ကြောင့် ထိုသခင်ခေါင်းဆောင်ကို မတွေ့တွေ့အောင် လိုက်လံရှာဖွေပြန်တော့

mgyoe.com

mgyoe.com SAMPLE BOOK
၏။ ရိုက်ရန်သံတုတ်ကား မပါတော့ပေ။ 'ထိုသခင်ခေါင်းဆောင်ကိုတွေ့ပါက မျက်လုံးကို လက်ညှိုးဖြင့်ကော်ထုတ်၍ ဆာလောင်နေသော မိမိ၏အာသာဖြည့်မည်။' ဟူသောရည်ရွယ်ချက်ဖေးဖြင့် ရှာဖွေနေခြင်းဖြစ်သည်။

"မိုးကလည်း တစိမ့်စိမ့်ရွာနေတယ်။ ကျုပ်ရှေ့ခပ်လှမ်းလှမ်းက အဲဒီသခင်ခေါင်းဆောင်ဟာ မိုးကာအင်္ကျီ, ဖောင်းထုပ်နဲ့ ကုပ်ကုပ်ကလေးလျှောက်သွားနေတာတွေ့ရတယ်။ ကျုပ်လည်း သူ့မီအောင် ခပ်သွက်သွက်လိုက်သွားတယ်။ လမ်းသွားလမ်းလာတွေ နည်းတဲ့နေရာရောက်တော့ ကျုပ်က သူ့အနားလည်းရောက်ရော ပြေးသွားပြီး သူ့လည်ကုပ်ကိုကိုင်လိုက်ပြီး ကတ္တရာစေးလမ်းပေါ် ဆွဲလဲလိုက်တာပဲ။ နောက်ပြီး ကျုပ်က သူ့အပေါ်ခွစီးလိုက်ရော။ သူကတော့ 'လာကြပါဗျို့၊ လာကြပါ။ ကျုပ်ကိုသတ်နေပါတယ်။' လို့ မျက်လုံးပြူး မျက်ဆံပြူးနဲ့ တစ်အားအော်နေတယ်။ ကျုပ်ရဲ့ဘယ်ဘက်လက်က သူ့ပါးစပ်ကို အတင်းပိတ်၊ ညာလက်က သူ့မျက်လုံးကို လက်ညှိုးနဲ့ကော်ထုတ်မယ်လို့လည်းခိုန်လိုက်ရော ကျုပ်စိတ်ရှိနေတဲ့ သူ့မျက်လုံးကို ကော်ထုတ်စားမယ်ဆိုတဲ့ ဒေါသစိတ်လည်း ဘယ်ရောက်ကုန်တယ် သိတော့ပါဘူးဗျာ။ ခွေးမသားက ကျုပ်မ,အားကို အောက်ကနေ တစ်အားဆွဲညှစ်ထားတာကိုး။ ကျုပ်လည်း သူ့မျက်လုံးကိုဖောက်ဖို့နေနေသာသာ ကျုပ်မ,အား ထွက်သွားအောင် မချိမဆံ့နှင့် သူ့လက်ကိုအတင်းဆွဲဖြည်ယူရတယ်။ သူကတော့ ကျုပ်လက်ထဲကလည်းလွတ်သွားရော ကမန်းကတန်းပြေးသွားတော့တာပဲ။ ကျုပ်မှာသာ ဆီးစပ်နှိပ်ပြီး လမ်းပေါ်မှာထိုင်ကျန်ရစ်ခဲ့ရတဲ့ဘဝရောက်သွားတယ်။ ဟား ဟား"

ကျွန်တော်တို့လူငယ်တစ်သိုက်သည် အံ့စရာ ဤအဖြစ်ကြားရသဖြင့် တဝါးဝါးဖြစ်နေကြပါသည်။

ကုလားရဲဘော်များ

ဒီဇင်ဘာလလယ်လောက်တွင် 'ရန်ကုန်မြို့ အာရ်အီးတီကားနှင့် ထရော်လီအလုပ်သမားများ, ဘီအိုစီအလုပ်သမားများ သပိတ်မှောက်ကြကြောင်း' သတင်းစာများတွင် ပါလာပါသည်။ သပိတ်မှောက်အလုပ်သမားများမှာ ကုလားအလုပ်သမားများဖြစ်ကြပါသည်။ ထိုသပိတ်ကဆက်၍ ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးအထွေထွေအလုပ်သမားသပိတ်အဖြစ်မှောက်ကြရန် ကုလားအလုပ်သမားခေါင်းဆောင်များက နှိုးဆော်လာကြသည်။ လန်ချားကုလားများကပါ ဤအလုပ်သမားသပိတ်တွင် ပါဝင်လာကြသည်။

ဤသတင်းများ သတင်းစာတွင်ပါလာပြီး ၂ ရက်လောက်အကြာ နေ့လယ် ၂ နာရီလောက်တွင် ထောင်ဘူးဝက ကြွေးကြော်သံများအော်ဟစ်နေသည်ကို ဆူညံစွာကြားရပါသည်။ ကျွန်တော်တို့လည်း ထောင်ဘူးဝသို့ ပြေးရောက်ကြည့်ကြပါသည်။ ကုလားလိုကြွေးကြော်သံများကို လက်သီးလက်မောင်းတန်း အော်ဟစ်နေကြသော ကုလား ၃၀ ကျော်ခန့်ကို တွေ့ရသည်။ ကြွေးကြော်သံ၏အဓိပ္ပာယ်ကိုမူ ကျွန်တော် နားမလည်ပါ။ ကျွန်တော်တို့နှင့် အတူကြည့်နေသောသခင်စိုးက-

"ဟ- ရဲဘော်ဂိုရှယ်ပါလား။ ရဲဘော်နှာတ်လည်း ပါလာတယ်။"-ဟု ကုလားအမည်အချို့ကို ပြောနေပါသည်။

မကြာမီပင် ကုလားရဲဘော်များသည် ဘူးဝမှ ထောင်ထဲသို့ဝင်လာကြပါသည်။ ရှေ့ဆုံးကဝင်လာသော ကုလားရဲဘော်တစ်ယောက်က သခင်စိုးအား ညာလက်သီးမြှောက်ပြန့်တ်ဆက်ပြီး တစ်ယောက်နှင့်တစ်ယောက် ပြေးဖက်ကြပါသည်။ သူတို့အများဆုံးအော်ကြသောကြွေးကြော်သံများမှာ 'အင်းဂလတ်ဇင်း နားဘတ်'[၁] ဟူ၍ဖြစ်သည်။ ကုလားစကားနားလည်သူကို မေးကြည့်ရာ အဓိပ္ပာယ်မှာ 'အရေးတော်ပုံ အောင်ပါစေ။' ဟူ၍ဖြစ်၏။ ကုလားရဲဘော် ၃၀ ခန့် ရှိပေသည်။ အလုပ်သမားသပိတ်မှောက်မှုအတွက် ကာကွယ်ရေးပုဒ်မ ၂၆ နှင့် သိမ်းကျုံးဖမ်းခဲ့ခြင်းဖြစ်ပေသည်။

၁။ ကိုသိန်းဖေ (နောင် သိန်းဖေမြင့်) အိန္ဒိယသို့ စာသင်သွားရင်း ရဲဘော်များ ကြွေးကြော်သည့် 'အင်းဂလတ်ဇင်း နားဘတ်' ကုလားစကားကို 'အရေးတော်ပုံ အောင်ပါစေ' ဟု မြန်မာမှ ပြန်ခဲ့ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းဆောင်လာသော ပညာတတ်ကုလားရဲဘော်များမှာ ကျွန်တော်တို့၏သခင်ခေါင်းဆောင်များနှင့် သိကျွမ်းပြီးဖြစ်ကြပါသည်။ သူတို့သည် သခင်နု, သခင်လေးမောင်, သခင်သန်းထွန်းတို့နှင့်ဝိုင်းဖွဲ့၍ စကားပြော နေကြသည်။ သူတို့၏သပိတ်အခြေအနေကို ကုလားရဲဘော်များက ပြောပြကြပါသည်။ ကျွန်တော်တို့ခေါင်း ဆောင်များနှင့် သူတို့အချင်းချင်းပြောကြရာတွင် အင်္ဂလိပ်လိုသာပြောနေကြသဖြင့် ကျွန်တော်တို့မှာ ဘာမျှနား မလည်ကြပါ။ ကျွန်တော်တို့နှင့် ကုလားရဲဘော်များကို ကျွန်တော်တို့ခေါင်းဆောင်များက မိတ်ဆက်ပေးပါသည်။

ကုလားရဲဘော်များတွင်ခေါင်းဆောင်မှာ 'ရဲဘော်ဂိုရှယ်' ဖြစ်သည်။ ကျန်ရဲဘော်များမှာ ရဲဘော် အမာဒေး, ရဲဘော်နာ့တ်, ရဲဘော်မွန်ရှီ, နောက် ရဲဘော်မွန်ရှီ တစ်ယောက်, ရဲဘော်ဆင်ဂ်, ရဲဘော်မူကာဂျီ, ရဲဘော်ဘို့စ်တို့ ဖြစ်ပါသည်။ သူတို့သည် ဘင်္ဂါလီလူမျိုးများဖြစ်၍ ကျန်ကုလားများမှာ အာအီးတီ, ဘီအိုစီနှင့် လန်ချားသမားဂေါ်ရင်ဂျီကုလားအလုပ်သမားခေါင်းဆောင်များ ဖြစ်ကြသည်။

သူတို့အထဲတွင် ဗမာစကားကောင်းစွာတတ်သူဟူ၍ ရဲဘော်ဂိုရှယ်တစ်ယောက်သာပါသည်။ အချို့ အနည်းငယ်တတ်သော်လည်း အများစုမှာ ဗမာစကားမတတ်ကြပါ။

အချို့အလုပ်သမားကုလားရဲဘော်များဘဝမှာ အထူးကြေကွဲစရာကောင်းလှပါသည်။ အထူးသဖြင့် လန်ချားရဲဘော်များမှာ ဘီကလပ်အသုံးအဆောင်များ, အစားအသောက်များကို ၄င်းတို့ဘာသာ သီးခြား ချက်ပြုတ်စားကြသော်လည်း၊ ရောက်စတွင် အသုံးမပြုတတ်,မစားတတ်ဖြစ်နေကြသည်။

လန်ချားကုလားရဲဘော်များကိုပါ အစိုးရက ဘီကလပ်အဆင့်ပေးလိုက်သည်ကို ဓားမပါတီက အချို့ လူကြီးများက နှာခေါင်းရှုံ့နေကြပါသည်။ 'ဤလန်ချားကုလားများကြောင့် မိမိတို့ရရှိနေသည့် ဘီကလပ် အဆင့်အတန်းပင် သိက္ခာပျက်သွားရချေပြီ။'-ဟု လူလူချင်း အဆင့်အတန်းခွဲလိုသည့်သဘောဖြင့် နှာခေါင်းရှုံ့ကြ ခြင်းဖြစ်ပေသည်။

သခင်စိုးသည် သူ၏သင်တန်းချိန်ပြီးတိုင်း ရဲဘော်ဂိုရှယ်အပါအဝင် ကုလားရဲဘော် ၃ ယောက်ခန့်ဖြင့် စာဖတ်ခန်းမဆောင်ကြီး၏ ထောင့်တစ်ထောင့်တွင် ၃-၄ ရက်ဆက်ပြီး တိုးတိုးတိတ်တိတ်ဆွေးနွေးပွဲလုပ်ကြသည် ကို တွေ့ရပါသည်။ ထိုဆွေးနွေးပွဲတွင် သခင်လေးမောင်, သခင်နု, သခင်သန်းထွန်းတို့ ပါဝင်ခြင်းမရှိကြသည် ကို ထူးခြားစွာတွေ့နေရပါသည်။

ကုလားရဲဘော်များရောက်ရှိလာပြီး မကြာမီပင် ကျွန်တော်တို့အတွင်းတွင် အထူးလျှို့ဝှက်ထားရမည့် သတင်းတစ်ခုကို ကြားရပါသည်။ 'ဌာနချုပ် တို့ဗမာအစည်းအရုံးအထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း တစ်ယောက် နိုင်ငံခြားသို့ ဩဂုတ်လကပင်ထွက်သွားပြီ' ဆိုသည့်သတင်းပင် ဖြစ်၏။ မည်သည့်တိုင်းပြည်သို့ သွားသည်ကိုမူ ကျွန်တော်တို့ အတိအကျမသိပါ။

ကျွန်တော်တို့သင်တန်းတွင် သင်ကြားနေရသော ရုရှားပြည်တော်လှန်ရေးသမိုင်း၌ ပစ္စည်းမဲ့အလုပ် သမားခေါင်းဆောင်ကြီး လီနင်, စတာလင်တို့သည် ရုရှားပြည်အတွင်း ပုန်းလျှိုးတိမ်းရှောင်လုပ်ကိုင်ရင်းက နိုင်ငံခြားသို့ထွက်ခွာသွားကာ နိုင်ငံခြားကွန်မြူနစ်ခေါင်းဆောင်များနှင့် အဆက်အသွယ်ပြုကြသလို၊ ယခုလည်း သခင်အောင်ဆန်းသည် နိုင်ငံခြားရှိကွန်မြူနစ်, ဆိုရှယ်လစ်ခေါင်းဆောင်များနှင့် ဆက်သွယ်လုပ်ကိုင်ကြရန် သွားခြင်းဖြစ်မည်သာ ထင်မြင်မိကြလေသည်။ ဤသခင်အောင်ဆန်းသတင်းနှင့် ပတ်သက်၍ ခေါင်းဆောင်များ ကလည်း ကျွန်တော်တို့ကို ဖွင့်မပြောသဖြင့် ကျွန်တော်တို့ကလည်း အတိအလင်းမမေးရဲကြပါ။

ကုလားရဲဘော်များနှင့် ကျွန်တော်တို့ တစ်လနီးပါးမျှသာ အတူနေလိုက်ရပါသည်။ မကြာမီ သူတို့ အားလုံးကို အင်းစိန်ထောင်ကြီးသို့ ပြောင်းပစ်လိုက်ပါသည်။ နောက် ကြားရသည့်သတင်းအရ အချို့ခေါင်းဆောင် များကို မြန်မာပြည်အရပ်ရပ်သို့ အကျယ်ချုပ်နှင့်နယ်ပြောင်းလိုက်ကြောင်း။ ရဲဘော်ဂိုရှယ်ကို သာယာဝတီ

mgyoe.com

mgyoe.com SAMPLE BOOK

ထောင်, ရဲဘော်အမာဒေးမှာ ဟသံတ, ရဲဘော်မွန်ရှိမှာ ဓနုဖြူ, ရဲဘော်နှုတ်မှာ ညောင်လေးပင်, ရဲဘော်ဘို(စ်)မှာ ပြည်-စသည်ဖြင့် နယ်ပြောင်းသည့်အပြစ်ဒဏ်ခံသွားရကြောင်း။-ကြားရပေသည်။

ဘူးသီးနုနု

နိုင်ငံရေးသင်တန်းများကို ထောင်အာဏာပိုင်များကလည်း အနှောင့်အယှက်မပေး၊ ဆရာများကလည်း သင်ပြ၊ ကျွန်တော်တို့ကလည်း လေ့လာမှတ်သားလျက်ရှိပေသည်။

စနေနေ့တိုင်းပြုလုပ်သော သခင်နု၏ လိင်ပညာဟောပြောပွဲများသည်လည်း လူစည်ကားလျက်ပင် ရှိပေသည်။ ကျွန်တော်တို့အဖို့ လူပျိုပေါက်အရွယ်ကပင် နိုင်ငံရေးနယ်ထဲရောက်ရှိလာကြသည် ဖြစ်သဖြင့် လိင်ပညာနှင့်ပတ်သက်၍ အတွေ့အကြုံမရှိ၊ အမှား-အမှန်မသိသူများ ဖြစ်ကြသည်။ ကျွန်တော်တို့လူငယ်များကို လိင်မှုရေးရာနှင့်ပတ်သက်၍ မမှားသင့်သည်များကို ရှောင်ကြဉ်စေလိုသောစေတနာဖြင့် သခင်နုက သင်ကြားပြသဆိုဆုံးမခဲ့ခြင်းသည် ကျွန်တော်တို့အတွက် လူမှုရေးရာအသိအမြင်များ ကျယ်ပြန့်စေခဲ့ပါသည်။

စနေနေ့တစ်နေ့တွင် သခင်နုသည် ကာမသွေးထက်သန်တိုးပွားစအရွယ်တွင် လူငယ်များ၌ဖြစ်လေ့ရှိသော တစ်ကိုယ်တည်းကာမဆန္ဒဖြေဖျောက်မှုနှင့်ပတ်သက်၍ ဆိုးကျိုးများကို ပြောဟောပြပါသည်။

လူ၏ကိုယ်ခန္ဓာတွင် ကိန်းအောင်းနေသော သုက်သွေးဖြစ်ပေါ်လာပုံ၊ ၄င်းအားသိမှီးထားခြင်းဖြင့် ကိုယ်ခန္ဓာ၏ကျန်းမာရေးနှင့် မည်သို့ဆက်သွယ်နေပုံ၊ သုက်သွေး၏အရေးပါပုံနှင့် သဘာဝအလျောက် အိပ်ပျော်ရင်းသုက်လွှတ်ခြင်း၊ သုက်လွှတ်လွန်ပါက ကျန်းမာရေးထိခိုက်နိုင်ပုံ၊ ထိုဆွတ်ယွင်းမှုက မည်သို့မည်ပုံ ကာကွယ်ရမည်၊ ခန္ဓာကိုယ်သွေးသားကထိန်းညှိပေးသည့်သဘောဖြင့် အိပ်ပျော်နေစဉ်အလိုအလျောက် သုက်လွှတ်ခြင်းမှာ လူကို အန္တရာယ်မဖြစ်စေတတ်သော်လည်း အန္တရာယ်ရှိကြောင်း၊ ငယ်ရွယ်စဉ်တွင်မသိသာလှသော်လည်း အသက်အရွယ်ထောက်လာပါက လိင်ကျန်းမာသန်စွမ်းမှုသာမက စိတ်ဓာတ်နှင့် ဉာဏ်ပညာ အတွေးအခေါ်များကိုပါ ထိခိုက်နိုင်ကြောင်းများကို ပြောပြသည်။ ဤအပြုအမူများကိုရှောင်ကြဉ်ရန် တားမြစ်သည်။

ဤသို့ တစ်ကိုယ်တည်းကာမစိတ်ဖြေဖျောက်ခြင်းထက် ပြည့်တန်ဆာမများနှင့် ဆက်ဆံဖြေဖျောက်ခြင်းက အဆများစွာပို၍ဆိုးရွားကြောင်း၊ ကျန်းမာရေးအရ, လူကျင့်သိက္ခာအရ၊ အထူးသဖြင့် နိုင်ငံရေးသိက္ခာအရပါများစွာထိခိုက်ကြောင်းနှင့် ကာလသားရောဂါ၏ဆိုးကျိုးများကို ကွင်းကွင်းကွက်ကွက်မြင်လာအောင် သင်ကြားပြသလေသည်။

ပြည့်တန်ဆာမများနှင့် ကာမစိတ်ဖြေဖျောက်မှုသည် လူမှုရေးအရသာမက ကျန်းမာရေးအရပါ ဆိုးကျိုးများလာနိုင်သည်။ ထို့ကြောင့်-မနေနိုင်လောက်အောင်ကာမစိတ်ကြွနေပါက ပြည့်တန်ဆာမများနှင့် မဆက်ဆံဘဲ တစ်ကိုယ်တည်း ကာမစိတ်ကိုဖြေဖျောက်ခြင်းက မသင့်စေကာမူ တော်သေးသည်။ ဤသို့ဖြေဖျောက်ပါက ကျန်းမာရေးကိုမထိခိုက်စေရန် မည်သို့ပြုမူသင့်သည်ကို နည်းလမ်းများနှင့်ပါပြောပြလေသည်။

သခင်နု၏ လိင်ပညာဟောပြောပွဲအပြီး နောက် ၅ ရက်ခန့်အကြာ နံနက် ၆ နာရီထိုး၍ လူစစ်သံချောင်းခေါက်ပြီး အိပ်ဆောင်ဖွင့်သည်နှင့် နေ့စဉ်ပြုနေကျအတိုင်း သခင်စိုးနှင့်ကျွန်တော်သည် ထောင်နံရံလမ်းကလေးတစ်လျှောက် ပတ်ပြေးကြပါသည်။ နှင်းမှုန်များကား ထောင်အတွင်းသို့ကျဆင်းလျက်ရှိသဖြင့် ထောင်အတွင်းရှိ နီညိုညိုအဆောက်အအုံများ၏ အရောင်အဆင်းများမှာ မွဲတဲတဲဖျော့တော့တော့ဖြစ်နေပါသည်။

ထောင်တစ်ပတ်မျှပြေးပြီး ထောင်နံရံတစ်နေရာရောက်တွင် "ဟ- ဒီမှာ ဘူးသီးတစ်လုံးပါလား။" ဟုပြောရင်း သခင်စိုးသည် အပြေးရပ်သွားပါတော့သည်။ ကျွန်တော်လည်း ရပ်လိုက်သည်။ သခင်စိုး၏ခြေထောက်အနီးရှိ လမ်းဘေးမြက်ပင်များအကြားတွင် ဘူးသီးတစ်လုံးကိုတွေ့ရသည်။

mgyoe.com SAMPLE BOOK

"ဒီဘူးသီးကို ဘယ်သူများ ဒီမှာလာပစ်ထားတာလဲ။"-ဟု ပြောပြောဆိုဆို သခင်စိုးသည် မြက်ပင်များအကြားရှိဘူးသီးကို အညှာက လက်ဖြင့်ကိုင်၍ ဆွဲမလိုက်ပါသည်။

"ဟ- ဒီဘူးသီးက အပေါက်ကြီးနှင့်ပါလား။"-ဟု သခင်စိုးထံက အသံထွက်လာသည်။ သခင်စိုးသည် လက်တွင်းကဘူးသီးကို လွှတ်ချလိုက်သည်။ ကျွန်တော်ကလည်း ကြည့်လိုက်သည်။ ဘူးသီး၏အေားတွင် အပေါက်တစ်ပေါက်ကိုတွေ့ရပါသည်။

"ဟား ဟား- လက်စသတ်တော့ ကိုကြီးနုရဲ့ဘူးသီးနုနုဒေသနာကို လက်တွေ့စမ်းသပ်ထားတာကိုး။ ဟား- ဘယ်သူ့လက်ချက်လဲတော့ မသိဘူး။ ဟော့ ဟော့။ ကဲ- မှန်မှန်ပြောစမ်း။ ဒါ ခင်ဗျားလက်ရာလား။"

ကျွန်တော့်ကိုရယ်သွမ်းသွေး၍မေးလေသည်။

"ဟာ-မလုပ်ပါနဲ့။ မဟုတ်ပါဘူးဗျာ။ တစ်ယောက်ယောက်စမ်းပြီး လွှင့်ပစ်ထားတာနဲ့တူတယ်။"

သခင်စိုးသည် အိပ်ဆောင်ဘေးရေကန်တွင် မျက်နှာဝိုင်းသစ်နေကြသောရဲဘော်များထံ တဟားဟားနှင့်ရယ်မောရင်း ထွက်သွားပါသည်။ သူထင်သည့်ရဲဘော်များကို အပေါက်နှင့်ဘူးသီးအကြောင်းပြောပြ၍ လက်သည် ရှာနေပါသည်။ ရဲဘော်များကလည်း တဝါးဝါးရယ်ကြပါသည်။ လက်သည်ကိုကား ရှာမရပါ။ ထိုနေ့ကစ၍ ထောင်တွင်းသူငယ်တန်းဖတ်စာ၌ 'ဘူးသီးနုနု မခူးရ' ဟူသောဖတ်စာအစား 'ဘူးသီးနုနု မသွင်းရ' ဟူ၍ပြောင်းလဲသွားရတော့၏။

သခင်ဗစိန်နှင့် သခင်စိုး

ကျွန်တော် ထောင်ကလွတ်မြောက်မည့်ရက်မှာ တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၏။ ထို့ကြောင့်- နိုင်ငံရေးသင်တန်းနှင့် အင်္ဂလိပ်စာသင်ခန်းစာများကို အတင်းဖိ၍ ကြိုးစားသင်အံနေရပါသည်။

သခင်စိုးက 'ပစ္စည်းမဲ့တော်လှန်ရေးသဘောတရားများ' ဆိုသော စတာလင်ရေးသည့်စာအုပ်ကို သင်ကြားပြသနေပြီး၊ သခင်သန်းထွန်းကမူ အိန်ဂျဲ ရေးသားသော 'အိမ်ထောင်စုပုဂ္ဂလိကပစ္စည်းနှင့် အစိုးရတို့၏ မူလအစ' ဟူသောကျမ်းကို သင်ကြားပြသပေးနေပါပြီ။

ကျွန်တော်အဖို့ ထောင်ကလွတ်မည့်ရက်က နီးကပ်လာနေပြီဖြစ်၍ ရှေ့အဖို့ သင်ကြားပေးမည့်သင်ခန်းစာများ မသင်ရသေးမီ ထောင်က လွတ်မြောက်ရပေတော့မည်။ အချို့ အရေးကြီးသောသင်ခန်းစာများကိုလည်း သင်ဖြစ်အောင်သင်ကြားသွားလိုသည့်ဆန္ဒက ရှိနေသည်။ ထို့ကြောင့်- သခင်စိုးအား အချိန်ယူ၍ အချို့သင်ခန်းစာများကို ကျွန်တော့်ကိုသီးခြားသင်ကြားပေးရန် တောင်းပန်ရတော့သည်။ သခင်စိုးကလည်း လိုလိုလားလားပင် သင်ကြားပြသပေးပါ၏။ ဤသို့ဖြင့် သခင်စိုးထံက ကွန်မြူနစ်များ၏လက်စွဲကျမ်းကြီးဖြစ်သော 'အရင်းကျမ်း' တွင်ပါသည့် 'အလုပ်,လုပ်ရပ်နှင့် အစွန်းထွက်တန်ဖိုးသဘောတရား' ဟူသောအခန်းကို သင်ကြားမှတ်သားရပေသည်။ ဘီကလပ်ဆောင်တွင်းအကျဉ်းသားဦးရေမှာလည်း အလွှာမရှိ၊ တစ်နေ့တခြား တိုးပွား၍သာလာနေပါသည်။

ယိုးဒယားနယ်စပ်အနီးတွင် ယိုးဒယားပြည်မှတစ်ဆင့် ဂျပန်ပြည်သို့သွားရန် စီစဉ်နေသော သခင်ဗစိန်ကို အစိုးရကဖမ်းမိသဖြင့် အင်းစိန်ထောင်သို့ပို့လိုက်ပေသည်။ သခင်ဗစိန်နှင့်မရှေးမနှောင်းပင် ဂျပန်သူလျှို ယိုးဒယား-တရုတ်ကပြားတစ်ယောက်နှင့် ရေနံမြေ ဘီအိုစီကုမ္ပဏီတွင် ဘူမိဗေဒပါရဂူအဖြစ်လုပ်ကိုင်နေစဉ် ဂျာမန်သူလျှို အဖြစ်အဖမ်းခံရသော ဂျာမန်စကော့လူမျိုး ကပြားတစ်ယောက်တို့ ရှေ့ဆင့်နောက်ဆင့်ရောက်လာသည်။

ယိုးဒယား-တရုတ်ကပြားမှာ သူဝတ်ထားသော ဘောင်းဘီရှည်အိတ် ၂ ဖက်ထဲ လက် ၂ ဖက်စုံနှိုက်၍ အိပ်ဆောင်ထဲခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ကာ မြန်မာပြည်အစိုးရကို နေ့တိုင်းဆဲရေးတိုင်းထွာနေလေ့ရှိပေသည်။

mgyoe.com SAMPLE BOOK

သခင်ဗစိန်နှင့် ကျွန်တော်တို့ခေါင်းဆောင်များမှာ မေးထူးခေါ်ပြောရှိကြသော်လည်း ခပ်တန်းတန်းပင် နေကြပါသည်။ သခင်ဗစိန်နှင့် ပြောဆိုဆွေးနွေးလေ့ရှိသူများမှာ သူတို့အဖွဲ့ကသခင်များနှင့် ဦးဘွန်စွမ်အမှူး ရှိသော ဓားမပါတီကအဘိုးကြီးများသာဖြစ်ပေသည်။

သခင်ဗစိန်မှာ ကျွန်တော်တို့အိပ်ဆောင်သို့ရောက်ပြီးမကြာမီပင် သူ၏ ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး သဘောတရားများကို ကျွန်တော်တို့ကြားလောက်အောင် မသိမသာပြောလာပါသည်။ သခင်စိုး,သခင်သန်းထွန်း တို့ခေါင်းဆောင်၍ ကျွန်တော်တို့လူငယ်တစ်စုကို ကွန်မြူနစ်ဝါဒသဘောတရားများကို နေ့စဉ် တရုန်းရုန်းနှင့် သင်ကြားနေသည်ကိုလည်း သခင်ဗစိန် အတော်မျက်မုန်းကျိုးနေဟန်တူပါ၏။

သခင်ဗစိန်သည် ညပိုင်း ကျွန်တော်တို့စာကြည့်နေချိန်တွင် သူ့အိပ်ရာကနေ၍၊ 'ဟစ်တလာ၏ အမျိုးသားဆိုရှယ်လစ်ဝါဒသည် အဘယ်မျှမှန်ကန်ကြောင်း၊ ကမ္ဘာပေါ်တွင် တစ်နေ့ကျ အမျိုးသားဆိုရှယ်လစ် ဝါဒသာလျှင် လွှမ်းမိုးလာမည်ဖြစ်ကြောင်းများ'ကို အဘိုးကြီးများကိုပြောပြသလိုနှင့် ကျွန်တော်တို့အား လုံးကြားလောက်အောင် ဟောင်ဖွာဟောင်ဖွာနှင့်ပြောနေလေ့ရှိပေသည်။ ကျွန်တော်တို့သည် မူလကပင် သခင်ဗစိန် တို့အပေါ်တွင် ဂိုဏ်းဂဏအစွဲများရှိခဲ့ရာက ဤသို့ 'ဟစ်တလာ၏အမျိုးသားဆိုရှယ်လစ်ဝါဒကောင်းကြောင်း' ပြောဟောသံများကြားလာရသောအခါ အာဃာတစိတ်များ ပို၍တိုးပွားလာရပါတော့သည်။

နေ့တစ်နေ့မနက်ပိုင်းတွင် သခင်စိုးသင်တန်းပေးနေဆဲ နဂါးနီသခင်တင်သည် ခွင့်တောင်း၍ အိမ်သာ ဘက်သို့ထွက်သွားပါသည်။ သင်ကြားချိန်တစ်နာရီပြည့်သဖြင့် သင်တန်းခေတ္တရပ်နားနေစဉ် နဂါးနီသခင်တင် ပြန်ရောက်လာပါသည်။ သူ၏အမူအရာမှာ တစ်ယောက်ယောက်နှင့် စိတ်ဆိုးလာသည့်ပုံ ပေါ်နေပါသည်။ ရောက်သည်နှင့် နဂါးနီသခင်တင်က "သခင်ဗစိန်က ကျွန်တော့်ကို မဟုတ်တာတွေပြောလိုက်တယ်။ ကျွန်တော် လည်း ပြန်ပြောခဲ့မလို့ပဲ၊ သူက လူကြီးဖြစ်နေတော့ အသာအောင့်ခံခဲ့ရတယ်။" ဟု ကျွန်တော်တို့ကိုပြောပြသည်။

"သခင်ဗစိန် ဘာတွေ မဟုတ်တာပြောလိုက်လို့လဲ၊ ပြောစမ်းပါဦး။"-ဟု သခင်စိုးက ဖြတ်မေး လိုက်လေသည်။

"ကျွန်တော် အိမ်သာမှာ သခင်ဗစိန်နဲ့တွေ့တယ်။ သခင်ဗစိန်က 'ကွန်မြူနစ်ဝါဒအကြောင်း တော်တော် နားလည်ပြီလား'လို့မေးတယ်။ ကျွန်တော်ကလည်း အကောင်းသဘောရိုးနဲ့ မေးတယ်မှတ်လို့ သိပ်ပြီးနားမလည် သဘောမပေါက်သေးတဲ့အကြောင်း ပြန်ပြောလိုက်တယ်။ ဒီတော့ သူက 'မင်း ကွန်မြူနစ်တစ်ယောက်ဖြစ်ချင် သလား' လို့ထပ်မေးတယ်။

"ကျွန်တော်ကလည်း 'ဖြစ်ချင်တာပေါ့ဗျာ' လို့ပဲ ပြန်ပြောလိုက်ပါတယ်။ 'မင်း ကွန်မြူနစ်ဖြစ်ချင်ရင် ကွန်မြူနစ်တစ်ယောက် ဖြစ်-မဖြစ် စမ်းသပ်ကြည့်ရမယ်။ စမ်းသပ်တဲ့နည်းကတော့ ၁- ငါ လူဘဝရောက်လာ ခြင်းဟာ ကုသိုလ်-အကုသိုလ်ကံတရားကြောင့်ရောက်လာခြင်း မဟုတ်။ ငါ့အဖေနှင့်အမေ ကမြင်းကြောထကြ လို့ရောက်လာရတယ်လို့ ယုံကြည်ရမယ်။ ၂- ဗုဒ္ဓဘုရားရဲ့ပုံတော်ကို ခြေနှင့် နင်းရဲရမယ်။ ၃- ဘုန်းကြီးတွေ ကိုလည်း 'လူလိမ်တွေ'လို့ ဆဲပြစ်ရမယ်။ အဲဒီအရည်အချင်း ၃ ရပ်နှင့်ပြည့်စုံပြီဆိုရင် မင်းဟာ ကွန်မြူနစ်တစ် ယောက်ဖြစ်ပြီလို့ ကိုယ့်ကိုယ်ကိုသတ်မှတ်ပေတော့။' လို့ပြောတယ်။ ကျွန်တော်ကလည်း သူ မဟုတ်မဟတ် ပြောမှန်းသိလို့ 'ခင်ဗျား သက်သက်မဟုတ်တာပြောတာပဲ။' လို့ပြန်ပြီးပြောလိုက်တယ်။ သခင်ဗစိန်လည်း ရယ်ပြီးထွက်သွားရော။"

သခင်စိုးသည် နဂါးနီသခင်တင်ပြောပြသည်ကို စူးစိုက်နားထောင်နေရာက 'တောက်' ဟု တောက် ပြင်းပြင်းတစ်ချက်ခေါက်လိုက်ပြီး၊ "ဗစိန်က ဒီလိုပဲ ယုတ်ယုတ်မာမာပြောလိုက်သလား။" ဟုမေးလိုက်သည်။

"ဒီလိုပဲ။ ဒီအတိုင်းပဲပြောလိုက်တာပဲ။ ကျွန်တော်လည်း စိတ်အတော်ချုပ်လာခဲ့ရတယ်။" ဟု နဂါးနီသခင်တင်ကပြန်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သိပ်လူပါးဝတာပဲ။"-ဟု သခင်သန်းလေးက သခင်ဗစိန်ကို ရည်ရွယ်၍ပြောလိုက်သည်။

ကျွန်တော်တို့ လူငယ်အချင်းချင်း သခင်ဗစိန်မကောင်းကြောင်းများကို ဆက်ပြောနေကြသည်။ သခင်စိုးကတော့ ထိုကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံပြောကြားခြင်း မပြုတော့။ သူ့လက်ထဲတွင်ကိုင်ထားသော စာအုပ်ကိုသာ ဖြန့်၍ စူးစူးဝါးဝါးကြည့်နေပါသည်။ နားချိန်စေ့သောအခါ သင်တန်းကိုပြန်စသည်။ သခင်စိုးသည် ဆက်လက်သင်ကြားပို့ချရာတွင် စိတ်ပါလက်ပါမရှိတော့ပါ။ သူခေါင်းကိုက်နေသည်ဟု ပြောပြပြီး သင်တန်းကို တစ်ပိုင်းတစ်စနှင့်ရပ်နားလိုက်ပါသည်။

သခင်စိုးသည် သင်တန်းရပ်၍ အိပ်ဆောင်ပြန်အရောက်တွင် 'ခေါင်းကိုက်နေသည်'ဟု ပြောကာ ထမင်းပင်မစားတော့၊ သူ့ခုတင်တွင် အိပ်ရာခင်းကြီးတစ်ခုကိုခေါင်းမြီးခြုံ၍ အိပ်နေပါတော့သည်။ နေ့လယ်ပိုင်း သခင်စိုး၏သင်ကြားချိန်ကို သခင်သန်းထွန်းက ဝင်ယူသင်ကြားရတော့၏။

သင်တန်းများပြီးဆုံး၍ ညနေပိုင်းအနားယူချိန် ကျွန်တော်တို့လူငယ်တစ်သိုက်သည် နေ့စဉ် ထိုင်နေကျ မြက်ခင်းပေါ်တွင်ဝိုင်းထိုင်၍ ဟိုအကြောင်းသည်အကြောင်းများပြောနေကြသည်။ အချို့ရဲဘော်များကလည်း ဘူးဝအလယ်ထပ်ပြတင်းပေါက်က ပြူတစ်ပြူတစ်နှင့် မရဲတရဲဟန်ရေးပြလေ့ရှိသော ထောင်မှူးကြီး ဦးပန်းမောင်၏တူမအား ဘူးဝသွားရာလမ်းတစ်လျှောက်တွင် လျှောက်ပြန်သံပေးပြုနေကြသည်။

သုန်မှုန်နေသောမျက်နှာထားဖြင့် အိပ်ရာကထလာဟန်တူသည့်သခင်စိုးသည် မြက်ခင်းပေါ်ဝိုင်းထိုင်နေသောကျွန်တော်တို့ထံ ရောက်လာပါသည်။ သခင်စိုးက ကျွန်တော်တို့ကိုကြည့်လိုက်ပြီး လူစုံမတွေ့ရသည်တွင် ဘူးဝသွားလမ်းပေါ်၌လမ်းလျှောက်နေသူများကိုပါ အခေါ်ခိုင်းလိုက်သဖြင့် လှမ်းခေါ်လိုက်ရပါသည်။

လူစုံသည်နှင့် သခင်စိုးက "ဒီမှာ ကျွန်တော် အကြံအစည်တစ်ခုတင်ပြချင်တယ်။ ကျွန်တော်တို့သင်ကြားလေ့လာနေတဲ့ မာ့က်စ်လီနင်ဝါဒ, ကွန်မြူနစ်ဝါဒကို ကျွန်တော်တို့ဟာ တကယ်လိုလားလို့, ယုံကြည်သက်ဝင်လို့ ကွန်မြူနစ်ဝါဒအရ မြန်မာပြည်အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ပေးမယ်ဆိုပြီး သင်ကြားလေ့လာနေကြတာ ဖြစ်တယ်။ ကျွန်တော်တို့ဟာ လူတွေကို ဗန်းပြလိမ်ညာဖို့ ဒီဝါဒကိုလေ့လာနေကြတာ မဟုတ်ဘူး။ ဒီဝါဒကြီးအောင်မြင်ရေးအတွက် ကျွန်တော်တို့ဟာ အသက်စွန့်ကြဖို့ ဝန်မလေးဘူးမဟုတ်လား။"

ကျွန်တော်တို့ နားထောင်သူအားလုံးသည် သခင်စိုး ဘာကိုရည်ရွယ်၍ပြောနေသည်ကို နားမရှင်းကြစေကာမူ၊ သခင်စိုးကို 'ဟုတ်ပါသည်' ဟု ဖြေကြားလိုက်ပါသည်။

သခင်စိုးကဆက်လက်၍ "အဲဒီတော့ ကွန်မြူနစ်ဝါဒအတွက် အသက်စွန့်ဖို့ဝန်မလေးရင် ကွန်မြူနစ်ဝါဒရဲ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက်လည်း လူသတ်ရဲကြရမယ်။ ဒါကြောင့် ကွန်မြူနစ်ဝါဒကို သွားပုပ်လေလွင့်စော်ကားတဲ့သခင်ဗစိန်ကို ရိုက်သတ်ပစ်ရမယ်။"

ကျွန်တော်တို့အားလုံး မျက်လုံးပြူးသွားကြပါသည်။ သခင်စိုးကို အံ့သြစွာနှင့် ဝိုင်းကြည့်နေမိကြသည်။ မနက်က နဂါးနီသခင်တင်ကို သခင်ဗစိန်ပြောလိုက်သောစကားများကို ကျွန်တော်တို့သည် မေ့မေ့ပျောက်ပျောက်ဖြစ်နေကြပြီ ဖြစ်၏။ သခင်စိုးကား မမေ့သည့်ပြင် တစ်နေ့လုံး ထမင်းပင်မစားနိုင်လောက်အောင် ဒေါသထွက်နေကာ ဤသဘောထားကို ဆုံးဖြတ်လာဟန်တူပါသည်။

"သခင်ဗစိန်ကိုရိုက်သတ်လို့ ဘယ်ဖြစ်မလဲဗျ။ ဒီထောင်ထဲမှာ လူသတ်မှုနဲ့ အဖမ်းခံရမှာပေါ့။"-ဟု သခင်သန်းမြိုင်ကကန့်ကွက်လိုက်သည်။

"ဒီလူကြီးကိုသတ်ပြီး ကျွန်တော်တို့ အသတ်ခံရမယ့်အလုပ်ကိုလုပ်ရင် ကျွန်တော်တို့ရည်ရွယ်ချက်တွေ ပျက်ကုန်မှာပေါ့။"

"ဒီလိုမတော်မတရားပြောတာလောက်နဲ့ သူ့ကိုသတ်ပစ်လို့တော့ မဖြစ်ဘူးထင်တယ်။"

mgyoe.com

mgyoe.com SAMPLE BOOK

"သူပြောချင်တာ ပြောပါစေပေါ့။ ဂရုစိုက်မနေပါနှင့်ဗျာ။" စသည်ဖြင့် ကျွန်တော်တို့အားလုံးက တစ်ယောက်တစ်မျိုး ဝိုင်းပြောကြ၏။

"သူပြောချင်တာ မဟုတ်မဟတ်ပြောတာကို ငုံ့ခံနေရမလားဗျ။ သူပြောတာက ဗုဒ္ဓဘာသာယုံကြည်သူတွေနဲ့. ကျုပ်တို့ကို မတော်မတရားရန်တိုက်ပေးတဲ့သဘောပဲ။ ကွန်မြူနစ်ဝါဒကို မှန်တယ်-မှားတယ် ရိုးရိုးတန်းတန်းဝေဖန်တာက ဘယ်လောက်ဝေဖန်ဝေဖန် ကိစ္စမရှိဘူး။ ခုဟာက သက်သက်မဲ့စော်ကားလို့။ ဒါကိုငုံ့ခံနေရင် နောက် ပိုဆိုးလာမယ်။ ခင်ဗျားတို့က ဒီကိစ္စမှာ 'မလုပ်သင့်ဘူး' ထင်ပေမယ့် ကျုပ်ကတော့ ကျုပ်ဆုံးဖြတ်ချက်နှင့်ကျုပ်ပဲ။ ဒီကောင့်ကိုလုပ်ရမှာပဲ။ ခင်ဗျားတို့မပါချင်ရင် နေကြ။"

ကျွန်တော်တို့သည် သခင်စိုးကို ပိုမိုစိုးရိမ်လာပါသည်။ 'မလုပ်သင့်ကြောင်း' အမျိုးမျိုးဝိုင်းပြောပြကြပါသည်။ မလုပ်သင့်ကြောင်းပြောသဖြင့် ကျွန်တော်တို့အပေါ်တွင် 'ဒီကောင်တွေဟာ အလကားကောင်လေးတွေ။'-ဟု သခင်စိုးက အထင်သေးသွားမည်ကိုလည်း စိုးရိမ်မိကြပါသည်။

ကျွန်တော်တို့က သခင်ဗစိန်အား စကားတစ်လုံးအတွက် ဤသို့ ကိုယ်ထိလက်ရောက်လက်စားမချေသင့်ကြောင်း အမျိုးမျိုးပြော, ဝိုင်း၍ကန့်ကွက်ကြသောအခါ သခင်စိုးသည် သခင်ဗစိန်အား အသေရိုက်သတ်ရေးအစား၊ 'သခင်ဗစိန်ကို စိတ်ဆိုးဒေါသထွက်လာအောင် စကားဖြင့် အမျိုးမျိုးဝိုင်းစနောက်ပြောင်ကြမည်။ သူကစိတ်မထိန်းနိုင်၍ စတင်ထိုးပါက မိမိက သခင်ဗစိန်အား မှတ်လောက်သားလောက်အောင် လက်သီးဖြင့် ထိုးပစ်လိုက်မည်။'-ဟူသော အကြံအစည်သစ်တစ်ခုကို သခင်စိုးကတင်ပြပါသည်။ ထိုအကြံပေးချက်ကို ကျွန်တော်တို့က မကောင်းမှန်းသိကြသော်လည်း လက်ခံလိုက်ကြရပါသည်။

ထို့ကြောင့်- လုပ်ရမည့်အစီအစဉ်ကို သခင်စိုးကပြောပြသည်။ ယနေ့ညတွင် သခင်စိုးက သခင်ဗစိန်တို့စကားဝိုင်းသို့သွား၍ စကားဝင်ပြောမည်။ ပြောရင်း သခင်ဗစိန်ကို ကွန်မြူနစ်ဝါဒနှင့်ပတ်သက်၍ မေးခွန်းများမသိမသာမေးမည်။ ကျွန်တော်တို့က ဘေးကဝိုင်းနားထောင်နေရင်း သခင်ဗစိန်၏အဖြေများကို လက်ခုပ်လက်ဝါးတီး၍ ဝိုင်းလှောင်ရမည်။ ဤသို့လုပ်ပါက သခင်ဗစိန်ဒေါပွလာမည်။ ကျွန်တော်တို့ထဲက တစ်ယောက်ယောက်ကို ထထိုးလိမ့်မည်။ ထိုအခါ သခင်စိုးက သခင်ဗစိန်ကို လက်သီးနှင့်ဝင်ထိုးရန် ဖြစ်ပါသည်။

ဤအစီအစဉ်နှင့်ပတ်သက်၍ သခင်သန်းထွန်း, သခင်နုတို့ကို ဘယ်သူမှသွားမပြောရန် သခင်စိုးက ကျွန်တော်တို့ကို မှာလေသည်။ သူတို့သာသိသွားပါက ဤအကြံအစည်ကိုသဘောမတူဘဲ ဖျက်ပစ်ကြမည်မှာ သေချာသည်။ ထို့ကြောင့်- မပြောရန်ဖြစ်သည်။ ကျွန်တော်တို့ကလည်း သခင်စိုးမှာသည့်အတိုင်း သခင်နု, သခင်သန်းထွန်းတို့ကို သွားမပြောကြပါ။

အိပ်ဆောင်ပိတ်ပြီး၍ ည ၇ နာရီခွဲလောက်တွင် သခင်စိုးသည် သခင်ဗစိန်၏ခုတင်နှင့်ယှဉ်နေသော ဦးဘွန်စွမ်၏ခုတင်ပေါ်သို့ ရောက်နေပါပြီ။ သခင်ဗစိန်က ခုတင်ဘေးရှိ ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်၍ လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေသည်။ သခင်စိုးကလည်း လက်ဖက်ရည်ဝင်သောက်ကာ စကားဝိုင်းသို့ဝင်ပြောခြင်း ဖြစ်သည်။ ဦးဘွန်စွမ်, ဦးတင်, သခင်ခတို့ကလည်း အနီးအနားခုတင်များ, ကုလားထိုင်များတွင်ရှိကြသည်။

သခင်စိုးက သခင်ဗစိန်တို့စကားဝိုင်းထဲဝင်၍ စကားစပြောသည်နှင့် ကျွန်တော်တို့လည်း သူတို့အနီးရှိ သခင်ခခုတင်တွင် မသိမသာတစ်ယောက်စီသွား၍ စုရုံးထိုင်ကြပါသည်။ သခင်စိုးသည် ပထမတွင် ဦးဘွန်စွမ်နှင့်စကားပြောနေသေးသည်။ နောက်မှ သခင်ဗစိန်သို့ စကားဆက်သွားသည်။သခင်ဗစိန်တို့အနေဖြင့် သူတို့ထောင်ထဲရောက်စကတည်းက သခင်စိုးသည် သူတို့နှင့်အတူ ဤသို့လာရောက်စကားပြောလေ့ မရှိသဖြင့် ထူးခြားသည့်ခံစားမှုတစ်ခုကို ခံစားကြရဟန်တူပါသည်။ အမူအရာများက တစ်မျိုးဖြစ်နေပါသည်။ သခင်စိုးက သခင်ဗစိန်ကို "ကွန်မြူနစ်ဝါဒအကြောင်း နံ့နံ့စပ်စပ်လေ့လာဖူးပါသလား။"-ဟု မေးပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်ဗစိန်က 'အတော်အသင့်လေ့လာဖူးကြောင်း' ပြန်ဖြေသည်။ သခင်စိုးက 'စတာလင်ရေး ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီသမိုင်း' စာအုပ်တွင်းက အကြောင်းအရာတစ်ခုကို ကောက်မေးလိုက်သည်။ သခင်ဗစိန်မှာ သခင်စိုးကို ကြောင်အန်းအန်းကြည့်နေပြီး မေးခွန်းကို ချက်ချင်းမဖြေ။ အတန်ကြာမှ 'သူ မသိဘူး' ဟု တုံးတိတိပင်ပြန်ပြောပါသည်။ ကျွန်တော်တို့က သခင်စိုးမှာထားသည့်အတိုင်း ဟားတိုက်၍ လက်ခုပ်လက်ဝါးတီးကာ သံပြိုင်ရယ်လိုက်ကြသည်။

သခင်ဗစိန်သည် မျက်မှောင်ကြုတ်ပြီး ကျွန်တော်တို့ဘက်လှည့်ကြည့်လိုက်သည်။ ဦးဘွန်စွမ်,ဦးတင်စသော အကိုးကြီးများကလည်း ကျွန်တော်တို့အပြုအမူကို ဘာမျှနားမလည်ဟန် နဂေတိမ်တောင်ဖြစ်နေကြသည်။

သခင်စိုးက မေးခွန်းတစ်ခုထပ်မေးပြန်ပါသည်။ သခင်ဗစိန်သည် သူ မသိကြောင်းပင် ထပ်ပြောပါသည်။ ကျွန်တော်တို့ကလည်း တသောသောရယ်လိုက်ကြပြန်ပါသည်။ ကျွန်တော်တို့၏ ဟားတိုက်ရယ်သံများကြောင့် စာကြည့်နေသော သခင်နု,သခင်သန်းထွန်းနှင့် အချို့ရဲဘော်များသည် ကျွန်တော်တို့ရှိရာသို့ ထလာကြပါသည်။ 'ဘာဖြစ်နေကြတာလဲ။' ဟု စူးစမ်းလိုဟန်ဖြင့်ရောက်လာကြသည်။

သခင်စိုးက မေးခွန်းတစ်ခုထပ်မေးပြန်သည်။ သခင်ဗစိန်ကား ဘာမျှပြန်မပြောတော့ပါ။ ကျွန်တော်တို့ကလည်း တသောသောလုပ်နေစဉ် သခင်ဗစိန်ဒေါသထွက်လာအောင်ဆွပေးနေသော သခင်စိုးသည် သခင်ဗစိန် ဒေါသမထွက်ဘဲ အေးစက်စက်လုပ်နေသည်ကိုတွေ့ရသောအခါ ထိုင်ရာကဝုန်းခနဲထလိုက်ပြီး၊

"ဟေ့- သခင်ဗစိန်။ မနက်က သခင်တင်လေးကို ခင်ဗျားဘာတွေပြောလိုက်တာလဲ။"

"ကျုပ်ဘာပြောလို့လဲဗျ။"

"မင်းလားက္ခ ကွန်မြူနစ်ဝါဒကိုစော်ကားတဲ့ကောင်။ မအေရိုး-သေပေတော့။"

သခင်စိုးသည် ကြုံးဝါးပြောဆိုရင်း ဘယ်ကရှာယူခဲ့မှန်းမသိသော သံတုတ်တစ်ချောင်းကို လက်၂ ဖက်မှစုံကိုင်၍ ပက်လက်ကုလားထိုင်ပေါ်ထိုင်နေသော သခင်ဗစိန်ခေါင်းပေါ်သို့ မြှောက်ရွယ်လိုက်ပါသည်။

သခင်ဗစိန်က "ဒီထောင်ထဲမှာ ခင်ဗျားတို့ကလူများစုပဲ။ လုပ်ချင်သလိုလုပ်ကြပေါ့။"-ဟု သံတုတ်နှင့်ရိုက်ရန်ရွယ်နေသော သခင်စိုးကိုကြည့်ရင်းပြန်ပြောလိုက်သည်။

ကျွန်တော်တို့လည်း ရုတ်တရက် မှင်တက်နေမိပါသည်။ သခင်စိုးအနီးသို့ အရင်ရောက်သွား၍ သခင်စိုးအား သိမ်းကျုံးဖက်လိုက်ကြသူများမှာ သခင်နုနှင့် သခင်သန်းထွန်းတို့ ဖြစ်ပါသည်။ သခင်နုတို့က သခင်စိုးကို မဖက်လိုက်မိကပင် သခင်စိုး၏ သံတုတ်ကိုင်ထားသောလက်မှာ ရုတ်တရက်တန့်သွားသည်ကိုတော့ သတိပြုလိုက်မိပါသည်။ တရုန်းရုန်းဖြစ်သွားက ကျွန်တော်တို့လည်း သခင်စိုးကို ဝိုင်း၍ဆွဲကြရပါတော့သည်။

သခင်စိုးပါးစပ်ကမူ "ဟေ့- ဗစိန်။ မင်းဟာ တော်တော့်ကိုလူပါးဝတယ်။ ဘာဖြစ်လို့ ကလေးတွေကို မဟုတ်တာတွေလျှောက်ပြောရတာလဲ။"

"ကျုပ် ဘာပြောလို့လဲ။ ခင်ဗျား သက်သက်ရန်စတာပဲ။"-ဟု သခင်ဗစိန်က ထိုင်နေရာကပင် ပြန်ပြောနေပါသည်။

"ဘာ- မဟုတ်တာပြောတာမဟုတ်လို့ မင်းမေရိုးတာလားဟင်။"-ဟု တစ်ချက်အော်လိုက်ရင်း ချုပ်ထားခံရသောလက်များကို ရုန်းပစ်လိုက်ရာ သခင်သန်းထွန်းနှင့် သခင်နုတို့၏လက်ထဲက သခင်စိုးကိုယ်မှာ လွတ်သွားပြန်သည်။

"ဟ ဟ- လုပ်ကြပါဦး။"-ဟု သခင်နုကအော်သဖြင့် ကျွန်တော်တို့အားလုံးသည် သခင်စိုးကို မလှုပ်နိုင်အောင်ဝိုင်းချုပ်ထားလိုက်ရပါသည်။

သခင်နုက "သခင်စိုး။ ဘယ်လိုဖြစ်တာလဲ။ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ဒီလိုစိတ်လိုက်မာနေပါမလုပ်ပါနဲ့။"-ဟု စိုးရိမ်တကြီးပြောနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်နု, သခင်သန်းထွန်းနှင့်ကျွန်တော်တို့မှာ သခင်စိုးကို သူ့အိပ်ရာသို့အတင်းချုပ်ထိန်း၍ ဆွဲခေါ်သွားရသည်။ သခင်စိုးလက်ထဲကသံတုတ်ကိုလည်း အတင်းလုယူထားလိုက်ရသည်။ သခင်စိုးသည် ချွေးများရွှဲ၍ မျက်နှာကြီးနီနေကာ သူ့အသားများမှာ တဆတ်ဆတ်တုန်နေပါသည်။

သခင်နုနှင့်သခင်သန်းထွန်းက 'ဘယ်လိုဖြစ်ကြရတာလဲ။'-ဟု သခင်စိုးကို မေးသေးသည်။ သခင်စိုးက ပြန်ဖြေမည်လုပ်နေစဉ် သခင်နုကပဲ ''ကဲ ကဲ- သခင်စိုး။ ခင်ဗျားအိပ်လိုက်ရင် ကောင်းမယ်။ ဒါမှ စိတ်ငြိမ်သွားမယ်။ ကဲ- အိပ်လိုက်ဗျာ။''-ဟုပြောပြီး၊ ခုတင်ပေါ်ခြေဆင်းထိုင်နေသော သခင်စိုးကို ပခုံးကကိုင်၍ အိပ်ရာပေါ်တွန်းလဲပြီးအိပ်ခိုင်းနေသည်။ သခင်စိုးကလည်း ဘာမျှမပြောတော့ဘဲ အိပ်ရာခင်းကို တစ်ကိုယ်လုံးခြုံ၍ လဲအိပ်လိုက်လေသည်။

ကျွန်တော်နှင့် သခင်လှကွန်းကို သခင်စိုးအနီးတွင်အစောင့်ထားခဲ့ပြီး သခင်မြသန်းတို့သည် သခင်နုနှင့် သခင်သန်းထွန်းတို့အား အဖြစ်အပျက်များကို တိုးတိုးတိတ်တိတ်ပြောပြနေသည်။ သခင်ဗစိန်မှာမူ ပက်လက်ကုလားထိုင်တွင်ထိုင်လျက် ဦးဘွန်စွမ်တို့နှင့် အခြားကိစ္စများကို ဆက်လက်ပြောကြားနေလျက်ပင်။ သခင်ဗစိန်သည် နိုင်ငံရေးအရေ အတော်ထူနေသူဖြစ်ပေသည်။ ဣန္ဒြေမပျက် စကားပြောပင်မပျက်။

သခင်နုက ကျွန်တော်တို့လူငယ်များအား 'သခင်စိုးအကြံအစည်နှင့်ပတ်သက်၍ သူတို့ကို လာမပြောကောင်းလား။'-ဟု အပြစ်တင်နေသံကြားရပါသည်။ ကျွန်တော်တို့တစ်သိုက်မှာလည်း ကိုယ်တင်တဲ့စစ်ကဲကိုယ်မနိုင်ဖြစ်နေသဖြင့် တုတ်တုတ်မျှမလှုပ်ကြတော့ပါ။ သခင်စိုး၏လက်စားချေလိုစိတ်ကား ပြင်းထန်သလောက် ကြောက်စရာလိလိပါတကား။

ကျွန်တော်တို့ကိုပြောစဉ်က 'လက်သီးဖြင့်သာ သခင်ဗစိန်ကိုထိုးပါတော့မည်။'-ဟုပြောခဲ့ပြီး သံတုတ်တစ်ချောင်းကို မရအရရှာဖွေ၍ သခင်ဗစိန်အား အသေရိုက်သတ်ရန်ကြံစည်ရဲသော သခင်စိုး၏ တစ်ဇွတ်ထိုးစိတ်ဓာတ်သည် ကျွန်တော်တို့စိတ်ဝယ် အားကျစိတ်ပေါ်မလာသည့်ပြင်၊ စိုးရိမ်ကြောက်ရွံ့စိတ်များပင် ပေါ်လာရပါသည်။ သခင်စိုးသည် စကားဖြင့်ပက်လာသူကို တုတ်ဖြင့် အပြတ်အသတ်ပြန်ဖြေရှင်းလိုသူ ဖြစ်ပေသည်။

ကျွန်တော်တို့သည် ခုတင်ပေါ်အိပ်နေသောသခင်စိုးကို မယုံမရဲဖြစ်နေသေးသဖြင့် စောင့်၍ကြည့်နေကြရပါသည်။ သခင်စိုးလည်း အိပ်ပျော်သွားသည်ထင်ပါ၏။ မလှုပ်မရှား အသက်မှန်မှန်သာ ရှူနေသည်ကို တွေ့နေရသည်။

သခင်ဗစိန်တို့ စကားဝိုင်းတွင်ကား သခင်ဗစိန်၏အသံမှာ တစာစာထွက်ပေါ်နေဆဲပင် ဖြစ်ပါသည်။

နာရီဝက်ခန့်ကြာသွားပါသည်။ သခင်စိုးအိပ်နေသော စပရင်ခုတင်သည် တကျိကျိမြည်၍လှုပ်လာသည်။ 'သခင်စိုး ထများထမလား' ဟုကြည့်လိုက်သည်။ သခင်စိုးကား အိပ်နေဆဲပင်။ သို့ရာတွင် ခြုံထားသောအိပ်ရာခင်းမှာ ခြေဖျားမှခေါင်းဆုံးအထိလှုပ်ရှားနေပါသည်။ စပရင်သံက ပို၍မြည်လာပါသည်။

''ဟေ့- မအေရိုးဗစိန်။ ငါ့အကြောင်းကို မင်း ဘာတွေထပ်ပြောနေတာလဲကွ။''-ဟု သခင်စိုးက အိပ်လျက်မှ အသံဗလုံးဗထွေးနှင့်အော်လိုက်သဖြင့်၊ အနားရှိကျွန်တော်တို့သည် သူ့ကိုယ်ပေါ် ဝိုင်းဖိကြရပြန်သည်။

''သခင်စိုး၊ သခင်စိုး။ ဘာဖြစ်တာလဲ။''-ဟု မေးကြရင်း သခင်နုတို့လည်း အနီးသို့ရောက်လာကြသည်။

သခင်စိုးသည် မောဟိုက်သံဖြင့် အိပ်မက်လိုလိုနိုးနေသလိုလိုဖြစ်ပြီး

''ဗစိန်အသံကို နားထဲမှာကြားနေရတယ်။ ကျွန်တော့်အကြောင်းပြောနေတာ ကြားနေရတယ်။''

''ဘယ်ကလာ ခင်ဗျားအကြောင်းပြောနေရမှာလဲဗျာ။ သူတို့ဘာသာ တခြားကိစ္စတွေ ပြောဆိုနေကြတာပါ။''-ဟု သခင်သန်းထွန်းကဖြေရှင်းပြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤတွင်မှ သခင်စိုးသည် ချွေးရွဲနေသောမျက်နှာဖြင့် သခင်နုကိုမော့ကြည့်လိုက်ပြီး၊ "ကျွန်တော် ထဖို့ကြိုးစားနေတာ အတော်ကြာပြီ။ ထမရတော့ အော်ဆဲသေးတယ်။ အသံမထွက်ဘူး။ သရဲစီးနေသလို ဖြစ်နေတာ။ ဒေါသဖြစ်ဖြစ်နဲ့ကျုံးအော်လိုက်မှ အသံထွက်ပြီး ထလို့ရလာတယ်။ ဒါဖြင့် အိပ်မက်တာ ဖြစ်မှာပဲ။"-ဟု မောသံဖြင့် ပြန်ပြောလေသည်။

သခင်စိုး၏ဆဲသံကိုကြားလိုက်ရသော သခင်ဗစိန်သည် တစ်ခုခုပြန်ပြောမည်ဟန်ပြင်ပြီးမှ မပြောတော့ဘဲ၊ သူတို့စကားဝိုင်းကိုသာ ဟန်မပျက်ဆက်လက်ပြောနေပါတော့သည်။

သခင်စိုးသည် ရေတစ်ခွက်တောင်းသောက်ပြီး ပြန်အိပ်သွားပါသည်။ သခင်စိုး၏ဒေါသအစွဲအလမ်းကား ပြင်းထန်လွန်းလှပါဘိ။ အိပ်မက်ထဲသို့အထိပင် အစွဲအလမ်းကိုဆောင်ယူသွားသူ ဖြစ်ပေသည်။

ထိုနေ့ညက ကျွန်တော်တို့မှာ သခင်စိုးကို ၂ ယောက်တစ်တွဲ ကင်းစောင့်ကြရသဖြင့် ကောင်းကောင်းပင်မအိပ်ကြရတော့ပါ။ နောက်တစ်နေ့နံနက်တွင် သခင်ဗစိန်နှင့် သခင်ချစ်တင်တို့သည် ကျွန်တော်တို့အိပ်ဆောင်အပေါ်ထပ်သို့ ပြောင်းရွှေ့သွားကြပါတော့သည်။

အယူအဆ ၃ မျိုး

ကျွန်တော် ထောင်ကလွတ်မြောက်မည့်ရက်မှာနီးကပ်လာပြီ ဖြစ်ပါသည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကာကွယ်ရေးပုဒ်မ ၂၆ (စ်ပြီး ၆ လကြာမှဖမ်းထားသူကို လွှတ်နိုင်ခွင့်ရှိသောဥပဒေ)နှင့် ပုဒ်မ ၃၈ တို့၏ တန်ခိုးကြောင့် ကျွန်တော်တို့နေထိုင်ရာ အင်းစိန်ဘီကလပ်ထောင်ကလေးမှာလည်း တစ်နေ့တခြား ထောင်သားဦးရေ များသထက်များလာပါသည်။ အိပ်ဆောင်တိုင်းလိုလို နိုင်ငံရေးအကျဉ်းသမားများနှင့် ပြည့်ကျပ်နေပါတော့သည်။

'ဘယ်မြို့ဘယ်နယ်တွင် သခင်ခေါင်းဆောင်တစ်ဦးက စစ်ဆန့်ကျင်ရေးလူထုတရားပွဲ ကျင်းပဟောပြောကြောင်း' နေ့စဉ် သတင်းစာတစ်စောင်စောင်တွင်ပါရှိလာလျှင်၊ များမကြာမီပင် ထိုသခင်ခေါင်းဆောင်သည် ကျွန်တော်တို့ အင်းစိန်ဘီကလပ်ထောင်သို့ ရောက်ရှိလာတော့သည်။ ၁၉၄၁ ခုနှစ် မတ်လ ပထမပတ်လောက်တွင် မြင်းခြံမြို့ သခင်ညီလာခံ၌ စစ်ဆန့်ကျင်ရေးတရားဟောပြောခဲ့သဖြင့် တို့ဗမာအစည်းအရုံးဌာနချုပ်ခေါင်းဆောင်တစ်ဦးဖြစ်သော သခင်ကျော်စိန်သည် ထောင် ၃နှစ်ကျပြီး အင်းစိန်ဘီကလပ်ထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာလေသည်။

ထောင်တွင်းသို့ နိုင်ငံရေးအကျဉ်းသမားများ နေ့စဉ်တိုးတက်ရောက်ရှိလာခြင်း၏အဓိပ္ပာယ်မှာ ထောင်ပြင်တွင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သော တို့ဗမာအစည်းအရုံး၊ သခင်ထွန်းအုပ်နှင့် သခင်ဗစိန် ဦးဆောင်သော တို့ဗမာအစည်းအရုံး, ဆင်းရဲသားဝံသာနုအဖွဲ့ စသည့်နိုင်ငံရေးအဖွဲ့များနှင့် အင်္ဂလိပ်နယ်ချဲ့သမားတို့၏ နိုင်ငံရေးတိုက်ပွဲပြင်းထန်လာပြီဖြစ်ကြောင်းကို ဖော်ပြနေခြင်းဖြစ်ပေသည်။

ဥပရောပတွင် လောင်မြိုက်လျက်ရှိသော စစ်မီးတောက်ကြီးသည် ဥရောပတိုင်းပြည်အများအပြားသို့ အရှိန်ပြင်းစွာဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိပေသည်။

အာရှတိုက်တစ်ခွင်တွင်လည်း စစ်ရိပ်စစ်ငွေ့များသန်းနေရာက တစ်စထက်တစ်စ ထူထပ်စပြုလာပေပြီ။ 'အာရှတိုက်တွင်လာရောက်နယ်ချဲ့နေသော မျက်နှာဖြူနယ်ချဲ့သမားများကို တိုက်ထုတ်ကြ', 'အာရှတိုက်သားတွေ သွေးစည်းကြ' ဟူသောကြွေးကြော်သံကိုကိုင်စွဲထားပြီး တရုတ်ပြည်သို့ ကျူးကျော်တိုက်ခိုက်နေသော ဂျပန်နယ်ချဲ့သမားသည် ချန်ကေရှိတ်အစိုးရ (ချုံကင်းအစိုးရ)အပေါ်တွင် စစ်ရေးအရ ဖိတိုက်လိုက်, နိုင်ငံရေး

mgyoe.com SAMPLE BOOK
ကျားကွက်ဆင်ကာ ကစားလိုက်နှင့် တရုတ်ပြည်အတွင်းပိုင်းဒေသများတိုင်အောင် တဖြည်းဖြည်းအခြေချ တပ်စွဲထားမိနေပေပြီ။

ဂျပန်စစ်ဝါဒသမားများသည် စစ်ရေးကျွမ်းကျင်သည်သာမက၊ နိုင်ငံရေးပရိယာယ်တွင်လည်း လိမ္မာပါးနပ်လှပေသည်။ 'တရုတ်ပြည်တွင်းရှိအင်္ဂလိပ်,အမေရိကန်တို့၏ အရင်းအနှီးအကျိုးအမြတ်များကို မထိခိုက်စေရပါ။'-ဟု ကတိပေးရင်း အင်္ဂလိပ်,အမေရိကန်တို့အလွှာပေးလာရအောင် နိုင်ငံရေးအကျပ်ကိုင်မှုများပြုလာသဖြင့် တရုတ်ပြည်သို့ စစ်လက်နက်ပစ္စည်းများ, စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ပေးရန်အလို့ငှာ မြန်မာနိုင်ငံကိုဖြတ်၍ တရုတ်ပြည်သို့ဖောက်လုပ်ထားသည့် တရုတ်-မြန်မာလမ်းမကြီးကို ဂျပန်စစ်ဝါဒီတို့၏ အလိုကျအတိုင်း အင်္ဂလိပ်,အမေရိကန်တို့က ပိတ်ပေးလိုက်ရပေသည်။

ဥပရောပတစ်ခွင်တွင် စစ်အခြေအနေပြင်းထန်လာပြီး အာရှတိုက်တွင် စစ်ရိပ်စစ်ငွေ့များထူထပ်လာသည်နှင့်အမျှ၊ မြန်မာပြည်သူတို့၏ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး, အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲမှာလည်း ပိုမိုပြင်းထန်ထက်မြက်လာပေသည်။

အင်္ဂလိပ်နယ်ချဲ့သမားများကို ဆန့်ကျင်သောတိုက်ပွဲပြင်းထန်နေသည့်ကြားတွင် တို့ဗမာအစည်းအရုံးခေါင်းဆောင်များ၏နိုင်ငံရေးသဘောထားမှာ တညီတညွတ်တစ်သဘောတည်းမရှိတော့ဘဲ ကွဲပြားလာသည်ကို တွေ့ရပေသည်။

တို့ဗမာအစည်းအရုံး၏ တရားဝင်သဘောထားမှာ ၁၉၄၀ ပြည့် မေလတွင်ကျင်းပခဲ့သော သာယာဝတီညီလာခံ၏ 'အင်္ဂလိပ်အခက် ဗမာအချက်' ဟူသော (အင်္ဂလိပ်နယ်ချဲ့သမားကို စစ်ပွဲတွင်အကူအညီမပေးရေး) ဆုံးဖြတ်ချက်ပင်ဖြစ်ပေသည်။ ဆုံးဖြတ်ချက်တွင် ဤသို့ရှိစေကာမူ ယခုအခါ သခင်ကိုယ်တော်မှိုင်းဦးစီးသော တို့ဗမာအစည်းအရုံးခေါင်းဆောင်ပိုင်းတွင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့်ပတ်သက်၍ အယူအဆ ၃ မျိုး ကွဲပြားလာသည်ကို တွေ့ရလေသည်။

ပထမအယူအဆမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိမှုအတွက်ဆိုပါက မည်သည့်နိုင်ငံ, မည်သည့်အင်အားစုနှင့်ပင် ပူးပေါင်းရသည်ဖြစ်စေ ပူးပေါင်းကြရမည်။ အင်္ဂလိပ်နယ်ချဲ့သမား၏ ကျန်ဘဝကလွတ်မြောက်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့သမား၏ရန်သူဖြစ်သော ဂျပန်နယ်ချဲ့သမားကိုပင်ဖြစ်စေ ယာယီပူးပေါင်းရမည်။ ၄င်းတို့ကပေးသောအကူအညီကို ယူရမည်။

ဒုတိယအယူအဆမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိမှုအတွက် မည်သူ့ကိုမျှအားမကိုးဘဲ မိမိအားနှင့်မိမိကိုယ်သာအားကိုးပြီး ရန်သူနှင့်မှန်သမျှကိုတိုက်ရမည်။ အင်္ဂလိပ်နယ်ချဲ့သမားကိုလည်း မိမိတို့၏ကျန်ပိုင်ရှင်အဖြစ်တိုက်ရမည်။ နောက်ဝင်လာမည့် ဂျပန်နယ်ချဲ့သမားကိုလည်း ဖက်ဆစ်ဝါဒသမားဖြစ်၍ တိုက်ထုတ်ကြရမည်။ သို့ကြောင့် အင်္ဂလိပ်နယ်ချဲ့သမားရော ဂျပန်ဖက်ဆစ်များကိုပါ တစ်ပြိုင်တည်းတိုက်ခိုက်ရေးဖြစ်သည်။

တတိယအယူအဆကား မြန်မာနိုင်ငံ၏လွတ်လပ်ရေးအလို့ငှာ တစ်ကမ္ဘာလုံးရှိ လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးဖျက်ဆီးနေသော ဖက်ဆစ်ဝါဒကို အဓိကထားတိုက်ရမည်။ ဖက်ဆစ်ဝါဒသည် အဓိကရန်သူဖြစ်သည်။ ဖက်ဆစ်ဝါဒအောက်တွင် လွတ်လပ်ရေးမရနိုင်။ သို့ကြောင့် မြန်မာနိုင်ငံအတွင်းသို့ ဂျပန်ဖက်ဆစ်များဝင်ရောက်မလာနိုင်အောင် ခုခံတိုက်ခိုက်ရမည်။ ဤသို့ ဂျပန်ဖက်ဆစ်ဝါဒကိုခုခံရာတွင် အင်္ဂလိပ်နယ်ချဲ့သမားနှင့်ပင်ဖြစ်စေ ယာယီအားဖြင့် မဟာမိတ်ဖွဲ့ရမည်၊ နားလည်မှုရအောင်လုပ်ရမည်-ဟူ၍ ဖြစ်ပေသည်။

ပထမအယူအဆရှိသူများသည် ထောင်တွင်းတွင် သခင်နု, သခင်လေးမောင်၊ သခင်လှဘော်ကြီးနှင့် ထောင်ပြင်တွင် ပြည်သူ့လွတ်တော်အမတ်သခင်မြတို့ ဖြစ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒုတိယအယူအဆရှိသူများမှာ ထောင်တွင်းက ရဲဘော်ဂိုရှယ်နှင့် ရဲဘော်နှုတ်တို့အစုနှင့် ထောင်ပြင်က ကိုဗဟိန်း, သခင်ထွန်းရွှေ, သခင်ချစ်တို့အစု ဖြစ်ပေသည်။

တတိယအယူအဆရှိသူများကား ထောင်တွင်းရှိ သခင်စိုး, သခင်သန်းထွန်း, သခင်ကျော်စိန်နှင့် ထောင်ပြင်တွင် သခင်တင်မောင်(ပန်းတနော်), သခင်ဗိုလ်တို့ ဖြစ်ကြ၏။ (သခင်တင်မောင်(ပန်းတနော်)နှင့် သခင်တင်မောင်(ကျုံမငေး)တို့သည် တစ်ယောက်စီဖြစ်သည်။)

တို့ဗမာအစည်းအရုံးခေါင်းဆောင်များအတွင်း ဤသို့နိုင်ငံရေးအယူအဆများ ၃ မျိုး ၃ စား ကွဲပြားနေသဖြင့် တစ်ချိန်ကနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် စည်းလုံးညီညွတ်မှုရှိခဲ့သော သခင်အဖွဲ့ကြီး၏ အတွင်းရေး အခြေအနေသည် အစည်းပြေစပြုလာပြီ ဖြစ်ပေသည်။

တို့ဗမာအစည်းအရုံးအတွင်း နိုင်ငံရေးအယူအဆတူသူချင်း အစုအဖုပ်သဘောဖြစ်လာပြီး သူ့အစုကိုယ့်အစုကွဲပြားလာပေသည်။ ထောင်တွင်းရှိ တို့ဗမာအစည်းအရုံးခေါင်းဆောင်များအတွင်း အယူအဆတိုက်ပွဲများ ဖြစ်ပွားလာကာ ဆွေးနွေးပွဲများကို တိုးတိုးတိတ်တိတ်လုပ်ကြစေကာမူ၊ တစ်ခါတစ်ရံ ဆူညံဆူညံနှင့် အတော်ပြင်းထန်သည့်သဘောတရားစစ်ထိုးပွဲများအဖြစ် ကျွန်တော်တို့လူငယ်များ နားစွန်နားဖျားကြားလာရပေသည်။ ခေါင်းဆောင်များသည် သူတို့ချင်း နိုင်ငံရေးအယူအဆကွဲလွဲမှုများကို များသောအားဖြင့် ကျွန်တော်တို့လူငယ်များရှေ့တွင် ဆွေးနွေးငြင်းခုံလေ့မရှိကြပါ။ ထောင်အတွင်း လွတ်ကင်းရာ တစ်ချောင်ချောင်တွင် ခေါင်းဆောင်များ ချည်းစုဝေး၍ ဆွေးနွေးလေ့ရှိကြပါသည်။

ဤသို့သောနိုင်ငံရေးဆွေးနွေးပွဲများကို ဘီကလပ်ထောင်တွင်းသို့ ကုလားရဲဘော်ဂိုရှယ်, ရဲဘော်နှုတ်တို့အစုနှင့် သခင်ကျော်စိန်တို့ရောက်လာပြီးသည့်နောက်ပိုင်းတွင် မကြာခဏပြုလုပ်လေ့ရှိကြပါသည်။

ခေါင်းဆောင်များ၏ ဆွေးနွေးပွဲများအတွင်းက တိုးတိုးတိတ်တိတ်လျှံထွက်လာသည့် သတင်းထူးတစ်ခုမှာ 'ကျွန်တော်တို့ တို့ဗမာအစည်းအရုံးဌာနချုပ် အထွေထွေးအတွင်းရေးမှူးဖြစ်သောသခင်အောင်ဆန်းသည် လှိုဝှက်ပုန်းအောင်းနေရာက နိုင်ငံခြားသို့ထွက်ခွာသွားရာ တရုတ်ပြည်မှတစ်ဆင့် ဂျပန်ပြည်သို့ရောက်ရှိသွားပြီ။' -ဟူ၍ဖြစ်၏။

မြေအောက်ကွန်မြူနစ်ပါတီ

အင်္ဂလိပ်နယ်ချဲ့သမားကအပ်နှင်းလာသောထောင်ဆုကို မခံစားရဖိုက ကျွန်တော်သည် ကျွန်ဘဝကို မုန်းတီးရွံရှာလျက် လွတ်လပ်ရေးကိုချစ်မြတ်နိုးသည့် သခင်ပေါက်စတစ်ယောက်ဖြစ်သည်။

သာမန်သခင်တစ်ယောက်အနေနှင့် ဌာနချုပ် တို့ဗမာအစည်းအရုံး၏ညွှန်ကြားချက်များ, ပညာပေးမှုများကိုခံယူ၍ အလုပ်သမား, လယ်သမားများနှင့် ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကာ စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ခဲ့၏။ စိတ်ဝင်စိတ်ရှိနေသည့် အဆုံးစွန်ရည်မှန်းချက်ကား အင်္ဂလိပ်မျက်နှာဖြူ နယ်ချဲ့သမားများ၏ ကျွန်သပေါက်ဘဝကလွတ်မြောက်ရေးမျှသာတည်း။

သခင်နု, သခင်စိုး, သခင်သန်းထွန်း,သခင်သိန်းဖေ စသည့်သူတို့ဦးစီး၍ဖွဲ့စည်းထားသော နဂါးနီစာဖတ်အသင်းကထုတ်ဝေသည့် ဆိုရှယ်လစ်ဆိုင်ရာစာပေများကို လေ့လာဖတ်ရှုခဲ့ဖူးသော်လည်း၊ ဤဆိုရှယ်လစ်ဝါဒစာပေများကို ကောင်းစွာနားလည်ခဲ့ခြင်းကား မရှိပါ။ ဤဆိုရှယ်လစ်ဝါဒဆိုင်ရာစာပေများထက် 'အိုင်ယာလန်အရေးတော်ပုံ', 'အိုင်ယာလန်သူပုန်ဗုံးအဖွဲ့', 'ကျွန်ုပ်နှင့် မိုက်ကယ်ကောလင်း' စသည့် တစ်ဦးချင်းသို့မဟုတ် လူတစ်စု၏စွန့်စားရေးဝါဒစာအုပ်များသည်သာ ကျွန်တော့်အတွက် အသည်းစွဲဖြစ်ခဲ့သည်။

ဤအမြင်ဤအဖြစ်တို့သည် ယခုအခါတွင်ပြောင်းလဲခဲ့ပေပြီ။

ကျွန်တော်တို့သခင်ခေါင်းဆောင်များ စနစ်တကျသင်ကြားပို့ချပေးသည့် ထောင်တွင်းနိုင်ငံရေး

mgyoe.com SAMPLE BOOK
သင်တန်းများ၊ သို့မဟုတ် ဆိုရှယ်လစ်, ကွန်မြူနစ်နိုင်ငံရေးသင်တန်းများက ကျွန်တော်တို့ကို အမြင်ဟောင်းများ ပြောင်းလဲစေပြီး အမြင်သစ်,အယူအဆသစ်များဖြင့် ပြည့်ဝလာစေပါသည်။

အင်္ဂလိပ်နယ်ချဲ့သမား၏ကျွန်ဘဝက လွတ်မြောက်ရေးသည် အဆုံးစွန်သောရည်ညွှန်းချက်အဖြစ် မှတ်ယူခဲ့ကြသောကျွန်တော်တို့သည် အမျိုးသားလွတ်လပ်ရေးရရှိအောင် ပထမ-အင်္ဂလိပ်နယ်ချဲ့သမားကို တော်လှန်တိုက်ခိုက်ကြရမည်။ ဒုတိယအဆင့်တွင် ဓနရှင်ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲရမည်။ ထိုမှတစ်ဆင့် အလုပ်သမား,လယ်သမားတို့၏ တကယ့်ဘဝလွတ်မြောက်ရေးဖြစ်သော ဆိုရှယ်လစ်တော်လှန်ရေးကို ဆင်နွှဲကာ အလုပ်သမား, လယ်သမားတို့၏ ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြင့် ဆိုရှယ်လစ်လောကကို တည်ဆောက်ရမည်။ ဆိုရှယ်လစ်လောကမှသည် ကွန်မြူနစ်လောကသို့ဆိုက်ရောက်သွားပါက လူတန်းစားမဲ့, အစိုးရမဲ့ လူ့အဖွဲ့အစည်း သို့ရောက်ရှိသွားမည်ဟူသော ကွန်မြူနစ်ဝါဒသဘောတရားများကို သက်ဝင်ယုံကြည်လာကြပြီ ဖြစ်ပေသည်။

ရိုးရိုးသခင်တစ်ယောက်အဖြစ်နှင့် လွတ်လပ်ရေးတိုက်ပွဲဝင်တပ်သားတစ်ဦးအဖြစ်သာမက၊ ကွန်မြူနစ်လောကသို့ ရှေးရှုချီတက်တိုက်ခိုက်သွားလိုသော ရာသက်ပန်တော်လှန်ရေးသမား ကွန်မြူနစ်တစ်ယောက်အဖြစ်ပါ တာဝန်ယူဆောင်ရွက်လိုစိတ်များ ကျွန်တော့်ရင်တွင်းဝယ် ပြည့်လျှံလာခဲ့ပါသည်။

ကျွန်တော်သည် သခင်စိုး, သခင်သန်းထွန်းတို့၏ ဆိုရှယ်လစ်ဝါဒ, ကွန်မြူနစ်ဝါဒသဘောတရား သင်ကြားပို့ချချက်များကို ဆည်းပူးလေ့လာရင်း၊ မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီကို မြေအောက်၌လျှို့ဝှက် ဖွဲ့စည်းထားပြီးဖြစ်ကြောင်းကို အနည်းအပါးသိရှိခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီကို တရားဝင် ဖြောင်ထူထောင်ခွင့် မရှိခဲ့ပါ။ ၁၉၂၂ ခုနှစ်လောက်ကပင် အိန္ဒိယပြည်တွင် အိန္ဒိယကွန်မြူနစ်ပါတီကို မတရားသင်း ကြေညာခဲ့သဖြင့်၊ ထိုစဉ်က အိန္ဒိယပြည်၏ပြည်နယ်အဆင့်အတန်းကဲ့သို့ဖြစ်နေခဲ့ရသော မြန်မာနိုင်ငံအဖို့လည်း ထိုကြေညာချက်သည် ဥပဒေအာဏာသက်ရောက်ခဲ့ပေသည်။ ထို့ကြောင့်- မြန်မာနိုင်ငံတွင် ကွန်မြူနစ်စာပေများကို လွတ်လပ်စွာတင်သွင်းခြင်း, ဖြန့်ချိခြင်းနှင့် လေ့လာဖြန့်ဖြူးခြင်းပြုနိုင်သော်လည်း၊ ကွန်မြူနစ်ပါတီကိုမူ ဖြောင်ထူထောင်ခြင်းမပြုနိုင်ဘဲ လျှို့ဝှက်၍ ထူထောင်ထားရခြင်းဖြစ်သည်ဟု သိရှိရပေသည်။

ကွန်မြူနစ်ဝါဒကို သက်ဝင်ယုံကြည်မှုရှိလာသောကျွန်တော်သည် လျှို့ဝှက်ထူထောင်ထားသော ကွန်မြူနစ်ပါတီသို့ ပါတီဝင်တစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်လိုစိတ်မှာ အထူးပြင်းပြလျက်ရှိနေပါသည်။ လူငယ်တို့ဘာဝ လျှို့ဝှက်လုပ်ကြံရေး, စွန့်စားရေးလုပ်ငန်းများကို အထင်ကြီးမှုသည်လည်း ကျွန်တော့်ကို ဖိစီးလျက်ရှိပါသည်။ ထို့ကြောင့်-ကျွန်တော် ထောင်မှလွတ်မြောက်ရန် ရက်ပေါင်း ၂၀ ခန့်အလိုတွင် သခင်စိုးထံသို့ချဉ်းကပ်၍၊ 'ကျွန်တော့်ကို လျှို့ဝှက်ဖွဲ့စည်းထားသောကွန်မြူနစ်ပါတီသို့ ပါတီဝင်တစ်ယောက်အဖြစ်ဝင်ခွင့်ပြု၍ သင့်လျော်သောတာဝန်ကို ပေးအပ်ပါရန်၊ ပေးအပ်သောတာဝန်ကို ရွပ်ရွပ်ခြုံခြုံ ကျေကျေပွန်ပွန် ဆောင်ရွက်ပါမည်၊ ရာသက်ပန်တော်လှန်ရေးသမားတစ်ယောက်အဖြစ် ထမ်းဆောင်သွားပါမည်။'-ဟု တင်ပြခဲ့ပါသည်။

သခင်စိုးက ကျွန်တော်၏ 'ကွန်မြူနစ်ဝါဒကိုအလေးအမြတ်ထား၍ ကြိုးပမ်းလေ့လာမှု, ဝီရိယရှိမှု, စိတ်တက်ကြွမှု, တာဝန်ကျေပွန်မှုတို့ကြောင့် ကျွန်တော့်ကို ကွန်မြူနစ်ပါတီဝင်အဖြစ်လက်ခံရန်တောင်းဆိုမှုကို လိုက်လျောကြောင်း။ ကွန်မြူနစ်ပါတီဝင်အဖြစ် အသိအမှတ်ပြုလက်ခံကြောင်း။'-ပြန်ကြားပြောဆိုခဲ့ပါသည်။

'မြေအောက်ကွန်မြူနစ်ပါတီဝင်တစ်ယောက်အဖြစ် ကျွန်တော့်ကို လက်ခံအသိအမှတ်ပြုကြောင်း'-သခင်စိုး၏ပြန်ကြားချက်ကို ကြားရသည်နှင့် ကျွန်တော်၏စိတ်ဝယ် တက်ကြွမှု, ကြည်နူးဝမ်းမြောက်မှုအဟုန်သည် ရင်တွင်း၌ တဖျပ်ဖျပ်တုန်လှုပ်အောင်ပင် ဖြစ်ခဲ့ရပါသည်။

ကွန်မြူနစ်ပါတီဝင်တစ်ယောက်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီးနောက် သခင်စိုးသည် ကျွန်တော့်ကို မြေအောက်ကွန်မြူနစ်ပါတီ စတင်ပေါ်လာပုံ, ကွန်မြူနစ်ပါတီ ဖွဲ့စည်းပုံတို့နှင့်ပတ်သက်၍ သိသင့်သိထိုက်သည်

mgyoe.com

mgyoe.com SAMPLE BOOK

တို့ကို ရှင်းလင်းပြောပြပါတော့သည်။ လွှိုက်ကွန်မြူနစ်ပါတီဝင်တို့ လိုက်နာကျင့်သုံးရသော လွှိုက်စည်းကမ်းများကိုလည်း အနည်းအကျဉ်းပြောပြလေသည်။

မြန်မာပြည်အတွင်းသို့ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒစာပေများ စတင်ဝင်ရောက်လာသောကာလမှာ ဆရာစံ သူပုန်ထကြွသောကာလ၊ ဝံသာနု အမျိုးသားရေးစိတ်ဓာတ်များ တက်ကြွနေသောအချိန်ဖြစ်သည့် ၁၉၃၀ ပြည့်အလွန်လောက်ကပင် ဖြစ်ပေသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ကြွလျက်ရှိကြသော ခေတ်ပညာတတ်လူငယ်များသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုနည်းလမ်းများကို နိုင်ငံခြားတိုင်းပြည်များတွင်ခေတ်စားနေသော ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒစာပေများအတွင်းကလေ့လာရင်း ရှာဖွေကြပေသည်။

ထိုအချိန်တွင် တို့ဗမာအစည်းအရုံးသည်လည်း စတင်ပေါ်ပေါက်စ ဖြစ်ပေသည်။ တို့ဗမာအစည်းအရုံးဝင်သခင်အချို့သည် စောစောပိုင်းက အမျိုးသားရေးဝါဒသက်သက်ကိုသာ လက်ခံယုံကြည်ခဲ့ကြစေကာမူ၊ ဆိုရှယ်ဝါဒ၊ ကွန်မြူနစ်ဝါဒစာပေများကို တဖြည်းဖြည်းလေ့လာရင်း လက်ဝဲအယူအဆများကို လက်ခံယုံကြည်သောအစုများ ဖြစ်လာကြတော့သည်။

ပထမတွင် တို့ဗမာအစည်းအရုံး၏ အမျိုးသားရေးသက်သက်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒအယူအဆများကိုသာရောနှောပေါင်းစပ်ထားသော 'တို့ဗမာဘုံဝါဒ' ဖြစ်နေသေးသည်။ ဆိုရှယ်လစ်ဝါဒအနှစ်သာရမှာ ထင်ထင်ရှားရှားမပေါ်လွင်ခဲ့ပေ။ တို့ဗမာအစည်းအရုံးသည် အမှန်စင်စစ် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် အယူအဆမတူသူများ စုစည်းထားသောတပ်ပေါင်းစုသဖွယ် ဖြစ်နေပေသည်။ အမျိုးသားရေးသက်သက်ဝါဒသမားများ၊ ပြုပြင်ရေးသမားများ၊ ပဒေသရာဇ်အုပ်စိုးမှုကိုတမ်းတနေသူများ၊ ဖေဘီယန်ဝါဒသမားများ၊ ဆိုရှယ်လစ်ဝါဒယုံကြည်သူများ စသည်ဖြင့် အယူအဆအမျိုးမျိုးရှိသူများသည် အမျိုးသားလွတ်လပ်ရေးရည်မှန်းချက်တွင် သဘောချင်းပေါင်းဆုံမိပြီးညီညွတ်နေကြခြင်းသာ ဖြစ်ပေသည်။

၁၉၃၈ ခုနှစ်(၁၃၀၀ ပြည့်)သို့ ရောက်ရှိလာသောအခါတွင် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူပ်ရှားမှုများပေါင်းဆုံမိ၍ နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလူပ်ရှားမှုကြီးအဖြစ်သို့ ရောက်ရှိသွားလေရာ၊ ထိုဩဇာအရှိန်ကြောင့် သခင်ကိုယ်တော်မှိုင်းဦးစီးသော တို့ဗမာအစည်းအရုံးတွင် ဆိုရှယ်လစ်ဝါဒကိုသက်ဝင်ယုံကြည်ကြသည့်သခင်အစုက ခေါင်းဆောင်မှုရရှိလာလေသည်။

ဤသခင်အစုသည် မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတစ်လျှောက်တွင် အယူအဆအမျိုးမျိုးရှိသူများကိုစုစည်းထားသည့် တို့ဗမာအစည်းအရုံးထက် ကွန်မြူနစ်ဝါဒ (မာ့က်စ်ဝါဒ) ယုံကြည်သူအယူအဆတူသူများကို သိပ်သိပ်သည်းသည်းစုစည်း၍ စနစ်တကျဖွဲ့စည်းထားသော ကွန်မြူနစ်ပါတီတစ်ရပ်ထူထောင်ရန်လိုအပ်သည်ဟု ယုံကြည်လာသဖြင့် လွှိုက်ကွန်မြူနစ်ပါတီထူထောင်ရန် နည်းလမ်းရှာကြလေသည်။

ဤသခင်အစုသည် အမျိုးသားလွတ်မြောက်ရေးဝါဒနှင့် ဆိုရှယ်လစ်ဝါဒ, လူတန်းစားလွတ်မြောက်ရေးဝါဒတို့ကို အလုပ်သမား, လယ်သမားနှင့် ပညာတတ်တက်လူများအတွင်း ပုံနှံ့စိမ့်ဝင်စေရန်အတွက် ဝါဒဖြန့်ချိရေးအဖြစ်ဖြင့် နဂါးနီစာအုပ်အသင်းကိုထူထောင်၍ လက်ဝဲစာပေစာအုပ်စာတမ်းများကို ရိုက်နှိပ်ထုတ်ဝေခဲ့ကြလေသည်။

တစ်ဖက်ကလည်း တပ်ပေါင်းစုသဖွယ်ဖြစ်သော တို့ဗမာအစည်းအရုံး၏ ဝါဒလမ်းစဉ်များကို အမျိုးသားရေးသက်သက်မှ ဆိုရှယ်လစ်ဝါဒအနှစ်သာရများပြည့်ဝလာအောင် ပြုပြင်ရေးဆွဲခဲ့ကြလေသည်။

၁၉၃၉ ခုနှစ် ဧပြီလတွင်ကျင်းပခဲ့သော မော်လမြိုင်ညီလာခံမတိုင်မီ တို့ဗမာအစည်းအရုံး၏ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို သခင်အောင်ဆန်းဦးစီး၍ ရွှေတိဂုံစေတီ မော်လမြိုင်ဧရပ်တွင်ကျင်းပခဲ့လေသည်။ ထိုအစည်းအဝေးတွင် တို့ဗမာအစည်းအရုံး၏ဝါဒလုပ်ငန်းစဉ်ကို ဆိုရှယ်လစ်ဝါဒအမြင်ဖြင့် အသစ် ပြုပြင်ရေးဆွဲ

mgyoe.com SAMPLE BOOK

အတည်ပြုခဲ့ကြလေသည်။ ဤသို့ ဆိုရှယ်လစ်ဝါဒအမြင်ဖြင့် ရေးဆွဲခဲ့သော တို့ဗမာအစည်းအရုံး၏ဝါဒလုပ်ငန်းစဉ်ကို ၁၉၃၉ ခုနှစ် ဧပြီလတွင် မော်လမြိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံလုံးဆိုင်ရာသခင်ညီလာခံ၌ လက်ခံအတည်ပြုခဲ့ကြလေသည်။

မြေအောက်လှုပ်ရှားမှုစနစ်ပါတီတစ်ရပ်ထူထောင်ရန် နည်းလမ်းရှာကြရာ၌ အဆက်အသွယ်ကို သခင်သိန်းဖေ (နောင် ဦးသိန်းဖေမြင့်), သခင်လှဖေ (နောင် ဗိုလ်လက်ျာ)တို့က စတင်ရရှိခဲ့လေသည်။ သခင်သိန်းဖေနှင့် သခင်လှဖေတို့သည် အိန္ဒိယပြည် ကာလကတ္တားမြို့သို့ စာသင်သွားရင်း အိန္ဒိယပြည် ဘင်္ဂလားပြည်နယ်တွင် ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သော မူဆာဖာအာမက်နှင့် လှုပ်ရှား၍ ဆက်သွယ်မိကြလေသည်။

ထိုစဉ်က တိုင်းပြည်အသီးသီးရှိ ကွန်မြူနစ်ပါတီများကို ဆက်သွယ်ချုပ်ကိုင်၍ ခေါင်းဆောင်မူပေးနေသော 'တတိယ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်' ဟူ၍ တည်ရှိခဲ့လေသည်။ အဖွဲ့ချုပ်၏ရုံးမှာ ဆိုဗီယက်ယူနီယံ မော်စကိုမြို့တွင် ဖြစ်၏။

အိန္ဒိယပြည် မြေအောက်ကွန်မြူနစ်ပါတီမှာ ၁၉၂၁ ခုနှစ်လောက်ကပင် ဖွဲ့စည်းတည်ရှိခဲ့ပြီး တတိယကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်နှင့် အဆက်အသွယ် မပြတ်ရှိခဲ့လေသည်။ သခင်သိန်းဖေနှင့် သခင်လှဖေတို့သည် မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်ဝါဒ, ကွန်မြူနစ်ဝါဒကို လေ့လာယုံကြည်ကြသော ခေတ်ပညာတတ် လူငယ်တစ်စုရှိနေကြောင်း၊ ဤလူငယ်တစ်စုသည် တို့ဗမာအစည်းအရုံးတွင် ခေါင်းဆောင်များဖြစ်ကြောင်း၊ တို့ဗမာအစည်းအရုံးနှင့် အလုပ်သမား, လယ်သမားလုပ်ငန်းများကို ခေါင်းဆောင်ရန်အတွက် ကွန်မြူနစ်ပါတီတစ်ရပ် ထူထောင်လိုသဖြင့် မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီ လှုပ်ရှားထူထောင်ရေးကို အိန္ဒိယပြည် ကွန်မြူနစ်ပါတီက လိုအပ်သည့် အကူအညီများပေးရန်၊ ဤအခြေအနေကို တတိယ ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်သို့ ဆက်သွယ်သတင်းပို့ရန် စသည်ဖြင့် မူဆာဖာအာမက်အား ဆွေးနွေးတင်ပြခဲ့ကြလေသည်။

မူဆာဖာအာမက်သည် မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီ ထူထောင်ရေးအတွက် လိုအပ်သည့်အကြံဉာဏ်, အကူအညီများပေးမည့်အကြောင်းကို ကတိပေးလိုက်လေသည်။

ကွန်မြူနစ်ခေါင်းဆောင်သခင်အောင်ဆန်း*

၁၉၃၉ ခုနှစ် ဇန်နဝါရီလကုန်လောက်တွင် အိန္ဒိယပြည်ကွန်မြူနစ်ခေါင်းဆောင် မူဆာဖာအာမက်ထံက ကွန်မြူနစ်စည်းရုံးရေးမှူးတစ်ဦးဖြစ်သူ ပူရန်နန္ဒဒတ်စ်ဂုပတား ရန်ကုန်သို့ရောက်ရှိလာလေသည်။ ဒတ်စ်ဂုပတားမှာ အိန္ဒိယမှ စင်ကာပူ၊ ထိုမှတစ်ဆင့် ရန်ကုန်သို့လာခြင်းဖြစ်၏။ ဤသို့ စင်ကာပူဘက်မှ လှည့်လာရသော အကြောင်းရင်းမှာ စင်ကာပူတွင် ဌာနချုပ်ပြုလုပ်ထားသော အင်ဒိုချိုင်းနားကျန်းဆွယ်ကွန်မြူနစ်ပါတီဌာနချုပ်သို့ လှည့်ဝင်သတင်းပို့ခဲ့ရသောကြောင့်ဖြစ်ပေသည်။

တတိယကမ္ဘာ့ကွန်မြူနစ်ပါတီအဖွဲ့က စည်းရုံးရေးဒေသများ ခွဲခြားသတ်မှတ်ထားရာတွင် မြန်မာနိုင်ငံသည် အိန္ဒိယပြည်နှင့်မပတ်သက်ဘဲ မြန်မာနိုင်ငံ၏ကွန်မြူနစ်ဝါဒ, ကွန်မြူနစ်စည်းရုံးရေးကိစ္စများကို စင်ကာပူရှိ ကွန်မြူနစ်အဖွဲ့တွင် တာဝန်ပေးအပ်ထားလေသည်။

မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီတစ်ရပ်ထူထောင်ရာ၌ အိန္ဒိယကွန်မြူနစ်ပါတီက အကူအညီပေးလိုကြောင်းကို တတိယကမ္ဘာ့ကွန်မြူနစ်အဖွဲ့ချုပ်သို့ အကြောင်းကြားသောအခါ အိန္ဒိယပါတီက မြန်မာပြည်အား အကူအညီပေးရန်ခွင့်ပြုလိုက်လေသည်။ 'မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီထူထောင်ရာ၌ ဤသို့လျှင် အိန္ဒိယ

* ဤအခန်းကို ပန်းချေပြည်စာအုပ်တိုက် ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်ထုတ်မှ၌ ဖြုတ်ပေးခဲ့ရပါသည်။ ၂--- ခု စိတ်ကူးချိုချိုက ပဋ္ဌမအကြိမ်ထုတ်သောအခါ၌ ပြန်ထည့်ခွင့်ရခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပါတီက အကူအညီပေးမည့်အကြောင်း' မြန်မာနိုင်ငံ၏ ကွန်မြူနစ်ကိစ္စရေးရာတွင် မူလတာဝန်ရှိသော စင်ကာပူရှိ ကွန်မြူနစ်ပါတီသို့ သတင်းပို့ရခြင်းဖြစ်ပေသည်။

ပူရိန်နန္ဒာဒတ်စ်ဂုပတားသည် ရန်ကုန်ရောက်သည်နှင့် ကွန်မြူနစ်ဝါဒလေ့လာနေကြသော အစု ၂စုနှင့် တွေ့၍ ကွန်မြူနစ်ပါတီလျှို့ဝှက်ထူထောင်ရေးကို ဆွေးနွေးလေသည်။ ပထမအစုမှာ တို့ဗမာအစည်းအရုံးခေါင်းဆောင်များဖြစ်သော သခင်အောင်ဆန်း, သခင်စိုး, သခင်လှဖေ(ဗိုလ်လက်ျာ), သခင်ဗဟိန်းတို့ ဖြစ်ပေသည်။

ဒုတိယအစုမှာ လျှို့ဝှက်လုပ်ကြံရေးအဖွဲ့ဖြစ်သော ဂိုရှယ်, ရဲဘော်ဒေး, ရဲဘော်နာ့တ်နှင့် ရဲဘော်ဘို့စ်တို့အစုဖြစ်ပေသည်။ ဤအစုသည် မူလက အိန္ဒိယပြည် ဘင်္ဂလားနယ် လျှို့ဝှက်လုပ်ကြံရေးအဖွဲ့နှင့် အဆက်အသွယ်ရှိပြီး ကွန်မြူနစ်စာပေများကို လေ့လာရင်း အိန္ဒိယပြည်ကွန်မြူနစ်ပါတီနှင့် လည်းကောင်း, တို့ဗမာအစည်းအရုံးဝင်သခင်ခေါင်းဆောင်များနှင့် လည်းကောင်း အဆက်အသွယ်ရှိခဲ့သူများဖြစ်ပေသည်။

အိန္ဒိယပြည်က ရောက်လာသော ဒတ်စ်ဂုပတားနှင့် ဤအစု ၂ စုသည် လျှို့ဝှက်ကွန်မြူနစ်ပါတီထူထောင်ရေးအစီအစဉ်များကို ဆွေးနွေးလေ့လာခဲ့ကြပြီး၊ ကွန်မြူနစ်ပါတီထူထောင်ရန် နိုင်ငံရေးအရ, စည်းရုံးရေးအရ ပြင်ဆင်ခဲ့ကြလေသည်။

လျှို့ဝှက်ကွန်မြူနစ်ပါတီကို ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် သခင်အောင်ဆန်းခေါင်းဆောင်၍ စတင်ထူထောင်ခဲ့လေသည်။ ရန်ကုန်မြို့ အရှေ့ပိုင်း ၄၈ လမ်းအတွင်းက အိမ်တစ်အိမ်တွင် လျှို့ဝှက်အစည်းအဝေးပြုလုပ်၍ ကွန်မြူနစ်ပါတီ၏ ပထမဆုံးသောဦးဆောင်ကလာပ်စည်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပေသည်။

ဦးဆောင်ကလာပ်စည်းတွင် သခင်အောင်ဆန်း (အထွေထွေအတွင်းရေးမှူး), သခင်စိုး (လူထုခေါင်းဆောင်), ရဲဘော်ဂိုရှယ် (စည်းရုံးရေးမှူးနှင့် လျှို့ဝှက်လုပ်ငန်း), သခင်ဗဟိန်း (ကျောင်းသားစည်းရုံးရေး), သခင်လှဖေ (ဗိုလ်လက်ျာ) (ဘဏ္ဍာရေးမှူး), ရဲဘော်နာ့တ် (စာကြည့်တိုက်မှူး) စသည်ဖြင့် တာဝန်ခွဲဝေကြလေသည်။

ကွန်မြူနစ်ဝါဒလေ့လာရာတွင် လည်းကောင်း, ကွန်မြူနစ်ပါတီတည်ဆောက်ရန်အတွက် နည်းလမ်းရှာရာတွင် လည်းကောင်း၊ ပထမပိုင်းက အတူတကွပါဝင်ခဲ့ကြသော သခင်သိန်းဖေ, သခင်သန်းထွန်း, သခင်ကျော်စိန်တို့သည် ကွန်မြူနစ်ပါတီကိုစတင်ဖွဲ့စည်းရာတွင်မူ ပါဝင်ခဲ့ခြင်းမရှိတော့ပေ။

သခင်သိန်းဖေအား ကျောင်းသားအရေးနှင့်ပတ်သက်၍ ရန်ကုန်စီရင်စုတို့ဗမာအစည်းအရုံးက အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သဖြင့် ကွန်မြူနစ်ပါတီဖွဲ့စည်းရာတွင် ချန်ထားခဲ့ခြင်းဖြစ်ပေသည်။ သခင်ကျော်စိန်မှာမူ ကွန်မြူနစ်ပါတီဖွဲ့စည်းရေးတွင် အားလုံးနှင့်တိုင်ပင်ဆောင်ရွက်ခြင်းမပြုဘဲ သီးခြား တစ်ဦးချင်း နိုင်ငံခြားကွန်မြူနစ်များနှင့် လည်းကောင်း၊ အင်္ဂလန်က လေဘာအဖွဲ့ဝင်များနှင့် ဆက်သွယ်ရန် ကြိုးစားခြင်း, လျှို့ဝှက်စာတမ်းများ သီးခြားထုတ်ဝေခြင်းတို့ကြောင့် လည်းကောင်း ပယ်ထားခဲ့ခြင်းဖြစ်ပေသည်။

သခင်သန်းထွန်းကို ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းရာတွင်ပါဝင်ရန် ဆွေးနွေးသော်လည်း သခင်သန်းထွန်းက 'တို့ဗမာအစည်းအရုံးတွင်သာ ဇောက်ချ၍ လုပ်ပါမည်။ကွန်မြူနစ်ပါတီမှာတော့ သခင်အောင်ဆန်း, သခင်စိုးတို့ရှိနေပြီဖြစ်သဖြင့် ပါဝင်ရန်မလိုဟု ထင်ကြောင်း။'-ပြောခဲ့ခြင်းခဲ့သည့်အတွက် ကျန်ရစ်နေခြင်းဖြစ်သည်။

လျှို့ဝှက်ကွန်မြူနစ်ပါတီဦးဆောင်ကလာပ်စည်း ဖွဲ့စည်းပြီးမကြာမီပင်၊ ပါတီကေဒါ စည်းရုံးရေးအတွက် လျှို့ဝှက်ကွန်မြူနစ်သင်တန်းတစ်ခုကို ရန်ကုန်အရှေ့ပိုင်းတစ်နေရာတွင် သခင်အောင်ဆန်း, သခင်စိုး, ရဲဘော်ဂိုရှယ်တို့ဦးဆောင်၍ ဖွင့်လှစ်ခဲ့လေသည်။ ထိုသင်တန်းသို့ သခင်လှမြိုင် (ယခု ဗိုလ်ရန်အောင်), သခင်တင်ထွန်း (ပျဉ်းမနား), မောင်သွင် (ကျိုက်မရော), ကိုခင်-စသူတို့ပါဝင်သည့် သခင်နှင့်ကျောင်းသားခေါင်းဆောင်အချို့ တက်ရောက်သင်ကြားခဲ့လေသည်။ လျှို့ဝှက်ကွန်မြူနစ်ပါတီ၏ အဓိကလုပ်ငန်းမှာ ပါတီဝင်သစ်, ကေဒါသစ်များ

mgyoe.com SAMPLE BOOK

ရာဖွေစုဆောင်းခြင်း၊ နိုင်ငံရေးသဘောထားများ သင်ကြားပေးခြင်း၊ ကွန်မြူနစ်ဝါဒ ကို လေ့လာစေခြင်းတို့သာ ဖြစ်ပေသည်။ လျှို့ဝှက်ဖွဲ့စည်းထားရသောကြောင့် အလုပ်သမား, လယ်သမား လူပ်ရှားမှုများကို ကွန်မြူနစ်ပါတီ အနေဖြင့် တိုက်ရိုက်ရှေ့ဆောင်နိုင်ခြင်းမရှိပေ။ တို့ဗမာအစည်းအရုံး, တောင်သူလယ်သမားအစည်းအရုံး, ကျောင်းသားသမဂ္ဂစသည်တို့မှတစ်ဆင့်သာ ရှေ့ဆောင်မှုပေးရလေသည်။

ကွန်မြူနစ်ပါတီမှာ စတင်ဖွဲ့စည်းစဖြစ်၍ စည်းရုံးရေးအတွေ့အကြုံ မရင့်မသေးခြင်း၊ ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်များသည် တို့ဗမာအစည်းအရုံးဌာနချုပ်တွင်လည်း အချိန်ပြည့် တာဝန်ယူနေကြရသော ခေါင်းဆောင်များဖြစ်နေခြင်း စသည်တို့ကြောင့် ကွန်မြူနစ်ပါတီ၏ စည်းရုံးရေးလုပ်ငန်းများကို စနစ်တကျ သီးခြားတာဝန်ယူဆောင်ရွက်နိုင်ခြင်း မရှိကြဘဲ တို့ဗမာအစည်းအရုံး၏ နေ့စဉ်လုပ်ငန်းများနှင့်သာ အလုပ်များနေကြလေသည်။ ထို့ကြောင့်ပင် ကွန်မြူနစ်ပါတီ ရှေ့ဆောင်ကလာပ်စည်းမှာ ဖွဲ့စကပင် စနစ်တကျမရှိလှဘဲ လျော့ရဲရဲဖြစ်ခဲ့ရလေသည်။

သခင်အောင်ဆန်းသည် ပုဒ်မ ၁၂၄(က)ဖြင့် ဖမ်းဆီးရန် ဝရမ်းလိုက်နေသောကြောင့် ရန်ကုန်မြို့တွင် ဖြောင်မနေနိုင်တော့ဘဲ လျှို့ဝှက်ပုန်းအောင်း၍ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေရလေသည်။ ပုလိပ်စုံထောက်များ၏ရန်က ပုန်းလျှိုးရှောင်တိမ်းရင်း တို့ဗမာအစည်းအရုံး၏ဌာနချုပ်လုပ်ငန်းများနှင့် ကွန်မြူနစ်ပါတီ လုပ်ငန်းများကို လုပ်နေရလေသည်။ 'ဝရမ်းလိုက်နေသဖြင့် ဤသို့ကြာရှည်စွာ ရှောင်တိမ်းမနေသင့်၊ နိုင်ငံခြားမိတ်ဆွေများထံက အကြံဉာဏ်အကူအညီ, လက်နက်အကူအညီရရှိရန် နည်းလမ်းရှာသင့်သည်။ ကမ္ဘာစစ်ဖြစ်ပွားမည့်အန္တရာယ် နီးကပ်လာသောအခါ မြန်မာပြည်၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် နိုင်ငံခြားမိတ်ဆွေများနှင့်ဆက်သွယ်မိရန် လိုအပ်သည်'-ဟု သခင်အောင်ဆန်းနှင့်တကွ ကိုဗဟိန်း, ရဲဘော်ဂိုရှယ်, သခင်လှဖေတို့က ယူဆကြရကား တရုတ်ပြည်သို့သွား၍ တရုတ်ကွန်မြူနစ်များနှင့်ဆက်သွယ်ရန် ဆုံးဖြတ်ကြလေသည်။

ဤဆုံးဖြတ်ချက်အရ သခင်အောင်ဆန်းသည် တရုတ်ပြည်သို့သွားရန် စီစဉ်ခဲ့လေသည်။ ကွန်မြူနစ်ပါတီကိုလိုလားသူတစ်ဦးဖြစ်သော သခင်ဗိုလ်၏ ရာဖွေဆက်သွယ်ပေးမှုကြောင့် ရရှိလာသော ရန်ကုန်မြို့ရှိ ပင်လယ်ရပ်ခြားတရုတ်ကွန်မြူနစ်အစုနှင့် ဆက်သွယ်မိလေသည်။ ဤတရုတ်ကွန်မြူနစ်အစုက သခင်အောင်ဆန်းအား တရုတ်ပြည်တွင်းရှိကွန်မြူနစ်ပါတီနှင့်ဆက်သွယ်ပေးရန် တာဝန်ယူလေသည်။

သခင်အောင်ဆန်းသည် ခရီးသွားဖော်အကူအညီအဖြစ် ကွန်မြူနစ်သင်တန်းဆင်းသခင်လှမြိုင်(သန်လျင်)အားခေါ်ဆောင်၍ ရန်ကုန်ဆိပ်ကမ်းမှ တရုတ်ပြည်အမွိုင်းမြို့သို့ ဟောင်ကောင်မှတစ်ဆင့် လျှို့ဝှက်ထွက်ခွာသွားလေသည်။

သခင်အောင်ဆန်းနှင့်ပတ်သက်၍ နောက်ဆုံးကြားရသောသတင်းမှာ တရုတ်ပြည် ကျပန်သိမ်းပိုက်ထားသောဒေသမှတစ်ဆင့် ကျပန်များနှင့်အဆက်အသွယ်ရပြီး ကျပန်ပြည်သို့ရောက်ရှိသွားလေသည်။ မူလရည်မှန်းချက်အရ တရုတ်ပြည်ကွန်မြူနစ်များနှင့် အဆက်အသွယ်လုပ်ရန်သွားရင်း ကျပန်ပြည်သို့ ဘယ်နည်းဘယ်ပုံရောက်သွားရသည်ကို မသိရသေးပေ။

ဤသည်တို့ကား ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ကစတင်၍ လျှို့ဝှက်စွာဖွဲ့စည်းထားသော ကွန်မြူနစ်ပါတီ၏အခြေအနေတို့ကို သခင်စိုးထံက ကြားသိရချက်များပင် ဖြစ်ပေသည်။

ယခုအခါ ကွန်မြူနစ်ခေါင်းဆောင်များမှာ ဒေသတကွဲတပြားစီရောက်နေကြလေပြီ။ ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ သခင်အောင်ဆန်းသည် နိုင်ငံခြားသို့ထွက်ခွာသွားလေပြီ။

သခင်စိုး, ရဲဘော်ဂိုရှယ်နှင့် ရဲဘော်နှုတ်တို့မှာ ထောင်တွင်းရောက်နေပြီး၊ ထောင်ပြင်တွင်မူ ကိုဗဟိန်းနှင့်သခင်လှဖေတို့ ၂ ဦးသာကျန်ရှိလေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရန်ကုန်ရှိ လျှို့ဝှက်ကွန်မြူနစ်လုပ်ငန်းတွင် တက်တက်ကြွကြွလုပ်နိုင်သည့်ပါတီကေဒါများ အထူးလိုနေကြောင်း သခင်စိုးက ကျွန်တော့်ကိုပြောပြလေသည်။ ကျွန်တော် ထောင်ကလွတ်ပါက ကိုဗဟိန်းထံသွားရောက်ဆက်သွယ်ပြီး ရန်ကုန်ကွန်မြူနစ်လုပ်ငန်းတွင်တာဝန်ယူရန် ညွှန်ကြားပါသည်။

၁၉၄၁ ခုနှစ် မတ်လဒုတိယပတ်အတွင်းတွင် ကျွန်တော်၏ထောင်ကျရက်စွဲသဖြင့် အင်းစိန် ဘီကလပ် ထောင်အတွင်းရှိ သခင်စိုး, သခင်သန်းထွန်း, သခင်နု အစရှိသည့်ခေါင်းဆောင်များနှင့် ရဲဘော်များကို ခွဲခွာထားရစ်ခဲ့ပြီး ထောင်ကလွတ်မြောက်၍ အပြင်လောကသို့ရောက်ခဲ့ရလေသည်။

ကိုဗဟိန်း

ကျွန်တော့်စိတ်သည် လွတ်လပ်မြူးထူးလျက် ရှိလေသည်။ ထောင်ဘူးဝကြီး၏ မလွယ်ပေါက်တံခါးမှ ထွက်၍ အပြင်လောကသို့ရောက်သည်နှင့် လွတ်လိုစိတ်ဖြင့် တဒိတ်ဒိတ်ခုန်နေသောကျွန်တော့်ရင်သည် ဝမ်းသာမြူထူးစိတ်သို့ ရုတ်ခြည်းပင်ပြောင်းသွားလေသည်။ ထောင်ဘူးဝရုံးခန်းအတွင်းတုန်းက ထောင်မှူးကြီးဦးပန်းမောင်နှင့် ဝါဒါကုလားတို့၏ အပြန်ပြန်အလှန်လှန် တစ်လှည့်စီပစ္စည်းရှာနေခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်ကိုပင် အမှတ်မရနိုင်တော့ပါ။

ထောင်တွင်းရှိစဉ်က အရပ် ၈ မျက်နှာ ဘယ်ကိုကြည့်ကြည့် ထောင်နံရံသာမြင်နေရ၏။ ယခုတော့ မျက်စိရှေ့တွင် ၉ လတိုင် နိစ္စဓူဝမြင်တွေ့နေရသောထောင်နံရံကို မမြင်တွေ့ရတော့ပေ။ တိုက်တာအိမ်ခြေနှင့် သွားလာလှုပ်ရှားနေကြသော အလုပ်သမားများ, ကျောင်းသားများ, မော်တော်ကားနှင့် မီးရထား, လန်ချားများ စသည်တို့ကိုသာ အဆက်မပြတ်မြင်နေရလေသည်။

အင်းစိန်ဈေးမှ ရန်ကုန်သို့ အာအီးတီဘတ်စ်ကားစီး၍လာခဲ့သည်။ ဘတ်စ်ကားစီးရင်း ထောင်တွင်းကျန်ရစ်ခဲ့သော ခေါင်းဆောင်များက ခိုင်းစေလိုက်သည့်ကိစ္စများကို တစ်ခုစီပြန်စဉ်းစားနေမိပါသည်။ သခင်နု အိမ်သို့ စာသွားပေးရမည်။ သခင်နုဇနီးမှာ ဘိုးလိန်းလမ်းတွင်ရှိသည်ဟု အိမ်လိပ်စာနှင့်တကွ ညွှန်လိုက်လေသည်။ သခင်စိုးကတော့ ကျောက်မြောင်း ဓမ္မဝိဟာရလမ်း၌ သူ့ဇနီးမခင်စီထံသို့ စာတစ်စောင်နှင့် ဘာသာပြန်ထားသောစာတွဲကြီးတစ်တွဲပို့ပေးရန် တာဝန်ပေးလိုက်လေသည်။

သခင်သန်းထွန်းသည် သူဘာသာပြန်ထားသော အင်္ဂလန်က ဆစ်ဒနီဝက်လင်မယားရေးသည့် 'ဆိုဗီယက်ကွန်မြူနစ်ဝါဒ' ဘာသာပြန် ကတ်ထူဗလာစာအုပ်ပေါင်း ၃၆ အုပ်ကို ကျွန်တော်နှင့်လူကြုံပါးလိုက်၏။ ဤစာအုပ်များကို ပို့ပေးရမည့်နေရာမှာ ဘိုးလိန်းလမ်းက သူနှင့်အလွန်ရင်းနှီးသောမိတ်ဆွေလင်မယား ဆရာကွန်းနှင့် မမတင်တို့ထံသို့ ဖြစ်ပေသည်။

ကျွန်တော်သည် ရန်ကုန်မြို့သို့ ၃ ခေါက်မျှသာရောက်ဖူးပြီး၊ ဌာနချုပ် တို့ဗမာအစည်းအရုံးတည်ရှိရာ ရေကျော် အိုးဘိုတစ်ဝိုက်လောက်သာ သွားဖူးလာဖူးသူဖြစ်၏။ ဘိုးလိန်းလမ်းနှင့် ကျောက်မြောင်းကို တစ်ခါမျှ မရောက်ဖူးသူဖြစ်ပါသည်။ ဤအိမ် ၃ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိရန်မှာ ရေးပေးလိုက်သောလိပ်စာများ, လမ်းအမည်များနှင့် လန်ချားကုလားကိုသာ အားကိုးရမည်ဖြစ်ပေသည်။

ကျွန်တော်သည် ကျောက်မြောင်းသို့ အရင်သွားသည်။ အာအီးတီကားဆိပ်က လန်ချားစီး၍ ဓမ္မဝိဟာရလမ်းကိုရှာရသည်။ သခင်စိုး မကြာခဏပြောခဲ့သည့် 'ဓမ္မဝိဟာရလမ်း'ဟု အမည်နာမသမုတ်ထားသော်လည်း အရက်သမားတွေအမြဲဆူနေသည့်လမ်းမှာ ခက်ခဲစွာရှာဖွေမနေရပါ။ သခင်စိုးရေးပေးလိုက်သည့် အိမ်လိပ်စာအတိုင်း သခင်စိုး၏ဇနီးမခင်စီကို အခန့်သင့်ပင်တွေ့ပါသည်။ သခင်စိုးကို မခင်စီ မကြာခဏ ထောင်ဝင်စာလာတွေ့သော်လည်း ကျွန်တော်မမြင်ဖူးခဲ့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်စိုးပေးလိုက်သောစာနှင့် ဘာသာပြန်စာတွဲကို မခင်စီအားပေးအပ်ပြီး သခင်စိုး၏မှာကြားချက်များကို မခင်စီအားပြောပြရ၏။ မခင်စီသည် မျက်နှာသွယ်သွယ် အသားညိုညိုနှင့် ကိုယ်နေဟန်ထားက ပိန်ပိန်ပါးပါးဖြစ်၏။ အသက်မှာ ၁၉ နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ စကားပြောရာတွင် သွက်လက်ချက်ချာ၍ ရင်းနှီးစွာပြောတတ်သူဖြစ်ကြောင်း စကားပြောရင်း အကဲခတ်မိလေသည်။

မခင်စီမှာ မိခင်,ဖခင်ကို မှီခိုနေရသူဖြစ်ပေသည်။ သခင်စိုး ထောင်တွင်းကရေးပေး, ဘာသာပြန်ပေးသောစာအုပ်များကို စာအုပ်တိုက်များသို့ရောင်းချ၍ စာမူခ ရတစ်ချက် မရတစ်ချက်နှင့် မလောက်မငချို့တဲ့စွာနေထိုင်စားသောက်နေရသည်ဟု သိရလေသည်။ နဂါးနီစာအုပ်တိုက်ကလည်း ငွေကြေး မကြာခဏ ထောက်ပံ့လေ့ရှိကြောင်း မခင်စီကပြောပြ၏။

မခင်စီက မြို့ထဲသို့သွားရန်ရှိသည်ဟု ပြောသဖြင့် သခင်နုထံမှ သူ့ဇနီးထံပေးစာကို လမ်းကြုံဝင်ပေးရန် မခင်စီကိုပေးထားခဲ့ပြီး ကျွန်တော်သည် ဆရာကွန်းတို့အိမ်သို့ ထွက်ခဲ့သည်။ ဆရာကွန်းတို့လင်မယားမှာ ကျောင်းမဆင်းကြသေးသဖြင့် အိမ်တွင်မရှိကြ။ အိမ်စောင့်မိန်းကလေးကိုသာ တွေ့ခဲ့ရသည်။ အိမ်စောင့်မိန်းကလေးကိုပင် အကျိုးအကြောင်းပြောပြီး သခင်သန်းထွန်းပေးလိုက်သော ဘာသာပြန်စာအုပ်များကို ဆရာကွန်းအားပေးရန် စာနှင့်အတူ ထားရစ်ခဲ့သည်။

'ထောင်မှလွတ်မြောက်လာပြီဖြစ်ကြောင်း' တို့ဗမာအစည်းအရုံးဌာနချုပ်သို့ သတင်းပို့ရန် တာဝန်ရှိသည့် အလျောက် ရေကျော်ဘက်သို့ ဆက်ထွက်ခဲ့လေသည်။ ရေကျော်လမ်း အမှတ် ၆၇ ရှိ တို့ဗမာအစည်းအရုံးဌာနချုပ်သည် ကျိုးနွံဖုတ်ဖုတ် ဖြစ်နေလေပြီ။ ဌာနချုပ်တွင် မျက်နှာစိမ်းသခင်များကိုသာ တွေ့ရသည်။ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေသော သခင်တင်မောင်(ပန်းတနော်)နှင့် ရုံးအုပ် သခင်တင်ဦးတို့ ၂ ယောက်သာ အစည်းအရုံးတွင် အမြဲနေကြောင်း သိရလေသည်။ သခင်တင်မောင်ရော သခင်တင်ဦးကိုပါ မတွေ့ရ။ မြို့ထဲထွက်သွားကြသည်ဟုသာ သိရသည်။

ရေနံမြေမှ ရောက်နေသည်ဆိုသော ကျွန်တော်တို့အရွယ် သခင် ၅ ယောက်ကိုသာ တွေ့ရလေသည်။ ဤသူများကား ရေနံမြေစာရေးသပိတ်တိုက်ပွဲကြောင့် ရေနံဝန်က ရေနံမြေမှ နယ်နှင်လိုက်သဖြင့် ရန်ကုန်သို့ရောက်ရှိလာကြသော သခင်အုန်းဖေ(ဆထိန်း)၊ သခင်ပု(နောင် ပုလဲသခင်ပု), သခင်ခင်မောင်ညီနှင့် အခြားသခင် ၂ ယောက်တို့ဖြစ်ပေသည်။

ကျွန်တော်သည် ရေနံမြေအခြေအနေ, ထောင်တွင်းက ခေါင်းဆောင်များအခြေအနေကို ရေနံမြေသခင်များနှင့် သတင်းများဖလှယ်ကြသည်။ 'ရေနံမြေအလုပ်သမားများနှင့်စာရေးများ၏သပိတ်တိုက်ပွဲကို အကြောင်းပြု၍ အစိုးရက ရေနံမြေရှိအလုပ်သမားခေါင်းဆောင်သခင်များကို ဖမ်းဆီးပြီး ထောင်တွင်းထည့်သူထည့် နယ်နှင်ပစ်လိုပစ်လုပ်ခဲ့ကြောင်း၊ အာဇာဝက သခင်ဘိုးလှကြီး, သခင်အုန်းဖေကြီး, သခင်တင့်နှင့် သခင်မာတို့ကို မြစ်ကြီးနားသို့ နယ်နှင်ပြစ်ဒဏ်ပေးလိုက်ပြီး၊ အချို့ခေါင်းဆောင်များမှာလည်း ထောင်ထဲရောက်ကုန်ပြီဖြစ်ကြောင်း' သိရလေသည်။

ချောက်,ရေနံမြေတွင် ရေနံမြေလုံးဆိုင်ရာအလုပ်သမားစောင့်ရှောက်ရေးဗဟိုလွှတ်တော်ကို သခင်သာဦး, သခင်ထွန်းခင်, သခင်တင်ဦး(မကွေး) စသူတို့က ဆက်လက်ထိန်းသိမ်း၍ ဆောင်ရွက်နေကြကြောင်း။ သူတို့ပင်လျှင် နောက်ကွယ်က မသိမသာကြိုးကိုင်ဆောင်ရွက်နေရခြင်းသာဖြစ်၍ နယ်ချဲ့အစိုးရ၏အန္တရာယ်ကြောင့် ဖြောင်အမည်ခံပြီးမလုပ်နိုင်ကြောင်း။-သိရပေသည်။

ဆထိန်းသခင်အုန်းဖေက ရန်ကုန်ဌာနချုပ်ရောက်ခါမှ ကြုံတွေ့နေရသောပြဿနာကိုလည်း ကျွန်တော့်အား ပြောပြလိုက်လေသည်။ 'ဌာနချုပ် တို့ဗမာအစည်းအရုံးခေါင်းဆောင်များမှာ တစ်ယောက်နှင့်တစ်ယောက် အယူအဆများ မတူညီကြကြောင်း။ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်မြ, အထွေထွေအတွင်းရေးမှူး သခင်တင်

mgyoe.com

mgyoe.com SAMPLE BOOK

မောင် (ပန်းတနော်)နှင့် ဌာနချုပ် အလုပ်အမှုဆောင်တစ်ဦးဖြစ်သော သခင်ဗဟိန်းတို့မှာ စစ်နှင့်ပတ်သက်၍ အယူအဆတစ်မျိုးစီဖြစ်ကြောင်း။ သခင်မြက 'လွတ်လပ်ရေးအတွက် မည်သူ့ထံက အကူအညီရရ ယူရမည်၊ အင်္ဂလိပ်နယ်ချဲ့သမားကို ဆန့်ကျင်တိုက်ခိုက်ရမည်'-ဟုပြောလေ့ရှိကြောင်း။ သခင်တင်မောင်ကမူ 'လွတ်လပ်ရေးအတွက် ဂျပန်သည်အန္တရာယ်ရှိကြောင်း၊ ဂျပန်သည် ဖက်ဆစ်ဝါဒသမားဖြစ်သဖြင့် ဂျပန်နှင့် မပူးပေါင်းသင့်ကြောင်း၊ ဖက်ဆစ်ဝါဒကို ဆန့်ကျင်တိုက်ခိုက်ရန် အင်္ဂလိပ်မဟာမိတ်အဖွဲ့နှင့်ပင် ယာယီပူးပေါင်းသင့်ကပူးပေါင်းရမည်ဖြစ်ကြောင်း'-ပြောဆိုနေသည်။ ကိုဗဟိန်း၏ အယူအဆကား 'မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အင်္ဂလိပ်ရောဂျပန်ကိုပါ ဆန့်ကျင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း'ဖြင့် ခေါင်းဆောင်များက ဤသို့တစ်ယောက်တစ်မျိုး သဘောထားများပြောနေကြသဖြင့် မိမိတို့အဖို့မရှင်းမလင်းဘဲ ရှုပ်ထွေးလျက်ပင်ရှိကြောင်း' ပြောပြလေသည်။

တို့ဗမာအစည်းအရုံး ဌာနချုပ်ခေါင်းဆောင်များ ဤသို့ နိုင်ငံရေးအယူအဆတစ်မျိုးစီ ကွဲလွဲနေကြောင်း သခင်အုန်းဖေပြောပြ၍ သိရသော်လည်း၊ ကျွန်တော့်အဖို့ အံ့သြထူးဆန်းခြင်းကား မရှိတော့ပါ။ ကျွန်တော် ထောင်တွင်းရှိစဉ်က ထောင်တွင်းရှိ သခင်ခေါင်းဆောင်များအတွင်းမှာပင် လွတ်လပ်ရေးတိုက်ပွဲနှင့်ပတ်သက်၍ သဘောထား ၃ မျိုးကွဲပြားနေပြီဖြစ်ကြောင်း သိခဲ့ရသောကြောင့်ဖြစ်ပါသည်။

ညနေ ၆ နာရီခန့်တွင် ဌာနချုပ် တို့ဗမာအစည်းအရုံးမှနေ၍ ဆူးလေဘုရားလမ်းဘက်သို့ အာအီးတီ ဓာတ်ရထားစီးကာ ထွက်လာခဲ့ပါသည်။ ဆူးလေဘုရားလမ်းရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ညအယ်ဒီတာ လုပ်နေသောကိုဗဟိန်းအား တွေ့ရန်ဖြစ်ပါသည်။ ကျွန်တော့်ထံတွင် ထောင်တွင်းသခင်စိုးထံမှ ကိုဗဟိန်းထံသို့ ပေးလိုက်သောစာတစ်စောင် ပါလာပါသည်။

ကျွန်တော်သည် ၁၃၀၀ ပြည့် ကျောင်းသားလှုပ်ရှားမှုနှင့်အတူ အမည်ထင်ရှားလာသောကျောင်းသား ခေါင်းဆောင်ကိုဗဟိန်းကို လူကိုယ်တိုင် တစ်ခါမျှမြင်ဖူးသူမဟုတ်ပါ။ ကိုဗဟိန်းရေးသော 'ဓနရှင်လောက' စာအုပ်ကိုဖတ်ရှုပြီး ကိုဗဟိန်းကို အဝေးက လေးစားနေသူတစ်ယောက်သာ ဖြစ်ပါသည်။

ကျွန်တော်လေးစားခဲ့သော ကိုဗဟိန်း။ ယခုအခါ ကျွန်တော်ယုံကြည်မြတ်နိုးနေသော ကွန်မြူနစ်ဝါဒ ကြီးအောင်မြင်ရေးအတွက် လှုံ့ဆော်စည်းရုံးရေးလုပ်ကိုင်ရန်ဖွဲ့စည်းထားသည့် မြေအောက်ကွန်မြူနစ်ပါတီတွင် ဤကိုဗဟိန်းကို အကြီးအမှူးပြု၍ အတူတကွတာဝန်ထမ်းဆောင်ရမည့်အဖြစ်ကို ကျွန်တော်သည် ကျေနပ်ညှတ်နူးစိတ်အပြည့်ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်အပေါ်ထပ်သို့ တက်လှမ်းခဲ့ပါသည်။

အပေါ်ထပ်ရောက်သည်တွင် ဦးစွာတွေ့သော လူရွယ်တစ်ယောက်အား 'ညအယ်ဒီတာကိုဗဟိန်းကို တွေ့လိုကြောင်း'ပြောပြလိုက်ရာ ထိုသူက ပါးစပ်က ဘာမျှမပြော၊ လက်ညှိုးဖြင့်သာ တူရွာအခန်းသို့ညွှန်ပြပြီး အောက်ထပ်သို့ ဆင်းသွားပါသည်။ ကျွန်တော်သည် ညွှန်ပြရာအခန်းတွင်းသို့ ဆင်နှာရွက်တံခါးကို တွန်း၍ ဝင်သွားပါသည်။ ညာဘက်သို့လှည့်ကြည့်လိုက်ရာ မီးခိုးမြူများပုံ့လွှင့်နေသော အခန်းထောင့်စားပွဲပေါ်တွင် ခေါင်းငုံ့ကာ ဘယ်လက်ဖြင့် စာရေးနေသူတစ်ယောက်ကို တွေ့ပါသည်။ ကျွန်တော်က စားပွဲအနီးချဉ်းကပ်သွားသည်။ စာရေးနေသူသည် ခေါင်းမော့်ကြည့်လိုက်ရာ သတင်းစာများထဲတွင်ကျွန်တော်သိခဲ့သော ကိုဗဟိန်းကို တွေ့ရပါသည်။ ကိုဗဟိန်းကား ဘယ်သန်ဖြစ်၍ စာကို ဘယ်လက်ဖြင့်ပင်ရေးနိုင်သူ ဖြစ်ပေသည်။

ကိုဗဟိန်းက ကျွန်တော့်ကိုမသိပါ။ သို့သော် သူ၏နှုတ်ခမ်းထက်က ပွင့်လာသောအပြုံးကား ရင်းနှီးပျူငှာမှုကိုလှစ်ပြသော နှစ်လိုဖွယ်အပြုံးပင် ဖြစ်ပါသည်။

သူ့အပြုံးသည် ကျွန်တော့်နှုတ်ခမ်းများပေါ်သို့ပင် ကူးစက်လာပါသည်။စားပွဲရှေ့က ကုလားထိုင်တစ်ခုကို စီးကရက်ညှပ်ထားသော ညာလက်ဖြင့်ညွှန်ပြရင်း ''ထိုင်ပါ ထိုင်ပါ။ ဘာကိစ္စရှိပါသလဲ။'' ဟု နေရာပြင်ထိုင်ရင်း ကိုဗဟိန်းကမေးပါသည်။

mgyoe.com SAMPLE BOOK

ကျွန်တော်သည် ကုလားထိုင်ကို စားပွဲအနီးသို့ရွှေ့ထိုင်ရင်း အသံခပ်တိုးတိုးဖြင့် ''ကျွန်တော် သခင်တင်မြပါ။ ဒီနေ့ပဲ အင်းစိန်ထောင်ကလွတ်လာတာပါ။ ကိုဗဟိန်းဆီကို သခင်စိုး စာတစ်စောင်ပေးလိုက်ပါတယ်။''

ကိုဗဟိန်းမျက်နှာသည် အပြုံးတစ်ဝက်ဖြင့် လေးနက်သွားပါသည်။ ခေါင်းကိုလည်း မသိမသာညိတ်လိုက်ပါသည်။ ကျွန်တော့်လက်ကမ်းပေးလိုက်သောစာအိတ်ကို ချက်ချင်းဖောက်ဖတ်ပါသည်။

ညာလက်ကြားက စီးကရက်ကိုဖွာကာ မျက်လုံးက စာရွက်ပေါ်တွင် စူးစိုက်နေသောကိုဗဟိန်းကို အကဲခတ်နေမိသည်။ လှိုင်းထနေသည့် ဆဲခွေများအောက်တွင် နဖူးကျယ်ကျယ် ဖြူစင်ကြည်လင်သော မျက်နှာပြင်နှင့် ထင်ရှားသည့်နှုတ်ခမ်းတို့ကို ပေါင်းစပ်ကြည့်လိုက်ပါက ကိုဗဟိန်းသည် တည်ငြိမ်သိမ်မွေ့စွာ ချောမောသူတစ်ယောက် ဖြစ်ပါသည်။ ကိုယ်ဟန်သွယ်သော်လည်း အဖြူရောင် ပိုးတာဖက်တာအပေါ်အင်္ကျီကို သေသပ်စွာဝတ်ဆင်ထားသဖြင့် ကိုယ်နေကိုယ်ဟန်သေးကွေးသူဟု မထင်ရပါ။

ဤမျှနှုနယ်၍ မင်းသားဟန်ပေါက်နေသူတစ်ဦးက ၁၃၀၀ ပြည့်အရေးတော်ပုံ မီးပွားများစတင်ရာ မကွေးမြို့တွင် ရေနံ့သပိတ် ခြေလျင်တပ်ကြီးကို ခြိမ်းခြောက်တားဆီးနေသော နယ်ချဲ့သမားတို့၏ မြင်းတပ်များနှင့် ပတ်သက်၍ 'မြင်းခွာတစ်ချက်ပေါက်ရင် မြန်မာပြည်ကြီး မီးဟုန်းဟုန်းတောက်စေမယ်။'-ဟု အနှံတုကြုံးဝါးခဲ့ပုံမှာ နှုနယ်သောရုပ်လက္ခဏာနှင့် ပြင်းထန်သောစိတ်ဓာတ်တို့ ဘယ်လိုမှ ဆက်စပ်၍ရအံ့မထင်ပါ။ သို့သော် ကိုဗဟိန်းသည် ဤသဘော ၂ ရပ်ကို ပေါင်းစပ်ထားသူပင်ဖြစ်ပါသည်။ ကိုဗဟိန်း၏အပြုအမူကိုကြည့်၍ သူ့အကြောင်းကိုစဉ်းစားရင်း ကျွန်တော် ကိုဗဟိန်းအား ပိုမိုခင်မင်လေးစားလာမိပါသည်။

''အင်း- အတော်ပဲ။ ကျွန်တော်တို့ လူလိုနေတာနဲ့အတော်ပဲ။ ကျွန်တော်တို့ရဲ့လုပ်ငန်းတွေ ပြန်စဖို့ စီစဉ်နေတုန်း ခင်ဗျားရောက်လာတာနဲ့ အဆင်သင့်သွားတယ်လို့ ဆိုရမှာပဲ။''

ကိုဗဟိန်းသည် စကားပြောရာတွင်လည်း ညင်သာပျော့ပျောင်းစွာပြောတတ်သူ ဖြစ်သည်။

''ကျွန်တော်တို့ ယူဂျိုလုပ်ငန်း (မြေအောက်လုပ်ငန်း)တွေကို တာဝန်ယူ ဆောင်ရွက်ကြမယ့်လူတွေက ရန်ကုန်မှာမရှိသလောက် ဖြစ်နေတယ်။ ဒါကြောင့် နယ်မှာရှိနေကြတဲ့လူတွေကို ခေါ်ထားတယ်။ ပျဉ်းမနားက သခင်တင်ထွန်း, ကညွတ်ကွင်းက သခင်ဗသော်, ဖြူးက သခင်သန်းဖေတို့ကို ရန်ကုန်လာပြီးတာဝန်ယူဖို့ ခေါ်ထားတယ်။ ခင်ဗျား သူတို့ကိုသိလား။''

''ကျွန်တော်မသိဘူးခင်ဗျာ့။ သခင်ဗသော်ကိုတော့ ကြားဖူးပါတယ်။''

''သူတို့ကတော့ ကျွန်တော်တို့ပါတီရဲ့ ကေဒါတွေပဲ။ ရန်ကုန်မှာ ပါတီလိုလားသူတွေတော့ ရှိပါရဲ့။ ဒါပေမယ့် ပါတီလုပ်ငန်းတွေကို ချိန်လုံးပြည့်မလုပ်နိုင်ကြဘူး။ လိုအပ်တဲ့အကူအညီတွေတော့ ပေးကြပါတယ်။ ဒါနဲ့ ခင်ဗျား အခုဘယ်မှာတည်းသလဲ။''

''တည်းစရာတော့ မရှိသေးဘူး။ ဌာနချုပ်အစည်းအရုံးမှာတည်းမယ်လို့ စိတ်ကူးတာပဲ။ ကျွန်တော့်သားရေအိတ်တောင် အစည်းအရုံးမှာ ထားခဲ့တယ်။''

''ဒီမှာ ယူဂျိုတာဝန်ယူမယ့်လူအနေနှင့် ဌာနချုပ်အစည်းအရုံးမှာတည်းလို့ မဖြစ်ဘူးဗျ။ ဌာနချုပ်အစည်းအရုံးကို စုံထောက်က အမြဲစောင့်ကြည့်နေတာ။ တော်ကြာ ခင်ဗျားကိုမှတ်မိသွားရင် ရှေ့ဆက်လုပ်ရမယ့်ကိစ္စတွေမှာ အန္တရာယ်ရှိမယ်။ ဒါကြောင့် ဌာနချုပ်မှာမတည်းနဲ့တော့။ ခုညပဲ ခင်ဗျားနေရမယ့်နေရာကို ပို့ပေးမယ်။ အဲဒီတော့-''

ကိုဗဟိန်းစကားမပြတ်မီ လူတစ်ယောက် အခန်းတွင်းသို့ဝင်လာပါသည်။ ထိုသူမှာ အပေါ်အင်္ကျီအနက်နှင့်။ ကိုဗဟိန်းထက် အသက်အတန်ငယ်ကြီးပုံရပြီး ကိုဗဟိန်းကို ပြုံး၍နှုတ်ဆက်ကာ ကိုဗဟိန်း၏

mgyoe.com

mgyoe.com SAMPLE BOOK
ဘယ်ဘက်အခန်းထောင့်ရှိ စားပွဲကြီးတွင် နေရာဝင်ယူပါသည်။ အခန်းဝက ခြေသံကြားရပြီး အရပ်ရှည်ရှည် လူတစ်ယောက်ဝင်လာပြန်ပါသည်။

''ဘယ့်နယ် ဦးဘနှင်း။ ဘာသတင်းထူးလဲဗျ။''

ကိုဗဟိန်းက ဝင်လာသူအား ဆီးမေးလိုက်ပါသည်။ ဝင်လာသူက လက် ၂ ဖက်ကို လှန်ပြလိုက်ရင်း ''ဘာမှမထူးပါဘူးဗျာ။''-ဟု ပြန်ဖြေကာ တစ်ဖက်စားပွဲကြီးတွင်ထိုင်နေသူထံသို့ တန်း၍သွားပါသည်။

ကိုဗဟိန်းသည် ရေးလက်စစာရွက်များကို ခဲပြားကြီးတစ်ခုဖြင့် ဖိထားခဲ့ပြီး စားပွဲမှထကာ တစ်ဖက်သို့ လှည့်၍ ''ကျန်တော် ဧည့်သည်နဲ့ အပြင်ခဏထွက်လိုက်ဦးမယ်။''-ဟု ပြောပြောဆိုဆို ထိုင်နေရာကထလိုက်ပါသည်။ 'ဦးသန်းတင်' ဆိုသူက ကိုဗဟိန်းအား ခေါင်းညိတ်ပြလိုက်ပါသည်။ (ဤ 'ဦးသန်းတင်'ဆိုသူသည် နောင် စာရေးဆရာ 'ရွှေပိန်သောင်း' ဖြစ်ကြောင်း၊ မြန်မာ့အလင်းတွင် အယ်ဒီတာဝင်လုပ်နေကြောင်း သိလာရပါသည်။)

ကိုဗဟိန်းနှင့် ကျန်တော်သည် မြန်မာ့အလင်းသတင်းစာတိုက်ပေါ်ကဆင်းလာပြီး ကားလမ်းကိုဖြတ်ကာ ဘုရင်မပန်းခြံ (ယခု ဗန္ဓုလပန်းခြံ)ထဲသို့ဝင်ခဲ့ကြပါသည်။ လူရှင်းရာထိုင်ခုံတစ်နေရာသို့ ကိုဗဟိန်းက ခေါင်းဆောင်ခေါ်သွားပါသည်။ ဆူးလေစေတီတော်က လျှပ်စစ်မီးရောင်များသည် ဝင်းပလျက် ပတ်ဝန်းကျင်တစ်ဝိုက်ကို အလင်းရောင်ပက်ဖျန်းလျက်ရှိပါသည်။ ရန်ကုန်မြစ်ပြင်တွင် ဆိုက်ကပ်နေကြသောသင်္ဘောကြီးများမှ ကုန်တင်ကုန်ချစက်သံများက တဝေါဝေါဖြင့်ဆူညံနေပါသည်။ ဓာတ်ရထားသံနှင့် ကားသံတို့ကလည်း ဖြည့်စွက်လျက်ရှိသည်။

အသံဗလံဆူညံမှုမရှိ တိတ်ဆိတ်လှသောထောင်အတွင်းက ထွက်လာစ ကျန်တော့်အဖို့ ဤရန်ကုန်မြို့တော်၏ ဆူသံညံသံတို့ကို နားမခံသာအောင်ပင် ဖြစ်နေပါသည်။ ခရေပင်အောက်တန်းလျားတစ်ခုတွင် ထိုင်ကြပြီး ကိုဗဟိန်းက မြေအောက်စည်းရုံးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်တာဝန်များ, လိုက်နာကျင့်သုံးရမည့် လျှို့ဝှက်စည်းကမ်းများကို ပြောပြပါသည်။

ကိုဗဟိန်း ပြောပြချက်မှန်သမျှကို ကျန်တော်သည် အထူးဂရုပြု၍ စိတ်တွင်းဝယ် မှတ်သားထားလိုက်ပါသည်။ ဘုရင်မပန်းခြံ (ယခု ဗန္ဓုလပန်းခြံ)အတွင်း ထိုင်၍ တစ်နာရီခန့် ကိုဗဟိန်းနှင့်ကျန်တော်တို့ မြေအောက်စည်းရုံးရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး မြန်မာ့အလင်းသတင်းစာတိုက်အပေါ်ထပ်သို့ ပြန်တက်ခဲ့ကြပါသည်။

'ကျန်တော်တည်းခိုရမည့်အိမ်သို့ လိုက်ပို့မည့်သူတစ်ယောက်ကို ထည့်ပေးလိုက်မည်'-ဟုပြောပြီး ကိုဗဟိန်းသည် တယ်လီဖုန်းဆက်၍ လူတစ်ယောက်ကိုလှမ်းခေါ်လိုက်ပါသည်။ ဖုန်းဆက်ပြီးနောက် ကိုဗဟိန်းသည် သူ့စားပွဲတွင် အထပ်လိုက်ရှိနေသောနိုင်ငံခြားသတင်းစာများကို ထိုင်၍ဖတ်လိုက်,ရေးလိုက် ပြုလုပ်နေပါသည်။

ကျန်တော်နှင့်အတူ ကိုဗဟိန်းထည့်ပေးလိုက်မည့်လူ အရောက်ကိုစောင့်ရင်း ကျန်တော်သည် မြန်မာ့အလင်းသတင်းစာတိုက်အောက်ထပ်သို့ဆင်း၍ စာစီနေသူများ၏လှုပ်ရှားမှုနှင့် တဂျိမ်းဂျိမ်းမြည်ဟည်းလည်ပတ်နေသောပုံနှိပ်စက်များ၊ တစ်ရွက်ပြီးတစ်ရွက်ဆင်းလာသော ပုံနှိပ်ပြီးသားသတင်းစာရွက်များ၊ တစ်နေရာမှ တစ်နေရာသို့ စာရွက်ကလေးများကိုင်၍ လျင်မြန်စွာသွားလာနေသူများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာနေမိပါသည်။

ကိုဗဟိန်းခေါ်ယူ၍ ရောက်လာသူနှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက်က ထွက်လာသောအခါ ၁၀ နာရီခန့်မျှ ရှိပေပြီ။ တစ်နေ့လုံး ဆူညံလှုပ်ရှားနေခဲ့သော ရန်ကုန်မြို့ကြီးသည် အိပ်ရာဝင်စ ပြုလေပြီ။ ယာဉ်အမျိုးမျိုး၏အသွားအလာသည် ကျဲသွားပြီဖြစ်၍ လူအသွားအလာလည်း ပါးစပြုလေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ ၂ ယောက်သည် အတန်ငယ်ခြေကျင်လျှောက်ပြီး လန်ချားတစ်စီးကိုစီး၍ ပုဇွန်တောင်ဘက်သို့ထွက်ခဲ့ပါသည်။ ကျွန်တော်နှင့် အတူပါလာသူသည် အလွန်နှုတ်ဆိတ်လှသူတစ်ယောက် ဖြစ်ဟန်ရှိ၏။ ''လန်ချားနဲ့ သွားကြရအောင်။''-ဟု ပြောပြီး ဘာစကားမျှဆက်မပြောတော့ပါ။ ကျွန်တော်ကလည်း သူ့အလိုက်ကြည့်၍ စကားမပြောဘဲ သူခေါ်ရာနောက်သို့ အသာလိုက်သွားပါသည်။

မကြာလှပါ။ ပုဇွန်တောင် ရေကျော်ရပ်ကွက်အတွင်းရှိ လျှပ်စစ်မီးများထိန်လင်းစွာပူဇော်ထားသော စေတီတစ်ဆူအနီးက အိမ်ကလေးတစ်အိမ်ရှေ့တွင် လန်ချားကိုရပ်၍ ကျွန်တော်တို့ဆင်းကြပါသည်။

အိမ်ကလေးမှာ ၂ ခန်းတွဲ တစ်ထပ်အိမ်ကလေးသာ ဖြစ်ပါသည်။ လျှပ်စစ်မီးမထွန်းဘဲ မှန်အိမ်ငယ်ကလေးတစ်ခုသာ ဧည့်ခန်းတွင် ထွန်းထားပါသည်။ မှန်အိမ်ငယ်၏အလင်းရောင်မှာ အခန်းတွင်းရှိ အမှောင်ထုကို ထွင်းဖောက်နိုင်ခြင်းမရှိသဖြင့် အခန်းမှာ အနည်းငယ်မှောင်နေပါသည်။ ကျွန်တော့်ကိုလိုက်ပို့သူသည် ကျွန်တော့်ကို ထိုအိမ်ကလေးတွင်ထားရစ်ပြီး ပြန်ထွက်သွားပါသည်။

ထိုအိမ်ကလေးတွင် ကျွန်တော့်လို လူငယ်လူရွယ် ၅ ယောက်ခန့်ရှိကြပါသည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပေးမည့်သူမရှိစေကာမူ မြွေမြွေချင်း ခြေမြင်သူများဖြစ်ကြသဖြင့် မိမိတို့အမည်များပြောပြ၍ မိတ်ဆက်ရပါသည်။ ဖြူးက သခင်စံလှိုင်, တပ်ကုန်းက သခင်ကို, သနပ်ပင်က သခင်ပါ၊ ထို့ပြင် သနပ်ပင်က တရုတ်ကပြားကလေးတစ်ယောက်နှင့် အခြားသူငယ်တစ်ယောက်တို့ ဖြစ်ပါသည်။

တရုတ်ကပြားကလေးနှင့် တခြားသူငယ်တစ်ယောက်မှာ ဤအိမ်တွင် အမြဲနေဟန်တူပါသည်။ အိပ်ရာ, ခုတင် ပစ္စည်းအပြည့်အစုံနှင့် ဖြစ်ပါသည်။ ကျန်ရဲဘော်များမှာမူ ကျွန်တော့်ကဲ့သို့ပင် နိုင်ငံရေးလုပ်ငန်းအတွက် ခေတ္တခဏ လာရောက်စုဝေးနေခြင်းသာဖြစ်ပါမည်။ ခရီးသွားလွယ်အိတ်များကိုယ်စီနှင့် ဖြစ်ပါသည်။ ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး အမည်ရင်းများ ပြောပြမိတ်ဆက်ကြစေကာမူ လျှို့ဝှက်လုပ်ငန်းစည်းကမ်းအရ တစ်ဦး၏တာဝန်ကို တစ်ဦးကစပ်စုမေးမြန်းခြင်း မပြုကြပါ။

ကျွန်တော်ရောက်ပြီးမကြာမီပင် အရပ်မြင့်မြင့် အသားညိုညို ကိုယ်ဟန်ပါးလျား၍ ဆံပင်ခပ်တိုတိုညှပ်ထားသူတစ်ယောက် ရောက်လာပါသည်။ ထိုသူ၏အသက်မှာ ၂၅ နှစ်ကျော်ခန့်ရှိပြီး ကော်ကိုင်းမျက်မှန်အဝိုင်း တပ်ထားလေသည်။ ထိုသူ အိမ်ထဲသို့ဝင်လာသောအခါ ကျွန်တော်တို့နှင့်အတူ ဝိုင်းထိုင်နေသော ရဲဘော်များက ထိုသူအား လေးလေးစားစားနေရာပေးကြပါသည်။ ထိုသူက ကျွန်တော်တို့အားလုံးကို သူ၏ဖြူဖွေးသောသွားများလှစ်ဖော်ပြုံးပြကာ နှုတ်ဆက်ရင်းထိုင်လိုက်ပါသည်။

ကျွန်တော့်ကို ပြုံးရွှင်စွာကြည့်ရင်း ''ကိုဗဟိန်းလွတ်လိုက်တဲ့ သခင်တင်မြ မှတ်ပါတယ်။''ဟူသော အသံက ညင်သာဖြည်းလေးစွာထွက်လာပါသည်။

''ဟုတ်ပါတယ်။''-ဟု ကျွန်တော်ကဖြေလိုက်သည်။

''ကျွန်တော့်နာမည်က သခင်ချစ်ပါ။ ကိုဗဟိန်းက ကျွန်တော်တို့နှင့်အတူ ရန်ကုန်မှာ တာဝန်ယူမယ့် သခင်တင်မြကိုလွတ်လိုက်မယ်လို့ ခုနပဲ ကျွန်တော့်ဆီ ဖုန်းနဲ့အကြောင်းကြားပါတယ်။ ရောက်တာ အတော်ကြာသွားပြီလား။''

''မကြာသေးပါဘူး။ တစ်နာရီလောက်ပဲ ရှိသေးတယ်။''

''ဒီနေ့ပဲ ထောင်ကထွက်လာတယ်လို့ ပြောပါတယ်။ သခင်နုတို့, သခင်သန်းထွန်းတို့ ကျန်းကျန်းမာမာပဲလား။''

''ဟုတ်ပါတယ်။ ကျန်းမာကြပါတယ်။''

''လုပ်ငန်းအကြောင်းကတော့ ကိုဗဟိန်းပြောပြပြီးရောပေါ့။ ဒီအိမ်မှာက ကျွန်တော်တို့ရဲဘော်တွေ စုပေါင်းချက်စားကြပါတယ်။ ထမင်းချက်ရယ်လို့ မရှိပါဘူး။ လိုတဲ့ ဆန်, ဆီ, ဆားတို့ကို ရေကျော်ဈေးထိပ်က

mgyoe.com

mgyoe.com SAMPLE BOOK
ကျွန်တော်တို့ ဗဟိုသမဝါယမဆိုင်ကပဲ ထုတ်ပေးပါတယ်။ ဒီအိမ်မှာ ရဲဘော်ရဲဘက်အချင်းချင်း တိုင်တိုင်ပင်ပင် အတူလုပ်အတူစားနေကြပေါ့။ လုပ်ငန်းတာဝန်အလိုက် သီးခြားလုပ်ရတာတွေတော့ ရှိမှာပေါ့။ အနေအထိုင် အသွားအလာကစပြီး အစစ သတိနှင့်လျှို့ဝှက်လုပ်ငန်းစည်းမျဉ်းအတိုင်း လိုက်နာသွားဖို့လိုပါတယ်။ ကျွန်တော်တို့ရဲဘော်တစ်ယောက် အနေအထိုင်, အသွားအလာ, အပြောအဆိုမတတ်ရင် ဒီမှာနေတဲ့ရဲဘော်အားလုံးပါမက ကျွန်တော်တို့လုပ်ငန်းကြီးကိုပါ ထိခိုက်သွားနိုင်ပါတယ်။ ဒါကြောင့် တာဝန်သိသိ သတိရှိရှိ နေကြစေလိုပါတယ်။ ကျွန်တော်တို့အချင်းချင်း သခင်အမည်တပ်မခေါ်ကြဘဲ ကျောင်းသားတွေလို့ အားပတ်ဝန်းကျင်က ထင်မြင်ယူဆနေအောင် အမည်ပြောင်းတွေကိုပဲ သုံးစွဲကြစေလိုပါတယ်။ သခင်တင်မြရော နာမည်ပြောင်းပြီးပြီလား။''

''မပြောင်းရသေးဘူးခင်ဗျာ။''

''နာမည်တစ်ခုခု ပြောင်းလိုက်ပေါ့ဗျာ။''

ဤသို့ဖြင့် ကျွန်တော်သည် 'သခင်တင်မြ' ဟူသောအမည်ရင်းမှ လျှို့ဝှက်အမည် 'မောင်လှသိန်း' ဟူ၍ မြေအောက်တော်လှန်ရေးလုပ်ငန်းအတွက် အမည်သစ်ရရှိလာတော့သည်။

ဆရာချစ်

ရွှေဘုန်းပွင့်ဘုရားဘေးအိမ်ကလေးတွင် စတည်းချနေကြသော ကျွန်တော်တို့လူငယ်တစ်သိုက်သည် နေ့စဉ်စားသောက်ရေးအတွက် အလှည့်ကျထမင်းချက်ကြရပါသည်။ လိုအပ်သောဆန်, ဆီ, ဆား, ငရုတ်, ကုလားပဲ စသည်တို့ကို ရေကျော်ဈေးထိပ်ရှိ ဆရာချစ်ဦးစီးသောသမဝါယမဆိုင်က သွားရောက်ထုတ်ယူပါသည်။ သား,ငါးဝယ်ရန် နေ့စဉ်ဟင်းလျာဖိုးကိုလည်း ထိုဆိုင်က ထုတ်ပေးပါသည်။

ထမင်းချက်အလှည့်မကျသူများ တာဝန်ရှိပါက အပြင်ထွက်။ အပြင်မထွက်သူများက စာပေလေ့လာကြသည်။ များသောအားဖြင့် ကျွန်တော်တို့တစ်တွေမှာ နေ့လယ်ပိုင်းတွင် အပြင်သို့ထွက်လေ့မရှိကြဘဲ အိမ်ကလေးအတွင်းမှာပင် အသံဗလံမပြု ဆိတ်ဆိတ်ငြိမ်ငြိမ် သိုသိုသိပ်သိပ်နေထိုင်ကြပါသည်။ စကားပြောရာလှုပ်ရှားရာတွင်ပင် 'လူငယ်တစ်သိုက်စုရုံးစုရုံးနဲ့ ဒီအိမ်မှာ ဘာလုပ်နေကြသလဲ။'-ဟု အိမ်နီးနားချင်းများက သင်္ကာမကင်းဖြစ်မလာစေရန် အစစဆင်ခြင်နေကြရပါသည်။

ဧပြီလအတွင်းဖြစ်သဖြင့် နွေရာသီကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်နေသောကြောင့် ကျွန်တော်တို့ကို ကျောင်းသားများအဖြစ် ယူဆနိုင်ပေသည်။ သို့ကြောင့်ပင် အိမ်နီးနားချင်းများက ကျွန်တော်တို့အား ထွေထွေထူးထူး မထင်မှတ်ကြ။ ကျောင်းသားများဟုသာ မြင်နေကြပါသည်။ ကျွန်တော်တို့သည် လူပျိုလူရွယ်များဖြစ်သည်နှင့်အညီ လျှို့ဝှက်ရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်နေသည့်ကြားမှ သက်တူရွယ်တူမိန်းကလေးများကို မြင်ပါက ပိုးချင်ပန်းချင်စိတ်များကို ချိုးနှိမ်၍မရကြပါ။

ထမင်းချက်အလှည့်ကျသူများသည် မီးဖိုချောင်တွင် သီချင်းတညည်းညည်းနှင့် တက်တက်ကြွကြွ ချက်ပြုတ်လုပ်ကိုင်လေ့ရှိကြပါသည်။ ဆန်ဆေးနေစဉ်, ငရုတ်သီးထောင်းနေစဉ်, ဟင်းရွက်သင်နေစဉ် ထမင်းချက်ရန်အလှည့်ကျသူ၏ မျက်လုံးများက ပြတင်းပေါက်ကကျော်၍ တစ်ဖက်အိမ်နောက်ဖေးသို့ အမြဲ အာရုံစိုက်ကြည့်နေလေ့ရှိကြပါသည်။

မြေအောက်လျှို့ဝှက်ရေးတာဝန် ထမ်းဆောင်နေရသူများပီပီ ပုလိပ်စုံထောက်များ၏အရိပ်အခြည်ကို အမြဲသတိရှိကြည့်ရှုနေခြင်းကား မဟုတ်ပါ။ နောက်ဖေးအိမ်တွင် ဂျူးကပြားအပျိုညိအစ်မ ရှိနေပြီး၊ သူတို့ညီအစ်မသည် အထူးသဖြင့်-အငယ်မသည် ဂါဝန်ကလေးတကားကားဖြင့် အိမ်နောက်ဖေးသို့ ဟန်ရေးပြအပိုးခံအကြည့်ခံ မကြာခဏထွက်လာလေ့ ရှိနေသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေသည် မျက်စိအကြည့်ရဲကြသော်လည်း နိုင်ငံရေးကိုယ်စီဖြင့်ဖြစ်ကြသဖြင့် နှုတ်ရဲလက်ရဲသူများ မဟုတ်ကြပါ။ ဂါဝန်ကလေးစွာမမဖြင့်

mgyoe.com SAMPLE BOOK
ဒေါင်းမကလေးက,သလိုလှပနေသော ဤကပြားမကလေးကို ကျွန်တော်တို့တစ်တွေသည် ထမင်းချက်ရင်း ရသေ့စိတ်ဖြေ မျက်စိစားပွဲထိုင်နေခြင်းမျှသာ ဖြစ်ကြပါသည်။

ညပိုင်းရောက်လာကြသောအခါတွင် ကျွန်တော်တို့သည် ၂ ယောက်တစ်တွဲ၊ သို့မဟုတ် တစ်ယောက်တည်း တာဝန်အရ အပြင်သို့ထွက်သွားလေ့ရှိကြပါသည်။

ကျွန်တော်တို့အတွင်းတွင် အသက်အကြီးဆုံးမှာ သခင်စံလှိုင် (နောင် ဗိုလ်မှူးအောင်)ပင် ဖြစ်ပါသည်။ သခင်စံလှိုင်သည် ဖြူး တို့ဗမာအစည်းအရုံးမှဖြစ်၍၊ ရဟန်းဘဝက လူထွက်ပြီး နိုင်ငံရေးဝင်လုပ်သူဖြစ်ပါသည်။ ကညွတ်ကွင်းမှ သခင်မောင်မောင် (နောင် ဗိုလ်ဉာဏ)က သခင်စံလှိုင်ကို 'ဦးပဉ္စင်းကလည်း'-ဟု မကြာခဏ နောက်လေ့ရှိပါသည်။ တပ်ကုန်းမှ သခင်ကိုမှာ ကျွန်တော့်အသက်အရွယ်ခန့်ရှိပြီး ခေါင်းတုံးဆံတောက်ဖြင့် မျက်နှာဝိုင်းဝိုင်း အရပ်ပုပုဖြစ်ပါသည်။ ကျွန်တော်တို့အိမ်ကလေးသို့ မကြာခဏရောက်လာလေ့ရှိသူများမှာ ပျဉ်းမနားသခင်တင်ထွန်းနှင့် ကိုသန်းညွှန့် (နောင် ဗိုလ်ဇင်ယော်)တို့ ဖြစ်သည်။ သူတို့ ၂ ယောက်မှာ ၄၉ လမ်း မက်သဒစ်ကျောင်းအနီးရှိ ဆရာထွန်းရွှေတို့တိုက်ခန်းတွင်နေကြသူများ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ပျဉ်းမနားမှ သခင်ပါ, သခင်မြ (ပျဉ်းမနား)နှင့် သနပ်ပင်မှ သခင်ကြီးမြင့်, သခင်စံမြင့် (နောင် ဖ.ဆ.ပ.လ ဝန်ကြီးဟောင်း)တို့လည်း ပေါက်လာတတ်ပါသည်။

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလာကြစေကာမူ 'ဘာတာဝန်ယူနေသလဲ', 'ဘယ်သွားရသလဲ' စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး စပ်စုမှုများမပြုကြပါ။ တစ်ယောက်၏တာဝန်ကို ရိပ်မိသိရှိစေကာမူ မသိဟန်ပြုနေကြပါသည်။ ကျွန်တော်တို့ကို ခေါင်းဆောင်ညွှန်ကြားနေသော ကိုဗဟိန်း, ဆရာချစ်တို့ကလည်း ကျွန်တော်တို့ကို တစ်ဦးချင်း၊ သို့မဟုတ် အစုလိုက်တာဝန်ပေးလျှင် မိမိတို့ထမ်းဆောင်ရမည့် တာဝန်နှင့်ပတ်သက်၍ မည်သူ့ကိုမျှမပြောဘဲ နှုတ်လုံရန် အမြဲသတိပေးလေ့ရှိပါသည်။

ကျွန်တော့်ကို ပေးအပ်ထားသောတာဝန်မှာ တော်လှန်ရေးဝါဒဖြန့်ချိမှုအတွက် လျှို့ဝှက်ထုတ်ဝေမည့် စာစောင်ရိုက်နှိပ်ရန်ပြင်ဆင်ရေး ဖြစ်ပါသည်။ ကိုဗဟိန်း ညွှန်ကြားဆက်သွယ်ပေးသဖြင့် ဧလမ်းအတွင်းရှိ ၃ ထပ်တိုက်အပေါ်ဆုံးထပ်တွင်နေထိုင်သော ဦးကျော်ငြိမ်း (ဇရာဝတီသတင်းစာကုမ္ပဏီ)နှင့် ဗဟန်း ရွှေဂုံတိုင်လမ်း ခြေသုံ့ ၂ ကောင်မုခ်ဦးနှင့် ဘုန်းကြီးကျောင်းဇရပ်တစ်ဆောင်တွင်နေထိုင်သော သခင်အောင်ကြီးတို့ကိုဆက်သွယ်၍ ၄င်းတို့ထံသို့ မကြာခဏသွားရပါသည်။ သူတို့ ၂ဦးမှာ လျှို့ဝှက်စာစောင်ထုတ်ဝေရေးအတွက် လိုအပ်သော စက္ကူ, မင်, လက်နှိပ်စက်, ဖယောင်းစက္ကူ စသည်တို့ကို စုဆောင်းပေးနေသူများ ဖြစ်ကြပါသည်။

ကျွန်တော်သည် ဆရာချစ်စီစဉ်ပေးသောအိမ်တွင်နေရသော်လည်း ကိုဗဟိန်း၏တိုက်ရိုက်တာဝန်ခန့်ခွဲပေးမှုကို ဆောင်ရွက်ရပါသည်။ ကျွန်တော်နှင့်ပတ်သက်၍ ဆရာချစ်က တိုက်ရိုက်တာဝန်ပေးလေ့မရှိပါ။

ကျွန်တော်တို့သုံးစွဲရန် တစ်ပတ်လျှင် ငွေ ၅ ကျပ်စီ ဆရာချစ်က ထုတ်ပေးပါသည်။ လုပ်ရင်းကိုင်ရင်းဖြင့်ပင် ကျွန်တော်တို့ကို လျှို့ဝှက်စည်းရုံးရန်လုပ်ငန်းနှင့်ပတ်သက်၍ ခေါင်းဆောင်နေသူများမှာ ကိုဗဟိန်းနှင့် ဆရာချစ်သာမက ၄၉ လမ်းတွင်နေသော ဆရာထွန်းရွှေလည်း တစ်ယောက်အပါအဝင်ဖြစ်ကြောင်း ရိပ်မိသိရှိလာပါသည်။

ကိုဗဟိန်း၏ လျှို့ဝှက်ရေးကျင့်ထုံးနည်းပြောပြချက်များ

ကိုဗဟိန်းသည် ကျွန်တော်တို့နှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးအယူအဆများ နိုင်ငံတကာအခြေအနေများနှင့် အင်္ဂလိပ်နယ်ချဲ့စနစ်အင်အားနည်း၍ အကျပ်တွေ့နေခြင်း၊ လူထုစည်းရုံးရေးသဘောထားလုပ်ငန်းများကို ရှင်းလင်းပြောပြလေ့ရှိပါသည်။ ဆရာချစ်ကမူ နိုင်ငံရေးအယူအဆသဘောထားများကို ရှင်းလင်းဆွေးနွေးလေ့မရှိဘဲ မြေအောက်လျှို့ဝှက်ရေးလုပ်ငန်း၏သဘောလက္ခဏာနှင့် စည်းကမ်းများ, နေထိုင်သွားလာမှု,

mgyoe.com

mgyoe.com SAMPLE BOOK

ဆက်သွယ်မှု, ပုလိပ်စုံထောက်များ၏အန္တရာယ်က ရှောင်တိမ်းနည်း စသည်တို့ကိုသာ သင်ကြားဆွေးနွေးလေ့ရှိပါသည်။

ဆရာချစ်သည် မြေအောက်လှုပ်ရှားရေးလုပ်ငန်းနှင့်ပတ်သက်၍ မိမိပြောသလို သူကိုယ်တိုင်လည်း တိတိကျကျလိုက်နာကျင့်သုံးသူ ဖြစ်ပေသည်။ စကားပြောရာတွင် ခပ်လေးလေးခပ်အေးအေး ညင်သာစွာပြောတတ်ပြီး၊ စာရေးရာတွင် လက်ရေးစောင်းငယ်ငယ်ကလေးတို့ ဆက်၍ဆက်၍ရေးတတ်ပါသည်။ အလုပ်လုပ်ရာတွင် စေ့စပ်သေချာလှသူဖြစ်ပေသည်။

အင်္ဂလိပ်တို့အမြဲဝတ်၍ လုံချည်ခပ်တိုတိုစည်းကာ ရေကျော်ဈေးထိပ် သမဝါယမဆိုင်ကလေးတွင် မျက်မှန်တဝင့်ဝင့်ဖြင့် ကုန်ပစ္စည်းများခိုန်တွယ်ရောင်းဝယ်နေသော ဆရာချစ်အားတွေ့သူများက 'သာမန်အရောင်းဈေးသည်တစ်ဦး'ဟုသာ မြင်ကြပေလိမ့်မည်။ 'အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားရေးတွင် ကြိုးကိုင်ခေါင်းဆောင်နေသူတစ်ဦး'ဟု သာမန်အားဖြင့် ရိပ်မိသိရှိနိုင်ဖွယ်မရှိပါ။

ဆရာချစ်သည် ပဲခူး သနပ်ပင်နယ်ဘက်ကဖြစ်၍ ရေကျော် ဦးကျောက်လုံးကျောင်းတွင် ကျောင်းဆရာလုပ်ခဲ့ဖူးပြီး၊ ဦးမောင်ကြီးရဲတပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးလေသည်။ သခင်အမည်မခံဘဲ တို့ဗမာအစည်းအရုံးသို့ လှုပ်ရှားစာဝင်ရောက်ထားသူ ဖြစ်သည်။ အင်္ဂလိပ်စာပေကိုတတ်မြောက်ရန် မိမိဘာသာ အလွတ်လေ့ကျင့်သင်ကြားခဲ့လေသည်။ ဆရာချစ်သည် ဝံသာနုစိတ်ဓာတ်ဖြင့် နိုင်ငံခြားသား စီးပွားရေးသမားများကို စီးပွားရေးနယ်ပယ်က မောင်းထုတ်ရန်ရည်ရွယ်၍ ဖွဲ့စည်းထူထောင်ထားသည့် 'ဗဟိုသမဝါယမ ရောင်းဝယ်ရေးလုပ်ငန်း'တွင် ရှေ့ဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး၊ အတွင်းကျိတ်အားဖြင့်လည်း တိုင်းပြည်လွတ်လပ်ရေးအတွက် လှုပ်ရှားလုပ်ကြံရေးအသင်းများဖွဲ့ကာ ကျောင်းသားလူငယ်များပါဝင်အောင် စည်းရုံးခဲ့သူဖြစ်ပေသည်။ ဆရာချစ်သည် နေ့လယ်ပိုင်း၌ သမဝါယမဆိုင်တွင် အမြဲလိုလိုရှိနေတတ်ပြီး၊ ညပိုင်းဆိုင်သိမ်းပြီးမှသာ မြေအောက်လုပ်ငန်းများကို လုပ်လေ့ရှိပေသည်။ သူနေထိုင်သောအိမ်မှာ ရေကျော်လမ်းနှင့် မီးရထားလမ်းအနီးရှိ ၂ ထပ်တိုက်အပေါ်ထပ်တွင်ဖြစ်ပေသည်။

ဆရာထွန်းရွှေ

ကျွန်တော်သည် ၄၉ လမ်း မက်သဒစ်ကျောင်းဘေးတွင်နေထိုင်သော ဆရာထွန်းရွှေထံသို့ ကိုဗဟိန်းနှင့် ဆရာချစ်တို့ကခိုင်းသဖြင့် မကြာမကြာသွားရ၏။ဆရာထွန်းရွှေနှင့်အတူ သခင်တင်ထွန်း(ပျဉ်းမနား), ကိုသန်းညွှန့်(နောင် ဗိုလ်ဇင်ယော်)နှင့် မကွေးသခင်တင်ဦး၏ညီတော်သူ ရေတပ်သားတစ်ယောက်နှင့် အခြားရဲဘော်တစ်ယောက်တို့ နေထိုင်ကြ၏။ ကိုသန်းညွှန့်နှင့်ကျွန်တော်မှာ မြေအောက်လှုပ်ရှားရေးလုပ်ငန်းတွင် တာဝန်ယူနေသူဖြစ်၍တစ်ကြောင်း၊ လူငယ်ချင်းဖြစ်၍တစ်ကြောင်း မကြာမီပင် ရင်းနှီးခင်မင်သွားပါတော့သည်။

ဆရာထွန်းရွှေသည် ထားဝယ်သားဖြစ်ပြီး၊ စကားပြောရာတွင် ထားဝယ်သံအနည်းငယ်ရောစွက်၍ ခပ်လောလောပြောလေ့ရှိပါသည်။ တည်တည်ငြိမ်ငြိမ်နေတတ်ပြီး စကားနည်းသည်။ သူ့ကို အိမ်တွင်းတွင်လည်းကောင်း, အိမ်ပြင်တွင် လည်းကောင်း အမြဲလိုလို ပင်နီအင်္ဂျီထူထူကြီးဖြင့် လုံချည်စိမ်းကိုဝတ်ဆင်၍ လည်ပင်းတွင် မာဖလာအမြဲပတ်ထားသည်ကို တွေ့ရ၏။ သူလည်း ကျောင်းဆရာတစ်ယောက်ပင်ဖြစ်ပြီး ပုဇွန်တောင် မြူနီစီပယ်ကျောင်းတွင် လုပ်ခဲ့ဖူးပေသည်။ ဦးမောင်ကြီးရဲတပ်တွင် အရှေ့ပိုင်းရဲတပ်ဗိုလ်ချုပ်အဖြစ် တာဝန်ယူခဲ့ဖူးပြီး၊ ဒီးဒုတ်ဂျာနယ်တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ဖူးကြောင်း။ အင်္ဂလိပ်စာကို ကျောင်းတွင်မသင်ကြားခဲ့ရစေကာမူ နယူးဘားမားအင်္ဂလိပ်စာသတင်းစာတွင် ဆောင်းပါးများရေးနိုင်သည်အထိ တတ်မြောက်သူဖြစ်ကြောင်း သိရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာထွန်းရွှေသည် မြေအောက်လျှို့ဝှက်လုပ်ငန်း၏အချက်အချာတာဝန်ကို ယူနေရသော ခေါင်းဆောင်ဖြစ်ကြောင်းကိုကား အတော်ကြာလာမှ အကဲခတ်မိပါသည်။ လုပ်ငန်းများနှင့်ပတ်သက်၍ ကိုဗဟိန်း, ဆရာချစ်တို့က ဆရာထွန်းရွှေကိုတိုင်ပင်ပြီးမှသာ ဆောင်ရွက်လေ့ရှိကြသည်။ ဆရာထွန်းရွှေ၏ အပြင်ပန်းအလုပ်မှာကား လူးဝစ်စ်လမ်းတွင်ဖွင့်လှစ်ထားသော နဂါးနီစာအုပ်တိုက်က အပတ်စဉ်ထုတ်ဝေသည့် 'စနေနဂါးနီဂျာနယ်'တွင် တာဝန်ခံအယ်ဒီတာဖြစ်သည်။ စာရေးရာတွင် 'ပန်းဝတ်ရည်'အမည်ခံသူ ဆရာထွန်းရွှေသည် လူပျိုလူလွတ်ဖြစ်ပြီး၊ 'ကိုယ်ပိုင်ပစ္စည်း'ဟူ၍လည်း ဘာမျှရှိဟန်မတူပါ။ ဆရာထွန်းရွှေအိပ်သောအခန်း၌ ကင်မ်ကော့အိပ်စင်ကလေးတွင် ခေါင်းအုံးတစ်လုံး, စောင်တစ်ထည်, ခြင်ထောင်တစ်လုံးမျှသာ တွေ့ရသည်။ ဆရာထွန်းရွှေသည် ဆေးပေါ့လိပ်အလွန်သောက်သူဖြစ်ပြီး စာကြည့်နေရင်းပင် ဆေးလိပ် လက်ကမချသူဖြစ်ပေသည်။ လူးဝစ်စ်လမ်းရှိ သူ၏နဂါးနီရုံးခန်းတွင် တစ်ခါတစ်ရံ ကိုဗဟိန်း, သခင်တင်မောင်,[၁] သခင်ဗိုလ် စသူတို့နှင့်အတူ တိုးတိုးတိတ်တိတ်ဆွေးနွေးငြင်းခုံနေကြသည်ကိုလည်း တွေ့ရှိရပေသည်။

ကိုဗဟိန်းသည် မြေအောက်လျှို့ဝှက်ရေးလုပ်ငန်းကို တစ်ဖက်ကလုပ်နေရင်း ဌာနချုပ် တို့ဗမာအစည်းအရုံး အလုပ်သမားလုပ်ငန်းတွင်လည်း ကူညီဆောင်ရွက်ပေးလေ့ ရှိပေသည်။ အာအီးတီအလုပ်သမားများ, ဧရာဝတီအလုပ်သမားများ, ကမာရွတ် စွပ်ကျယ်စက်က အလုပ်သမားများ, ဒလ သင်္ဘောကျင်းအလုပ်သမားများနှင့်လည်း မကြာခဏတွေ့ဆုံဆွေးနွေးလေ့ရှိ၏။ ဤအလုပ်သမားဆွေးနွေးပွဲများသို့လည်း တစ်ခါတစ်ရံ ကျွန်တော့်ကို သူနှင့်အတူခေါ်သွားလေ့ရှိ၏။

'ကျွန်တော့်ကို မြေအောက်လျှို့ဝှက်ရေးလုပ်ငန်းတွင် သီးသန့်တာဝန်ပေးမည်'ဟု တွေ့စကပြောခဲ့စေကာမူ ဌာနချုပ်တို့ဗမာအစည်းအရုံးတွင် လုပ်အားများလိုနေသဖြင့် လူထုစည်းရုံးရေးလုပ်ငန်းများတွင် တတ်နိုင်သလောက်ကူညီလုပ်ကိုင်ရန် ကိုဗဟိန်းက ကျွန်တော့်ကိုတာဝန်ပေးလာသည်။ ဆရာချစ်ကမူ ဤသို့ မြေအောက်လျှို့ဝှက်လုပ်ငန်းတစ်ဝက် မြေပေါ်ဖြောင်စည်းရုံးရေးလုပ်ငန်းတစ်ပိုင်း လုပ်ကိုင်ခြင်းကို မကြိုက်ပါ။

"မြေအောက်တစ်ပိုင်း မြေပေါ်တစ်ဝက် လုပ်နေတာကို လျှို့ဝှက်ရေးတစ်ပိုင်း (ဆီမီးအန်ဒါဂရောင်း)လို့ ခေါ်တယ်။ ဒီလိုလုပ်တာဟာ လျှို့ဝှက်ရေးလုပ်ငန်းရဲ့စည်းကမ်းနှင့် ဆန့်ကျင်တဲ့အလုပ်ပဲ။ ဖြောင်ပေါ်နေတဲ့ မြေပေါ်လုပ်ငန်းကို စုံထောက်ကလိုက်ရင်းနှင့် မြေအောက်လျှို့နေတဲ့အပိုင်းကိုပါ တွေ့သွားနိုင်တယ်။ ဒါကြောင့် အဲဒီလုပ်ကိုင်နည်းတွေကို ရှောင်ကြရမယ်။"-ဟု ဆရာချစ်က ကျွန်တော်တို့ကိုသင်ကြားပြပါ၏။

သို့ရာတွင် ကိုဗဟိန်းကား ဆရာချစ်လောက် မြေအောက်လျှို့ဝှက်စည်းကမ်းများကို တိတိကျကျလိုက်နာခြင်း မရှိ။ သူ 'သင့်တော်သည်'ဟုယူဆသည့်အတိုင်း ကျွန်တော်တို့ကို တာဝန်ပေးလေ့ရှိပါသည်။

ကျွန်တော်တို့ကလည်း မြေအောက်လျှို့ဝှက်ရေးလုပ်ငန်းအတွေ့အကြုံ လုံးဝရှိသူများမဟုတ်ကြ။ ခေါင်းဆောင်များက 'ဒီတာဝန်ယူ၊ ဒီအလုပ်လုပ်၊ ဟိုနေရာသွား၊ အဲဒီမှာနေ' ခိုင်းသမျှကို စိတ်တက်ကြွစွာဖြင့် လုပ်နေသူများသာလျှင် ဖြစ်ပေသည်။ လုပ်ရသည့်အလုပ်က အသေးအဖွဲကလေးပင်ဖြစ်စေကာမူ 'မြေအောက်လျှို့ဝှက်ရေးလုပ်ငန်း' ဟူသောတာဝန်က လေးနက်ကြီးမားနေသဖြင့် တဒိတ်ဒိတ်ခုန်နေသောရင်, တလှပ်လှပ်လူပ်ရှားနေသောစိတ်တို့ဖြင့် ကျေပွန်အောင်မြင်စွာလုပ်ကြသည်သာ ဖြစ်ပေသည်။

ကျွန်တော်သည် ကိုဗဟိန်းညွှန်ကြားထားသည်အတိုင်း တစ်ခါတစ်ရံ ဌာနချုပ် တို့ဗမာအစည်းအရုံးသို့ အကူအညီသွားပေးရပါသည်။ ဌာနချုပ် တို့ဗမာအစည်းအရုံးတွင် အချိန်ပြည့်တာဝန်ယူ ဆောင်ရွက်နေသူများမှာ သခင်တင်မောင် (ပန်းတနော်), သခင်သောင်းရွှေ, သခင်လှကြွေ, မကွေးမှရောက်နေသော သခင်တင်ဦး

၁။ တို့ဗမာအစည်းအရုံးဌာနချုပ်တွင် နာမည်ကြီး 'သခင်တင်မောင်' ၂ ယောက်ရှိသည်။ သခင်တင်မောင်ကြီးက ကိုယ်ကာယထွားကျိုင်းသဖြင့် 'သခင်တင်မောင်ကြီး' ဟု ခေါ်သည်။ သခင်တင်မောင်ကြီးသည် ပန်းတနော်သားဖြစ်၍ 'သခင်တင်မောင် (ပန်းတနော်)'ဟုလည်း ခေါ်သည်။ အခြားတစ်ယောက်ကိုမူ 'သခင်တင်မောင် (ကျုံမင်း)' ဟု ခေါ်လေ့သည်။ ကျုံမင်းသခင်တင်မောင်သည် တရားဟောအလွန်ကောင်းသူဖြစ်သည်။

mgyoe.com SAMPLE BOOK
စသည့် ၄-၅ ယောက်ခန့်သာ ရှိတော့သည်။ ဌာနချုပ်ခေါင်းဆောင်ဖြစ်သော သခင်မြမှာလည်း သာယာဝတီတွင် အနေများလှပါသည်။ ထို့ကြောင့်- ဌာနချုပ်လုပ်ငန်းမှန်သမျှကို သခင်တင်မောင်တစ်ဦးတည်းကသာ ဒိုင်ခံလုပ်နေရပေသည်။ ကူညီလုပ်ကိုင်ပေးနေသူများမှာ ကိုဗဟိန်းနှင့် သခင်ဗိုလ်တို့သာရှိကြ၏။ ဌာနချုပ်တို့ဗမာအစည်းအရုံးသို့ သွားရောက်ကူညီလုပ်ကိုင်ပေးရင်း ကျွန်တော်သည် သခင်တင်မောင်ကြီးနှင့် အတော်ပင်ရင်းနှီးလာပါသည်။

တစ်နေ့ နေ့လယ်ပိုင်းတွင် ဌာနချုပ် တို့ဗမာအစည်းအရုံးသို့ ကျွန်တော်ရောက်သွားပါသည်။ အစည်းအရုံးတွင် သခင်တင်မောင်ကြီးနှင့် ရေနံမြေမှ နယ်နှင်ခံများဖြစ်ကြသော (ဆထိန်း) သခင်အုံးဖေတို့ ၃-၄ ယောက်သာ တွေ့ရပါသည်။ သခင်အုံးဖေမှာ အခန်းတစ်ခန်းတွင်အိပ်နေပြီး သခင်တင်မောင်ကြီးသည် စာအုပ်စာတမ်းများဖြင့် ရုံးခန်းအတွင်းတွင် အလုပ်ရှုပ်နေလေသည်။ သခင်တင်မောင်ကြီးသည် ကျွန်တော့်ကို မြင်သည်နှင့်

"ဩော်- သခင်တင်မြလား။ ဒီလာစမ်းပါဦး။"

ကျွန်တော်သည် စားပွဲရှေ့ရှိကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး

"သခင်သောင်းရွှေတို့၊ သခင်လှကြွေတို့ရော။"

"သူတို့ ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားကြတာ မနက်ကတည်းကပဲ။ သခင်တင်မြလည်း ဘာတွေအလုပ်များနေလဲ။ ကိုယ်ပြောတဲ့အတိုင်းရန်ကုန်မှာနေမယ်ဆိုရင် ကိုယ်နဲ့အတူလာနေပြီး ဌာနချုပ်မှာ ဝိုင်းလုပ်ရင် ကောင်းမယ်ထင်တယ်။"

ယခင်တစ်ခါ ကျွန်တော်နှင့်တွေ့စဉ်က ဌာနချုပ်တွင် အမြဲတမ်းလာရောက်တာဝန်ယူဖို့ သခင်တင်မောင်က ပြောဖူးသည်။ ဤကိစ္စကို ဆက်၍တိုက်တွန်းခြင်းပင်ဖြစ်ပါသည်။

သခင်တင်မောင်ကို ကျွန်တော်က 'ကိုဗဟိန်း၏အုပ်ချုပ်မှုအောက်တွင် မြေအောက်လှုပ်ရှားလုပ်ငန်းများလုပ်နေကြောင်း'ပြောမပြခဲ့ဖူးပါ။ လှုပ်ရှားစည်းကမ်းအရ 'ဘယ်သူမှမပြောရ' ဟူသောစည်းကမ်းကို စောင့်ထိန်းရပါမည်။ တစ်ဖက်မှာလည်း ကျွန်တော်သည် သခင်အစည်းအရုံးဝင်တစ်ယောက်ပင်ဖြစ်သဖြင့် တို့ဗမာအစည်းအရုံးဌာနချုပ်ခေါင်းဆောင်များ၏ အစည်းအရုံးဆိုင်ရာ တာဝန်ပေးအပ်ချက်ကို အကြောင်းပြချက်မရှိဘဲငြင်းပယ်နိုင်သောအခြေအနေ မရှိပါ။ ထို့ကြောင့် ပထမတစ်ခါပြောစဉ်ကပင် 'ကျွန်တော် စဉ်းစားပါရစေ။' -ဟုသာ ဆင်ဝေ့ရန်ရှောင်ဖြေကြားခဲ့ရပါသည်။ ယခုလည်း ဤကိစ္စကိုပင် သခင်တင်မောင်က တိုက်တွန်းနေချေပြီ။ ကျွန်တော့်အဖို့ သခင်တင်မောင်ကို ယုံကြည်ပါသည်။ သခင်ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်း လေးစားလျက်ပင်ရှိပါသည်။ သို့သော်- လှုပ်ရှားစည်းကမ်းက ရှိသေးသည်။

ကျွန်တော်သည် အတန်စဉ်းစား၍

"ကျွန်တော် ဌာနချုပ်အစည်းအရုံးအနေနဲ့ သခင်တင်မောင်ကပးအပ်တဲ့တာဝန်ကို မထမ်းဆောင်ချင်လို့ မဟုတ်ပါဘူး။ ကျွန်တော့်ကို ကိုဗဟိန်းက တာဝန်တစ်ခုပေးထားပါတယ်။"

"ဩော်- ဒီလိုလား။ ကိုယ် သိပြီ၊ သိပြီ။ ကိစ္စမရှိဘူး။ အဲဒီတာဝန်ကိုပဲ လုပ်ပေါ့။ ကိုယ်လည်း ထင်တော့ထင်သားပဲ။ အဲဒီတာဝန်ကလည်း တိုင်းပြည်တာဝန်ပဲလေ။ တစ်ခုတော့ရှိတယ်။ သခင်တင်မြကို ကိုယ် ပွင့်ပွင့်လင်းလင်းဆွေးနွေးချင်တယ်။ ကိုယ်တို့ဌာနချုပ်ခေါင်းဆောင်တွေအတွင်းမှာ အယူအဆကွဲနေကြတယ်။ ထောင်ထဲမှာလည်း အယူအဆကွဲ၊ အပြင်မှာကျန်ရစ်တဲ့ ကိုယ်တို့အတွင်းမှာလည်း အယူအဆကွဲနေကြတယ်။ သခင်တင်မြလည်း ကြားပြီးသိပြီးဖြစ်ချင်ဖြစ်မယ်။"

"ကျွန်တော် ကြားပြီးပါပြီ။"

mgyoe.com

mgyoe.com SAMPLE BOOK

"အေး- ကိုယ်နဲ့သခင်ဗိုလ်ကတော့ ဖက်ဆစ်ဆန့်ကျင်ရေးသမားအစစ်တွေပဲ။ လက်ရှိကမ္ဘာနိုင်ငံရေး, စစ်ရေးအခြေအနေအတွင်းမှာ တို့ပြည်လွတ်လပ်ရေးရဖို့အတွက် တို့ပြည်ကို လက်ရှိအုပ်စိုးနေတဲ့ အင်္ဂလိပ်နယ်ချဲ့သမားကို မောင်းထုတ်ရမယ်လို့ လွယ်လွယ်လေးစဉ်းစားဆုံးဖြတ်လို့ မဖြစ်ဘူး။ ပါးစပ်ကပြောတော့ မဟာစ်ဝါဒကွန်မြူနစ်၊ လက်တွေ့လုပ်တော့ တစ်ကမ္ဘာလုံးကကွန်မြူနစ်,ဆိုရှယ်လစ်တွေကို ဆန့်ကျင်တိုက်ခိုက်ရမယ်လို့ ဆုံးဖြတ်ထားတဲ့ ဖက်ဆစ်ဝါဒသမားတွေရဲ့အကူအညီယူပြီး တိုင်းပြည်လွတ်လပ်ရေး ရအောင်လုပ်ရမယ်ဆိုတာ မမှန်ဘူး။ အဲဒါဟာ လူတန်းစားပူးပေါင်းရေးဝါဒပဲ။ ဖက်ဆစ်ဝါဒဟာ လွတ်လပ်ရေးရန်သူပဲ။ ဂျပန်ဖက်ဆစ်ဟာ အာရှတိုက်မှာရှိတဲ့ တိုင်းငယ်ပြည်ငယ်ကလေးတွေရဲ့လွတ်လပ်ရေးအတွက် တိုက်ပေးမှာမဟုတ်ဘူး။ သူ့ရည်ရွယ်ချက်က အာရှတိုက်မှာလွှမ်းမိုးနေတဲ့ အင်္ဂလိပ်, ပြင်သစ်, ဒတ်ချ်နယ်ချဲ့သမားတွေကိုမောင်းထုတ်ပြီး အဲဒီနေရာတွေမှာ သူက ဝင်သွေးစုပ်ဖို့ပဲ။ ဂျပန်နယ်ချဲ့နဲ့ သွားပေါင်းရင်ရမှာက လွတ်လပ်ရေးမဟုတ်ဘူး။ အင်္ဂလိပ်ကျွန်ဘဝကနေ ဂျပန်ကျွန်ဘဝရောက်မှာပဲ။ ဒါကြောင့် ကိုယ်တို့ကတော့ ဌာနချုပ်အလုပ်အမှုဆောင်အစည်းအဝေးမှာ ဆွေးနွေးတိုင်း ဂျပန်နဲ့ပူးပေါင်းရေးကို ကိုယ် အမြဲကန့်ကွက်ခဲ့တယ်။ ကိုယ်တို့က အနည်းစုပဲ။ ဗဟိန်းရဲ့အယူအဆကတော့ ဟိုမရောက်ဒီမရောက်၊ အင်္ဂလိပ်လည်းဆန့်ကျင် ဂျပန်ကျတော့လည်း ဖက်ဆစ်မို့လို့ အဝင်မခံနဲ့ ခုခံကြတဲ့။ အဲဒီသဘောထားပဲ။ ဗဟိန်းက ပါးစပ်ကသာ ဂျပန်ဆန့်ကျင်ရေးပြောနေတာပါ။ လက်တွေ့ကတော့ ဂျပန်နဲ့ပေါင်းရေးလုပ်နေတဲ့ ဆရာချစ်တို့, ကိုထွန်းရွှေတို့နဲ့ အတူတူတွဲလုပ်နေတာပဲ။ အဲဒီလိုမပြတ်သားတဲ့ သဘောထားကတော့ ဒီလိုပဲဖြစ်မှာပေါ့။ ပါးစပ်က လက်ဝဲပြောရင်း အလုပ်က လက်ယာဖြစ်သွားတာ မဆန်းဘူးပေါ့။ သခင်တင်မြလည်း တာဝန်ယူနေရတယ်ဆိုတော့ သိပြီးဖြစ်မှာပေါ့။ ဗဟိန်းက မပြောဘူးလား။ အင်္ဂလိပ်ရော ဂျပန်ရော ဆန့်ကျင်ရမယ်လို့။"

ကိုဗဟိန်းသည် ကျွန်တော့်အား နိုင်ငံရေးသဘောထားများနှင့်ပတ်သက်၍ ဘာမျှမပြောသေးပါ။ ဆရာထွန်းရွှေနှင့် ဆရာချစ်တို့ သဘောထားကိုလည်း ကျွန်တော် မသိပါ။ ကိုဗဟိန်းနှင့် အတူတကွလုပ်နေသူများ, မြေအောက်ကွန်မြူနစ်ပါတီခေါင်းဆောင်များဟုသာ ကျွန်တော်ယူဆနေမိပါသည်။

"ကျွန်တော့်ကိုတော့ ဘာမှမပြောသေးဘူးခင်ဗျ။ နိုင်ငံရေးသဘောထားနဲ့ ပတ်သက်လို့ ကျွန်တော့်လည်း တာဝန်တိတိကျကျ မပေးသေးပါဘူး။ ဟိုခိုင်းသည်ခိုင်းပါ။"

သခင်တင်မောင်သည် သူ၏ ချိုင့်ဝင်နေသောမျက်စိများကိုစင်း၍ ကျွန်တော့်ကို ကြည့်လိုက်ပြီး

"အေး- တော်တော်ကြာ သိလာမှာပါ။ အယူအဆမတူတဲ့လူတွေ ပေါင်းပြီးလုပ်နေတဲ့ မြေအောက်လုပ်ငန်းပဲ။ အေးလေ- လူငယ်တွေဆိုတော့ မြေအောက်တို့, လျှို့ဝှက်ရေးတို့ဆိုရင် စိတ်ဓာတ်တက်ကြွပြီးသားပဲ။ ဆွဲဆောင်မှုကလည်းရှိနေတော့ အယူအဆအရေးမကြီးသလို ဖြစ်နေတယ်။ ကိုယ်တို့ကတော့ မဟာစ်ဝါဒကိုယုံကြည်တယ်။ မာ့ဂ်စ်ဝါဒရဲ့ အညွှန်းအတိုင်းလုပ်ရမှာပဲ။ မာ့ဂ်စ်ဝါဒသမားဟာ ဖက်ဆစ်ဝါဒနဲ့ ဘယ်လိုမှပေါင်းလို့မဖြစ်နိုင်ဘူး။ ကိုယ်တို့ကတော့ ဒါပဲယုံကြည်တယ်။"

သခင်တင်မောင်သည် သူ၏ ပြုံးရောင်သန်းနေသော နှုတ်ခမ်းထူများကို အသာလှုပ်ရှားကာ သူ၏နိုင်ငံရေးသဘောထားများကို လေအေးအေးဖြင့် တစ်လုံးချင်းရှင်းပြပါသည်။ သူ့အသံမှာ အေးဆေးသော်လည်း အသက်ပါ၍ လေးနက်မှုရှိသည်။

သို့ရာတွင် ကျွန်တော့်အဖို့ရာကား သူ့ပြောကြားချက်များအပေါ် မှန်၏-မှား၏ဟူ၍ ထင်မြင်ချက်ပေးနိုင်သောအခြေအနေ မရှိပါ။ နိုင်ငံရေးသဘောထားများနှင့် ပတ်သက်၍ ကျွန်တော့်အပေါ်တွင် တိုက်ရိုက်တာဝန်ရှိသော ကိုဗဟိန်းကလည်း ဘာမျှ ထုတ်ဖော်ပြောကြားခြင်း မရှိသေးသဖြင့် ကျွန်တော့်အဖို့ သခင်တင်မောင်ကြီး ပြောကြားချက်များအပေါ်တွင် ရှုပ်ထွေးမှုသာ ဝင်လာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

''ကျွန်တော်ကတော့ လူငယ်ပါပဲ။ ခေါင်းဆောင်တွေခိုင်းတာ လုပ်ရမှာပါပဲ။ ခေါင်းဆောင်တွေအချင်းချင်းသာ တစ်သဘောတည်း ညီညီညွတ်ညွတ် လုပ်စေချင်ပါတယ်။''-ဟုသာ ပြန်ပြောနိုင်ပါတော့သည်။

ကျွန်တော်လည်း ထိုနေ့က ဌာနချုပ်တို့ဗမာအစည်းအရုံးမှ စိတ်ရှုပ်ရှုပ်ဖြင့် ပြန်လာခဲ့ရပါသည်။ နိုင်ငံရေးသဘောထားနှင့် ပတ်သက်၍ အတိအကျသိရှိရန်၊ ကျွန်တော်တို့ မြေအောက်လှုပ်ရှားရေးလုပ်ငန်း၏ နိုင်ငံရေးရည်ရွယ်ချက် ဘယ်သို့ရှိသည်ကို ကိုဗဟိန်းအား မေးမြန်းကြည့်ရန် စိတ်ဝယ် ပြင်းပြလာခဲ့ရပါသည်။ သခင်တင်မောင်၏ ပြောကြားချက်တွင် 'ဆရာချစ်, ဆရာထွန်းရွှေတို့နှင့်ပင် ကိုဗဟိန်းမှာ သဘောထားမတူကြဘဲ ပေါင်းလုပ်နေခြင်းဖြစ်သည်။'-ဟုပြောလိုက်သဖြင့်၊ ယခု ကျွန်တော် ပါဝင်လုပ်နေသောအဖွဲ့သည် မူလက သခင်စိုးထံက ကျွန်တော်သိလာခဲ့ရသော မြေအောက်ကွန်မြူနစ်အဖွဲ့လော၊ သို့မဟုတ်-အခြားအဖွဲ့တစ်ခုလော။ ဝိဝါဒမကွဲ ဖြစ်လာရပါသည်။

ခေါင်းဆောင်များကခိုင်းသမျှသာ လုပ်နေခဲ့သော်လည်း မေးသင့်-မမေးသင့်ချိန်ဆနေရသဖြင့် ကျွန်တော် ပါဝင်ဆောင်ရွက်နေသော မြေအောက်အဖွဲ့၏အမည်ကိုပင် မေးမကြည့်ခဲ့ဖူးပါ။ ဤသို့ ဝိဝါဒမကွဲသည်ကို ပြေပျောက်သွားစေရန်အတွက် ကိုဗဟိန်းကိုသာ အလျင်အမြန်မေးကြည့်ရမည် ဖြစ်ပါသည်။

မြေအောက်ယူနစ်

ကျွန်တော်တို့တာဝန်ယူဆောင်ရွက်နေရသော မြေအောက်လှုပ်ရှားရေးလုပ်ငန်း၏ နိုင်ငံရေးနှင့်စည်းရုံးရေးရည်ရွယ်ချက်များကို ကွဲကွဲပြားပြား တိတိကျကျသိရှိရန် ကျွန်တော်တို့ကို နိုင်ငံရေးအရခေါင်းဆောင်နေသော ကိုဗဟိန်းအား မေးမြန်းဖို့လိုအပ်နေပါသည်။ ထို့ကြောင့်- တို့ဗမာအစည်းအရုံးဌာနချုပ်တွင် သခင်တင်မောင် (ပန်းတနော်)နှင့်တွေ့ဆုံဆွေးနွေးပြီး ၂ ရက်ခန့်အကြာ ကိုဗဟိန်းအိမ်သို့ ကျွန်တော် ရောက်သွားသည်။

အချိန်ကား ညနေပိုင်းဖြစ်ပါသည်။ ကိုဗဟိန်းသည် မြေနီကုန်း မြေနုလမ်း အိမ်အမှတ် ၁၄ တွင် နေထိုင်ပါသည်။ ကိုဗဟိန်းတို့ဇနီးမောင်နှံသည် အိမ်အပေါ်ထပ်တွင် နေကြပါသည်။ ကိုဗဟိန်းကို စည့်ခန်းတွင် စကြည့်နေစဉ် အသင့်တွေ့သည်။ ကိုဗဟိန်းက သူ့ဇနီးမခင်ကြီးနှင့် လည်းကောင်း၊ သူညီ ကိုသန်းနိုင်တို့နှင့် ကျွန်တော့်ကိုမိတ်ဆက်ပေးပါသည်။

မခင်ကြီးမှာ အသားလတ်လတ် အရပ်အမောင်းကောင်းကောင်းဖြစ်၍ ကိုဗဟိန်းလောက် ရုပ်လက္ခဏာ ချောမောပြေပြစ်ခြင်း မရှိပါ။ မျက်နှာသွယ်၍ မျက်စိအတန်ငယ်မှေးပါသည်။ သို့ရာတွင် 'သိက္ခာရှိသော မျက်နှာ' ဟူ၍ကားပြောနိုင်ပါသည်။

ကိုဗဟိန်း၏ညီ ကိုသန်းနိုင်သည် အသားဖြူရာတွင်သာ ကိုဗဟိန်းနှင့်တူ၍ ကျန်သွင်ပြင်လက္ခဏာများတွင်ကား ကိုဗဟိန်းနှင့် လုံးဝခြားနားသူဖြစ်လေသည်။ မျက်နှာတွင် ကျောက်ပေါက်မာသက်သက်နှင့် လက်ဝှေ့သမားပမာကိုယ်လုံးကိုယ်ပေါက် ခြေဆံလက်ဆံတောင့်တင်းခိုင်မာသူဖြစ်ပေသည်။

မခင်ကြီးနှင့်ကိုသန်းနိုင်သည် ကျွန်တော်တို့ ၂ ယောက် လွတ်လပ်စွာစကားပြောနိုင်ရန် အလိုက်သိစွာပင် စည့်ခန်းက ထသွားကြပါသည်။

ကိုဗဟိန်းက ''၂ ရက်လောက်ကြာရင်တော့ ဖြူးကသခင်သန်းဖေ ရောက်လာလိမ့်မယ်။ သခင်ဗသော်ကြီးတော့ ရောက်နေပြီ။ ကျွန်တော်တို့လုပ်ငန်းစဖို့ ဆွေးနွေးပွဲ လုပ်ကြရအောင်။ ဒါနှင့် ကိုကျော်ငြိမ်း(ဧရာဝတီ)စက္ကူထုပ်ဝယ်တာ နောက်ထပ် ဘယ်နှထုပ် ထပ်ရတယ်လို့ ပြောသလဲ။''

''ဟုတ်ကဲ့။ စက္ကူထုပ်ကတော့ လိုချင်သလောက်ရမယ်လို့ ပြောပါတယ်။ တစ်ခါတည်း အများအပြားဝယ်ရင် ယုံထင်ကြောင်ထင်ဖြစ်နေမှာစိုးတာနဲ့ လီပြီးဝယ်နေရတယ်လို့ ပြောတယ်။ အထုပ် ၅၀ လောက် ရထားပြီပြောပါတယ်။''

mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်စတင်နာတံဆိပ်စက္ကူထုပ်များကို ရိုးကုမ္ပဏီတွင်ရောင်းသည်။ 'မည်သည့်လုပ်ငန်းဌာနက ဝယ်ယူသည်'ဟု အကြောင်းမပြနိုင်ပါက အရောင်းစာရေးက မေးမြန်းစုံစမ်းလေ့ရှိပေသည်။

"အထုပ် ၅၀ လောက်ဆိုရင်၊ ယူနီယန်ကသခင်တင်ဦးကို ဝယ်ခိုင်းထားတဲ့စက္ကူတွေနဲ့ဆိုရင် ပထမစာစောင်အတွက် လုံလောက်ပြီပေါ့။ စာစောင်အတွက် လက်နှိပ်စက်ရိုက်တဲ့လူလည်း ရထားပြီ။ အရေးတော်ပုံစာစောင်တုန်းက ရိုက်တဲ့ရဲဘော်ပဲ၊ သခင်သက်တင်လေ။ သိတယ်မဟုတ်လား။"

"ဌာနချုပ်က ချောင်ဦးသခင်သက်တင်လား။"

"ဟုတ်တယ်လေ။"

"ကျွန်တော် သိပါတယ်။ အရေးတော်ပုံစာစောင်ကိုလည်း ကျွန်တော် သာယာဝတီထောင်ထဲတုန်းက သခင်ခင်အောင်ဆီကပို့ပေးတဲ့အတွက် ဖတ်ခဲ့ရပါတယ်။ ပထမစာစောင်ပဲဖတ်ဖူးတယ်။"

"အရေးတော်ပုံစာစောင်တုန်းက ပထမစာစောင်ပဲ ထုတ်နိုင်ခဲ့တယ်။ နောက် ဆက်မထုတ်နိုင်ဘူး။ ကွန်မြူနစ်ပါတီရဲ့ကြွေးကြော်သံအနေနဲ့ လျှို့ဝှက်ပြီးထုတ်တာပဲ။ အဲဒီတုန်းက သခင်အောင်ဆန်း ရှိသေးတယ်။ သူပုန်းနေတုန်းမှာ ထုတ်တာပေါ့။"

"ခု ကျွန်တော်တို့စာစောင်ထုတ်ရင် 'အရေးတော်ပုံ'ဆိုတဲ့အမည်နဲ့ပဲ ဆက်ထုတ်မလား။"

"စာစောင်အမည်ကိုတော့ 'အရေးတော်ပုံ'အမည်ဟောင်းပဲ ဆက်သုံးမလား၊ ဒီနာမည်ထက်ကောင်းတာကိုပဲ ပြောင်းလဲသုံးမလားဆိုတာ အစည်းအဝေးမှာ စဉ်းစားကြတာပေါ့။"

"ကိုဗဟိန်းကို ကျွန်တော် တစ်ခုမေးချင်တယ်။ နိုင်ငံရေးအမြင်သဘောထားနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ကို ရှင်းလင်းပြစေလိုပါတယ်။

"ထောင်ထဲတုန်းက ကျွန်တော်တို့ကို နိုင်ငံရေးသင်တန်းတွေမှာ သခင်စိုးတို့, သခင်သန်းထွန်းတို့က နိုင်ငံရေးသဘောတရားတွေ သင်ကြားပေးခဲ့ပေမယ့်၊ 'လက်ရှိအခြေအနေမှာ ဘယ်လိုနိုင်ငံရေးလမ်းစဉ်သဘောထားကို ခံယူရမယ်'လို့ တိတိကျကျသင်ကြားပေးတာ မရှိပါဘူး။ ဌာနချုပ်ခေါင်းဆောင်တွေမှာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနဲ့ပတ်သက်လို့ အယူအဆသဘောထား ၃မျိုးကွဲနေပြီး ဆွေးနွေးငြင်းခုံနေတုန်း ကျွန်တော် ထောင်ကလွတ်လာတာဖြစ်တော့ တိကျတဲ့နိုင်ငံရေးလမ်းစဉ်ကို ကျွန်တော်မသိခဲ့ဘူး။ သခင်စိုးကလည်း ကွန်မြူနစ်ပါတီရဲ့နိုင်ငံရေးသဘောထားကို ဘာမှပြောမပြလိုက်ဘူး။ 'ကိုဗဟိန်း တာဝန်ပေးတာကိုသာလုပ်ပါ။ ကိုဗဟိန်းက လုပ်ရမယ့်တာဝန်နဲ့ သဘောထားတွေကို ပြောပြလိမ့်မယ်။' လို့သာ မှာလိုက်ပါတယ်။ သခင်စိုးပြောတုန်းကတော့ 'အပြင်ရောက်ရင် မြေအောက်ကွန်မြူနစ်ပါတီမှာ တာဝန်ယူလုပ်ရမယ်'လို့ ပြောလိုက်ပါတယ်။ ဒါပေမယ့် ခု ကျွန်တော်တာဝန်ယူနေရတာက ကွန်မြူနစ်ပါတီရယ်လို့လည်း တိတိကျကျမဟုတ်။ 'အန်ဒါဂရောင်းယူနစ်' ဆိုပြီး ဆရာချစ်,ဆရာထွန်းရွှေတို့ရဲ့ခေါင်းဆောင်မှုအောက်မှာပါလုပ်နေရတော့ ကျွန်တော့်အဖို့ ရှုပ်ထွေးနေပါတယ်။ နိုင်ငံရေးလမ်းစဉ်အရရော, လုပ်ရကိုင်ရတဲ့ကိစ္စတွေမှာရော ကျွန်တော့်အဖို့ ရှုပ်ထွေးနေတာတွေကို ရှင်းလင်းပြောပြစေလိုပါတယ်။ ကျွန်တော် မသိထိုက်မသိအပ်တဲ့ လျှို့ဝှက်ကိစ္စတွေကလွဲရင် ကျွန်တော့်ကို အသိပေးထိုက်တာတွေကို အသိပေးပြောပြစေလိုပါတယ်။"

ကိုဗဟိန်းသည် စီးကရက်ဖွာရင်း စူးစူးစိုက်စိုက်နားထောင်နေပြီး အတန်ကြာငြိမ်နေပါသေးသည်။ စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးစိုက်ထည့်လိုက်ပြီးနောက်

"အင်း- တာဝန်ယူဆောင်ရွက်ရမယ့် ရဲဘော်တစ်ယောက်အနေနဲ့ဆိုတော့ ရှင်းရှင်းလင်းလင်းသိထားဖို့လိုတာပေါ့။ နိုင်ငံရေးလမ်းစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့သဘောထားကိုရော, ကျွန်တော်တို့နဲ့ အတူတကွဆောင်ရွက်နေတဲ့ သခင်ချစ်, ဆရာထွန်းရွှေတို့အကြောင်းတွေရော သခင်တင်မြ သိသင့်သိထိုက်တာတွေကို ပြောပြရမှာပေါ့။ ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းခဲ့တဲ့အကြောင်းနဲ့, ကွန်မြူနစ်ပါတီရဲ့ တာဝန်ခံရဲဘော်တွေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းကိုတော့ သခင်တင်မြသိပြီးဖြစ်မယ်။ ဟုတ်လား။ ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးလမ်းစဉ်ကတော့ တို့ဗမာအစည်းအရုံးရဲ့ မော်လမြိုင်ညီလာခံက ချမှတ်ခဲ့ကြတဲ့ နယ်ချဲ့ဆန့်ကျင်ရေး, အမျိုးသားလွတ်မြောက်ရေး, ဆိုရှယ်လစ်ဘုံနိုင်ငံ ထူထောင်ရေးလမ်းစဉ်နဲ့ အခြေခံ အတူတူပါပဲ။ ကွန်မြူနစ်ပါတီမှာ ခေါင်းဆောင်အဖြစ် တာဝန်ယူနေကြရတဲ့လူတွေနဲ့ တို့ဗမာအစည်းအရုံးမှာ တာဝန်ယူနေကြတဲ့လူတွေဟာ အများအားဖြင့် အတူတူ ဖြစ်နေတဲ့အတွက် အဲဒီတုန်းက လမ်းစဉ်ချင်း ကွာခြားမှုမရှိခဲ့ဘူး။ သခင်စိုးနဲ့ဂိုရှယ်တို့က ထောင်ထဲရောက်သွားပြီး သခင်အောင်ဆန်းနဲ့သခင်လှဖေကလည်း ဂျပန်ရောက်နေ။ တကွဲတပြားဖြစ်လာကြတော့ ကွန်မြူနစ်ပါတီမှာ နိုင်ငံရေးလမ်းစဉ်ပေါ်မှာ တူညီမှုရအောင် ဆွေးနွေးညှိနှိုင်းမှု မလုပ်နိုင်ကြတော့ဘူး။ ဒါကြောင့် နိုင်ငံရေးသဘောထားမှာ ကွဲလာကြတာပဲ။

"ခုလည်း တတ်နိုင်သလောက် ထောင်ထဲက သခင်စိုး, သခင်သန်းထွန်း, ဂိုရှယ်တို့နဲ့တော့ နိုင်ငံရေးသဘောထားညှိလို့မရသေးဘူး။ ကိုယ့်သဘောထားနဲ့ကိုယ် ဖြစ်နေကြတယ်။ သခင်စိုးရဲ့ သဘောထားကတော့ 'အင်္ဂလိပ်နယ်ချဲ့အောက်က လွတ်မြောက်ရေးအတွက် ဖက်ဆစ်ဝါဒကို အခိုကဆန့်ကျင်ရမယ်။ မြန်မာ့သေနင်္ဂဗျူဟာဟာ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးသေနင်္ဂဗျူဟာရဲ့ လက်အောက်ခံဖြစ်ရမယ်'လို့ သဘောထား ရှိနေတယ်။ ကိုယ့်သဘောထားကတော့ ဒါဟာမမှန်ဘူးလို့ ထင်တယ်။ ကမ္ဘာ့သေနင်္ဂဗျူဟာဆိုတာ ယေဘုယျသဘောပဲ။ မြန်မာပြည်အတွက်ဆိုတော့ မြန်မာပြည်က သီးခြားမျက်မှောက်ပြုနေရတဲ့အခြေအနေကို ထည့်တွက်ရမယ်။ မြန်မာပြည်ကို နှစ်ပေါင်း ၁၀၀ ကျော်အုပ်စိုးခဲ့တဲ့ အုပ်စိုးနေဆဲလည်းဖြစ်တဲ့ အင်္ဂလိပ်နယ်ချဲ့သမားကို မျက်ခြည်ပြတ်လို့ မဖြစ်ဘူး။ မြန်မာပြည်လွတ်လပ်ရေးရဖို့ဆိုရင် မြန်မာ့မြေပေါ်မှာ အခြေခိုင်ခိုင်အုပ်စိုးနေဆဲဖြစ်တဲ့ အင်္ဂလိပ်နယ်ချဲ့သမားကို တိုက်ရိုက်မဆန့်ကျင်ဘဲ မဖြစ်နိုင်ဘူး။ အင်္ဂလိပ်နယ်ချဲ့ဟာ ဘယ်လောက်ဖောက်ပြန်သလဲဆိုရင် 'မြန်မာပြည်ရဲ့လွတ်လပ်ရေးကို ခုချက်ချင်းမပေးချင်နေပါ။ စစ်ပြီးရင် ပေးပါမယ်လို့သာ ကတိပြုပါ။ စစ်ကြီးအတွင်းမှာ ခင်ဗျားတို့နဲ့ ပူးပေါင်းဆောင်ရွက်ပါ့မယ်။' လို့ တို့ဗမာအစည်းအရုံးက ပြောတာကိုတောင် လက်မခံဘူး။ လက်တွေ့ငြင်းမရတာက မြန်မာပြည်လွတ်လပ်ရေးရဲ့ရန်သူဟာ အင်္ဂလိပ်နယ်ချဲ့သမားပဲ။

"ဂျာမန်ဖက်ဆစ်တို့, ဂျပန်ဖက်ဆစ်တို့က လွတ်လပ်ရေးရဲ့အဓိကရန်သူ ဖြစ်တယ်။ တိုင်းငယ်ပြည်ငယ်ကလေးတွေကို ကျွန်ပြုနေကြတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လက်တွေ့အရတော့ သူတို့ဟာ မြန်မာပြည်အဖို့ လောလောလတ်လတ် ရန်သူမဟုတ်သေးဘူး။ အင်္ဂလိပ်နယ်ချဲ့သမားကို မြန်မာပြည်က မောင်းထုတ်ပြီး မြန်မာပြည်လွတ်လပ်ရေးရလာလို့ အဲဒီလွတ်လပ်ရေးကိုဖျက်ဆီးဖို့ ဂျပန်ဖက်ဆစ်ဝါဒက ကျူးကျော်လာရင် အဲဒီအချိန်မှာ ဂျပန်ဖက်ဆစ်ဝါဒဟာ မြန်မာ့လွတ်လပ်ရေးရဲ့ရန်သူ ဖြစ်လာမှာပဲ။"

ကိုဗဟိန်းသည် ကျွန်တော့်မျက်နှာကိုစူးစိုက်ကြည့်၍ စိတ်ပါဝင်စားစွာ အားစိုက်ပြောနေရာမှ ခေတ္တရပ်နား၍ ကိုယ်အနေအထားကိုပြင်လိုက်သည်။ စီးကရက်ကို မီးညှိ၍ အတန်ကြာသောက်နေသည်။ သူဆက်ပြောမည်ကိုသာ ကျွန်တော်က စောင့်လင့်နေသည်။

"ဒါကြောင့် လောလောဆယ်နိုင်ငံရေးလမ်းစဉ်ကတော့ မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့သမားကို ဆန့်ကျင်တော်လှန်ရေး ဖြစ်တယ်။ ဂျပန်ဖက်ဆစ်တွေဝင်လာရင် ဂျပန်ဖက်ဆစ်တွေကို ဆန့်ကျင်တော်လှန်ကြရမှာပဲ။ အမှန်တော့ အင်္ဂလိပ်နယ်ချဲ့သမားဟာလည်း စစ်ဖြစ်လာပြီး အကျပ်အတည်းတွေ့လာတော့ အရင်ကခွင့်ပြုလိုက်လျောခဲ့တဲ့ ဟန်ပြဒီမိုကရေစီအခွင့်အရေးတွေကိုတောင် ရုပ်သိမ်းခဲ့ပြီး ဖက်ဆစ်ဥပဒေတွေ, ကာကွယ်ရေးဥပဒေတွေကို ထုတ်ပြန်ခဲ့တယ်။ ကာကွယ်ရေးဥပဒေတွေနဲ့ ပြည်သူတွေကို တရကြမ်း ဖမ်းဆီးနှိပ်စက်နေတယ်။ အဲဒါကြောင့် စစ်အတွင်းမှာဆိုရင် ဖက်ဆစ်ဝါဒနဲ့ အင်္ဂလိပ်နယ်ချဲ့ဝါဒဟာ ဖောက်ပြန်မှုစံချိန်မှာ အတူတူပဲဖြစ်လာကြပြီ။ ဒါကြောင့် ဖောက်ပြန်တဲ့ဖက်ဆစ်ဝါဒကိုတိုက်ဖို့ အင်္ဂလိပ်နယ်ချဲ့သမားနဲ့ ပူးပေါင်း

mgyoe.com SAMPLE BOOK

ဆောင်ရွက်ရေးဆိုတာ မဖြစ်နိုင်ဘူး။'' စသည်ဖြင့် လောလောဆယ်ခံယူရမည့် နိုင်ငံရေးသဘောထားများကို ရှင်းလင်းပြောပြပါသည်။

ကိုဗဟိန်းသည် စကားရပ်၍ စီးကရက်ဖွာပြန်သည်။ ပြီးမှ ''ကျွန်တော်တို့ ခု လှုပ်ရှားဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းအနေနဲ့ ပြောရမယ်ဆိုရင် ကွန်မြူနစ်ပါတီရယ်လို့ အတိအကျမပြောနိုင်ဘူး။ ကွန်မြူနစ်ပါတီအနေနဲ့ တာဝန်ရှိသူက ကျွန်တော်တစ်ယောက်တည်းရှိတော့တာမို့ ကွန်မြူနစ်ပါတီရယ်လို့ ကျဉ်းကျဉ်းမြောင်းမြောင်း လုပ်နေလို့လည်း မဖြစ်နိုင်တာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် နိုင်ငံရေးသဘောထားတူတဲ့လူတွေချင်း ပူးပေါင်းပြီး အလုပ်လုပ်ဖြစ်အောင်ဖွဲ့ထားတဲ့အဖွဲ့ပဲ။ ဒီလိုပေါင်းဖွဲ့ဖို့ သခင်အောင်ဆန်း ဂျပန်က ပြန်ရောက်လာတုန်းကလည်း ပြောသွားခဲ့တယ်။ ဒါကြောင့် ကွန်မြူနစ်ဝါဒယုံကြည်သူရော, ကွန်မြူနစ်ဝါဒမယုံကြည်သေးပေမယ့် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်လိုတဲ့လူတွေရော ပူးပေါင်းဆောင်ရွက်မှဖြစ်မယ်ဆိုပြီး ခုလို 'ယူနစ်'ဆိုတဲ့အမည်နဲ့ ဖွဲ့ကြတာပဲ။ ယူနစ်ခေါင်းဆောင်အဖွဲ့မှာတော့ သခင်မြ, ဆရာထွန်းရွှေ, ဆရာချစ်, ကျွန်တော်နှင့်ကိုဗဆွေ, ကိုကျော်ငြိမ်း, ကိုလှမောင် (နောင် သံအမတ်ကြီး-မိတ္ထီလာ)နှင့် ဆရာ လှမောင်တို့ ပါဝင်ကြတယ်။ ကျွန်တော်ကတော့ အဖွဲ့ရဲ့ ဝါဒဖြန့်ချိရေးနဲ့ ပညာရေးတာဝန်ကို ယူထားရတယ်။ အဲဒီတာဝန်အရ ခင်ဗျားနဲ့အတူ ဝါဒဖြန့်ချိရေးအတွက် လှုပ်ရှားစာစောင်ထုတ်ဖို့ စီစဉ်နေတာ ဖြစ်တယ်။

''တစ်ခုတော့ရှိပါတယ်။ ခုလို ကျွန်တော်တို့ပူးပေါင်းလုပ်ကြပေမယ့် ကျွန်တော်တို့ယုံကြည်တဲ့ ကွန်မြူနစ်ဝါဒကို စွန့်ဖို့မလိုဘူး။ မလိုတဲ့အပြင် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်စည်းရုံးရင်း ကွန်မြူနစ်ဝါဒသဘောတရားတွေကို လူငယ်တွေအတွင်းမှာ သက်ဝင်ယုံကြည်လာအောင် ပညာပေးရမယ်၊ ဝါဒဖြန့်ရမယ်။ ယူနစ်ကို 'တပ်ပေါင်းစု'လို့ သဘောထားပြီး ဝင်ရောက်ဆောင်ရွက်ကြရမှာဖြစ်တယ်။ လွတ်လပ်ရေးအတွက် အင်္ဂလိပ်ရော ဂျပန်ဖက်ဆစ်ကိုပါ ဆန့်ကျင်ရမယ်ဆိုတာမှာ ဆရာချစ်တို့နှင့် ကိုယ်တို့ ယေဘုယျတူကြပေမယ့် အသေးစိတ် မတူတာတွေတော့ ရှိသေးတယ်။''

စည်းရုံးရေးအခြေအနေနှင့် သဘောထားများကို ကိုဗဟိန်းက ရှင်းလင်းပြောပြသွားပါသည်။ ကျွန်တော့် အနေဖြင့် ထောင်တွင်းက သခင်စိုး, သခင်သန်းထွန်းတို့၏ နိုင်ငံရေးသဘောထားနှင့် ကိုဗဟိန်း၏ နိုင်ငံရေး သဘောထားတို့ မတူကွဲပြားနေခြင်းကို တိတိကျကျသိလာရသဖြင့် စိတ်မကောင်း ဖြစ်မိပါသည်။ သို့ရာတွင် 'သခင်စိုးတို့သဘောထားကပဲ မှန်သလား၊ ကိုဗဟိန်း၏သဘောထားကပဲ မှန်သလား။'-ဟူ၍ နိုင်ငံရေးဉာဏ် အမြင်တွင် ယတိပြတ်ဝေခွဲ၍ကား မရပါ။ ချင့်ချိန်ပိုင်းခြားနိုင်အောင်လည်း ကျွန်တော့်အသိဉာဏ်က မမီပါ။ ကိုဗဟိန်း ရှင်းလင်းပြချက်များကို နားထောင်ရသလောက် ကိုဗဟိန်း၏ နိုင်ငံရေးသဘောထားခံယူချက်များသည် ပင် မှန်ပေမည်ဟုသာ ထင်မြင်မိပါသည်။ သို့ကြောင့်ပင် 'ကိုဗဟိန်းပေးသမျှတာဝန်များကိုသာ ဆောင်ရွက်သွားမည်။'-ဟု စိတ်တွင်ပိုင်းဖြတ်မိပါသည်။

ရွှေဂုံတိုင်လှုပ်ရှားစခန်း

လှုပ်ရှားစာစောင်ရိုက်နှိပ်ရန် ပြင်ဆင်နေသည့်အတွင်း အလားအလာရှိသောကျောင်းသားများကို ကိုဗဟိန်းတာဝန်ပေးသဖြင့် နိုင်ငံရေးသင်တန်းများ ပေးနေရသည်။

ပုဇွန်တောင်ရပ်ကွက် လိပ်ကန်လမ်း အိမ်အမှတ် ၃၇ တွင် ကျောင်းသား ၃ ယောက်ကိုစု၍ တစ်ပတ်ခန့် နိုင်ငံရေးသင်တန်းသွားပေးရလေသည်။ မက်သဒစ်ကျောင်းသားများဖြစ်ကြသော ကိုချစ်လှိုင် (နောင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ တာဝန်ခံအယ်ဒီတာဦးထိန်လင်း), ကိုလှကြည် (နောင် အလံနီခေါင်းဆောင် ရဲနီကျော်ဝင်း), ကိုမြသွင် (နောင် ဗမာ့ခေတ်အယ်ဒီတာ ဦးမြသွင်)တို့သည် ကိုဗဟိန်း စည်းရုံးထားသော ကျောင်းသားများ ဖြစ်ပေသည်။ ကွန်မြူနစ်ပါတီသဘောထားများကို လေ့လာသင်ကြားရန် အလွန်စိတ်အား

mgyoe.com

mgyoe.com SAMPLE BOOK
ထက်သန်ကြသူများ ဖြစ်သည်။ ကိုဗဟိန်းနှင့် သခင်ဘသော်က သူတို့ ၃ ဦးကို တစ်ပတ်ခန့် သင်တန်းပေးခဲ့ပြီး ကျွန်တော်က ဆက်လက်၍သင်ကြားပေးရခြင်းဖြစ်သည်။

ကျွန်တော်အဖို့ ဤကျောင်းသား ၃ ဦးကို နိုင်ငံရေးသင်တန်းပေးရန် ပထမတွင် မိမိကိုယ်ကို စိတ်ချယုံကြည်မှုမရှိပါ။ နိုင်ငံရေးသင်တန်းဆရာအဖြစ် ဦးစွာသင်ကြားပြသရမည်ဖြစ်သောကြောင့် မဝံ့မရဲ ဖြစ်နေမိပါသည်။ သို့ရာတွင် ယုံကြည်ချက်ဖြင့်ပင် ဇွတ်ကြဲလိုက်ရပါသည်။ ကျွန်တော်သင်ကြားပြသသော နိုင်ငံရေးဘာသာရပ်မှာ ကျွန်တော် ထောင်အတွင်းရှိစဉ်က သခင်စိုးပို့ချပေးခဲ့သော စတာလင်ရေးသည့် 'ပစ္စည်းမဲ့တော်လှန်ရေးနှင့် ပစ္စည်းမဲ့အာဏာရှင်အဖြစ်' ဆိုသောစာအုပ်ငယ်ပင် ဖြစ်ပါသည်။ ရုရှားပြည် ဆိုရှယ်လစ်တော်လှန်ရေးတွင် ပစ္စည်းမဲ့အလုပ်သမားလူတန်းစားနှင့် ဘိုလ်ရှီဗစ်ပါတီ၏ ခေါင်းဆောင်မှုအခန်း၊ တော်လှန်ရေးသေနင်္ဂဗျူဟာအခင်းအကျင်းနှင့် နည်းပရိယာယ်များအကြောင်းကို ရေးသားထားသောစာအုပ်ပင် ဖြစ်ပါသည်။ မိမိသင်ကြားလေ့လာထားခဲ့သမျှကို နိုင်ငံရေးသင်တန်းတက်သူများ နားလည်သဘောပေါက်စေရန် တတ်စွမ်းသရွေ့ ရှင်းလင်းပြောပြခဲ့ပါသည်။ နိုင်ငံရေးလမ်းစဉ်ဖြစ်သော လွတ်လပ်ရေးအတွက် အင်္ဂလိပ် နယ်ချဲ့သမားကို ဆန့်ကျင်တော်လှန်၍ ဂျပန်ဖက်ဆစ်တို့အားလက်မခံဘဲ ခုခံတော်လှန်ရမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းပြောပြခဲ့လေသည်။

ကိုဗဟိန်းထံက ကြိုတင်အကြောင်းကြားချက်အရ ကျွန်တော်သည် မေလပထမပတ်၏ညတစ်ည ၈ နာရီခန့်တွင် ရွှေဂုံတိုင်အဝိုင်းကြီးသို့ အာအီးတီဘတ်စ်ကားစီး၍ ရောက်သွားပါသည်။ ဘတ်စ်ကားကဆင်း၍ ရွှေဂုံတိုင်အဝိုင်းကြီးဘက်မှ ကတ္တရာစေးလမ်းအတိုင်း ခြေလှမ်း ၂ ကောင်ရှိသောကျောင်းသို့ အတန်ငယ်လျှောက်ရပါသည်။ ခြေလှမ်း ၂ ကောင်အကြားမှအစပြုသော အုတ်လှေကားအတိုင်း တောင်ကုန်းပေါ်သို့တက်သွားရလေသည်။ အုတ်လှေကားတွင် လျှပ်စစ်မီးထွန်းထားခြင်းမရှိ။ မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် အပေါ်ရောက်အောင် တက်ခဲ့ရလေသည်။ ကျောင်းပရိဝုဏ်အတွင်း ခရေပင်ရိပ်များအောက်တွင်မူ အမှောင်ထုသည် ပို၍ကြီးစိုးနေပေသည်။ ပူအိုက်လှသောရာသီဥတုဖြစ်သဖြင့် ဘုန်းကြီးကျောင်းများက ကျောင်းသားများ၏စာအံသံပင် မကြားရ၊ တိတ်ဆိတ်ငြိမ်သက်လှသည်။

စေတီကလေးတစ်ဆူနှင့် ဇရပ် ၂ ဆောင်တို့၏ ဘုံဆောင်အချွန်အတက်များသည် ကောင်းကင်ပြင်ကြယ်ရောင်များအတွင်းသို့ တိုးဝင်နေလေသည်။ ညဘက်တွင် ဇရပ်ငယ်တစ်ဆောင်ကို ပထမတွေ့ရပြီး မီးထွန်းထားခြင်းမရှိပေ။ ထိုကလွန်၍ အနည်းငယ်လျှောက်သွားမှ မီးမှိန်မှိန်ထွန်းထားသော ဇရပ်တစ်ဆောင်နှင့် ထိုဇရပ်၏ရှေ့တွင် ကမ္ဘဏ်းကျောင်းလိုလို ဇရပ်ကလေးတစ်ခုကို တွေ့ရလေသည်။ အထဲတွင် မီးထွန်းထားသဖြင့် နံရံများအကြားမှ မှောင်ထဲသို့ထိုးထွက်လာသောမီးရောင်များကို မြင်နေရလေသည်။ ကျွန်တော်သည် လမ်းမှ ညဘက်သို့ဖဲ့ထွက်၍ ဇရပ်ကလေးအနီးသို့ချဉ်းကပ်သွားပါသည်။

"ဘယ်သူလဲ။ ကိုရင်သုနန္ဒလား"

အချိန်းအချက်ပြုထားသည့်အတိုင်း မှောင်ထဲမှ ရဲဘော်တစ်ယောက်က စကားဝှက်ဖြင့်မေးလိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်က "မဟုတ်ပါဘူး။ မောင်ဖိုးဘပါ။" ဟု ပြန်ဖြေလိုက်ပါသည်။

ဇရပ်ကလေးအတွင်းက တိုးတိုးတိတ်တိတ်ကြိတ်ပြောနေသောစကားသံများကို ကြားနေရပါသည်။ ခရေပင်အောက်ရှိ ကွပ်ပျစ်တစ်ခုတွင် လူတစ်ယောက်ထိုင်နေသည်ကို မည်းမည်းအရိပ်သဏ္ဌာန်ဖြင့် တွေ့ရသည်။ ထိုသူက အသံထပ်မပြုဘဲ ဇရပ်ကလေး၏တံခါးပေါက်ဆီသို့သာ လက်ညှိုးထိုးပြလိုက်ပါသည်။

ကျွန်တော်သည် ဇရပ်ကလေးအပေါ်သို့ အသာစမ်း၍တက်သွားပြီး တံခါးကို ဖြည်းဖြည်းခေါက်လိုက်ပါသည်။ အတွင်းက တီးတိုးပြောနေသောစကားသံများ ရပ်သွားသည်။ တစ်ယောက်က တံခါးပေါက်သို့

mgyoe.com

mgyoe.com SAMPLE BOOK
ထလာကာ တံခါးကို အသာဖွင့်ဟပေးပါသည်။

ဂျပန်မီးအိမ်ကလေးတစ်ခုကို အလယ်တွင်တင်ထား၍ ထမင်းစားပွဲကိုဝိုင်းထိုင်နေသူ ၃ ယောက်ကို တွေ့ရသည်။ ဆရာထွန်းရွှေအိမ်တွင်နေ၍ ကျွန်တော်တို့ ရွှေဘုန်းပွင့်လမ်းထိပ်သို့ မကြာခဏလာလေ့ရှိသော သခင်တင်ထွန်းနှင့် အခြားသူ ၂ ယောက်တို့ဖြစ်သည်။ တံခါးလာဖွင့်ပေးသူမှာ သခင်အောင်ကြီးဖြစ်ပေသည်။ သခင်အောင်ကြီးသည် ကျွန်တော့်ကို သွားဖြဲ၍ပြုံးပြလိုက်သည်။ သခင်အောင်ကြီးမှာ မိခင်အိုကြီးနှင့်အတူ ဤဇရပ်ကလေးနှင့် ကပ်လျက်ရှိသောဇရပ်တွင်နေထိုင်သူ ဖြစ်ပါသည်။ ဤကျောင်းဝင်းအတွင်းရှိ ဘုန်းကြီးများနှင့် ဦးပဉ္စင်းများအပေါ်တွင် သြဇာညောင်းသူဖြစ်သဖြင့် လျှို့ဝှက်စခန်းအဖြစ်အသုံးပြုရန် ဤနေရာကို စီစဉ်ပေးနိုင်ခြင်းဖြစ်ပေသည်။

သခင်တင်ထွန်းက ကျွန်တော့်ကိုပြုံးပြပြီး၊ "ကဲ- သခင်တင်မြ။ လာ လာ။ ကိုဗဟိန်းကတော့ မရောက်သေးဘူး။ သူတို့ ၂ ယောက်ကို သိပြီးပြီလား။"

နေရာလွတ်တွင်ဝင်ထိုင်ရင်း "မသိသေးဘူးခင်ဗျ။"-ဟု ဖြေလိုက်ပါသည်။

"သူကတော့ ဖြူးကသခင်သန်းဖေ, သူက ကညွတ်ကွင်းကသခင်ဘသော် ဆိုတာပေါ့။"

ကျွန်တော်က သူတို့ ၂ ဦးအား စိတ်အားထက်သန်စွာဖြင့်ကြည့်၍-

"အမည်တော့ကြားဖူးပါတယ်။ ကိုဗဟိန်းကလည်း ပြောပြပါတယ်။ သခင်ဘသော်ကိုတော့ တောင်သူလယ်သမားအစည်းအရုံးအမှုဆောင်ထဲမှာ နာမည်ကို မကြာခဏတွေ့ဖူးပါတယ်။"

သခင်တင်ထွန်းက ကျွန်တော့်ကိုကြည့်၍-

"ခင်ဗျားအကြောင်းတော့ သူတို့ ၂ ယောက်ကိုပြောပြထားလို့ သူတို့သိပြီးကြပြီ။"

ဇရပ်အပြင်က စကားဝှက်မေးသံနှင့် ပြန်ဖြေသံကြားရသည်။ ဇရပ်ဆီသို့ ကပ်လာသောခြေသံများကို ကြားရပါသည်။

"ကိုဗဟိန်းတို့လာပြီနဲ့ တူတယ်။"-ဟု သခင်အောင်ကြီးကပြောပြောဆိုဆို ထိုင်ရာမှထ၍ တံခါးပေါက်ဆီသို့သွားပါသည်။ တံခါးပွင့်လာသောအခါ ကိုဗဟိန်းနှင့် သူ့နောက်က သခင်သက်တင်တို့ကိုတွေ့ရသည်။

ကိုဗဟိန်းက "ရောက်နေတာ တော်တော်ကြာပြီလား။"

သခင်တင်ထွန်းက "မကြာလှသေးပါဘူး။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ၁၀ မိနစ်စီလောက်ပဲကွာပါတယ်။ သခင်သန်းဖေ ဒီနေရာမလာတတ်ဘူးဆိုတာနှင့် ကျွန်တော် ခေါ်လာရတယ်။ သူတို့ ၂ ယောက်ကတော့ တစ်ကွဲစီပဲ။"

သခင်သက်တင်သည် ကျွန်တော့်အနားတွင်ကပ်ထိုင်လိုက်ပါသည်။ တီးတိုးသံဖြင့်

"ထောင်ကထွက်လာတယ်ကြားကတည်းက ကိုယ်ကတွေ့ချင်နေတာ။ အလုပ်တွေရှုပ်နေတာလည်း တစ်ကြောင်း၊ မောင်ရင် ဘယ်မှာနေမှန်းလည်း မသိဘူးမဟုတ်လား။ ကိုယ် ယူနီယန်မှာရောက်နေတာတော့ ကြားရောပေါ့။"

"ကြားပါတယ်။ ကိုဗဟိန်း တစ်နေ့ကပြောကတည်းက ခင်ဗျားနဲ့တွေ့ပြီး အတူလုပ်ကြရမယ်လို့ သိနေတယ်။"

ကိုဗဟိန်းက ကျွန်တော့်ကို လက်ညှိုးညွှန်၍ သခင်သန်းဖေနှင့် သခင်ဘသော်ဘက်သို့လှည့်ကာ-

"သူ့ကိုသိလား။"

သခင်သန်းဖေက "ခုန သခင်တင်ထွန်းက မိတ်ဆက်ပေးလို့ သိပြီးပါပြီ။"-ဟု ပြန်ပြောလေသည်။

"ကဲ- ကျွန်တော်တို့ဆွေးနွေးမယ့်ကိစ္စ စကြရအောင်။ ကျွန်တော်ဒီကပြီးရင် မြန်မာ့အလင်း သွားရဦးမယ်။"-ဟု ကိုဗဟိန်းကပြော၍ ဆွေးနွေးပွဲစပါသည်။

mgyoe.com SAMPLE BOOK

မကြာမီရိုက်နှိပ်ထုတ်ဝေမည့် လျှို့ဝှက်စာစောင်၏ရည်ရွယ်ချက်မှာ 'အမျိုးသားလွတ်မြောက်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့သမားကို လက်နက်ကိုင်တော်လှန်ရေးနှင့် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး' ဖြစ်သည်။ ဤစာစောင်သည် လက်နက်ကိုင်တော်လှန်ရေးပြင်ဆင်မှုအတွက် စည်းရုံးရေးသမား, ဝါဒဖြန့်ချိရေးသမားအဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ စာစောင်တွင် အင်္ဂလိပ်နယ်ချဲ့သမား၏ ပုပ်သိုးဆွေးမြည့်မှုများနှင့် ပြည်သူလုထုအပေါ် ဖိနှိပ်မှုများကို ဖွင့်ချရမည်။ စာစောင်များကို လျှို့ဝှက်ဖြန့်ဝေရင်း မြေအောက်ယူနစ်အဖွဲ့များ စနစ်တကျ ဖွဲ့စည်းကြရမည်-စသည်ဖြင့် ကိုဗဟိန်းကဆွေးနွေးတင်ပြလေသည်။

ထမင်းစားပွဲအလယ်တွင်တင်ထားသော ဂျပန်မီးအိမ်ကလေး၏အလင်းရောင်သည် ဧရပ်အတွင်းရှိ အမှောင်ထုကို ထိုးဖောက်နိုင်ခြင်းမရှိပါ။ ဧရပ်၏နံရံများတွင် ကျွန်တော်တို့၏အရိပ်များ ထင်ဟပ်နေသည်။ တစ်ခါတစ်ရံ ရွှေဂုံတိုင်လမ်းဆီက မောင်းနှင်သွားသောမော်တော်ကားသံကို ကြားလိုက်ရသည်။

ကိုဗဟိန်းက ဝါဒဖြန့်ချိရေးအဖွဲ့၏တာဝန်များနှင့် ရှေ့လုပ်ငန်းများကို ဆက်လက်ပြောပြလျက် ရှိပါသည်။ ကိုဗဟိန်းပြောပြချက်များကို သခင်သန်းဖေနှင့် သခင်တင်ထွန်းတို့က ပါဝင်ဆွေးနွေးကြသည်။ ကျွန်တော်တို့၏ဆွေးနွေးပွဲမှာ ၉ နာရီခန့်တွင် ပြီးဆုံးသွားသည်နှင့် လူစုခွဲကြပါသည်။ အလာတုန်းကတက်ခဲ့သော အုတ်လှေကားအတိုင်းပြန်မဆင်းကြဘဲ၊ '၆ ထပ်ကြီးဘုရားဘက်တွင်ရှိသော အုတ်လှေကားမှ ရွှေဂုံတိုင်လမ်းသို့ပြန်ဆင်းရန်' သခင်အောင်ကြီးကပြောပြသည်။ ဧရပ်ရှေ့တွင်ကင်းချထားသောရဲဘော်ကို ကျွန်တော်တို့နှင့် လမ်းပြရန်ထည့်ပေးလိုက်သည်။ သခင်သန်းဖေနှင့် သခင်ဘသော်ကို ဝက်ပါလမ်းဘက်က ဆင်းကြရန် သခင်အောင်ကြီးကိုယ်တိုင် လမ်းကိုပြလေသည်။

ကျွန်တော် ရွှေဘုန်းပွင့်ဘုရားလမ်းက အိမ်သို့ပြန်ရောက်သောအခါ ၁၀ နာရီခွဲခန့်ရှိပေပြီ။ ရဲဘော်ရဲဘက်များမှာ မအိပ်ကြသေးပါ။ လူ ၂ ယောက်ကို မတွေ့သည်နှင့် ''သခင်စံလှိုင်နှင့် သခင်မောင်မောင်တို့အပြင်က ပြန်မရောက်ကြသေးဘူးလား။''-ဟု မေးလိုက်မိသည်။

''သူတို့ ၂ယောက် ဆရာချစ်လာခေါ်တာနဲ့ လိုက်သွားကြတယ်။ ခရီးထွက်သွားကြပြီနဲ့တူတယ်။''-ဟု ကိုပါကပြောလေသည်။

သခင်စံလှိုင်နှင့်သခင်မောင်မောင်တို့ ခရီးထွက်သွားကြလေပြီ။ သူတို့ထွက်သွားသောခရီးမှာ ဂျပန်ပြည်သို့ စစ်ပညာသင်ရန်ထွက်ခွာသွားခြင်းပင် ဖြစ်ပေသည်။ ဆရာထွန်းရွှေနှင့်ဆရာချစ်တို့သည် မြေအောက်ယူနစ်အဖွဲ့တွင် နိုင်ငံခြားဆက်သွယ်ရေးကို တာဝန်ယူဆောင်ရွက်နေသူများ ဖြစ်ပေသည်။ 'အင်္ဂလိပ်နယ်ချဲ့သမားအား လက်နက်နှင့် တော်လှန်ရန်အတွက် လက်နက်ကိုင်အတတ်ပညာ စစ်ပညာတတ်မြောက်ရန်လိုသည်။ စစ်ပညာတတ်ရန်, လက်နက်အကူအညီရရှိရန် ဘယ်သူ့ထံကရရ ယူရမည်။ ဂျပန်ကိုမယုံရစေကာမူ ဂျပန်ထံကရသလောက်ယူရမည်။ ဂျပန်က ကတိမတည်လျှင် ဂျပန်ကိုပြန်ချမည်။'-ဟူသောသဘောထားများကို ဆရာချစ်နှင့် ဆရာထွန်းရွှေတို့ ခံယူထားကြလေသည်။

ဤခံယူချက်ဖြင့်ပင် တိုင်းပြည်အတွက်အသက်စွန့်စားလိုသော, တက်တက်ကြွကြွရှိသော သခင်လူငယ်များနှင့် ကျောင်းသားများကိုရွေးချယ်၍ စစ်ပညာသင်ရန် ဂျပန်သို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လျှို့ဝှက်၍ ပို့လွှတ်နေခြင်း ဖြစ်ပေသည်။ ဧပြီလအတွင်းက အဖွဲ့တစ်ဖွဲ့ပို့လွှတ်ခဲ့ပြီး ယခု သခင်စံလှိုင်နှင့်သခင်မောင်မောင်တို့ ပါဝင်သောအဖွဲ့ကို ထပ်မံပို့လွှတ်ခြင်းဖြစ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကုလားချောင်းကြီးရွာ

ရန်ကုန်ဘူတာကြီးမှ ညနေလော်ကယ်ရထားဖြင့် ပဲခူးသို့ ခရီးထွက်ခဲ့သည်။ ကျွန်တော်နှင့်အတူ သနပ်ပင်က သခင်ကြီးမြင့် ပါလာသည်။ သနပ်ပင်က သခင်လူငယ်အချို့နှင့် ကျောင်းသားများကို မြေအောက်တော်လှန်ရေးအတွက် စည်းရုံးထားသည်။ သူတို့ကို နိုင်ငံရေးသင်တန်းပေးရန်လိုသည်ဟု သခင်ကြီးမြင့်က ကိုဗဟိန်းတို့ကိုတင်ပြသဖြင့်၊ နိုင်ငံရေးသင်တန်းပေးရန် ကိုဗဟိန်းက ကျွန်တော့်ကို သခင်ကြီးမြင့်နှင့်အတူ သနပ်ပင်သို့ထည့်လိုက်ခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့ သနပ်ပင်မြို့သို့ရောက်သောအခါ ည ၇ နာရီခန့်ရှိပေပြီ။ သနပ်ပင်အရှေ့ဘက်ကမ်းက အိမ်တစ်အိမ်တွင်တည်းကြသည်။ ထိုအိမ်မှာပင် သခင်စံမြင့် (နောင် ဖ.ဆ.ပ.လ ခေါင်းဆောင်)နှင့် သခင်ချစ်ဖေ (ဆရာချစ်အစ်ကို)တို့နှင့်တွေ့ဆုံ၍ မြေအောက်စည်းရုံးရေးလုပ်ငန်းဆိုင်ရာ သဘောထားနှင့်အခြေအနေများကို ဆွေးနွေးကြသည်။ သခင်ကြီးမြင့်သည် သနပ်ပင်မြို့ပေါ်ရှိ သင်တန်းတက်မည့်သခင် ၂ ယောက်နှင့် ကျောင်းသား ၄ ယောက်ကို ခရီးရောက်မဆိုက်ပင် လိုက်လံဆက်သွယ်၍၊ 'မနက်ဖြန်ညနေ ကုလားချောင်းကြီးရွာသို့အရောက် လူခွဲ၍လာကြရန်' စီစဉ်လေသည်။

ကျွန်တော်တို့လူပ်ရှားမှုများကို သနပ်ပင်ပုလိပ်များမရိပ်မိစေရန် ကျွန်တော်နှင့် သခင်ကြီးမြင့်သည် သနပ်ပင်တွင်ညမအိပ်တော့ဘဲ ည ၁၁ နာရီလောက်တွင် ပဲခူးမှသုံးခွသို့ထွက်သောမီးရထားဖြင့် ရစ်ကန်ကြီးရွာသို့ ခရီးဆက်ခဲ့ကြသည်။ ရစ်ကန်ကြီးရွာအစွန်မှ တို့ဗမာအစည်းအရုံးဝင် လယ်သမားကြီးတစ်ဦးအိမ်တွင် ဝင်ရောက်အိပ်ကြသည်။

နောက်တစ်နေ့နံနက် ၆ နာရီလောက်မှာပင် အိမ်ရှင်လယ်သမားကြီးကတည်ခင်းကျွေးမွေးသော ကောက်ညှင်းပေါင်းနှင့် ကျဲနို့ဒိန်ချဉ်ကိုစားသောက်ကြပြီး၊ ရစ်ကန်ကြီးရွာမှ ကုလားချောင်းကြီးရွာသို့ ခြေကျင် ခရီးဆက်ခဲ့ကြလေသည်။ ရစ်ကန်ကြီးရွာမှ ကုလားချောင်းကြီးရွာသို့ ခရီးအကွာအဝေးမှာ ၇ မိုင်ခန့်ရှိသည်ဟု သိရလေသည်။

ရစ်ကန်ကြီးရွာမှထွက်လျှင် နာမည်ကြီးလှသောပဲခူးကွင်း၏အကျယ်အဝန်းကို ခန့်မှန်းမိပါသည်။ ထွက်ပြုစနေခြည်အောက်တွင် ဘေးပတ်လည်သို့မျှော်ကြည့်လေတိုင်း အဆုံးမထင်နိုင်သည့်လယ်ကွင်းပြင်ကြီးကို သာ တွေ့နေမြင်နေရပေသည်။ အရှေ့ဘက်တစ်ခွင်တွင် တောရိပ်သစ်ရိပ်ဟူ၍ အနည်းငယ်မျှမတွေ့ရ။ စစ်တောင်းဘက်ဆီက တောင်တန်းရေးရေးကိုမူ မြင်နေရသည်။ ရွာတစ်ရွာနှင့်တစ်ရွာမှာလည်း အလှမ်းဝေးလှသည်။

ဤပြန့်ပြူးကျယ်ပြောလှသော ကွင်းပြင်ကြီးတွင် လယ်ယာချောင်းမြောင်းများ ပေါကြွယ်လှ၏။ ပဲခူးခရိုင်၏ လယ်မြေအများစုမှာ ဤကွင်းပြင်ထဲတွင် တည်ရှိလေသည်။ ဤမြေအများစုကြီးကိုမူ ကျဲနှင့်နွားနှင့် ယှဉ်၍ နွေ,မိုးမဟူ မြေကြီးလက်နှိုက် ထွန်ယက်စိုက်ပျိုးကြသူ တို့မြန်မာတောင်သူလယ်သမားများ ပိုင်ဆိုင်ကြသည် မဟုတ်။ ချစ်တီးသူဌေးကြီးများနှင့် ပဲခူးနယ်တစ်လွှားတွင် နာမည်ကြီးလှသော မြေရှင်ကြီးဦးစိန်ဝင်းတို့ အပေါင်းပါမြေရှင်များက ပိုင်ဆိုင်ကြသည့်လယ်မြေများသာ ဖြစ်ကြပါသည်။

ချစ်တီးများနှင့် မြန်မာမြေရှင်ကြီးများ တန်ခိုးထွားရာ, ကြီးစိုးသွေးစုပ်ရာနယ်မြေ ဖြစ်သည့်အလျောက် ဤနယ်မှ တို့မြန်မာတောင်သူလယ်သမားများကလည်း 'ဖိလျှင်ကြွ ထိလျှင်ချ' ဟူသောဆောင်ပုဒ်နှင့်အညီ အလွန်ပင်စည်းလုံးတက်ကြွကြပေသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံတုန်းက ရေနံမြေအလုပ်သမားအရေးတော်ပုံ ခြေလျင်တပ်ကြီးကို ပဲခူးနယ်က စုရုံးချီတက်လာသော တောင်သူလယ်သမားတပ်အင်အားဖြင့် ရန်ကုန်တွင် ပေါင်းစည်းအားဖြည့်ခဲ့သည့်အဖြစ်ကို အမှတ်ရမိတော့သည်။

သခင်ကြီးမြင့်နှင့်ကျွန်တော်သည် လှည်းလမ်းကြောင်းတစ်ဖက်တစ်ချက်တွင် ယှဉ်၍လျှောက်နေကြပါသည်။ မြေပြင်ကပြန့်ပြူးညီညာသည်ဖြစ်၍ လှည်းလမ်းကြောင်းမှာလည်း အကောက်အကွေ့မရှိလှဘဲ ဖြောင့်စင်း

mgyoe.com

mgyoe.com SAMPLE BOOK

နေပေသည်။ သခင်ကြီးမြင့်က လမ်းလျှောက်ရင်း ရေးရေးမြင်ရသောရွာများကို လက်ညှိုးညွှန်၍ ရွာများ၏ အမည်ကို ပြောပြ၏။ ထိုမှဆက်၍ ဤဒေသတောင်သူလယ်သမားများ၏ စီးပွားရေးဘဝအခြေနှင့် ချစ်တီးနှင့် မြေရှင်ကြီးများ၏ ကြွယ်ဝမှုပမာဏ, သွေးစုပ်မှုအတိုင်းအတာများကို ပြောပြလေသည်။

တို့ဗမာအစည်းအရုံး၏ခေါင်းဆောင်မှုအောက်တွင် သနပ်ပင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ မည်မျှစည်းရုံးမိနေပြီဖြစ်ကြောင်းနှင့် ယခင်ကဆင်နွှဲခဲ့သော မြေရှင်ဆန့်ကျင်ရေးတိုက်ပွဲများကိုလည်း ပြောပြလေသည်။

ခရီးလမ်းတစ်လျှောက် ရေအိုင်များနှင့် ရိုးမြောင်းများရှိရာ ဘဲတဲကြီးများနှင့် ဖွေးဖွေးလှုပ်ကျွက်ကျွက် ညံနေသောဘဲအုပ်များကို တွေ့ရလေသည်။ ဤမျှထောင်သောင်းချီနေသော ဝမ်းဘဲများကို သဘာဝအတိုင်း ပေါက်ဖွားစေခြင်းမဟုတ်ဘဲ အပူဓာတ်ပေး၍ ဓာတ်ဖြင့်ဖောက်ခြင်းဖြစ်ကြောင်း သိရလေသည်။ ဤဘဲအုပ်များကိုလည်း တရုတ်ကုန်သည်ကြီးများကသာ ပိုင်ဆိုင်ကြလေသည်။

ဤဘဲတဲကြီးများနှင့် ယှဉ်လိုက်ပါက ပုဗ္ဗားတောင်နှင့် ခြံတောင်ပို့ပမာကွာခြားလှသော ၄ တိုင်စင် ကောက်ရိုးတဲကလေးများကိုလည်း ဟိုနေရာသည်နေရာတွင် မီးခိုးတလူလူနှင့်တွေ့ရလေသည်။ ဤကောက်ရိုးတဲငယ်ကလေးများကား တစ်မိုးတွင်းလုံးနွားနှင့်ရန်းကာ ကျုံး၍လုပ်စေကာမူ ဝမ်းစာရေးမဖူလုံ မလောက်ငဖြစ်နေကြရှာသော တို့မြန်မာတောင်သူလယ်သမားများ၏ ဘေးပန်းဝင်ငွေရှာဖွေရာ ဆားဖိုတဲကလေးများပင် ဖြစ်ပေသည်။

ရေခန်းခြောက်သွားသော သဲနုနုံးမြေပေါ်တွင် ထုံးမှုန့်များကြဲထားဘိသို့ အကွက်လိုက်အပြင်လိုက် ပွင့်နေကြသော ဆားပွင့်များကိုခြစ်ယူစုဆောင်း၍ ရရှိလာသောဆားမြေများကို ရေနှင့်ဖျော်ယူကာ ထိုဆားရည်ကို မီးဖြင့်ချက်ယူခြင်းဖြင့် အမည်ထင်ရှားလှသော 'ပဲခူးဆား'များကို ရရှိလေသည်။ ကျွန်တော်သည် ဆားချက်ပုံကို မမြင်ဖူးသည်နှင့် ဆားဖိုတဲကလေးတစ်ခုသို့ ဝင်ရောက်ကြည့်ခဲ့ မေးခဲ့မြန်းခဲ့သေး၏။

၁၁ နာရီလောက်တွင် ကုလားချောင်းကြီးရွာသို့ရောက်လေသည်။ ကုလားချောင်းကြီးရွာသည် အတန်ကြီးသောရွာကြီးတစ်ရွာပင် ဖြစ်၏။ ရွာ၏တောင်ဘက်အစပ်တွင် ချောင်းငယ်တစ်ချောင်းက အနောက်မှ အရှေ့သို့ဖြတ်၍ တည်ရှိလေသည်။ ပင်လယ်မှလာသော ဒီရေအတက်အကျသည် ကုလားချောင်းကြီးရွာသို့ ရောက်လေသည်။ ရွာတွင်း ရှိရှိသမျှအိမ်နှင့် အဆောက်အအုံများကား မြေပြင်မှ အတန်မြင့်စွာဆောက်ထားကြသည့် ခြေတံရှည်အိမ်များသာဖြစ်လေသည်။

ဤဒေသကား မိုးတွင်း ရေကြီးကွင်းဖြစ်သဖြင့် အိမ်တိုင်းမှာပင် လှေငယ်တက်စင်းများရှိကြလေသည်။ သွပ်မိုးတပြောင်ပြောင်နှင့်ဟည်းနေသော ဤအိမ်ဟိုအိမ်ကြီးများကား တရုတ်နှင့်ကုလားဆိုင်ကြီးများတည်း။ ဤအိမ်ကြီးကား ရွာသူကြီးအိမ်တည်း။ ဤအိမ်ငယ်ကလေးများနှင့် တဲပုတ်ကလေးများမှာမူ တောင်သူလယ်သမားများ၏ 'စံနန်းတော်'များသာတည်းဟု ဆိုရလောက်အောင်ပင် ရွာ၏သရုပ်ကို ခြားခြားနားနားတွေ့ရလေသည်။

သခင်ကြီးမြင့်သည် ဤရွာတွင် အတော်မီးသေသူဖြစ်၏။ ရွာသူကြီးအပေါ်မှာပင် သြဇာညောင်းသူဖြစ်သဖြင့် ကျွန်တော်တို့၏နိုင်ငံရေးသင်တန်းကို ပုန်းလျှိုးကွယ်လျှိုးလျှို့ဝှက်လုပ်မနေတော့ဘဲ အကာအကွယ်လုပ်ဓာတ်တစ်ခုဆင်၍ ဖြောင့်ပြုလုပ်ရန်စီစဉ်လေသည်။ 'မြို့မှကျောင်းသားများ နွေရာသီကျောင်းပိတ်ချိန် အပန်းဖြေပျော်ပွဲစား စု၍ထွက်ခြင်းဖြစ်သည်။'-ဟူသောလုပ်ဓာတ်ကို ဖန်တီးလိုက်လေသည်။

နိုင်ငံရေးသင်တန်းကို လာတက်ကြသူများမှာ သနပ်ပင်မြို့ပေါ်က ကျောင်းသား ၃ ယောက်နှင့် သခင်ပေါက်စ ၂ ယောက်-ပေါင်း ၅ ယောက်မျှသာ ဖြစ်ပေသည်။ ကုလားချောင်းကြီးရွာတွင် ၄ ရက်ခန့် နိုင်ငံရေးသင်တန်းပေးခဲ့ပြီးနောက် ကျွန်တော်တစ်ယောက်တည်း သနပ်ပင်မှတစ်ဆင့် ရန်ကုန်သို့ပြန်လာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းသားညီလာခံ

မေလအတွင်းတွင် ဖြစ်ပါသည်။ ရန်ကုန်သို့ပြန်ရောက်သည်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ ညီလာခံကျင်းပနေသည်ကို တွေ့ရသည်။ မြန်မာပြည်အရပ်ရပ်ရှိ အထက်တန်းကျောင်းများက ကျောင်းသားကိုယ်စားလှယ်များသည် ရန်ကုန်တက္ကသိုလ် သမဂ္ဂအဆောက်အအုံသို့ စုရုံးရောက်ရှိနေကြလေသည်။

ကိုဗဟိန်းသည် ကျောင်းသားများညီလာခံကျင်းပရာ ရန်ကုန်တက္ကသိုလ်သမဂ္ဂရုံးသို့ အမြဲလိုလို သွားရောက်ပြီး နယ်ကျောင်းသားကိုယ်စားလှယ်များနှင့် ဆွေးနွေးလေ့ ရှိသည်။ ကိုဗဟိန်းသည် ကျွန်တော့်ကို ကျောင်းသားညီလာခံသို့ခေါ်သွားပြီး ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုဗဆွေ(ထားဝယ်), ကိုလှမောင်(မိတ္ထီလာ), ကိုထွန်းတင်(တိုလီမိုလီ), ကိုကျော်ရင်(သံတွဲ), ကိုမြ(စစ်တွေ) စသူတို့နှင့် မိတ်ဆက်ပေးပါသည်။ ကျောင်းသားကွန်ဖရင့်အတွင်း တက်ကြွစွာလှုပ်ရှားဆော်သြနေကြသော သံမဏိတပ်ဖိုလ်များဖြစ်ကြသည့် ဆေးကျောင်းသားကိုမောင်မောင်(နောင် ဗိုလ်မှူးချုပ်မောင်မောင်-ငြိမ်း), ကိုချစ်မြိုင်(နောင် ဗိုလ်မှူးကြီးချစ်မြိုင်-ငြိမ်း)နှင့် မြင်းခြံ ကိုမောင်မောင် (နောင် ကိုအောင်သူ)တို့ကိုလည်း တွေ့ခဲ့ရလေသည်။

ကျောင်းသားညီလာခံသို့ စုဝေးတက်ရောက်လာကြသော ကျောင်းသားကိုယ်စားလှယ်များအတွင်း လွှမ်းမိုးနေသည့်စိတ်ဓာတ်ကား ကျောင်းသားအရေး မဟုတ်ပေ။ ညီလာခံတွင် ကျောင်းသားကိစ္စကို သာမန်အားဖြင့် ဟန်ပြလောက်သာဆွေးနွေးဆုံးဖြတ်ကြပြီး၊ ကျန်အချိန်များတွင် ကိုယ်စားလှယ်ကျောင်းသားများသည် အစုခွဲ၍ နိုင်ငံရေးဆွေးနွေးပွဲများလုပ်ကြလေသည်။ ထိုဆွေးနွေးပွဲများကို ကိုဗဟိန်း, ကိုဗဆွေ, ကိုလှမောင် စသော ကျောင်းသားခေါင်းဆောင်များက ခေါင်းဆောင်၍ 'လွတ်လပ်ရေးတိုက်ပွဲတွင် အင်္ဂလိပ်နယ်ချဲ့သမားကို မည်သို့မည်ပုံ တိုက်ခိုက်ရမည်။ မြေအောက်လှုပ်ရှားမှုများ ဖွဲ့ရမည်။ ရန်ပုံငွေနှင့်လက်နက် စုဆောင်းရမည်။ အလုပ်သမား, လယ်သမားများကို စည်းရုံး၍ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးဝါဒဖြန့်မှုကို လက်သိပ်ထိုးမည်သို့ပြုလုပ်ရမည်။' စသည်တို့ကို စိတ်အားထက်သန်စွာဖြင့်ဆွေးနွေးကြသည်။

ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းတိုက်သည် အပေါ်ယံအားဖြင့်ကြည့်မူ ကျောင်းသားအရေးနှင့် ပညာရေးလုပ်ငန်းများကို အင်္ဂလိပ်နယ်ချဲ့သမား၏ ဥပဒေဘောင်အတွင်းလုပ်ကိုင်နေသည်ဟု ထင်ရသော်လည်း အတွင်းကျိတ်အနေဖြင့်ကား အင်္ဂလိပ်နယ်ချဲ့သမားကို မြန်မာနိုင်ငံက မောင်းထုတ်ရေးအတွက် လျှို့ဝှက်ဖွဲ့စည်းထားသော မြေအောက်ယူနစ်အဖွဲ့ခေါင်းဆောင်များ၏အစီအမံဖြင့် အရေးတော်ပုံတပ်သားများ စုဆောင်းရာ, သွေးစည်းရာဌာနကြီးတစ်ခု ဖြစ်ပေသည်။

၁၃၀၀ ပြည့်အရေးတော်ပုံတုန်းက ထင်ရှားခဲ့သော ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသည့် သံမဏိကျောင်းသားတပ်ဖွဲ့ခေါင်းဆောင် ကိုထွန်းရှိန် (နောင် ဗိုလ်ရန်နိုင်), ရန်ကုန်တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ ကိုလှမောင် (နောင် ဗိုလ်ဇေယျ)တို့သည် အင်္ဂလိပ်နယ်ချဲ့သမားကို လက်နက်ဖြင့်တော်လှန်ဖို့ စစ်ပညာသင်ကြားရန်အတွက် ရန်ကုန်မှ ခြေရာဖျောက်ထွက်ခွာသွားပြီး ဂျပန်ပြည်သို့ ရောက်နေကြလေပြီ။

ကျောင်းသားများ ညီလာခံကျင်းပနေစဉ်တွင် ကျောင်းသားတို့၏ နိုင်ငံရေးခြေလှမ်းကို စုံစမ်းထောက်လှမ်း၍ သက်ဆိုင်ရာသို့အစီရင်ခံကြရမည့် အရပ်ဝတ်အရပ်စားနှင့်စုံထောက်များကိုလည်း ညီလာခံကျင်းပရာခန်းမဆောင်အတွင်းတွင် တွေ့မြင်ရလေသည်။

ညီလာခံနောက်ဆုံး ၂ ရက်တွင် ကိုဗဟိန်း, သခင်ဘသော်နှင့် ကျွန်တော်တို့က တစ်ဦးလျှင် ၃ နာရီခန့်အချိန်ယူ၍ ယေဘုယျတော်လှန်ရေးသဘောတရားများကို ကျောင်းသားကိုယ်စားလှယ်များအား ဟောပြောရှင်းလင်းခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗမာ့တော်လှန်မှု

ကျောင်းသားညီလာခံပြီးသည်နှင့် ကိုဗဟိန်းနှင့်ကျွန်တော်တို့သည် ယခင်ကပင် ကြိုတင်ပြင်ဆင်ထားခဲ့သော မြေအောက်လှုပ်ရှားစာစောင်ရိုက်နှိပ်ရေးလုပ်ငန်းကို စတင်ခဲ့ကြလေသည်။

လှုပ်ရှားစာစောင်အမည်ကို 'ဗမာ့တော်လှန်မှု'ဟု ကိုဗဟိန်းက အမည်ပေးလေသည်။ ထုတ်ဝေသည့်အဖွဲ့အစည်း၏အမည်ကိုမူ 'ကွန်မြူနစ်ပါတီ (ဗမာပြည်)' ဟူ၍ ဖြစ်၏။ ၁၉၄၀ ပြည့်နှစ်တုန်းက မြေအောက်ကွန်မြူနစ်ပါတီ၏ ကြွေးကြော်သံစာစောင်တစ်စောင် ထုတ်ဝေခဲ့ဖူးကြောင်း၊ ထိုစာစောင်ကို 'အရေးတော်ပုံ' ဟု အမည်ပေးခဲ့ကြောင်း၊ စာစောင်တစ်စောင်သာ ထုတ်ဝေခဲ့ပြီး ဆက်လက်မထုတ်ဝေနိုင်ဘဲ ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ထိုစာစောင်ကိုရိုက်နှိပ်ခဲ့စဉ်က တာဝန်ယူခဲ့သူများမှာ သခင်ခင်အောင်, မြောင်းမြက ကိုကို (နောင် စာရေးဆရာကိုကို)တို့ဖြစ်ကြောင်း ကိုဗဟိန်းက ပြန်လည်ပြောပြလေသည်။ ယခင်ကသုံးခဲ့သည့် 'အရေးတော်ပုံ' ဟူသောစာစောင်အမည်ထက် 'ဗမာ့တော်လှန်မှု' ဆိုသောအမည်က ပို၍ကောင်းပြီး လက်ရှိ မြန်မာတစ်မျိုးသားလုံး၏တာဝန်ကို အတိအကျဖော်ညွှန်းရာကျသောကြောင့် ပို၍ဆီလျော်လှပေသည်။

'ဗမာ့တော်လှန်မှု'စာစောင် ထုတ်ဝေသည့်အဖွဲ့အစည်း၏အမည်ကို 'ကွန်မြူနစ်ပါတီ (ဗမာပြည်)' ဟု အသုံးပြုခြင်းမှာ အကြောင်းရှိပေသည်။ မြေအောက်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ကိုဗဟိန်းအနေဖြင့် ဤစာစောင်ကို 'ကွန်မြူနစ်ပါတီ'အမည်ဖြင့် ထုတ်ဝေနိုင်စေကာမူ ဆရာထွန်းရွှေ, ဆရာချစ်, သခင်မြတို့နှင့် တပ်ပေါင်းစုသဘော ပူးပေါင်းဖွဲ့စည်းထားသော 'မြေအောက်ယူနစ် ဗဟိုအာဏာပိုင်အဖွဲ့' (Supreme Council of Undergorund Unit) အနေဖြင့်ကား 'ကွန်မြူနစ်ပါတီ(ဗမာပြည်)' ဟူသောအမည်ကို အသုံးမပြုထိုက်ဘဲ ယင်းအဖွဲ့အစည်းအမည်ရင်းကိုသာ အသုံးပြုထိုက်ပေသည်။

အမှန်စင်စစ်အားဖြင့် ဗမာ့တော်လှန်မှုစာစောင်သည် မြေအောက်ကွန်မြူနစ်ပါတီ၏စာစောင် မဟုတ်ဘဲ 'မြေအောက်ယူနစ် ဗဟိုအာဏာပိုင်အဖွဲ့'၏ ကြွေးကြော်သံစာစောင်သာ ဖြစ်ပေသည်။ ဤစာစောင်ကို ရိုက်နှိပ်ထုတ်ဝေရန်အတွက် ကုန်ကျစရိတ်များကို မြေအောက်ယူနစ်ခေါင်းဆောင်များ ဖြစ်ကြသည့် ဆရာထွန်းရွှေ, ဆရာချစ်တို့က ငွေထုတ်ပေးခြင်းဖြစ်ပေသည်။ ဤစရိတ်ငွေများမှာ အင်္ဂလိပ်တော်လှန်ရေးအတွက် ဂျပန်က လှုပ်ရှားပထမအရစ်ထုတ်ပေးသော ငွေ ၂ သောင်းကျပ်အနက်ကငွေများပင် ဖြစ်ပေသည်။

ဤငွေများဖြင့်ပင် ကိုဗဟိန်းသည် မြေအောက်စာစောင်ကို ပုံနှိပ်စာလုံးဖြင့်အကျအနရိုက်နှိပ်ရန် စာပုံနှိပ်စက်တစ်လုံးကိုဝယ်ယူပြီး ၃၇ လမ်းထဲတွင် ပုံနှိပ်တိုက်တစ်ခုဖွင့်ထားလေသည်။ ပုံနှိပ်စက်ထူထောင်ပြီးခါမှ ထိုပုံနှိပ်စက်တွင် လှုပ်ရှားစာစောင်ရိုက်နှိပ်ရန် စိတ်ချလုံခြုံမှုမရှိသဖြင့် ပုံနှိပ်စက်ဖြင့် မရိုက်တော့ဘဲ ဖယောင်းစက္ကူစာကူးစက်ဖြင့်သာ ရိုက်နှိပ်ရန် အစီအစဉ်ပြောင်းခဲ့ရခြင်း ဖြစ်ပေသည်။

စာစောင်၏ရည်ရွယ်ချက်မှာ 'မြန်မာပြည် ကျွန်ဘဝမှလွတ်မြောက်စေရေးအတွက် အင်္ဂလိပ်နယ်ချဲ့သမားအား တစ်မျိုးသားလုံး စည်းရုံးအုံကြွကာ လက်နက်ဖြင့်တော်လှန်ကြရန်နှင့် မြန်မာပြည်တွင်းသို့ ဝင်ရောက်လာမည့်ဂျပန်များအနေဖြင့် လွတ်လပ်ရေးအတွက်ကတိမတည်ပါက ပြန်လည်ခုခံရန်' ဟူ၍ဖြစ်ပေသည်။

'ဝင်ရောက်လာတော့မည်ဖြစ်သော ဂျပန်များသည် မြန်မာ့လွတ်လပ်ရေးအတွက် စိတ်မချရကြောင်း၊ ကတိတည်လိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့မြန်မာလူမျိုးများ စည်းလုံးညီညွတ်၍ လက်နက်ကိုင်အင်အားတောင့်တင်းခြင်းသည်သာ လွတ်လပ်ရေးအတွက် အာမခံချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အင်္ဂလိပ်ကိုမောင်းထုတ်ပြီးပါကလည်း စိတ်မချရသော ဂျပန်ကိုရင်ဆိုင်ရန် စည်းရုံးရေးအရ စိတ်ဓာတ်အရ လက်နက်အင်အားအရ ပြင်ဆင်ထားရမည်ဖြစ်ကြောင်းတို့ကို ယခုနှစ်ဖေဖော်ဝါရီလအတွင်းက ရန်ကုန်သို့ ဂျပန်ပြည်မှ ခေတ္တပြန်ရောက်လာသော သခင်အောင်ဆန်းကသတိပေးသွားသည်။'-ဟု ကိုဗဟိန်းထံမှတစ်ဆင့် ကျွန်တော်တို့သိခဲ့ရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသဘောထားရှိသောကြောင့်လည်း လျှို့ဝှက်စာစောင်၏ရည်ရွယ်ချက်တွင် အင်္ဂလိပ်တော်လှန်ရေးသာမက ဂျပန်ဆန့်ကျင်ရေးရည်မှန်းချက်ပါ ပါဝင်နေသဖြင့် မြေအောက်ယူနစ်ဗဟိုအာဏာပိုင်အဖွဲ့မှ ထုတ်ဝေသော စာစောင်ပင် ဖြစ်စေကာမူ မြေအောက်ယူနစ်အဖွဲ့၏အမည်ဖြင့် မထုတ်ဝေဘဲ ယခင် 'အရေးတော်ပုံ' အမည်ဖြင့် ထုတ်ဝေခဲ့သော စာစောင်တုန်းက သုံးစွဲခဲ့သည့် 'ကွန်မြူနစ်ပါတီ(ဗမာပြည်)' ဟူသောအမည်ကိုပင် ကိုဗဟိန်းက ဆက်လက်သုံးစွဲခြင်း ဖြစ်ပေသည်။ ဤအမည်သုံးစွဲရန်အတွက်လည်း ဆရာထွန်းရွှေနှင့် ဆရာချစ်တို့က သဘောတူကြလေသည်။

ဗမာ့တော်လှန်မှု လျှို့ဝှက်စာစောင်အတွက် ဆောင်းပါးအများစုကို ကိုဗဟိန်းတစ်ဦးတည်းကပင် ဒိုင်ခံ၍ရေးပေးခဲ့လေသည်။ ဆောင်းပါးများမှာ 'ဗမာ့တော်လှန်မှု' ဟူသောအမည်နာမနှင့် ကိုက်ညီစွာပင် အင်္ဂလိပ်နယ်ချဲ့အုပ်စိုးမှု၏ အပြစ်အနာအဆာများကို ဖော်ထုတ်ဖွင့်ချသော ဆောင်းပါး၊ အမျိုးသားရေးစိတ်ဓာတ်, လွတ်လပ်ရေးတိုက်ပွဲဝင်စိတ်ဓာတ်များကို လှုံ့ဆွပေးသော ဆောင်းပါးများပင် ဖြစ်ကြပေသည်။ အင်္ဂလိပ်နယ်ချဲ့သမား၏ လက်ကိုင်တုတ်တစ်ဦးဖြစ်သော နန်းရင်းဝန်ဦးစော၏ နိုင်ငံခြားခနဲရှင်နှင့် တိုင်းရင်းသားမြေရှင်အကျိုးပြုဥပဒေများနှင့် လုပ်ငန်းများအကြောင်း၊ ကမ္ဘာအရပ်ရပ်တွင် ကိုလိုနီနယ်ချဲ့သမားနှင့် အရင်းရှင်အစိုးရများကို တော်လှန်ပုန်ကန်နေကြသော ကျွန်လူမျိုးများနှင့် အလုပ်သမား, လယ်သမားလူတန်းစားများ၏ တော်လှန်လှုပ်ရှားမှုသတင်းများလည်း စာစောင်တွင် ပါရှိလေသည်။

ကိုဗဟိန်းရေးပေးသောဆောင်းပါးများနှင့် ကျွန်တော်တို့ စုဆောင်းပြုစုသော ကမ္ဘာ့သတင်းများကို ပထမဦးစွာ ဖယောင်းစက္ကူဖြင့် ရိုက်နှိပ်ရလေသည်။ လက်နှိပ်စက်တစ်လုံးနှင့် ဆောင်းပါးအားလုံးကို ဒိုင်ခံရိုက်ပေးသူမှာ သခင်သက်တင် ဖြစ်ပေသည်။ သခင်သက်တင်သည် တက္ကသိုလ်သမဂ္ဂရုံးတွင် ဝင်ရောက်တာဝန်ယူနေသူဖြစ်ပြီး ကျွန်တော်တို့ စတည်းချရာ ရွှေဂုံတိုင်လျှို့ဝှက်စခန်းသို့ နံနက်စောစောတွင်ရောက်လာပြီး တစ်နေ့လုံး လက်နှိပ်စက်ရိုက်ကာ ည ၈ နာရီခန့်တွင်မှ တက္ကသိုလ်သမဂ္ဂရုံးသို့ ပြန်လေ့ရှိပေသည်။

စာစောင်၏အဆင်အပြင်တွင် ကြည့်ပျော်ရွှင်ပျော်ဖြစ်စေရန် ကျွန်တော်က ပန်းချီဆန်ဆန်လက်ရေးမတောက်တခေါက်ဖြင့် စာစောင်အမည်နှင့် ဆောင်းပါးခေါင်းစဉ်များကို ဖယောင်းစက္ကူပေါ်တွင် သဲကညစ်ဖြင့် ပုံဆွဲပေးရလေသည်။ ရိုက်ပြီးသမျှသော ဖယောင်းစက္ကူများကို သေချာစွာထုပ်ပိုးကာ တက္ကသိုလ်သမဂ္ဂရုံးသို့ ယူသွားပြီး အခန်းတစ်ခန်းကို အလုံပိတ်၍ စာကူးစက်ဖြင့် ရိုက်နှိပ်ကြရလေသည်။ တက္ကသိုလ်ကျောင်းသားဆိုသူများကား နေရာတကာတွင် စပ်စုလိုသူများဖြစ်ကြသဖြင့် ကျွန်တော်တို့ အခန်းတံခါးပိတ်၍ စာစောင်များ စာကူးစက်ဖြင့် ကူးနေခြင်းကို မကြာခဏလာ၍ အော်လား ဟစ်လား မေးလား မြန်းလား လုပ်လေ့ရှိကြပါသည်။ ဤသို့အနှောင့်အယှက်မဖြစ်စေရန် သမဂ္ဂဥက္ကဋ္ဌကိုဗဆွေက ကျွန်တော်တို့စာကူးနေစဉ်တွင် အခန်းပြင်၌ အစောင့်တစ်ယောက် အမြဲချထားပေးရလေသည်။

ရွှေဂုံတိုင်လျှို့ဝှက်စခန်း၀ရပ်ကလေးတွင် အမြဲနေထိုင်သူများမှာ သခင်တင်ထွန်း, သခင်ဘသော်, ကိုသန်းနိုင်နှင့် ကျွန်တော်တို့ ၄ ယောက် ဖြစ်လေသည်။ သခင်အောင်ကြီးက အဆက်အသွယ်ပြုပေးသဖြင့် ကျွန်တော်တို့ကို တက္ကသိုလ်ကျောင်းသားများအဖြစ်သိရှိပြီး ခင်မင်ရင်းနှီးနေသောဘုန်းကြီးတစ်ပါးသည် ကျွန်တော်တို့နေထိုင်သော၀ရပ်နှင့် မနီးမဝေးကျောင်းတွင်ရှိလေသည်။

ကျွန်တော်တို့ ၄ ယောက်သည် နံနက်စာရော ညစာပါ ရွှေဂုံတိုင်စာတိုက်ရှေ့တွင်ဖွင့်ထားသော ကုလားထမင်းဆိုင်သို့သွားရောက်၍ ဝယ်စားကြရလေသည်။ ကိုဗဟိန်း၏အခြေအနေသည် ကျွန်တော်တို့နေထိုင်ရာစခန်းသို့ မကြာခဏလာ၍မရပါ။ သူ့ကို စုံထောက်များက နောက်က တကောက်ကောက်လိုက်လံစောင့်ကြည့်နေသဖြင့် လွတ်လပ်စွာလှုပ်ရှားနိုင်သောအခြေအနေ မရှိ။ ထို့ကြောင့် ကိုဗဟိန်းနှင့် အဆက်အသွယ်လုပ်ရာတွင် သူ ညအယ်ဒီတာလုပ်နေသော မြန်မာ့အလင်းသတင်းစာတိုက်ကိုပင် အသုံးပြုရလေသည်။

mgyoe.com SAMPLE BOOK

ကိုဗဟိန်းထံက ညွှန်ကြားချက်နှင့်ဆောင်းပါးများကို ကိုဗဟိန်း၏ညီကိုသန်းနိုင်က မြန်မာ့အလင်းသတင်းစာတိုက်သို့သွား၍ယူရလေသည်။

ဧရပ်ငယ်ကလေးတစ်ဆောင်တွင် စုရုံးစုရုံးနှင့် လက်နှိပ်စက်တဖြောက်ဖြောက်ရိုက်နေကြသော ကျွန်တော်တို့ ၄ ယောက်ကို ဘေးပတ်ဝန်းကျင်မှ ဘုန်းကြီးများနှင့် ကိုရင်များက သင်္ကယနမကင်းမဖြစ်ကြပါ။ ကျောင်းပရိဝုဏ်အတွင်း ဘေးပတ်ဝန်းကျင်မှ ဆရာတော်, သံဃာတော်များနှင့် ကျောင်းသားများသည် ကျွန်တော်တို့ဆင်ထားသော လုပ်ဇာတ်အတိုင်းပင် တက္ကသိုလ်ကျောင်းသားများအဖြစ် ယုံကြည်နေကြပါသည်။ ထို့ကြောင့်ပင်- ကျွန်တော်တို့သည် လက်နှိပ်စက်ကို နေ့ရောညပါ ၆ ရက်ခန့်ဆက်ရိုက်ခဲ့ခြင်းဖြင့် ဗမာ့တော်လှန်ရေးစာစောင် ရိုက်နှိပ်ပြီးဖြစ်သွားလေသည်။ စာကူးစက်ဖြင့်ကူးပြီးဖြစ်သောစာရွက်များကို တက္ကသိုလ်သမဂ္ဂရုံးသို့ ညဘက်ညဘက်တွင်သွား၍ ချုပ်စက်ဖြင့် စာစောင်အဖြစ်ချုပ်ကြရလေသည်။ စောင်ရေ စုစုပေါင်းမှာ ၂၅၀ မျှသာ ဖြစ်ပါသည်။

ဗမာ့တော်လှန်ရေးစာစောင်များ အသင့်ရိုက်နှိပ်ထုတ်ပိုးပြီးသည်နှင့် မြန်မာတစ်ပြည်လုံးသို့ လှုံ့ဝှက်စာပေးပို့ဖြန့်ချိရန် စီစဉ်ကြရပြန်ပါသည်။ မေလကုန်လောက်တွင် ဗမာ့တော်လှန်ရေးစာစောင်များကို ဒေသအသီးသီးခွဲ၍ နယ်များသို့ ပို့ခဲ့ရလေသည်။

'မြစ်ဝကျွန်းပေါ်ဒေသသို့ တာဝန်ခံ၍ဖြန့်ချိပေးသူမှာ ဦးကျော်ငြိမ်း(ဧရာဝတီ) ဖြစ်ပေသည်။ ဦးကျော်ငြိမ်းသည် ဧရာဝတီသတင်းလက်မှတ်စစ် ဖြစ်သဖြင့် ဧရာဝတီသတင်းများတွင် ၄င်းနှင့် အလွန်ခင်မင်ရင်းနှီးသူသတင်းစာရေးများ ရှိလေသည်။ ၄င်းတို့ကို နိုင်ငံရေးအရ ဦးကျော်ငြိမ်းက စည်းရုံးထားပြီးဖြစ်၍ 'ဗမာ့တော်လှန်ရေး'စာစောင်အထုပ်များသည် သတင်းစာရေးခန်းများတွင် အခန့်သင့်ပါသွားပြီး သက်ဆိုင်ရာမြို့များရှိ ကျွန်တော်တို့၏ လှုံ့ဝှက်အဖွဲ့ဝင်များထံသို့ လုံခြုံစွာဖြင့် ရောက်သွားလေသည်။ ပြည်မြို့မှတစ်ဆင့် ရေနံချောင်း, ပခုက္ကူခရိုင်များသို့ သခင်ဘသော်က တာဝန်ယူဖြန့်ချိရပြီး၊ ပဲခူး, တောင်ငူ, ပျဉ်းမနားခရိုင်များသို့မူ သခင်သန်းဖေနှင့် သခင်တင်ထွန်းက တာဝန်ယူဖြန့်ချိခဲ့လေသည်။ မိတ္ထီလာ, မန္တလေး စသော အထက်မြန်မာပြည်နှင့် သာယာဝတီ, ပြည် မီးရထားလမ်းတစ်လျှောက်မြို့များသို့ ကျောင်းသားအဆက်အသွယ်များဖြင့် ပေးပို့ဖြန့်ချိခဲ့သည်။'-ဟု သိရလေသည်။

မြေအောက်ယူနစ်ဗဟိုအာဏာပိုင်အဖွဲ့လက်အောက်တွင် တာဝန်ယူဆောင်ရွက်နေသော ကျွန်တော်တို့ကဲ့သို့ မြေအောက်အစုကလေးများ ၃-၄ စုရှိသေးကြောင်းကို လုပ်ရင်းကိုင်ရင်းဖြင့် သိလာရလေသည်။ တစ်စုနှင့်တစ်စု တစ်ဦးနှင့်တစ်ဦး မြင်တွေ့ဆက်သွယ်ရခြင်း မရှိစေကာမူ ထိုအစုများတွင်ပါကြသည့် ရဲဘော်ရဲဘက်များ၏အမည်များကို မကြာခဏ ကြားသိနေရလေသည်။ ကြည့်မြင်တိုင်ဘက်တွင် ဆရာညို (နောင်ကွယ်လွန်သူ ဗိုလ်သူရ) ခေါင်းဆောင်သောအဖွဲ့၊ ကိုဗဆွေတို့နှင့် ဆက်သွယ်နေသော ကျောင်းသားလှုံ့ဝှက်အဖွဲ့များတွင် ကိုမောင်မောင် (ဆေးကျောင်း)နှင့် ကိုအောင်ကြီး (ပေါင်းတည်)တို့ ခေါင်းဆောင်သောအဖွဲ့များစသည်ဖြင့်ရှိနေကြောင်း သိရလေသည်။ ကျွန်တော်တို့အစုမှာ သခင်အစုဖြစ်ပြီး၊ အခြားအစုများမှာ ကျောင်းသားအစုများ ဖြစ်ကြလေသည်။

ကျွန်တော်တို့အစုနှင့် ဆက်သွယ်လုပ်ကိုင်နေသော ဦးကျော်ငြိမ်း(ဧရာဝတီ)သည် လှုံ့ဝှက်လုပ်ငန်းကို မျိုးချစ်စိတ်အခြေခံဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော်လည်း ကျွန်တော်တို့လူငယ်များကဲ့သို့ ဖြစ်ခါမှဖြစ်ရောဘေးအန္တရာယ်ကို ဘာမထိသည့်သဘောမျိုး မရှိ။ အသက်ကြီးသူပီပီ စိုးရိမ်မှုလွန်ကဲလေ့ရှိသည်ကို မကြာခဏတွေ့ရလေသည်။ ဦးကျော်ငြိမ်း အစိုးရိမ်လွန်ပြီး လုံခြုံစိတ်ချရဆုံးဟုထင်သောနည်းကို ထွင်၍အသုံးပြုခဲ့သဖြင့် ရင်တမမနှင့် အကြီးအကျယ် စိတ်မောခဲ့ရခြင်းကို ကြုံခဲ့ရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ညတွင် နယ်သို့ပို့ရန် 'ဗမာ့တော်လှန်မှု' လျှို့ဝှက်စာစောင် ၂၅ စောင်ခန့်လိုနေသဖြင့် စာစောင်များကို လျှို့ဝှက်စွာ တာဝန်ယူထိန်းသိမ်းထားသော ဦးကျော်ငြိမ်းထံသို့ ကျွန်တော်ရောက်သွားသည်။ ဦးကျော်ငြိမ်းနှင့် ဇနီးဒေါ်သိန်းကို သူတို့တိုက်ခန်းတွင် အရန်သင့်တွေ့ရလေသည်။ ကျွန်တော့်ကို တံခါးဖွင့်ပေးသော ဦးကျော်ငြိမ်းသည် ကျွန်တော့်ကိုမြင်သည်နှင့် ပျာပျာသလဲ ပျူငှာစွာကြိုဆိုလေသည်။

"ကဲ- လာ လာ။" ပြောရင်း ကုလားထိုင်ကို ဦးကျော်ငြိမ်းက ညွှန်ပြ၏။ ကုလားထိုင်တွင်ဝင်ထိုင်ရင်း ကျွန်တော်က-

"ကိုဗဟိန်းလွတ်လိုက်လို့ ကျွန်တော်လာခဲ့တာပါ။ အရေးတကြီးနယ်ပို့ဖို့ ချည်ချောလုံချည် ၂၅ ထည်လောက်လိုချင်လို့ပါ။"

(ချည်ချောလုံချည်ဆိုသည်မှာ 'ဗမာ့တော်လှန်မှု' လျှို့ဝှက်စာစောင်ကို စကားဝှက်ဖြင့်သုံးနှုန်းခြင်းဖြစ်ပါသည်။)

"အရေးတကြီးလိုချင်ရင် လွယ်လွယ်ကူကူရနိုင်အောင် ကိုယ် စီစဉ်ထားတယ်။ ကိုယ့်အစီအစဉ်က လုံခြုံမှုလည်း ရှိ၊ ဘယ်သူမှလည်း မရိပ်မိနိုင်တဲ့နည်းပဲ။ ချည်ချောလုံချည်တွေကို ကိုယ့်အိမ်မှာတော့ မထားဘူး။ ကိုယ့်အိမ်ကို သတင်းရလို့ ရှာလားဖွေလားဆိုရင် လူနှင့်အတူ လက်ပူးလက်ကြပ်မိနေမှာစိုးတာနဲ့ အကောင်းဆုံးနည်း၊ ဘယ်စုံထောက်မှ မမျှော်လင့်တဲ့နည်းနှင့် စီစဉ်ထားတာ။"

ဦးကျော်ငြိမ်းသည် လျှို့ဝှက်စာစောင်များကို အိမ်မှာမထားဘဲ ဘယ်နေရာတွင် ဘယ်ကဲ့သို့သော လျှို့ဝှက်ရေးအစီအစဉ်ဖြင့် စီမံထားသည်ကို မသိပါ။ သူ့အစီအစဉ်ကို သူ ကျေနပ်အားရသောအမူအရာဖြင့် လုံခြုံစိတ်ချရကြောင်းသာ ရွှန်းရွှန်းဝေအောင်ပြောနေပါသည်။

"တို့အိမ်မှာမထားပေမယ့် ခုချက်ချင်းသွားယူလို့ ရပါတယ်။ ကဲ- မသိန်း။ ကိုယ်ပေးထားတဲ့အထုပ် ရှိတယ်မဟုတ်လား။ အေး- အဲဒီအထုပ်ကို ဟိုကောင်ဆီကသွားယူခဲ့ပါ။"

ဒေါ်သိန်းဘက်သို့လှည့်၍ ဦးကျော်ငြိမ်းက ပြောလိုက်ပါသည်။ ဒေါ်သိန်းသည် အခန်းတံခါးကိုဖွင့်၍ လှေကားမှ အောက်ထပ်သို့ဆင်းသွားလေသည်။

ဦးကျော်ငြိမ်းက

"ဒီမှာ မောင်လှသိန်းရဲ့၊ လျှို့ဝှက်ရေးလုပ်ငန်းဆိုတာက နားမလည်တဲ့လူတွေ, ဉာဏ်ကို လွှာမသုံးတဲ့လူတွေအတွက်ဆိုရင် အတော်ခက်တဲ့အလုပ်ပဲ။ စိုးရိမ်စရာလည်းကောင်း, အန္တရာယ်လည်း ရှိတာပေါ့။"

"ဟုတ်ကဲ့"

"အေး- ဉာဏ်ကိုလွှာသုံးတတ်တဲ့လူတွေအဖို့တော့ လည်လှတယ်, လျင်လှတယ်ဆိုတဲ့ စုံထောက်တွေရဲ့မျက်ခုံးမွေးပေါ် စကြံလျှောက်ပြီး သူတို့ လုံးလုံးမရိပ်မိနိုင်တဲ့နည်းတွေကိုသုံးပြီး သူတို့ကို တစ်ပတ်ရိုက်နိုင်တာပေါ့။"

"ဟုတ်ကဲ့"

ဦးကျော်ငြိမ်းသည် သူ လေ့လာဖတ်ရှုထားသော အိုင်ယာလန်သူပုန်အဖွဲ့ဝင်များ၏ လျှို့ဝှက်လုပ်ငန်းအတွေ့အကြုံများကို ဆက်လက်၍တတွတ်တွတ်ပြောပြနေပါသည်။ ၁၅ မိနစ်ခန့်ကြာသောအခါ ဒေါ်သိန်းသည် ဖိနပ်သံတဖျပ်ဖျပ်နှင့် အောက်ထပ်မှတက်လာကာ အခန်းတွင်း ပြန်ရောက်လာပါသည်။ ဒေါ်သိန်းလက်ထဲတွင် အထုပ်တစ်ထုပ်ပါလာသည်။ မျက်နှာအမူအရာမှာလည်း စိုးရိမ်စိတ်ဖြင့် မျက်စိမျက်နှာ ပျက်နေသည်ကိုတွေ့ရပါသည်။

"ကိုငြိမ်း၊ ခဏလာပါဦး။"

mgyoe.com

mgyoe.com SAMPLE BOOK

အသံတိမ်တိမ်ဖြင့်ပြောပြီး အတွင်းခန်းသို့ဝင်သွားပါသည်။ ဦးကျော်ငြိမ်းလည်း နဝေတိမ်တောင်ဖြင့် နောက်မှ အခန်းတွင်းသို့ဝင်လိုက်သွားပါသည်။

'စိုးရိမ်ဖွယ်အရေးအခင်းတစ်ခုခုတော့ ဖြစ်ချေပြီ။'-ဟု အကဲခတ်လိုက်မိ၏။ အတွင်းခန်းက ၂ ယောက်သား အသံတိုးတိုးကြိတ်ပြောနေသံ ကြားရသည်။ မကြာလှပါ။ ဦးကျော်ငြိမ်းနှင့်ဒေါ်သိန်းသည် အတွင်းခန်းက ရှေ့ဆင့်နောက်ဆင့်ထွက်လာပြီး မျက်စိမျက်နှာပျက်နေသော ဦးကျော်ငြိမ်းက အသံတိုးတိုးဖြင့်

''ဒုက္ခပဲမောင်လှသိန်းရေ။ ရှေ့လျှောက် ဘာတွေဖြစ်လာမလဲတော့ မသိဘူး။ ခွေးမသားကုလားက ဘာမသိညာမသိနှင့် စာစောင်တချို့ကို ကွမ်းယာတွေ, ပဲလှော်တွေ ထုပ်ပစ်လိုက်သတဲ့။''

ကျွန်တော်သည် 'ဦးကျော်ငြိမ်းဘာပြောလိုက်သည်'ဟု အဓိပ္ပာယ်ကောက်၍မရပါ။ သို့ရာတွင် စာစောင်များနှင့်ပတ်သက်၍ 'စိုးရိမ်ဖွယ်ကိစ္စတော့ ပေါ်လာချေပြီ။'-ဟုကား တွက်မိလိုက်သည်။

''ဘယ်လိုဦးကျော်ငြိမ်း။ စာစောင်တွေကို ကုလားကဘာလုပ်ပစ်တယ်။''

ဘူးလုံးနားမထွင်းဖြင့်ပြန်မေးလိုက်သည်။

''ဖြစ်ပုံက ဒီလိုကွ။ ကိုယ်က စာစောင်တွေကို အိမ်မှာမထားဘူး။ လမ်းထိပ်ကွမ်းယာဆိုင်ကကုလားဆီ သွားထားတယ်။''

''ဘယ်လို၊ ကွမ်းယာကုလားဆီသွားထားတယ်။''

ကျွန်တော့်ပါးစပ်က အာမေဋိတ်သံထွက်သွားသည်။

''အေး- စာစောင်တွေကို အဲဒီကုလားဆီ အပ်ထားတယ်။ အစက ပြန်ပြောပါ့မယ်လေ။ ခုနက ပြောခဲ့တဲ့အတိုင်းပဲ။ ကိုယ်က စိုးရိမ်တတ်တယ်မဟုတ်လား။ အိမ်မှာ စာစောင်တွေကိုထားရင် ကိုယ့်အိမ်တက်ရှာတာနှင့် စာစောင်နဲ့အတူ လက်ပူးလက်ကြပ်မိမှာ သေချာတယ်။ စာစောင်တွေရောက်စကတော့ အိမ်မှာပဲထားပါတယ်။ မသိန်းကလည်း ဒီစာစောင်ရဲ့အကြောင်းသိတော့ အမြဲလိုလို စိုးရိမ်မကင်း ဖြစ်နေတယ်။ ဒါကြောင့် ကိုယ်နဲ့အတော်ကိုရင်းနှီးတဲ့ လမ်းထိပ်က ကွမ်းယာဆိုင်ကုလားဆီ သွားထားလိုက်မိတယ်။ ကုလားကိုတော့ ဒီစာစောင်တွေဟာ ဘာစာစောင်တွေလို့ဆိုပြီး မပြောခဲ့ဘူး။ 'ဒီအထုပ်ကို သေသေချာချာသိမ်းထားပါ'လို့ပြောပြီး အပ်ထားတာပဲ။ ဒါပေမယ့် ကုလားနဲ့ကိုယ်တို့နှင့် အဆက်အသွယ်က ဒီလိုရှိတယ်။ ကိုယ်တို့က အဲဒီကွမ်းယာကုလားဆီကို စက္ကူတွေ အမြဲလိုလိုရောင်းခဲ့တယ်။ သတင်းစာစက္ကူနဲ့ ရုံးမှာသုံးပြီးလွှင့်ပစ်ရမယ့်စက္ကူတွေကိုလည်း ကိုယ်ကယူယူလာပြီး ဆေးလိပ်ဖိုးလေးဘာလေးကာမိအောင် သူ့ဆီမှာ ရောင်းတဲ့အစဉ်အလာကရှိတယ်။ အဲ- ကိုယ်က 'သိမ်းထားပါ'လို့ပြောပြီးအပ်ထားတဲ့စာစောင်တွေကို ကုလားက ဘယ်လိုနားကြားလွဲသွားတယ်မသိပါဘူး။ ခါတိုင်းလို တို့က သူ့ကိုရောင်းတဲ့စက္ကူတွေလို့ပဲထင်ပြီး ဈေးဝယ်လာသူတွေကို ကွမ်းယာထုပ်, ပဲလှော်ထုပ်ပြီးပေးပစ်တာ စာစောင် ၁၂ စောင်ပဲကျန်တော့တယ်။ အဲဒါ ဘယ့်နယ်လုပ်မလဲ။''

ဦးကျော်ငြိမ်းမှာ ကုလားထိုင်တွင် ငြိမ်ငြိမ်ထိုင်မနေနိုင်တော့ပါ။ ဖင်တကြွကြွဖြင့် စိတ်မငြိမ်မသက်ဖြစ်နေပါသည်။

ကျွန်တော့်အဖို့လည်း ဘာမျှပြန်မပြောနိုင်တော့ပါ။ ဖြစ်ပုံက ရယ်ရအခက် ငိုရအခက်နှင့် ရှေ့တွင် ဘာတွေဆက်ဖြစ်လာမည်ကိုမသိရဘဲ စိုးရိမ်စိတ်သာကြွထလာပါသည်။

''စာစောင်တွေ ဆုံးကုန်တာက အရေးမကြီးဘူးဗျ။ ကွမ်းယာဝယ်စားတဲ့သူ, ပဲလှော်ဝယ်စားတဲ့သူတွေက ထုပ်ထားတဲ့စက္ကူကို အငြိမ်မနေဘဲ ဖတ်ကြည့်ရင်တော့ စာရဲ့သဘောကို သိမှာပဲ။ အဲ- တိုက်ဆိုင်သွားပြီး ဖတ်ကြည့်မိတဲ့သူက စုံထောက်ပုလိပ်ဆိုရင်တော့ မီးခိုးကြွက်လျှောက် ဒီကွမ်းယာဆိုင်ကို လိုက်လာမှာပဲ။ ဒုက္ခပါပဲကွာ။''

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်သည် ဦးကျော်ငြိမ်းအား သိပ်မစိုးရိမ်ရန်၊ ထိုသို့သောအကြောင်းတိုက်ဆိုင်ရန် ခဲယဉ်းလှကြောင်းကို ပြောဆိုနှစ်သိမ့်ခဲ့ရပါသည်။

ဤသို့ဖြင့် ကျွန်တော်လည်း ဦးကျော်ငြိမ်း ဉာဏ်လွှာသုံးခါမှ ကွမ်းယာကုလားလက်ချက်ဖြင့် ဆုံးပါးကုန်ရသဖြင့် ၁၂ စောင်မျှသာကျန်တော့သော 'ဗမာ့တော်လှန်မှု' လျှို့ဝှက်စာစောင်များကိုယူ၍ ကိုဗဟိန်းထံသို့ ပြန်လာခဲ့ရပါတော့သည်။

ထွန်းအေးဖြန့်ချိရေးစာအုပ်တိုက်

'ဗမာ့တော်လှန်မှု' လျှို့ဝှက်စာစောင်ရိုက်နှိပ်ပြီးသောအခါတွင် ရွှေဂုံတိုင်လျှို့ဝှက်စခန်းက လူစုခွဲကြပါသည်။ သခင်သက်တင်က တို့ဗမာအစည်းအရုံးသို့ ပြန်နေပြီး၊ သခင်တင်ထွန်းက သခင်ချစ်အိမ်၊ သခင်ဘသော်က သူ့မိတ်ဆွေအိမ်သို့ အသီးသီးပြန်သွားကြပါသည်။ ကျွန်တော်နှင့် ကိုဗဟိန်း၏ညီကိုသန်းနိုင်မှာမူ ပန်းဆိုးတန်းလမ်းရှိ ထွန်းအေးဖြန့်ချိရေးစာအုပ်တိုက်သို့ ပြောင်းရွှေ့သွားရလေသည်။

မူလနေခဲ့သော ရေကျော် ရွှေဘုန်းပွင့်ဘုရားလမ်းကအိမ်ကလေးတွင် လူအတော်များနေသဖြင့် ကျွန်တော်ပြန်သွား၍မဖြစ်တော့ပါ။ ထို့ကြောင့် နောက်ထပ်တိုးလာသော ကိုသန်းနိုင်နှင့်အတူ ဖြန့်ချိရေးစာအုပ်တိုက်သို့ ရောက်သွားခြင်း ဖြစ်ပေသည်။ ဖြန့်ချိရေးစာအုပ်တိုက်မှာ နဂါးနီစာအုပ်တိုက်ကဲ့သို့ပင် လက်ဝဲစာပေများကို ဘာသာပြန်ရိုက်နှိပ်ဖြန့်ချိသော စာအုပ်တိုက်ဖြစ်ပြီး နဂါးနီစာအုပ်တိုက်လောက် မကြီးကျယ်စေကာမူ လက်ဝဲစာအုပ်အတော်များများကို ရိုက်နှိပ်ဖြန့်ချိနေပေသည်။ ဆရာထွန်းရွှေ၊ နဂါးနီဦးထွန်းအေး၊ သခင်ဗိုလ်၊ သခင်အောင်ကြီး စသူတို့က စာအုပ်တိုက်ကို အုပ်ချုပ်နေကြခြင်း ဖြစ်ပေသည်။

နေ့ခင်းပိုင်း စာအုပ်တိုက်ဖွင့်လှစ်ထားစဉ်တွင် သခင်ဗိုလ်၊ ဦးထွန်းအေး၊ သခင်အောင်ကြီးနှင့် စာရေး ၂ ယောက်ရှိကြပြီး၊ စာအုပ်ရောင်းချခြင်းနှင့် စာအုပ်သစ်များရိုက်နှိပ်ရေးအတွက် စီစဉ်လုပ်ကိုင်နေကြပါသည်။ ကျွန်တော်တို့ ၂ယောက်မှာ နေ့လယ်ပိုင်းတွင် အထပ်ခိုးကလေး၌ တက်၍နေကြ၏။ ညနေ ၄နာရီထိုးပြီးနောက်တွင်ကား ကျွန်တော်တို့ ၂ယောက်ကို တိုက်ခန်းသော့အပ်ထားခဲ့ပြီး ဦးထွန်းအေး ပြန်သွားလေ့ရှိ၏။

တစ်ခါတစ်ရံနေ့လယ်ခင်း ဖြန့်ချိရေးစာအုပ်တိုက်သို့ ကိုဗဟိန်းရောက်လာတတ်လေသည်။ ကိုဗဟိန်းသည် ရောက်လာသည်နှင့် သခင်ဗိုလ်၊ သခင်အောင်ကြီးတို့နှင့်တွေ့ပါက စကားအနည်းငယ်ပြောပြီး သူ့တိုက်ပုံအင်္ကျီကိုချွတ်၍ ကုလားထိုင်နောက်မှီတွင်လွှားတင်ကာ စားပွဲတွင် စာထိုင်ရေးလေ့ရှိပေသည်။

ကိုဗဟိန်းသည် ချားလ်စ်ဒစ်ကင်းရေးသော ကမ္ဘာဂန္ဓဝင်ဝတ္ထုကြီးတစ်ပုဒ်ဖြစ်သည့် 'မျော်တလင့်လင့်' ဝတ္ထုကိုမှီး၍ 'လူ့အလို' ဟူသောအမည်ဖြင့် ရေးနေခြင်းဖြစ်၏။ သူရေးနေသည်မှာ အတန်ကြာခဲ့ပြီဖြစ်သော်လည်း မြန်မာ့အလင်း ညအယ်ဒီတာအလုပ်နှင့် တစ်ဖက်က လျှို့ဝှက်ရေးလုပ်ငန်းများကြောင့် စာမျက်နှာများများ မရသေးပါ။ ဖြန့်ချိရေးစာအုပ်တိုက်နောက်ဖေးခန်းတွင် စာခုံများရှိပြီး စာစီသမားများ အလုပ်လုပ်နေကြလေသည်။ ကိုဗဟိန်းရောက်လာပြီးစာရေးနေလျှင် စာစီသမားတစ်ယောက်ယောက်သည် ကိုဗဟိန်းစာရေးရာသို့ရောက်လာတတ်ပြီး ရေးပြီးသမျှသောစာမူများကို တစ်ရွက်ချင်းယူသွားကာ စာစီလေ့ရှိပေသည်။

ကိုဗဟိန်းရေးနေသည့် 'လူ့အလို'မှာ ဤသို့ဖြင့် စာတစ်ဖောင်ရဖို့အရေး စာမှန်မှန်လာမရေးနိုင်သော ကိုဗဟိန်းကို စောင့်ရင်း စာမျက်နှာ ၄၀ ကမကျော်နိုင်ဘဲဖြစ်နေပါသည်။ ကိုဗဟိန်းသည် ဖြန့်ချိရေးတိုက်သို့ရောက်လာစေကာမူ တစ်ခါတစ်ရံ စာမရေးအားဘဲ သခင်ဗိုလ်နှင့် နိုင်ငံရေးအယူအဆများ အချီအချင်းကြရင်း အချိန်ကုန်ကာ ပြန်သွားသည့်အခါများလည်း ရှိ၏။

သခင်ဗိုလ်သည် ကိုဗဟိန်းနှင့်တွေ့သည့်အခါတိုင်းလိုလိုပင် ကိုဗဟိန်း၏ နိုင်ငံရေးအယူအဆဖြစ်သော မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်ရောဂျပန်ဖက်ဆစ်ပါ တစ်ပြိုင်တည်း ဆန့်ကျင်ရေးသဘောထားကို

mgyoe.com

mgyoe.com SAMPLE BOOK

အတိုက်အခံပြောလေ့ရှိပါသည်။ တစ်ခါတစ်ရံ သရော်သလို ပြက်ချော်ချော်ပြောတာလည်း ကြားရ၏။ ကိုဗဟိန်းသည် စိတ်ရှည်သူ, စိတ်သဘောထားနူးညံ့သူဖြစ်သဖြင့် တစ်ယောက်ယောက်က သရော်သလိုပြောလာစေကာမူ ဒေါသဖြင့်တုံ့ပြန်မှုမပြုဘဲ သူ့အယူအဆကို အကျိုးသင့်အကြောင်းသင့်သာ ပြန်လည်ရှင်းပြလေ့ရှိပေသည်။ ကိုဗဟိန်းသည် ဖြန့်ချိရေးတိုက်သို့ရောက်လာတိုင်း ကျွန်တော်နှင့် သူညီကိုသန်းနိုင်ကိုတွေ့ပြီး လုပ်ရမည့်တာဝန်များကိုပြောပြရင်း ပေးအပ်သွားလေ့ရှိပေသည်။

ကိုဗဟိန်းမလာသောရက်များတွင် ကျွန်တော်တို့က ကိုဗဟိန်းရှိရာ မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားကြရ၏။ ကျွန်တော်တို့ ၂ယောက်စားစရိတ်နှင့် ခရီးစရိတ်ကို ၇ရက်တစ်ပတ်လျှင် ငွေ ၅ကျပ်စီ ကိုဗဟိန်းထံက ထုတ်ယူရလေသည်။ ဤငွေ ၅ ကျပ်သည် ၇ ရက်တစ်ပတ်အတွင်း စနစ်တကျသုံးစွဲပါက ထမင်းမနက်တစ်နပ်,ညတစ်နပ်ကို ကောင်းမွန်စွာစားနိုင်ရုံမျှမက တစ်ပတ်လျှင် ရုပ်ရှင် ၂ ခါမျှပင် ကြည့်နိုင်ပေသည်။

ကိုသန်းနိုင်သည် ငွေအသုံးအစွဲအလွန်လက်ဖွာသူ ဖြစ်လေသည်။ ကိုဗဟိန်းထံက ငွေထုတ်လာသောနေ့ဆိုလျှင် ကျွန်တော်တို့နေသည့် ထွန်းအေးဖြန့်ချိရေးတိုက်နှင့် မျက်စောင်းထိုးတွင်တည်ရှိသော ရန်ကုန် ပျော်ပွဲစားရုံသို့ရောက်သွားလေ့ရှိပြီး၊ ထမင်းကိုအကျမှာစားကာ ဘီယာကလေးတမြမြနှင့်လုပ်နေလေ့ရှိပေသည်။ စီးကရက်ကိုလည်း လက်ကမချတော့ပေ။ ဤပွဲတော်ရက်ကိုလွန်မြောက်၍ လက်ထဲတွင် ငွေစမကျန်တော့သော နောက်ပိုင်းရက်များတွင်မူ ကြက်သွန်ပါးပါးလှီးပြီး မဆလာဖြူးထားသည့်ကုလားပဲလုံးပြုတ် တစ်ပဲဖိုးလောက်ဝယ်စားပြီး ရေအဝသောက်ကာ ဗိုက်မှောက်အိပ်နေတတ်ပေသည်။

ကျွန်တော်ကလည်း သူအငတ်ခံနေသည်ကိုမကြည့်ရက်သဖြင့် ကျွန်တော့်အတွက် ဝေစုရငွေထဲမှပင် ခွဲဝေမျှတ၍ ကျွေးမွေးရလေသည်။ ဤအပြုအမူကို သူ့အစ်ကိုကိုဗဟိန်းကသိသဖြင့် အမြဲဝေဖန်ဆုံးမစေကာမူ ကိုသန်းနိုင်သည် သူ့ဓလေ့ကို ပြုပြင်ခြင်းမရှိပေ။ ကိုသန်းနိုင်သည် ဤသို့အနေအထိုင်, အစားအသောက်တွင် ခပ်လွတ်လွတ် ဖြစ်သလိုနေလေ့ရှိသော်လည်း၊ ကျရောက်လာသော မြေအောက်စည်းရုံးရေးလုပ်ငန်းတာဝန်ကိုမူ တာဝန်ကျေကျေ အကြောက်အရွံ့ကင်းစွာဆောင်ရွက်လေ့ရှိသူ ဖြစ်ပေသည်။

ကိုဗဆွေနှင့် ကိုကျော်ငြိမ်း

တစ်နေ့နေ့လယ်ပိုင်း တက္ကသိုလ်သမဂ္ဂရုံးတွင်ပြုလုပ်သော ဆွေးနွေးပွဲတစ်ခုသို့ ကိုဗဟိန်းနှင့်အတူ ကျွန်တော်ပါသွားလေသည်။

သမဂ္ဂရုံးအောက်ထပ်တွင် မျက်နှာဝိုင်းဝိုင်းအပေါ် မျက်မှန်ကိုင်းအဝိုင်းတပ်ဆင်ထားသူ ကျောင်းသားသမဂ္ဂဘဏ္ဍာထိန်းကိုမြ (ဂျပန်ခေတ်က ကွယ်လွန်သူ)ကို တွေ့ရပါသည်။ ကိုဗဟိန်းက

"ဒီမှာကိုယ့်လူ၊ ဗဆွေကို တွေ့မိသလား။ မြို့ထဲများ ထွက်သွားပြီလား။"

"ကိုဗဆွေရှိပါတယ်။ တော်တော်စောစောကတည်းက အပေါ်ထပ်တက်သွားတာပဲ။ ရုံးခန်းထဲမှာ စာဖတ်နေသလားမသိဘူး။"-ဟု ကိုမြက ပြန်ဖြေလေသည်။

ကိုဗဟိန်းရှေ့ဆောင်၍ သမဂ္ဂရုံးအပေါ်သို့ ကျွန်တော်တို့ တက်ခဲ့ကြပါသည်။ သမဂ္ဂဥက္ကဋ္ဌရုံးခန်းတွင်းသို့ဝင်ခဲ့ကြရာ စာရေးစားပွဲကြီးတစ်ခုပေါ်တွင် အလျားလိုက်မှောက်အိပ်နေသူတစ်ယောက်ကို တွေ့ရပါသည်။ ကိုယ်လုံးကိုယ်ပေါက်တောင့်ခိုင်သူဖြစ်ပြီး၊ သူ့ခါးတွင် ရွှေဖလားရောင်ဘန်ကောက်လုံချည်ကို ဝတ်ထားကာ ရှပ်ဖြူလက်တိုနှင့်ဖြစ်လေသည်။

"အောင်မာ၊ ကိုယ်တော်ချောက တယ်ကြိုးစားနေပါလား။ ဟေ့- ဗဆွေ၊ ထကွ။"-ဟု အော်ရင်း ကိုဗဟိန်းသည် စားပွဲကို လက်ဖဝါးဖြင့် တဖြန်းဖြန်းပုတ်လိုက်ပါသည်။ စားပွဲတွင် နားသယ်တစ်ဖက်ဖြင့် အပ်ထားပြီး မှောက်လျက်အိပ်နေသော ကိုဗဆွေသည် လူပ်ရှားခြင်းမရှိ၊ အသံသာထွက်လာ၏။

mgyoe.com SAMPLE BOOK

"ဟေ့- ဘယ်သူလဲကွ။ ချီးတဲ့၊ ဘာလို့လာနှိုးနေရတာလဲ။"-ဟု အသံဗလုံးဗထွေးဖြင့် ခပ်ထန်ထန် ပြန်အော်လိုက်ပါသည်။

"ဟေ့- ထပါကွ။ ကိုယ့်လူက ဆွေးနွေးပွဲခေါ်ထားပြီး အိပ်နေလို့ဘယ်ဖြစ်မလဲ။"

ကိုဗဟိန်းဆက်ပြောသဖြင့် ကိုဗဆွေသည် မျက်စိမျက်နှာများကို လက်ဖဝါးဖြင့်ပွတ်သပ်၍ စားပွဲပေါ်က ထလာပါသည်။

"ဘယ်နှနာရီရှိပြီလဲ။ မင်းတို့စောစောလာမယ်ဆိုပြီး စောင့်လိုက်ရတာ။ ဟိုကောင်ကျော်ငြိမ်းကော။"

ကိုဗဆွေသည် လုံချည်ပြင်ဝတ်ရင်းမေးလိုက်သည်။

"မရောက်သေးဘူး။ ကိုလှမောင်တော့ ကိုထွန်းတင်တို့အခန်းမှာ ရှိတယ်။ အဲဒီများ ရောက်နေလား မသိဘူး။"-ဟု ကိုမြက ပြန်ဖြေလေသည်။

ကိုဗဟိန်းက "ကဲ- ထွန်းတင်အခန်းထဲ သွားကြရအောင်။ ဒီမှာဆွေးနွေးပွဲလုပ်လို့ မဖြစ်ဘူး။" -ဟု ပြောပြီး ကိုထွန်းတင်အခန်းသို့ ထွက်သွားပါသည်။ ကျန်တော်တို့က သူ့နောက်မှ လိုက်သွားကြသည်။

ကိုဗဆွေသည် တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဖြစ်လေသည်။ သမဂ္ဂရုံးတွင်ပင်နေပြီး ကျောင်းသားသမဂ္ဂလုပ်ငန်းနှင့် အတွင်းကျိတ်အားဖြင့် လျှို့ဝှက်မြေအောက်စည်းရုံးရေးလုပ်ငန်းများကို ဆရာထွန်းရွှေ, ဆရာချစ်, ကိုဗဟိန်းတို့နှင့်အတူ ခေါင်းဆောင်ပိုင်းက တာဝန်ယူလုပ်နေသူ ဖြစ်ပေသည်။

ကိုဗဆွေကား ၁၃၀၀ ပြည့်အရေးတော်ပုံတုန်းက ကိုဗဟိန်းနှင့်အတူ ကျောင်းသားလှုပ်ရှားမှုများကို ခေါင်းဆောင်ခဲ့သူ၊ မကွေးတွင် ရေနံမြေအလုပ်သမား ခြေလျင်တပ်ချီတက်ရေးဦ ဦးစွာအဖမ်းခံရသူဖြစ်၍ ကျောင်းသားလောကတွင် 'ဗဟိန်း, ဗဆွေ' ဟု ပူးတွဲထင်ရှားခဲ့သူ ဖြစ်ပေသည်။ ယခုမြေအောက်လုပ်ငန်းတွင်လည်း ကိုဗဟိန်းနှင့်အတူတွဲ၍ တွေ့ရပြန်ပြီ။

ကိုထွန်းတင်အခန်းထဲတွင် ကျန်တော်တို့ဝိုင်းထိုင်မိပြီး စကားပြောနေကြစဉ် လူတစ်ယောက် သုတ်သီးသုတ်ပျာဖြင့် အခန်းထဲသို့ဝင်လာပါသည်။

"ဟေ့ကောင်- မင်း ဒီလိုချည်းပဲ နောက်ကျနေတာပဲ။"-ဟု ဝင်လာသူကို ကိုဗဆွေက ဆီး၍မာန်လိုက်သည်။ ဝင်လာသူသည် နေရာလွတ်တွင်ဝင်ထိုင်၍ သူ့လက်ထဲတွင်ပါလာသော ဖိုင်တွဲကြီးကို ခင်းထားသောဖျာပေါ်သို့ ပစ်ချလိုက်ပါသည်။ ထိုသူ၏ ပိန်ခြောက်ခြောက်မျက်နှာပေါ်တွင် တပ်ထားသည့်မျက်မှန်က တလက်လက်တောက်နေပါသည်။ နှုတ်ခမ်းကို တစ်ဖက်တွန့်၍ မထီတထီပြုံးလိုက်ကာ

"ဟ- ကိုယ်က အလုပ်နဲ့အကိုင်နဲ့ကောင်ပဲ။ မင်းလို ၁၀၉ မှမဟုတ်ဘဲ။ အလုပ်ကို ပြီးအောင်လုပ်ခဲ့ရသေးတာပေါ့ကွ။ အတူတူချင်းပြောမနေပါနဲ့ကွာ။ ကဲ- ဘာကိစ္စလဲ၊ ဆိုစမ်း။"-ဟု ထိုသူ ပြန်ပြောလေသည်။

ကိုဗဟိန်းနှင့် ကိုလှမောင်ကမူ ပြုံးနေကြပါသည်။

"ကဲ- ကိုယ်တို့လည်း သွားစရာရှိသေးတယ်။ ဆွေးနွေးပွဲ စကြအောင်"-ဟု ကိုဗဟိန်းကပြောဆိုပြီး စတင်ဆွေးနွေးကြပါသည်။

ဆွေးနွေးသောပြဿနာမှာ 'ဗမာ့တော်လှန်မှု'စာစောင် ဖြန့်ချိဝေငှပြီးသည့်အခြေအနေနှင့် မြေအောက်လုပ်ငန်းအတွက် စာစောင်ကိုဖြန့်ဝေရင်း ရန်ပုံငွေကောက်ခံရန်ကိစ္စ, ကျောင်းသားများအတွင်း မြေအောက်ယူနစ်အစုများဖွဲ့စည်း၍ နိုင်ငံရေးသင်တန်းများပေးရေးကိစ္စများ ဖြစ်ပေသည်။

ဆွေးနွေးပွဲသို့ နောက်ဆုံးမှရောက်လာသော မျက်မှန်နှင့်လူပိန်ပိန်ကို ကျန်တော် မသိပါ။ ကိုဗဟိန်းကလည်း မိတ်ဖွဲ့မပေးခဲ့။ ဆွေးနွေးပွဲအတွင်းမှာသာ ကိုဗဟိန်းက ထိုသူကို 'ကျော်ငြိမ်း' ဟု အမည်တပ်ခေါ်သဖြင့် ကျောင်းသားခေါင်းဆောင်ကိုကျော်ငြိမ်းဖြစ်မှန်း သိရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆွေးနွေးပွဲမှာ တစ်နာရီခန့်ကြာလေသည်။

ညနေ ၃ နာရီခန့်တွင် ကျွန်တော်နှင့်ကိုဗဟိန်း ကျောင်းသားသမဂ္ဂရုံးမှ ပြန်ထွက်လာကြသည်။ လမ်းတွင် ကိုဗဟိန်းအား ကိုကျော်ငြိမ်းအကြောင်းမေးကြည့်မိသည်။ ကိုကျော်ငြိမ်းသည် ကျောင်းမနေတော့ပေ။ ရန်ကုန်ဆိပ်ကမ်းဝန်ရုံးတွင် အကောက်အရာရှိဝင်လုပ်နေသည်။ သို့ရာတွင် ရဲဘော်ဟောင်းများနှင့်ကား နိုင်ငံရေးလုပ်ငန်းအရ အဆက်အသွယ်မပြတ်ဘဲ မြေအောက်ယူနစ်ဗဟိုအာဏာပိုင်အဖွဲ့တွင် ခေါင်းဆောင်တစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်လျက်ပင်ရှိကြောင်း သိရလေသည်။

တက်ဘုန်းကြီးကိုသိန်းဖေ

'ဗမာ့တော်လှန်မှု' လျှို့ဝှက်စာစောင်ကို တစ်ပြည်လုံးရှိ မြေအောက်ယူနစ်များသို့ ဖြန့်ချိဝေငှလိုက်ပြီးဖြစ်ပေသည်။ ဗမာ့တော်လှန်မှု လျှို့ဝှက်စာစောင်ထုတ်ဝေဖြန့်ချိနေခြင်းကို စုံထောက်ပုလိပ်များက အနံ့ရသွားလေပြီ။ ထို့ကြောင့်- ကျွန်တော်တို့ မြေအောက်ယူနစ်အဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုနှင့် အဆက်အသွယ်များကို အထူးသတိပြု၍ဆောင်ရွက်ကြရန် ကိုဗဟိန်း, ဆရာထွန်းရွှေ စသည့်ခေါင်းဆောင်များက ညွှန်ကြားလေသည်။

ကိုဗဟိန်း, ဆရာထွန်းရွှေ, ဆရာချစ် စသည့်ခေါင်းဆောင်များအတွင်း ဆက်သွယ်မှုကိုလည်း အပြောင်းအလဲများလုပ်၍ အထူးဆင်ခြင်နေကြရလေသည်။ စုံထောက်များ၏ နောက်ယောင်ခံလိုက်ခြင်းမှာ ပိုမိုများလာသဖြင့် အသွားအလာဆက်သွယ်မှုများကို မဆင်ခြင်၍လည်း မဖြစ်တော့ပေ။

စုံထောက်ပုလိပ်များ မည်မျှခြေရှုပ်လာစေကာမူ လျှို့ဝှက်စည်းရုံးရေးလုပ်ငန်းများ ရပ်ဆိုင်းမသွားစေရန် လျှို့ဝှက်နည်းများကိုကျင့်သုံး၍ စည်းရုံးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြရလေသည်။

ခေါင်းဆောင်များအတွင်း ယခင်ကလို လူချင်းတိုက်ရိုက်ဆွေးနွေးကြခြင်းကို ရှောင်ကြဉ်လာရပြီး အရေးကြီးသည့်ကိစ္စများတွင် လျှို့ဝှက်စာရေးနည်းဖြင့် လည်းကောင်း၊ သာမန်ကိစ္စများတွင် ဆက်သားကို နှုတ်ဖြင့်မှာကြားလိုက်ခြင်းဖြင့် လည်းကောင်း ပြောင်းလဲအသုံးပြုလာရလေသည်။

ကျွန်တော်နှင့်ကိုသန်းနိုင်မှာ ပန်းဆိုးတန်း ဖြန့်ချိရေးစာအုပ်တိုက်တွင် စတည်းချပြီး ကိုဗဟိန်းနှင့် ဆရာထွန်းရွှေ, ဆရာချစ်တို့အကြားတွင် လည်းကောင်း၊ ကိုဗဟိန်းနှင့် တက္ကသိုလ်သမဂ္ဂတွင်ရှိကြသော ကိုဗဆွေ, ကိုလှမောင်တို့အကြားတွင် လည်းကောင်း ဆက်သားအဖြစ် ဆက်သွယ်ရေးတာဝန်ကို ယူနေရလေသည်။

ကျွန်တော်တို့ကိုပေးထားသည့်အလုပ်မှာ များသောအားဖြင့် နေ့လယ်ခင်းဘက်တွင် မထမ်းဆောင်ရဘဲ ညဘက်ပိုင်းရောက်လာမှသာ ဆောင်ရွက်ကြရသဖြင့် ကျွန်တော်တို့သည် ညဉ့်လူ,ညဉ့်ငှက်များသဖွယ် တဖြည်းဖြည်းဖြစ်လာကြလေသည်။ နေ့ပိုင်းတွင် စားချိန်သောက်ချိန်မှအပ တစ်နေ့လုံးလိုလိုအိပ်နေ, နားနေကြပြီး၊ ညနေပိုင်းရောက်လာမှသာ ရေမိုးချိုး,အဝတ်အစားလဲကာ ကျရာတာဝန်ကိုကိုယ်စီယူ၍ အမှောင်ထဲသို့ ထွက်လေ့ရှိပေသည်။

ရေကျော်တွင်နေသောဆရာထွန်းရွှေနှင့် ဆရာချစ်တို့ထံသို့ ကျွန်တော်သည် ၂ ရက်ခြားတစ်ခါလောက် သွားရသည်။ ဤသို့အသွားအလာများနေသဖြင့် ကျွန်တော်တို့ကို ပေးအပ်ထားသည့် လျှို့ဝှက်လုပ်ငန်းတာဝန်နှင့် မသက်ဆိုင်သော အခြားလျှို့ဝှက်လုပ်ငန်းများကိုပါ သိလာရလေသည်။

ကိုဗဟိန်းခေါင်းဆောင်သော ကျွန်တော်တို့အစု၏ လျှို့ဝှက်ရေးတာဝန်မှာ လျှို့ဝှက်ပညာပေးရေးနှင့် ဝါဒဖြန့်ချိရေး ဖြစ်လေသည်။ ဆရာထွန်းရွှေ, ဆရာချစ်တို့ခေါင်းဆောင်သော အစုတာဝန်မှာ ဂျပန်သို့ စစ်ပညာသင်ကြားရန် လူငယ်များပို့လွှတ်ရေး, လက်နက်စုဆောင်းရေး, စစ်ပညာသင်ကြားရေး စသည့်တာဝန်များကိုယူထားလေသည်။ ဤသို့ သီးခြားတာဝန်များခွဲထားသော်လည်း အစုတစ်စု၏လှုပ်ရှားမှုများနှင့် အခြေအနေများကိုမူ တစ်စုနှင့်တစ်စု သိရှိရိပ်မိနေကြသည်သာ ဖြစ်ပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အတူတကွစွန့်စားပြီး ဆက်သွယ်ဆောင်ရွက်နေကြသူများဖြစ်ကြသဖြင့် အစုတစ်စု၏လှုပ်ရှားမှုများကို တစ်စုက လုံးဝမသိအောင်လုပ်၍ကား မရနိုင်ပါ။ မိမိနှင့် မသက်ဆိုင်သောလျှို့ဝှက်လုပ်ငန်းများကို တတ်နိုင်သလောက်မသိအောင်၊ သိစေကာမူလည်း ပေါက်ကြားမသွားအောင်သာ တိုင်းပြည်ချစ်စိတ်ဖြင့် ထိန်းသိမ်းထားကြရလေသည်။ ထို့ကြောင့်- ခေါင်းဆောင်များက မကြာခဏသတိပေးလေ့ရှိသောဆောင်ပုဒ်မှာ 'မဆိုင်ရင် မသိချင်နှင့်', 'သိရင် မပြောနှင့်' ဟူ၍ဖြစ်ပေသည်။

မဆိုင်စေကာမူ သိနေသည်တို့ကား ဇွန်လပထမပတ်အတွင်းတွင် ဆရာထွန်းရွှေအိမ်၌နေသော ကိုသန်းညွှန့်(နောင် ဗိုလ်ဇင်ယော်)နှင့် ဆရာချစ်၏ သမဝါယမဆိုင်တွင်ဈေးရောင်းနေသူ ကိုလှ(နောင် ဗိုလ်မင်းရောင်)တို့ ၂ ယောက်အား ဂျပန်ပြည်သို့ စစ်ပညာသင်ကြားရန် ပို့လွှတ်လိုက်ခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ လျှို့ဝှက်ရေးလုပ်ငန်း၏ကျင့်ထုံးတစ်ခုမှာ မည်သူ့ကိုမဆို အရေးကြီးသည့် တာဝန်တစ်ခုခုပေးရာတွင် ကြိုတင်အသိပေးထားလေ့မရှိဘဲ တာဝန်ကိုထမ်းဆောင်ရတော့မည့် အချိန်ရောက်မှသာ အသိပေးလေ့ ရှိလေသည်။ ကိုသန်းညွှန့်တို့ကိုလည်း ဂျပန်သို့ စစ်ပညာသင်ကြားရန် လိုက်ရပါမည်ကို ကြိုတင်အသိမပေးဘဲ သဘော်ဆင်းရခါနီးမှ ဖြုန်းခနဲသိ၍ ကမန်းကတန်းပြင်ဆင်ပြီးလိုက်ပါသွားခြင်း ဖြစ်လေသည်။

၁၉၄၁ ခုနှစ် နိုဝင်ဘာလ

တစ်နေ့တွင် ကိုဗဟိန်းနှင့်ကျွန်တော်သည် ဖြန့်ချိရေးစာအုပ်တိုက်မှ လူးဝစ်စ်လမ်း (ယခု ဆိပ်ကမ်းသာလမ်း) နဂါးနီတိုက်သို့ ထွက်လာကြသည်။ အချိန်ကား ညနေ ၃ နာရီခွဲခန့် ရှိလေသည်။ ကိုဗဟိန်းသည် ပန်းဆိုးတန်းလမ်းထိပ် ကွမ်းခြံဘူတာကြီးနှင့်တည့်တည့် ဝိုင်အမ်စီအေအပေါ်ထပ်သို့ တက်သွားလေသည်။ ကျွန်တော်လည်း သူ့နောက်က လိုက်ပါသွားသည်။ ကိုဗဟိန်းက လှေကားထစ်များကို တစ်လှမ်းချင်းတက်ရင်း "ခင်ဗျား ကိုသိန်းဖေကိုသိသလား။"-ဟု မေးလေသည်။

"ကိုသိန်းဖေကို ကျွန်တော်မသိဘူး။ သူရေးတဲ့စာအုပ်တွေတော့ ဖတ်ဖူးတယ်။ တက်ဘုန်းကြီးတို့, တက်ခေတ်နတ်ဆိုးတို့။ တက်ခေတ်နတ်ဆိုးကတော့ အတော်ကိုကောင်းတယ်။"

"အေးဗျ။ ဒီစာအုပ်က တော်တော်ကိုကောင်းတယ်။"

ကိုဗဟိန်းသည် အပေါ်ထပ်ရောက်သည်နှင့် ညာဘက်ထောင့်က အခန်းတံခါးကို ခေါက်လိုက်သည်။ အခန်းတံခါးပွင့်လာသောအခါ ကိုသိန်းဖေကိုတွေ့ရသည်။

"ဩော်- ကိုယ့်လူကိုး။ ကဲ- လာ လာ။"

ကိုသိန်းဖေက ပြုံးရွှင်ပျူငှာစွာခေါ်ယူသည်။

"ခင်ဗျားကို တွေ့မှတွေ့ပါ့မလားလို့။"

စာရေးစားပွဲဘေးက ပက်လက်ကုလားထိုင်တွင်ဝင်ထိုင်ရင်း ကိုဗဟိန်းက ပြောလိုက်သည်။ ကျွန်တော့်ကိုလည်း ကုလားထိုင်တစ်လုံးတွင်ထိုင်ရန် လက်ညှိုးထိုးပြသဖြင့် ဝင်ထိုင်လိုက်သည်။

ကိုသိန်းဖေသည် ဖြူဖွေးသပ်ရပ်စွာခင်းကျင်းထားသော ခုတင်ပေါ်တွင် ခြေတွဲလွဲချထိုင်ပြီး ခြေကိုလှုပ်ယမ်းရင်း

"ကိုယ့်လူကို တမင်စောင့်နေတာ။ အလုပ်ရှိပေမယ့် ဘယ်သွားလို့ဖြစ်မလဲ။ ကဲ- ဆိုစမ်းပါဦး။"

ကျွန်တော်သည် သူတို့ ၂ ဦး အပြန်အလှန်ပြောဆိုနေသော စကားအဓိပ္ပာယ်ထက် လူကိုယ်တိုင်ယခုမှတွေ့ရသည့် ကိုသိန်းဖေ၏ဟန်အမူအရာများကိုသာ အလေးပေးဂရုပြုနေမိပါသည်။

ကိုသိန်းဖေသည် အသားအတန်ညည်း၍ အရပ်အမောင်းကောင်းသူဟု ဆိုရမည်။ ဆံပင်ကို သပ်ရပ်စွာဖီးထားပြီး မျက်နှာ၏ထူးခြားမှုမှာ မျက်မှန်တပ်လေ့ရှိသူများ၏အမူအကျင့်အတိုင်း ခေါင်းမော့မေးငေါ့ဟန်ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးနှင့်နှုတ်ခမ်းတို့က တစ်ပြိုင်တည်းပြုံးနေခြင်းပင် ဖြစ်လေသည်။ အောက်နှုတ်ခမ်းကလည်း တွဲနေသည်။

ကိုဗဟိန်း၏စကားများကို ကိုသိန်းဖေက ခေါင်းမသိမသာညိတ်၍ညိတ်၍ နားထောင်နေသည်ကို တွေ့ရ၏။ ဟာဝေယဲရှုပ်ဖြူနှင့် ပိုးလုံချည်တစ်ပတ်နွမ်းကိုဝတ်ထားလေသည်။ အခန်းထဲရှိပစ္စည်းများမှာ ရိုးရိုးရှင်းရှင်းနှင့် သန့်ရှင်းသေသပ်မှုများကို တွေ့ရ၏။ ခုတင်တစ်လုံး, ဗီရို, စာရေးစားပွဲနှင့် ဖိနပ်တင်ခုံတွင် ရှူးဖိနပ်များကိုလည်း တွေ့ရလေသည်။

ကျွန်တော်သည် ကိုသိန်းဖေကို ကျောင်းသားခေါင်းဆောင်တစ်ယောက်နှင့် စာရေးဆရာတစ်ယောက် အဖြစ်သာ ကြားဖူးသည်။ သူရေးသော 'တက်ခေတ်နတ်ဆိုး' ဝတ္ထုမှာ ထွက်ခါစဖြစ်ပြီး စာပေဝါသနာရှင်များအတွင်း ရေပန်းစားနေဆဲ ဖြစ်ပေသည်။ ဤဝတ္ထုကို ကျွန်တော် ၂ ခါ-၃ ခါမျှ ပြန်ဖတ်မိသည်။ ဝတ္ထုတွင် ဇာတ်လိုက်မင်းသားညွန့်မောင် သေဆုံးသွားသောအခါ ဇနီးအဖြူ၏ကြေကွဲမှုကို သရုပ်ဖော်ထားရာတွင် 'အဖြူသည် မတုန်မလှုပ်၊ ကျောက်ရုပ်' ဟုရေးဖွဲ့ကာ အဆုံးသတ်ထားသည်မှာ ပြောင်မြောက်၍ စာရှူသူအားစွဲကျန်ရစ်စေသည်။

တက်ခေတ်နတ်ဆိုးသည် အရေးအဖွဲ့တွင်သာ အနုပညာဂုဏ်မြောက်သည် မဟုတ်။ ဝတ္ထု၏ရည်မှန်းချက်ဖြစ်သော ကာလသားရောဂါ၏ဆိုးကျိုးများကို သရုပ်ဖော်ရာတွင်လည်း စာရှူသူတို့အား တစ်ခဏတာ ရာဂစိတ်ဖြေဖျောက်မှုအတွက် သားစဉ်မြေးဆက် လူညွှန့်တုံးစေနိုင်သည့်ရောဂါဆိုးကို ငွေဖြင့်ပေးဝယ်သော အလေ့အထအား ရွံမုန်းရှောင်ရှားလိုစိတ်များ တဖွားဖွားပေါ်လာလောက်အောင်ပင် တတ်နိုင်ပါပေသည်။ ယခု ကိုသိန်းဖေတစ်ယောက် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတွင် ဇာတ်ညွှန်းရေး၍ ဒါရိုက်တာလုပ်နေသည်ဟု ကြားရလေသည်။ 'ယောကျ်ားဂုဏ်ရည်' ဟူသောရုပ်ရှင်ကားမှာ ကိုသိန်းဖေ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သောရုပ်ရှင်ကားပင် ဖြစ်ပေသည်။

ကိုဗဟိန်းနှင့်ကိုသိန်းဖေ အပြန်အလှန်စကားပြောနေကြသည်မှာ ၁၅ မိနစ်ခန့်သာ ကြာပါသည်။ ကိုဗဟိန်းသည် ကိုသိန်းဖေအားနှုတ်ဆက်ပြီး ကျွန်တော့်ကိုခေါ်၍ တိုက်အောက်ထပ်သို့ ဆင်းလာကြသည်။ ကိုဗဟိန်းနှင့်ကိုသိန်းဖေတို့ ဆွေးနွေးခဲ့ကြသည့်ကိစ္စမှာ ကိုသိန်းဖေအနေဖြင့် အရေးတော်ပုံလုပ်ငန်းတွင် တာဝန်တစ်ခုခုဝင်ရောက်ယူရေးပင် ဖြစ်ပေသည်။ ကိုဗဟိန်းသည် ဤကိုသိန်းဖေနှင့် ဆွေးနွေးခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်ကို ဘာမျှဆက်လက်ပြောဆိုခြင်းမပြုဘဲ၊ လူးဝစ်စ်လမ်းထဲမှ နဂါးနီစာအုပ်တိုက်သို့သာ ထွက်သွားပါသည်။

* * *

ဇွန်လပထမပတ် ဖြစ်သည်။ သာယာဝတီစီရင်စုအတွင်းရှိ ကျောင်းသားခေါင်းဆောင်အချို့နှင့် မြို့နယ်အသီးသီးမှ တို့ဗမာအစည်းအရုံးခေါင်းဆောင်များကို လက်ပံတန်းမြို့ ဖိုးပိုက်ဆံကျောင်းကြီးတွင် စုရုံးစေပြီး နိုင်ငံရေးသင်တန်း ဖွင့်ခဲ့လေသည်။ သင်တန်းကို 'သာယာဝတီစီရင်စု တို့ဗမာ တောင်သူလယ်သမားအစည်းအရုံးဆွေးနွေးပွဲ' ဟု အမည်ခံ၍ ဖြောင့်ပြုလုပ်ခြင်း ဖြစ်သည်။ သင်တန်းသို့ ကျောင်းသားခေါင်းဆောင်များ, မြို့နယ်သခင်ခေါင်းဆောင်များသာမက ဗမာ့လက်ရုံးတပ်က တပ်မှူးများပါတက်ရောက်၍ စုစုပေါင်း လူဦးရေ ၆၀ ခန့်ရှိလေသည်။

သင်တန်းကို စတင်ဖွင့်လှစ်သောအခါ တို့ဗမာအစည်းအရုံးဌာနချုပ်ခေါင်းဆောင်တစ်ဦးနှင့် သာယာဝတီမြောက်ပိုင်းလွှတ်တော်အမတ်ဖြစ်သော သခင်မြက မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းဆရာများမှာ ကိုဗဟိန်း, သခင်ဘသော်, သခင်ချစ်မောင် (နောင် ဝိမုရသခင်ချစ်မောင်), သခင်တင်ထွန်းနှင့် ကျွန်တော်တို့ ဖြစ်ပါသည်။

mgyoe.com SAMPLE BOOK

နိုင်ငံရေးသင်တန်းပေးရာ၌ နေ့လယ်ပိုင်း အပြင်လူများအဝင်အထွက်ရှိသောအချိန်တွင် ယေဘုယျ နိုင်ငံရေးသဘောတရားများ, ဥပဒေတွင်း အလုပ်သမား လယ်သမား လူပ်ရှားမှုသမိုင်းနှင့် စည်းရုံးရေးဆိုင်ရာ ဘာသာရပ်များကိုသာ သင်ကြားပို့ချပြီး၊ ညပိုင်းရောက်၍ လူအဝင်အထွက် ရှင်းသွားသောအခါတွင်မှ ဗမာ့ လက်ရုံးတပ်သားများကို အစောင့်ချ၍ အရေးတော်ပုံလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် မြေအောက်လှုပ်ရှားစည်းရုံး ရေး, လက်နက်စွဲကိုင်တိုက်ခိုက်နည်းများနှင့် လက်နက်စုဆောင်းရေးစသည့် ဥပဒေပဖြစ်သော ဘာသာရပ်များကို ဆွေးနွေးသင်ကြားခြင်း ပြုလေသည်။

ကျွန်တော်ထောင်မကျမီက သာယာဝတီသခင်မြအိမ်တွင် ခေတ္တနေထိုင်ရင်း ရင်းနှီးခင်မင်ခဲ့ရသော သခင်အောင်ဖေ, သခင်သိန်းမောင်နှင့် သုံးဆယ်မှ သခင်မြလေးတို့လည်း သင်တန်းသို့ တက်ရောက်လာကြလေ သည်။ သခင်သန်းတင်တစ်ယောက်သာ ဤလူသိုက်အတွင်းက ပျောက်နေခြင်းဖြစ်ပေသည်။ သခင်သန်းတင် သည် သာယာဝတီကသာ မဟုတ်။ မြန်မာပြည်မြေပေါ်ကပါ ပျောက်ကွယ်သွားပြီး စစ်ပညာသင်ကြားရန် ဂျပန်ပြည်ရောက်နေခြင်းပင် ဖြစ်ပေသည်။

နိုင်ငံရေးသင်တန်းမှာ ၅ ရက်ခန့်သာကြာပြီး နောက်ဆုံးနေ့တွင် လက်ပံတန်းမြို့အနီးပတ်ဝန်းကျင် ကားလမ်းပေါ်မှ ကျေးရွာများသို့ သင်တန်းသားများအုပ်စုခွဲ၍ဆင်းကြပြီး၊ တို့ဗမာ တောင်သူလယ်သမားများ၏ ဘဝအခြေအနေများကို လေ့လာကြသည်။ တို့ဗမာအစည်းအရုံး၏သဘောထားနှင့် လုပ်ငန်းစဉ်များကို ရှင်းပြ ကြသည်။ ကျွန်တော်တို့ရောက်ရှိခဲ့သော ကျေးရွာမှာ မူလကပင် တို့ဗမာအစည်းအရုံး၏စည်းရုံးမှုဖြင့် ရင်းနှီး ကျွမ်းဝင်ပြီးဖြစ်သဖြင့်၊ ရွာသူရွာသားများမှာ စည်းရုံးတက်ကြွမှုရှိ၍ နိုင်ငံရေးအသိအမြင်တွင် ခေတ်နောက်ကျခြင်း မရှိလှပေ။ ကျေးရွာခေါင်းဆောင်များသည် ကမ္ဘာစစ်အခြေအနေနှင့် မြန်မာပြည်၏နောင်ရေး, လွတ်လပ်ရေး အလားအလာ, ဂျပန်လူမျိုးများအကြောင်း စသည်တို့ကို စိတ်ပါဝင်စားစွာ မေးမြန်းလာကြသဖြင့် သခင် ခေါင်းဆောင်များက ဤမေးခွန်းများကို ဖြေကြားရှင်းလင်းပြခဲ့ရလေသည်။

လက်ပံတန်းသင်တန်းပြီးဖြင့် သခင်မြအိမ်သို့ဝင်ခဲ့သည်။ သခင်မြဇနီးဒေါ်ဒေါ်ညွန့်သည် ယခင်က ကဲ့သို့ပင် ဖော်ရွေပျူငှာမှုမပျက် ဝမ်းပန်းတသာကြိုဆိုဧည့်ခံ၍ ထောင်တွင်းကြုံတွေ့ခဲ့ရသည်တို့ကို မေးမြန်းလေ သည်။ အိမ်တွင် ယခင်ကကဲ့သို့ စည်စည်ကားကားသိုက်သိုက်ဝန်းဝန်းမရှိတော့ကြောင်း၊ သခင်ခင်အောင်မှာ လည်း ထောင်ထဲရောက်နေပြီး သခင်မြမှာလည်း ရန်ကုန် မကြာခဏသွားနေရကြောင်း၊ သခင်ဖေအောင်, သခင်သိန်းမောင် စသူတို့မှာ မြေအောက်လုပ်ငန်းများလုပ်နေကြသဖြင့် မကြာခဏ ခရီးထွက်နေကြကြောင်းများ ကို ဒေါ်ဒေါ်ညွန့်က ပြောပြလေသည်။

ကျွန်တော်သည် ဒေါ်ဒေါ်ညွန့်တို့အိမ်တွင် တစ်နေ့နှားနေပြီး သာယာဝတီမှ ညရထားဖြင့် ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

ဗမာ့တော်လှန်မှု အမှတ်(၂)

ရန်ကုန်ပြန်ရောက်ပြီး မကြာမီအတွင်းမှာပင် ကျွန်တော်တို့သည် 'ဗမာ့တော်လှန်မှုအမှတ်-၂' လျှို့ဝှက် စာစောင်ထုတ်ဝေရန် ပြင်ဆင်ကြရသည်။

ဗမာ့တော်လှန်မှုအမှတ်-၁ စာစောင်ကို ရန်ကုန်မှာပင်ရိုက်နှိပ်ပြီး ရန်ကုန်မှပင် တစ်ပြည်လုံးသို့ ဆက်သွယ်ဖြန့်ချိခဲ့သဖြင့်၊ ဗမာ့တော်လှန်မှုရိုက်နှိပ်ဖြန့်ချိရာဒေသမှာ ရန်ကုန်ပင် ဖြစ်သည်ဟု စုံထောက်များ ရိပ်မိသွားဟန်တူပါသည်။ ရန်ကုန်ရှိ ဌာနချုပ်တို့ဗမာအစည်းအရုံးနှင့် ကျောင်းသားသမဂ္ဂကို သဲသဲမဲမဲ လိုက်လံစုံစမ်းလျက်ရှိပါသည်။ စုံထောက်များက အချို့ကျောင်းသားများကိုပင် ဗမာ့တော်လှန်မှုစာစောင် အကြောင်း မေးလားမြန်းလားလုပ်လာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤ 'ဗမာ့တော်လှန်မှု' စာစောင်အတွက် စုံထောက်များခြေရှုပ်လာသည်မှာ မဆန်းပါ။ ဇွန်လဆန်းလောက်တွင် အစိုးရပြန်ကြားရေးဌာနက ထုတ်ပြန်သောဂေဇက်၌ 'ဗမာ့တော်လှန်မှု အမည်ဖြင့် ကွန်မြူနစ်ပါတီ (ဗမာပြည်)မှ စာကူးစက်ဖြင့်လျှို့ဝှက်ထုတ်ဝေသော ဖယောင်းစက္ကူဖြင့်ရိုက်နှိပ်ထားသည့်စာစောင်သည် အများပြည်သူများအတွင်း အချင်းချင်းသွေးကွဲစေ, ပဋိပက္ခဖြစ်စေပြီး မြန်မာနိုင်ငံအစိုးရအား အကြည်ညိုပျက်စေသော အရေးအသားများကြောင့် ဤစာစောင်များကို တွေ့ရာနေရာတွင်သိမ်းစေ။'-ဟူသော ဘုရင်ခံ၏ ညွှန်ကြားချက်ပါရှိသည်ကို တွေ့ရလေသည်။

ထို့ကြောင့်- ကိုဗဟိန်းနှင့်ဆရာချစ်တို့က ဗမာ့တော်လှန်မှု အမှတ်-၂ ကို နေရာပြောင်းရွှေ့၍ရိုက်နှိပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ လျှို့ဝှက်ရေးစည်းကမ်းတွင် 'အရေးကြီးသောလုပ်ငန်းများကို တစ်နေရာတည်း အကြိမ်ကြိမ် ထပ်၍မပြုလုပ်ဘဲ သင့်တော်သလို နေရာပြောင်းရွှေ့လုပ်ရမည်။ စုံထောက်များ အာရုံစိုက်နေသော နေရာများတွင် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။'-ဟူသောစည်းကမ်း ရှိလေသည်။ ဗမာ့တော်လှန်မှု အမှတ်-၂ ကို ရန်ကုန်မြို့နှင့်ဝေးဝေး စုံထောက်များ မျက်ခြည်ပြတ်သွားနိုင်သည့် ဖြူးမြို့တွင် သွားရောက်ရိုက်နှိပ်ရန် စီစဉ်ကြလေသည်။

ဖြူးမြို့တွင် လျှို့ဝှက်စာစောင်ရိုက်နှိပ်ရေးအတွက် နေရာနှင့် လုံခြုံမှုကိစ္စအဝဝကို တောင်ငူခရိုင် သခင်ခေါင်းဆောင်တစ်ဦးဖြစ်သော သခင်သန်းဖေက အစစအရာရာ တာဝန်ယူလေသည်။ သခင်သန်းဖေရန်ကုန်မှအပြန်တွင် စာစောင်ရိုက်ရန် လိုအပ်သော စက္ကူများ, ဖယောင်းစက္ကူ, စာကူးစက်မင်တို့ကို ထည့်ပေးလိုက်ရလေသည်။ စာကူးစက်ကိုမူ သခင်သန်းဖေက ဖြူးတွင် ရှာပေးမည်ဖြစ်သည်။ လိုအပ်သည်တို့ကိုပြင်ဆင်ရန် သခင်ဘသော်သည် သခင်သန်းဖေ ပြန်သွားပြီး ၄ ရက်မျှအကြာတွင် ဖြူးမြို့သို့ ထပ်လိုက်သွားလေသည်။

ဇွန်လ ၁၇ ရက်နေ့လောက်တွင်မှ ကိုသန်းနိုင်, သခင်သက်တင်နှင့် ကျန်တော်တို့ ၃ ယောက်သည် လက်နှိပ်စက်တစ်လုံးကို သံသေတ္တာထဲတွင်ထည့်ကာ ညနေရထားဖြင့် ဖြူးမြို့သို့ ထွက်လာခဲ့ကြသည်။ ကျန်တော်တို့နှင့်အတူ ကိုဗဟိန်း, ဆရာထွန်းရွှေနှင့် ဆရာချစ်တို့ ရေးပေးလိုက်သော ဗမာ့တော်လှန်မှုစာစောင်အတွက် ဆောင်းပါးစာမူများ ပါလာလေသည်။ ည ၁၁ နာရီခန့်တွင် ဖြူးမြို့ဘူတာသို့ ရထားဆိုက်လေသည်။ အချိန်းအချက်ပြုထားသည့်အတိုင်း သခင်သန်းဖေ လွှတ်ထားသော ရဲဘော်လေးတစ်ယောက် ရထားဘူတာသို့ လာကြိုနေသည်ကို တွေ့ရသည်။

ကျန်တော်တို့သည် လက်နှိပ်စက်ထည့်ထားသောသံသေတ္တာကိုထမ်း၍ တည်းခိုရမည့်အိမ်သို့ ခြေကျင်လျှောက်ကြသည်။ လမ်းတွင် သခင်သန်းဖေနေသောအိမ်သို့ ဝင်ရသေးသည်။ သခင်သန်းဖေမှာ သစ်ဆိုင်ဖွင့်ထားသော သူ့အစ်မကြီးအိမ်တွင်နေထိုင်သူ ဖြစ်သည်။ သခင်သန်းဖေကတစ်ဖန် ကျန်တော်တို့တည်းခိုရမည့်အိမ်သို့ ထပ်ညွှန်းသဖြင့် ဆက်သွားရပြန်သည်။ သခင်သန်းဖေအိမ်မှထွက်၍ အတန်သွားပြီးနောက် လမ်းမကြီးဘေးမှ အိမ်တစ်အိမ်သို့ဝင်ကြရလေသည်။ ထိုအိမ်ရှင်မှာ သခင်သန်းဖေတို့စည်းရုံးထားသော 'သခင်လှအောင်' ဆိုသူပင် ဖြစ်ပေသည်။ ထိုအိမ်တွင် သခင်လှအောင်နှင့် မိခင်,ဖခင်များဖြစ်ဟန်တူသော အဘိုးကြီး, အဘွားကြီးတို့ကိုတွေ့ရသည်။

ကျန်တော်တို့ ၃ ဦးသည် ခရီးပန်းလာသဖြင့် အိမ်ရှင်များကိုပင် စကားစမြည်ပြောမနေနိုင်တော့ဘဲ အိမ်ပေါ်ရောက်ပြီးမကြာမီမှာပင် အိပ်ရာများပြင်၍အိပ်လိုက်ကြသည်။

နောက်တစ်နေ့နံနက်စောစောတွင် မိုးရွာနေဆဲ သခင်သန်းဖေရောက်လာသည်။ ကျန်တော်တို့ အလုပ်လုပ်ရမည့်ရွာသို့ သွားလာရေး, နေထိုင်ရေးအတွက် အစီအစဉ်လုပ်ကြသည်။ ကျန်တော်တို့နှင့်ပါလာသော လက်နှိပ်စက်နှင့် သူတို့ထံတွင်ရှိသောစာကူးစက်ကို ညနေကျမှ လှည်းနှင့်ပို့ပေးမည်။ သခင်သက်တင်နှင့် ကိုသန်းနိုင်က ယခု နံနက်စာစားပြီးသည်နှင့် ရဲဘော်တစ်ယောက်နှင့်အတူ ဖြူးအရှေ့ဘက် ၃ မိုင်ခန့်ဝေးသော

mgyoe.com SAMPLE BOOK

ညောင်ပင်သာရွာသို့သွားနှင့်ကြရန် ဖြစ်သည်။ ကျွန်တော်ကမူ ကိုဗဟိန်းမှာလိုက်သည့်အတိုင်း ယနေ့ညနေတွင် တောင်ငူသို့ ခရီးဆက်သွားရမည်ဖြစ်ပြီး၊ တောင်ငူတွင်ရှိကြသော မြေအောက်ယူနစ်ရဲဘော်များကို နိုင်ငံရေး အခြေအနေများ ဆွေးနွေးရန် ဖြစ်ပေသည်။ ကျွန်တော်သည် တောင်ငူတွင် တစ်ညနေပြီး နောက်တစ်နေ့ ညနေအရောက် ဖြူးသို့ ပြန်လာရမည်။ ကျွန်တော်တို့အရင် ဖြူးသို့ ကြိုတင်ရောက်နေသော သခင်ဘသော်မှာ ကညွတ်ကွင်းရှိ သူ့နေအိမ်တွင် ရောက်နေပေသည်။ မနက်ဖြန်ညနေ ညောင်ပင်သာရွာသို့ ကျွန်တော် ရောက် ချိန်လောက်တွင်မှ သူ ရောက်လာမည် ဖြစ်ပေသည်။

သခင်သန်းဖေ၏အစီအစဉ်အတိုင်း သခင်သက်တင်နှင့် ကိုသန်းနိုင်တို့ ၂ ယောက် နံနက်စာစားပြီးသည်နှင့် စခန်းချမည့်ရွာသို့ ထွက်သွားကြသည်။ သခင်သန်းဖေက ခေါ်ယူမိတ်ဆက်ပေးသဖြင့် ကျွန်တော် ဖြူးတွင်ရှိနေစဉ် ကျွန်တော်တို့၏ စာစောင်ရိုက်နှိပ်ရေးဌာန ဝင်ရောက်ဆောင်ရွက်ကြမည့် သခင်ဒေါင်း, သခင်ငွေ နှင့် သခင်အုန်းရွှေ, သခင်လှအောင်တို့အား တွေ့ဆုံဆွေးနွေးရလေသည်။ သခင်ငွေမှာ ပန်းချီအနုပညာယဉ်ရေးတတ်သူဖြစ်သဖြင့် 'ဗမာ့တော်လှန်မှု' စာစောင်ကို ဖယောင်းစက္ကူဖြင့် ရိုက်နှိပ်ရာတွင် ခေါင်းစီးစာလုံးများနှင့် ဒီဇိုင်းများကို သဘကညစ်နှင့်ရေးပေးနိုင်သည့်သူ ဖြစ်ပေသည်။

သခင်သန်းဖေမှာ ကျွန်တော်တို့ ဖြူးတွင်အလုပ်လုပ်နေစဉ် ဖြူးတွင်မနေဘဲ ရန်ကုန်တွင် သွားရောက် နေရမည် ဖြစ်ပေသည်။ သခင်သန်းဖေသည် တောင်ငူခရိုင်တွင် ထင်ရှားသောသခင်ခေါင်းဆောင်တစ်ယောက် ဖြစ်သဖြင့် ပုလိပ်စုံထောက်များ၏စောင့်ကြည့်ခြင်းကို အမြဲခံနေရသူဖြစ်သည်။ သူ ဖြူးတွင်ရှိနေပါက သူ့ကို စောင့်ကြည့်ရင်း ကျွန်တော်တို့၏လှုပ်ရှားမှုကိုပါ စုံထောက်များ ဆက်စပ်ရိပ်မိသွားနိုင်ပေသည်။ ထို့ကြောင့်- သခင်သန်းဖေ ဖြူးမှခေတ္တရှောင်နေရန် စီစဉ်ရခြင်းဖြစ်ပေသည်။

ထိုနေ့ညနေတွင် ကျွန်တော့်ကို တောင်ငူသို့ကားဖြင့်ခေါ်သွားမည့် 'ကိုမောင်မောင်စိန်' ဆိုသူ ကျွန်တော့် ထံ ရောက်လာသည်။ ကိုမောင်မောင်စိန်မှာ ကျောင်းသားလှုပ်ရှားမှုတွင်ပါဝင်ခဲ့သော ကျောင်းသားခေါင်းဆောင် ဟောင်း ဆန်စက်ပိုင်ရှင်သူဌေးသားတစ်ယောက်ဖြစ်၍ သခင်သန်းဖေစည်းရုံးထားသူ ဖြစ်ပေသည်။ ကျွန်တော့်ကို တောင်ငူသို့လိုက်ပို့ရန် သူ့ကိုယ်ပိုင်ကားငယ်ကလေးကို သူကိုယ်တိုင်မောင်းလာခြင်း ဖြစ်ပေသည်။ ကိုမောင် မောင်စိန်၏ကားကလေးဖြင့် သကြားစက်တည်ရှိရာဇေယျဝတီမြို့ကိုဖြတ်၍ တောင်ငူသို့ ထွက်ခဲ့ကြသည်။

ဇေယျဝတီသကြားစက်ပိုင်ရှင်မှာ ကုလားသူဌေးဖြစ်ပြီး၊ ၄င်း၏လက်အောက်တွင် ကြံစိုက်သူ ဟိန္နူ ကုလားလယ်သမားပေါင်း ထောင်နှင့်ချီရှိလေသည်။ ကြံစိုက်သူ ဟိန္နူလယ်သမားများအပေါ်တွင် ခေါင်းပုံဖြတ် ခြင်းဖြင့် သကြားစက်သူဌေးမှာ ချမ်းသာချင်တိုင်းချမ်းသာနေသည်ဟု သိရလေသည်။ ဤသူဌေးမှာ ဇေယျဝတီ တွင် အိန္ဒိယပြည်က မဟာရာဇာများကဲ့သို့ တန်ခိုးထွားလှသည်။ ကြံစိုက်သူကုလားလယ်သမားများအပေါ်တွင် လူမိုက်များမွေး၍လည်းကောင်း၊ မြို့အုပ်ချုပ်ရေးအရာရှိများကို ၄င်း၏ခါးပိုက်ထဲထည့်၍လည်းကောင်း ထင်တိုင်း ခြယ်လှယ်သွေးစုပ်နေသူ ဖြစ်သည်ဟု သိရလေသည်။

ဇေယျဝတီက ကြံစိုက်ပျိုးသူဟိန္နူကုလားလယ်သမားများသည် သကြားစက်သူဌေး၏ သွေးစုပ်ညှဉ်း ပန်းမှု, အဓမ္မချုပ်ချယ်မှုများကြောင့် အုံကြွနိုးကြားလာပြီး မြန်မာလယ်သမားများနှင့် သွေးညီပူးပေါင်းလာကြကာ တို့ဗမာအစည်းအရုံး၏ စည်းရုံးမှုအောက်သို့ ဝင်ရောက်လာကြလေသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံတုန်းက မြန်မာလယ်သမားများနှင့် လက်တွဲ၍ မြေရှင်စနစ်ဆန့်ကျင်ရေး လယ်သမားတိုက်ပွဲသို့ အုံကြွပါဝင်ခဲ့ကြလေသည်။

ကျွန်တော်တို့သည် တောင်ငူသို့ ည ၆ နာရီလောက်တွင် ရောက်သွားကြသည်။ ကိုမောင်မောင်စိန်က သခင်ထွန်းဖေ၏အိမ်သို့ ကျွန်တော့်ကိုခေါ်သွားပြီး မိတ်ဆက်ပေးလေသည်။ ထိုနေ့ညက တွေ့ဆုံဆွေးနွေးသူများ

mgyoe.com

mgyoe.com SAMPLE BOOK
မှာ သခင်ထွန်းဖေ, သခင်မောင်မောင်စိန်, သခင်အေးကျော်, သခင်ကျော်ဟိန်းနှင့် အမည်မမှတ်မိသော ကျောင်းသားခေါင်းဆောင် ၂ ယောက်တို့ဖြစ်လေသည်။

ကမ္ဘာစစ်အခြေအနေနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေ, လွတ်လပ်ရေးအရေးတော်ပုံလုပ်ငန်း သဘောထားနှင့် လျှို့ဝှက်စည်းရုံးရေးလုပ်ငန်းများကို ထိုညက ၁ နာရီထိုးခါနီးသည်အထိ ဆွေးနွေးကြလေသည်။ လျှို့ဝှက်ဆွေးနွေးပွဲများတွင် စိတ်ပါဝင်စားစွာ အဓိကထား၍ မေးလေ့ရှိသော မေးခွန်းအတိုင်းပင် ထိုနေ့ညက မေးလာသောမေးခွန်းမှာ 'လွတ်လပ်ရေးတိုက်ပွဲအတွက် လက်နက်ဘယ်လိုရမလဲ။ ဂျပန်က လက်နက်ပေးမလား။' ဆိုသည့်မေးခွန်းပင် ဖြစ်ပေသည်။

ကျွန်တော်တို့က ထိုမေးခွန်းမျိုးကို တစ်မျိုးတည်းသောအဖြေဖြင့်သာ ဖြေကြားလေ့ရှိပါသည်။

'လက်နက်အတွက် မပူနဲ့။ လူတွေကို စုစည်းထားပါ။ လက်နက်ကိုင်တတ်အောင်လည်း သင်တန်းများ မကြာမီပေးလိမ့်မည်။'-ဟူ၍ ဖြစ်ပေသည်။ ဤမေးခွန်းမျိုးမေးလာပါက ဤအဖြေမျိုးကိုသာပေးရန် ဆရာချစ်နှင့် ကိုဗဟိန်းတို့က ညွှန်ကြားထားလေသည်။ ထိုနေ့ညကဆွေးနွေးပွဲမှာ မပြီးပြတ်သဖြင့် နောက် တစ်နေ့နံနက်ပိုင်းသို့ ဆက်၍ဆွေးနွေးကြလေသည်။

ညနေပိုင်းမှာပင် ကျွန်တော်တို့သည် တောင်ငူမှဖြူးသို့ ပြန်လာခဲ့ကြသည်။ ဖြူးသို့ ညနေ ၆ နာရီလောက်တွင် ရောက်ပြီး၊ ဖြူးမှတစ်ဖန် သခင်ဌေးနှင့်အတူ ကျွန်တော်တို့စခန်းချမည့် ညောင်ပင်သာရွာသို့ ခြေကျင် ဆက်ထွက်ခဲ့ရလေသည်။ ကျွန်တော်တို့ ဖြူးမြို့ထဲမှ မထွက်မီကပင် မိုးက ရွာလာလေသည်။ မိုးကာအင်္ကျီများကိုခြုံ၍ ၂ ယောက်သား ခြေကျင်လျှောက်ကြသည်။ ဖြူးမြို့မှ ၆ နာရီခန့်လောက်တွင် ထွက်လာပြီး ညောင်ပင်သာသို့ ၇ နာရီခန့်တွင် ကျွန်တော်တို့ ရောက်သွားကြသည်။

ညောင်ပင်သာရွာတွင် ကျွန်တော်တို့လူစု စတည်းချသောအိမ်မှာ ဂျပန်သို့ စစ်ပညာသင်ရန် ရောက်ရှိနေသည့် သခင်စံလှိုင် (နောင် ဗိုလ်မှူးအောင်)၏ယောက်ဖ ဦးအေးမောင်-ဒေါ်ခင်တုတ်တို့အိမ် ဖြစ်ပါသည်။ ခြေတံရှည်သွပ်မိုးအိမ်ကြီးဖြစ်ပြီး အိမ်ရှင်များမှာ အိမ်ကြီးတွင်မနေကြဘဲ အိမ်နောက်ဖေးဘက်တွင်ရှိသော အိမ်ငယ်ကလေးတွင် နေကြသဖြင့်၊ အိမ်ကြီးပေါ်တွင် ကျွန်တော်တို့လူစုမှာ လွတ်လွတ်လပ်လပ် ရှိကြလေသည်။

သခင်ဘသော်လည်း ကညွှတ်ကွင်းမှရောက်လာပြီဖြစ်သဖြင့် ကျွန်တော်တို့သည် စာစောင်ကို ရက်အနည်းငယ်အတွင်း အပြီးရိုက်ကြရန် ဆွေးနွေးကြသည်။ လျှို့ဝှက်လုံခြုံရေးအတွက်လည်း စဉ်းစားကြရသည်။ တောရွာကလေးတစ်ရွာတွင် 'လူငယ်တစ်စု အိမ်ကြီးတစ်လုံးပေါ်၌ စုရုံးစုရုံးလုပ်နေသည်' ဟူသောသတင်းမျိုး မထွက်စေရန် သတိပြုကြရမည် ဖြစ်ပေသည်။ အိမ်မှာ ဝင်းခြံနှင့်သီးခြားတည်ရှိနေခြင်း၊ မိုး အမြဲလိုလိုရွာနေခြင်းတို့ကြောင့် လက်နှိပ်စက်ရိုက်သံကို ဘေးဘီအိမ်များက မကြားနိုင်စေကာမူ ကျွန်တော်တို့ အနေအထိုင်မဆင်ခြင်ပါက သင်္ကာယနမကင်းစရာဖြစ်နိုင်ပေသည်။ ထို့ကြောင့်- ကျွန်တော်တို့အားလုံး နေ့လယ်နေ့ခင်းပိုင်း၌ အိမ်ကြီးပေါ်မှ အောက်သို့မဆင်းဘဲနေရန် စားသောက်ရေးကို ဒေါ်ခင်တုတ်တို့က စီစဉ်ပေးမည် ဖြစ်ပေသည်။

အိမ်ဝင်းအတွင်းသို့ အိမ်နီးနားချင်းများဝင်ရောက်လာပါက လက်နှိပ်စက်ရိုက်နေခြင်းကို ရပ်ပစ်ပြီး အိမ်ပေါ်က ဆိတ်ဆိတ်ငြိမ်ငြိမ်နေကြရန် အချက်ပေးဖို့တာဝန်ကို သခင်စံလှိုင်၏ဖခင်ကြီးက တာဝန်ယူလေသည်။ အိမ်အောက်က ဝါးဘိုးတိုင်ကို ၃ ချက်ဆက်ခေါက်သံကြားပါက အိမ်ကြီးပေါ်မှ ကျွန်တော်တို့၏အလုပ်ကို ရပ်ထားလိုက်ရမည်။ တစ်ချက်ချင်းခေါက်လိုက်သော ဝါးခေါက်သံ ၂ ချက်ကြားပါက အလုပ်ဆက်လုပ်နိုင်ပြီ ဖြစ်ပေသည်။

ဤအိမ်ကြီး၏ရှေ့တည့်တည့်လောက်တွင် လယ်ယာစိုက်ပျိုးရေးရုံးတစ်ရုံးရှိသည်။ ဤရုံးသို့ ဖြူးမြို့မှ စာရေးစာချီအချို့ အလုပ်လာလုပ်ကြသည်။ စာရေးစာချီထဲတွင် သခင်သန်းဖေစည်းရုံးထားသူတစ်ယောက် ရှိလေသည်။ အရေးအကြောင်းပေါ်လာပါက ထိုစာရေးက ကျွန်တော်တို့အိမ်ရှင်ဦးအေးမောင်ထံ ချက်ချင်း

mgyoe.com

mgyoe.com SAMPLE BOOK
အကြောင်းကြားမည် ဖြစ်သည်။ ကျွန်တော်တို့အိမ်ကြီးပေါ်တွင် တစ်နေ့လုံးအောင်းနေရပြီး အသံဗလံမထွက်စေဘဲ သတိအမြဲထား၍အလုပ်လုပ်နေကြရလေသည်။ အမှောင်လွှမ်းလာသည့် ညပိုင်းရောက်လာမှ အိမ်အောက်မြေပြင်သို့ဆင်းပြီး ရေချိုး, အညောင်းအညာဖြေကြရလေသည်။

အလုပ်နားချိန်များတွင် သခင်စံလှိုင်၏ဖခင်ကြီးသည် ကျွန်တော်တို့ထံလာ၍ စကားစမြည်ပြောလေ့ရှိသည်။ သခင်စံလှိုင်၏ဖခင်ကြီးမှာ သူ့သားဖြစ်သူ ရေမြေသမုဒ္ဒရာခြားနေသည့် ဂျပန်ပြည်တိုင်းတစ်ပါးသို့ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအတွက် ရောက်ရှိနေသည်ကို လုံးဝရိပ်မိသိရှိခြင်းမရှိပါ။ သူ့သားသည် ကျွန်တော်တို့နည်းတူ ရန်ကုန်တွင်ပင် နိုင်ငံရေးတာဝန်တစ်ခုခုယူနေသည်ဟုသာ ထင်မြင်နေပါသည်။

အဖက သူ့သားသခင်စံလှိုင်အကြောင်း ကျွန်တော်တို့ကိုမေးလျှင် ကျွန်တော်တို့ကလည်း သခင်စံလှိုင်တစ်ယောက် ရန်ကုန်မှာ ကျန်းကျန်းမာမာဖြင့် နိုင်ငံရေးတာဝန်ယူနေကြောင်းသာ အလိုက်သင့်ပြောပြရလေသည်။ ကျွန်တော်တို့သည် ဤသို့အနေအထိုင်လှုပ်ရှားမှုများကို အထူးဆင်ခြင်ပြီး ဗမာ့တော်လှန်မှု အမှတ်(၂) စာစောင်ကို ရိုက်နှိပ်ခဲ့ရာ ၆ ရက်ခန့်အကြာတွင် စာစောင်မှာ ချုပ်လုပ်ပြီးဖြစ်သွားပါသည်။ စိုးရိမ်ကြောင့်ကြစိတ်ဖြင့် စိတ်ရောကိုယ်ရောထိန်းသိမ်းပြီးလုပ်ခဲ့ရာ လုပ်ငန်းပြီးဆုံးသွားသောအခါ ကျေနပ်မှုဖြင့် စိတ်လက်ပေါ့ပါးသွားကြပါသည်။

နောက်ဆုံးနေ့တွင် သခင်ဘသော်သည် ကညွှတ်ကွင်းမှတစ်ဆင့် ရန်ကုန်ပြန်ရန် ကညွှတ်ကွင်းသို့ထွက်သွားလေသည်။ သခင်ဌေကလည်း ဖြူးသို့ပြန်သွားပြီဖြစ်သဖြင့် သခင်သက်တင်, ကိုသန်းနိုင်နှင့် ကျွန်တော်တို့ ၃ ယောက်သာကျန်ရှိတော့သည်။

ဂျာမန်-ဆိုဗီယက်စစ်ပွဲ

ဇွန်လ ၂၃ ရက်နေ့သည် ဖြစ်ပါသည်။ ၆ နာရီခန့်ကပင် သခင်သက်တင်နှင့် ကိုသန်းနိုင်တို့ ၂ ယောက်သည် 'ဖြူးမြို့သို့ လက်ဖက်ရည်သွားသောက်မည်။ ည ၁၀ နာရီလောက်တွင် ပြန်ရောက်မည်။' -ဟု ပြောပြီးထွက်သွားကြသည်။ အိမ်ပေါ်တွင် ဗမာ့တော်လှန်မှုစာစောင်များနှင့်အတူ ကျွန်တော် တစ်ယောက်တည်းသာကျန်ရှိရစ်လေသည်။

ကျွန်တော်တို့ မနက်ဖြန်ညတွင် ရန်ကုန်သို့ပြန်ကြတော့မည်ဖြစ်၍ အိမ်ရှင်များဖြစ်ကြသော ဦးအေးမောင်-ဒေါ်ခင်တုတ်တို့ကို ကျေးဇူးတင်ကြောင်းနှုတ်ဆက်စကားများကို သူတို့အိမ်ကလေးသို့ သွားရောက်ပြောကြားနေခဲ့လေသည်။

ည ၁၀ နာရီမထိုးမီတွင် ကျွန်တော် အိမ်ကြီးပေါ်သို့ပြန်တက်ခဲ့ပြီး ဖြူးမှပြန်လာကြမည့် သခင်သက်တင်နှင့် ကိုသန်းနိုင်တို့ကို စောင့်မျှော်နေမိသည်။ ၁၀ နာရီခန့်ရှိလာပြီဖြစ်သော်လည်း ရောက်မလာကြသေး။ စောင့်မျှော်ရင်း မှေးခနဲအိပ်ပျော်သွားသည်။ အိမ်ရှေ့ဆီက လူသံဆူဆူကြားရသဖြင့်လန့်နိုးလာပြီး အိမ်ရှေ့သို့ပြတင်းပေါက်မှ ထွက်ကြည့်လိုက်သည်။

"ဟ- သန်းနိုင်။ လိမ့်ကျမယ်ကွ။ ငါ့ကိုစောင့်ဦး။ စောင့်ပါဦးဆိုနေ။"

သခင်သက်တင်၏အသံ ဖြစ်ပါသည်။ တာလမ်းဘေးက လှမ်းအော်နေခြင်းဖြစ်သည်။ အိမ်ရှေ့တာကျင်း ရေအိုင်ပေါ်တွင်ခင်းထားသော တံတားအစွန်းတွင် လူတစ်ယောက်ကို တွေ့ရသည်။ တံတားလက်ရန်းကို ကိုင်၍ ကိုယ်ခန္ဓာမှာလှုပ်ရှားနေသည်။ သူ၏ခြေထောက် ၂ ဖက်မှာလည်း တံတားခင်းပေါ် တည့်မတ်စွာမနင်းနိုင်ဘဲ အိုးနင်းခွက်နင်းဖြစ်နေပုံရပါသည်။

"အို- ကျွန်တော် မူးပါဘူးဗျ။ ဒီတံတားလောက်တော့ လျှောက်နိုင်ပါတယ်။ ဒီမှာကြည့်ဗျ။ မူးပါဘူး။ ဟဲ ဟဲ။"

mgyoe.com

mgyoe.com SAMPLE BOOK

ဤမြင်ကွင်းနှင့်အသံဗလံကို မြင်လိုက်ကြားလိုက်ရသည်နှင့် ကိုသန်းနိုင်နှင့် သခင်သက်တင်တို့ အရက်မူးလာမှန်းသိလိုက်ရပါသည်။ တာလမ်းပေါ်မှ လှမ်းအော်နေသော သခင်သက်တင်အသံမှာလည်း ဗလုံးဗထွေးကျယ်လောင်လှသဖြင့် အရက်သံပေါက်နေပေသည်။

'ဒီလူတွေ ဘယ်လိုလုပ်လာတာလဲ။ အရက်တွေသောက်လာပြီး မူးမူးရူးရူးနဲ့ ဒီလိုဖြစ်လာတာဟာ လျှို့ဝှက်ရေးကို ထိခိုက်စေတယ်။ ဘေးအိမ်တွေက ဘယ်လိုထင်ကြမလဲ။'-ဟူ၍ သူတို့ ၂ ယောက်အပေါ် ဒေါသလည်းထွက်၊ စိုးရိမ်စိတ်လည်းဝင်လာပါသည်။

သူတို့ ၂ ယောက် အိမ်ရှေ့က ဆူဆူညံညံအော်ဟစ်နေသံကြားသဖြင့် နောက်ဖေးအိမ်ကလေးက ဦးအေးမောင်သည် ခြံဝသို့ လက်နှိပ်မီးရောင်တလက်လက်ဖြင့် ရောက်သွားပါသည်။

သခင်သက်တင် အော်ဟစ်နေသည်ကို ဂရုမစိုက်ဘဲ တံတားပေါ်တွင် ယိမ်းထိုး၍လျှောက်နေသော ကိုသန်းနိုင်သည်

"နည်းနည်းသောက်တာပါ။ မူးပါဘူးဗျ။ ဒီတံတားလောက်တော့ ဟော- မကိုင်ဘဲနဲ့တောင် လျှောက်နိုင်တယ်။ ဒီမှာကြည့်။"-ဟု အော်ဟစ်ရင်းမထိန်းနိုင်ဘဲ တံတားပေါ်မှခြေချော်၍ ရေထဲသို့ ဝုန်းခနဲ ထိုးကျသွားသည်။

ကျွန်တော်သည် အိမ်ပေါ်မှအောက်သို့ပြေးဆင်းသွားသည်။ ကျွန်တော့်အရင် ဦးအေးမောင်က တံတားအလယ်သို့ရောက်သွားပြီး ရေထဲတွင် တဝုန်းဝုန်းဖြစ်နေသောကိုသန်းနိုင်ကို ဆွဲတင်နေပါသည်။

"သန်းနိုင်လုပ်ရင် ဒီလိုချည်းပဲ။ ငါပြောတာ နားမထောင်ဘူး။ ချီးမှပဲ။"

ပါးစပ်ကအော်ရင်း တံတားအစွန်းသို့ ယိုင်ထိုးယိုင်ထိုး တက်နေသော သခင်သက်တင်ထံ ကျွန်တော် ပြေးသွားပြီး ဒေါသထွက်ထွက်ဖြင့်

"ဟေ့လူ- ခင်ဗျားပါးစပ်ပိတ်ထားဗျာ။"-ဟု ပြောပြီး တံတားပေါ်က မလိမ့်ကျစေရန် တွဲ၍ခေါ်ရသည်။

"ကိုယ်က မူးပါဘူး။ သန်းနိုင်မူးနေတာ။ တစ်လမ်းလုံး ပြောလို့ကိုမရဘူး။ နည်းနည်းလေးသောက်တာပါဗျာ။"

"ဟေ့လူ- မမူးရင်လည်း မအော်နဲ့ဗျာ။ ခင်ဗျားတို့လုပ်တာ အကုန်ချောက်ကျကုန်မယ်။ သိလား။"

"ဟုတ်တယ်၊ ဟုတ်တယ်။"-ဟု ပါးစပ်ကပြောရင်း သခင်သက်တင်သည် ကျွန်တော် တွဲခေါ်ရာသို့ ငြိမ်၍လိုက်လာသည်။

ဦးအေးမောင်သည် အတင်းရုန်းကန်နေသောကိုသန်းနိုင်ကို တံတားပေါ်သို့ တပင်တပန်းဆွဲတင်ပြီး အိမ်ပေါ်သို့ တွဲခေါ်သွားသည်။ ရေထဲမကျမီက အော်ဟစ်နေသော ကိုသန်းနိုင်သည် ယခုအခါ အော်ဟစ်နိုင်ခြင်း မရှိတော့။ ရေမွန်းသွားဟန်တူ၏။ အိမ်ပေါ်ရောက်သောအခါ ကိုသန်းနိုင်မှာ အတော်မူးနေပြီဖြစ်သဖြင့် ခြေပစ်လက်ပစ် လဲနေပါတော့သည်။ တစ်ကိုယ်လုံး ရေတွေစိုရွှဲနေသဖြင့် အဝတ်အစားများလဲပေးပြီး အိပ်ရာပေါ် တင်ပေးလိုက်ရသည်။

အိမ်ရှင်ဦးအေးမောင်သည် မျက်စိမျက်နှာမကောင်းလှသော်လည်း နှုတ်က ဘာမျှမပြောပါ။ ကျွန်တော်တို့ရဲဘော်တွေ၏ အပြုအမူမဟုတ်သဖြင့် အိမ်ရှင်ဦးအေးမောင်အား အလွန်ပင် အားနာစရာကောင်းနေပါသည်။

သူတို့ ၂ ယောက် ဤသို့မူးရူးလာသည်ကို ကျွန်တော် အတော်ဒေါသဖြစ်နေသည်။ သခင်သက်တင်အား "ခင်ဗျားတို့ ဒီလိုလုပ်တာကတော့ အတော်ကိုလွန်တာပဲ။ လျှို့ဝှက်စည်းကမ်းကိုသိရက်နှင့် ခင်ဗျားတို့ ဖောက်တာပဲ။ အိမ်ရှင်ကိုလည်း ဘယ်လောက်အားနာစရာကောင်းလဲ။ ခင်ဗျားတို့လုပ်တာနဲ့ အကုန်လုံး အဖမ်းခံရမယ်၊ သိလား။ မြို့ထဲမှာလည်း ဘာတွေဖြစ်ခဲ့လဲမသိဘူး။"-ဟု ကျိတ်၍ဆူမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သခင်သက်တင်က အသံတိမ်တိမ်ဖြင့်

"ကိုယ်တို့ ၂ ယောက် ခေါင်းရှုပ်ရှုပ် စိတ်ညစ်ညစ်နဲ့ သောက်လာတာ။ သန်းနိုင်ကို ကိုယ်ကပြောသေးတယ် မသောက်ဖို့။ တားမရတာနဲ့ ကိုယ်ပါသောက်လိုက်ရော။ ဟစ်တလာက ရုရှားကို ဝင်တိုက်ကုန်ပြီ။"

"ဘယ်လို။ ရုရှားကို ဟစ်တလာတိုက်တယ်။"

အာမေဠိတ်သံထွက်သွားပြီး ကျွန်တော် အံ့အားသင့်နေစဉ်

"ဟုတ်တယ်။ ရေဒီယိုက ဒီနေ့ပဲ ကြေညာတယ်။ နာဇီဟစ်တလာက ရုရှားပြည်ကို စစ်မကြေညာဘဲ ဝင်တိုက်ကုန်ပြီ။ ဒီသတင်းလည်းကြားရော ကိုယ်တို့လည်းအံ့အားသင့်ပြီး ခေါင်းရှုပ်ကုန်တာပဲ။ ဒါနဲ့ သန်းနိုင်က 'ကမ္ဘာကြီး ဘာတွေရှုပ်ကုန်ပြီလဲ။ ခေါင်းရှုပ်တယ်။ အရက်သောက်မယ်။' ပြောပြီး အရက်ဆိုင်ဝင် အရက်သောက်တာပဲ။ ကိုယ်လည်း သူ့ကိုတားရင်း သောက်မိတာပဲ။ မြို့ထဲမှာတော့ ဘာမှမဖြစ်ဘူး။ ဆိုင်ထဲမှာ ရမ်းမှာစိုးတာနဲ့ အတင်းပြန်ဆွဲခေါ်ခဲ့ရတယ်။"

သူတို့ ၂ ယောက် မူးရူးပြီးအော်ဟစ်နေသည်ကို အိမ်နီးနားချင်းများက ရိပ်မိသိရှိဟန်မတူပါ။ တောရွာခလေ့အတိုင်း စောစောစီးစီးအိပ်ရာဝင်ကြပြီး မိုးအေးအေးတွင် အိပ်မောကျနေပြီဖြစ်သဖြင့် ဤအဖြစ်သနစ်ကို မသိလိုက်ကြခြင်းဖြစ်ပေမည်။

ကမ္ဘာစစ်အခြေအနေကား ပြောင်းလဲသွားပြန်လေပြီ။ ဆိုဗီယက်ယူနီယံနှင့် မကျူးကျော်ရေးစာချုပ် ချုပ်ထားသောဖက်ဆစ်ဂျာမနီသည် ဆိုဗီယက်ယူနီယံကို အလုံးအရင်းဖြင့်ဝင်တိုက်လေပြီ။ အင်္ဂလိပ်, ပြင်သစ်တို့က တစ်ဖက်၊ ဂျာမန်,အီတလီတို့ကတစ်ဖက် ဖြစ်ပွားနေခဲ့သော ကမ္ဘာ့စစ်အခြေအနေမှာ ဂျာမနီက ဆိုဗီယက်ယူနီယံကို ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် အခြေအနေ ဘယ်သို့ပြောင်းလာမည်ကို ကျွန်တော့်တွင်ရှိနေသော အသိအမြင်ကလေးမျှဖြင့် တွေးခေါ်စဉ်းစားရန် ဉာဏ်မမီပါ။ ဘယ်သို့ ဖြစ်ပျက်ပြောင်းလဲလာမည်ကို မျှော်မှန်းမရပါ။ ဤစစ်သတင်းကိုမှီ၍ စဉ်းစားလေတိုင်း ခေါင်းသာရှုပ်လာပါသည်။

နောက်တစ်နေ့တွင် ကိုသန်းနိုင်နှင့် သခင်သက်တင်တို့ ရန်ကုန်သို့ ပစ္စည်းအချို့ဖြင့် ပြန်သွားကြသည်။ အထက်မြန်မာပြည်တွင် ဖြန့်ဖြူးရမည့် 'ဗမာ့တော်လှန်မှု' စာစောင်များကို ဖြူးသခင်သန်းဖေထံတွင် ချန်ထားရစ်ပြီး အောက်မြန်မာပြည်နှင့် ရန်ကုန်အတွက် စာစောင်များကိုမူ သခင်သန်းဖေ၏အစီအစဉ်ဖြင့် ရန်ကုန်သို့ ကားကြဲဖြင့် ပို့ပေးမည် ဖြစ်ပေသည်။

ထိုညမှာပင် ကျွန်တော်သည် ကညွှတ်ကွင်းသခင်ဘသော်ရှိရာသို့ ဖြူးက ရဲဘော်တစ်ယောက်ကို အဖော်ပြု၍ ရောက်သွားပါသည်။ ကညွှတ်ကွင်းတွင် သခင်ဘသော်နေရာချပေးသဖြင့် သခင်အုံးအိမ်တွင် တည်းခိုရသည်။ သခင်အုံးအိမ်မှာ သခင်ဘသော်အိမ်နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။ သခင်အုံးသည် တောင်ငူခရိုင် လယ်သမားခေါင်းဆောင်တစ်ဦးဖြစ်ပြီး တို့ဗမာအစည်းအရုံး၏ လုပ်ငန်းတာဝန်များကို အိုးစွန့်အိမ်စွန့် ဆောင်ရွက်နေသူဖြစ်ပေသည်။ သခင်ဘသော်ထက်ပင် အသက်ကြီးသူဖြစ်ပြီး ကောင်းစွာကျန်းမာပုံ မပေါ်ပါ။

သခင်အုံး, သခင်ဘသော်နှင့် ကျွန်တော်တို့သည် အရေးတော်ပုံလုပ်ငန်းနှင့်ပတ်သက်၍ လျှို့ဝှက်ရေးလုပ်ငန်းများကို တစ်နေ့မျှဆွေးနွေးခဲ့ကြသည်။ ကညွှတ်ကွင်းတွင် သခင်သန်းထွန်း၏ဖခင်နှင့်နှမများကိုလည်း သခင်ဘသော်ပြသဖြင့် တွေ့ခဲ့ရသည်။

ကညွှတ်ကွင်းတွင်တစ်ညအိပ်ပြီး နောက်တစ်နေ့နံနက်ရထားဖြင့် ရန်ကုန်သို့ သခင်ဘသော်နှင့်အတူ ပြန်ခဲ့ကြသည်။ ကျွန်တော်တို့စီးခဲ့သော မီးရထားမှာ ပြွန်တန်ဆာတွင် ခေတ္တရပ်သဖြင့် နံနက်စာထမင်းစားရန် ဘူတာအတွင်းက ပျော်ပွဲစားရုံသို့သွားကြသည်။ ဆိုင်အတွင်းထိုင်မိသည်နှင့် သခင်ဘသော်က ဘီယာမှာလေသည်။

mgyoe.com